http:\\www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး
ဗုဒ္ဓသာသနဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ

(သတ္တမတွဲ)

တိပိဋက=နိကာယ သာသနာပြု ဥပဋ္ဌာက စာအုပ်စာပေနှင့်
မော်ကွန်းအဖွဲ့က ထုတ်ဝေသည်။

အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ခရစ်-၂၀၀၆

http:\\www.dhammadownload.com

# အရဟံဂုဏ်တော်ပုတီးစိပ်နည်း

(၁) သံသရာဝဋ်ဆင်းရဲ၊ အပါယ်ဝဋ်ဆင်းရဲ၏အကြောင်း မကောင်းယုတ်မာ တစ်ထောင့်ငါးရာ ကိလေသာရန်သူတို့ကို အရဟတ္တမဂ်ဉာဏ်သန်လျက်ဖြင့် အကြွင်းမဲ့ပယ်သတ်၊

(၂) ဝါသနာ အငွေ့ခတ်နှင့်တကွ ထိုတစ်ထောင့်ငါးရာ ကိလေသာရန်သူတို့မှ ဝေးကွာ၊

(၃) ဆိတ်ကွယ်ရာ၌ မကောင်းမှုကို မပြု၊

(၄) ပြစ်မှု ကြိမ်ဖန် အတန်တန် လည်တတ်သော သံသရာစက်၏အကန့်ကို ဖျက်ဆီး၊

(၅) ကြီးကဲလွန်မြတ် ဂုဏ်သကတ်ကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံထိုက် –

(ဆိုခဲ့ပြီးတောင်း ငါးပါးသော အကြောင်းတို့ကြောင့်) တစ်သောင်းတိုက်လုံး ငြိမ့်အုန်းညိုးညံ အရဟံ+အရဟံ ဟူသော ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် ပြန့်လှိုင်ကျော်စောတော်မူသော မြတ်စွာဘုရား ... မြတ်စွာဘုရား ... ။

**သော ဘဂဝါ ဣတိပိ အရဟံ**

(တစ်ခေါက်ဆုံးမှ ပုတီးတစ်လုံးချ)

http:\\www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး
ဗုဒ္ဓသာသနဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ

## (သတ္တမတွဲ)

တိပိဋက=နိကာယ သာသနာပြု ဥပဋ္ဌာက စာအုပ်စာပေနှင့်
မော်ကွန်းအဖွဲ့က ထုတ်ဝေသည်။

အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ခရစ်-၂၀၀၆

http:\\www.dhammadownload.com

**ပုံနှိပ်မှတ်တမ်း**

တတိယကြိမ်

၂၀၀၆၊ ဇန်နဝါရီလ

အုပ်ရေ ၁၅၀၀

**ပုံနှိပ်ထုတ်ဝေသူ**

**ဦးအောင်သန်း(၂)**

အတွင်းရေးမှူး

တိပိဋက=နိကာယ စာအုပ်စာပေနှင့် မော်ကွန်းအဖွဲ့

အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

http:\\www.dhammadownload.com

# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး ဟောစဉ်တရားတော်များ သတ္တမတွဲကို ပြန်လည်ထုတ်ဝေရခြင်းအကြောင်း အမှာစာ

ဆရာတော်ဘုရားကြီး ဟောကြားခဲ့သည့် တရားတော်များကို ဟောစဉ်တရားတော်များအဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်မှာ ဟောစဉ် တရားတော်များ ပထမတွဲမှ ဒသမတွဲအထိ ဆယ်တွဲတိတိ ဖြစ်ပါသည်။ ဟောစဉ်သတ္တမတွဲကို ထုတ်ဝေခဲ့ပြီး ဖြစ်သော်လည်း ဝယ်အားများသဖြင့် ကုန်သွားခဲ့ရာ ယခုအခါ ထပ်မံရိုက်နှိပ်ရခြင်း ဖြစ်ပါသည်။

ဤဟောစဉ်တရားတော်များ သတ္တမတွဲ၌ -

၁။ သုမနာသုတ္တန်တရားတော်၊

၂။ ဝိသယှဇာတ်တော်၊

၃။ ဂဟဋ္ဌဝန္ဒနာသုတ္တန်တရားတော်၊

၄။ ဥရဂဇာတ်တရားတော်၊

၅။ ဘာရဒွါဇသုတ္တန်တရားတော်၊

၆။ ဇောတိကမထေရ်ဝတ္ထုတရားတော်၊

၇။ တိရောကုဋ္ဋသုတ္တန်တရားတော်၊

၈။ မေဃိယသုတ္တန်တရားတော်၊

၉။ ရောဟိနီထေရီဂါထာတရားတော် ဟူ၍ တရားပွဲကြီး ကိုးကြိမ် ဟောကြားခဲ့ရာ ဝိသယှဇာတ်ကို ဟောကြားရာ၌ ဆက်စပ်ရာ ဝတပဒသုတ်၊ ဒါနသုတ်၊ အာယာစမာနသုတ်၊ အနာထပိဏ်သေဋ္ဌေး အလှူပေးရက်ရောသဖြင့် ဆင်းရဲသွားပုံဝတ္ထုတို့ ပါဝင်ပါသည်။

http:\\www.dhammadownload.com

ဂဟဋ္ဌဝန္ဒနာသုတ်ကို ဟောရာ၌ သလ္လသုတ်နှင့် တွဲဖက်၍ ဟောကြားပါသည်။

ဘာရဒွါဇသုတ္တန်ကို ဟောရာ၌ သီလဝန္တသုတ်ကို ဆက်စပ်ဟောပါသည်။

ထို့ကြောင့် ဤဟောစဉ် သတ္တမတွဲတွင် တရားတော် ၁၄ ပုဒ် ပါဝင်ပါသည်။ ဟောစဉ်နိဒါန်း၌ ယင်းတို့အကြောင်း အကျယ်တဝင့် ရှင်းပြပြီးဖြစ်ပါသည်။

ဆရာတော်ကြီး၏ ဟောစဉ်တရားတော်များကို ရဟန်းရှင်လူတို့ နှစ်သက်မြတ်နိုးကြသဖြင့် ဝယ်ယူအားပေး ဖတ်ရှုကြရာ အကြိမ်ကြိမ် ပြန်လည်ရိုက်နှိပ်ပေးနေရသည်။ ဤဟောစဉ် သတ္တမတွဲသည်လည်း လက်ကျန် မရှိတော့သဖြင့် ပြန်လည်ရိုက်နှိပ်ရပါကြောင်း အသိပေးအပ်ပါသည်။

တိ=နိ စာအုပ်စာပေနှင့် ဖော်ကွန်းအဖွဲ့

http:\\www.dhammadownload.com

# အရှင်ဝိစိတ္တသာရာဘိဝံသ၏
# ဟောစဉ်တရားတော်များ
# သတ္တမတွဲ

## မာတိကာ


| **အကြောင်းအရာ** | **စာမျက်နှာ** |
|---|---|
| နိဒါန်း | [က] |
| **သုမနာသုတ္တန်တရားတော်** | |
| ဗန္ဓုမ မင်းကြီး၏ ဗုဒ္ဓ ဓမ္မ သံဃ မစ္ဆရိယဖြစ်ပုံ ... | ၁ |
| ခေါင်းဆောင်ရှိမှ အောင်မြင်မှုရ ... | ၂ |
| စစ်သူကြီး ဆွမ်းကျွေးပွဲ ... | ၃ |
| စစ်သူကြီးကတော် ဖြစ်သွားခြင်း ... | ၉ |
| ကောသလမင်းကြီး၏ သမီးတော်ဖြစ်ခြင်း ... | ၁၀ |
| ရထားအစီး ငါးရာရ အမျိုးသမီးသုံးယောက် ... | ၁၁ |
| ဒါနပြုသော ရဟန်းနှင့် မပြုသော ရဟန်း ... | ၁၁ |
| မင်းသားနှင့် အထိန်းတော်သား ... | ၁၉ |
| နတ်ဖြစ်လည်း ထူး ... | ၁၉ |
| လူဖြစ်လည်း ထူး ... | ၂၁ |
| ရဟန်းဖြစ်လည်း ထူး ... | ၂၂ |
| အရဟတ္တဖိုလ်ချင်း မထူး ... | ၂၃ |
| ဘုရား ချီးမွမ်းတော်မူခြင်း ... | ၂၄ |
| ရေစက်ချ ... | ၂၆ |
| ဆုတောင်းအမျှဝေ ... | ၂၈ |
| **ဝိသယှဇာတ်တရားတော်** | |
| ကောင်းသော တောင့်တမှုများ ... | ၂၉ |
| ခုဇ္ဇုတ္တရာ အမျိုးသမီးဟောသော ဣတိဝုတ္တကပါဠိတော် ... | ၃၅ |

http:\\www.dhammadownload.com

## တိပိဋကဓရဟောစဉ်တရားတော်များ (သတ္တမတွဲ)


ဘုရားတရားတော်ကို ပြန်ဟောခြင်း ... ၃၉
မပေးဘဲ မစားသင့် ... ၄၂
မစားဘဲ လှူသောသူ ... ၅၀
အနာထပိဏ် ဆင်းရဲပုံဝတ္ထု ... ၅၁
နတ်ဆိုးနှောင့်ယှက်၍ ဆန်ကွဲထမင်း ချက်စားရခြင်း ... ၅၃
မစားဘဲလှူသော ဝိသယှ သေဋ္ဌေးဝတ္ထု ... ၅၆
အလှူခံ တစ်ကျိပ်လေး ... ၅၉
ဗျာန်ရဗာဟီ၊ နှစ်လီပုထုဇဉ်၊ တိရစ္ဆာန် ... ၆၀
ပဏ္ဍုကမ္ဗလာ ပူသော အကြောင်းသုံးပါး ... ၆၃
ဝိနိသယှသေဋ္ဌေး ဆင်းရဲသွားခြင်း ... ၆၆
အလှူမပေးရန် သိကြားမင်းတားသော်လည်း မရ ... ၇၄
သိကြားဖြစ်ရန် အကျင့် ၇ပါး ... ၇၄
သိကြားမင်းလက်လျှော့ပြီး အလှူကို ချီးကျူးတိုက်တွန်းခြင်း ... ၈၄
တရားတော်နိဂုံး ... ၉၀
**ဂဟဋ္ဌဝန္ဒနာသုတ္တန်နှင့် သလ္လသုတ္တန်တရားတော်**
ဂဟဋ္ဌဝန္ဒနာသုတ္တန်တရားတော် ... ၉၃
သိကြားမင်း အရပ်ရှစ်မျက်နှာလှည့်၍ ရှိခိုးခြင်း ... ၉၅
သိကြားမင်းရှိခိုးသော ရဟန်းရှင်လူများ ... ၉၈
သလ္လသုတ္တန်တရားတော် ... ၁၀၄
မြွေကြီးလေးကောင်နှင့် ဓာတ်ကြီးလေးပါး ... ၁၀၇
အသက်သည် တိုတောင်းလှ၏ ... ၁၁၁
အသက်မသေအောင် လုပ်နည်းမရှိ ... ၁၁၃
သစ်ပင်ကြီး၏ ဩဇာဓာတ်နှင့် ခန္ဓာကိုယ် နှိုင်းယှဉ်ချက် ... ၁၁၆
ကွဲချိန်ကျလျှင် အိုးတွေကွဲသလို ... ၁၁၈
အသတ်ခံရမည့် နွားပမာ ... ၁၂၀
ငိုလို့ အကျိုးရှိမယ်ဆိုရင် ငိုပါ ... ၁၂၂
ငိုကြွေးပူဆွေးခြင်းသည် ပင်ပန်းကြုံလှီသွားရုံသာ ... ၁၂၃
ကုသိုလ်အမှုခွန်းကို သေသူတို့ မျှော်ကိုးနေကြ ... ၁၂၅
ကိသာဂေါတမီဝတ္ထု အကျဉ်းချုပ် ... ၁၂၈

http:\\www.dhammadownload.com

## မာတိကာ


သောကခြောင့်ဆူးကို နုတ်ပယ်ပစ်ရန် ... ၁၃၃
သားသေသော ဒကာ သောကငြိမ်း၍ ကျွတ်တမ်းဝင်ခြင်း ... ၁၃၅
ဒေသနာနိဂုံး ... ၁၃၈

**ဥရဂဇာတ်တရားတော်**

ကိုယ့်အလုပ်ကိစ္စကို လျှင်မြန်စွာကြိုးကုတ်အားထုတ်ကြရန် ... ၁၄၀
ဥရဂဇာတ် ပစ္စုပ္ပန်ဝတ္ထု ... ၁၄၃
သတ္တဝါသခါရအားလုံး ပျက်မြဲဓမ္မတာ ... ၁၄၆
သောကမီး ငြိမ်းပုံ ဘုန်းကြီးကိုယ်တွေ့ ... ၁၄၇
ဥရဂဇာတ် အတိတ်ဝတ္ထု ... ၁၅၁
သားငယ် မြွေကိုက်သေဆုံးခြင်း ... ၁၅၅
သားသေသော်လည်း မငိုသောဖခင် ... ၁၅၅
သားသေသော်လည်း မငိုကြွေးသော မိခင် ... ၁၅၇
တရားရကြသည့် မိသားစုများ ... ၁၅၉
သိကြားမင်းက မိသားစုများအား စုံစမ်းခြင်း ... ၁၆၀
မခေါ်ဘဲနှင့် သူလာခဲ့၏၊ မပန်ကြားဘဲ သူပြန်သွား၏ ... ၁၆၆
လကို ပေးပါဟု တောင်းသည်နှင့်တူ ... ၁၇၁
ကွဲသွားသော ရေအိုး ပြန်စပ်မရသလို ... ၁၇၄
တရားမြင်သူမိသားစုတို့အား သိကြားမင်းက
ရတနာခုနစ်ပါး ပေးအပ်ခြင်း ... ၁၇၈
မြတ်စွာဘုရား သစ္စာလေးပါး ပြတော်မူခြင်း ... ၁၈၀
သစ္စာအနက် ၁၆ချက် ... ၁၈၃
ဥရဂဇာတ်နိဂုံး ... ၁၉၀

**ဘာရဒွါဇသုတ္တန်တရားတော်**

မျှတရုံစားလျှင် အကျိုးသုံးပါး ရရှိပုံ ... ၁၉၃
ပိဏ္ဍောလဘာရဒွါဇရဟန်း အစားလျှော့စားခြင်း ... ၁၉၆
အရှင်ပိဏ္ဍောလအား ဥဒေနမင်းက ခါချဉ်ထုပ်ဖြင့်
ပေါက်ရန် ကြံစည်ခြင်း ... ၁၉၈
ဥဒေနမင်းနှင့် အရှင်ပိဏ္ဍောလမထေရ် ပြဿနာမေးဖြေခန်း ... ၂၀၁

http:\\www.dhammadownload.com

## တိပိဋကဓရဟောစဉ်တရားတော်များ (သတ္တမတွဲ)


အမိအရှယ် နှမအရွယ် သမီးအရွယ်တို့၌
အမိစိတ် နှမစိတ် သမီးစိတ်ထားရန် ... ၂၀၄
သုံးဆယ့်နှစ်ကောဋ္ဌာသသာရှိ ယောကျ်ားမိန်းမ မရှိ ... ၂၀၈
ဣန္ဒြေ ၆–ပါးကို လုံခြုံအောင် စောင့်စည်းခြင်း ... ၂၁၄
ဥဒေနမင်းတရား တတိယအချက်၌ သဘောကျလက်ခံခြင်း ... ၂၁၈
ဥဒေနမင်း သရဏဂုံတည်သူ ဥပါသကာဖြစ်ခြင်း ... ၂၂၃
သီလဝန္တသုတ္တန်တရားတော် ... ၂၂၇
သီလဝန္တ သူတော်ကောင်းများ အားထုတ်ရမည့်တရား ... ၂၂၈
သောတာပန်ပုဂ္ဂိုလ်များ ဆက်လက်အားထုတ်ရမည့်တရား ... ၂၂၉
သကဒါဂါမ် အနာဂါမ် ရဟန္တာပုဂ္ဂိုလ်များ အားထုတ်ရမည့်တရား ... ၂၃၀
ရဟန္တာများ၏ ဖလသမာပတ်ချမ်းသာ ... ၂၃၂
ခန္ဓာငါးပါး သံဝေဂ ဓမ္မလင်္ကာများ ... ၂၃၅
အာယတန ၁၂ပါး ဓမ္မသံဝေဂလင်္ကာများ ... ၂၃၇
ဒေသနာတော် နိဂုံး ... ၂၃၉
**ဇောတိကမထေရ်ဝတ္ထု တရားတော်**
ဇောတိက အတိတ်ဝတ္ထု ... ၂၄၂
ဇောတိကအလောင်း ကြွယ်ဝပုံ ... ၂၄၄
ညီဖြစ်သူ ဇောတိကအလောင်းဝဋ္ဋနိဿိတ ဆုတောင်းခြင်း ... ၂၄၅
ဇောတိကအလောင်း ပစ္စေကဗုဒ္ဓါငါးရာအား ဖူးမြင်ရခြင်း ... ၂၄၈
အစ်ကိုဖြစ်သူ သေနမထေရ်လောင်း၏ ဝိဝဋ္ဋနိဿိတဆုတောင်း ... ၂၅၂
ဆုတောင်းမမှားရန် သတိပြု ... ၂၅၃
ဝိပဿီမြတ်စွာဘုရားလက်ထက် သေနနှင့် အပရာဇိတတို့ဖြစ်ပုံ ... ၂၅၅
အစ်ကိုကြီးဖြစ်သူ သေနသူကြွယ် ရဟန္တာဖြစ်ခြင်း ... ၂၅၇
ဇောတိကသေဋ္ဌေးလောင်း ဂန္ဓကုဋိကျောင်း ဆောက်လုပ်လှူဒါန်းခြင်း ... ၂၆၁
မဏ္ဍကသေဋ္ဌေးလောင်း၏ ဓမ္မသာလာခန်းမအလှူ ... ၂၆၃
ဇောတိကသေဋ္ဌေးလောင်း ခုံးခေါင်းလောက်အထိ
စိန်ရွှေရတနာများ ကြဲဖြန့်လှူဒါန်းခြင်း ... ၂၆၄
ပတ္တမြားလုံးကြီးကို ခိုးယူသောပုဏ္ဏား ... ၂၇၀

http:\\www.dhammadownload.com

# မာတိကာ

**တိရောကုဍ္ဍသုတ္တန်တရားတော်**
ဖုဿမြတ်စွာဘုရားကို အပိုင်စီးသော ဓယသေနမင်း ... ၃၀၉
တိုင်းသားပြည်သူ ဘုရားပူဇော်ခွင့်ရအောင် ကြံစည်ကြခြင်း ... ၃၁၁
ကုသိုလ်ပွဲ နှောင့်ယှက်သူများ အပါယ်ကျခြင်း ... ၃၁၅
ကဿပမြတ်စွာဘုရားလက်ထက် ... ၃၁၇
ဂေါတမမြတ်စွာဘုရားလက်ထက်တော် ... ၃၁၈
ဗိမ္ဗိသာရမင်း၏ အလှူပွဲကြီး ... ၃၂၀
ဗိမ္ဗိသာရမင်းကြီး ဒါနပြုပြီး ဆွေမျိုးပြိတ္တာများအား အမျှဝေခြင်း ... ၃၂၆
ဒါန၏ အကျိုးရဖို့ အကြောင်းသုံးပါး ... ၃၂၉
တိရောကုဍ္ဍသုတ္တန်ပါဠိအနက်အဓိပ္ပာယ်များ ... ၃၃၀
အမျှခွန်း ပေးဝေရန် မမေ့အပ်ခြင်း ... ၃၃၁
အစားလှူလျှင် အစားရ၊ အဝတ်လှူမှ အဝတ်ရ ... ၃၃၄
ဘုန်းကြီးရဲ့ တရားပွဲမှာ ခွက်ထိုးမခံပါနှင့် ... ၃၃၆
ပကာသနီယကံပြုပွဲနှင့် အရှင်အာဒိစ္စဝံသ တိုက်ပွဲ ... ၃၃၇
ဆရာတော် အရှင်အာဒိစ္စဝံသ၏ ဆဲသောတေးထပ် ... ၃၃၉
ဘောဇနသုတ်နှင့် ဆွမ်းအကျိုးငါးပါး ... ၃၅၁
ငိုကြွေးမြည်တမ်း ကိုယ်ပန်းခြင်းသာ ... ၃၅၅
**မေဃိယသုတ္တန်တရားတော်**
မမြဲသော အလုပ်အကျွေး ၈ပါး ... ၃၆၁
ခမေဃိယမထေရ် တရားအားထုတ်ရန် သွားခြင်း ... ၃၇၃
ဝိတက်သုံးပါး ဝင်ခြင်း ... ၃၇၅
မေဃိယထေရ် ဘုရားထံ ပြန်လျှောက်ထားခြင်း ... ၃၇၉
မေဃိယအား မြတ်စွာဘုရားဆုံးမသြဝါဒပေးတော်မူခြင်း ... ၃၈၁
ကိလေသာမှ လွတ်မြောက်ခြင်းအဆင့် ၄ဆင့် ... ၃၈၅
ဝိမုတ္တိပရိပါစနီယတရား ၁၅ပါး ... ၃၈၇
မိတ်ဆွေကောင်းကြောင့် ကိစ္စအားလုံးပြီးစီးသည် ... ၃၈၉
ပြောရမယ့် စကား ၁၀ပါး ... ၃၉၂
သမ္မပ္ပဓာန် လုံ့လဝီရိယရှိခြင်း ... ၃၉၆
အဖြစ်အပျက် သိသော ပညာရှိခြင်း ... ၃၉၇

http:\\www.dhammadownload.com

# တိပိဋကဓရဟောစဉ်တရားတော်များ (သတ္တမတွဲ)


| | |
|---|---|
| အဖြစ်အပျက် သိသော ပညာရှိခြင်း | ... ၃၉၅ |
| ကလျာဏမိတ္တ အရေးကြီးပုံ | ... ၃၉၇ |
| လယ်ရိတ်ယောက်ျားပမာထား၍ အနိစ္စသညာကို ပွားရန် | ... ၄၀၁ |
| မြတ်စွာဘုရား ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးခြင်း | ... ၄၀၅ |
| စိတ်သည် ဝိတက် ၉-ပါးသို့ အစဉ်လိုက်ခြင်း | ... ၄၀၅ |
| တရားတော်နိဂုံး | ... ၄၁၀ |
| **ရောဟိနီ ထေရီဂါထာတရားတော်** | |
| သူတော်ကောင်းတို့၏ အလေ့အကျင့် | ... ၄၁၄ |
| ခုလိုလားသူအဖို့ တရားစကားသည် နားခါးသည် | ... ၄၁၆ |
| သံဃာကို မကြည်ညိုသူ၏ အယူအဆ | ... ၄၁၉ |
| သံဃာတော်များကို ကြည်ညိုခြင်းအကြောင်း | ... ၄၂၂ |
| အချိန်ပြည့်အလုပ်လုပ်ကြသော ရဟန်းတော်များ | ... ၄၂၄ |
| အလုပ်တကာတို့တွင် မြတ်သောအလုပ် | ... ၄၂၇ |
| ကံသုံးပါး စင်ကြယ်ခြင်း | ... ၄၂၉ |
| အတွင်းအပြင် ညစ်ကြေးကင်းစင် | ... ၄၃၁ |
| ဆယ်ပါးသော တရားတော်များ၌ ဗဟုသုတများခြင်း | ... ၄၃၃ |
| ကြောင့်ကြမှုနည်းခြင်း | ... ၄၄၀ |
| အချင်းချင်း ချစ်ခင်ကြခြင်း | ... ၄၄၂ |
| ကတိမြာဟ္မဏနဲ့ ပရမတ္ထဗြာဟ္မဏ | ... ၄၄၉ |
| ဝမ်းမြောက်ဝမ်းသာ ရွတ်ဆိုသော ထေရီ ၂၁ ဂါထာ | ... ၄၅၂ |
| ဒေသနာနိဂုံး | ... ၄၅၃ |


အရှင်ဝိစိတ္တသာရာဘိဝံသ၏
ဟောစဉ်တရားတော်များ (သတ္တမတွဲ)
မာတိကာ ပြီးပြီ။

http:\\www.dhammadownload.com

# အရှင်ဝိစိတ္တသာရာဘိဝံသ၏
# ဟောစဉ်တရားတော်များ (သတ္တမတွဲ)
## နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သာသနာရေးဦးစီးဌာန၏ သဘောတူညီချက်အရ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဟောစဉ်တရားတော်များ ပထမတွဲနှင့် ဒုတိယတွဲကို ပြန်လည်ရိုက်နှိပ်၍ ဓမ္မဒါနပြုခဲ့ပါသည်။ ဟောစဉ်တတိယတွဲမှစ၍ တိပိဋက=နိကာယ ဥပဌာကအဖွဲ့က တာဝန်ယူကူးယူ၍ ရိုက်နှိပ်ဓမ္မဒါနပြုခဲ့ရာ ယခုအခါ သတ္တမတွဲသို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ ယခင်က သာသနာရေးဦးစီးဌာန ကျမ်းပြုဌာနက တာဝန်ယူ၍ တိပ်ခွေမှသည် စာအုပ်အဖြစ်သို့ ရောက်အောင် ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ တိပိဋက=နိကာယသာသနာပြု ဥပဌာက အဖွဲ့သည် သာသနာရေးဦးစီးဌာန ကျမ်းပြုဌာနမှ အငြိမ်းစားယူထားသော ဆရာဦးတင့်အောင်ကို တိ=နိစာအုပ်စာပေ အနုပညာရှင် မော်ကွန်းဌာနတွင် ခန့်အပ်ပြီး ဟောစဉ်တရားတော်များကို ရေးကူးစေခဲ့ပါသည်။ ယခုအခါ ဇာတ်တော်ကြီးဆယ်ဘွဲ့ကိုပင် စတင်ကူးယူနေပြီ ဖြစ်ပါသည်။

http:\\www.dhammadownload.com



ဤဟောစဉ်သတ္တမတွဲတွင်-

၁။ သုမနသုတ္တန်တရားတော်

၂။ ဝိသယှဇာတ်တရားတော်

(ဝတပဒသုတ်၊ ဒါနသုတ်၊ အာယာစမာနသုတ်၊ အနာထပိဏ် သေဋ္ဌေး ဆင်းရဲပုံဝတ္ထုလည်း ပါဝင်သည်။

၃။ ဂဟဋ္ဌဝန္ဒနာသုတ္တန် တရားတော်

(သလ္လသုတ္တန်တရားတော်)

၄။ ဥရဂဇာတ်တရားတော်

၅။ ဘာရဒွါဇသုတ္တန်တရားတော်

(သီလဝန္တသုတ္တန်တရားတော်လည်း ပါဝင်သည်။)

၆။ ဇောတိကဝတ္ထုတရားတော်

၇။ တိရောကုဋ္ဋသုတ္တန်တရားတော်

၈။ မေဃိယသုတ္တန်တရားတော်

၉။ ရောဟိနီထေရိဂါထာတရားတော် ဟူ၍ တရားပွဲကိုးကြိမ်၊ တရားတော် ၁၄-ပုဒ် ပါဝင်ပါသည်။

## ၁။ သုမနတ္တန်တရားတော်

သုမနသုတ္တန်တရားတော်ကို အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ ၄-သုမနဝဂ်၊ ၁-သုမနသုတ္တန် (အံ၊ ပ၊ ၂၇)ကို အခြေခံ၍ ယင်း၏ အဋ္ဌကထာဖွင့်ကို အမှီပြု၍ ဟောကြားတော်မူခြင်းဖြစ်ပါသည်။ သုမနာ မင်းသမီးသည် ကောသလမင်းကြီး၏ သမီးတော်ဖြစ်ပါသည်။ ထို မင်းသမီးသည် ၇-နှစ်သမီးအရွယ်မျှဖြင့် သောတာပန်အဖြစ်သို့ ရောက်ခဲ့ပါသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ဤသုမန

http:\\www.dhammadownload.com



သုတ္တန်တရားတော်ကို ဝိပဿီမြတ်စွာဘုရားလက်ထက် သုမနာ သေဋ္ဌေး သမီးဘဝက သေနာပတိတစ်ဦးတည်း မြတ်စွာဘုရားကို မောင်ပိုင်စီး၍ အလှူလုပ်နေသဖြင့် မိမိတို့ လှူခွင့်မရသည်ကို အဦးဆုံးလှူခွင့်ရအောင် ကြံဆောင်ခဲ့ပုံဖြင့် စတင်ထောက်ကူထားပါသည်။

ထို့နောက် ကဿပဘုရားရှင်လက်ထက်တော်အခါက သူငယ်ချင်း ရဟန်းနှစ်ပါးတွင် တစ်ပါးက သာရဏီယဝတ်ဖြည့်၍ တစ်ပါးက ဘတ္တဂ္ဂဝတ် ဖြည့်ခဲ့ကြပါသည်။ ထိုနှစ်ပါးတွင် သာရဏီယဝတ်ဖြည့်သူက နတ်ဖြစ်သောအခါ နတ်၏စည်းစိမ်အရာ ငါးဌာန၌ သာလွန်၏။ ကောသလမင်းကြီး နန်းတော်တွင်းမှာ မင်းသားဘဝ၊ အထိန်းမိန်းမသားဘဝ ဖြစ်နေသောအခါလည်း ငါးဌာန၌ သာလွန်ပြန်လေသည်။ ဤကလေးနှစ်ဦးတို့ မွေးကင်းစ ၇ရက်သားဘဝမှာ စကားပြောကြသည်ကို သုမနာမင်းသမီး ကြား၍ မြတ်စွာဘုရားထံရောက်ကာ အလှူပေးသူ မပေးသူ သာဝကနှစ်ဦးတို့၏ အထူးအခြားရှိမရှိကို မေးလျှောက်ပုံကို ဆက်လက်ဟောကြားတော်မူပါသည်။

ဤအမေးကို မူတည်၍ နတ်ဖြစ်စေ၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ထူးခြားမှုရှိနေမည်သာဖြစ်ကြောင်း၊ ရဟန္တာအဖြစ်သို့ ရောက်တော်မူရာတွင်ကား အထူးအခြားမရှိကြောင်း မြတ်စွာဘုရားခွဲခြမ်းစိတ်ဖြာ၍ ဟောတော်မူပုံကို ဟောကြားထားတော်မူပါသည်။

ဤသုတ္တန်မှာ ဌာန၏ အရေးပါပုံကို ဦးစားပေး၍ ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

## ၂။ ဝိသယှဇာတ်တရားတော်

ဝိသယှဇာတ်တရားတော်သည် ဇာတကဋ္ဌကထာ၊ တတိယတွဲ၊ စတုက္ကနိပါတ်၊ ၄-ကောကိလဝဂ်၊ ၁၀-ဝိသယှဇာတက ဝဏ္ဏနာ (ဇာ၊ ဋ္ဌ၊ ၃၊ ၁၁၈)ကို မူတည်၍ ဟောကြားထားတော်မူခြင်း ဖြစ်ပါသည်။ ဤ

http:\\www.dhammadownload.com



ဇာတ်တော်၏ အဓိကအချက်မှာ မိမိစားသည့်အထဲက နောက်ဆုံးအလုတ်ကိုပင် မစားဘဲ လှူရသည်ဟူ၍ ဖြစ်ပါသည်။

ဤဝိသယှဇာတ်တော်တရားမှာ မူလဆရာတော်ဟောစဉ်က တရားအမည်ကို ကထိန်အလှူပွဲအတွက် ဟောကြားအပ်သော ဒါနကထာတရားဟု အတိုချုပ် အမည်ပေးပြီး စိတ်ရှိလက်ရှိ ဟောကြားသွားတော်မူခြင်း ဖြစ်ပါသည်။ ထို့ကြောင့် တရားစလျှင်စချင်း အင်္ဂုတ္တရပါဠိတော်၊ စတုက္ကနိပါတ် (၁၈) ၃-သဉ္စေတနိယဝဂ်၊ အာယာစနသုတ်(အံ၊ ပ။ ၄၈၂)ကို ဟောကြားတော်မူပါသည်။ ဤသုတ်၌ အတုယူရမည့် အမျိုးသမီးဥပါသိကာ၏ ဂုဏ်ရည်ကို ဆရာတော်ကြီး ချီးကျူးတော်မူပါသည်။ အမျိုးသား ဥပါသကာနှစ်ယောက်၊ အမျိုးသမီးဥပါသိကာ နှစ်ယောက်ရှိရာတွင် ခုဇ္ဇုတ္တရာဥပါသိကာမသည် မြတ်စွာဘုရားအထံမှ ကြားနာရသော တရားတော်များကို သာမာဝတီမိဖုရား အမှူးရှိသော နန်းတွင်းသူတို့အား ပြန်လည်ဟောကြားခဲ့ပါသည်။ ဤဟောကြားချက်များသည် ပိဋကသုံးပုံ၊ ခုဒ္ဒကနိကာယ်၌ ဣတိဝုတ္တကကျမ်းဟူ၍ အထင်အရှားရှိပါသည်။ ဤအချက်ကို သာကေတင်ရင်း ဆရာတော်ကြီးသည် အမျိုးသမီးထုကို ချီးမွမ်းတော်မူပါသည်။ ဤသို့ချီးမွမ်းရာ၌ အကြောင်းရှိပါသည်။ ထိုအကြောင်းမှာ ဆရာတော်ကြီး၏ မယ်တော်ကြီး ဒေါ်ဓမ္မစာရီမှာ စာတတ်ပေတတ် တရားတတ်ဖြစ်ရုံမျှမက သစ္စဝါဒီဋီကာကျမ်းပြုရာတွင် တစ်စွဲခဲ့သူ ဖြစ်ပါသည်။ ရဟန်းတော်များနှင့် ယှဉ်၍ ပြိုင်ပွဲဝင်ရသည်ဖြစ်ရာ သီလရှင်က တစ်စွဲနေသဖြင့် ရဟန်းထဲမှပင် ရွေး၍ တစ်ပေးခဲ့ခြင်းဖြစ်ပါသည်။ သီလရှင်ဖြစ်သဖြင့် ဆရာကြီးဒေါ်ဓမ္မစာရီတစ်ပန်းရှုံးခဲ့ရခြင်း ဖြစ်ပါသည်။ ဤသို့သော မယ်တော်ကြီး၏ ကြည့်ရှုစောင့်ရှောက်မှုကို ခံယူခဲ့ရသည့်အားလျော်စွာ ထေရီအသွင် သီလရှင်များအပေါ် စာနာစိတ်၊ ငဲ့ညှာသနားစိတ် ထားတော်မူပါသည်။ ထို့ကြောင့်ပင် မလွန်ဆန်လှူအသင်းက ဆန်လှူရာတွင်လည်း သီလရှင်များဘက်က များများရအောင်

http:\\www.dhammadownload.com



စွမ်းဆောင်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

အာယာစနသုတ်ကို ဆရာတော် ဟောရခြင်းမှာ ခုဇ္ဇုတ္တရာ ဥပါသိကာမကို အားကျစေလို၍တစ်ကြောင်း၊ ထို ခုဇ္ဇုတ္တရာဥပါသိကာမ ပြန်လည်ဟောကြားခဲ့သော ဒါနသုတ်ကို ဟောတော်မူလို၍တစ်ကြောင်း ကြောင့်ဖြစ်ပါသည်။ ဤဒါနသုတ်၏ ဆိုလိုရင်းမှာ–

ဒါနအကျိုးကို သိကြမည်ဆိုလျှင် မစားဘဲကို ပေးလှူရာ၏။

နှမြောတွန့်တိုမှုကို ပယ်ဖျောက်ရာ၏။

စားမည့် နောက်ဆုံးအလုတ်ကိုပင် ခွဲဝေ၍ လှူရမည်ဟူ၍ ဖြစ်ပါသည်။

ထို့နောက် ဝိသယှဇာတ်တော်ကို ဟောကြားရန် နိဒါန်းပျိုးသော အားဖြင့် အမွဲခံ၍ လှူသော အနာထပိဏ်သဌေးဝတ္ထုကို ဇာတက ဋ္ဌကထာ၊ ဧကကနိပါတ်၊ ၄–ကုလာဝကဝဂ်၊ ၁၀–ခဒိရင်္ဂါရဇာတက ဝဏ္ဏနာ (ဇာ၊ ဋ္ဌ၊ ၁၊ ၂၄၃)မှ ယူ၍ ဟောကြားတော်မူပါသည်။

ဤ အနာထပိဏ်သဌေးဝဝတ္ထုကို ဟောကြားပြီးနောက် သိကြားမင်းကတောင် တားယူရသော ဝိသယှသဌေးဇာတ်တော်ကို ဟောကြားတော်မူပါသည်။

ဤအနာထပိဏ်သဌေးဝတ္ထုကို ဟောကြားပြီးနောက် သိကြားမင်းကတောင် တားယူရသော ဝိသယှသဌေးဇာတ်တော်ကို ဟောကြားတော်မူပါသည်။ ဤသို့ သိကြားမင်းကိုယ်တိုင်က မလှူရအောင် တားလာသည့်အခါ သိကြားမင်းဖြစ်ရမည့် ကျင့်ဝတ် ၇–ပါးကို အကြောင်းဆိုက်သည့်အားလျော်စွာ ထည့်သွင်းဟောကြားတော်မူပါသည်။ ဤကျင့်ဝတ် ၇–ပါးသည် သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂသံယုတ်၊ ၁၁–သက္ကသံယုတ်၊ ၂–ဒုတိယဝဂ်၊ ၁–ဝတပဒသုတ် (အံ၊ အ၊ ၂၃၀)၌ ပါရှိပါသည်။

http:\\www.dhammadownload.com



ဤဝိသယပုဇာတ်တော်တွင် အလှူရှိသည့် သေဋ္ဌေးကြီးနှစ်ဦး အကြောင်းကို စုံလင်စွာ ဟောကြားထားတော်မူပါသည်။

၃။ (က) ဂဟာဋ္ဌဝန္ဒနာသုတ္တန်တရားတော်

ဂဟာဋ္ဌဝန္ဒနာသုတ္တန် တရားတော်ကို သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂ သံယုတ်၊ ၂-ဒုတိယဝဂ်၊ ၈-ဂဟာဋ္ဌဝန္ဒနာသုတ်(သံ၊ ပ၊ ၂၃၅) ကို မှီတည်၍ ဟောကြားထားတော်မူခြင်း ဖြစ်ပါသည်။ ဂဟာဋ္ဌဝဝန္ဒနာသုတ် ဟူသည် လူကို သိကြားမင်းရှိခိုးသော သုတ်ဟု အဓိပ္ပာယ်ရပါသည်။ သိကြားမင်းသည် နန္ဒဝန်ဥယျာဉ်သာကို ရှုကြည့်ရန် သွားခါနီးတွင် အရပ်ရှစ်မျက်နှာကို လှည့်၍ ရှိခိုးပါသည်။ ထိုအကြောင်းကို မာတလိက မေးပါသည်။ ထိုအခါ သိကြားမင်းက-

(၁) သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံသော ရဟန်းတော်များ၊

(၂) သမ္မာအာဇီဝဖြင့် သားမယားကို လုပ်ကျွေးကြသော၊ သီလနှင့်ပြည့်စုံသော လူသူတော်ကောင်းများကို ရှိခိုးကြောင်း ပြန်ပြောပါသည်။ ထိုအခါ မာတလိသည် သိကြားမင်း နည်းတူ အတုလိုက်၍ ရှိခိုးပါသည်။

ဤ ဂဟာဋ္ဌဝန္ဒနာသုတ္တန်ကို လူတို့၏ သရဏဂုံသီလဒ္ဓ တည်မှုသည် သိကြားမင်း ရှိခိုးထိုက်သည့် ဂုဏ်နှင့် ပြည့်စုံရကား လူ ဥပါသကာများအား လက်ဆောင် ဆရာတော် ထုတ်ဖော်ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

**(ခ) သလ္လသုတ္တန်တရားတော်**

သလ္လသုတ္တန်တရားတော်ကို ခုဒ္ဒကနိကာယ်၊ သုတ္တနိပါတ် ပါဠိတော်၊ ၃-မဟာဝဂ်၊ ၈-သလ္လသုတ် (ခု၊ ၁၊ ၃၇၁)ကို မှီတည်၍ ဟောကြားတော်မူချက် ဖြစ်ပါသည်။

http:\\www.dhammadownload.com



သလ္လ–ဟူသည် ငြောင့်ဟု အဓိပ္ပာယ်ရပါသည်။ ဤသုတ္တန်အရ သားသေသည့်အတွက် သောကရောက်နေသော ဒါယကာကို သောက တည်းဟူသော ငြောင့်ကို ထွင်ပေးသောအားဖြင့် မြတ်စွာဘုရား ဟောကြား တော်မူခြင်း ဖြစ်ပါသည်။

ဤသုတ္တန်ကို မဟောကြားမီ သေခြင်းနှင့် ဆက်စပ်မှု ရှိသော ဓာတ်ကြီးလေးပါးကို မြွေကြီးလေးစင်းနှင့် ဥပမာထား၍ ဦးစွာ ဟောကြား တော်မူပါသည်။

ထို့နောက် သားသေသည့်အတွက် သောကရောက်နေသော ဖခင်ကို–

အသက် တိုတောင်းလှပုံ၊

အသက်မသေအောင် လုပ်နည်း မရှိပုံ၊

သီးမှည့်တဝင်းဝင်း သီးကင်းတဖုတ်ဖုတ် ကြွေကျသည့်ပုံ၊

အချိန်တန်လျှင် အိုးများ ကွဲရသကဲ့သို့ပုံ၊

အသတ်ခံရမည့်နွား ဥပမာပုံထား၍ သေခြင်းတရားနှိပ်စက်ပုံကို ဟောပြတော်မူပြီးနောက် ငို၍ အကျိုးရှိမည်ဆိုလျှင် ငိုပါဟု ဟောကြား တော်မူပါသည်။ သို့သော်လည်း ငိုကြွေးပူဆွေးနေခြင်းသည် ကိုယ်ပင်ပန်း စိတ်ပင်ပန်း ကြုံလှီသွားရုံသာ ရှိကြောင်း သတိပေးတော်မူပြီး–

သေသူကို ရည်စူး၍ ကုသိုလ်ကောင်းမှုပြုကာ အမျှခွန်း ညွှန်းသင့် ကြောင်း ဟောကြားတော်မူပါသည်။

ထိုနောက် ဆရာတော်ကြီးသည် ကိသာဂေါတမီ၏ မျက်ရည် သိမ်း ဂါထာနှင့်တကွ ကိသာဂေါတမီဝတ္ထုကို ကြားညှပ်၍ ဟောကြား တော်မူပြီး သောကငြောင့်ကို နုတ်ပယ်ပစ်ရန် ဒါယကာကို ဟောကြား တော်မူ၍ တရားနိဂုံးချုပ်တော်မူပါသည်။

http:\\www.dhammadownload.com



## ၄။ ဥရဂဇာတ် တရားတော်

ဥရဂဇာတ် တရားတော်ကို ဇာတကဋ္ဌကထာ၊ ၅-ပဉ္စကနိပါတ် ၄-ဥရဂဇာတက ဝဏ္ဏနာ (ဇာ၊ ဋ္ဌ၊ တ၊ ၁၅၈)ကို မှီတည်၍ ဟောကြားထားတော်မူပါသည်။ ဥရဂဇာတ်ဟူသည် မြွေသည် အရေခွံကို စွန့်၍ သွားသကဲ့သို့ သတ္တဝါသည် ဤရုပ်ခန္ဓာကို စွန့်၍ သေသွားရသည်ကို ဥပမာပြုသော ဇာတ်ဖြစ်ပါသည်။

ဤဇာတ်တော်ကို မဟောကြားမီ ဆရာတော်ကြီးသည် ၁၃၂၄-ခုနှစ်က မိမိသန္တာန်၌ ထင်လာသော သံဝေဂဉာဏ်ကို မြန်မာကဗျာဖြင့် တစ်မျိုး ပါဠိဂါထာခြင့်တစ်ဖုံ မှတ်တမ်းတင်ထားခဲ့ရာ ယင်းသံဝေဂ ကဗျာဂါထာတို့ကို ဤတရားပွဲအဦးအစ ဟောပြ၍ သံဝေဂဉာဏ်ပွားကြရန် သတိပေးတော်မူခဲ့ပါသည်။

ထိုနောက် ဥရဂဇာတ် ပစ္စုပ္ပန်ဝတ္ထုကို ဟောကြားတော်မူပါသည်။ ထိုသို့ ဟောကြားရင်း ညီတော်သူကိုရင်လေး သေလွန်စဉ်နှင့် မိခင်ကြီး ကွယ်လွန်စဉ်က သောကမီးငြိမ်းပုံ ကိုယ်တွေ့ကို တင်ပြဟောကြားပြီး ဓမ္မသံဝေဂလင်္ကာဖြင့် သောကမီး ငြိမ်းစေသင့်ပုံကို-

> ရုပ်နာမ် နှစ်ဖြာ၊ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊ ကွယ်ချုပ်ဝင်သည့်၊ ဤသင်္ခါရ၊ သဘာဝကား၊ ဌာနနယ်ချုံး၊ တနိဂုံးနှင့်၊ ခေါ်ထုံးဝေါဟာ၊ တစ်မြို့ရွာဝယ်၊ မျက်နှာမဲ့လျှင်း၊ တစ်အိမ်တွင်း၌၊ သင်းသီးသန့်ခြား၊ တစ်ကန့်သား၍၊ ဖြစ်ပွားလေ့လာ၊ မဟုတ်ပါဘူး။ ဗြဟ္မာလူနတ်၊ ထုတ်ချင်းခတ်အောင်၊ ဥပါဒ်စလျှင်၊ ဋ္ဌီသို့ဝင်၍၊ ဘင်္ဂက္ခဏ၊ မရဏဖြင့်၊ ရှုရှုလှုပ်လှုပ်၊ တချုပ်ချုပ်လျှင်၊ နာမ်ရုပ်နှစ်မျိုး၊ ဖြစ်တိုင်းညှိုးသည်-
>
> အရိုး အနစ္စပါတကား။
>
> အရိုး ဒုက္ခပါတကား။

http:\\www.dhammadownload.com



## ၅။ ဘာရဒွါဇသုတ္တန်တရားတော်

ဘာရဒွါဇသုတ္တန်တရားတော်ကို သံယုတ္တနိကာယ်၊ သဠာယတန ဝဂ္ဂ သံယုတ်၊ (၁၃) ၃-ဂဟပတိဝဂ်၊ ၄-ဘာရဒွါဇသုတ် (သံ၊ ၃၊ ၃၂၈) ကို မူတည်၍ ဟောကြားထားတော်မူပါသည်။

တရားဦးအစတွင် အစားသန်သော ကောသလမင်းကြီးအကြောင်း ကိုလည်းကောင်း၊ ဘာရဒွါဇရဟန်း သာသနာတော် ဝင်စက ပိဏ္ဍောလ တွင်ပုံအကြောင်း၊ တဖြည်းဖြည်း ဆွမ်းလျှော့စားစေပုံအကြောင်းကို ဟော ထားပါသည်။ ထိုနောက်မှ အဋ္ဌကထာက ပြသည့်အတိုင်း ဥဒေနမင်းက ရှင်ဘာရဒွါဇကို ခါချဉ်ထုပ်ဖြင့် ပေါက်ပုံကို ဟောပြပြီး သုတ္တန်က လာတဲ့ အတိုင်း ဥဒေနမင်းက ရှင်ဘာရဒွါဇကို ပြဿနာမေးပါသည်။

ပထမပြဿနာမှာ-

အသက် နုနယ်ငယ်ရွယ်ကြသော ရဟန်းတော်များသည် အသက် ထက်ဆုံး သာသနာတော်၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်စွာ နေသွားနိုင် ကြခြင်းသည် အဘယ်ကြောင့်နည်းဟု ကာမဘုံသား၏ ဓမ္မတာအရ မေး ခြင်းဖြစ်ပါသည်။ ဤအမေးကို ရှင်ဘာရဒွါဇက-

အမိအရွယ်၊ နှမအရွယ်၊ သမီးအရွယ် အမျိုးသမီးတို့၌ အမိစိတ်၊ နှမစိတ်၊ သမီးစိတ်ထားနိုင်ကြ၍ဟု ဖြေပါသည်။

တစ်ဖန် ဥဒေနမင်းက-

"စိတ်သည် လျှပ်ပေါ်ပါ၏၊ အမိအရွယ်၊ နှမအရွယ်၊ သမီး အရွယ်၌ပင် စိတ်ဖောက်ပြန်တတ်ပါသည်။ အခြားအကြောင်းအဘယ်ပါ နည်း"ဟု မေးပြန်ပါသည်။

ရှင်ဘာရဒွါဇက-

"သုံးဆယ့်နှစ်ကောဋ္ဌာသသာ ရှိသည်။ ယောကျ်ား မိန်းမ မရှိချေ"

http:\\www.dhammadownload.com



ဟု ဖြေပါသည်။

ထိုအခါ ဥဒေနမင်းက=

"ထို သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ပွားများသူရှိသကဲ့သို့ မပွားများသူလည်း ရှိပါသည်။ အခြားအကြောင်း အဘယ်ပါနည်း"ဟု မေးမြန်းပါသည်။

ရှင်ဘာရဒွါဇက-

"မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဣန္ဒြေခြောက်ပါးကို လုံခြုံစွာ စောင့်စည်းနိုင်ကြ၍ ဖြစ်သည်"ဟု ဖြေပါသည်။

ဤအဖြေကို ဥဒေနမင်း သဘောကျလက်ခံပါသည်။ ထိုနောက် ဥဒေနမင်းသည် သရဏဂုံကည်သူ ဥပါသကာဖြစ်သွားပါသည်။

ဤ ဘာရဒွါဇသုတ္တန်ကို ဟောကြားပြီးနောက် ခန္ဓာငါးပါး ဓမ္မလက္ခဏာများကို ဟောကြားပြီး သီလဝန္တသုတ္တန်ကို ဆက်၍ ဟောကြားတော်မူပါသည်။

သီလဝန္တသုတ္တန်သည် သံယုတ္တနိကာယ်၊ ခန္ဓဝဂ္ဂသံယုတ်၊ ၁-ခန္ဓသံယုတ်၊ (၁၂) ၂-ဓမ္မကထိကဝဂ် ၁၀-သီလဝန္တသုတ် (သံ၊ ၃၊ ၁၃၆) ဖြစ်ပါသည်။ တရားဟောလျှင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ပွားများနိုင်ရန်အတွက် ဟောရသည်ချည်း ဖြစ်ရာ ဟောတန်သလောက် ဟောပြီးနောက် သီလရှိသူတို့ နှလုံးသွင်းရမည့် တရားကို ရှင်ကောဋ္ဌိကက မေး၍ ရှင်သာရိပုတ္တရာ ဖြေတော်မူသည့် သီလဝန္တသုတ္တန်ဒေသနာကို ဆက်လက် ဟောကြားတော်မူခြင်းဖြစ်ပါသည်။

ရှင်ကောဋ္ဌိကက ရှင်သာရိပုတ္တရာကို-

"သီလရှိသူ အရိယာသည် အဘယ်တရားကိုများ နှလုံးသွင်းရမည်နည်း"ဟု မေးပါသည်။

http:\\www.dhammadownload.com



အရိုး အနတ္တပါတကား–ဟု နှလုံးသွင်းရမည့်အကြောင်း ဟော ကြားတော်မူပါသည်။

ထိုနောက် ဥရဂဇာတ်တော်ကို ဟောကြားတော်မူပါသည်။ အမြဲ လှူ၍ အမြဲသီလစောင့်သော၊ အမြဲ ရှစ်ပါးသီလစောင့်သော၊ မရဏာ ဿတိ ဘာဝနာကို ပွားများလေ့ရှိသော၊ သေခြင်းတရားကို ဆင်ခြင် လေ့ရှိသော ပုဏ္ဏားအိမ်ထောင်စုမှ အိမ်ထောင်ဦးစီးပုဏ္ဏားကြီးနှင့် သား တို့ ယာတဲ၌ အလုပ်လုပ်နေစဉ် ဖခင်က သားကို မြက်ခြောက်တွေကို ကန်သင်းပေါ်ပုံ၍ မီးတိုက်ခိုင်းသဖြင့် သားက မီးတိုက်ရာ တောင်ပို့တွင်း မှ အဆိပ်ထန်သော မြွေသည် မီးခိုးသင့်သဖြင့် ဒေါသထွက်ကာ သားကို ကိုက်ပါသည်။ သားလည်း နေရာတွင်ပင် သေဆုံးပါသည်။

သားသေမှန်း သိသော ဖခင်သည် ယာကို ထွန်မြဲထွန်သည်။ လူကြုံနှင့် အိမ်ကို ထမင်းမှာရာတွင် ခါတိုင်းကဲ့သို့ နှစ်ယောက်စာ မမှာဘဲ တစ်ယောက်စာသာ မှာသည်။ ခါတိုင်းကဲ့သို့ တစ်ဦးတည်း ထမင်းလာ မပို့ဘဲ တစ်အိမ်လုံးလာရမည်ဟု မှာသည်။

မိသားစု စုံညီသောအခါ တစ်ယောက်မျှ မျက်ရည်မကျဘဲ ဝိုင်း ထိုင်၍ မရဏာဿတိကို ပွားများကြပါသည်။ ဤမရဏာဿတိ ဘာဝနာ ကြောင့် သိကြားမင်း မနေနိုင်ဘဲ လာ၍ စုံစမ်းရတော့သည်။

ရှေးဦးစွာ ဖခင်ကို စုံစမ်းရာ ဖခင်က–

မြွေသည် အရေခွံဟောင်းကို စွန့်၍သွားသကဲ့သို့ ငါ့သားသည် သူ၏ခန္ဓာဟောင်းကို စွန့်၍သွားခဲ့လေပြီဟု ပြန်ပြောပါသည်။

အမေကို စုံစမ်းသောအခါ အမေက–

မခေါ်ဘဲနှင့် သူလာခဲ့၏။

မပန်ကြားဘဲ သူပြန်ခဲ့ပြီ ဟု ဖြေပါသည်။

http:\\www.dhammadownload.com



ထိုနောက် သေသူ၏ နှမကို သိကြားမင်းက မေးပြန်ပါသည်။ နှမက–

ငိုလျှင် ပိန်ရုံပဲ ရှိမည်ဟု ပြန်ဖြေပါသည်။

တစ်ဖန် သေသူ၏ ဇနီးကို သိကြားမင်းက မေးပြန်ပါသည်။ ဇနီးက–

လ ကိုပေးပါ တောင်းသည်နှင့် တူပါသည်ဟု ဖြေပါသည်။

နောက်ဆုံးတွင် အိမ်စေမလေးကို မေးရာ အိမ်စေမလေးက–

ကွဲသွားသော ရေအိုး ပြန်စပ်မရသလိုပါပဲဟု ဖြေပါသည်။

ဤဥရဂဇာတ်ဟောပြီး အဆုံးတွင် သစ္စာလေးပါးကို ဖော်ပြ၍ ဇာတ်တော်ကို ပေါင်းတော်မူ၏ဟူသော ဒေသနာကို မှတည်၍–

သစ္စာလေးပါးကို–

အဝွန့်ရှည်စွာ၊ ဘယ်မျှကြာလည်း၊ တစ်ခါတစ်ဖန်၊ မဖောက်ပြန်ဘဲ၊ အစဉ်မြဲကို၊ သစ္စာဆို၏။

ထိုသစ္စာကား၊ လေးထွေပြား၏၊ လေးပါးသရုပ်၊ အမှန်ထုတ်သော်၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။

ခန္ဓာငါးလီ၊ ဘုံလောကီကို၊ ဒုက္ခဆိုလော့။

ထိုဒုက္ခပေါင်း၊ ပွားကြောင်းအမူ၊ လောဘစုမူ၊ သမုဒယ၊ အမည်ရ၏။

လောဘခပင်း၊ အကြွင်းမရှိ၊ ချုပ်ငြိမ်းဘိသည်၊ သန္တိသဘော၊ အစဉ်ချောကို နိရောဓဟူ၊ ရှစ်ဆူသီးသီး၊ မဂ္ဂင်ကြီးကို၊ မဂ္ဂဆို၏။

စသည်ဖြင့် လင်္ကာသီ၍ သစ္စာကို ဟောပြထားသည်မှာ လွန်စွာအဖိုးတန်လှပါသည်။

http:\\www.dhammadownload.com



ရှင်သာရိပုတ္တရာက–

"ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် နှလုံးသွင်းရမည်၊ ဤသို့ နှလုံးသွင်းလျှင် သောတာပတ္တိဖိုလ် အကျိုးရနိုင်သည်"ဟု ဖြေတော်မူပါသည်။

ဆက်၍ ရှင်ကောဋ္ဌိကက သောတာပန်များ နှလုံးသွင်းရမည့်တရား၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာနှလုံးသွင်းရမည့်တရားများကို မေးပါသည်။ ရှင်သာရိပုတ္တရာကလည်း အစဉ်အတိုင်း ဖြေတော်မူပါသည်။

ထိုနောက်တွင် ခန္ဓာငါးပါး၊ ဆပဋ္ဌကဓမ္မဝိပဿနာ၊ အာယတနတစ်ဆယ့်နှစ်ပါး၊ ဓမ္မသံဝေဂလင်္ကာများကို ဟောကြားတော်မူထားပါသည်။

## ၆။ ဓောတိကဝတ္ထု တရားတော်

ဓောတိကဝတ္ထု တရားတော်ကို ဓမ္မပဒအဋ္ဌကထာ၊ ၂၆–ဗြာဟ္မဏဝဂ်၊ ၃၃–ဝင်္ဂီသဝတ္ထုနှင့် ၃၄–ဓောတိကဝတ္ထု (ဓမ္မ၊ ဋ္ဌ၊ ဒု၊ ၄၃၁၊ ၄၄၆)ကို အမှီပြု၍ ဟောကြားထားတော်မူထားပါသည်။

ကိုးဆယ့်နှစ်ကမ္ဘာထက် ဖုဿဘုရားနှင့် ဝိပဿီဘုရားနှစ်ဆူအကြား ကြဲတောင်သူဖြစ်စဉ်က ဓောတိကအလောင်းသည် ပစ္စေကဗုဒ္ဓါအား ကြဲရည်လှူ၍ လူနတ်ချမ်းသာ ခံစားပြီးမှ အရှင်ဘုရားတို့ ရအပ်ရောက်အပ်သော တရားကို ရရပါစေ၊ ရောက်ရပါစေဟု ဆုတောင်းခဲ့၏။

ဝိပဿီမြတ်စွာဘုရားလက်ထက်တော်၌ အပရာဇိတအမည်ရသော သေဋ္ဌေးဖြစ်လာ၏။ အစ်ကိုဖြစ်သူ ရဟန္တာဖြစ်သွားသဖြင့် ရှိသမျှစည်းစိမ် အကုန်လုံး သူ့ရသည်။ ထိုစည်းစိမ်ဖြင့် ဂန္ဓကုဋီကျောင်းဆောက်လှူသည်။ တရားနာလာသူများ လက်တစ်ဆုပ်စာ ယူနိုင်သလောက် ယူ

http:\\www.dhammadownload.com



နိုင်အောင် ရတနာခုနစ်ပါး ဒူးခေါင်းလောက်အထိ ကြဲဖြန့်၍ လှူဒါန်းသည်။ တစ်နေ့တွင် ပုဏ္ဏားတစ်ယောက်သည် ဘုရားရှင် ခြေတော်ရင်း၌ ထားသော ပတ္တမြားတုံးကို ခိုးယူသွားသည့်ကိစ္စနှင့် ပတ်သက်၍ စိတ်ဆင်းရဲခြင်း ဖြစ်နေသည်။ ထို့ကြောင့် မိမိပိုင်သော ဥစ္စာကို မင်း၊ သူခိုး အရာအထောင်အနိုင်အထက် မယူနိုင်ပါစေသတည်း။ မီး ရေ မဖျက်ပါစေသတည်းဟု ဆုတောင်း၏။

ယခု ဂေါတမမြတ်စွာဘုရားလက်ထက်တော်၌ ရာဇဂြိုဟ်ပြည်ဝယ် ဇောတိကသတို့သားဟူ၍ ဖြစ်လာသည်။ အရွယ်ရောက်သောအခါ အိမ်နေရာကို သိကြားမင်းက ရှာပေးသည်။ ရတနာခုနစ်ပါးဖြင့် ပြီးသော ဘုံခုနစ်ဆင့် ရှိသော ပြာသာဒ်ပေါက်သည်။ ရတနာတံတိုင်း ခုနစ်ထပ် ရံသည်။ ပဒေသာပင် ပေါက်သည်။ အထောင့်လေးခု၌ ရတနာအိုးကြီး လေးလုံး ပေါ်သည်။ ထို့ကြောင့် ဗိမ္ဗိသာရမင်းကြီးက သေဋ္ဌေးဘွဲ့ပေးရသည်။ မြောက်ကျွန်းသူ သတုလကာယီသည် ဇနီးအဖြစ် ရောက်လာရသည်။

ဗိမ္ဗိသာရမင်းကြီးသည် ဇောတိက၏ ဗိမာန်ကို သွားရောက်ရှုစားစဉ်က အဇာတသတ်မင်းသားလေးပါသွားသည်။ အဖ၏ ထီးနန်းစည်းစိမ်နှင့် ဇောတိက၏ သေဋ္ဌေးစည်းစိမ် ကွာချင်တိုင်း ကွာနေသဖြင့် အဇာတသတ်က ခမည်းတော်ကို “ဩော်-မိုက်ကန်းစွ”ဟု ညည်းတွားခဲ့ဖူးသည်။ ထို့ကြောင့် သူ ထီးနန်းရသောအခါ ဇောတိကအိမ်ကို သွားတိုက်သည်။ သို့သော် တံတိုင်းခုနစ်ထပ်မှ ရတနာရောင်ကြောင့် မိမိစစ်သည်ကိုပင် ဇောတိက၏ စစ်သည်ဟုထင်ကာ တပ်လန်၍ ဘုရားကျောင်းတော်ဆီ ပြေးခဲ့ရသည်။ သို့သော် ဇောတိကသေဋ္ဌေးက ဘုရားထံမှောက်မှာ တရားနာနေသည်။ ဤတွင် အဇာတသတ်က ဇောတိကကို အပြစ်တင်သည်။ ထိုအခါ ဇောတိကက မိမိမပေးလျှင် မိမိ၏စည်းစိမ်ကို မည်သို့မျှ ယူ၍မရကြောင်း ပြောပြီး လက်မှ လက်စွပ်ကို ချွတ်ခိုင်းသည်။ အဇာ

http:\\www.dhammadownload.com



တသတ်သည် ရာဇဏ္ဍကွ္ကေကိုမျှ မဆည်နိုင်ဘဲ လောဘတကြီး ချွတ်ယူသည်။ မရချေ။ ဝတ်လဲတော်ဖြန့်ခိုင်းပြီး လက်ကို စိုက်လိုက်ရာ လက်စွပ်အကွင်းနှစ်ဆယ်လုံး အလိုလိုကျသည်။

ဇောတိကသည် အဇာတသတ်၏ လောဘ၊ ဒေါသကိုမြင်ပြီး သံဝေဂရကာ ရဟန်းပြုသည်။ မကြာမီ ရဟန္တာဖြစ်သွားပါသည်။

## ၇။ တိရောကုဋ္ဋသုတ္တန်တရားတော်

တိရောကုဋ္ဋသုတ္တန်တရားတော်ကို ခုဒ္ဒကပါဌပါဠိတော်၊ တိရောကုဋ္ဋသုတ်(ခု၊ ၁၊ ၈)၊ ပေတဝတ္ထုပါဠိတော်၊ ၁-ဥရဂဂ်၊ ၅-တိရောကုဋ္ဋပေတဝတ္ထု (ခု၊ ၂၊ ၁၂၉)ကို မှီတည်၍ အဋ္ဌကထာဖွင့်အရ ဟောကြားထားတော်မူခြင်းဖြစ်ပါသည်။

သေသူကို ရည်စူး၍ ကုသိုလ်ကောင်းမှုပြုပြီးသောအခါ သေသူကို ရည်ညွှန်း၍ အမျှခွန်းပေးဝေသော အလေ့သည် ဤသာသနာတော်၌ ဗိမ္ဗိသာရမင်းကြီးက စတင်ပါသည်။ ဤအကြောင်းကို ပေါ်လွင်အောင် ဖုဿဘုရားရှင်လက်ထက် ဗိမ္ဗိသာရမင်းကြီး၏အလောင်း မြို့ဝန်၏အချို့သော ဆွေမျိုးတို့သည် ဖုဿဘုရားရှင်နှင့်တကွ သံဃာတော်များအား လှူဒါန်းရန်စီမံထားသော အလှူပစ္စည်းများကို စားသုံးပစ်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း ပြုခဲ့ဖူး၏။ ဤအကုသိုလ်ကြောင့် ကိုးဆယ့်တစ်ကမ္ဘာလုံး ဒုဂ္ဂတိဘုံမှာ တစ်လှည့်စီခံနေကြရာမှ ကဿပဘုရားရှင်လက်ထက်တော်၌ ပြိတ္တာများဖြစ်လာကြ၏။ ထိုပြိတ္တာတို့သည် ဒါယကာတစ်ဦးအလှူပေးပြီးသောအခါ ဆွေမျိုးတို့အား ရည်စူး၍ အမျှခွန်းညွှန်းသော ဆွေမျိုးပြိတ္တာတို့ စားရဝတ်ရ သမ္ပတ္တိနှင့် ပြည့်စုံရသည်ကို မြင်၍ မြတ်စွာဘုရားကို လျှောက်ထားကြ၏။ မြတ်စွာဘုရားက ဂေါတမဘုရားလက်ထက်၌ ဗိမ္ဗိသာရမင်းကြီးကုသိုလ်အဖို့ကို အမျှဝေသောအခါ ရလိမ့်မည်ဟု မိန့်ကြားတော်မူချက်အရ ယနေ့နက်ဖြန်ပင်

http:\\www.dhammadownload.com



ရတော့မလောက် ဝမ်းမြောက်ဝမ်းသာ စောင့်မျှော်နေခဲ့ကြ၏။

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရား အမှူးရှိသော သံဃာအား ဝေဠုဝန်ကျောင်း လှူပြီးသောအခါ ဆွေမျိုးတို့အား အမျှမဝေမိချေ။ ထို့ကြောင့် ညအချိန်၌ ကြောက်မက်ဖွယ်အသံတို့ဖြင့်ဟစ်အော်ကြ၏။ ထိုအကြောင်းကို ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားကို လျှောက်သောအခါ မြတ်စွာဘုရားက အကြောင်းစုံကို ပြန်၍ မိန့်ကြားတော်မူပါသည်။

ဗိမ္ဗိသာရမင်းကြီးသည် အလှူရေစက် ချသွန်းပြီး–

ဣဒံ ဝေါ ဉာတီနံ ဟောတု၊

သုခိတာ ဟောန္တု ဉာတယော။

“ငါတို့၏ ယနေ့ လှူဒါန်းရသော ရေအလှူ၊ ဆွမ်းအလှူ၊ သင်္ကန်းအလှူသည် ဆွေမျိုးတို့အတွက် ဖြစ်ပါစေသတည်း။ ဆွေမျိုးတို့သည် ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေသတည်း”ဟု အမျှပေးဝေလိုက်လျှင်ပင် ဆွေမျိုးဟောင်းပြိတ္တာတို့သည် ရေကြည်ရေအေးကို သောက်ရချိုးရ၏။ နတ်အစားအစာတို့ကို စားသုံးရ၏။ နတ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်ရ၏။

ဤအကြောင်းနှင့် စပ်လျဉ်း၍ ဆရာတော်ကြီးက–

(၁) အလှူ့ဒကာက ဆွေမျိုးတွေအပေါ်မှာ မေတ္တာကရုဏာ ပြဋ္ဌာန်းပြီးတော့ လှူဒါန်း၍ အမျှခွန်းပေးဝေခြင်း။

(၂) ထိုခဏမှာ ထိုဆွေမျိုးများက သာဓုအနုမောဒနာခေါ်ခြင်း။

(၃) အလှူခံပုဂ္ဂိုလ်တွေဘက်က စင်ကြယ်သော သီလရှိခြင်း ဟူသော အကြောင်းသုံးပါးကို ရှင်းလင်းဟောကြားတော်မူခဲ့ပါသည်။

ထိုနောက် တိရောကုဋ္ဋသုတ္တန်ပါဠိတော်ကို ဆက်လက်၍ ဟော

http:\\www.dhammadownload.com



ကြားတော်မူပါသည်။ ဤသို့ ဟောကြားရင်း ကြားဖြတ်၍ တရားပွဲတွင် ခွက်ထိုး၍ အလှူမခံရန် ဒကာရင်းများဖြစ်ကြသော ဘကြီးမိုး၊ ကိုဝါပေါ တို့ကို မေတ္တာရပ်ခံပါသည်။ အကြောင်းမှာ ရှင်အာဒိစ္စဝံသကို ပကာ သနီယကံပြုစဉ်က ရှင်အာဒိစ္စဝံသ ဆဲခဲ့သော တေးထပ်တွင် "ခွက်ထိုးခံ စဏ္ဍာလ"ဟူသော စကားကို တွေ့မိ၍ ရှက်လှသဖြင့် တားမြစ်ခြင်း ဖြစ်ပါသည်။ ဤတေးထပ်တွင် ရုန့်ရင်းသော စကားများ လွန်စွာပါသည်။ ဂါမ္ဘဒေါသနှင့် မကင်းရကား ဆရာတော်က အကုန်ရွတ်၍ မပြပါ။ နား ကြားတော်ရုံသာ ရွတ်ပြပါသည်။ နောင်းလူတို့အတွက် ရည်စူး၍ ဤတေး ထပ်ကို တိရောကုဋ္ဋသုတ္တန် တစ်နေရာတွင် အပြည့်အစုံဖော်ပြထားပါ သည်။

တိရောကုဋ္ဋသုတ္တန်ကို ပါဠိတော်အစဉ်အတိုင်း ဟောကြားတော် မူပြီးနောက် အင်္ဂုတ္တရပါဠိတော်၊ ပဉ္စကနိပါတ်လာ ဘောဇနသုတ်၊ (အံ၊ ၁၊ ၁၃၅)ကို တိုစိဟောကြားတော်မူပြန်ပါသည်။ ဆွမ်းလှူရသဖြင့် အာယုဒါန၊ ဝဏ္ဏဒါန၊ သုခဒါန၊ ဗလဒါန၊ ပညာဒါန ဟူ၍ ဒါနငါးမျိုး ဖြစ်ရာ အကျိုးငါးပါးရကြောင်း ထည့်သွင်းဟောကြားတော်မူခြင်း ဖြစ် ပါသည်။

## ၈။ မေဃိယသုတ္တန်တရားတော်

မေဃိယသုတ္တန်တရားတော်ကို ခုဒ္ဒကနိကာယ်၊ ဥဒါန်းပါဠိတော်၊ ၄-မေဃိယဝဂ်၊ ၁-မေဃိယသုတ်(ခု၊ ၁၊ ၁၁၆)ကို မူတည်၍ ဟောကြား ထားတော်မူပါသည်။ ဤသုတ္တန်ကို ရန်ကုန်မြို့ ကျားကူးမွှောရုံ၌ ကျင်းပ သော အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော် များအား ပူဇော်ပွဲ၊ အဘိဓမ္မာသင်တန်းပြဆရာများအား ဂုဏ်ပြု ထော မနောပွဲနှင့် ဆူးလေစေတီတော်မြတ်အား ရွှေပြားသက်န်း ဆက်ကပ် လှူ ါန်းပွဲ၌ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဥက္ကဋ္ဌ၏ မျှော်ခေါ်

http:\\www.dhammadownload.com



တောင့်တချက်အရ ဟောကြားတော်မူခြင်းဖြစ်ပါသည်။

မြတ်စွာဘုရားရှင်၏ ပထမဗောဓိဝါတော် ၂၀ အတွင်း၌ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးသူ အလုပ်အကျွေး ဥပဋ္ဌာက အမြဲမရှိသေးချေ။ နာ၊ နာ၊ ဥ၊ သု၊ စု၊ နန်၊ သာ၊ မေ-ဟူသော သင်္ကေတအတိုင်း-

နာဂသမာလထေရ် နာဂိတထေရ်၊ ဥပဝါဏထေရ်၊ သုနက္ခတ္တရဟန်း၊ စုန္ဒသာမဏေ၊ နန္ဒထေရ်၊ သာဂတထေရ်၊ မေဃိယထေရ်တို့က ရံဖန်ရံခါ ပြုစုလုပ်ကျွေးခဲ့ကြပါသည်။

မြတ်စွာဘုရား၏ အလုပ်အကျွေး ဥပဋ္ဌာကအဖြစ် ရှင်မေဃိယ အလှည့်ကျချိန်မှာ မြတ်စွာဘုရားသည် စာလိယတောင်၌ သီတင်းသုံးနေတော်မူခိုက် ဖြစ်ပါသည်။ တစ်နေ့သောအခါ ရှင်မေဃိယသည် ဇန္တုရွာသို့ ဆွမ်းခံကြွပါသည်။ ဆွမ်းကိစ္စပြီး၍အပြန်တွင် ကိမိကာဠာ မြစ်၏ တစ်လျှောက် စင်္ကြံကြွနေရင်း သရက်တောအုပ်တစ်ခုကို မြင်ပါသည်။ ထိုအခါ ထိုသရက်တောအုပ်ထဲ သွား၍ တရားအားထုတ်ချင်စိတ် တဖွားဖွား ပေါ်လာပါသည်။ ထိုသရက်တောသို့ သွား၍ တရားအားထုတ်ပါရစေဟု မြတ်စွာဘုရားကို လျှောက်ထားပါသည်။ မြတ်စွာဘုရားက ငါ တစ်ပါးတည်း ရှိနေသေးသည်။ အခြား ရဟန်းတစ်ပါးပါး လာအောင် ဆိုင်းပါဦးဟု တားတော်မူ၏။ ရှင်မေဃိယ မနေနိုင်ဘဲ ဖွတ်အတင်းပင် သွားပါတော့သည်။

သရက်တောသို့ ရောက်၍ တစ်ပါးတည်းနေမိလျှင်ပင် ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်ဟူသော အကုသိုလ်ဝိတက် သုံးပါး ဖြစ်ပွား၍ လာပါသည်။ သူ့ကိုယ်သူလည်း အံ့ဩမိပါသည်။ ညနေချမ်းတွင် ထိုတောအုပ်မှပြန်၍ မြတ်စွာဘုရားကို အကြောင်းစုံ လျှောက်ထားပါသည်။

ဤလျှောက်ထားချက်အပေါ် မူတည်၍ မြတ်စွာဘုရားက ဓမ္မပဒ

http:\\www.dhammadownload.com



ပါဠိတော်၊ စိတ္တဝဂ်လာ ဂါထာ(၃၃နှင့် ၃၄)ကို ဟောပြတော်မူပါသည်။ ဤဒေသနာကို ဓမ္မပဒအဋ္ဌကထာ(ပ၊ ၁၈၂)မှ ယူ၍ ဆရာတော်ကြီး ရှင်းလင်း ဟောကြားတော်မူပါသည်။

ထိုနောက် ဆရာတော်ကြီးသည် ကိလေသာမှ လွတ်နိုင်သည့် အဆင့်လေးဆင့် ရှိကြောင်းကို–

(၁) ကာမကုသိုလ်ဖြင့် တဒင်္ဂလွတ်ခြင်း

(၂) မဟဂ္ဂုတ်ကုသိုလ်ဖြင့် ဝိက္ခမ္ဘနလွတ်ခြင်း

(၃) မဂ်ဖြင့် သမုစ္ဆေဒလွတ်ခြင်း

(၄) ဖိုလ်ဖြင့် တစ်ဖန်ငြိမ်းအေးသော (ပဋိပ္ပဿဒ္ဓိ)အားဖြင့် လွတ်ခြင်း ဟူ၍ အဋ္ဌကထာလာအတိုင်း ရှင်းလင်းဟောကြားပြီးနောက် အရဟတ္တဖိုလ်ကို ရင့်ကျက်စေသော ဝိမုတ္တိပရိပါစနီယတရား တစ်ဆယ့် ငါးပါးကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ (နှာ–၁၉၈)လာသည့်အတိုင်း ဟောကြားတော်မူပြီးမှ မေဃိယသုတ္တန်ကို ဆက်လက်ဟောကြားတော်မူပါသည်။

အရဟတ္တဖိုလ်ကို ရစေထိုက်သော တရားငါးပါးအနက် ကလျာဏမိတ္တ=မိတ်ဆွေကောင်းအရေးကြီးပုံကို ရှင်အာနန္ဒာကို မြတ်စွာဘုရား မိန့်တော်မူပုံ (သဂါထာဝဂ္ဂ သံယုတ်၊ ၈၈)ကို ခံတည်၍ ဟောကြားတော်မူပါသည်။ ထိုနောက် ပြောရမယ့်စကား ဆယ်မျိုးကို ဝေဖန်ဟောကြားတော်မူပါသည်။ သမ္မပ္ပဓာန် လုံ့လဝီရိယရှိခြင်း၊ ဖြစ်ပျက်ကိုသိသော ပညာရှိခြင်းတို့ကို ဟောကြားပြီး ကလျာဏမိတ္တ=မိတ်ဆွေကောင်း အရေးကြီးပုံကို ဆက်လက်ဟောကြားတော်မူပါသည်။

ထို့နောက် အသုဘစသော ဘာဝနာပွားများရသည့် အကြောင်းကို အဋ္ဌကထာ ဖွင့်ပြသည့်အတိုင်း လယ်ရိတ်သမား ဥပမာဖြင့် ဟောကြား

http:\\www.dhammadownload.com



ထားတော်မူပါသည်။

အဆုံးတွင် မြတ်စွာဘုရား ကျူးရင့်တော်မူသော ဥဒါန်းဂါထာတို့ကို ဖွင့်ဆိုဟောကြား၍ တရားသိမ်းတော်မူပါသည်။

## ၉။ ရောဟိနီထေရီဂါထာ တရားတော်

ရောဟိနီထေရီဂါထာ တရားတော်ကို ထေရီဂါထာပါဠိတော်၊ ၁၃–ဝီသတိနိပါတ်၊ ၂–ရောဟိနီ ထေရီဂါထာ (ခု၊ ၂၊ ၄၁၀)ကို မူတည်၍ ဟောကြားထားတော်မူခြင်း ဖြစ်ပါသည်။

ဤရောဟိနီထေရီဂါထာတရားတော်ကို ဟောရခြင်းမှာ ယနေ့လောကဌ သာသနာတော်နှင့် ပတ်သက်၍ အချို့အချို့သော ပုဂ္ဂိုလ်တို့ဝေဖန်တတ်ကြပါသည်။ ရဟန်းသံဃာတွေသည် အလုပ်မလုပ်ဘဲ စားနေသူများဖြစ်သည်။ ထို့ကြောင့် အလုပ်မရှိ၊ ထမင်းမရှိဟု ဆိုကြပါသည်။ ဤသို့ စသည်ဖြင့် ဝေဖန်ရေးတွေ ခေတ်စားနေခိုက်တွင် ရတနာသုံးပါးကို မကြည်ညိုသော ဖခင်က သံဃာတော်များနှင့် ပတ်သက်၍ ပြစ်တင်ဝေဖန်သည်ကို သမီးဖြစ်သူက ဝေဖန်ရေးသမား ဖခင်၏ အမေးများကိုရဲရဲတောက် ဖြေကြားခဲ့ပုံကို အမျိုးသမီးလောကဘက်က ဂုဏ်ယူစေလို၍ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ရောဟိနီသည် ရှေးကောင်းမှုကြောင့် လူချမ်းသာနတ်ချမ်းသာခံစားပြီးနောက် ရှင်တော်ဂေါတမဗုဒ္ဓလက်ထက်တော်မှာ ဝေသာလီပြည်ဝယ် မဟာဝိဘဝပုဏ္ဏားရှင်၏ သမီးဖြစ်လာ၏။ ထိုရောဟိနီသည် မြတ်စွာဘုရား ဝေသာလီပြည် မဟာဝုန်တော၌ ငါးဝါမြောက် ဝါဆိုသီတင်းသုံးတော်မူသောအခါ တရားနာရသဖြင့် သောတာပန်ဖြစ်ပါသည်။

သောတာပန်ဖြစ်ပြီးနောက် သမဏာအမည်ရသော ရဟန်းသံဃာကို ကြည်ညိုလှသဖြင့် သမဏာ၊ သမဏာဟူ၍ အချိန်ပြည့် ကျူးရင့်နေတတ်ပါသည်။ အိပ်လည်း သမဏာ၊ နိုးလည်း သမဏာ ဖြစ်နေ

http:\\www.dhammadownload.com



လွန်း၍ သဒ္ဓါတရားခေါင်းပါးသော ဖခင်က ငါ့သမီးကိုယ်တိုင်ပင် သမဏီ ရဟန်းမကလေး ဖြစ်ဦးမလားဟု ခန့်ပါသည်။ မနေနိုင်သည့်အဆုံး "အဘယ့်ကြောင့် သမဏာခေါ်ဆိုရဟန်းတော်ကို ကြည်ညိုချစ်ခင်ပါ သနည်း။ ထိုရဟန်းတော်တို့သည် အလုပ်မလုပ်ချင်ကြကုန်၊ အကောင်း ကိုသာ အလှူခံကြ၏"စသည်ဖြင့် မေးမြန်းပြစ်တင်ပါတော့သည်။

ဤတွင် ရောဟိနီက-

-အချိန်ပြည့် အလုပ်လုပ်သော ရဟန်းတော်များ ဖြစ်ကြောင်း၊

-အလုပ်တကာတို့တွင် မြတ်သောအလုပ်ကို လုပ်သူများဖြစ် ကြောင်း

- ကံသုံးပါး စင်ကြယ်သူများဖြစ်ကြောင်း

- အတွင်းအပြင် အညစ်အကြေး ကင်းစင်သူများ ဖြစ်ကြောင်း၊

- ဗဟုသုတများသူများဖြစ်ကြောင်း

- တွယ်တာမှု ကင်းသူများဖြစ်ကြောင်း

- ကြောင့်ကြမှု နည်းသူများ ဖြစ်ကြောင်း စသည်ဖြင့် ရဟန်း တော်တို့၏ ဂုဏ်ကို ချီးကျူးဖြေကြားပါသည်။

ဤအဖြေစကားများကို ကြားနာရသော ဖခင်ကြီးသည် ရတနာ သုံးပါး၌ သဒ္ဓါသက်ဝင်သည်ဖြစ်၍ သရဏဂုံတည်သူ ဥပါသကာဖြစ်ပြီး ရဟန်းပြုရာ မကြာမီ ရဟန္တာအဖြစ်သို့ ရောက်သွားပါသည်။

ရောဟိနီလည်း နောင်အခါ သာသနာတွင် ခိုဝင်၍ ရောဟိနီ ထေရီဖြစ်လာသောအခါ ဖခင်နှင့် မေးဖြေခဲ့သည့် ၂၁ဂါထာတို့ကို ပြန် လည် ကျူးရင့်တော်မူခဲ့သဖြင့် ရောဟိနီထေရီ ဂါထာဟူ၍ ထင်ရှားကာ ဤရောဟိနီထေရီဂါထာတရားတော် ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။

http:\\www.dhammadownload.com

## (ခ၇) တိပိဋကဓရဟောစဉ်တရားတော်များ (သတ္တမတွဲ)

ဤသို့လျှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဟောကြားတော်မူသော တရားတော်အရပ်ရပ်ကို ဖတ်နာပြီးသော သူတော်ကောင်းတို့သည် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဘဝတစ်စိတ်တစ်ဒေသ ထေရုပ္ပတ္တိကို ဖတ်နာ ကြည်ညိုတော်မူကြပါကုန်။ ။

http:\\www.dhammadownload.com



# နမော ဗုဒ္ဓါယ

## ကျမ်းပြုဆရာတော်

မင်းကွန်း တိပိဋကဓရဆရာတော်၏ ထေရုပ္ပတ္တိ(နှင့်) သမိုင်းဝင်ဖြစ်ရပ်များကို "တိပိဋကဓရဟောစဉ်တတိယတွဲနိဒါန်း"၌ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခု ဤ "ဟောစဉ်သတ္တမတွဲ"၌ မင်းကွန်း တိပိဋကဓရဆရာတော်၏ ဘဝတစ်စိတ်တစ်ဒေသနှင့် မှတ်တမ်းဝင်ဖြစ်ရပ်များကိုဆက်လက်၍ တင်ပြသွားမည် ဖြစ်ပါသည်။

## မင်းကွန်း၌ ခြသေ့်သုံးစီး ဆုံစည်းခြင်း

မူလက မင်းကွန်းဒေသ၌ ဓမ္မနာဒတိုက်ဟူ၍ မရှိသေးပါ။ ယခုဓမ္မနာဒတိုက်အနီးတွင် "ဂူကလေးချောင်"ဟူ၍သာ ရှိပါသည်။ ထိုဂူကလေးချောင်၌ သီလရှင် ဆရာကြီးမယ်ကင်းနှင့် သီတင်းသုံးဖော်ဖြစ်သူ ဆရာကြီး မယ်နတ်ပေး သီတင်းသုံးပါသည်။ မင်းကွန်းဓမ္မနာဒ၏ပထမခြသေ့်ဖြစ်သူ ဒေါ်ဓမ္မစာရီဆရာကြီးသည် ၁၂၅၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၂)ရက် သောကြာနေ့တွင် မင်းကွန်းဂူကလေးချောင်၌သီလရှင်ဝတ်ပါသည်။ ဆရာကြီး မယ်နတ်ပေး တရားနှလုံး ကျင့်သုံးနေထိုင်သွားသော ဂူကလေးကို အကြောင်းပြု၍ ဂူကလေးချောင်ဟု ခေါ်တွင်ပါသည်။

မင်းကွန်းဓမ္မနာဒတိုက်၏ အာဒိကမ္မိကဖြစ်သော မင်းကွန်းခြသေ့်ကြီး ဘဒ္ဒန္တပညာစက္ကသည် ၁၂၄၇ခုနှစ်ဖွားဖြစ်ပါသည်။ "တောင်

http:\\www.dhammadownload.com



**ပြင်ကြည်တစ်လုံး**"ထင်ရှားသော ရွှေရေးဆောင်ဆရာတော် ဦးကြည်ထံ၌ မူလဋီကာ စာဆို(၃)ဦးတွင် တစ်ဦးအပါအဝင်ဖြစ်ပါသည်။

ရွှေရေးဆောင်ဆရာတော် ဦးကြည်ထံ၌ ကြာသပတေးသား မူလဋီကာ စာဆို(၃)ပါး ထွန်းကားခဲ့ပါသည်။ (၁) ပထမမူလဋီကာ စာဆိုမှာ ပခုက္ကူဆရာတော် ဦးပညာ၊ (၂) ဒုတိယမူလဋီကာ စာဆိုမှာ မင်းကွန်း ဦးပညာစက္ကဖြစ်၍ (၃) တတိယမူလဋီကာစာဆိုမှာ ရွှေရေးဆောင်တိုက် အောင်ကြီးမြင့်ကျောင်းဆရာဆရာတော် ဦးပဏ္ဍဝတို့ဖြစ်ကြပါသည်။

ဆရာတော် ဦးပညာစက္ကသည် စာဆိုကောင်း၍ အသံ တိုက်ပြင် ထွက်အောင် ဆိုနိုင်သောကြောင့် စာလိုက်သံဃာ ၇၀၀ကျော်တို့ အလွန် ကျေနပ်အားရတော်မူကြသောကြောင့် ဆရာတော် ဦးပညာစက္ကကို ကြည် ညိုလှသဖြင့် ခွေးအိပ်ကျအောင် ပခုံးဖြင့် ထမ်းသယ်သွားကြသတဲ့။ ဆရာ တော် ဦးပကညာယစက္ကသည် စာနှင့် ပတ်သက်လျှင် မာန်မာန အလွန် နည်းသည်ဟု သိရပါသည်။

ဆရာတော် ဦးပညာစက္ကသည် စာပေဝါသနာအလွန်ပါသည်။ ဗြိတိသျှခေတ် ပလိပ်ရောဂါဖြစ်ပွားလေ့ရှိရာ မန္တလေး၌ ပလိပ်ရောဂါဖြစ် လျှင် မနေနိုင်ချေ။ ထို့ကြောင့် ရွှေရေးဆောင်တိုက်၌ အတူနေဖြစ်သော မင်းကွန်း မဟာဇောတိက ဦးပုကြီး ပိဋကတ်တိုက်၏ ပဓာန နာယက အရှင်မုနိန္ဒာဘိဃောသ၏ တူအရင်းဖြစ်သူ ဦးဂန္ဓ(ခေါ်) လူအမည် ဦးကျော်က "ကိုင်း ဦးပညာစက္က၊ တခြားမသွားနှင့်၊ တပည့်တော်နှင့် လိုက်ခဲ့"ဟုဆို၍ မင်းကွန်းတောင်ပေါ်ကြီး ပိဋကတ်တိုက်သို့ ခေါ်လာခဲ့ ပါသည်။ ဦးပညာစက္ကသည် စာပေကြည့်ရင်း ပလိပ်ရောဂါကို ပုန်းရှောင် ခဲ့ပါသည်။

ထိုသို့နေစဉ် ဦးကျော်က ဆွမ်းစားပင့်ပါသည်။ ထိုနေ့သည် ဆရာကြီး ဒေါ်ဓမ္မစာရီ သီဟိုဠ်က ပြန်ရောက်ပြီးနောက် မင်းကွန်း၌ နေ

http:\\www.dhammadownload.com



ထိုင်ဆဲဖြစ်သည်။ ပဏ္ဍိတမာနီ=ပညာရှိကို မြတ်နိုးတတ်သူ ဒေါ်ဓမ္မစာရီက ဆရာတော် ဦးပညာစက္ကကို စာပေဆိုင်ရာ မိမိသိလိုသည့် အချက်များကို မေးလျှောက်လေရာ မေးတိုင်းမေးတိုင်း ဒိုးဒိုးဒေါက်ဒေါက် ဖြေဆိုသည်။ ပရိယတ်စာပေနှင့် ပြည့်စုံသည်ကို ကြည်ညိုလှ၍ သက်န်းလှူခြင်း၊ ဆွမ်းလှူခြင်းများကို ပြုပါသည်။ ထိုနောက် (၂)လဖြင့် ပြီးဆုံးနိုင်သည့် စာဝါဖြစ်သော သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စာယနသာရ၊ သမ္ဗန္ဓစိန္တာ၊ ဆန်း၊ အလင်္ကာတို့ကို ဆရာတော် ဦးပညာစက္ကထံ၌ ဆရာကြီး ဒေါ်ဓမ္မစာရီ သင်ယူသည်။

ဆရာတော် ဦးပညာစက္ကသည် နေက္ခမ္မဓာတ် အားကြီးရကား ရဟန်း(၇)ဝါအရတွင် မင်းကွန်းဘက်သို့ တောထွက်ခဲ့ပါသည်။ ဓမ္မနာဒတိုက်မှ အနောက်အရပ်ရှိ "ဂန္ဓမာဒနလိုဏ်ဂူ" တရားအားထုတ်၊ စာပေကြည့်၍ နေသော်လည်း တောင်ခိုးကြောင့် မျက်စိနာနှင့် မသင့်လျော်သဖြင့် ဉရဝေလချောင်တွင် ဆရာတော် ဦးပညာစက္က မနေလိုတော့ပေ။ ထိုအခါ ဆရာကြီး ဒေါ်ဓမ္မစာရီက–

"ဦးပဥ္ဇင်း...၊ ဘယ်မှာနေချင်သလဲ" (ဟု မေး၍ ယခု ဓမ္မနာဒတိုက် တည်နေရာသို့ ပင့်ဆောင်လာပြီး) "ဒီနေရာက တောင်ဘက်+ မြောက်ဘက် လှို(ရှို) နှစ်ဖက်ညှပ်လျက် အေးမြတယ်" ဟု (လျှောက်ထား ပြီး ရှေးဦးစွာ မိမိပိုင်သည့် ရွဝ်ဆန်စက်ပိုင်ရှင် တင်တင် လှူဒါန်းသည့် အသားကျောင်းကလေးကို ဆောက်လုပ် လှူဒါန်းပြီးသည့်နောက် မိမိ၏ အစ်မကြီးဖြစ်သူ) ဦးကြွယ်နှင့် ဒေါ်ဆိုင်တို့အား တရားဟော၍ ဓမ္မနာဒ တိုက်၏ အလယ်အသား ၂–ထပ်ကျောင်းကို ဆောက်လုပ်စေပါသည်။

ထိုနောက် ဒေါ်ဓမ္မစာရီသည် မိမိ၏တူမဖြစ်သူ သစ်ကုန်သည် (ဦးမြို့+ဒေါ်မမ)တို့မှ ဦးမြို့ကို ဆရာတော် ဦးပညာစက္ကထံ ဒုလ္လဘရဟန်း

http:\\www.dhammadownload.com



ခံစေခဲ့ရာ ဝိနည်းကို အလွန်ကြည်ညိုသော အညာထီးချိုင့် ဇာတိသား သဒ္ဓါတရား ကြီးမားလှသူ ဦးမြို့အဖို့ ကျွန်းသစ်(၁)လုံးတည်းကိုပင် ကျပ်ငွေ (၁၀၀၀ိ)တစ်ထောင် ပေး၀ယ်သူပေါ်ပေါက်လာသဖြင့် ထိုကျွန်းသစ်လုံးကို မရောင်းတော့ဘဲ ထိုသစ်လုံးကြီးကို (မ)တည်ကာ ယနေ့ထင်ရှားရှိသော အလယ်တိုက်ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

## တတိယခြသေ့်

ဤသို့ မင်းကွန်း၌ ခြသေ့်မောင်နှမ ဆုံစည်းကြပြီးနောက် ၁၂၉၁ ခုနှစ်တွင် ဓမ္မနာဒ၏ ခြသေ့်တစ်စီးဖြစ်သော မင်းကွန်းတိပိဋကဓရ ဆရာတော်လောင်းလျာ ရှင်ဝိစိတ္တ မင်းကွန်းသို့ရောက်၍ ခြသေ့်သုံးစီး ပေါင်းဆုံမိခဲ့ကြပါသည်။

ဓမ္မနာဒသို့ ရောက်သည့်အချိန်နှင့် အခြေအနေကို ဆရာတော်က ဤသို့ အမိန့်ရှိပါသည်။

၁၂၉၁ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃ရက်နေ့ ညဥ့်(၉)နာရီခန့် အချိန်မှာ မင်းကွန်းရောက်တယ်။ ကမ်းနားကနေ လှည်းငှားပြီး သွားရတယ်။ လှည်းခ တစ်စီးလျှင် ၃-မူးဖြစ်သော်လည်း ညဥ့်ဖြစ်၍ ၃မတ်ပေးငှားခဲ့ရတယ်။ မင်းကွန်းရွာ အနောက်ဘက် ရောက်လေ၊ တောကျဆိတ်ငြိမ်လေပဲ။ တောင်သဲကြမ်းကြီးထဲ လှည်းမောင်းလာတာ ဖြစ်တော့ ရှဲရှဲ ရှဲရှဲနဲ့ အသံက ကြမ်းထော်နေတယ်။ မင်းကွန်းမှာက တောင်သဲ၊ (သောင်သဲမဟုတ်ဘူး။) တောင်သဲက ကြမ်းတယ်။ သောင်သဲက နုတယ်။ ဒါ့ကြောင့် ညဥ့်အခါ တိတ်ဆိတ်တဲ့အချိန်ဆိုတော့ ကြားနေရတဲ့ ရှဲရှဲ ရှဲရှဲအသံဟာ လိုက်ပို့တဲ့ဆရာတော် ဦးဣန္ဒာလောကအဖို့တော့ အလွန်ပျင်းစရာကြီးပဲ။ ဒီတော့ ဆရာတော် ဦးဣန္ဒာလောကက ပြောတယ်။

"ကိုရင် ငါတော့ သိပ်ပျင်းတာပဲ။ ကြည့်ပါဦးကွာ၊ တောင်ပေါ်က ရေနဲ့စီးကျလာလို့ သဲကြီးတွေကလည်း တရှဲရှဲနဲ့ ပျင်းလိုက်တာ ဆိုပြီး

http:\\www.dhammadownload.com



"ပျင်းလိုက်လေ၊ ပျင်းလိုက်လေ"လို့ချည်း ညည်းတယ်။ ဆရာနှင့်တပည့် ကွာခြားလိုက်ပုံမှာ လိုက်ပို့တဲ့ ဆရာတော်က တိုး၍တိုး၍ ပျင်းလေ၊ ဦး ပဥ္စင်းအဖို့မှာကာ "ငါတော့ စာကျက်လို့ ကောင်းတဲ့အရပ်သို့ ရောက်ပြီ" လို့ အောက်မေ့ပြီး ပိုပြီး ပျော်မွေ့တယ်။

ပက္ခယာတ=လေဖြတ်လို့ ကိုယ်တစ်ခြမ်းသေနေတဲ့ ဥပဇ္ဈာယ် ဆရာတော်ကို ပြုစုနေရလို့ ၃-နှစ်ကြာ စာမသင်ရဲ့ ဂုတော့ စာကို သိပ်သင်ချင်နေတာ။ ဒါနဲ့ ကြိုးစားမယ်လို့ စာကျက်မယ်လို့ စိတ်က ဖြစ်နေတုန်း အရှေ့ဘက်ကနေ ဓမ္မနာဒတိုက်သို့ လှည်းဝင်လိုက်လျှင်ပင် တိုက်ကြီးရှေ့ ဘုတ်တိုင်ပေါ်မှ ကိုရင်လေး ဝဏ္ဏိတက (နဒီ၊ နဒီ+နဒ္ဓော+ နဒီယော၊ ၊ဟေ-နဒိ၊ ဟေ-နဒီ+ဟေ=နဒ္ဓော+ဟေ-နဒီယော)လို့ နဒီသဒ္ဒါဂိုဏ်းပြေးနေတာကို ကြားရတယ်။ အသံကြားကတည်းက "အေး ဒီကျောင်းက ကိုရင်ကလေးတွေနဲ့ကိုယ် ရူပသိဒ္ဓိလိုက်ရတော့မှာပဲ"လို့ အောက်မေ့မိတယ်။ (ထိုစဉ်က ကိုရင်ကလေး ဝဏ္ဏိတ ရွတ်ဆိုနေသော နဒီဂိုဏ်းစဉ်မှာ ရူပသိဒ္ဓိက မဟုတ်ဘဲ သေက္ချတောင်ဆရာတော် ဦးတိ လောက၏ နိရုတ္တိပဒဗျူဠနီဖြစ်သည်ဟု နောက်မှသိရကြောင်း ဆရာတော် က အမိန့်ရှိပါသည်။)

နောက်တစ်နေ့နံနက်တွင် ဆရာကြီးဒေါ်ဓမ္မစာရီသည် ဉာဏ် ကောင်းသော ကိုရင်ကလေး ရောက်လာပြီဆို၍ လာတွေ့ပါသည်။ ရှင် ဝိစိတ္တဟူသော ဘွဲ့နှင့် ပတ်သက်၍ "မောင်ဆန်းကြယ်"ဟု အနက်ထွက် ကြောင်းပြော၍ ရှင်ဝိစိတ္တက မနှစ်သက်သည်ကို သိပြီး ကျေနပ်အောင် မောင်ရွှေရိုးဟု အနက်ထွက်အောင်-

ဝိဂတော စိတ္တော အဿတိ ဝိစိတ္တော။

အဿ= ထို သာမဏေအား။ ဝိဂတော=ကင်းသော။ စိတ္တော= ဆန်းကြယ်ခြင်းသည်။ အတ္ထိ=ရှိ၏။ ဣတိ=ထို့ကြောင့်။ သော=ထို သာ

http:\\www.dhammadownload.com



မဏောသည်။ ဝိစိတ္တော=ဝိစိတ္တ မည်၏။ ဝိစိတ္တော=ဆန်းကြယ်ခြင်း ကင်းသော သာမဏော၊ (ဝါ) မောင်ရွှေရိုး။

(ဤ ဝိဂြိုဟ်ဆိုပုံနှင့် စပ်၍ ဆရာတော်က– "ဆရာကြီးဒေါ်ဓမ္မစာရီဟာ တခ်ဏှာပ္ပတ္တိဉာဏ် အလွန်ထက်သန်ပါပေသည်"ဟု ချီးကျူးပြောဆိုပါသည်။)

ရှင်ဝိစိတ္တ ယခုလို မင်းကွန်းဓမ္မနာဒတိုက်သို့ ရောက်လာခြင်းမှာ အကြောင်းရှိပါသည်။ ရှင်ဝိစိတ္တအသက် ၁၃–နှစ်အရွယ်ကပင် ပေစာကို ကျွမ်းကျွမ်းကျင်ကျင် ရေနံသုတ်+ရေနံထုတ်+ပေထုတ်+စာထုပ်သိမ်းစသည် ပေစာနှင့် ပတ်သက်သမျှ လုပ်ဆောင်တတ်ပါသည်။ မင်းကွန်းဓမ္မနာဒဆရာတော်သည်လည်း မြင်းခြံမြို့ သပြေပင်သား မင်းကျောင်းတိုက် တနင်္ဂနွေထောင့် ကျောင်းထွက်ဖြစ်သည့်ပြင် ဆရာတော် ဦးသောဘိတနှင့်လည်း အလွန်ခင်မင်ရင်းနှီးပါသည်။

ရှင်ဝိစိတ္တ ရာဟုထောင့်ကျောင်း၌နေစဉ် ဆရာတော်ဦးပညာစက္ကမြင်းခြံသို့လာတိုင်း ဆရာတော်ကြီး ဦးသောဘိတထံ လာ၍ ရင်းရင်းနှီးနှီး စကားပြောကြပုံ၊ ဆရာတော်ကြီး ဦးသောဘိတက မိမိ သံသယရှိသောပေစာကို ဆရာတော် ဦးပညာစက္ကအား ပြသ၍ မေးမြန်းသောအခါ အခြား ပေစာနှင့် နှိုင်းယှဉ်၍ ဖြေကြားတော်မူပုံကို မပြတ်မပြတ် ကြည်ညိုတွေ့ရှိနေရ၍ "ငါသည် ဆရာဟော့ ပလိဗောဓငြိမ်းအေးလျှင် မင်းကွန်း ဓမ္မာဒတိုက်သို့ သွား၍ စာသင်မည်"ဟု ဆောက်တည်ခဲ့ချက်အရ ယခုကဲ့သို့ မင်းကွန်းသို့ အရောက်လာခဲ့ခြင်း ဖြစ်သည်။

## "ပညာယို ဗိုလ်မှူးလေး"

မင်းကွန်း တိပိဋကဓရ ဆရာတော် ပဋ္ဌမကျော် အောင်ပန်းဆွတ်လှမ်းစဉ်က မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်၊ စည်ရှင်ဆရာတော်ဘုရား

http:\\www.dhammadownload.com



က "ပညာယိုဗိုလ်မှူးလေး"ဟူသော ဘွဲ့ကို ချီးကျူးပေးအပ်တော်မူပါသည်။ စည်ရှင်ဆရာတော်နှင့် မင်းကွန်း တိပိဋကဓရအလျှာ ဦးဝိစိတ္တသာရာဘိဝံသတို့၏ ဆက်ဆံရေးသည် သားနှင့်အဖပမာ မေတ္တာထားရင်းရှိကြပါသည်။ မြန်မာသက္ကရာဇ် ၁၃၉၆–ခုနှစ်တွင် အရှင်ဝိစိတ္တသာရာဘိဝံသ အစိုးရပဌမကျော်(နှင့်) သကျသီဟ အဋ္ဌကထာပြန်အကျော်အောင်မြင်တော်မူစဉ်က စည်ရှင်ဆရာတော်ဘုရားသည် ပဌမကျော်အရှင်ဝိစိတ္တသာရာဘိဝံသကို "ထောမနာဂါထာ ပါဠိ+နိဿယ"ရေးသား၍ ပြဆိုလတ္တံ့သောအတိုင်း ချီးကျူးဂုဏ်ပြုခဲ့ပါသည်။ (သတ်ပုံမူအတိုင်း)

(ကျော်လှိုင်)–မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရား ၁၃၉၆–ခုနှစ် အစိုးရပဌမကျော် (နှင့်) သကျသီဟ အဋ္ဌကထာပြန် အကျော်အောင်မြင်တော်မူစဉ် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် စည်ရှင်ဆရာတော်ဘုရားရေးသားဂုဏ်ပြုအပ်သော–

## ဂါထာ ပါဠိ နိဿျများ

မင်းကွန်းတောင် ဓမ္မနာဒချောင်

ပဌမကျော်

ဦးဝိစိတ္တသာရာဘိဝံသာဘိတ္ထဝ

(၁) အဟော သာဓု ဒွယံ ပတ္တော၊
သမေ+ကမ္မ+သမံ ဇယံ။
ဝီတာသော အာဂမေ ဟောတိ၊
သတ္ထေသု+ ဂ္ဂဝိသာရဒေါ။ ။

(၁) အာဂမေ=ဗုဒ္ဓါးဟောဖော် ပိဋကတ်တော်၌လည်းကောင်း၊ သတ္ထေသု=အဘိဓာန်+ဆန်း+အလင်္ကာ+သဒ္ဒါဗျာကရဏ်း လောကီကျမ်းအလုံးတို့၌လည်းကောင်း။ အဂ္ဂဝိသာရဒေါ=မထစ်မငြိချက်တိုင်းထိသော

http:\\www.dhammadownload.com



ပညာယို မိုလ်မှူး ပုဂ္ဂိုလ်ထူးကလေးသည်။ ဧကမို သမေ=မှတ်ထိန်း သက္ကရာဇ်တစ်နှစ်တည်း၌သာလျှင်။ ဒွယံ=မန္တလေးမြို့တွင် နှစ်စဉ်ကျင်းပ ပရိယတ္တိသာသနဟိတ စာလျှောက်မေးခန်း၌တစ်ကြိမ်၊ ပြည်ပိုင် အစိုးရ မင်းတို့ တည်ခင်းကျင်းပ ပါဠိပဌမပြန်စာမေးပွဲကြီး၌ တစ်ကြိမ် အကြိမ် ကြိမ် ဆင့်ကဲဒွန်တွဲသည်ဖြစ်၍။ အသမံ ဇယံ=သကျသီဟသဘင် ရာဇဝင် ဝယ် မမြင်ဖူး မကြားဖူး ဝင်စဦး၌ ချီးကျူးအပ်တုံ ကျမ်းစုံအောင်ပန်း ဆွတ်လှမ်းပန်ဆင်ခြင်းသို့လည်းကောင်း။ အသမံ ဇယံ=ထောင်ပေါင်း များဖြင့် စာပွဲဝင်၌ အောင်စဉ် ပဌမထိပ်ဆုံးက ထွက်ပေါ်သည့် ပဌမကျော် အောင်ပန်း ဆွတ်လှမ်းပန်ဆင်ခြင်းသို့လည်းကောင်း။ ပတ္တော=ယောကျ်ား တခံခွန် ဂုဏ်ရည်ချွန်က မိုးဃံးစွန်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ် စတမ်း ရမြဲငြမ်း ဖြင့် တက်လှမ်းဆိုက်ရောက်နိုင်လေပြီ။ အဟော သာဓု= ယောကျ်ားဘသား၊ တကယ့်သား"ဟု လက်ဖျားတခါခါ ပြဟ္မာဘုံလွှမ်း ကျော်ကြားအောင် အများကြီးသာဓုခေါ်ဖွယ် ကောင်းပေသည်တကား။

　　အဂ္ဂဝိသာရဒေါ=“ဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနာဟိတ ဓမ္မာစရိယ”တံဆိပ်ရ စာချရဟန်းတော် ပဌမကျော် ပုဂ္ဂိုလ်ထူး ပညာယို မိုလ်မှူးကလေးဖြစ်လေပြီဖြစ်သောကြောင့်။ အာဂမေ=ပိဋကသုံးသွယ် နိကာယ်ငါးဖြာ အင်္ဂါကိုးတန် ဓမ္မက္ခန်ပေါင်း ရှစ်သောင်းလေးထောင် ကျမ်းကုန်အောင်၌လည်းကောင်း။ သတ္တေသု=ပိဋကတ်ဘဏ် တက် ရောက်ရန်နှင့် ဖွင့်လှစ်နိုင်ကြောင်း သော့ကောင်း+လှေကားစောင်းတန်း များသဖွယ် အသွယ်သွယ် အစားစားကျမ်းတစ်ပါးတို့၌လည်းကောင်း။ ဝီတာသော=“အာသာမရှိ၊ အာသာရှိ၊ ငြိမ်းဘိ လိုအာသာ” သုံးဖြာသုံးစား ပုဂ္ဂိုလ်များတွင် ခေါင်ဖျားတက်နိုင် ထိးဖြူပိုင် ဗရင်ကလေးသည်။ ဟောတိ =ဘုန်းနှင့်ပညာ ထက်ကြပ်ပါ၍ သမ္မာစန်းပွင့် ဖြစ်ခွင့်ကြုံလေပြီ။ အဟော သာဓု= ညြ...ညြ...ညြ...ညြ...တညြ–ညြနှင့် အတောမသတ် အထပ် ထပ် အံ့ချီး၍ ကောင်းကြီးပေးထိုက်ပေသည်တကား။

http:\\www.dhammadownload.com



(၂) ဝိစိတ္တော သာရပညာနော။
ပညာတော နာမ+မန္တယော။
ဝိစိတ္တော စ ဝိသိဋ္ဌော စ၊
သာရော သာရသိရိန္ဒရော။ ။

(၂) ဝိစိတ္တော=ဝိစိတ္တသာရာဘိဝံသ တံဆိပ်ရအကျော် ရဟန်းတော် အရှင်ဝိစိတ္တသာရသည်။ သာရပညာနော=အသာဆုံးပညာရှိသည် ဖြစ်၍။ နာမံ=မင်္ဂလာအမြိုက် စုတ်လာဘ် ကြိုက်အောင် သမိုက်တွင်ခေါ် ဘွဲ့မည်တော်သို့၊ အန္တယော=ဉာဏ်ယာဉ်စီးကာ လွယ်ကူစွာ လိုက်သွားလျက်။ ပညာတော=ပဋ္ဌမကျော် ပဋ္ဌမကျော် တိုက်လုံးကျော်အောင် စန်းပေါ်စန်းဆင့် ကံဉာဏ်မြင့်၍ အခွင့်ကြိုက်ကြုံ ရတနာပုံဆိုက်ခဲ့လေပြီ တကား...။

ဝိစိတ္တော စ=သာသနာအံ့ပွဲ ကြိမ်ကြိမ်နွှဲ၍ ခြိမ့်သဲစေစုံ အံ့ချီးတုံလည်း မကုန်ပေါ်ယာယ် ဂုဏ်ပေါင်းကြွယ်သဖြင့် အံ့စဖွယ်ပုဂ္ဂိုလ်လည်း ဖြစ်ပေ၏။ ဝိသိဋ္ဌော စ=မ–တစ်ထောင် တစ်ကောင်ဖွားသည့် ယောက်ျားထူး ယောက်ျားမြတ်လည်းဖြစ်ပါပေ၏။ သာရော=အသာဆုံးဖြစ်၍။ သာရသိရိန္ဒရော=စာချတန်းတော် ပဋ္ဌမကျော်ဟု အမော်ထိပ်ခေါင် ကျက်သရေဆောင် ပုဂ္ဂိုလ်လည်း ဖြစ်ပါပေ၏။

(၃) ပညာယု+ဒိစ္စ ခေ မာဝ၊
ဓမ္မစာရီ+ဘိမာနိတော။
စက္ကဿာ+နုစရော ဘာတိ၊
နာဒေ ဓမ္မဝိဇမ္ဘနေ။

အဘိမာနိတော=သူမြတ်အပေါင်း ရှုမညောင်းအောင် နှစ် ထောင်းအားရမ်း စွဲလမ်းတောင့်တအပ်သော။ မာ=သော်မာယုန်နန်း လပြည့်ဝန်းသည်။ ခေ=ယုဂန္ဓိုရ်နန်း ကောင်းကင်လမ်း၌။ ဥဒိစ္စ=ဇွင့်ဇွင့်ကြွားကြွား

http:\\www.dhammadownload.com



တက်သွားပြီးလျှင်။ စက္ကသ=ဒေါင်းယာဉ်ရတနာ နေစကြာ၏။ အနုစရော=နောက်တော်ပါးက ခစားမကွာ အစဉ်လိုက်ပါသည်ဖြစ်၍။ ဘာတိ ဣဝ=အအေးဓာတ်စိန်ရောင်ခြည်ကို ငုံရသည် အာညောင်း၍ စုပေါင်းထွေးအန် တအားသွန် ထွန်းတောက်လေဘိသကဲ့သို့။

ဓမ္မစာရိ ဘိမာနိတော= ပိဋကသုံးအင် မြေအပြင်၌ ဝန်းကျင်လှည့်ပတ် ကျမ်းဂန်တတ်လို့ လေးမြတ်အားရမ်း စွဲလမ်းနှစ်သက်အပ်သော ဝိစိတ္တော္တာသာရော=ဝိစိတ္တသာရ အဘိဝံသမှည့်ခေါ် ပဋ္ဌမကျော် ပုဂ္ဂိုလ်ထူးကလေးသည်။ ဓမ္မဝိဇမ္ဘ နေ=ဓမ္မသဘင် ဆင်ယင်တင့်ထူး ကွန့်မြူး ဇမ္ဘာယရာဖြစ်သော။ ဓမ္မနာဒေ= မင်းကွန်းရွှေတောင် ဓမ္မနာဒချောင်၌၊ ပညာယ =ပညာယာဉ်ဖြင့်။ ဥဒိစ္စ=မြင့်မောက်ကြွားကြွား ခေါင်ဖျား တက်ရောက်ပြီးလျှင်။ ပညာစက္ကသ=ပိဋကတ်သုံးဖြာ ဝေယျာကရဏ အစစကျမ်းဂန်၌ ပညာဉာဏ်စက် မြမြထက်၍ အသက်သီလ သမထဖြင့် နိစ္စသင်းထုံ ကောင်းသိရ်ဂုဏ်တို့ စွယ်စုံထင်ပေါ် ဓမ္မနာဒဆရာတော်ဘုရား၏။ အနုစရော=နောက်တော်ပါးက ခစားမကွာ လက်ျာရံတပည့်ကြီးဖြစ်၍။ ဘာတိ=သတင်းဂုဏ်ရောင် တပြောင်ပြောင် ထိန်ဝင်း၍ ထွန်းလင်းပေသည်တကား။

(၄) မာတရော ဒါယကာ ညော၊
ဘာဂျဝါ+စရိယာဝရာ။
ယေဟိ သုတော သုတော လဒ္ဓေါ၊
သုမေဓော ဇယတံဝရော။

(၄) သုမေဓော=ဓာတိ+ပါရိဟာ ဘာဝနာဟု ပညာသုံးစားပေါ်များပြည့်သိပ် ပဏ္ဍိတ်ပုဂ္ဂိုလ်ကလေးဖြစ်သောကြောင့်။ ဇယတံ ဝရော= စာပွဲဝင်ထောင်သောင်းတွင် ထိပ်ဆောင်းပဋ္ဌမအောင်ပန်းရသည်ဖြစ်၍။ သုတော=ပဋ္ဌမကျော် ပဋ္ဌမကျော် တိုင်းလုံးကျော်သော။ သုတော

http:\\www.dhammadownload.com



=သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်လုံး ပြောထုံးပြောမှတ် သားထူးသားမြတ်ကို။ ယေဟိ=အကြင်မိဖ ဒါယကာ ဆရာသမားတို့ သည် လဒ္ဓေါ=ဗရား(မ)၍ ရကြအပ်ပေ၏။ တာ မာတရော=ဥူးဆုံ+ဒေါ ဆင် ထို ကျေးဇူးရှင်မိဘနှစ်ပါး ဆွေသားမျိုးချင်းတို့သည်ငှင်း။ တေ ဒါယကာ စေဝ= သေဌေးမင်း ဦးသွင်+သေဌေးကတော် ဒေါ်ဒေါ်သိန်း နှင့်တကွ ဆည်းကပ်ကိုးကွယ်ကြသော ဒကာ ဒကာမတို့သည်ငှင်း။ တေ အာစရိယာ ဝရာ =ဓမ္မနာဒဆရာတော် အစဖော်သည့် ထိုဆရာတော် အရှင်မြတ်တို့သည်ငှင်း။ ဓညာ=ရှေးရှေးဘုန်းကံ လောက်ပြေည့်စုံကြပေ သည်တကား-။ ဘာဂျဝါ=ကုသိုလ်ကံတန်းမြင့်၍ စန်းပွင့်ကြပေကုန်သည် တကား။

ဝိသုဒ္ဓါရုံ စည်ရှင်ထေရော

(၉၇/၆/၀၈)

## ပရိက္ခရာရှစ်ပါးတွင် ဓားမတိုပါသည်။

ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသားတိုင်း ရှင်+ရဟန်းအဖြစ်ကို ရယူ ခဲ့ဖူးကြသော်လည်း မိ+ဖတို့သည် သားရှင်ပြုအလှူကို လှူခဲ့ဖူးကြသော် လည်း ပရိက္ခရာ(၈)ပါးကိုကား ရေရေရာရာ သိသူနည်းပါးသည်။ သာမန် အားဖြင့် သပိတ်သင်္ကန်းလောက်သာ အသိများကြပါသည်။ အချို့လည်း ရှင်ပြုအလှူဖိတ်စာထဲ၌ ဖော်ပြထားသော ပုံအရ ပရိက္ခရာ(၈)ပါး၌ မပါ သော (ယပ်+သားရေနွယ်)စသည်တို့ကို ထည့်သွင်းရေတွက်မည် ထင်ပါ သည်။

ပရိက္ခရာ ရှစ်ပါးကို ရေတွက်ရာ၌-

၁။ ကိုယ်နှင့်ကပ်နေသည့် ပရိက္ခရာ (၄)ပါး။

၂။ ကိုယ်နှင့် ကင်းကွာနေသည့် ပရိက္ခာ (၄)ပါး

http:\\www.dhammadownload.com



ဤကဲ့သို့ ၂-မျိုး မှတ်ရပါမည်။ ထိုတွင်-

၁။ ကိုယ်နှင့် ကပ်နေသည့် ပရိက္ခရာ (၄)ပါးကို အကျဉ်းပြော လျှင် "သင်္ကန်းသုံးထည်နှင့် ခါးပန်းကြိုး"ဖြစ်ပါသည်။ တစ်ခုစီ ရေတွက် လိုသော်-

၁။ နှစ်ထပ်သင်္ကန်းကြီး (ဒုကုဋ္ဋ=ဒုဂုဏ်)

၂။ အပေါ်ရုံ ကိုယ်ဝတ် (ဧကစ္စီ=ဧကသီ) သင်္ကန်း

၃။ ခါးဝတ်သင်းပိုင်၊

၄။ ခါးပန်းကြိုး (ဤ ၄-မျိုး ဖြစ်ပါသည်။

ကိုယ်နှင့် ကင်းကွာနေသည့် ပရိက္ခရာ (၄)ပါးတို့မှာ-

၁။ သပိတ်၊

၂။ ပွဲခွပ်

၃။ အပ်

၄။ ရေစစ် (ဤ ၄ မျိုးတို့ ဖြစ်ပါသည်။)

**ပရိက္ခရာ (၈)ပါးအနက် ပဲခွပ်ဟူသည် အဘယ်ပါနည်း။**

ပဲခွပ်အရ သင်ဓုန်းဓားဟု ယူဆနေကြ၍ ပရိက္ခရာ(၈)ပါးတွင် သင်ဓုန်းဓားအစစ်မထည့်နိုင်သူတို့ သံဖြူဓား၊ ပလတ်စတစ်ဓားကို ထည့် နေကြပါသည်။

အဋ္ဌကထာ၌ ဝါသိ-ခေါ် ပဲခွပ်၏ အသုံးအဖွင့်ကို လေ့လာကြည့် သောအခါ သီလက္ခန် အဋ္ဌကထာ၊ သာမညဖလသုတ် အဖွင့်၌-

ဒန်ပူသပ်သောအခါ၊ ညောင်စောင်းအင်းပျဉ်အပေါင်လုပ်ရန်၊ သင်္ကန်းဖြင့် တဲထိုးရန် သစ်ရွေသောအခါ ကြံအခွဲခွာသောအခါ၊ အုန်းသီး စသည် ခွဲသောအခါ၌ ပဲခွပ်ကို အသုံးပြုကြောင်း ဆိုပါသည်။

(ဒီ၊ ဋ္ဌ၊ ၁၊ ၁၈၅)

http:\\www.dhammadownload.com



ဤအဆိုအရ ဝါသိ–ခေါ်သော ပဲခွပ်ဟူသည် သင်ရုန်းဓား မဟုတ်ကြောင်းထင်ရှားပါသည်။ သင်ခုန်းဓားမဟုတ်လျှင် ပဲခွပ်ဟူသည် အဘယ်ပါနည်း။

ပဲခွပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မဟာဝိသုဒ္ဓါရုံစည်ရှင်ဆရာတော်၏ ဖွင့်ဆိုချက်ကို တင်ပြလိုပါသည်။ မင်းကွန်း တိပိဋကဓရဆရာတော် ဓမ္မာစရိယ အောင်ပြီးစ ရဟန်း ၄–ဝါအရတုန်းက စည်ရှင်ဆရာတော်က ရဟန်းငယ်ဖြစ်သူ ဦးဝိစိတ္တကို ပရိက္ခာရာရှစ်ပါးနှင့်စပ်၍ မေးပါသည်။ "ဦးပဥ္စင်း၊ ပရိက္ခရာရှစ်ပါးပြ ဂါထာ၌ ဝါသိ–ကို မည်သို့ အနက်ပေးမည်နည်း"ဟုမေး၍ ဦးဝိစိတ္တက "ပဲခွပ်ပါဘုရား"ဟု လျှောက်ထားသောအခါ ဆရာတော်က–

"ကွယ့် မောင်ဝိစိတ္တ၊ ပရိက္ခရာရှစ်ပါးအသုံးကို ကြည့်စမ်း၊ ပဲခွပ်ဆို ဒန်ပူသပ်တဲ့အခါ စသည်မျိုးမှာ သုံးရတာမဟုတ်လား၊ ဒါ့ကြောင့် (ဝါသိ=သင်ရုန်းဓားမဟုတ်) ဝါသိ=ပဲခွပ်(ဝါ) ဓားမတိုလို့ အနက်ပေးရမည်ကွယ့်"လို အမိန့်ရှိပါသည်။

သာမညဖလသုတ် အဖွင့်နှင့် တိုက်ဆိုင်ကြည့်လျှင် စည်ရှင်ဆရာတော်၏ အယူအဆသည် သင့်သည်ဟု ဆိုရပါမည်။ ထို့ကြောင့်ပင် မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားသည် ပြည်တွင်းပြည်ပမှ အဘိဓဇ မဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ ဆရာတော်များ စုံညီစည်းဝေးမိသည့် ၁၃၅၂–ခု၊ တပေါင်းလပြည့်ကျော် (၁)ရက်နေ့က ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ် မိုးကုတ်ဆွမ်းစားကျောင်း၌ ကျင်းပသော "မဟာထေရပူဇာ"ပွဲသဘင်၌ စံပြဖြစ်အောင် အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့ခံ ဆရာတော်ကြီး ၅–ပါးတို့အား ပရိက္ခရာရှစ်ပါး (၅)စုံလှူပါသည်။ ထိုသို့ လှူသည့် ပရိက္ခရာရှစ်ပါးတို့မှာ–

http:\\www.dhammadownload.com



၁။ နှစ်ထပ်သက်န်းကြီး ၂။ အပေါ်ရုံကိုယ်ဝတ်ဇကော့စွိ
၃။ ခါးဝတ်သင်းပိုင် ၄။ ခါးပန်းကြိုး
၅။ သပိတ် ၆။ အပ်
၇။ ရေစစ် ၈။ ပဲခွပ်=ဓားမတိုတို့ ဖြစ်ပါသည်။

ပြည်တွင်းပြည်ပ ပရိသတ် စုံညီသည့်ပွဲ၌ ပရိက္ခရာ ရှစ်ပါးအဝင် အပါ (ဝါသိ=ပဲခွပ်) ပရိက္ခရာအဖြစ် ဓားမတိုကို ထည့်၍ လှူဒါန်းခြင်းသည် သင်ဓုန်းဓားမဟုတ်သည်ကို ထင်ရှားစေလို၍ လှူဒါန်းခြင်း ဖြစ်ပါသည်။

## မင်းကွန်းဆင်ဖြူတော်

မင်းကွန်းဆင်ဖြူတော်ဆိုသည်မှာ ဆရာတော် တိပိဋကဓရဘွဲ့ ရတော်မူစဉ်က မိတ္ထီလာက ချီးကျူးပူဇော်ပွဲကျင်းပရာတွင် ဆရာတော်နှင့် အတူ တောင်မြို့နည်း ပဋ္ဌာန်းညဝါ အတူတကွ သင်ယူဖက်ဖြစ်သည့် တောမညောင်ပင်သာ ဓမ္မာရုံဆရာတော် ဦးပဏ္ဍဝက ရေးသားတင်စား အပ်သော အမည်ဖြစ်ပါသည်။

မင်းကွန်း တိပိဋကဓရဆရာတော် တိပိဋကဓရဘွဲ့ရသည့် ၁၃၁၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၀-ရက်နေ့၌ ထိုနေ့ကို **တိပိဋကဓရနေ့** ဟုသတ်မှတ်၍ နိုင်ငံတော် အစိုးရက တိပိဋကဓရပူဇော်ပွဲနှင့် လဆန်း ၁၁-ရက် နေ့ သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ၌ အသင်းပေါင်းစုံတို့၏ ချီးကျူး ပူဇော်ပွဲ ပြီးဆုံးသောအခါ တိပိဋကဓရပူဇော်ရေးအဖွဲ့၏ နှိုးဆော်တိုက်တွန်းချက်အရ ထိုထို တိုင်း၊ ခရိုင် မြို့နယ်အသီးသီးတို့ကလည်း မိမိတို့ ဒေသ၌ ပူဇော်ပွဲကို ခြိမ့်ခြိမ့်သဲ ကျင်းပကြပါသည်။

ထိုသို့ ပူဇော်ပွဲအသီးသီး ကျင်းပသည့်အထဲတွင် မိတ္ထီလာမြို့မှ မိဘသဖွယ်ဖြစ်သော "ဦးဘသာ+ဒေါ်မိုး" အမှူးရှိသော အမှုဆောင်လူကြီး

http:\\www.dhammadownload.com



များကလည်း ပူဇော်ခဲ့ကြပါသည်။ ထိုပူဇော်ပွဲကို တိပိဋကဓရ ဆရာတော်နှင့်အတူ မင်းကွန်း ဓမ္မနာဒတိုက်၌ စာသင်ဖက်ဖြစ်သော မိတ္ထီလာမြို့နယ် တောမ ညောင်ပင်သာဓမ္မာရုံကျောင်းဆရာတော် ဦးပဏ္ဍဝက မိမိကျောင်း၌ ကျင်းပရာ ထိုစဉ်က ကြော်ငြာ၊ ဖိတ်စာ၊ ဓမ္မဂီတများကို ဖော်ပြလိုပါသည်။

**ဖိတ်စာ**

| |
|---|
| ဘုရားဖြစ်၍ ၄၅–ဝါကြာအောင် |
| ဟောကြားတော်မူအပ်သော |
| ဓမ္မက္ခန္ဓပေါင်း ၈၄၀၀၀ တို့မှ |
| (သင်ရိုး ပိဋကသုံးပုံကို) |
| ၄–နှစ်နှင့်အကုန် နှုတ်ငုံဆောင်သော |
| ပုဂ္ဂိုလ်ထူးပူဇော်ပွဲကြီး |
| ယခု ဝါဆိုလဆန်း (၉)ရက် (၁၂)နာရီအချိန် အရောက် |
| ဓမ္မာရုံကျောင်း မဏ္ဍပ်တော်သို့ ကြွရောက်တော်မူကြပါ။ |

ဤသို့ ဖိတ်ကြား၍

အဖိုးတန် ဖိတ်လွှာစာတန်း:

ပုဂ္ဂိုလ်ထူး မျှော်သူတို့အဖို့ နှစ်မြို့လောက်အောင် မကြာမီ တွေ့ရတော့မည်ဖြစ်ပါကြောင်း:

အမျိုးသား ပဋ္ဌမကြီး၊ အစိုးရ ပဋ္ဌမကျော်၊ သကျသီဟ ဝင့်သကာ၊ (ဝိသိဋ္ဌ) တိပိဋကဓရ (မဟာ) တိပိဋကကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်များနှင့် မီးရထား+သင်္ဘော+လေယာဉ်ပျံ အခမဲ့

http:\\www.dhammadownload.com



လက်မှတ်၊ ဆင်စွယ်ယပ်၊ ဆင်စွယ်တံဆိပ်တော်ရ ယခုခေတ် အာဇာနည်၊ သင်္ဂါယနာတင်ပွဲမှာ ပါဠိ-မြန်မာ နှစ်ဘာသာ ဖြေကြားတော်မူသော မင်းကွန်းဓမ္မနာဒ တိပိဋကဓရ ဦးဝိစိတ္တ ပုဂ္ဂိုလ်ထူးအား ၁၃၁၆-ခု၊ ဝါဆိုလဆန်း ၉-ရက်နေ့၊ (၂)နာရီအချိန် တောမဘုတာမှ တူရိယာတို့ဖြင့် ကြိုဆို၍ ဓမ္မာရုံ ကျောင်းတိုက်ကြီးအတွင်းရှိ မင်္ဂလာမဏ္ဍပ်တော်၌ စံပယ်စေပြီးလျှင် အဖွဲ့အသီးသီးက ထောမနာ ဩဘာ ရတု ကဗျာတို့ဖြင့် အဖြာဖြာ ချီးကျူးကာ အရှင့်တရားတော်ကို နာခံပြီးလျှင် နဝကမ္မပဒေသာများ လှူဒါန်းလိုပါ၍ အင်တိုက်အားတိုက် ကြိုဆိုဖူးမြော်ပူဇော်ကြရန်-

သိမ်တောင်ဂိုဏ်းကြီး၏ ဟိတဓရနှင့် ဂန္ထဝါစကဓမ္မာရုံရိပ်သာနှင့် မိတ္ထီလာဝိပဿနာအသင်းကြီး၏ ဓမ္မကထိက ဝိနယဓရဘွဲ့လက်မှတ်တော်ရ ဓမ္မာရုံဆရာတော် ဘဒ္ဒန္တပဏ္ဍဝနှင့်တကွ ဦးဘသာ အမှူးရှိသော အမှုဆောင် လူကြီးမင်းတို့က "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ပါဠိအရ ဓမ္မဒါန အကျိုးရရန် ကြေညာအပ်ပါကြောင်း...ဟူ၍ နှိုးဆော်တိုက်တွန်းခဲ့ပါသည်။

ဤပူဇော်ပွဲတွင် တောမဓမ္မာရုံဆရာတော်ရေးသားအပ်သည့် ရှစ်လုံးဘွဲ့ကဗျာများမှအချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

(က)　သူမကြဲတောင်း　　ကြဲကောင်းကြဲစည်
　　　သင်္ဂါယနာပွဲ　　ဆင်နွှဲနေပြီ။
　　　ခြောက်ကြိမ်မှတ်ပြ　　ဆဋ္ဌခေါ်ညီ
　　　ကမ္ဘာကြီး　　မြိုက်သီး ဝေငှမည်။

(ခ)　တိပိဋက　　ရေဇာနည်
　　　မပေါ်စဖူး　　ပေါ်ထူးပေါ်ပြီ။
　　　သင်္ဂါဝှဲချီး　　ပွဲကြီးခါမှီ
　　　တို့ပြည်ထီး　　သာကြီး သာခဲ့ပြီ။

http:\\www.dhammadownload.com



(ဂ) သုတ္တန်ဝိနည်း ကြေကြီးကြေလည်၊
ဘိဓမ္မာမိုး ရွာဖြိုးခဲ့သည်။
အာဂုံသဘော စုံပြောဉာဏ်ရည်
ဝိ-ဝိသိဋ္ဌ ဝိစိတ်သာကီထေရ်။ ။

(ဃ) ဥပါလိလား ထင်မှတ်မှားလောက်သည်။
အာနန်ညီတော် တွေးတောကြံစည်
စာတော်ပြန်ရွက် နှုတ်ထွက်ပီပီ၊
ဇာနည်ကဲ့ ရဲရဲတောက်ခဲ့ပြီ။ ။

(င) ဂုဏ်တော်ပျံ့ပျူး အံ့မှုးလောက်ပေ။
ခန္ဓာတော်ထဲ တည်စွဲစံနေ၊
ဓမ္မက္ခန်ပေါင်း သောင်းသောင်းထွေထွေ
ပူဇာမ ဦးချညွတ်ရှိသေ။ ။

မေး။ အောင်ပွဲ အောင်ပွဲ အောင်ပွဲဆင်ယင်
နေပြည်တော်ကြီး သိမ့်ဟည်း ဇကျာ်ထင်။
မြေတုန်လှညောင်း ဗိုလ်ပေါင်းစုံလင်
ဘယ်အောင်ပွဲ သဲကွဲမိန့်စေချင်။ ။

ဖြေ။ တိပိဋက ဓရကျော်ထင်၊
ဇာနည်ဉာဏ်ကဲ အံ့အဲလှုရှင်။
မပေါ်စဖူး ပေါ်ထူးပေါ်အင်
ပူဇော်ပွဲ ခြိမ့်သဲမြေအပြင်။

မေး။ ဘယ်ကို ရည်စွဲ ဘယ်ပွဲကိုမျှော်၊
ချိန်ခါလင့်ပဲ ပေါ်ခဲ သူပေါ်။
ဘယ်မြေစွန်းက ပေါ်ထွန်းဆင်တော်၊
အဖြေခွန်း ခြွေညွှန်း မိန့်စမ်းနော်။

http:\\www.dhammadownload.com



ဖြေ။　ခြောက်ကြိမ်ဆဋ္ဌ　　မြတ်လှလိုဏ်ပေါ်
　　သင်္ဂါယနာ　　ယင်ပွဲကို မျှော်။
　　ပိဋကရှိန်မြူး　　တိမ်ဦးမှာပျော်၊
　　ထွက်ပေါ်ထွန်း　　မင်းကွန်းဆင်ဖြူတော်။ ။
မေး။　ဦးဝိစိတ္တ　　မိတ္တ ဘယ်သူ၊
　　နေရာဌာန　　ဂါမဘယ်မူ၊
　　မသိသေး၍　　အမေးလှိုင်ကြူ၊
　　အဖြေခွန်း　　ခြွေညွှန်းမိန့်တော်မူ။ ။
ဖြေ။　ဦးပဏ္ဍိဝ　　နာမသင်းကြူ
　　ညောင်ပင်သာမ　　တောမနယ်ဟူ
　　နိဗ္ဗာန်တောင်းဆု　　ကောင်းမှု ရွယ်ချူ
　　ပူဇော်ပွဲ　　မကွဲ ညီစိတ်တူ။ ။

ဤသို့ စသည်ဖြင့် ပူဇော်ကြသည်မှာ ခြိမ့်ခြိမ့်သဲမျှပင် ဖြစ်ပါသည်။ ဆဋ္ဌသင်္ဂါယနာ မေး–ဖြေပုံ အခြေအနေကို မှတည်၍ အမေးဆရာတော်(မဟာစည်ဆရာတော်)ကို မိလိန္ဒမင်းကြီး၊ အဖြေဆရာတော်(မင်းကွန်းတိပိဋကဓရဆရာတော်)ကို ရှင်နာဂသေနနှင့် နှိုင်း၍ "နာဂသိန်လား၊ မိလိန်လား၊ ယိုးမှားလောက်ပါပေ"ဟု ချီးကျူးသံကို ယနေ့တိုင် ကြားယောင်လျက် ရှိနေပါသည်။

---

## မင်းကွန်း တိပိဋကဓရဆရာတော်နှင့် မဇ္ဈိမ ဘုရားဖူးကိစ္စ

မဇ္ဈိမဒေသ ဘုရားဖူးအဖွဲ့များ အလွန်ခေတ်စားချိန်က ဆရာတော်ဘုရားနှင့် ရင်းနှီးသော ဒကာ+ဒကာမများ အိန္ဒိယပြည်သို့ ဘုရားဖူးမသွားမီ ဆရာတော်ထံ အဖူးအမြော်ဝင်ရင်း အိန္ဒိယသို့ ဘုရားဖူးသွားမည့်အကြောင်း လျှောက်ထားကြပါသည်။ ထိုအခါ ဆရာတော်က–

http:\\www.dhammadownload.com



"မရသေးသော ကုသိုလ်ထူးကို ရရန်၊ မဖြစ်ဖူးသေးသော အကုသိုလ်တွေမဖြစ်စေရန် ကြိုးစားကြပါ။ မရဖူးသော ကုသိုလ်ထူးကို ရယူခဲ့ကြပါ။ မဖြစ်ဖူးသော အကုသိုလ်ကို မယူခဲ့ကြပါနှင့်"ဟု မိန့်ပါသည်။

ဤမိန့်ကြားချက်ကို ထို ဒကာ+ဒကာမတို့ သဘောပေါက်ချင်မှ ပေါက်ကြပါမည်။ သဘောပေါက်သူလည်း ရှိကောင်း ရှိပါလိမ့်မည်။

ဘုရားဖူးသွားခြင်းသည် ကုသိုလ်ရအောင် အားထုတ်သည့် အလုပ်ဖြစ်ရာ ကုသိုလ်သာလျှင် တိုးပွားဖို့ ရှိပါသည်။ အဘယ့်ကြောင့် မဖြစ်ဖူးသေးသော အကုသိုလ်တွေမဖြစ်စေရန် ကြိုးစားကြဟု ဆရာတော် အမိန့်ရှိပါသနည်း။

ဤသို့ မိန့်ဆိုခြင်းမှာ အကြောင်းရှိပါသည်။ ဆရာတော်သည် "မိဂဒါဝုန် ဆရာတော်ဦးကိတ္တိမာ" ရေးသားသော "မဟာဗောဓိပုပ္ဖတ္တိကကထာ"ကို လေ့လာဖူးပါသည်။ ဤစာအုပ်အရ "မဟန့်ယောဂီ"သည် ဗုဒ္ဓဂယာ မဟာဗောဓိ၌ ရှိသည့် မြန်မာ့ကုသိုလ်တော်တို့ကို အပိုင်စီးခြင်း၊ နန်းစဉ်ရတနာ ရွှေငွေတို့ကို လာဘ်ပေး၍ မဟာဗောဓိစေတီ(နှင့်) ဗောဓိပင်တည်ရှိရာ ဗုဒ္ဓဂယာတစ်နယ်လုံးကို ပိုင်သည့် မြေပိုင်ရှင်အဖြစ် ရောက်အောင် ကြိုးစားခဲ့ခြင်း၊ ယခုထက်တိုင်ပင် (မင်းတုန်းဘုရင်ကြီး၏) ကုသိုလ်တော်ဇရပ်တို့ကို သုံးစွဲနေခြင်း၊ ဘကြီးတော်မင်း၏ ကျောက်စာတို့ကို ချိုးဖဲ့ထုခွဲ ဖျက်ဆီးပစ်ခြင်း၊ မဟာဗောဓိစေတီတော်၏ ဂန္ဓကုဋီ တိုက်ထဲတွင် သိဝနတ်၏ လိင်ကျောက်တိုင် စိုက်ထူထားခြင်း၊ မဟာဗောဓိ စေတီတော်၏ မုခ်ဝတွင်ကပ်လျက် မဟာဒေဝနတ်ကွန်းထားခြင်း အစ ရှိသည်တို့အပြင် ဗုဒ္ဓဘာသာ အဆောက်အအုံ မြေနေရာကို မောင်ပိုင်စီးကာ ဟိန္ဒူဝါဒဖြန့်ဖြူးခြင်းတို့ကြောင့် ဗုဒ္ဓဘာသာနွယ်ဝင်ဘုရားဖူးတို့ လွန်စွာ စိတ်ဆင်းရဲကြရပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာနွယ်ဝင်များ ဘုရားဖူးမသွားခင်က မဖြစ်

http:\\www.dhammadownload.com



ဖူးသေးသော အကုသိုလ်တရားများ မဟာဗောဓိကို ဖူးရကာမှ ဖြစ်ပေါ် လာနိုင်သဖြင့် ဆရာတော်က ကြိုတင်၍ "မဖြစ်ဖူးသေးသော အကုသိုလ် တရားများ မဖြစ်ရအောင် အားထုတ်ကြ"ဟု မိန့်ဆိုခြင်းဖြစ်ပါသည်။ (ယခုအခါ မဟာဗောဓိစေတီ၏ ဂန္ဓကုဋီထဲ၌ သိဝနတ်၏ လိင်ကျောက် တိုင် မရှိတော့သော်လည်း နေရာကျန်နေပါသေးသည်။ ထိုနေရာကို ဗုဒ္ဓ ဘာသာနွယ်ဝင်တို့ ပယ်ဖျောက်ရန် မတတ်နိုင်ဘဲ ရှိနေပါသေးသည်။)

ဤသို့ စသည်ဖြင့် ဗုဒ္ဓဘာသာဆိုင်ရာ အချက်အခြာဌာနများတွင် ဗုဒ္ဓဘာသာဝင်တို့ စိတ်နှလုံးမချမ်းမြေ့ဖွယ်ရာများ များစွာပင် ရှိနေသော ကြောင့် မင်းကွန်း တိပိဋကဆရာတော်က ဤမနှစ်မြို့ဖွယ်ရာများကို မြင် တွေ့ရခါမှ မိမိတို့စိတ်၌ မဖြစ်ဖူးသေးသော အကုသိုလ်တရားများ ဖြစ် ပေါ်ရမည်မှာ သေချာသဖြင့် မဇ္ဈိမဒေသဘုရားဖူးများကို "မဖြစ်ဖူးသေး သော အကုသိုလ်တွေ မဖြစ်စေရန် ကြိုးစားကြ"ဟု မိန့်တော်မူခြင်း ဖြစ်ပါ သည်။

---

## မင်းကွန်း တိပိဋကဓရဆရာတော်နှင့် စာပေအယူအဆ

၁၉၈၈-ခုနှစ်၊ မတ်လအတွင်းက မင်းကွန်းတိပိဋကဆရာတော် သည် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအတွက် မန္တလေး မြို့နယ်က ကျင်းပသော အလှူတော်ငွေ ရေစက်ချပွဲများသို့ ကြွရောက် ချီးမြှင့်တော်မူရပါသည်။ ရေစက်ချပွဲသို့ မကြွမီ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်အနီးရှိ သုဘဒ္ဒါအဆောင်၌ ခေတ္တသီတင်း သုံးတော်မူစဉ် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၏ ထိုစဉ်က (နာယကချုပ်ဖြစ်သော ဆရာတော်) ဦးဇောတိကာဘိဝံကို သာသနာ့တက္ကသိုလ်ကြီးများအတွက် ပြဋ္ဌာန်းသည့် သက္ကတ ကျမ်းစာများ

http:\\www.dhammadownload.com



ရိုက်နိုပ်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ဤသို့ မိန့်တော်မူပါသည်။

"စာပေရေးသားသူတို့သည် မိမိတို့ရဲ့ စေတနာကောင်းပုံ+ညံ့ပုံတို့ကို မိမိတို့ရေးတဲ့စာမှာ ဖော်ပြလေ့ ရှိကြတယ်။ ဥပမာ-

ဒေဝါဒယော သက္ကတ+မာဟု၊
ပါကတံ ကိန္နရာဒယော။
ပေသာစာဒိံ ပိသာစာဒယော၊
မာဂဓံ ဟီနဇာတယော။ ။

ဟူသော "ကာဗျာဒါသကျမ်း"လာ ဂါထာကို ရွတ်ပြတော်မူပါသည်။ ဤဂါထာ၏ ဆိုလိုရင်းမှာ-

နတ် ဗြဟ္မာ စသည်တို့သည် သက္ကတ ဘာသာကို ပြောဆိုကြ၏။

ကိန္နရာ စသည်တို့သည် ပြာကရိုက်ဘာသာကို ပြောဆိုကြ၏။

ယက္ခိုဳသ်စသည်တို့သည် ပေသာစိကဘာသာ စသည်ကို ပြောဆိုကြ၏။

ယုတ်ညံ့သော ဇာတ်ရှိသော ရဟန်းတို့သည် မာဂဓဘာသာကို ပြောဆိုကြ၏ ဟူ၍ ဖြစ်ပါသည်။

စင်စစ်အားဖြင့် ဗြာဟ္မဏတို့၏ အလိုဆိုး မလိုတမာစကားမျိုးကို သီလက္ခန်ပါဠိတော် အမ္ဗဋ္ဌသုတ်၌-

"အရှင်ဂေါတမ၊ သမဏတို့သည် ဦးပြည်း=ခေါင်းတုံးများ ဖြစ်ကြ၏ သူကြွယ်များ ဖြစ်ကြ၏။ မည်းညစ်ကြ၏။ ဗြဟ္မာ၏ ခြေဖမိုး မှ ဖြစ်ကြဖွားကြ၏။"ဟူ၍ လာ၏။

(သီလက္ခန္ဓ၊ ၈၅)

"ဗြဟ္မာ၏ ခြေဖမိုးမှ ဖြစ်ကြဖွားကြ၏"ဟူသော စကား၏ အဖွင့်နှင့်စပ်၍ အဋ္ဌကထာက-

ဗြာဟ္မဏတို့သည် ဗြဟ္မာ၏ ခံတွင်းမှ ထွက်၏။

http:\\www.dhammadownload.com

(ဃ) တိပိဋကဓရဟောစဉ်တရားတော်များ (သတ္တမတွဲ)

ခတ္တိယတို့သည် ရင်မှထွက်၏။
ဝေဿတို့သည် ချက်မှ ထွက်၏။
သုဒ္ဒတို့သည် ဒူးမှထွက်၏။
သမဏတို့သည် ခြေဖမိုးမှ ထွက်၏။
ဟု ဆိုလိုကြောင်း ဖော်ပြပါသည်။

(သီလက္ခန္ဓဝဂ ၊ ဋ္ဌ၊ ၂၂၇)

ဤဖော်ပြပြီးသော စကားရပ်တို့ကို ဆင်ခြင်သောအခါ ဗြာဟ္မဏဝါဒီ ပုဂ္ဂိုလ်တို့၏ ဗုဒ္ဓဝါဒအပေါ်၌ မည်မျှလောက် မလိုတမာ ရှိကြသည်ကို လွန်စွာသိသာလှ၏ ဤသို့သော အလိုဆိုး စေတနာဆိုးများ ရှိတတ်၍ ကျမ်းစာရွေးချယ်ရာ၌ သတိပြုရန် ရည်ရွယ်၍ မိန့်တော်မူခြင်းဖြစ်ပါသည်။

---

## မင်းကွန်း တိပိဋကဓရဆရာတော်နှင့် ဆွမ်းကိစ္စ

မင်းကွန်း တိပိဋကဓရ ဆရာတော်သည် ဆွမ်းစားအင်မတန်နည်းပါသည်။ ပိန်ကလည်း ပိန်ပါသည်။ ပိန်သည်နှင့် ပတ်သက်၍ လျှောက်ထားတိုင်း လျှောက်ထားတိုင်း "ဇာတိကိုသော=မျိုးရိုးက ပိန်တာပါ"ဟု ပြောလေ့ရှိပါသည်။

ဆရာတော့်ဖခင်၏အမေ(အမေကြီး)ကိုယ်က တည င်းလုံးလေးလို ပိန်ပိန်ပဲဟု ပြောလေ့ရှိပါသည်။

ဆွမ်းကို လျှော့၍စားခြင်းနှင့် ပတ်သက်၍ ဆရာတော် ဤသို့မိန့်ပါသည်။

### သာရိပုတ္တာထေရဂါထာ

ပစ္စယသန္တောသ=ပစ္စည်းလေးပါးဝယ် ရောင့်ရဲခြင်းနှင့် စပ်၍ အရှင်သာရိပုတ္တရာထေရ် ပိဏ္ဍပါတသန္တောသအတွက် ဟောကြားသော

http:\\www.dhammadownload.com



ဂါထာ၌ အရှင်မဟာဗုဒ္ဓဃောသ၏ ပေမူ၌-

စတ္တာရော ပဉ္စ အာလောပေ၊
**အဘုတွာ** ဥဒကံ ပိဝေ။
အလံ ဖာသုဝိဟာရာယ၊
ပဟိတတ္တဿ ဘိက္ခုနော။ ။

ဟုရှိ၍ မူလဋီကာဆရာအရှင်အာနန္ဒာ၏ ပေမူ၌ကား

စတ္တာရော ပဉ္စ အာလောပေ၊
ဘုတွာန ဥဒကံ ပိဝေ။
အလံ ဖာသုဝိဟာရာယ၊
ပဟိတတ္တဿ ဘိက္ခုနော။ ။

ဟု ရှိဟန်တူသည်။ ဤကဲ့သို့ (မူ)နှစ်ရပ်ကွဲနေသောကြောင့် အချို့ ဆရာတော်များက အဋ္ဌကထာ ပေမူအတိုင်း "၄-၅လုတ် လျှော့၍ စားရမည်"ဟု မိန့်တော်မူကြ၍ အချို့ဆရာတော်များကမူ မူလဋီကာ ဆရာ၏ ပေမူအတိုင်း "၄-၅လုတ်သာ စားရမည်"ဟု မိန့်တော်မူကြခြင်း ဖြစ်ပါသည်။

မိမိ (တိပိဋကရေဆရာတော်)၏ ခန္ဓာကိုယ်မှာ မူလဋီကာဆရာ တော်၏ ပေမူလာအတိုင်း ၄-၅လုတ်ဖြင့်ပင် မျှတပါသည်။ ထို့ထက်ပို၍ မစားနိုင်ပါ။

## ဝက်သားကြောက် ဆရာတော်

လေဖြတ်သော ရောဂါသည် ဝက်သားကြောင့် အဖြစ်များရာ ဝက်သားကို ဆရာတော် လွန်စွာ ကြောက်ပါသည်။ ဆရာတော် သာမဏေဘ၀ ၁၆-နှစ်၊ ၁၇-နှစ်အရွယ် မြင်းခြံ၌ ဥပဇ္ဈာယ်ဆရာ လေဖြတ်သည့် အကြောင်းမှာ ဝက်သားမပါဘဲ ဆွမ်းမစားခြင်းကြောင့် ဖြစ်ပါသည်။ ထို့အတူပင် မြင်းခြံမြို့၌ ဘုန်းကြီး ဦးဣန္ဒာစာရ၊ ဦးဖိုးညွန့်၊ စွန်းလွန်းသူကြီး ဦးထွားကြီးတို့လည်း ဝက်သားမပါဘဲ ဆွမ်းမစားနိုင်၊

http:\\www.dhammadownload.com



ထမင်းမစားနိုင်ကြပါ။ သူတို့သည်လည်း ကိုယ်တစ်ခြမ်းသေ၍ ဘ၀ဆုံးကြရပါသည်။

၀က်သားသည် သွေးတိုးရောဂါကို ဖြစ်စေတတ်ကြောင်း တိုင်းရင်းဆေးပညာ၊ သိပ္ပံဆေးပညာ ၂–ရပ်လုံးကပင် ဆုံးဖြတ်ကြပါသည်။ ထို့ကြောင့် ဆရာတော်က တိပိဋက–နိကာယ စာသင်သားများ၊ သာသနာ့တက္ကသိုလ် စာသင်သားများ၊ သွေးတိုးရောဂါ=လေဖြတ်သည့်ရောဂါ မဖြစ်ပွားစေရန် "တက္ကသိုလ်ထဲမှာရော၊ တိ=နိကျောင်းတိုက်ထဲမှာရော ၀က်သားမလာစေနဲ့၊ မ၀င်စေနဲ့"ဟု ဩ၀ါဒအမြဲပေးပါသည်။

---

## မင်းကွန်း တိပိဋကဓရဆရာတော်နှင့် တက္ကသိုလ်ရေစက်ချ

မင်းကွန်းတိပိဋကဓရ ဆရာတော်သည် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများအတွက် အလှူတော်ငွေများကို ရေစက်ချပေးတိုင်း "ပရိယတ္တိသာသနာတော်အား လှူဒါန်းပါ၏"ဟု ရေစက်ချပေးလေ့ရှိသည်။

ဆရာတော်သည် သေဌေးကြီး ဆာ–ဦးသွင်+ဒေါ်ဒေါ်သိန်းတို့က လှူဒါန်းသည့် မိမိပိုင် မုဂ္ဂလိကကျောင်းကို "ဓမ္မနာဒကျောင်းတိုက်သို့ အရပ်လေးမျက်နှာမှ သိက္ခာနှလုံး ကျင့်သုံးဖို့ရန် ရောက်ပြီးရောက်ဆဲ ရောက်လတ္တံ့ဖြစ်သော စတုဒိသာ လဇ္ဇီသံဃာအား လှူပါ၏"ဟု ဆို၍ လဇ္ဇီသံဃိက လှူဒါန်းပါသည်။ ထို့အတူပင် ရပြီး ရဆဲ ရလတ္တံ့သော လာဘ်၊ ဂရုဘဏ်+လဟုဘဏ် အားလုံးကိုလည်း လဇ္ဇီသံဃာအား လှူပါ၏ဟု ဆို၍ လှူဒါန်းထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဆရာတော်၏ အဖို့ရာ ရရသမျှသော ပစ္စည်းလာဘ်လာဘနှင့်တကွ နေထိုင်ရာကျောင်းသည် လဇ္ဇီသံဃာပိုင်သော သံဃိကပစ္စည်းချည်း ဖြစ်ပါသည်။

အခြားအခြားသော အလှူများ၌ကား–

http:\\www.dhammadownload.com



ယထာ ဒါယကာ ဝဒန္တိ၊
တထာ ပဋိပဇ္ဇိတဗ္ဗံ။

ဒါယကာတို့ ဆိုသည့်အတိုင်း ကျင့်ရမည်ဟူသည့် အတိုင်း ဒါယကာတို့ အလိုကျ ပုဂ္ဂလိက+သံဃိက အသီးအသီး ရေစက်ချပေးပါသည်။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကိုမူ–
ဂိုဏ်းအားလည်း မလှူစေပါ (ရေစက်ချမပေးပါ)။
ပုဂ္ဂိုလ်အားလည်း မလှူစေပါ (ရေစက်ချမပေးပါ)။
သံဃာအားလည်း မလှူစေပါ (ရေစက်ချမပေးပါ)။
**ပရိယတ္တိသာသနာတော်အားသာ လှူစေ(ရေစက်ချပေး)ပါသည်**။

မန္တလေးမြို့ ဗိဝိတဒါန သာသနာ့အထူးက ဆေးရုံကြီးကိုကား ပရိယတ်+ပဋိပတ် သာသနာတော် ၂–ရပ်အား လှူစေပါသည်။ ရေစက်ချပေးပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ စစ်ကိုင်းတောင်ရိုးဝေဇယန္တာချောင်မှ ဘဒ္ဒန္တ ဦးမဟောသဓပဏ္ဍိတက ဆရာတော်ကို မေးမြန်းလျှောက်ထားဖူးပါသည်။ အဘယ့်ကြောင့်ဆိုသော် အလှူခံက နိဗ္ဗိဝ=သက်မဲ့ဖြစ်နေ၍ ပြင်ပါသည်။

ဆရာတော်၏ အဖြေမှာ သေနာသနပရိဘောဂဖြစ်သည့် ဗီရို၊ စားပွဲ၊ ကုလားထိုင်စသည်လှူသောအခါ "ဝိဟာရဿ ဒေမ=ကျောင်းအားလှူပါ၏။"ဟု ဆို၍ လှူဒါန်းရာ အလှူခံသမ္ပဒါန်ဖြစ်သော ကျောင်းသည် နိဗ္ဗိဝ သက်မဲ့ဖြစ်ပါသည်။ ထို့အတူပင် ဤယခုနိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်နှင့်စပ်၍လည်း **"ပရိယတ္တိသာသနာ့တက္ကသိုလ်"**ဟူသော စကားဝယ် ပရိယတ္တိသာသနာက တစ်ပုဒ်၊ တက္ကသိုလ်က တစ်ပုဒ်၊ ဤသို့ ၂ပုဒ်ခွဲ၍ မြန်မာဝေါဟာရ သမာသ်စပ်လျှင် ပရိယတ္တိသာသနာ၏ တက္ကသိုလ်=ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဆဋ္ဌီတပ္ပုရိသ်သမာသ် စပ်ရပါမည်။ (ဓမ္မက္ခာပေါင်း ရှစ်သောင်းလေးထောင်တည်းဟူသော)

http:\\www.dhammadownload.com



ပရိယတ္တိသာသနာက သာမိ၊ (အဆောက်အအုံအပေါင်းတည်းဟူသော) တက္ကသိုလ်က သံ(ဥစ္စာ)ဖြစ်ပါသည်။ ပရိယတ္တိသာသနာအား သမ္မုဒါန် ထား၍ လှူမှ ပရိယတ္တိသာသနာက ပိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိဗ္ဗိဝဖြစ်သော ပရိယတ္တိသာသနာအား သမ္မုဒါန်ထားခြင်းဖြစ်ပါသည်။ (ဤကား တိပိဋကဓရ ဆရာတော်၏ အဖြေဖြစ်ပါသည်။)

---

## မင်းကွန်း တိပိဋကဓရဆရာတော်နှင့် သူတော်ကောင်းနှလုံးရည် (၂)

မဟာဗုဒ္ဓဝင်ကျမ်းနှင့် ပတ်သက်၍ မင်းကွန်းတိပိဋကဓရ ဆရာတော်၏ သူတော်ကောင်းနှလုံးရည်ကို ဟောစဉ်တရားတော်များ တတိယတွဲနိဒါန်း၌ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုဖော်ပြမည့်အကြောင်း အရာများသည် ယင်း၏ အဆက်ပင် ဖြစ်ပါသည်။

၁၃၄၀-ပြည့်နှစ်က ပြည်ထောင်မြန်မာနိုင်ငံအစိုးရသာသနာရေး ဝန်ကြီးဌာနက မင်းကွန်း တိပိဋကဓရဆရာတော်အား "အဘိဓဇမဟာရဋ္ဌ ဂုရု"ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့်အကြောင်း လာရောက်လျှောက်ထား ခဲ့ပါသည်။ ထိုအခါ ဆရာတော်က-

"ဘုန်းကြီးရဲ့ ရှေ့က ကြွရမည့် ဆရာတော်ကြီး (၂)ပါး ရှိနေပါ တယ်။ ပဲခူးမြို့မ ဆရာတော်ကြီးနှင့် ခရမ်း ကိုင်းကုန်းပါဠိတက္ကသိုလ် ဆရာတော်ကြီး၊ ဒီ(၂)ပါးရဲ့ ရှေ့က ဘုန်းကြီး မသွားဝံ့ပါဘူး။ မူအားဖြင့် လည်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ဆက်ကပ်ပြီးမှ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ဆက်ကပ်ရပါတယ်"ဟု

အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်ကို အကြောင်းပြချက် အစုံ အလင်ဖော်ပြ၍ လက်မခံခဲ့ပါ။ ဆရာတော်၏မိန့်ကြားချက်အရ နိုင်ငံ တော် အစိုးရက ၁၃၄၁-ခုနှစ်၊ ၁၃၄၂-ခုနှစ်တို့၌ ပဲခူးမြို့မဆရာတော်

http:\\www.dhammadownload.com



ဘုရားကြီးနှင့် ခရမ်းကိုင်းကုန်းပါဠိတက္ကသိုလ်ဆရာတော်ကြီးတို့အား အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ် လှူဒါန်းကြောင်း နိုင်ငံတော်အစိုးရက ကြေညာပြီး ၁၃၄၄ခုနှစ်၌ တိပိဋကဓရ ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်လှူဒါန်းပြီး ၁၃၄၅-ခုနှစ်၌ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ် လှူဒါန်းဆက်ကပ်ပါသည်။

---

## သူတော်ကောင်း နှလုံးရည် (၃)

မြန်မာတို့သည် သဒ္ဓါတရား အားကြီးကြရကား အလှူပွဲလမ်း သဘင်များ၌ ဆရာတော်ကြီးများ ကြွချီရာလမ်းတစ်လျှောက်တွင် ပဝါ တဘက်ခင်းခြင်း၊ ဆံကို ဖြန့်ခင်းခြင်းပြု၍ ပူဇော်လေ့ရှိကြပါသည်။ မင်းကွန်းတိပိဋကဓရဆရာတော်သည် ပန်းများကို ခြွေ၍ ခင်းထားသည့် အကြွေပန်းများကိုပင်လျှင် မနင်းရက်၍ နင်းကြွတော်မမူဘဲ တတ်နိုင်သမျှ ရှောင်ကွင်း၍ ကြွတော်မူလေ့ရှိရာ ယခုလို ပဝါ+တဘက်များ၊ ဆံများကို အဘယ်မှာလျှင် နင်းကြွတော်မူပါချိမ့်မည်နည်း။

ဤကိစ္စနှင့်ပတ်သက်၍ ဆရာတော်က "သံသရာက မိဟောင်း+ ဖဟောင်း+မိကြီး+မိထွေး+ဘကြီး+ဘထွေးများ၏ ပဝါတဘက်များကို မနင်းရက်ပါဘူး"ဟု မိန့်လေ့ရှိပါသည်။ (စင်စစ်အားဖြင့် ရဟန်းတော်များသည် ဆံပင်ကို မနင်းကောင်းပါ၊ ဝိနည်းကြောင်းအရ အပြစ်ရှိပါသည်။)

ကြီးသူများက ပူဇော်ကြသည်ကို ဤသို့အကြောင်းပြု၍ ပယ်တော်မူသကဲ့သို့ ကလေးသူငယ်များကို ကျော်လွှားစေချင်၍ ချခင်းပေးသည်ကိုလည်း "ဤကလေးငယ်များတွင် ပါရမီရှင်များ ပါကောင်းပါမည်။ မသိ၍ ကျော်လွှားခဲ့သော် လွန်စွာ ဝန်လေးပေလိမ့်မည်" ဟု ငယ်သူကို လေးစားစိတ်ဖြင့် ပယ်တော်မူပြန်ပါသည်။ ဤကား မင်းကွန်းတိပိဋကဓရ ဆရာတော်၏ သူတော်ကောင်းနှလုံးရည်ပင်ဖြစ်ပါတော့သည်။

http:\\www.dhammadownload.com



## သာသနာအစ　သာမဏေက

ဗုဒ္ဓသာသနာတော်အရှည်တိုးတက် ပြန့်ပွားစည်ပင်ရေးသည် သာမဏေများပေါ်၌ အခြေခံပါသည်။ ရှင်ဖြစ်မှလည်း ရဟန်းဖြစ်ပါသည်။ ထိုရှင်သာမဏေနှင့် ရှင်ရဟန်းတို့ ဝိနည်းသိက္ခာပုဒ် ကျင့်သုံးနေသမျှ ဗုဒ္ဓသာသနာတော် တည်တံ့နေမည်ဖြစ်ပါသည်။

ထို့ကြောင့် မင်းကွန်း တိပိဋကဓရ ဆရာတော် ဦးဆောင်ပဓာနနာယကအဖြစ် ဆောင်ရွက်တော်မူသော "တိပိဋက=နိကာယ ဥပဒ္ဒာက သာသနာပြုအဖွဲ့"သည် "ကယားပြည်နယ်အတွင်းမှ ရှင်မပြုရသေးသော၊ မိဖတို့က ရှင်ပြုမပေးနိုင်သော ကလေးများကို ရှင်ပြုပေးခဲ့ဖူးပါသည်။

ယနေ့ မျက်မှောက်ကာလတွင်လည်း နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးကို လုပ်ဆောင်နေသည့်နှင့်အမျှ ဗုဒ္ဓသာသနာတော်လည်း ပြန့်ပွားရန် ရည်ရွယ်၍ ရှင်ပြုပွဲများ ပြုလုပ်ရန် စိုင်းပြင်းနေကြပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ မင်းကွန်း တိပိဋကဓရ ဆရာတော်က နယ်စပ်ကိစ္စလည်း တစ်ကဏ္ဍ၊ ပြည်တွင်းရှိ ပြည်နယ်၊ တိုင်း၊ မြို့ရွာအသီးသီးမှာပင် ရှင်မပြုနိုင်သည့် ကလေးများ မြောက်မြားစွာ ရှိနေသေးကြောင်း ရှင်သာမဏေဆယ်ပါးတွင် တစ်ပါးပါးသည် ရဟန်းဖြစ်နိုင်ကြောင်း၊ ထိုရဟန်းတစ်ပါးပါးသည်လည်း စာပေကျမ်းဂန်တတ်ကျွမ်းမည့် ကျောင်းထိုင်ပုဂ္ဂိုလ်ဖြစ်မည်ဖြစ်ကြောင်း၊ "ဗုဒ္ဓသာသနာအစ သာမဏေက"ဟု ဆိုရမည်ဖြစ်ကြောင်း အမိန့်ရှိပါသည်။

ဤသို့ မင်းကွန်း တိပိဋကဓရဆရာဟော်၏ မိန့်ကြားချက်အရ မန္တလေးတိုင်းက စတင်၍ စုပေါင်းရှင်ပြုပွဲ ဆောင်ရွက်ခဲ့ရာ ရှင်သာမဏေပေါင်း တစ်သောင်းကျော် ရှိပါသည်။ ယခုအခါ ရန်ကုန်တိုင်းကလည်း စုပေါင်းရှင်ပြုပွဲ ကျင်းပပြီးစီးသွားပြီ ဖြစ်ပါသည်။ ပြည်နယ်၊ တိုင်း

http:\\www.dhammadownload.com



အသီးသီးရှိ မြို့နယ်အသီးသီးကလည်း ဆက်လက်ဆောင်ရွက်သွားနေကြသည်သာဖြစ်ပါသည်။

ဤရှင်သာမဏေများကို လက်ခံမည့် ကျောင်းများ၊ ကျောင်းဘုန်းကြီးများကလည်း ဗုဒ္ဓသာသနာတော်၏ အညွန့်အညှောက်ဖြစ်သော ရှင်သာမဏေငယ်များကို သာသနာတွင် ပျော်ပိုက်အောင် စောင့်ရှောက်မွေးမြူတော်မူကြလိမ့်မည်ဖြစ်ပါသတည်း။ ။

http:\\www.dhammadownload.com

## သုမနာသုတ္တန်တရားတော်

ကောဇာသက္ကရာဇ် ၁၃၄၉ခု၊ သာသနာ ၂၅၃၁–ခုနှစ်၊ နတ်တော်လဆန်း ၂–ရက်နေ့၊ ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာ ဦးသန်းအောင်–ဒေါ်ခင်နွဲ့ထွန်းမိသားစုတို့က မွေးနေ့မင်္ဂလာ အလှူအဖြစ် သံဃာတော်အရှင်မြတ်တို့နှင့်တကွ ကလျာဏမိတ် ပရိသတ်တို့အား ဆွမ်းခဲဖွယ် ဘောဇဉ် ကျွေးမွေးလှူဒါန်းခြင်း၊ နဝကမ္မ သံဃာ့ပူဇာလှူဒါန်းခြင်းဆိုတဲ့ ကောင်းမှုကုသိုလ် သဘင်ပွဲနှင့် ပတ်သက်ပြီးတော့ သုမနာသုတ္တန်ဆိုတဲ့ သုတ္တန်တစ်ခု နာယူမှတ်သား ဗဟုသုတ ပွားရအောင်...။

## ဗန္ဓုမမင်းကြီး၏ ဗုဒ္ဓ ဓမ္မ သံဃ မစ္ဆရိယဖြစ်ပုံ

လွန်ခဲ့သော ၉၁–ကပ္ပါထက် ဝိပဿီမြတ်စွာ သာသနာပွင့်ထွန်းတဲ့အချိန်မှာ ဝိပဿီဘုရားအမှူးပြုတဲ့ သံဃာတော်များကို ခမည်းတော် ဗန္ဓုမမင်းတရားက "ဝိပဿီဘုရားဆိုတာဟာ ငါ့ရဲ့သားတော် ဝိပဿီမင်းသား တောထွက်၊ ရဟန်းပြု၊ ဒုက္ကရစရိယာကျင့်လို့ ဖြစ်လာတဲ့၊ ပွင့်လာတဲ့ဘုရား၊ ငါ့ဘုရားသားမို့လို့ ငါ့ဘုရား၊ ငါ့သားဖြစ်တဲ့ ဝိပဿီမြတ်စွာဘုရား ဟောတဲ့တရားမို့လို့ တရားလည်း ငါ့တရား၊ ငါ့သားဖြစ်တဲ့ ဝိပဿီ မြတ်စွာ ဘုရားရဲ့ တပည့်သာဝက သံဃာမို့လို့ သံဃာလည်း ငါ့သံဃာ" လို့ သူက ဘုရားရယ်၊ တရားရယ်၊ သံဃာရယ်၊ ဒီရတနာ သုံးပါးပေါ်မှာ တော်တော်ပဲ မရက်မစက် မြတ်နိုးတနာရှိပြီးတော့ ဒီဘုရားနှင့်တကွ သံဃာများ၊ စားရေး ဝတ်ရေး နေရေး ထိုင်ရေးအားလုံး ငါ့တာဝန်ရှိတယ်။ အဲဒီလိုစဉ်းစားမိပြီးတော့ ဘုရားနှင့်တကွ သံဃာတော်များနေဖို့ ကျောင်း

http:\\www.dhammadownload.com



လည်းပဲ ဗန္ဓုမမင်းကပဲ ဆောက်ပေး၊ တစ်ဖန် နေ့စဉ် နေ့စဉ်လည်းပဲ ဘုရားအမှူး ရှိတဲ့သံဃာကို ဗန္ဓုမမင်းကြီးက နန်းတော်မှာပဲ ပင့်ပြီးတော့ ဆွမ်းပန်းဆက် ကပ်၊ အို–ကျောင်းက ဆင်းရင် နန်းတော်ရောက်၊ နန်းတော်က လာရင်လည်းပဲ ကျောင်းတော်ရောက်၊ တိုင်းသူပြည်သား တွေဟာ ဘယ်သူမှ ဘာမျှမပေးရ။ မလှူရ မတန်းရတော့ ရက်ပေါင်း ရက်ပေါင်း၊ လပေါင်း တော်တော်လေး ညောင်းလာတယ်ဆိုလျှင် လှုပ်ရှား လာတယ်။

"ဘာလဲကွာ–ဗန္ဓုမမင်းတရားသာ ငရဲမီးပူတာမဟုတ်ဘူး။ တို့ လည်းပူတာပဲ။ သူငရဲမီး ငြိမ်းချင်လွတ်ချင်သလို တို့လည်းပဲ လွတ်ချင်တာ ပဲ။ ဒီတော့ကို ဘုရားအမှူးရှိတဲ့ သံဃာကို ပြုစုဖို့ရန် ငါတို့အရေးဆိုမယ်" ဆိုတဲ့အနေနဲ့ လူတွေဟာ လှုပ်လှုပ်ရှားရှားဖြစ်လာတယ်။

## ခေါင်းဆောင်ရှိမှ အောင်မြင်မှုရ

ဒီအတွင်းမှာ ဆင်ခြင်တတ်တဲ့ အမျိုးကောင်းသားတစ်ယောက် က–

အနာယကာ ဝိနဿန္တိ–တဲ့။

မိတ်ဆွေတို့၊ အနာယကာ=ရှေ့သွားခေါင်းဆောင်မရှိတဲ့ ပုဂ္ဂိုလ် များသည်။ ဝိနဿန္တိ=ပျက်စီးတတ်ကုန်၏။

"ရှေ့က ခေါင်းဆောင်နာယကရှိမှ အလုပ်ဆိုတာ အောင်မြင် တာ၊ သည်တော့ တို့ရှေ့က ခေါင်းဆောင်နာယကတစ်ဦး ရွေးရအောင်" လို့ အားလုံးတိုင်ပင်ညှိနှိုင်းတဲ့အခါကျတော့ စစ်သေနာပတိကို မြင်ကြ တယ်။ ဒါနဲ့ ဒီလူကြီးတွေ စစ်သေနာပတိထံသွား။

"ကျွန်တော်တို့ရှေ့က မားမားမတ်မတ်ရပ်ပြီး ဝိပဿီဘုရား အမှူး ပြုတဲ့ သံဃာကို ကျွန်တော်တို့တိုင်းသူပြည်သား လူအများပါ ပြုစုခွင့်ရ အောင် အရေးဆိုပေးပါ"

http:\\www.dhammadownload.com



အဲဒီလိုဆိုတဲ့အခါစစ်သေနာပတိပြုလုပ်တဲ့ ပုဂ္ဂိုလ်က–

"ကျွန်တော်လည်း အရေးဆိုချင်နေတာပဲ။ ကျွန်တော်လည်း မလှူရ၊ မတန်းရဘူး၊ ကျွန်တော်လည်း လှူချင်တယ်။ ဒီတော့ ကျွန်တော် ရှေ့ကနေပြီးတော့ ခေါင်းဆောင်နာယကအဖြစ်နဲ့ အရေးဆိုပေးပါ့မယ်။ အောင်လာလို့ ရှိရင် ပထမနေ့ ကျွန်တော်ဘုရားအမှူးရှိတဲ့ သံဃာကို ပြုစုပါရစေ"လို့ အဲဒီလိုပြောတယ်။

အားလုံး သဘောတူပြီးတော့ စစ်သေနာပတိကို ရှေ့ကထား၊ တိုင်းသူပြည်သားတွေ ဗန္ဓုမမင်းတရားရဲ့နန်းတော် မြေကွက်လပ်ထဲမှာ အကုန်သွားပြီးတော့ လူတွေစုကြ၊ စစ်သေနာပတိက အားလုံးလူတွေကို နန်းတော်ရင်ပြင်မှာ ထားခဲ့ပြီးတော့ သူတစ်ယောက်တည်း ဗန္ဓုမမင်း တရား နန်းတော်ပေါ် တက်ပြီးတော့ စကားပြော၊ ဗန္ဓုမမင်း တရားက–

"စစ်သေနာပတိ၊ လူတွေဘာလဲ အုံးအုံးကျက်ကျက်နဲ့"

"သူတို့က ဘုရားအမှူးရှိတဲ့ သံဃာကို သူတို့လည်း ပြုစုချင်လို့ အရေးဆိုဖို့ လာတာပါပဲ"

"မပေးနိုင်ဘူး"လို့ ပထမငြင်း။

"မပေးလို့ မဖြစ်ပါဘူး အရှင်ဘုရား၊ ပေးမှဖြစ်မှာ"

"မပေးလို့ ပြောမရလို့ရှိရင် စစ်တပ်နဲ့ နှိမ်မှာပေါ့'

"စစ်တပ်နဲ့ နှိမ်လို့ မဖြစ်ဘူး၊ ကျွန်တော်မျိုးကိုယ်တိုင်က တိုင်းသူပြည်သားတွေရှေ့က ဒီကိစ္စမှာ အရေးဆိုနေတာ"

အဲဒီလိုပြောမှ အလျှော့ပေး၊ အရေးတော်အောင်တယ်လို့ ဆိုပါစို့...။

## စစ်သူကြီး ဆွမ်းကျွေးပွဲ

ပြောဆိုတဲ့အရေး အောင်လာတော့ မူလကတိကဝတ်အတိုင်း

http:\\www.dhammadownload.com



နက်ဖြန်ခါ ဘုရားအမှူးရှိတဲ့ သံဃာကို စစ်သေနာပတိအိမ်မှာ ပထမဆုံး ဝတ်ကြီးဝတ်ငယ်ပြုစုလှူဒါန်းခွင့်ရ၊ စစ်သေနာပတိက သူ့အိမ်ကနေပြီး ကျောင်းအရောက် စစ်ဗိုလ်စစ်သားတွေ အစောင့်ချထား၊ သူတို့ကို ပြော ထားတာကလည်း-

အဇ္ဇ ယထာ အညော ကောစိ ဧကဘိက္ခမ္ပိ န ဒေတိ၊ ဧဝံ ရက္ခထ။

"ရဲဘော်တို့၊ ငါမှတစ်ပါး အခြားလူတစ်ဦးတစ်ယောက် ခဲဖွယ် ဘောဇဉ် တစိုးတစိ မလှူနိုင်အောင် မင်းတို့ စောင့်ရှောက်ရမယ်" သူ့ အမိန့်က ဒီလိုပေးထားတယ်။

အဲဒီနေ့ညနေ ဗန္ဓုမတီ မင်းနေပြည်က ကွယ်လွန်သွားတဲ့ သေဌေးကြီးရဲ့ သမီးလေးက ဂင်္ဂါမြစ်ဆိပ်က နေပြီးတော့ အဖော်အမျိုး သမီးတွေနဲ့ မိမိအိမ်ကို ပြန်လာတဲ့အခါ အိမ်က သေဌေးကတော်ကြီးက သည်းစွာ ငိုကြွေးတယ်။

"အမေ ဘာပြုလို့ ငိုတာလဲ"

"ငါ့သမီး၊ ငါ့သမီးရဲ့အဖေမရှိလို့ ငါ့သမီးရဲ့ အဖေရှိရင် နက်ဖြန် ဘုရားအမှူးပြုတဲ့ သံဃာတို့က အရင်လှူရမှာ၊ အခုတော့ သမီးရဲ့အဖေ မရှိတော့ ဘယ်ရက်ကပ်လှူရမယ် မသိဘူး၊ ဒါကြောင့် အမေငိုတာပါ" ဆိုတော့ သမီးလေးက ဘာပြောလဲဆိုတော့-

အမ္မ မာ စိန္တယိ="အမေ ဘာမှတွေးပြီးတော့ စိတ်ထဲမပူပါနဲ့"

အဟံ တထာ ကရိဿာမိ၊ ယထာ ဗုဒ္ဓပ္ပမုခေါ သံဃော အမှာကံ ပဌမံ ဘိက္ခံ ဘုဉ္ဇိဿတိ။

(အံ၊ ဌ၊ ၃။ ၁၃။)

"ဘုရားအမှူးရှိတဲ့ သံဃာ သမီးတို့ရဲ့ ဆွမ်းကို အရင်ဆုံး ဘုဉ်းပေး အောင် သမီးစီမံပါ့မယ်"

http:\\www.dhammadownload.com



အဲဒီလိုပြောပြီးတော့ မိမိရဲ့အဖော်ဖြစ်တဲ့ အမျိုးသမီးများကို ဗန္ဓုမတီ မင်းနေပြည်က ဈေးတွေအကုန်လွှတ်ပြီးတော့ မြတ်လေးပန်းတွေ အကုန်လုံး အဝယ်ခိုင်းတယ်။ အဲ–ဒီ မြတ်လေးပန်းတွေ ဈေးတွေက အကုန်ယူလာပြီး ညထမင်းစားပြီးပေါ့ ဆိုကတည်းကိုက သေဌေးသမီးနှင့်တကွ အမျိုးသမီးတွေဟာ မြတ်လေးပန်းကုံး တစ်ကုံးပြီးတစ်ကုံး၊ တစ်ကုံးပြီးတစ်ကုံးသူတို့ကုံးကြ၊ သန်းခေါင်ကျော်တော့ ရေမရောတဲ့ နို့ဃနာဆွမ်းချက် နေသားတကျဖြစ်ပြီဆိုတော့မှ အဲဒီ နို့ဃနာဆွမ်းကို တစ်သိန်းတန်တဲ့ ရွှေခွက်ထဲထည့်၊ အပေါ်မှာ အဖုံးအုပ်၊ ကတ္တီပါကြိုးနဲ့ တုပ်ပြီးတော့ ဒီအပေါ်က မြတ်လေးပန်းကုံးတွေ အထပ်ထပ်ရစ်ပတ်၊ ဖြုန်းခနဲကြည့်လိုက်ရင် မြတ်လေးပန်းလုံးကြီးပဲ။ အဲဒီလို ထင်အောင် မြင်အောင် မြတ်လေးပန်းကုံးတွေ အထပ်ထပ်အုံပြီးတော့ အချိန်ကျပြီပြောပါတော့။ ငါးနာရီ ကျောင်းက တုံးမောင်းခေါက်တဲ့အခါကျတော့ သေဌေးသမီးလေးက သူကိုယ်တိုင်ပဲ မြတ်လေးပန်းလုံးကြီးရွက်၊ ဘုရားအမှူးရှိတဲ့ သံဃာကြွလာမယ့် လမ်းကို သွားလမ်းဝင်မယ်ကြဲတော့ အဲဒီမှာ စောင့်နေတဲ့ စစ်ဗိုလ်စစ်သားက–

အမ္ဗ မာ ဣတော အာဂမာ။

"သမီး၊ ဒီလမ်းက မသွားရဘူး"

အဲဒီလိုပြောတဲ့အခါ–

"ဦးလေးတို့၊ ဦးကြီးတို့ ဘာပြုလို့ သမီးကို ဒီလမ်းက သွားခွင့်မပြုတာလဲ"

ဒီတော့ စစ်ဗိုလ်စစ်သားတွေက–

"စစ်သေနာပတိက သူမှတစ်ပါး အခြားလူတစ်ဦးတစ်ယောက် ခဲဖွယ်ဘောဇဉ် တစိုးတစိ မလှူနိုင်အောင် မင်းတို့စောင့်ရမယ်လို့ ပြောထားလို့"ဆိုတော့ ဒီသေဌေးသမီးလေးက ဘာပြောလဲ။

http:\\www.dhammadownload.com



"ဦးကြီးတို့-ဦးလေးတို့၊ သမီးရဲ့လက်ထဲမှာ စားဖွယ်သောက်ဖွယ် ဘာများမြင်လို့တုံး"လို့ဆိုတော့-

"မြတ်လေးပန်းလုံးပဲ ငါတို့မြင်တာပဲ"ပြောတော့ ဒီသေဋ္ဌေးသမီးလေးက-

"ဦးကြီးတို့-ဦးလေးတို့ရဲ့ စစ်သေနာပတိကြီးက ပန်းကလေးမှ ပူဇော်ခွင့်မပြုဘူးလား"

ဒီတော့ စစ်ဗိုလ်စစ်သားက-

"တို့ကို စစ်သေနာပတိ အမိန့်ပေးထားတာက ခဲဖွယ်ဘောဇဉ် တစိုးတစိ မလှူနိုင်အောင် စောင့်ရမယ်ပြောတာ၊ အဲဒီပြောတဲ့အထဲမှာ ပန်းမလှူနိုင်အောင် စောင့်ရမယ်ဆိုပြီး ပန်းမပါဘူး"

ဒီတော့ ပန်းကလေးမှ လှူဖို့ရန် ခွင့်မပေးဘူးလားဆိုတော့ စစ်ဗိုလ်စစ်သားတွေက-

ဒေတိ အမ္မ= "ပန်းလောက်တော့ကွယ် လှူဖို့ ခွင့်ပေးတယ်သမီးလေး"

ဒီတော့ မင်းသမီးလေးက ငါအောင်နိုင်ပြီဆိုပြီးတော့-

တေနဟိ အပေထ="ဒါဖြင့်ရင်လည်းပဲ ခဏဖယ်ပေးပါ၊ သမီးမြတ်လေးပန်းကုံး ဘုရားလှူချင်လို့"

ဆိုပြီးတော့ ပြောပြောဆိုဆိုပဲ လမ်းထဲရောက်သွား၊ သူတို့ပြောဆိုနေတုန်းပဲ ဝိပဿီဘုရား သံဃာတွေနဲ့ ကြွလာ၊ သေဋ္ဌေးသမီးလေးက ဒူးတုပ်ပြီးတော့ မြတ်လေးပန်းလုံးကြီး မြှောက်ပြီးတော့-

မာလာဂုဠံ ဂဏှထ ဘဂဝါ။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မြတ်လေးပန်းကုံးကို အလှူခံတော်မူပါ"

http:\\www.dhammadownload.com



အဲဒီလို လျှောက်တဲ့အခါ ဝိပဿီမြတ်စွာဘုရားက ပင်ကိုပကတိ မံသစက္ခုခေါ်တဲ့ မျက်စိပေါ့။ ပကတိမျက်စိနဲ့ပဲ မြတ်လေးပန်းကုံးကို ဖောက်ပြီးတော့ အထဲက ရွှေခွက်ကြီးကိုမြင်တယ်။

ဒီဘုရားအလောင်းကို ဝိပဿီလို့ နာမည်မှည့်တာကိုက သူက ထူးဆန်းတာက တစ်ယူဇနာအတွင်းမှာ အကုန်လုံးတံတိုင်းတွေ ဘာတွေ ခြားချင်ခြား၊ ဒါတွေအကုန်ဖောက်ပြီးတော့ ပကတိမျက်စိနဲ့မြင်လို့၊ သူ့ကို ဝိပဿီလို့ နာမည်မှည့်ထားတာ။

အခု မြတ်လေးပန်းကုံးတွေ အထဲက ရွှေဖလားကို ပကတိမျက်စိနဲ့ မြင်တာဖြစ်ပါတယ်။ အသိဉာဏ်မျက်စိနဲ့ မဟုတ်ဘူး။

အဲဒီမှာ မြတ်စွာဘုရားက ကိုယ်တော်ရဲ့အနားက လိုက်ပါလာတဲ့ စစ်ဗိုလ်ကို–

"အဲဒီ မြတ်လေးပန်းကုံးကို ကပ္ပိယအလှူခံလိုက်ပါ"ဆိုတော့ သေဋ္ဌေးသမီးလေးက စစ်ဗိုလ်ရဲ့ လက်ထဲမြတ်လေးပန်းကုံးထည့်ပြီးတော့ ဆုတောင်းတယ်။

"ဤမြတ်လေးပန်းကုံး လှူဒါန်းရတဲ့ ကောင်းမှုကြောင့်ဖြစ်လေရာရာ ဘဝဘဝမှာ ပင်ပင်ပန်းပန်း နွမ်းနွမ်းနယ်နယ် အသက်ရှင်တဲ့ကိုယ် မဖြစ်ပါရစေနဲ့၊ မပင်မပန်း မနွမ်းမနယ် ချမ်းချမ်းသာသာ ဘဝတိုင်း ဘဝတိုင်း 'သုမနာ'ဆိုတဲ့ မြတ်လေးပန်းရဲ့ နာမည်နဲ့ 'သုမနာ'ဆိုတဲ့အမည် ရှိရပါလို၏"ဆုသုံးကြိမ်တောင်းတယ်။

ဝိပဿီဘုရားကလည်း လမ်းမတ်တတ်ဆုကို "ဇဝံဟောတု"ဟု အကျဉ်းချုပ် ဆုပေးတယ်။

သေဋ္ဌေးသမီးပြန်သွားပြီး ဘုရားအမှူးရှိတဲ့ သံဃာစစ်သေနာပတိ အိမ်ရောက်လို့ အားလုံးနေသားတကျ ရှိတဲ့အခါ အိန္ဒိယ ထုံးတမ်းစဉ်လာ အတိုင်း ပထမ ယာဂုကပ်၊ ယာဂုကပ်တော့ မြတ်စွာဘုရားက လက်မခံ

http:\\www.dhammadownload.com



သေးဘူး။ ခုနက စစ်ဗိုလ်ကို "လမ်းကနေပြီးတော့ ရေမရောတဲ့ နို့ဃနာဆွမ်း လှူလိုက်တယ်၊ ဒကာပါတယ်မဟုတ်လား။ အဲဒါကပ်စမ်း"ဆိုတော့ အဲဒီတော့ စစ်ဗိုလ်က မြတ်လေးပန်းကုံးမဟုတ်ဘဲ ရေမရောတဲ့ နို့ဃနာဆွမ်းဆိုတာ သိတယ်။

မြတ်စွာဘုရားက အဲဒီလိုပြောတော့ စစ်သေနာပတိက–

နိသိန္နော ဘန္တေ ဘိက္ခု သံဃော။

"မြတ်စွာဘုရား၊ ရဟန်းသံဃာအားလုံး နေရာတကျဖြစ်ပါပြီ"

သံဃာက အဋ္ဌသဋ္ဌိသတ သဟဿဆိုတော့ ရှစ်သန်းနဲ့ခြောက်သိန်းရှိတယ်။ အဲဒီလို။ အဲဒီလိုများတဲ့ သံဃာတွေမို့လို့ သံဃာတွေအတွက် နေရာမကျသေးဘူးလို့ ထင်ပြီးတော့ မြတ်စွာဘုရားလက်မခံတာပဲ။ သူကပ်တဲ့ ယာဂုကို လက်မခံတာပဲ ဆိုပြီးတော့ သူက ပြောတယ်။

နိသိန္နော ဘန္တေ ဘိက္ခု သံဃော။

"မြတ်စွာဘုရား၊ ရဟန်းသံဃာအားလုံး နေရာတကျဖြစ်ပါပြီ"

သံဃာက အဋ္ဌသဋ္ဌိသတ သဟဿ ဆိုတော့ ရှစ်သန်းနဲ့ ခြောက်သိန်း ရှိတယ်။ အဲဒီလို။ အဲဒ်လိုများတဲ့ သံဃာတွေမို့လို့ သံဃာတွေအတွက် နေရာမကျသေးဘူးလို့ ထင်ပြီးတော့ မြတ်စွာဘုရား လက်မခံတာပဲ။ သူကပ်တဲ့ ယာဂုကို လက်မခံတာပဲ ဆိုပြီးတော့ သူက ပြောတယ်။

နိသိန္နော ဘန္တေ ဘိက္ခု သံဃော။

"မြတ်စွာဘုရား၊ ရဟန်းသံဃာအားလုံး နေရာတကျရှိပါပြီ"

ဒီတော့ မြတ်စွာဘုရားက "လမ်းတုန်းက အမျိုးသမီးတစ်ယောက် လှူလိုက်တဲ့ နို့ဃနာဆွမ်းပါတယ်မဟုတ်လား။ သူက အရင်လှူတာ၊ သူ့ဟာကို အားလုံး သံဃာတွေကို တစ်ဇွန်းစီထည့်ပေး" အဲဒီလို အမိန့်ရှိမှ စစ်ဗိုလ်လုပ်တဲ့သူကလည်း မြတ်လေးပန်းကုံးမဟုတ်၊ အထဲက ရွှေ

http:\\www.dhammadownload.com



ဖလားကို ဒီမှာမှ ကောင်းကောင်းကြီး ကြည့်ပြီးတော့ စစ်သေနာပတိကို မြတ်လေးပန်းကုံးယူလာတဲ့ စစ်ဗိုလ်က-

သာမိ မာလာတိ မံ ဝတွာ မာတုဂါမော ဝဋ္ဋေသိ

(အံ၊ ဠ၊ ၃၊ ၁၄။)

"အရှင်စစ်သေနာပတိ၊ အမျိုးသမီးဟာ တော်တော့်ကို လိမ္မာတဲ့ အမျိုးသမီးပဲ၊ မြတ်လေးပန်းကုံးဆိုပြီးတော့ ကျွန်တော့်ကို တပတ်ရိုက်ပြော လိုက်တာ၊ မြတ်လေးပန်းကုံးမှန်း မသိလို့ ယူခဲ့တယ်ပေါ့။ အထဲထဲက ရေမရောတဲ့ နို့ဃနာဆွမ်းမသိလို့ ယူခဲ့ပါတယ်"ဟု သူ့အပြစ်လွတ်အောင် ပြော။

မြတ်စွာဘုရားက အဲဒီယာဂုကို တစ်ပါးတစ်ဇွန်းကျထည့်၊ ပထမ ထည့်ပေးလိုက်ဆိုလို့၊ တစ်ပါးတစ်ဇွန်း ထည့်ပေးတဲ့အခါ အားလုံး သံဃာ ၈-သန်း ဖြသိန်းအားလုံး နှံ့တယ်။ ဘုရားရဲ့တန်ခိုးကြောင့်။ အဲဒီက ပြီး တော့မှ စစ်သေနာပတိရဲ့ ယာဂုတို့၊ ခဲဖွယ်တို့၊ ဆွမ်းတို့ အစဉ်အတိုင်း ဆက်ကပ်ပြီးတဲ့အခါ အနုမောဒနာ တရားများ ဟောပြီးတော့ ဝိပဿီ ဘုရား၊ ကျောင်းတော်ပြန်ကြွတယ်။

## စစ်သူကြီးကတော်ဖြစ်သွားခြင်း

ဒီတော့မှ စစ်သေနာပတိက အခုနက မြတ်လေးပန်းကုံးယူခဲ့တဲ့ စစ်ဗိုလ်ကို "အဲဒီ မြတ်လေးပန်းကုံးဆိုပြီး ရေမရောတဲ့ နို့ဃနာဆွမ်း လှူ ဒါန်းတဲ့ အမျိုးသမီးဟာ ဘယ်သူတုံးကွယ့် ရဲဘော်တို့"လို့ မေးတော့-

"အို-အရှင်စစ်သေနာပတိ၊ ဤဗန္ဓုမတီမင်းနေပြည်က ကွယ်လွန် တဲ့ သေဌေးကြီးရဲ့သမီးပေါ့။ ကျွန်တော့်ကိုတောင် မြတ်လေးပန်းအိုးဆိုပြီး တော့ တစ်ပတ်ရိုက်ထည့်လိုက်တာ"

အဲဒီမှာ စစ်သေနာပတိက "ရဲဘော်တဲ့၊ ဒီလို အသိဉာဏ်ပညာ

http:\\www.dhammadownload.com



ရှိတဲ့ အမျိုးသမီး အိမ်ထောင်ဦးဖြစ်ရလို့ရှိယင် ဒီအိမ်ထောင်ဦးစီး အမျိုးသားဟာ အပါယ်ဘေးလွတ်ပြီးတော့ နတ်ပြည်၊ လူ့ပြည် သုဂတိဘဝ သံသရာ ရောက်ဖို့ သေချာတယ်ကွယ့်"

အဲဒီလိုပြောပြီးတော့ ဒီသေဋ္ဌေးသမီးကို မိခင်သေဋ္ဌေးကတော်ကြီးထံ ကျေကျေနပ်နပ် တောင်းပြီးတော့ စစ်သေနာပတိကတော်အဖြစ်နဲ့ ထိမ်းမြားတယ်။ ထိုသေဋ္ဌေးသမီးသည် စစ်သေနာပတိအိမ်က ရှိတဲ့ စီးပွားဥစ္စာ၊ မိဘအိမ်က စီးပွားဥစ္စာ၊ နှစ်အိမ်က စီးပွားဥစ္စာကို မလစ်ဟင်းအောင် ထိန်းသိမ်းစောင့်ရှောက်၊ တစ်သက်လုံးဒါန၊ သီလကောင်းမှုများ ပြုပြီး တော့ ထိုဘဝက စုတေ၊ နတ်ပြည်ရောက်၊ ရောက်တယ်ဆိုလို့ရှိရင် သူ နေရတဲ့ ဗိမာန်မှာ ကောင်းကင်က မြတ်လေးပန်းတွေ မိုးရွာချသလို ဖြိုးဖြိုး ဖြန်းဖြန်းကျ၊ အားလုံး နတ်ပြည်က။

အယံ အတ္တနာဝ အတ္တနော နာမံ ဂဟေတွာ အာဂတာ။

"ဤနတ်သမီးဟာ သူ့နာမည်ကို မှည့်ပြီးလာတဲ့ နတ်သမီးကိုး"

အဲဒီလိုပြောပြီး သူ့ကို သုမနာနတ်သမီးလို့ ဒီလိုပဲခေါ်ကြတယ်။

## ကောသလမင်းကြီး၏ သမီးတော်ဖြစ်ခြင်း

နတ်သက်ကြွေ၊ လူ့ပြည်ရောက်လို့ သေဋ္ဌေးသမီးဖြစ်တဲ့ဘဝ မင်းသမီးလေးဖြစ်တဲ့ဘဝမှာလည်းပဲ ထို့အတူပဲ။ သူရယ်လို့ မီးရှူးသန့်စင်ဖွားမြင်လိုက်တယ်ဆိုရင်ပဲ မြတ်လေးပန်းတွေ ကောင်းကင်ကနေပြီး မိုးရွာချသလို ဖြိုးဖြိုးဖြန်းဖြန်း တအံ့တသြပဲ အဲဒီလို မီးရှူးသန့်စင် ဖွားမြင်တယ်။ အားလုံးက ဖခင်ဖြစ်တဲ့ မင်း၊ ဖခင်ဖြစ်တဲ့ သေဋ္ဌေးဟာ ငါ့သမီးဟာ အစိကရ သူ့နာမည် သူမှည့်ပြီးတော့ လာတဲ့သမီးပဲ ဆိုပြီး သုမနာသေဋ္ဌေးသမီး၊ သုမနာမင်းသမီး ဒီလိုပဲ နာမည်သုံးတာ။ ဇာ၁--ကမ္ဘာအပါယ် လေးပါး မလားရောက်ဘဲ ဤဘုရားသာသနာကျတော့ ပသေန

http:\\www.dhammadownload.com



ဒီကောသလမင်းကြီးရဲ့ နန်းတော်မှာ လာပြီးတော့ မီးရှူးသန့်စင်ဖွားမြင်တယ်။

အဲဒီ သူငယ်မကလေး ဖွားမြင်လိုက်တယ်ဆိုရင်ပဲ ကောသလမင်းကြီးရဲ့ နန်းတော်မှာ မြတ်လေးပန်းတွေ ကောင်းကင်က မိုးရွာချသလို ဖြိုးဖြိုးဖြန်းဖြန်း ကျလာလို့ သူ့ကို ကောသလမင်းကြီးက–

"ငါ့သမီး သူ့နာမည်သူမှည့်ပြီးလာတာ၊ 'သုမနာ'လို့ အမည်တွင်ပစေ၊ ငါ့သမီးသည် အဓိကရသမီးဖြစ်တယ်။ တစ်ယောက်တည်းနေမှာမဟုတ်ဘူး။ သူ့ရဲ့အဖော် ဖွားဖက်တော်များလည်းပဲ ပါလိမ့်မယ်" ဆိုပြီးတော့–

"ဒီကနေ့ မီးရှူးသန့်စင်ဖွားမြင်တဲ့ အမျိုးသမီး နန်းတော်မြို့ရိုးအတွင်း၊ မြို့တော်အတွင်း လိုက်ပြီးတော့ ရှာစမ်း"

"ဒီကနေ့ မီးရှူးသန့်စင်ဖွားမြင်တဲ့ သတို့သမီးဘယ်လောက်ရှိတုံးဆိုတော့ အဲဒီမြို့တော်အတွင်းမှာပဲ ဒီကနေ့ မီးရှူးသန့်စင်ဖွားမြင်တဲ့ သတို့သမီးပေါင်း ငါးရာ။ ရှင်ဘုရင်ကောသလမင်းကြီးက ဒီသတို့သမီး ငါးရာကို တော်ကောက်ပြီးတော့ အေး–ကိတ္တိမ မင်းသမီးများအနေနဲ့ မင်းသမီးရဲ့ အဆောင်အယောင်ဖြင့် အထိန်းတော်များ ပေးအပ်ပြီးတော့ တစ်လတစ်ကြိမ်၊ တစ်လတစ်ကြိမ် ငါ့သမီးလေးသုမနာနဲ့ ဒီသမီးတွေ ကိတ္တိမသမီးတွေ တွေ့ပေးရမယ်။ အဲဒီလိုဆိုပြီးတော့ တစ်ယောက်တစ်ယောက်ကို အထိန်းတော်တစ်ယောက်ကျစီ ပေးပြီး မင်းသမိးရဲ့ အဆောင်အယောင်ဖြင့် ကြီးပွားစေခဲ့တယ်။

## ရထားအစီး ငါးရာရ အမျိုးသမီးသုံးယောက်

အသက် ခုနစ်နှစ်၊ ရှစ်နှစ် ဂေါရီအရွယ် ရောက်တဲ့အခါကျတော့ ငါ့သမီးတို့ အရွယ်ရောက်လ–ပြီ၊ ဒီလို သူတို့ကို အဆောင်အယောင် အခမ်းအနားပေးသောအားဖြင့် ရထားအစီးငါးရာ သုမနာမင်းသမီးရယ်

http:\\www.dhammadownload.com



လို့ ခရီးထွက်ရင် ရထားအစီးငါးရာ၊ ဒီအပေါ် နောက်က မင်းသမီးငါးရာ ပါတယ်။ အေး အဲဒီလိုနဲ့ ခရီးထွက်၊ ဘုရားလက်ထက်တုန်းက အမျိုးသမီး နယ်ပယ်မှာ အခုလို အဆောင်အယောင် ရထားအစီးငါးရာရတဲ့ အမျိုး သမီးဟာ သုံးယောက်ရှိတယ်။ တစ်ယောက်က ဗိမ္ဗိသာရမင်းရဲ့ သမီး စုန္ဒီမင်းသမီး၊ တစ်ယောက်က အခု ကောသလမင်းကြီးရဲ့ သမီး သုမနာ မင်းသမီး၊ ဟိုတစ်ယောက်က မေဏ္ဍကသေဋ္ဌေးရဲ့မြေး၊ ဓနဥ္စယသေဋ္ဌေးရဲ့ သမီး၊ နောင်တစ်ချိန်မှာ ပုဗ္ဗာရုံကျောင်းအမလို့ ထင်ရှားတဲ့ ဝိသာခါ။ အဲဒီတုန်းက ဘုရားလက်ထက်တုန်းက ဒီရထား အစီးငါးရာ အဆောင် အယောင်ပါတဲ့ အမျိုးသမီးဟာ သုံးဦးရှိတယ်။

ကောသလမင်းကြီးရဲ့ သမီးတော် ယခုပြောတဲ့သုမနာ၊ ပြီးတော့ ဗိမ္ဗိသာရမင်းကြီးရဲ့ သမီးတော်စုန္ဒီ၊ ဓနဥ္စယ သေဋ္ဌေးရဲသမီး ဝိသာခါလို့ သုံးယောက်ပဲ ဒီလိုကြီးပြင်းလာကြတာ။ အဲဒီလို အဆောင်အယောင်ရ တာ သုံးယောက်ပဲ။ ဒီလိုနေရာက သူတို့ ၉နှစ်၊ ၁၀နှစ်သမီးရောက်တဲ့ အခါ အနာထပိဏ်သေဋ္ဌေးရဲ့ ဇေတဝန်ကျောင်းတော်ကို ဘုရားအမှူးရှိ သော သံဃာအား လှူဖို့ရန် မြတ်စွာဘုရားကို ဟိုရာဇဂြိုဟ်က ပင့်ခဲ့ပြီး တော့ လမ်းမှာ တစ်ယူဇနာ တစ်ယူဇနာမှာ ခေတ္တစံကျောင်းတောင်တွေ ဆောက်ပြီးတော့ ဘုရားအမှူးရှိတဲ့ သံဃာဟာ ထိုစံကျောင်းဆောင်တွေ မှာ တည်းခိုပြီးတော့ ဇေတဝန်ကျောင်း အလှူခံဖို့ ကြွလာ။

နေ့စဉ် နေ့စဉ် မြင်းစေကျော်တွေနဲ့ သတင်းပို့၊ ဘယ်ရောက်ပြီ၊ ဘုရားအမှူးရှိတဲ့ သံဃာဘယ်ရောက်ပြီ။ အဲဒီလိုပို့လို့ နက်ဖြန် ဘုရားအမှူး ရှိတဲ့ သံဃာ သာဝတ္ထိပြည်ရောက်တော့မယ်ဆိုတော့ အနာထပိဏ် သေဋ္ဌေးက ပသေနဒီ ကောသလမင်းကြီးထံသွား၊ သမီးတော် သုမနာ မင်းသမီးကို အဆောင်အယောင်မင်းသမီး ငါးရာနဲ့ ဘုရားပင့်ဖို့ရာအတွက် ခွင့်ပေးပါဆိုတော့ ကောသလမင်းကြီးကလည်း "သေဋ္ဌေးကြိုက်သလိုပဲ စီမံပါ" ကျေကျေနပ်နပ်ပဲ ခွင့်ပေး။ အဲဒီမှာ သုမနာမင်းသမီး အမှူးပြုတဲ့

http:\\www.dhammadownload.com



မင်းသမီး ငါးရာ၊ ပြီးတော့ သာဝတ္ထိပြည်တွင်းက သေဌေးသမီး ငါးရာ၊ ပြီးတော့ သေဌေးကတော် ငါးရာ၊ အခြံအရံဖြစ်တဲ့ သေဌေးငါးရာ အားလုံး ပရိသတ်နှစ်ထောင်နဲ့ သာဝတ္ထိပြည်နယ်စပ်က ဘုရားအမှူးရှိတဲ့ သံဃာ ကြွအလာကို သွားစောင့်။

နေ့အချိန်လောက်ရောက်တော့ သာဝတ္ထိပြည်နယ်စပ်ရောက်ပြီ။ လမ်းမတ်တတ် မြတ်စွာဘုရားရောက်တယ်ဆိုရင် ဝတ်ပြုကြတော့ မတ်တတ် တရားဟောလို့ ထိုနှစ်ထောင်သော ပုဂ္ဂိုလ်များဟာ သောတာပတ္တိ မဂ်ဉာဏ်ဖိုလ်ဉာဏ်ပေါက်ပြီးတော့ သောတာပန်အရိယာအဖြစ် ရောက် ကုန်ကြတယ်။ မြတ်စွာဘုရားသည် သားတော်သမီးတော် အရိယာ နှစ်ထောင် ခြံရံပြီးတော့ ရဟန်းတော်ပေါင်း နှစ်သောင်းနဲ့ သာဝတ္ထိကို ရောက်တော့ ဇေတဝန်ကျောင်းတော်ကို အလှူခံတယ်။ ထိုအချိန်က စပြီးတော့ သုမနာမင်းသမီးဟာ သောတာပန်အရိယာဖြစ်ပြီးတော့ မြတ်စွာဘုရားဟာ သူ့ရဲ့ ခမ္မခမည်းတော်၊ ကောသလမင်းကြီးသည် လောက ဖခမည်းတော်၊ သည်အနေနဲ့ ကျောင်းတော် မပြတ် မပြတ်သွားတယ်။

## ဒါနပြုတဲ့ရဟန်းနှင့် မပြုတဲ့ရဟန်း

အဲဒီလို နေရင်းထိုင်ရင်းနဲ့ တစ်နေ့အကြောင်းထူးတစ်ခုဖြစ်လာ တယ်။ ဘယ်လိုလဲဆိုတော့ သူကလည်းပဲ အတိတ်က အကြောင်း ့လာ ခဲ့တယ်။ ကဿပမြတ်စွာဘုရားသာသနာမှာ သူငယ်ချင်းရဟန်းနှစ်ပါး ရှိကြတယ်။ တစ်ပါးက သာရဏီယဒါနဝတ်ဖြည့်ကျင့်တယ်။ တစ်ပါးက ဘတ္တဂ္ဂဝတ် ဖြည့်ကျင့်တယ်။

သာရဏီယဒါနဝတ် ဆိုတာဟာ အရဏ်တက်တယ်ဆိုရင် မြို့ထဲ ရွာထဲ တစ်ပါးတည်းဆွမ်းခံ၊ အဲဒီသပိတ်ထဲမှာ ဆွမ်းပြည့်ပြည့်စုံစုံ ရတယ် ဆိုရင် ကျောင်းပြန်၊ သံဃာ့ထေရ်ကြီးက စပြီးတော့ ဆွမ်းလှူခံပါဘုရား၊ အဲဒီလို မိမိရတဲ့ဆွမ်းကို အဲဒီလို သီတင်းသုံးဖော်တို့အား လှူပြီးတော့ ဒီ

http:\\www.dhammadownload.com



ဝိနည်းသဘောက၊ သာသနာသဘောက ရဟန်းတော်အဖြစ်နဲ့ အဲဒီလို ဆွမ်းကို ပင်ပန်းကြီးစွာ ခံပြီးတော့ လှူတဲ့ပုဂ္ဂိုလ်ဟာ သာရဏီယဒါနဝတ် ဖြည့်ကျင့်တဲ့ ပုဂ္ဂိုလ်၊ အားလုံးသိရတယ်။

သာရဏီယဒါနဝတ် ဖြည့်ကျင့်တဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိရင် သူက လှူသော်လည်းပဲ အကုန်လုံး အလှူမခံရဘူး။ နှစ်လုတ် သုံးလုတ်စာ လောက် အလှူခံပြီးပြီဆိုရင်ပဲ အောက်ကို ဆက်ပြီးတော့ လှူပါတော့လို့ အဲဒီ နှစ်လုတ်သုံးလုတ်ပဲ အလှူခံရတယ်။ အဲဒီလို တစ်ပါးတစ်ပါး ဆွမ်း နှစ်လုတ် သုံးလုတ်စာ လှူလိုက် လောင်းလိုက်လို့ သပိတ်ထဲပါတဲ့ ဆွမ်း ဟာ ကုန်သွားရင် အချိန်ရှိသေးရင် မြို့ထဲ ပြန်ပြီး ဆွမ်းခံ၊ အချိန်မရှိ တော့ဘူးဆိုရင် မိမိလည်း မစားဘဲနဲ့ တစ်နေ့လုံး ဒီဆွမ်းကို ငါသာရဏီယ ဒါနဝတ်ဖြည့်ရပြီလို့ ပီတိသောမနဿကို အစားသဖွယ် သဘောထား ပြီးတော့ ရဟန်းတရားများကို ပွားများကြိုးကုတ် အားထုတ်၊ အဲဒီပုဂ္ဂိုလ်ကို သာရဏီယဒါန ဝတ်ဖြည့်တဲ့ ပုဂ္ဂိုလ်ရယ်လို့ သာသနာက အသိအမှတ်ပြု ရတယ်။

ထိုကိုယ်တော်ရဲ့ သူငယ်ချင်း ရင်းနှီးတဲ့ ကိုယ်တော်ကတော့ လည်းပဲ သူ့ကို ဘတ္တဂ္ဂဝတ် ဖြည့်တဲ့ ကိုယ်တော်လို့ ခေါ်တယ်။ ဘတ္တဂ္ဂဝတ် ဆိုတာ ဆွမ်းစားကျောင်း၌ ဆွမ်းအလှူခံရင် မိမိသပိတ်ထဲမှာ မျှရုံပဲ အလှူခံရတယ်။ မျှရုံ အလှူခံပြီး မိမိထေရ်စဉ်အလျောက် ရောက်တဲ့ နေရာမှာ သွားစားရတယ်။ ထို့အတူပဲ အဲဒီပုဂ္ဂိုလ် ဒီဆွမ်းစားကျောင်း ဆွမ်း အလှူမရှိရင်လည်း မြို့ထဲသွား ဆွမ်းခံ၊ ရွာထဲသွား ဆွမ်းခံ၊ မိမိမျှတရုံ ရရင် ကျောင်းပြန်၊ မိမိမျှတရုံ ဆွမ်းကို စားပြီး သပိတ်ဆေးကျောပြီးတော့ ရဟန်းတရားနဲ့ နေတယ်။

အဲဒီလိုနေတဲ့ သူငယ်ချင်းနှစ်ပါး ဒါနကောင်းမှုပြုတဲ့ သူငယ်ချင်း က ဒီလို ဘတ္တဂ္ဂဝတ် ခေါ်တဲ့ ဆွမ်းစားကျောင်းမှာ ကျင့်တဲ့ ဝတ်အကျင့်မျိုး ကို ကျင့်တဲ့ သူငယ်ချင်း သူ့ကို ပြောတယ်။

http:\\www.dhammadownload.com



"ကိုယ်တော် ကိုယ်တော်တို့၊ တပည့်တော်တို့ ဒီဘ၀ အရဟတ္တဖိုလ်ပေါက်လို့ သံသရာဝဋ်က ကျွတ်လွတ်ရင် တော်၏။ အရဟတ္တဖိုလ်မပေါက် မရောက်သေးရင် ဘ၀သံသရာခရီး သွားရလိမ့်မယ်။ ဘ၀ခရီးသွားရင် ဒါနကောင်းမှုကုသိုလ်မပါရင် ရိက္ခာမပါဘဲနဲ့ ခရီးသွားခဲ့ရင် ဒုက္ခရောက်သလို ဒါနကောင်းမှုကုသိုလ်မပါဘဲ သံသရာခရီးသွားရင် ဒုက္ခရောက်တတ်တယ်။ အဲဒီတော့ ကိုယ်အကြောင်းညီညွတ်သလောက် လှူပေါ့" သာရဏီယ ဒါနဝတ်သမားက သူက လှူခဲ့ပြီးတော့ သူငယ်ချင်းကိုလည်းပဲ လှူစေချင်တယ်။

သူ့သူငယ်ချင်း ဘတ္တာဂ္ဂဝတ်သမားကလည်းပဲ လှူဖို့ ပေးဖို့ ကမ်းဖို့စိတ်ကို မရှိဘူး။ အဲဒီတော့ ဘာပြောလဲ။

"သူငယ်ချင်းတဲ့။ သာရဏီယ ဒါနဝတ် ဖြည့်တယ် ဖြည့်တယ်ဆိုပြီးတော့ ဒကာ ဒကာမများ သဒ္ဓါသဖြင့် လှူဒါန်းတဲ့ သဒ္ဓါဒေယျဆွမ်းများကိုဖရိုဖရဲကြဲအောင် ပြုလုပ်တာမျိုး ဖြစ်ပြီးတော့ သဒ္ဓါဒေယျဝိနိပါတ ဒုက္ကဋ်အာပတ်များ သင့်နေပါဦးမယ် ကိုယ်တော်၊ တပည့်တော်မလှူချင်ဘူး"

အမှန်တော့ သဒ္ဓါဒေယျဝိနိပါတဒုက္ကဋ်အာပတ်ဆိုတာ ဒကာ ဒကာမတို့က လှူတဲ့ဆွမ်းကို သဒ္ဓါဒေယျ ဆွမ်း၊ အဲဒီ သဒ္ဓါဒေယျဆွမ်းကို ရဟန်း ယောကျ်ား၊ ရဟန်းမိန်းမ၊ သာမဏေယောကျ်ား၊ သာမဏေမိန်းမ၊ သိက္ခမာန်=သတင်းသုံးဖော် ငါးဦး၊ အမိရယ်၊ အဖရယ်၊ ပြီးတော့ သူတစ်ပါးအထံမှာ မှီခိုကပ်ရပ်နေရတဲ့ ဆင်းရဲသားရယ်။ အဲဒီရှစ်မျိုးကို လှူနိုင်တယ်။ ပေးနိုင်တယ်။ ဒကာ ဒကာမလှူတဲ့ ဆွမ်း၊ အဲဒီရှစ်မျိုးက လွဲခဲ့ရင် ပေးမယ့် ပုဂ္ဂိုလ်ကို လောကွတ်ချော်ပြီးတော့ ထမင်းစားပါဆိုလို့ အဲဒီလိုပြောရင် သဒ္ဓါဒေယျ ဝိနိပါတဒုက္ကဋ်အာပတ်သင့်တယ်လို့ ဝိနည်းက ရှိတယ်။

http:\\www.dhammadownload.com



အခု ကိုယ်တော်က မလျှချင်တဲ့ ကိုယ်တော်ဆိုတော့ ဝါးလုံး သိမ်းရိုက်ပြီး "ကိုယ်တော်၊ သာရဏီယဒါနဝတ်ပြုတယ်ပြုတယ်နဲ့ ဒကာ ဒကာမတွေ သဒ္ဓါသဖြင့် လှူအပ်တဲ့ သဒ္ဓါဒေယျစွမ်းကို ဖရိုဖရဲကြဲ အောင် ပြုလုပ်တဲ့အတွက် သဒ္ဓါဒေယျ ဝိနိပါတ ဒုက္ကဋ်အာပတ်များ သင့်နေဦး မယ်ကိုယ်တော်၊ တပည့်တော် မလျှချင်ဘူး" သူကလည်း မလျှချင်တော့ ပြော၊ အဲဒီပြောတော့ တစ်ယောက် တစ်ယောက်ပြောလို့ မရတော့ သာရ ဏီယဒါနဝတ်သမားက–

"မလျှချင်လည်းပဲ နေပေါ့ကိုယ်တော်၊ တစ်ပါးတစ်ပါး မေတ္တာ မပျက်ကြစတမ်း"ဆိုပြီးတော့ အတူတကွ တစ်သက်လုံးနေ၊ ထိုဘဝက စတော၊ ပုထုဇဉ်ဘဝနဲ့ စတေလို့ နတ်ပြည်သွားဖြစ်၊ သူတို့ကို သမဏ နတ်သားလို့ ခေါ်တယ်။

## မင်းသားနှင့် အထိန်းတော်သား

ကဿပမြတ်စွာဘုရား သာသနာကနေပြီးတော့ ယခုဂေါတမဗုဒ္ဓ ပွင့်ထွန်းတော်မူလာတဲ့ အချိန်ကျအောင် အန္တရကပ် တစ်ကပ်သာသာ အဲဒီမှာ သူတို့နှစ်ယောက်တစ်ယောက်က ပသေနဒီကောသလမင်းကြီးရဲ့ နန်းတော်မှာ မင်းသားလေးလာဖြစ်၊ သာရဏီယဒါနဝတ် ဖြည့်ကျင့်တဲ့ ရဟန်းက မင်းသား၊ ကောသလမင်းကြီးရဲ့ သားတော်လေး လာဖြစ်ရ တယ်။ တစ်ခါ ဘတ္တဂ္ဂဝတ် ဖြည့်ကျင့်တဲ့ သမဏနတ်သားက နန်းတော်မှာ ပဲ အထိန်းတော်တစ်ယောက်ရဲ့သား လာဖြစ်၊ တစ်နေ့တည်း မီးရှူးသန့်စင် ဖွားမြင်တဲ့ သူတို့နှစ်ယောက်ပါရမီ ဖြည့်ကျင့်ဘက် နေလိမ့်မယ်ဆိုပြီးတော့ နှစ်ယောက်စလုံးကိုပဲ ကင်ပွန်းတပ်တဲ့ မင်္ဂလာပွဲ ပေါင်းပြီးတော့ လုပ်မယ် ဆိုပြီး ကောသလမင်းကြီးရဲ့ နန်းတော်မှာ နက်ဖြန်ခါ ဒီကလေး နှစ် ယောက်ကို ကင်ပွန်းတပ်မယ်ဆိုပြီးတော့ မောင်းမမိဿံတွေ ကလေးနှစ် ယောက်အခန်းထဲမှာထားပြီး၊ ပြင်ဘက်ထွက်ပြီးတော့ ဝေယျာဝစ္စများ

http:\\www.dhammadownload.com



ပြုလုပ်နေတဲ့အချိန် မင်းသားလေးကနေ ပလ္လင်ပေါ် အောက်က ပိုးဖဲကတ္တီပါများ ခင်းလို့ အပေါ်က ထီးဖြူအုပ်လျက်၊ အဲဒီအထက်က မျက်နှာကြက်မှာ အဲဒီဥစ္စာတွေ ခုနစ်ရက်သားလေး ခေါင်းလေး လှုပ်တုပ်လှုပ်တုပ်နဲ့ မျက်စိ မှိတ်တုတ်မှိတ်တုတ် ဟိုကြည့်ဒီကြည့်နဲ့ ကြည့်ရင်းက အပေါ်က ထီးဖြူတော်နဲ့ မျက်နှာကြက်ကို မြင်ရတော့-

"သြော်...ငါ နန်းတော်တစ်ခုမှာ လာပြီးတော့ မင်းသားလာဖြစ်တာပဲ"

အောက်ကို လှမ်းကြည့်လိုက်တော့ ပိုးဖဲကတ္တီပါ ဒီအောက်က ပလ္လင်တော်နဲ့ 'ယခုလို လူလာဖြစ်အောင် ဘယ်ကောင်းမှုက ကျေးဇူးပြုတာလဲ" ဒီကလေးက စဉ်းစားတယ်။

ဇာတိဿရဉာဏ် ရပြီးတော့ ကဿပမြတ်စွာသာသနာခေတ်တုန်းက သာရဏီယဒါနဝတ် ဖြည့်ကျင့်ခဲ့လို့ ယခုလို မင်းမျိုး လူလာဖြစ်တာ သိ၊ ဒါ အဘိညာဏ်မဟုတ်ဘူး။ ဇာတိဿရဉာဏ်နဲ့ သိတယ်။

"အဲဒီတုန်းက ငါပြောတယ်။ ဒါနကောင်းမှု ပြုပါ၊ သဒ္ဓါဒေယျဝိနိပါတဒုက္ကဋ်အာပတ်နဲ့ ဆင်ခြေပေးပြီးတော့ မလှူမတန်းခဲ့တဲ့ ငါ့သူငယ်ချင်း ဘယ်နေပါလိမ့်"

အဲဒီလို စဉ်းစားလိုက်တော့ သူ့ဘေးနားမှာ ရှေးကလည်း ဒါနမပါတဲ့ သမဏနတ်သားဘဝက လာတဲ့ ကလေးက အထိန်းတော်ရဲ့ သားကလေးဖြစ်ပြီး ကွပ်ပျစ်ခုံ ကွပ်ပျစ်ပေါ် အဝတ်ကြမ်းလေး ခင်းပြီးတော့ သူ့ကို သိပ်ထားတာ တွေ့တယ်။

အဲဒီမှာတင် မင်းသားကလေးက ဘာပြောလဲ။

အမ္ဘ တွံ မမ ဝစနံ မာကာသိ။

"မိတ်ဆွေ၊ မင်းက ငါ့စကားမှ နားမှမထောင်ဘဲကိုး"လို့ ပြောတယ်။

http:\\www.dhammadownload.com



အဲဒီတော့ အောက်က သူကလည်းပဲ ဇာတိဿရဉာဏ်နဲ့ အို– သူက လွန်ခဲ့တဲ့ဘဝ ကဿပမြတ်စွာဘုရားသာသနာမှာ သူက ဘတ္တဂ္ဂဝတ်သမား၊ ဒီမင်းသားလေးက အဲဒီတုန်းက သာရဏီယ ဒါနဝတ်သမားဖြစ်ခဲ့တာ။ သူကလည်းပဲ ဇာတိဿရဉာဏ်နဲ့ ရပြီးတော့ သိတယ်။ "မင်း ငါပြောတဲ့အတိုင်း မလုပ်ဘဲကိုး"လို့ ဆိုလိုက်တော့ အောက်က လူကနေပြီး မလျှော့ဘူး။ အစအဆုံး အထက်အောက်–

"မင်းစကား နားမထောင်လို့ ဘာဖြစ်လဲ"တဲ့။ မာမာပဲ။

မင်းသားလေးက ပြောတယ်။

"မင်းကွာ၊ အခုလည်း မာမာဆိုတော့ ကဿပမြတ်စွာဘုရားသာသနာမှာ အတူတကွ ရဟန်းဖြစ်တုန်းက ငါမင်းကို ပြောတော့ သဒ္ဓါဒေယျ ဝိနိပါတ ပြောပြီးတော့ မင်းရှောင်ခဲ့တယ်။ ငါ ဒါနပြုဖို့ တိုက်တွန်းတုန်းက။ အဲဒီတော့ မင်း အခုကျတော့ ငါ့လို ဒါမပါတဲ့အတွက် လူဖြစ်တာတောင် အထိန်းတော်ရဲ့သားလေး ဖြစ်နေ၊ ယခုလို ဆင်းဆင်းရဲရဲဖြစ်ရတာပေါ့။ ငါ့မယ် ဒါနကောင်းမှုကြောင့် ဟော ပလ္လင်ပေါ်မှာ ပိုးဖဲကတ္တီပါတွေခင်း၊ အပေါ်က ဖုံမကျအောင် ထီးဖြူအုပ်၊ မျက်နှာကြက်မိုး၊ မင်း ငါပြောတုန်းက ဒါနကောင်းမှု မပြုခဲ့တဲ့မင်း၊ အထိန်းတော်သားလေး ဖြစ်ပြီးတော့ နေရတယ်။ မင်း ဒါတောင် မလျှော့သေးဘူး"ဆိုတော့ အထိန်းတော်သားလေးက မလျှော့ဘူး၊ ထပ်ပြီးတော့–

"သူငယ်ချင်း၊ မင်းက မင်းသားဖြစ်ပကောလို့ စိတ်ထဲမှာ မင်းက စိတ်ကြီး မဝင်သင့်ပါဘူး"တဲ့။

အဘိဓမ္မာသဘော ပြောရင် မင်းရဲ့ ပလ္လင်ပေါ်မှာ ခင်းတဲ့ ပိုးဖဲကတ္တီပါကော၊ ငါ့ကွပ်ပျစ်ပေါ်မှာ ခင်းတဲ့ အဝတ်ရေဟာ အဘိဓမ္မာသဘောနဲ့ ပြောရင် ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ=အဝိနိဗ္ဘောဂ ရုပ်ရှစ်ပါးပါပဲ...

http:\\www.dhammadownload.com



တဲ့။ လောကဝေါဟာရမှာက ပလ္လင်တဲ့။ ကွပ်ပျစ်တဲ့၊ အရေအဆင်း အနိမ့်အမြင့်ဖြစ်ကြတယ်။ ပရမတ္ထ မျက်စိနဲ့ ကြည့်ရင် ဘာမှ မခဲယဉ်းဘူး။ မင့် ပလ္လင်ရော၊ ငါ့ကွပ်ပျစ်ရော၊ မင်းရဲ့ ပိုးဖဲကတ္တီပါရော၊ ငါ့ရဲ့စောင်ကြမ်းကလေးရော အတူတူပါပဲကွယ်...တဲ့။ အဋ္ဌကလာပ်ရုပ် ဒါပါပဲ။ အဲဒီလိုပြောတယ်။

## နတ်ဖြစ်လည်း ထူး

ဒီကလေးနှစ်ယောက် စကားသံစကတည်းက ဟိုဘက်အခန်းထဲက သုမနာ မင်းသမီးလေးက–

"ဟဲ့–ဟိုဘက်က ငါ့မောင်လေးတွေ စကားပြောတယ်။ ဘယ်သူမှ အထဲမှာ မရှိဘူး။ ဝေယျာဝစ္စလုပ်နေကြတဲ့အချိန်"

အဲဒါနဲ့ သုမနာမင်းသမီးလေးက သူတို့နှစ်ယောက်ပြောတဲ့ တံခါးပေါက်လာပြီး အသံမပေးဘဲ သူတို့ပြောတာကို နားထောင်တယ်။ "ဩော်...သူတို့ သမဏနတ်သားဘဝက လာတာပဲကိုး" သူတို့စကားသိပြီး အကြောင်းအကျိုး မြတ်စွာဘုရား သွားလျှောက်ဆိုပြီးတော့ သုမနာမင်းသမီး ရထားအစီးငါးရာနဲ့ သာဝတ္ထိပြည်က ထွက်ပြီး ဇေတဝန်ကျောင်းတော်သွား၊ ရထားနဲ့ သွားနိုင်သလောက်သွားပြီး ရထားက ဆင်း၊ မင်းသမီးငါးရာနဲ့၊ အေး–ဓမ္မသာလာ ဓမ္မာရုံအတွင်းမှာရှိတဲ့ ဘုရားဆီသွား၊ ရှိသေမြတ်နိုး၊ လက်အုပ်မိုး ရှိခိုး၍ အပြစ်ခြောက်ပါး လွတ်ရာအရပ်၌ ထိုင်နေပြီးတော့ လျှောက်တယ်။

ဣဓဿု ဘန္တေ ဘဂဝတော ဒွေ သာဝကာ သမသဒ္ဓါ သမသီလာ သမပညာ။

(အံ၊ ၂။ ၂၇)

"မြတ်စွာဘုရား...တဲ့ ဤလောကမှာ သဒ္ဓါတရားလည်း တူတယ်။ အကျင့်သီလ အသိဉာဏ်ပညာလည်း တူတယ်ဆိုတဲ့ မြတ်စွာ

http:\\www.dhammadownload.com



ဘုရားရဲ့ တပည့်သားနှစ်ယောက် ရှိတယ်ဆိုပါစို့။

ဧကော ဒါယကော ဧကော အဒါယကော။

"သူတို့နှစ်ယောက်မှာ သူက သဒ္ဓါတရား၊ သူက အသိဉာဏ် ပညာတရား ရှိတာချင်း အတူပဲထား၊ ထူးခြားချက်ကတော့– ဧကော ဒါယကော ဧကော အဒါယကော= ' တစ်ယောက်က ဒါနကောင်းမှုပြု ခဲ့တဲ့ ပုဂ္ဂိုလ်၊ တစ်ယောက်က ဒါနကောင်းမှု မပြုခဲ့တဲ့ ပုဂ္ဂိုလ် ဆိုကြပါ စို့ဘုရား…"

တေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇေယျုံ။

"သေလို့ လူ့ဘဝကိုယ်ခန္ဓာ ပျက်ကြွေ၊ နတ်ပြည်မှာ သွားဖြစ်ကြ မယ်ဆိုပါစို့"

ဒေဝဘူတာနံ ပန နေသံ ဘန္တေ သိယာ ဝိသေသော၊ သိယာ နာနာကရဏံ။

မြတ်စွာဘုရား၊ အဲဒီလို နတ်ပြည်ရောက်တဲ့ ထိုထိုနှစ်ယောက် ထူးခြားချက်၊ ကွဲပြားချက် ရှိမလား။ ဒါနကောင်းမှု ပါခဲ့တဲ့နတ်၊ ဒါန ကောင်းမှုကုသိုလ်မပါခဲ့တဲ့နတ် ထူးခြားချက်ရှိသလား"လို့ မေး။ မြတ်စွာ ဘုရားက ဖြေတယ်။

သိယာ သုမနေ="ထူးခြားချက် ရှိနိုင်တယ်"

ယော သော သုမနေ ဒါယကော၊ သော အမုံ အဒါယကံ ဒေဝ ဘူတော သမာနော ပဉ္စဟိ ဌာနေဟိ အဓိဂဏှာတိ ဒိဗ္ဗေန အာယု နာည ဒိဗ္ဗေန ဝဏ္ဏေန ဒိဗ္ဗေန သုခေန ဒိဗ္ဗေန ယသေန ဒိဗ္ဗေန အာဓိပတေယျေန။

"အို–ချစ်သမီး သုမနာ၊ ဒီ နတ်ဖြစ်ကြတဲ့အခါမှာလည်းပဲ ဒါန

http:\\www.dhammadownload.com



ကောင်းမှုကုသိုလ် ပါခဲ့တဲ့နတ်နဲ့ ဒါနကောင်းမှုကုသိုလ် မပါတဲ့ နတ်တို့ရဲ့ ထူးခြားချက် ရှိတယ်။ ဘယ်လိုလဲ။ ဒါနကောင်းမှုကုသိုလ်ပါတဲ့ နတ်က ဒါန ကောင်းမှုကုသိုလ်မပါတဲ့ နတ်ထက် နတ်သက်လည်း ပိုပြီးတော့ ရှည်တယ်။ ပြီးတော့ နတ်အဆင်းအားဖြင့်လည်း ပိုပြီး လှပတယ်။ အခြွေအရံ ပရိသတ်အနေလည်းပဲ ဒါနကောင်းမှုကုသိုလ်ပါတဲ့ နတ်သားက ဒါနကောင်းမှုကုသိုလ်မပါတဲ့ နတ်သားထက် အေး–အခြွေအရံ ပရိသတ် ပေါများပြီးတော့ ဒါနကောင်းမှုကုသိုလ်ပါတဲ့ နတ်က သုခဝေဒနာ ချမ်းချမ်းသာသာ ခံစားရတဲ့ နေရာမှာလည်းပဲ ဒါန ကောင်းမှုကုသိုလ်မပါတဲ့ နတ်ထက် သာလွန်မြင့်တယ်၊ တင့်တယ်၊ လွှမ်းမိုးနိုင်တယ်။ တစ်ဖန် ဒါနကောင်းမှုကုသိုလ်ပါတဲ နတ်က ဒါနကောင်းမှုကုသိုလ်မပါတဲ့ နတ်ထက် နတ်တို့ရဲ့ ရာထူးဂုဏ်သိန်မြင့်မားတယ်။ ချစ်သမီး သုမနာ၊ အခုပြောခဲ့တဲ့အတိုင်း ဒါန ကောင်းမှုကုသိုလ်ပါတဲ့ နတ်က ဒါနကောင်းမှုကုသိုလ်မပါတဲ့ နတ်ကို ငါးဌာနတို့ဖြင့် သာလွန်ပြီးတော့ တင့်တယ်၊ လွှမ်းမိုးနိုင်တယ်ချစ်သမီး...။

## လူဖြစ်လည်း ထူး

သုမနာမင်းသမီးက–

သစေ ပန တေ ဘန္တေ တတော စုတာ ဣတ္ထတ္တံ အာဂစ္ဆန္တိ၊ မနုဿဘူတာနံ ပန နေသံ ဘန္တေသိယာ ဝိသေသော သိယာ နာနာကရဏံ။

(အံ၊ ၂၊ ၂၇။)

"မြတ်စွာဘုရား–တဲ့။ သူတို့နှစ်ယောက် နတ်သက်ကြွေ လူ့ပြည်မှာ လာဖြစ်ကြတဲ့အခါမှာလည်းပဲ ဒါနကောင်းမှုကုသိုလ်ပါတဲ့လူနဲ့ ဒါန ကောင်းမှုကုသိုလ်မပါတဲ့လူ ထူးခြားချက်ရှိသလား။

မြတ်စွာဘုရားက–သိယာ သုမနေ="ရှိတယ် ချစ်သမီး သုမနာ"

http:\\www.dhammadownload.com



ဒါန ကောင်းမှုကုသိုလ်ပါတဲ့လူက ဒါနကောင်းမှုကုသိုလ်မပါတဲ့ လူထက် လူ့ဘဝ အသက်ရှည်ပြီးတော့ သာလွန်မြင့်တယ်။ တင့်တယ်၊ လွှမ်းမိုးနိုင်တယ်။ စည်းစိမ်မှာလည်း ပိုပြီးမြင့်မားတယ်။ ဒါန ကောင်းမှု ကုသိုလ်ပါတဲ့လူက ဒါနကောင်းမှုကုသိုလ် မပါတဲ့လူထက် ရာထူး ဂုဏ်သိန် မြင့်မားတယ်။ ဤနည်းအားဖြင့် ငါးဌာန သာလွန်မြင့်တယ်။ ဒါန ကောင်းမှုကုသိုလ်ပါတဲ့လူက တင့်တယ်။

## ရဟန်းဖြစ်လည်းထူး

ဒီတော့ သုမနာမင်းသမီးက ဆက်လျှောက်တယ်။

သစေ ပန တေ ဘန္တေ ဥဘော အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇေတ္တိ၊ ပဗ္ဗဇိတာနံ ပန နေသံ ဘန္တေ သိယာ ဝိသေသော သိယာ နာနာကရဏံ။

(အံ၊ ၂၊ ၂၇။)

"မြတ်စွာဘုရား၊ သူတို့နှစ်ယောက် သာသနာ့ဝန်ထမ်း ရဟန်းပြုကြတဲ့အခါမှာ ဒါနကောင်းမှုကုသိုလ်ပါတဲ့ ရဟန်းနဲ့ ဒါနကောင်းမှု ကုသိုလ်မပါတဲ့ ရဟန်းထူးခြားချက် ရှိပါသလား။

မြတ်စွာဘုရားက–

သိယာ သုမနေ။

"ရှိတယ် ချစ်သမီး သုမနာ"

ဒါနကောင်းမှုကုသိုလ်ပါတဲ့ ရဟန်းက ဒါနကောင်းမှုမပါတဲ့ ရဟန်းကို ငါးဌာနတို့ဖြင့် သာလွန်မြင့်တယ်။ တင့်တယ်လွှမ်းမိုးနိုင်တယ်။ ဒါနကောင်းမှုကုသိုလ်ပါတဲ့ ရဟန်းကျတော့ ဒကာ ဒကာမတွေက သက်နှုန်း လှူဦးတော့ "တပည့်တော်တို့ ချီးမြှောက်သဖြင့် တပည့်တော်တို့ သင်္ကန်း ဝတ်ရုံသုံးဆောင်တော်မူပါဘုရား"

http:\\www.dhammadownload.com



အဲဒီလို အတောင်းပန်ခံရပြီးမှ ဒကာ ဒကာမလှူတဲ့ သင်္ကန်းကို ဝတ်ရတယ်။ ဆွမ်းလှူတဲ့အခါလည်းပဲ ဒီအတိုင်းပဲ။

"တပည့်တော်တို့ ချီးမြှောက်သဖြင့် တပည့်တော်တို့ လှူတဲ့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပါဘုရား" လို့ အဲဒီလို အများအားဖြင့် အတောင်းပန်ခံရပြီးမှ ဒကာ ဒကာမလှူတဲ့ ဆွမ်းကို စားရတယ်။ ဆေးပစ္စည်းလှူဦးတော့၊ "တပည့်တော်တို့ ချီးမြှောက်သဖြင့် တပည့်တော်တို့ လှူတဲ့ ဆေးပစ္စည်းကို မှီဝဲသုံးဆောင်တော်မူပါဘုရား"လို့ အတောင်းပန်ခံရပြီးမှ ဆေးပစ္စည်းကို သုံးဆောင်ရတယ်။

သတင်းသုံးဖော် သံဃာတော်ချင်းလည်းပဲ ဒါနကောင်းမှုကုသိုလ်ပါတဲ့ ရဟန်းကျတော့ သတင်းသုံးဖော် သံဃာတော်တွေက နှစ်သက်ဖွယ်သော ကာယကံ၊ ဝစီကံ၊ မနောကံ အမူပြုကြ၊ ပြောကြ၊ ကြံစည်ကြတဲ့ အပြင် သတင်းသုံးဖော် သံဃာတော်ချင်း သင်္ကန်း၊ ထီး၊ ဖိနပ်၊ အသုံးအဆောင် ပေးကြတဲ့အခါမှာလည်းပဲ ဒါနကောင်းမှုကုသိုလ်ပါတဲ့ ရဟန်းကျတော့ သတင်းသုံးဖော်ချင်းကလည်းပဲ မွန်မြတ်တဲ့ အသုံးအဆောင်ကို ပေးတယ်တဲ့။ အဲဒီလို ငါးဌာန သာလွန်မြင့်တယ်၊ တင့်တယ်၊ လွှမ်းမိုးနိုင်တယ်။

## အရဟတ္တဖိုလ်ချင်း မထူး

ဒီတော့မှ သုမနာမင်းသမီးက ဆက်ပြီးတော့–

သစေ ပန တေ ဘန္တေ ဥဘော အရဟတ္တံ ပါပုဏန္တိ၊

အရဟတ္တပတ္တာနံ ပန နေသံ ဘန္တေ သိယာဝိသေသော

သိယာ နာနာကရဏံ။

"မြတ်စွာဘုရား၊ အဲဒီ ဒါနကောင်းမှုကုသိုလ်ပါတဲ့ ရဟန်း၊ ဒါနကောင်းမှုကုသိုလ်မပါတဲ့ ရဟန်း၊ ရဟန်းတရားပွားများကြိုးကုတ် အား

http:\\www.dhammadownload.com



ထုတ်လို့ အရဟတ္တဖိုလ်ရောက်ကြရင်လည်း ဒီကိုယ်တော်နှစ်ပါး ထူးခြားချက် ရှိသလား။

မြတ်စွာဘုရားက ထူးခြားချက်ရှိတဲ့နေရာမှာ ထူးခြားချက်ရှိတယ်ဆိုတာ ဟောတယ်။ အရဟတ္တဖိုလ်ချင်းတော့ မထူးဘူး။ ဒါန ကောင်းမှုကုသိုလ်ပါတဲ့ ရဟန်းရတဲ့ အရဟတ္တဖိုလ်ကလည်း တစ်ထောင့်ငါးရာ ကိလေသာမှ လွတ်၊ ဒါန ကောင်းမှုကုသိုလ်မပါတဲ့ ဆင်းရဲတဲ့ ရဟန်းက အရဟတ္တဖိုလ်ရောက်ရင်လည်း တစ်ထောင့်ငါးရာ ကိလေသာမှ လွတ်၊ အဲဒီလို တစ်ထောင့်ငါးရာ ကိလေသာမှ လွတ်ကြတာချင်း အတူတူ ဖြစ်လို့–

ဧတ္ထ ခေါ ပနေသာဟံ သုမနေ န ကိဉ္စိ နာနာကရဏံ ဝဒါမိ၊ ယဒိဒံ ဝိမုတ္တိယာ ဝိမုတ္တိံ။

(အံ၊ ၂။ ၂၈)

"ချစ်သမီး သုမနာ ယခုလို အရဟတ္တဖိုလ်ရောက်ကြတဲ့အခါ ကျတော့ ဒါနကောင်းမှုကုသိုလ်ပါတဲ့ ရဟန်းရဲ့ အရဟတ္တဖိုလ်နဲ့ ဒါန ကောင်းမှုကုသိုလ်မပါတဲ့ ရဟန်းရဲ့ အရဟတ္တဖိုလ်ဟာ အရဟတ္တဖိုလ်ချင်း တော့ ထူးခြားချက် မရှိဘူး။ ဒါနကောင်းမှုကုသိုလ်ပါတဲ့ ရဟန်းရဲ့ အရဟတ္တဖိုလ်ကလည်း တစ်ထောင့်ငါးရာ ကိလေသာမှ လွတ်တာပဲ။ ဒါနကောင်းမှု ကုသိုလ်မပါတဲ့ ရဟန်းရဲ့ အရဟတ္တဖိုလ်ကလည်း တစ်ထောင့်ငါးရာ ကိလေသာမှ လွတ်တာပဲ။ အရဟတ္တဖိုလ်ချင်းတော့ မထူးခြားဘူး။

အဲဒီလို ပြန်ဟောတယ်။ သာသနာရဲ့သဘောက အကျင့်ကျင့်ရင်လည်းပဲ အရဟတ္တဖိုလ်ရောက်ရင် ဆုံးတယ်။ ပြဿနာစကား၊ အမေး အဖြေစကားပြောရင်လည်းပဲ အရဟတ္တဖိုလ်ရောက်ရင် ဒါ သာသနာက ဆုံးတယ်။

http:\\www.dhammadownload.com



## ဘုရားချီးမွမ်းတော်မူခြင်း

တရားသဘော ဆုံးပြီဖြစ်လို့ သုမနာမင်းသမီးလေးက ဝမ်းမြောက်နှမော် သာဓုခေါ်သော အနေနဲ့-

အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ၊ ယာဝဥ္စိဒံ ဘန္တေ အလမေဝ ဒါနာနိ ဒါတုံ၊ အလံ ပုညာနိ ကာတုံ၊ ယတြ ဟိ နာမ ဒေဝဘူတဿာပိ ဥပကာရာနိ ပုညာနိ၊ မနုဿဘူတဿာပိ ဥပကာရာနိ ပုညာနိ၊ ပဗ္ဗဇိတဿာပိ ဥပကာရာနိ ကပုညာနိ-လို့-

"မြတ်စွာဘုရား၊ အံ့ချီးဖွယ်ကောင်းပါပေရဲ့၊ ဒါနကောင်းမှုပြုဖို့ အင်မတန်တော်တယ်။ ဒါနကောင်းမှုကုသိုလ်ပါပြီဆိုရင် နတ်မှာလည်းပဲ အေး-သာလွန်မြင့်တယ်။ တင့်တယ်၊ လူ့ဘဝမှာလည်း သာလွန်မြင့်တယ်၊ ရဟန်းဘဝမှာလည်းပဲ သာလွန်မြင့်တယ်။ တင့်တယ်၊ ဒါနကောင်းမှုကုသိုလ်ပြုဖို့ အင်မတန်တော်တယ်ဘုရား"လို့ လျှောက်တယ်။

မြတ်စွာဘုရားက ဆိတ်ဆိတ်နေသဖြင့် လက်ခံလိုက်ရင် ကိုယ်တိုင် လက်ခံရာ ရောက်တာပဲ။ သို့သော် ကိုယ်တော့ကိုယ်တိုင်ကိုက ဒါနကောင်းမှုကုသိုလ်ပြုဖို့ အင်မတန်တော်တယ်ဘုရား"လို့ လျှောက်တယ်။

မြတ်စွာဘုရားက ဆိတ်ဆိတ်နေသဖြင့် လက်ခံလိုက်ရင် ကိုယ်တိုင်လက်ခံရာ ရောက်တာပဲ။ သို့သော် ကိုယ်တော့်ကိုယ်တိုင်ကိုက ဒါနကောင်းမှုကုသိုလ်ပြုလိုတယ်။ နှုတ်က မြွက်ပြီးတော့ ချီးမွမ်းချင်လို့-

ဧဝ မေတံ သုမနေ၊ ဧဝ မေတံ သုမနေ။

"ချစ်သမီး သုမနာ၊ ယခုပြောတဲ့စကား၊ သင်ချစ်သမီး ပြောတဲ့အတိုင်း အမှန်ပဲ။ အမှန်ပဲ။

အလံ ဟိ သုမနေ ဒါနာနိ ဒါတုံ၊ အလံ ပုညာနိ ကာတုံ။

"ချစ်သမီး၊ ဒါန ကောင်းမှုကုသိုလ်များ လှူဖို့၊ တန်းဖို့၊ ပြုဖို့များ အင်မတန်သင့်လျော်တယ်။

http:\\www.dhammadownload.com



ဒေဝဘူတဿာပိ ဥပကာရာနိ ပုညာနိ၊

မနုဿဘူတဿာပိ ဥပကာရာနိ ပုညာနိ၊

ပဗ္ဗဇိတဿာပိ ဥပကာရာနိ ပုညာနိ။

“နတ်ဖြစ်ရင်လည်းပဲ ဒါန ကောင်းမှုကုသိုလ်များသည် အင်မတန် အကျိုးကြီးပါတယ်။ အကျိုးပေးပါတယ်။ လူဖြစ်ဖြစ်၊ ရဟန်းဖြစ်ဖြစ် ဒါန ကောင်းမှုကုသိုလ်ဟာ အေး–ကျေးဇူးကြီးကြတယ်”တဲ့။ အဲဒီလို နတ်က မြွက်ပြီးတော့ ဒါနကောင်းမှုကုသိုလ်ကို ချီးမွမ်းတော်မူတယ်။

## ရေစက်ချ

အေး–အဲဒီ သုမနာသုတ်ကို ထောက်သဖြင့် ဒါနကောင်းမှုကို မြတ်စွာဘုရား ချီးမွမ်းတယ်ဆိုတာ အသေအချာ အမေးအဖြေကို ဂရုစိုက် ကြည့်ရင် သိရတယ်။ ငါတို့သည် ယခုနှစ် မြတ်စွာဘုရား ချီးမွမ်းအပ်သော ဒါန၊ ချီးမွမ်းအပ်သော သီလများ လှူရ၊ တန်းရ၊ ပေးရ၊ ကမ်းရ၊ သီလများ ဆောက်တည်ခံယူ ကျင့်သုံးရပြီလို့ စိတ်ထဲမှာ ဘုရားချီးမွမ်းအပ်သော ဒါန သီလ ကောင်းမှုကို ပြုရတဲ့အတွက် ဘုရားတိုင်း ဘုရားတိုင်း ချီးမွမ်းအပ်သော မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်ကို အရဟတ္တဖိုလ်ပေါက် လျင်မြန်ထုတ်ချောက် မျက်မှောက် ပြုရပါလိုကုန်၏…လို့ ယခုလို ဆုမွန်ကောင်းတောင်းရအောင်…။ ဆွမ်းဒါယကာ ဒါယိကာမများ ရေစက်ခွက်ကို ကိုင်ကြပါ။ ကုသိုလ်ပွား လိုက်ဆိုကြ။ (ရေစက်ချပြီး သာဓုခေါ်ကြသည်။)

သာဓု သာဓု သာဓု

## ကုသိုလ်ပြု

ဘန္တေ=လောဘငြိမ်းကြောင်း၊ ဒေါသငြိမ်းကြောင်း၊ မောဟငြိမ်းကြောင်း၊ ကောင်းမွန်သော ပဋိပတ်ကို ကျင့်ကြံပွားများ ဟောကြားကြပါ

http:\\www.dhammadownload.com



သော ဆရာတော် သံဃာတော်အရှင်တို့ဘုရား...။ တပည့်တော်များ ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာနေ ဦးသန်းအောင်+ဒေါ်ခင်နွဲ့ထွန်း မိသားစုတို့သည် ဥစ္စာစီးပွား၏ အနှစ်သာရ ဒါနကောင်းမှုပြုလိုကြသဖြင့် ပုဗ္ဗ၊ မုဉ္စ၊ ပရ သုံးဖြာ စေတနာခန်း ပြဋ္ဌာန်းကြ၍ မိမိတို့၏ ကာယ ဉာဏ ဗလနှစ်ပါး အရင်းထား၍ တရားသဖြင့် ရှာဖွေရရှိအပ်သော ဓမ္မိယလဒ္ဓ ဥစ္စာတို့ကို အာသာမဆက် ရက်ရက်ရဲရဲ စွန့်ကြဲကြ၍ ထိုဓမ္မိယဥစ္စာတို့ဖြင့် မွန်မြတ်သော ဆွမ်း ခဲဖွယ်ဘောဇဉ် စသော ဒေယျဓမ္မဒါနဝတ္ထုတို့ကို ပြောင်းလွဲစီမံကြ၍ ဒါနပရိက် လျှင်မြန်ဥဿုံ ပြီးပြည့်စုံသော ဤယခုနေ့ နံနက်အခါ မွေးနေ့မင်္ဂလာ အလှူဒါန ပြုလိုကြသဖြင့် ကလျာဏမိတ် ပရိသတ်တို့နှင့်တကွ သံဃာတော် အရှင်မြတ်တို့ကို မိမိတို့၏ နေအိမ်သို့ ရိုသေစွာ ပင့်ဆောင်ကြ၍ ရှေးဦးစွာ နေရာအလှူပေးလှူကြပြီးလျှင် မွန်မြတ်သော ယာဂုဆွမ်း၊ မွန်မြတ်သော ခဲဖွယ်ဆွမ်း၊ မွန်မြတ်သော ဘောဇဉ်ဆွမ်းတို့ကို လှူဒါန်းကော်ရော် ပူဇော်ပါကုန်၏။ ညွှ်ခံပါကုန် ၏။ ဘောဇနဒါန ပြုကြပြီးလျှင် အခြံအရံ ပရိဝါရကုသိုလ်ကား ဖြစ်ပါ စေရန် သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသော ဂရုဓမ္မနိစ္စသီလကို ဆောက် တည်ခံယူကျင့်သုံးပါကုန်၏။ သရဏဂုံသီလ ဆောက်တည်ကြပြီးလျှင် ပရိတ်တရားတော်ကို သဒ္ဒါကြည်ဖြူနာယူပါကုန်၏။ ပရိတ်တရား နာ ကြားပြီးသော ယခုအခါ သက္ကစ္စဒါနဖြစ်ရန် ဤရေစက်ကို ချသွန်း၍ တပည့်တော်များသည် ကလျာဏမိတ် ပရိသတ်တို့အား မွန်မြတ်သော ဆွမ်း ခဲဖွယ်ဘောဇဉ် အလှူ ကြည်ဖြူးရွှင်လန်း လှူဒါန်းပါကုန်၏။ ထိုမျှဖြင့်လည်း မရောင့်ရဲကြသဖြင့် ဓမ္မပူဇာ၊ သံဃာ့ပူဇာဖြစ်စေရန် မွန်မြတ်သော လှူဖွယ်၊ တန်းဖွယ် အသွယ်သွယ်တို့ကို တရားတော်အား ပူဇော်သောအားဖြင့်လည်းကောင်း၊ သံဃာအား ပူဇော်သောအားဖြင့် လည်းကောင်း အသီးအသီး သာဟတ္ထိက သက္ကစ္စမြောက် လက်ရောက် ကြည်ဖြူ ကပ်လှူပါကုန်၏။

http:\\www.dhammadownload.com



## ဆုတောင်း

တပည့်တော်များသည် ဤနေ့ ယခု ပြုရသော ဒါနကောင်းမှု၊ သရဏဂုံ သီလကောင်းမှု၊ ဓမ္မဿဝန ဘာဝနာကောင်းမှု၊ ကောင်းမှု သုံးပါး အနှစ်တရားတို့ကြောင့် မြတ်စွာဘုရားသာသနာ၏ အနှစ်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားတော်မြတ်ကို အရဟတ္တဖိုလ်ပေါက် လျှင်မြန်ထုတ်ချောက် ရရောက်သည့်ကိုယ်၊ မျက်မှောက်ပြုရသည့်ကိုယ် ဧကန်စင်စစ် ဖြစ်ပါလိုကုန်၏။

## အမျှဝေ

ဤကုသိုလ် အရပ်ရပ်၏ အဖို့ဘာဂကို အမိအဖ၊ အဘိုးအဘွား၊ ကလျာဏမိတ် ပရိသတ်တို့အားလည်းကောင်း၊ ကိုယ်စောင့်နတ်များ၊ တိုက်စောင့်နတ်များ၊ မြို့စောင့်နတ်များ၊ သိကြားနတ်မင်း၊ ယမမင်း၊ စတုလောကပါလနတ်မင်းတို့နှင့်တကွ မိုးနတ်သားများ၊ လေနတ်သားများ၊ သမ္ဗုတိနတ် လူမင်းတို့အားလည်းကောင်း၊ မိဟောင်းဖဟောင်း၊ ဆွေဟောင်းမျိုးဟောင်းအပေါင်းတို့အားလည်းကောင်း၊ ထိုမှ ကြွင်းသော ဘုံသုံးပါး၌ ထင်ရှားရှိသော သတ္တဝါတို့အားလည်းကောင်း၊ ဤကောင်းမှု ကုသိုလ်အစုကို အမျှပေးပါကုန်၏။ အမျှပေးပါကုန်၏။ မိဘ ဘိုးဘွား အမူးထား၍ များပြားလှစွာ သတ္တဝါတို့သည် အကျွန်ုပ်တို့နှင့် အညီအမျှ ဤကောင်းမှုအစုရ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည်ဖြစ်ကြပါစေကုန်သတည်း…။

သာဓု သာဓု သာဓု

သုမနာသုတ္တန် တရားတော်

ပြီးပြီ။

http:\\www.dhammadownload.com

# ဝိသယှဇာတ် တရားတော်

## (ဝတပဒသုတ်၊ ဒါနသုတ်၊ အာယာစမာနသုတ်
## နှင့်
## အနာထပိဏ် ဆင်းရဲပုံဝတ္ထု ပါဝင်သည်။)

သာသနာနှစ်–၂၅၀၆၊ ကောဇာသက္ကရာဇ် ၁၃၂၄ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁–ရက်နေ့၊ မန္တလေးမြို့၊ ဆိုင်းတန်းရပ်၊ ဇေယျမေဒနီ ကျောင်းအမကြီး ဒေါ်ကြင်၊ သမီး ရီရီတို့၏ မင်းကွန်းတောင်ရိုး ဠက္ခာ ရာမချောင်၌ လှူဒါန်းအပ်သော ကထိန်အလှူပွဲအတွက် ဟောကြားအပ်သော ဒါနကထာတရားလို့ တရားရဲ့ အတိုချုပ်နာမည်တော့ ကထိန်အလှူမှာ ဟောကြားတဲ့ ဒါနကထာတရားလို့ ဒီလိုပဲ မှတ်ထားကြ။ ရောက်တဲ့နေရာ ဘယ်ထိအောင် ရောက်မလဲ မသိဘူး။ ခါတိုင်းတော့ ဘယ်သုတ္တန်လို့ ပြောရတယ်။ ဘယ်ဇာတ်ဆိုပြီး ပြောတယ်။

### ကောင်းသော တောင့်တမှုများ

ဘယ်လိုလဲဆိုတော့ သဒ္ဓါသုတ်လို့ ခေါ်ပါတယ်။ အာယာစမာနသုတ်လို့လည်း ခေါ်ပါတယ်။

သဒ္ဓေါ ဘိက္ခဝေ ဘိက္ခု သမ္မာ အာယာစမာနော ဧဝံ အာယာစေယျ "တာဒိသော ဟောမိ ယာဒိသာ သာရိပုတ္တမောဂ္ဂလ္လာနာ။

http:\\www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတော်များ အို–ချစ်သားတို့။ သဒ္ဓေါ–သဒ္ဓါတရားနှင့်ပြည့်စုံသော။ ဘိက္ခု=ရဟန်းသည်။ သမ္မာ=ကောင်းစွာ။ ဘာယာစမာ–နော=ကိုယ်ရေးအတွက် တောင့်တလတ်သည်ရှိသော်။ ဧဝံ=ဤသို့။ အာယာစေယျ=တောင့်တရာ၏။ (ဘယ်လိုတောင့်တရမလဲဆိုတော့) သာရိပုတ္တမောဂ္ဂလ္လာနာ= အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန် တို့သည်။ ယာဒိသာ=အကြင်သို့ သဘောရှိတော်မူကြပေကုန်၏။ ယာဒိသာ=အရှင်သာရိပုတ္တရာက ပညာ၊ အရှင်မဟာမောဂ္ဂလ္လာန်က တန်ခိုးဣဒ္ဓိပါဒ်လွန်သာခြင်းသဘော ရှိတော်မူကြပေကုန်၏။ အဟံ=ငါသည်။ တာဒိသော= အရှင်သာရိပုတ္တရာကဲ့သို့ ပညာကဲချွန် သာလွန်သော ပုဂ္ဂိုလ်၊ အရှင်မဟာမောဂ္ဂလ္လာန်ကဲ့သို့ တန်ခိုးကဲချွန်သာလွန်သော ပုဂ္ဂိုလ်သည်။ ဟောမိ=ဖြစ်ရပါလို၏။ ဧဝံ= ဤသို့။ အာယာစမာနော=တောင့်တသည်ရှိသော်။ သမ္မာ=ကောင်းစွာ။ အာယာစေယျ=တောင့်တသည် မည်လေရာ၏။

မြတ်စွာဘုရားရဲ့ သာသနာတော်မှာ မြတ်စွာဘုရားရဲ့တပည့် ပရိသတ်၊ ရဟန်းပရိသတ်ကယ်၊ ရဟန်းမိန်းမပရိသတ်ကယ်၊ ရဟန်းယောကျ်ား ပရိသတ်ကယ်၊ ရဟန်းမိန်းမ ပရိသတ်ကယ်၊ ဥပါသကာဒါယကာ ယောကျ်ားပရိသတ်ကယ်၊ ဥပါသိကာ ဒါယိကာမိန်းမ ပရိသတ်ကယ်လို့ မြတ်စွာဘုရားရဲ့ သာဝကတွေကို ပုံလိုက်လို့ ရှိရင် ပရိသတ်လေးပါး ရှိပါတယ်။ လောကသုံး ပရိသတ် မဟုတ်ပါဘူး။

ဤလောကထဲ သုံးတဲ့ပရိသတ်က မင်းပရိသတ်၊ပုဏ္ဏားပရိသတ်၊ သူကြွယ်ပရိသတ်၊ ရဟန်းပရိသတ်လို့ လောကကြောင်းမှာ သုံးတဲ့ ပရိသတ်။ ဘုန်းကြီးတို့ သာသနာတော်မှာ မြတ်စွာဘုရားရဲ့ တပည့်တွေကို ပရိသတ်ခွဲဝေလိုက်တဲ့အခါကျတော့ သာသနာတွင်းက ပရိသတ်ဝေဖန်လိုက်လို့ ရှိရင်၊ ရဟန်းယောကျ်ား ပရိသတ်၊ ရဟန်းမိန်းမပရိသတ်၊ ဥပါသကာဒါယကာ ယောကျ်ားပရိသတ်၊ ဥပါသိကာ ဒါယိကာ မိန်းမ

http:\\www.dhammadownload.com



ပရိသတ်လို့ အဲဒီလို ပရိသတ်လေးမျိုး ရှိတဲ့အနက်က ရဟန်းယောကျ်ား ပရိသတ်ထဲက အကြင်ရဟန်း တစ်ပါးပါးသည် ကိုယ်ရေးအတွက်များ တောင့်တချင်လို ရှိရင်ဖြင့် အရှင်သာရိပုတ္တရာကဲ့သို့ ပညာကြီးတဲ့ ပုဂ္ဂိုလ်၊ အရှင်မဟာမောဂ္ဂလ္လာန်ကဲ့သို့ တန်ခိုးဣဒ္ဓိပါဒ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ် ငါဖြစ်ရပါလို၏ လို့ အဲဒီလို တောင့်တမှု ကောင်းသော တောင့်တခြင်းဖြစ်နိုင်တယ်။

ဧသာ ဘိက္ခဝေ တုလာ ဧတံ ပမာဏံ မမ သာဝကာနံ ဘိက္ခူနံ ယဒိဒံ သာရိပုတ္တမောဂ္ဂလ္လာနာ။

ဘိက္ခဝေ=ရဟန်းတော်များ အို-ချစ်သားတို့။ ယဒိဒံ ယေ ဣမေ သာရိပုတ္တ မောဂ္ဂလ္လာနာ=အကြင်အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်နှစ်ပါးအပေါင်းသည်။ မမ သာဝကာနံ=ငါဘုရား၏ တပည့်သား သာဝကဖြစ်ကုန်သော။ ဘိက္ခူနံ=ရဟန်းတော်တို့အနက်။ တုလာ=ချိန်ခွင်ကြီးများနှင့်လည်း တူပါပေ၏။ ဧသာ=ဤအရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်ဆိုတဲ့ အဂ္ဂသာဝကနှစ်ပါးသည်။ ပမာဏံ=ငါဘုရားရဲ့ သာသနာဝယ် ရဟန်းတော် အရှင်မြတ်တို့အတွက် ခြင်ခွက်ကြီးနဲ့လည်း တူပါပေ၏ ...။

လောကမှာ ချိန်တွယ်တဲ့ ချိန်ခွင်၊ နှမ်းတို့၊ ပဲတို့၊ ပြောင်းတို့ ခြင်တဲ့ခြင်ခွက်၊ အဲဒီလို နှိုင်းယှဉ်တဲ့နေရာမှာ နှစ်မျိုး ရှိတယ်။

ဧသာ တုလာ ဆိုတာက ချိန်ခွင်၊ ဧတံ ပမာဏံဆိုတာ ခြင်ခွက်ကြီး။ ငါဘုရားရဲ့ သာသနာတော်မှာတဲ့၊ ရဟန်းတပည့်ထဲက ဆိုလို့ရှိရင် သာသနာတော်ရဲ့ ချိန်ခွင်ကြီး၊ သာသနာတော်ရဲ့ ခြင်ခွက်ကြီးအနေနဲ့ ကြည့်မယ်ဆိုလို့ရှိရင်ဖြင့် သာရိပုတ္တထေရ်နဲ့ မောဂ္ဂလ္လာန်ထေရ် ဤနှစ်ပါးတို့ဟာ ရဟန်းယောကျ်ားတို့အတွက် ချိန်ခွင်ကြီးတွေပဲ။ ရဟန်းတော်ယောကျ်ားများအတွက် ခြင်ခွက်ကြီးတွေပဲ-တဲ့။

http:\\www.dhammadownload.com



ရဟန်းမိန်းမဆိုတဲ့ ဘိက္ခုနီအမျိုးသမီး ရဟန်းမများအတွက်ကျတော့

သဒ္ဓါ ဘိက္ခုဝေ ဘိက္ခုနီ ဧဝံ သမ္မာ အာယာစမာနာ အာယာစေယျ "တာဒိသီ ဟောမိ၊ ယာဒိသီ ခေမာ စ ဘိက္ခုနီ ဥပ္ပလဝဏ္ဏာ စ"။

ခေမာ စ ဘိက္ခုနီ=ခေမာထေရီ ဘိက္ခုနီမသည်လည်းကောင်း။ ဥပ္ပလဝဏ္ဏာ စ ဘိက္ခုနီ=ဥပ္ပလဝဏ် ထေရီ ဘိက္ခုနီမသည်လည်းကောင်း။ ယာဒိသီ=အကြင်သို့ အကြင်သို့ သဘောရှိကြပါပေ၏။ ယာ-ဒိသီ=ခေမာထေရီကား ပညာ၊ ဥပ္ပလဝဏ်ထေရီကား တန်ခိုးဣဒ္ဓိပါဒ် လွန်သာခြင်းသဘော ရှိကြပါပေကုန်၏။ အဟံ=ငါသည်၊ တာဒိသီ=ထိုသို့ ခေမာထေရီကဲ့သို့ ဉာဏ်ပညာကြီးရင့်သောသူ၊ ဥပ္ပလဝဏ်ထေရီကဲ့သို့ တန်ခိုး ဣဒ္ဓိပါဒ်ကြီးရင့်သော ဘိက္ခုနီမသည်။ ဟောမိ=ဖြစ်ရပါလို၏။ ဣတိ=ဤသို့။ သဒ္ဓါ=သဒ္ဓါတရားနှင့် ပြည့်စုံသော။ ဘိက္ခုနီ- ဘိက္ခုနီမသည်။ အာယာစမာနာ=မိမိကိုယ်ရေးအတွက် တောင့်တသည်ရှိသော်။ ဝါ-တောင့်တမှု။ သမ္မာ=ကောင်းစွာ။ အာယာစေယျ=တောင့်တသည် မည်လေရာ၏။

ဘိက္ခုနီမများ ရဟန်းမိန်းမများဘက်ကနေပြီးတော့ ကိုယ်ရေးအတွက်များ တောင့်တချင်ယင်-

"ငါသည် ခေမာထေရီဘိက္ခုနီမကဲ့သို့ ပညာကြီးရင့်သူ၊ ဥပ္ပလဝဏ်ထေရီ ဘိက္ခုနီမကဲ့သို့ တန်ခိုး ဣဒ္ဓိပါဒ် ကြီးမြတ်သူဖြစ်ရပါလို၏" လို့ အဲဒီလို တောင့်တမှ တကယ် မှန်ကန်သော တောင့်တခြင်း၊ မှန်ကန်သော လိုလားခြင်းဖြစ်နိုင်တယ်။

ဧသာ ဘိက္ခဝေ တုလာ ဧတံ ပမာဏံ မမ သာဝိကာနံ ဘိက္ခုနီနံ ယဒိဒံ ခေမာ စ ထေရီဥပ္ပလဝဏ္ဏာ စ။

http:\\www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတော်များ အို-ချစ်သားတို့။ ယဒိဒံ ယာအယံ ခေမာ ထေရီ စ=အကြင် ခေမာ ထေရီ ဘိက္ခုနီမသည်လည်းကောင်း။ ယဒိယံ ယာအယံ ဥပ္ပလဝဏ္ဏာ ထေရီ စ=အကြင် ဥပ္ပလဝဏ် ထေရီ ဘိက္ခုနီမသည်လည်းကောင်း။ အတ္ထိ=ရှိကြပေကုန်၏။ မမ သာဝိကာနံ= ငါဘုရား၏ တပည့်မဖြစ်ကြကုန်သော။ ဘိက္ခုနီနံ= ဘိက္ခုနီမတို့အနက်။ သော=ဤခေမာထေရီ ဘိက္ခုနီနှင့် ဥပ္ပလဝဏ်ထေရီ ဘိက္ခုနီမနှစ်ပါးသည်။ မမ သာဝိကာနံ ဘိက္ခုနီနံ=ငါဘုရား၏ တပည့်မဖြစ်ကြသော ဘိက္ခုနီမတို့အနက်။ တုလာ=ချိန်ခွင်ကြီးနှင့်လည်း တူကြပါပေ၏။ ဧတံ= ဤထေရီမနှစ်ပါးအပေါင်းသည်။ ပမာနံ=ချိန်ခွင်ကြီးနှင့်လည်း တူလှပါပေ၏။

ဒီဘုရားသာသနာမှာ ဘိက္ခုနီမ ဘက်က ဆိုလို့ရှိရင်ဖြင့် ချိန်ခွင်ကြီးနဲ့တူတာ။ ခြင်ခွင်ကြီးနဲ့တူတာ။ "ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီ" ဒီထေရီမ နှစ်ပါးပဲ။ ဒါကြောင့် ဘိက္ခုနီဂိုဏ်းဝင်အမျိုးသမီးတစ်ယောက်က ကိုယ်ရေးကိုယ်တာအတွက် မှန်ကန်သော တောင့်တခြင်းဖြင့် တောင့်တချင်ယင်-

"ငါသည် ခေမာထေရီကဲ့သို့ ပညာကြီးရင့်သော ပုဂ္ဂိုလ်၊ ဥပ္ပလဝဏ်ထေရီ ကဲ့သို့ တန်ခိုးဣဒ္ဓိပါဒ် ကြီးမြတ်သော ပုဂ္ဂိုလ် ဖြစ်ရပါလို၏"လို့ အဲဒီလိုပဲ တောင့်တရမယ်။ အဲဒီလိုပဲဖြစ်အောင် ကုသိုလ် ကောင်းမှု ပြုရမယ်-တဲ့။

အမျိုးကောင်းသား မင်းယောက်ျားဆိုတဲ့ ဥပါသကာ ဒါယကာ တို့အတွက်တော့-

သဒ္ဓေါ ဘိက္ခဝေ ဥပါသကော ဧဝံသမ္မာ အာယာစမာနော အာယာစေယျ "တာဒိသော ဟောမိ၊ ယာဒိသော စိတ္တော စ ဂဟပတိ ဟတ္ထကော စ အာဠဝကော"။

http:\\www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတော်များ အို-ချစ်သားတို့။ သဒ္ဓေါ=သဒ္ဓါတရားနှင့်ပြည့်စုံသော။ ဥပါသကော=ဒါယကာ ယောက်ျားသည်။ စိတ္တော စ ဂဟပတိ=စိတ္တသူကြွယ်သည်လည်းကောင်း၊ ဟတ္ထကော စ အာဠဝကော=ဟတ္ထကာဠဝက သီတင်းသည်လည်းကောင်း။ ယာဒိသော=အကြင်သို့-အကြင်သို့သဘောရှိပေ၏။ ဝါ-ယာဒိသော=စိတ္တ သူကြွယ်က ပညာ၊ ဟတ္ထကာဠဝက သီတင်းသည်က တန်ခိုးဣဒ္ဓိပါဒ် သမာဓိအရာ လွန်သာခြင်းသဘောရှိကုန်၏။ အဟံ=အဟမ္ပိ=ငါလည်းပဲ။ တာဒိသော=ထိုသို့ စိတ္တသူကြွယ်ကဲ့သို့ ပညာသာလွန်သော ပုဂ္ဂိုလ်၊ ဟတ္ထကာဠဝက သီတင်းသည်ကဲ့သို့ သမာဓိ လွန်ကဲသော ပုဂ္ဂိုလ်သည်။ ဟောမိ=ဖြစ်ရပါလို၏။ ဣတိ=ဤသို့။ အာယာစမာနော=တောင့်တသည်ရှိသော်။ ဝါ-တောင့်တမှု။ သမ္မာ=မဖောက်မပြန် အမှန်အားဖြင့်။ အာယာစေယျ=တောင့်တသည် မည်ရာ၏။

အကယ်၍များ အမျိုးကောင်းသား မင်းယောက်ျားဆိုတာက ကိုယ်ရေးကိုယ်တာအတွက် သာသနာဘက်က တောင့်တချင်ယင်-

"ငါသည် စိတ္တသူကြွယ်ကဲ့သို့ ပညာကြီးရင့်တဲ့ ပုဂ္ဂိုလ်၊ ဟတ္ထကာဠဝက သီတင်းသည်ကဲ့သို့ သမာဓိခိုင်မာတဲ့ ပုဂ္ဂိုလ်ဖြစ်ရပါလို၏။" လို့ အဲဒီလို တောင့်တရမယ်။ ဒီလိုတောင့်တမှ သဘာဝကျတဲ့ တောင့်တခြင်းဖြစ်ပေမယ်-တဲ့။

ဧသာ ဘိက္ခဝေ တုလာ ဧတံ ပမာဏံ မမ သာဝကာနံ ဥပါသကာနံ ယဒိဒံ စိတ္တော စ ဂဟပတိ ဟတ္ထကော စ အာဠဝကော။

လို့ နိဂုံးအုပ်လိုက်သေးတယ်။

ဘိက္ခဝေ=ရဟန်းတော်များ အို-ချစ်သားတို့။ ယဒိဒံ-ယော အယံ စိတ္တော စ ဂဟပတိ=အကြင် စိတ္တသူကြွယ်သည်လည်းကောင်း။ ယဒိဒံ-ယော အယံ ဟတ္ထကော စ အာဠဝကော=အကြင် ဟတ္ထကာဠဝက သီတင်း

http:\\www.dhammadownload.com



သည်သည်လည်းကောင်း။ အတ္ထိ=ရှိ၏။ ဧသော=ဤစိတ္တသူကြွယ်နှင့် ဟတ္ထကာဠဝကသီတင်းသည် နှစ်ဦးသားသည်။ မမ သာဝကာနံ ဥပါသကာနံ=ငါဘုရား၏ ဩဝါဒလိုက်နာကြသော ဥပါသကာဒါယကာတို့အနက်။ တုလာ=ချိန်ခွင်ကြီးများလည်း ဖြစ်ပါပေ၏။ ဧတံ= ဤဟတ္ထကာဠဝကသီတင်းသည်၊ စိတ္တသူကြွယ်ဆိုတဲ့ နှစ်ဦးသားသည်။ ပမာဏံ=ခြင်ခွက်ကြီးများနှင့်လည်း တူလှပါပေ၏။

ငါဘုရားရဲ့ တပည့်သားဝက ဥပါသကာ ဒါယကာတို့အနက် ဤစိတ္တသူကြွယ်နဲ့ ဟတ္ထကာဠဝက သီတင်းသည်တွေဟာ ချိန်ခွင်ကြီးတွေပဲ။ ကိုယ့်ကိုယ်ကို ချိန်ယင် အဲဒီစိတ္တသူကြွယ်၊ ဟတ္ထကာဠဝက သီတင်းသည်ဆိုတဲ့ ချိန်ခွင်ခွက်ကြီးနှစ်ခုထဲ ထည့်ပြီးသကာလ ချိန်ကြည့်ပါ-တဲ့။ ကိုယ့်ပညာ၊ ကိုယ့်သမာဓိကိုပေါ့လေ။ အင်း-ချိန်ကြည့်ချင်ယင်၊ ချိန်ကြည့်ချင်ယင် အဲဒီအထဲ ထည့်ချိန်ကြည့်တဲ့။ ဒါအမျိုးသားများအတွက်။

## ခုဇ္ဇုတ္တရာအမျိုးသမီးဟောသော ဉာတိဝဂ္ဂက ပါဠိတော်

အမျိုးသမီး ဥပါသိကာ ဒါယိကာများအတွက်တော့-

သဒ္ဓါ ဘိက္ခဝေ ဥပါသိကာ ဧဝံ သမ္မာ အာယာစမာနာ အာယာစေယျ “တာဒိသီ ဟောမိ၊ ယာဒိသီ ခုဇ္ဇုတ္တရာ စ ဥပါသိကာ ဝေဠုကဏ္ဍကိယာ နန္ဒမာတာ။”

ဘိက္ခဝေ=ရဟန်းတော်များ အို-ချစ်သားတို့။ သဒ္ဓါ=သဒ္ဓါတရားနှင့်ပြည့်စုံသော။ ဥပါသိကာ=ရတနာသုံးရပ် ဆည်းကပ်ကိုးစားသည့် ဒါယိကာမသည်။ (ဘယ်လိုတောင့်တရမတုံးဆိုတော့) ခုဇ္ဇုတ္တရာ စ ဥပါသိကာ=ရှင်မခုဇ္ဇုတ္တရာဆိုတဲ့ ဥပါသိကာ သီတင်းသည်သည်လည်းကောင်း၊ ဝေဠု-ကဏ္ဍကိယာ စ နန္ဒမာတာ=ဝေဠုကဏ္ဍကမြို့သူ နန္ဒမာတာ ဥပါသိကာဒါယိကာမသည်လည်းကောင်း၊ ယာဒိသီ=အကြင်သို့သဘောရှိ ပေ၏။ ဝါ-ယာဒိသီ=ခုဇ္ဇုတ္တရာကား ပညာသာလွန်ခြင်း၊

http:\\www.dhammadownload.com



ဝေဠုကဏ္ဍက မြို့သူ နန္ဒမာတာဥပါသိကာကား သမာဓိသာလွန်ခြင်း သဘောရှိပေ၏။ အပမ္ဗိ=ငါလည်းပဲ။ တာဒိသီ=ထိုသို့ ခုဇ္ဇုတ္တရာကဲ့သို့ ပညာသာလွန်သော သူ၊ ဝေဠုကဏ္ဍကမြို့သူ နန္ဒမာတာ ဥပါသိကာကဲ့သို့ သမာဓိ သာလွန်သော အမျိုးကောင်းသမီးသည်။ ဟောမိ=ဖြစ်ရပါလို၏။ ဣတိ=ဤသို့။ အာယာစမာနာ=ကိုယ်ရေးကိုယ်တာအတွက် တောင့်တ လတ်သည်ရှိ သော်။ သမ္မာ=ကောင်းစွာ မဖောက်မပြန်။ အာယာစေယျ= တောင့်တသည်မည်ရာ၏။

အမျိုးသမီး ဥပါသိကာ ဒါယိကာမတစ်ယောက်အတွက် သာ သနာဘက်က လှမ်းပြီးတော့ ကိုယ်ရေးကိုယ်တာအတွက် ဆုတောင်းချင် ရင်၊ တောင့်တချက်ရင် "ငါကား ခုဇ္ဇုတ္တရာကဲ့သို့ ပညာသာလွန်သော ပုဂ္ဂိုလ်၊ ဝေဠုကဏ္ဍကမြို့သူ နန္ဒမာတာ ဥပါသိကာကဲ့သို့ သမာဓိလွန်ကဲ တဲ့ ခိုင်မြဲတဲ့ ပုဂ္ဂိုလ်ဖြစ်ရပါလို၏"လို့ ဒီလိုဆုတောင်းရမယ်။

ဘယ်လိုတုံးဆိုတော့-

ဧသာ ဘိက္ခဝေ တုလာ ဧတံ ပမာဏံ မမသာဝိကာနံ ဥပါသိကာ နံ ယဒိဒံ ခုဇ္ဇုတ္တရာ စ ဥပါသိကာ ဝေဠုကဏ္ဍကိယာ စ နန္ဒမာတာ။

ဘိက္ခဝေ=ရဟန်းတော်များ အို-ချစ်သားတို့။ ယဒိဒံ=ယာအယံ ခုဇ္ဇုတ္တရာ စ ဥပါသိကာ=အကြင်ခုဇ္ဇုတ္တရာ သီတင်းသည်သည်လည်း ကောင်း။ ယဒိဒံ-ယာအယံ ဝေဠုကဏ္ဍကိယာ စ နန္ဒမာတာ=အကြင် ဝေဠုကဏ္ဍကမြို့သူ နန္ဒမာတာ ဥပါသိကာသည်လည်းကောင်း။ အတ္ထိ- ရှိပေ၏။ ဧသာ=ဤဥပါသိကာ နှစ်ဦးသည်။ မမ သာဝိကာနံ ဥပါသိကာ နံ= ငါဘုရား၏ တပည့်မ ဥပါသိကာတို့အနက်။ တုလာ=ချိန်ခွင်ကြီးများ သဖွယ်လည်းဖြစ်ပါပေ ၏။ ပမာဏံ=ခြင်ခွက်ကြီး တင်းတောင်းကြီးများ နှင့်လည်း တူပါပေ၏ ...လို့-

ငါဘုရားရဲ့ တပည့်မ သာဝိကာ ဥပါသိကာတို့အနက် ခုဇ္ဇုတ္တရာ

http:\\www.dhammadownload.com



နဲ့ နန္ဒမာတာ ဆိုတဲ့ ဥပါသိကာနှစ်ဦးဟာဖြင့် တပည့်မထဲမှာ ခြင်ခွက်ကြီး တွေပဲ။ တပည့်မထဲမှာ စံတင်လောက်တဲ့ သမာဓိ တင်း တောင်းကြီးတွေပါ ပဲတဲ့နော်။ အဲဒီလို ဟောထားတာ ရှိတယ်။

ဒီတော့ အခု အများအားဖြင့် ဘုန်းကြီးတို့ပရိသတ် ဟို–ကျွန်းမာ ရေးက စပြီးတော့ အမျိုးသမီးလောကဘက်ကဆိုတော့ ခုဇ္ဇုတ္တရာတို့ဟာ ဘယ်လောက် ပညာထက်တယ်ဆိုတာ၊ ဒီပညာထက်တာကို ပြောကြစို့။

သူ ခုဇ္ဇုတ္တရာဖြစ်ရတာကတော့ တစ်ခုသော ဘဝက သူအမှားမှား ပြောမိ၊ ပြုမိတဲ့အတွက်ဖြစ်တယ်။ တစ်ခုသောဘဝက ပစ္စေက ဗုဒ္ဓါ တစ်ပါးက ခါးက ခပ်ကုန်းကုန်းကို။ နည်းနည်းလေး ခါးကုန်းတော့ ပစ္စေကဗုဒ္ဓါ ခါးကုန်းပုံကလေးကို သူက ဖော်ပြပြီးတော့ သူ့ရဲ့ အဖော် တွေထဲမှာ ဟန်လုပ်ပြတော့ သူက ဒီဘဝမှာ ခါးလေးက ခပ်ကုန်းကုန်း ဖြစ်နေတယ်။ နာမည်ကတော့ ဥတ္တရာပဲ။ ပြီးတော့ ကျွန်မဖြစ်ရတာက လည်း သူ အတိတ်ဘဝတုန်းက သူ့ရဲ့ ဝစီဝင်္ကြွေးကြောင့် ကျွန်မဖြစ်ရ တာ။

ပြောတဲ့ပြုတဲ့ နေရာမှာပေါ့လေ။ ဒီလိုဝင်္ဃဟာ တယ်လိုက်တတ် တယ်။ သူက ပညာတော့ သာလွန်တယ်၊ ဒါပေမယ့် သူ ဝင်္ကြွေးလိုက် တဲ့အတွက် ခါးလေးလည်း နည်းနည်းကုန်းတယ်။ ကျွန်မဘဝမှာ ရောက် လို့။ အဲဒီ သူ့ရဲ့ဝင်္ကြွေးကို ဖယ်ပြီး ကြည့်လိုက်ရင် ခုဇ္ဇုတ္တရာဟာ အင် မတန် စံတင်လောက်တဲ့ အမျိုးသမီးတစ်ယောက်ပဲ။

ဥပမာပုံ–အညစ်အကြေးထဲမှာ စိန်လက်စွပ်ကြီးကျနေတယ်ဆို တော့ ဒီစိန်လက်စွပ်ကြီး မယူတော့ဘူးလား။ ယူမှာပေါ့။ ဒီအညစ်အကြေး တွေ ဆေးကြောပြီးတော့၊ ဖယ်ရှားပြီးတော့ စိန်လက်စွပ်ကြီး ယူတာလိုပဲ ခုဇ္ဇုတ္တရာအမျိုးသမီးရဲ့ အတိတ်ဘဝက ဝစီကံပြောမှားခဲ့တာတွေ၊ ကာယကံပြုမှားခဲ့တာတွေ ဒီအညစ်အကြေးတွေ ဖယ်ပြီးတော့ ပညာသာ

http:\\www.dhammadownload.com



လွန်တဲ့ ကိစ္စတွေမှာ အတုယူရမယ်။ ဒါတွေတော့ ဘုန်းကြီးတို့က ဆေးပြီးတော့ ခုနဝင်ရှုကြွေးတွေ၊ ဝန်လေးလောက်အောင် ပြုခဲ့မိတဲ့ ကာယကံမှု၊ ဝစီကံမှု၊ ဒါတွေ ဒီအညစ်အကြေးတွေ ဆေးလျှော်ပြီး သကာလ ပညာသာအောင်တော့ လုပ်ရလိမ့်မယ်။ ဘုန်းကြီးတို့ အမျိုးသမီး ဥပါသိကာ ဒါယိကာမကြီးတွေဘက်က။

ခုဇ္ဇုတ္တရာဟာ ဘယ်လောက် ပညာသာလွန်သလဲဆိုလို့ရှိရင် ပေါ့လေ။ တစ်ခါတည်း ဒီကနေ့တော့ ဒါယိကာမကြီးတွေဘက်က အားပေးမယ်။ ဒကာကြီးတွေ အမှန်အတိုင်း ပြောလို့ရှိရင် ဟော့–တို့သာသနာမှာ နိကယ်ငါးရပ်ရှိတယ်ဟော့။ ပိဋကသုံးပုံ=နိကာယ်ငါးရပ်ရှိတယ်။ အဲဒီ ပိဋကသုံးပုံ=နိကာယ်ငါးရပ်ရှိတဲ့ အနက်က တစ်ကျမ်းတစ်ဖွဲ့ဖြစ်အောင် သင်္ဂါယနာတင်ယူလောက်အောင် မောင်တို့ အမျိုးသားများထဲကများ ဘယ်သူဟောတာ ရှိဖူးသတုံးလို့မေးမယ်။

ဒီတော့ ဒကာတွေက ပြောပါလိမ့်မယ်။ အို–ကျုပ်တို့အမျိုးသားဘက်ကလည်းပဲ စိတ္တသူကြွယ် အရှိသားပဲလို့ ပြောလိမ့်မယ်။ မောင်တို့ စိတ္တသူကြွယ် ဟောခဲ့တဲ့တရားဟာ (စိတ္တသူကြွယ်တော့ တို့ မပြစ်မှားပါဘူး၊ ကန်တော့ပါတယ်။ ဒီလိုပြောတယ်။ မောင်တို့ စိတ္တသူကြွယ် ဟောခဲ့တာ) တစ်ကျမ်းတစ်ဖွဲ့မဟုတ်ဘူး။ စိတ္တသံယုတ်၊ သံယုတ်တစ်ခုပဲ ရှိတယ်။ စိတ္တသံယုတ်လို့ ဒါပဲ တစ်ဝဂ်လောက် ဝဂ်တစ်ခုလောက်ပဲ ရှိတယ်။ ဒီလိုရှိတယ်။

ဒါဖြင့် မယ်တို့ရဲ့ အမျိုးသမီးဘက်ကတော့ကော ဘာဖြစ်လို့ ဒါလောက် ပြောရတုံးဆိုတော့ ကျုပ်တို့အမျိုးသမီးဘက်က ခုဇ္ဇုတ္တရာဆိုတဲ့ အမျိုးသမီးဟောခဲ့တာဟာ တစ်ကျမ်း တစ်ဖွဲ့ရှိတယ်။ "ဣတိဝုတ္တက ပါဠိတော်"ဆိုတာနော်။ မြတ်စွာဘုရားဆီ သွားပြီး တရားနာ၊ ပြန်လာပြီဆိုလို့ရှိယင် သာမာဝတီ အမှူးရှိတဲ့ နန်းတွင်းသူ ငါးရာကို ခုဇ္ဇုတ္တရာက ဘုရားဆီက တရားနာပြီး ပြန်လာပြီဆိုရင် ဘုရားဟောလိုက်တဲ့အတိုင်း မွှာသနပလ္လင်ပေါ်ကနေပြီးတော့ ခန့်ခန့်ကြီးဟောတယ်။

http:\\www.dhammadownload.com



## ဘုရား တရားတော်ကို ပြန်ဟောခြင်း

သာမာဝတီ အမှူးရှိတဲ့ နန်းတွင်းသူတွေအား ခုဇ္ဇုတ္တရာ ဟောခဲ့တဲ့ အဲဒီသုတ္တန်တရားစုတွေကို "ဣတိဝုတ္တက ပါဠိတော်"ဆိုပြီးတော့ ပါဠိတော် တစ်ကျမ်းတစ်ဖွဲ့အနေနဲ့ ဘုန်းကြီးတို့ သင်္ဂါယနာတင်ရတယ်။

(ဣတိဝုတ္တက ပါဠိတော်ထဲက ဘုန်းကြီးများလည်းပဲ ဒေဝသဒ္ဒ သုတ်တို့၊ အင်း၊ ပြီးတော့တစ်ခါ လောဘ(ဓမ္မ)သုတ်တို့ ဒါတွေလည်း ဟောဖူးတယ်။) အဲဒီအထဲမှာ သူ ဘုရားဆီက နာလာပြီးတော့ သာမာဝတီ အမှူးပြုတဲ့ နန်းတွင်းသူ ငါးရာတို့ကို သူတစ်နေ့မှာ ဒါနသုတ်ဆိုပြီးတော့ ဟောတယ်။

"ဝုတ္တံ ဟေတံ ဘဂဝတာ ဝုတ္တမရဟတာတိ မေသုတံ"

ဤသို့ တရားဦးက သူက ဒါပဲ စလိုက်တယ်။

အယျယော=ရှင်မတို့။ ဧတံ=ဤဆိုလတ္တံ့သော စကားတော်ကို။ ဘဂဝတာ=ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ ဝုတ္တံ=ဟောတော်မူအပ်ခဲ့ပါပြီ။

နေ့လယ်တုန်းက သွားပြီး တရားနာတော့ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ယခုပြောမယ့် တရားစကား ဟောကြားလိုက်တယ်။

မေ-မယာ=အကျွန်ုပ် ခုဇ္ဇုတ္တရာသည်။ အရဟတာ=ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားက။ ဝုတ္တံ=ဟောတော်မူအပ်သည်ကို။ ဝုတ္တန္တိ=ရှေ့နှုတ်တော်မြွက်၍ ဟောကြားတော်မူအပ်၏ဟူ၍။ သုတံ=နားဝယ်ထပ်ထပ် ကြားအပ်ခဲ့ပါပြီ။

ကျောင်းတော်သွားပြီးတော့ တရားနာလို့ ဘုရားသခင် ဟောတာကို သူဘယ်လိုကြားခဲ့တုံးဆိုတော့-

http:\\www.dhammadownload.com



ဓဝဋ္ဌေ ဘိက္ခဝေ သတ္တာ ဇာနေယျုံ ဒါန–သံဝိဘာဂဿ ဝိပါကံ၊ ယထာဟံ ဇာနာမိ။

ဘုရား နေ့လယ်က ရွှေနှုတ်တော်မြွက်ပြီး ဟောကြားတဲ့ တရားတော်က ဒီမှာ တစ်ခါထဲ ပြောတယ်။

ဘိက္ခဝေ=ရဟန်းတော်များ အို–ချစ်သားတို့။ အဟံ=ငါဘုရားသည်။ ဇာနာမိ ယထာ=ပိုင်းခြားထင်ထင် သိမြင်သကဲ့သို့။ ဓဝံ=ဤအတူ။ သတ္တာ=သတ္တဝါတို့သည်။ ဒါနသံဝိဘာဂဿ=လှူဒါန်းခြင်း ခွဲခြမ်းပေးခြင်း၏။ ဝိပါကံ=အကျိုးဝိပါက်ကို။ စေဇာနေယျုံ=အကယ်၍ သိကြကုန်သည်ဖြစ်အံ့။

ချစ်သားတို့–လူတွေဟာလေ၊ ဒါနရဲ့ အကျိုးဝိပါက်၊ သံဝိဘာဂရဲ့ အကျိုးဝိပါက်ကို ငါဘုရား သိသလိုမျိုး သိကြမယ်ဆိုယင် ဒါနဆိုတာ ဘာခေါ်တုံး။ သံဝိဘာဂဆိုတာ ဘာခေါ်တုံး။(နဂိုကတည်းကိုက ဒိပစ္စည်း ဒီပစ္စည်းတွေကို လှူမယ်တန်းမယ်လို့ အဲဒီလို ရည်သန်ပြီး လှူတန်းတဲ့ ဝတ္ထုတွေကို ဒါနဝတ္ထုလို့ခေါ်တယ်။

အဲဒီလို လှူဖို့တန်းဖို့သက်သက် ပစ္စည်းဝတ္ထုတွေကို စုဆောင်းတဲ့ စေတနာကတော့ ဒါန စေတနာ။ အဲဒီ ဒါနစေတနာရဲ့ အကျိုးဝိပါက် သံဝိဘာဂဆိုတာက မိမိသုံးစွဲဖို့ ထားတဲ့အထဲက အစားပဲဖြစ်ဖြစ်၊ အဝတ်ပဲ ဖြစ်ဖြစ်၊ ကိုယ်သုံးဖို့ စွဲဖို့ထားတဲ့အထဲက အလှူခံပုဂ္ဂိုလ်တို့အား သင့်လျော်သလို ခွဲခြမ်းပြီးတော့ ပမာလေ–ကိုယ်ဝတ်ဖို့ ပိတ်ကလေး ဆယ်တောင်လောက် ရှာထားတယ်ဆိုပါစို့။ သင်္ကန်းခေါင်းပါးတဲ့ ကိုယ်တော်တစ်ပါးတွေ့တော့ ဩော် ဤအရှင်သူမြတ် သင်္ကန်းအင်မတန်ခေါင်းပါးတယ်။ အဲဒီ သင်္ကန်းခေါင်းပါးတဲ့ အရှင်သူမြတ်ကို ငါဝတ်မယ့် ပိတ်ထဲကနေပြီးတော့ လှူထိုက်ပါသော်ကောလို့ တစ်ခါ ပိတ်ရှစ်တောင်လောက် ခွဲပြီး လှူလိုက်လို့ ရှိယင် ဒီကိုယ်တော် အဖို့အရာ သင်းပိုင်လေး တစ်ထည်လောက်တော့ ရမယ်။

http:\\www.dhammadownload.com



အဲဒီလို ကိုယ်ဝတ်မယ့်အထဲက ခွဲပြီးလှူတာမျိုးကို သံဝိဘာဂ။ ကိုယ်စားမယ့်အထဲက ခွဲပြီးလှူတာမျိုးကို သံဝိဘာဂ။ ဒီ ရဟန်းတော်များအား လှူတာတင် မဟုတ်ပါဘူး။ ကိုယ်နဲ့လူ့ဘဝမှာ ဘဝတူဖြစ်ကြတဲ့ ပုဂ္ဂိုလ်ထဲက ဆင်းရဲတဲ့ပုဂ္ဂိုလ်တွေဖြစ်ပြီးတော့ ကိုယ်ဝတ်မယ့် အဝတ်ထဲက တစ်ထည်လောက် ခွဲပေးလိုက်တာ၊ ဒါမျိုးလည်းပဲ သံဝိဘာဂပဲ။

ချစ်သားတို့-သတ္တဝါတွေဟာ ဒါန သံဝိဘာဂ ဤနှစ်မျိုးရဲ့ အကျိုးဝိပါက်တွေကို ငါဘုရားသိသလိုသာ သူတို့ သိကြမယ်ဆိုယင်-

န အဒတွာ ဘုဉ္ဇေယျုံ။

အဒတွာ=မပေး မလှူဘဲ၊ န ဘုဉ္ဇေယျုံ=စားကို စားကြတော့မည် မဟုတ်ကုန်။

ငါဘုရား သိသလောက်များ လူတွေ ဒါနရဲ့ အကျိုး၊ သဝိဘာဂရဲ့ အကျိုးကို သိမယ်ဆိုလို့ရှိယင်ဖြင့် မပေးဘဲသာဖြင့် စားကို မစားတော့ဘူးတဲ့။

န စ နေသံ မစ္ဆေရမလံ စိတ္တံ ပရိယာဒါယတိဋ္ဌေယျ။

စ=သည်သာ မကသေး။ နေသံ= ထိုသူတို့၏။ စိတ္တံ-စိတ်ကို။ မစ္ဆေရမလံ=မစ္ဆေရဆိုတဲ့ ဝန်တိုခြင်း၊ ဧးနဲခြင်း၊ နှမြောခြင်းဆိုတဲ့ အညစ်အကြေးသည်။ စိတ္တံ=စိတ်ကို။ ပရိယာဒါယ=ထက်ဝန်းကျင်က လွှမ်းအပ်၍။ န တိဋ္ဌေယျ=တည်လည်း မတည်မည်မဟုတ်လား။

အကယ်၍ ငါဘုရားသိသလို အလှူဒါနရဲ့ အကျိုးဝိပါက်ကို ခွဲခြမ်းဝေဖန် သိမ်းဆည်းမယ့် အကျိုးဝိပါက်တွေကို လူတွေ ကောင်းကောင်းသိမယ်ပဆိုလို့ရှိယင် အဲဒီလူတွေရဲ့ စိတ်ကို မပေးလို၊ မလှူလို၊ မစွန့်လို၊ မကမ်းလို၊ ဝန်တိုတဲ့။ မစ္ဆရိယ အညစ်အကြေးဟာ ထိုလူတွေရဲ့ စိတ်ထဲမှာ လာပြီးတော့ ကပ်မှာ မဟုတ်ဘူးတဲ့။

http:\\www.dhammadownload.com



## မပေးဘဲ မစားသင့်။

ယောပိ နေသံ အသဃ စရိမော အာလောပေါ စရိမံ ကဗဠံ။ တတောပိ န အသံဝိဘဇိတွာ ဘုဉ္ဇေယျုံ၊ သစေ နေသံ ပဋိဂ္ဂါဟကာ အဿု။

နေသံ=ထိုလူတို့အား။ ပဋိဂ္ဂါဟကာ=အလှူခံပုဂ္ဂိုလ်တို့သည်။ သစေ-အဿု=အကယ်၍ ရှိကုန်ငြားအံ့။ ဓဝံသတိ=ဤသို့ ရှိလတ်သည် ရှိသော်။ နေသံ=ထိုလူတို့၏။ စရိမော=နောက်ဆုံးဖြစ်သော။ ယောပိ အာလောပေါ=အကြင် ထမင်းလုတ်သည်လည်းကောင်း။ စရိမံ=နောက်ဆုံးဖြစ်သော။ ယမ္ပိ ကဗဠံ=အကြင်ထမင်းလုတ်သည်လည်းကောင်း။ အတ္ထိ=ရှိ၏။ တတောပိ=ထို နောက်ဆုံးစားမယ်လို့ ရည်သန်ထားတဲ့ ထမင်းလုတ်ထဲမှသော်လည်းပဲ။ အသံဝိဘဇိတွာ=မဝေခွဲခြမ်းဘဲသာဖြင့်။ န ဘုဉ္ဇေယျုံ=ဘယ်နည်းနဲ့မှ ထိုလူတွေ စားကြတော့မည်မဟုတ်ချေ။

အကယ်၍ လူတွေ ငါဘုရားသိသလို လှူဒါနရဲ့ အကျိုးဝိပါက်တွေ ကိုယ်စားမယ့် သုံးမယ့်အထဲကနေပြီးသကာလ ခွဲခြမ်းဝေဖန်ပေးလိုက်ရယင် ယင်းတည်းဟူသော ကောင်းမှုကုသိုလ်ကံ စေတနာရဲ့ အကျိုးဝိပါက်ကို ငါဘုရားသိသလို သိကြမယ်ဆိုလို့ ရှိယင် နောက်ဆုံး ထမင်းလုတ်ကလေးကိုတောင်မှ အဲဒီထမင်းလုတ်ကလေး စားမယ်လို့ ရွယ်နေတဲ့ အချိန် ကိုယ်ပေးရမယ့် အလှူခံပုဂ္ဂိုလ် ရောက်ဆိုက်လာလို့ ရှိရင် မပေးဘဲသာဖြင့် သူတို့စားမှာ မဟုတ်ဘူးတဲ့။ ဒါဖြင့် ယနေ့လူတွေဟာ ဘုရားသိသလောက် သိသလားဆိုတော့ မသိဘူး။ မသိတော့ ဘာဖြစ်တုံးဆိုတော့–

ယသ္မာ စ ခေါ ဘိက္ခဝေ သတ္တာ န ဧဝံ ဇာနန္တိ ဒါနသံဝိဘာဂဿ ဝိပါကံ ယထာဟံ ဇာနာမိ။

ခုနက ဟာက ကိုယ်တော်မြတ်သိသလိုသာ သိလို့ ရှိယင် မပေး

http:\\www.dhammadownload.com



ဘဲ မစားလိုကုန်။ အေး-ပုဂ္ဂိုလ်တွေရဲ့ စိတ်ကို မစ္ဆရိယဆိုတဲ့အညစ်အကြေး တွေ ကပ်ကို မကပ်နိုင်ဘူး။ ကုန်ကုန်ပြောရမယ်ဆိုလို့ရှိယင် နောက်ဆုံး ထမင်းလုတ်ဆိုတာက ဘာလဲ၊ မိမိဖို့ ရောက်လာတဲ့ ထမင်းခွက်ကြီး တစ်ခု ထဲက ထမင်းလုတ်ကလေးကို ခွဲခွဲပြီးတော့ ဟောဒီအလုတ်လည်း လှူလိုက် တယ်။ နောက်တစ်ယောက်၊ နောက်တစ်ယောက် ပေးစရာယူလာလို့ ပေး လိုက်၊ ဒါလဲ ပေးလိုက်တာပဲ။ အဲဒီလို ပေးလို့ ထမင်းလုတ်တိုင်း လုတ်တိုင်း ပေးလို့ နောက်ဆုံးတစ်လုတ်ပဲ ကျန်တယ်။ အဲဒီကျန်တဲ့ တစ်လုတ်စာလေးကို၊ တစ်လုတ်စာကလေးကို မိမိစားတော့မယ်လို့ ကြံ နေတုန်းတောင်မှာ အလှူခံပုဂ္ဂိုလ် ကိုယ့်ထံမှောက် ရောက်လာရင် မပေး ဘဲကို စားတော့မှာ မဟုတ်ဘူးတဲ့။ ဘုရားသိသလို သိရင်။ ဒါန၏ အကျိုး သံဝိဘာဂရဲ့ အကျိုးကို သိလို့ရှိယင်။ အခုတော့ လူတိုင်းလူတိုင်း သိရဲ့လား ဆိုတော့-

ယသ္မာ စ ခေါ ဘိက္ခဝေ သတ္တာ န ဧဝံ ဇာနန္တိ ဒါနသံဝိဘာဂဿ ဝိပါကံ ယထာဟံ ဇာနာမိ။ တသ္မာ အဒတွာ ဘုဉ္ဇန္တိ။

ဘိက္ခဝေ=ရဟန်းတော်များ အို-ချစ်သားတို့။ အဟံ=ငါဘုရား သည်။ ဇာနာမိ ယထာ=ပိုင်းခြားထင်ထင် သိမြင်သကဲ့သို့။ သတ္တာ= သတ္တဝါတို့သည်၊ဒါန သံဝိဘာဂဿ=လှူဒါန်းခြင်း၊ ခွဲခြမ်းပေးဝေခြင်း ၏။ ဝိပါကံ=အကျိုးဝိပါက်ကို။ ယသ္မာ=အကြင်ကြောင့်။ န ဇာနန္တိ= မသိကြကုန်။ တသ္မာ=ထို့ကြောင့်။ အဒတွာ=မပေးဘဲ။ ဘုဉ္ဇန္တိ=စားနိုင် ကြကုန်၏။ ငါဘုရား သိသလောက်၊ မသိကြလို့မို့လို့ မပေးဘဲ စားနိုင် ကြတယ်။

မစ္ဆေရမလဉ္စ နေသံ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ။

နေသံ=ထိုသူတို့၏။ စိတ္တံ=စိတ်ကို။ မစ္ဆေရမလဉ္စ=မစ္ဆေရဆိုတဲ့ ဝန်တိုခြင်း၊ စေးနဲခြင်း၊ နှမြောခြင်းဆိုတဲ့ အညစ်အကြေး အကုသိုလ်တရား

http:\\www.dhammadownload.com



လည်းပဲ။ ပရိယာဒါယ=ထိုသူတို့၏ စိတ်ကို လွှမ်းအုပ်၍။ တိဋ္ဌတိ=တည်နေပေ၏။

ဒါနရဲ့ အကျိုး မသိတော့ မစ္ဆရိယက ထိုပုဂ္ဂိုလ်တွေရဲ့စိတ်ကို တစ်ခါတည်း ဖုံးပြီး အုပ်ပြီးတော့ တည်နေတယ်။ ဘယ်လိုတည်လဲ။

ဒါလေး ငါလှူလိုက်မှပဲ။

မစ္ဆရိယက သူက ရှေ့နေကြီးဆိုတော့ ဩော်-လှူလို့ဘယ်ဖြစ်မလဲ။ မနက်ကျ စားစရာမရှိဘူး။

ဒီအဝတ်ကလေးကို ငါ-ဟို-လူတစ်ယောက်အင်မတန် ဆင်းရဲတာ မြင်တယ်။ ငါ ဒီအဝတ်ကလေးကို ပေးလိုက်မှ ထင်ပါရဲ့။

ကိုယ်က ဒီသဒ္ဓါတရားက ဒီ တပ်ဦးချီပြီးတက်လာတော့ မစ္ဆရိယက ဘယ့်နှယ့်ပြောသလဲ။ အဲ ပေးလို့မဖြစ်ဘူး။ ဒါလေးက ရေသနပ်လုပ်ရသေးတယ်။ အင်း-တကတဲ။

အဲဒီလို အဲဒီလို "လိုရစေ-ကြိုးနှယ်ခွေ"ဆိုတာက မစ္ဆရိယရဲ့ ဆောင်ပုဒ်ပဲ။ တစ်ခါတည်း အကုန်လုံး မပေးရက် မကမ်းရက် မစွန့်ရက် မလှူရက် မတန်းရက် တစ်ခါတည်း စုထားဖို့၊ ဒါ ဘယ်သူ့ရဲ့ ဆောင်ပုဒ်လဲ။ မစ္ဆရိယရဲ့ ဆောင်ပုဒ်။ လိုရစေ ကြိုးနှယ်ခွေ။ ဘယ်သူ့မှမပေးဘူး။ အမှန်ကတော့ မပေးချင်တာ။ အဲဒီ မပေးချင်တဲ့ မစ္ဆရိယက ဒီစကားပုံကလေးလိုပဲ သူက။ တကတဲ သူက ဒီဆောင်ပုဒ်ကလေးနဲ့ ရှေ့ကနေပြီးတော့ သူက ကာကွယ်တာပဲ။ တချို့များ အပိုဖြစ်နေတဲ့ ပစ္စည်းကို သွားတောင်းလို့များ မပေးဘူး။ အဲဒီလိုများ ဟိုတစ်ယောက်က အသုံးချဖို့ သွားတောင်းပေးလိုက်ခြင်း သံဝိဘာဂရဲ့ အကျိုးကိုသိရင် ထိုလူကို ပေးမှာတဲ့။ အခုတော့ မသိတဲ့အတွက် မစ္ဆရိယက သူတို့စိတ်ဖုံးအုပ်ပြီး သကာလ မပေးနဲ့။ သူက စိတ်က ပေးမယ်ကြံ၊ လိုက်အုပ်ပြန်ပြီ။ အို-အမှိုက်ကျုံးရသေးတယ်။ အင်း-ဒီလိုကို။ ဒီတော့ သူ့ရဲ့ဆောင်ပုဒ်တွေ၊

http:\\www.dhammadownload.com



သူ့ရဲ့ ရှေ့နေတွေ၊ သူ့ရဲ့ထုချေချက်တွေနဲ့ အဲဒီလို ဝင်နေတယ် ချစ်သား တို့တဲ့။ မြတ်စွာဘုရားက။

ဇဝေ့ဧ သတ္တာ ဇာနေယျုံ၊
ယထာ ဝုတ္တံ မဟေသိနာ။
ဝိပါကံ သံဝိဘာဂဿ၊
ယထာ ဟောတိ မဟပ္ဖလံ။

မြတ်စွာဘုရားက ခုနက ရွတ်ပြီးတာတွေက စုဏ္ဏိယလို့ ပါဠိလို ခေါ်တယ်။ မြန်မာလို စကားပြေလို့ခေါ်တယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ ပါဠိ လို ကျဉ်းကျဉ်းနဲ့ ကျက်ချင်တဲ့၊ ရွတ်ချင်တဲ့ ပုဂ္ဂိုလ်များအတွက်–

ဇဝေ့ဧ သတ္တာ ဇာနေယျုံ၊
ယထာ ဝုတ္တံ မဟေသိနာ။
ဝိပါကံ သံဝိဘာဂဿ၊
ယထာ ဟောတိ မဟပ္ဖလံ။

ဘိက္ခဝေ=ရဟန်းတော်များ အို–ချစ်သားတို့။ ယထာ=အကြင် အခြင်းအရာအားဖြင့်။ မဟေသိနာ=မြတ်သော သီလက္ခန္ဓစသည် ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး လေ့ကျက်တော်မူပြီးတဲ့ မြတ်စွာဘုရားသည်။ ဝုတ္တံ=ဟောတော်မူအပ်လေပြီ။ ဇဝံ=ဤ ဘုရားဟောတော်မူတဲ့အတိုင်း။ သတ္တာ=သတ္တဝါတို့သည်။ စေ ဇာနေယျုံ=အကယ်၍ သိကုန်ငြားအံ့။

မြတ်စွာဘုရားက အစာအာဟာရပေးတဲ့ ကျေးတဲ့နေရာမှာ–

တိရစ္ဆာ နဂတေသု ဒါနံ ဒတွာ ကတပုညာ ဒက္ခိဏာ ပါဋိကင်္ခိ တဗ္ဗာ။

တိရစ္ဆာန်ဖြစ်တဲ့ ခွေးကလေးကို ထမင်းတစ်ထပ် ဝဝကျွေးလိုက် ရင်ပဲ ဘဝပေါင်းအရာမှာ အစာမငတ်နိုင်ဘူးတဲ့နော်။ သူကျွေးလိုက်တဲ့ ထမင်းလေး ဘယ်လောက်များလို့လဲ။ အဲဒီခွေးလေး ထမင်းတစ်ထပ် ဝဝ

http:\\www.dhammadownload.com



ကျွေးလိုက်တာတောင်မှ ဘဝအရာမှာ အစာမငတ်နိုင်ဘူးတဲ့။ အဲဒီလို စသည်ဖြင့် ဒါနရဲ့ အကျိုးတွေ ဟောထားတာရှိတယ်။ အဲဒီ ဘုရားဟော တဲ့အတိုင်း သတ္တဝါတွေ အကယ်၍ သိကြမယ်ပ ဆိုယင်တဲ့-

သံဝိဘာဂဿ=ဒါနသက်သက်ကို ပြုတာကို မဆိုထား ပါနဲ့ဦး တော့။ ကိုယ်ဝတ်ဖို့ စားဖို့ သုံးဖို့ထဲက အနည်းငယ်မျှကို ခွဲခြမ်းဝေဖန်၍ ပေးလိုက်ခြင်း၏ မဟပ္ဖလံ ဝိပါကံ= အလွန် အကျိုးကြီးတဲ့ အကျိုးသိပါက်သည်။ ယထာ=အကြင်အခြင်း အရာအားဖြင့်၊ ဟောတိ=ဖြစ်ပေ၏။ ဧဝံတထာ=ထို တကယ် အကျိုးရှိတဲ့အခြင်းအရာကို ကြီးတဲ့အတိုင်း။ စေ ဇာနေယျုံ= အကယ်၍ သတ္တဝါတို့ သိကြကုန်သည်ဖြစ်အံ့။

တကယ့်ကို သက်သက်မဲ့ လှူတဲ့ တန်းတဲ့ကိစ္စများ မဆိုထားပါ နဲ့ဦးတဲ့။ ကိုယ်ဝတ်မယ့် စားမယ့်အထဲက ဆင်းရဲတဲ့လူတစ်ယောက်ကို ဝတ်စရာကလေး စားစရာကလေး ခွဲပြီးတော့ ပေးလိုက်တဲ့ သံဝိဘာဂ ကောင်းမှုကုသိုလ်ရဲ့ အကျိုးကြီးမြတ်ပုံကိုများ အကယ်၍ ငါဘုရားသိ သလို လူတွေသိကြမယ်ဆိုလို့ရှိယင်-

ဝိနေယျ မစ္ဆေရမလံ၊ ဝိပ္ပသန္နေန စေတသာ။
ဒဇ္ဇုံ ကာလေန အရိယေသု၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။

ဧဝံသတိ=ဤသို့ ငါဘုရားသိသလောက်သာ ဒါန သံဝိ ဘာဂရဲ့ အကျိုးကို သတ္တဝါတွေ သိကြမယ်ပဆိုလို့ရှိယင်။ ယတ္ထ= အကြင် အရိယာသူတော်စင်တို့၌။ ဒိန္နံ=ပေးလှူအပ်တဲ့ အလှူ ဝတ္ထုသည်။ မဟပ္ဖလံ=များသောအကျိုး ရှိပေ၏။ မစ္ဆေရမလံ= ဝန်တိုခြင်းဆိုတဲ့စိတ်၏ အညစ်အကြေး မစ္ဆရိယ တရားကို။ ဝိနေယျ=ပယ်ဖျောက်၍။ ဝိပ္ပသန္နေန=သဒ္ဓါတရား ဖြင့် ပြိုးပြိုးပြက်ပြက် တလက်လက် ကြည်လင် ဝင်းတောက်ပ၍

http:\\www.dhammadownload.com



နေသော။ စေတသာ=စိတ်ဖြင့်။ အရိယေသု=ဖြူစင်သော အကျင့်ပဋိပတ် ရှိကြတဲ့ သူတော် သူမြတ်တို့၌။ ကာလေန= သင့်လျော်လျောက် ပတ်သော ကာလ၌။ ဒဇ္ဇုံ=ပေးကုန်ရာ၏။

အန္နဉ္စ ဒတွာ ဗဟုနော၊ ဒက္ခိဏေယျေသု ဒက္ခိဏံ။

ဣတော စုတာ မနုဿတ္တာ၊ သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။

ဒါယကာ=အလှူအတန်း ပေးလှူတန်းကြတဲ့ သတ္တဝါတို့သည်။ ဗဟုနော=မြောက်မြားစွာသော ပုဂ္ဂိုလ်အား။ အန္နံ=ထမင်းကိုလည်း ကောင်း။ စ=ထိုမှတစ်ပါး။ သောက်ဖွယ်-ဝတ်ဖွယ်-နေဖွယ်-ထိုင်ဖွယ် အစရှိတဲ့ပစ္စည်းလေးပါးကိုလည်းကောင်း။ ဒတွာ=ပေး၍။ (ဘယ်လိုပုဂ္ဂိုလ် ကို ပေးရမှာတုံးဆိုတော့) ဒက္ခိဏေယျေသု=မြတ်သောအလှူကို ခံထိုက် ကုန်သော အလှူခံပုဂ္ဂိုလ်မြတ်တို့၌။ ဒက္ခိဏံ=ကံကံ၏ အကျိုးကို ယုံကြည် ၍ လှူဒါန်းတဲ့ မြတ်သောအလှူကို။ ဒတွာ=ပေးလှူကြ၍။ ဣတော မနုဿတ္တာ=ဤလူ့အဖြစ်မှ။ စုတာ=စုတေကြသည်ရှိသော်။ သဂ္ဂံ ဂစ္ဆန္တိ=နတ်ရွာလောကသို့ သွားရောက်ကြရကုန်၏။

တေစ သဂ္ဂဂတာ တတ္ထ၊

မောဒန္တိ ကာမကာမိနော။

ဝိပါကံ သံဝိဘာဂဿ၊

အနုဘောန္တိ အမစ္ဆရာ။

တေစ=ထိုသူတို့သည်လည်း။ သဂ္ဂဂတာ=နတ်ရွာသုဂတိသို့ ရောက်ကြကုန်သည် ရှိသော်။ တတ္ထ=ထိုနတ်ရွာသုဂတိ၌။ ကာမ ကာမိ နော=ဝတ္ထုအာရုံအလုံးစုံတို့နှင့် ပြည့်စုံကုန်သည်ဖြစ်၍။ မောဒန္တိ=နှစ်လို အားရမ်း ဝမ်းမြောက်ဝမ်းသာ သုံးဆောင်ကြပါပေကုန်၏။ သံဝိဘာ ဂဿ=ခွဲခြမ်းစိတ်ဖြာဝေဖန်ပေးခြင်း၏။ ဝိပါကံ=အကျိုးဝိပါက်ကို။ အမစ္ဆရာ=ဝန်မတိုကြကုန်သော။ တေ=ထိုသူတို့သည်။ အနုဘောန္တိ= လှလှကြီး ခံစားရကုန်၏လို့။

http:\\www.dhammadownload.com



အယမ္ပိ အတ္ထော ဝုတ္တော ဘဂဝတာ။

အယမ္ပာယော=အရှင်မတို့။ အယမ္ပိ အတ္ထော=အခုပြောဆိုခဲ့တဲ့ ဒါနကထာနှင့် ပတ်သက်သော အနက်သဘောကို။ ဘဂဝတာ=မြတ်စွာဘုရားသည်။ ဝုတ္တော=ဟောတော်မူအပ်ပါပြီ–လို့။

ဟောဒီသုတ္တန်ဟာ ဘုရားဆီက နာပြီးတော့ ခုဇ္ဇုတ္တရာအမျိုးသမီးကြီး၊ ဘယ်လောက်ပညာထက်တဲ့အမျိုးသမီးကြီးလဲ။ အဲဒီအမျိုးသမီးကြီးက သာမာဝတီအမှူးပြုတဲ့ နန်းတွင်းသူ ငါးရာကို ဓမ္မာသန ပလ္လင်ထက်က ရဲရဲတင်းတင်း ဟောပေးတဲ့ ဣတိဝုတ္တက ပါဠိတော်မှာလာတဲ့ ဒါနသုတ္တန်ပဲ။

အဲဒီလို ဒါနအကျိုးကို ပိုင်းပိုင်းခြားခြား သိပြီဆိုရင် မစားဘဲကို လှူမှာဆိုတာ ဟုတ်ပါ့မလား။ ဘုရားလောက်သိမှာကလည်းပဲ ဘုရားလောင်းမှ ဘုရားလောက်သိမှာ။ ဟော–မစားဘဲနဲ့ လှူတာကတော့ ဘုရားက ငါလောက်သိကြယင်တဲ့၊ မစားဘဲကို လှူပစ်မှာဆိုတာ။ ငါလောက် သိကြမှာက ဘယ်သူတွေတုံးဆိုတော့ ငါကဲ့သို့ ဘုရားလောင်းမှ သိမှာတဲ့။

နို့ သာဝကအလောင်းတွေ ဘယ့်နှယ်လုပ်ပြီးတော့ သူသိသလောက် သိမလဲ၊ သိမဖြစ်ဘူး။ ဒီတော့ ငါသိသလိုသိ ဆိုတာ ငါလိုပုဂ္ဂိုလ်၊ ဘုရားဖြစ်မယ့်ပုဂ္ဂိုလ်၊ ဘုရားလောင်းများမှ ငါလိုသိမှာ။ ဘုရားလောင်းများကျတော့ အခုပြောသလိုပဲနော်။ ဒါနဇ္ဈာသယ အင်မတန်ကဲလွန်တော်မူကြတယ်။ အဲဒီလို ကဲလွန်တော်မူကြတဲ့အတွက် ငါးရာ့ငါးဆယ်ဇာတကဆိုတာ၊ ဟိုဇာတ်တော်ကြီးတွေ ကြားရနာရတယ်ဆိုတာ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ဟာ အစိတ်အပိုင်းအားဖြင့် ဘုရားမဖြစ်ခင် လေးအသင်္ချေ ကမ္ဘာတစ်သိန်း အတွင်းတုန်းက ကျင့်တော်မူခဲ့တဲ့ ဂုဏ်တော်တွေဟာ စရိယဂုဏ်လို့ ခေါ်တယ်နော်။

http:\\www.dhammadownload.com



ကျင့်ထားတဲ့ ဂုဏ်ကို စရိယဂုဏ်လို့ ခေါ်တယ်။ အဲဒီဂုဏ်ကို အာရုံပြုပြီးတော့ ငါတို့မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် နှစ်ဉ် ကာလတုန်းက ဤကဲ့သို့ ဒါနပါရမီကောင်းမှုများကို လှလှကြီး ပြုတော်မူခဲ့တယ်လို့ ဒီလိုပြန်ပြီး အောက်မေ့ရခြင်းဟာလည်း ဗုဒ္ဓါနုဿတိတစ်မျိုးပဲ။ ဒီဘုရားနဲ့စပ်ပြီးတော့ ဘုရားမဖြစ်ခင် သုမေဓာဘဝမှသည် နောက်ဆုံး ဝေဿန္တရာဘဝတိုင်အောင် ဤအတွင်းမှာ ကျင့်တော်မူခဲ့တဲ့ အကျင့်တစ်ခုခုကို အောက်မေ့ပြီး ကြည်ညိုတာလဲ ဒါ ဗုဒ္ဓါနုဿတိ တစ်မျိုး ပဲ။ စရိယဂုဏ်ဖြင့် ဘုရားကို ကြည်ညိုတာလို့ ခေါ်တယ်။

ဒီဘက် ဘုရားဖြစ်တဲ့ဘဝမှာ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော အနုဗျဉ္စန လက္ခဏာတော်ငယ် အသွယ်သွယ်တို့နှင့်တကွ ရောင်ခြည်တော် ခြောက်သွယ်တို့နှင့် တင့်တယ်တော်မူပါသော ငါတို့ဆရာမြတ်စွာဘုရားလို့ ရူပကာယအသရေတော်တွေကို မှန်းပြီး ကြည်ညိုနေတာကတော့ သရီရဂုဏ်၊ အဲဒီ သရီရဂုဏ်နဲ့ ဗုဒ္ဓါနုဿတိအာရုံဆုံလိမ့်မယ်။

ဒါကြောင့် ဟိုမနေ့ကတုန်းက ဘုန်းကြီး ယမကပါဋိဟာရိယ နေရာမှာပေါ့လေ။ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ကိုယ်တော်ကနေပြီး ရေတွေ မီးတွေ အစုံအစုံ တန်ခိုးပြာဋိဟာတွေ ထွက်ပုံ၊ ရောင်ခြည်တော် ခြောက်ပါးတွေ ကွန့်မြူးပုံဆိုတဲ့ ရူပကာယတော်ရဲ့ ကျက်သရေတော်တွေ၊ ဒီလိုကွန့်မြူးအောင် ဖန်တည်းပေးနိုင်တဲ့ ယမကပါဋိဟာရိယ ဉာဏ်တော်တည်းဟူသော "တမ"ဂုဏ်တွေ၊ ဟို 'နယနသုဘဂကယဂ်'ဆိုတဲ့ ပါဠိရဲ့အနက်ကို အကျယ်တဝင့် ရေးတုန်းက သရီရဂုဏ်ကို လှလှကြီး ဖော်ကြားပြီးတော့ ရေးခဲ့တယ်။ အဲဒါဘာလဲ။ မြတ်စွာဘုရားရဲ့ ဂုဏ်ကို ကိုယ့်အကြိုက်အတိုင်း တချို့ ဓမ္မဂရုပုဂ္ဂိုလ်က ဓမ္မကို အာရုံပြုရမှ မြိန်တယ်။ အဲဒီလို ပုဂ္ဂိုလ်တွေအတွက်ကျတော့ မြတ်စွာဘုရားရဲ့ ပညာဂုဏ်

http:\\www.dhammadownload.com



နှင့် ပတ်သက်တာတွေ ရေးပေးရတယ်။ ရေးရတယ်။ ဒီလိုဟာတွေ နှလုံးသွင်းရတယ်။

တချို့ပုဂ္ဂိုလ်က သရီရဂုဏ်ကို ကြိုက်နှစ်သက်တဲ့လူရှိတယ်။ အဲဒီပုဂ္ဂိုလ်တွေအတွက် သရီရဂုဏ်နဲ့ ဘုရားအာရုံပြုနိုင်ပါစေ။ 'နယနသုဘဂကာယင်္ဂ'အစရှိတဲ့ ဒီမဟာနမက္ကာရများဟာ တချို့ကတော့ သရီရရော–ဓမ္မရော ဂုဏ်နှစ်ပါးစလုံး အာရုံပြုချင်တယ်ဆိုတော့ ဟော 'သမ္ဗုဒ္ဓါမ္ဗုလေမှုလေ'တို့လိုနော်။ သရီရဂုဏ် ဓမ္မဂုဏ်နှစ်ပါးဆိုတဲ့ ဘုရားဂုဏ်ကို အာရုံပြုနိုင်အောင်။

စရိယဂုဏ်ကို အာရုံပြုချင်တဲ့ ပုဂ္ဂိုလ်များ ငါးရာ့ငါးဆယ်ထဲကလျော်ရာလျော်ရာကို ထုတ်ဖော်ပြီးတော့ ဘုန်းကြီးဖော်ပြခဲ့တယ်။ ဒီတစ်ခါတည်း အလောင်းတော်ရဲ့ ကျင့်စဉ်ကို အာရုံပြုနေရတာဟာ တို့ဘုရားဟာ နှစဉ်ကာလ–ဒီဘဝ ဒီဘဝတုန်းက ဒီလိုဒီလို ဒါနပါရမီ ဖြည့်ဆည်းပြီးတော့ နေခဲ့ပါတကားလို့ အဲဒါလောက် အဲဒီလို လိုက်ရခြင်းဟာ အလောင်းတော်ပိုင်းတုန်းက ကျင့်တဲ့ စရိယဂုဏ်ရှိတယ်။ ဘုရားဖြစ်တဲ့ နောက်ဆုံးဘဝမှာ ရရှိတဲ့ ရူပကာယအသရေတည်းဟူသော သရီရဂုဏ်ရှိတယ်။

## မစားဘဲ လှူသောသူ

ပြီးတော့ သီလ၊ သမာဓိ၊ ပညာအစရှိတဲ့ သမဂုဏ်ကျေးဇူးတွေရှိတယ်။ အဲဒီသုံးမျိုး တစ်မျိုးမျိုးနဲ့ အာရုံပြုပြီးတော့ ဗုဒ္ဓါနုဿတိက ဖြစ်နေတယ်။ သဒ္ဓါတရားတွေ တရွေ့ရွေ့ တဖွားဖွားတိုးတက်ပြီးတော့မှ အဲဒါကြောင့်မို့လို့ ဒီစရိယဂုဏ်နဲ့ အလောင်း နှစဉ်ကာလတုန်းက မစားဘဲဘယ်လိုလှူခဲ့တုံး။ ဒါန ရှေးရှုတဲ့ လူဆိုလို့ရှိရင် မစားဘဲလှူတာ ဘယ်သူတုံး။ ငါလိုပုဂ္ဂိုလ်၊ ငါလိုပုဂ္ဂိုလ်ဆိုတော့ ငါကဲ့သို့သော ဘုရားလောင်းသာလှူမှာပဲလို့ အဓိပ္ပာယ်ရတယ်။ လှူဖူးတဲ့ဝတ္ထု ကြားကြစို့။

http:\\www.dhammadownload.com



## အနာထပိဏ် ဆင်းရဲပုံဝတ္ထု

ဝတ္ထုကြားတော့ အများကြားနေကျဖြစ်တဲ့ ဝိသယှသေဋ္ဌေးဝတ္ထု ကိုပဲ ကြားကြစို့။ ဘုန်းကြီးက ဝိသယှဇာတ်ကို ဒီပရိသတ်နားထဲကို သွင်း ချင်လို့ ပစ္စုပ္ပန်ဝတ္ထုကြည့်တဲ့အခါကျတော့–

ပစ္စုပ္ပန္နဝတ္ထု ဟေဋ္ဌာ ခဒိရင်္ဂါရဇာတကေ ဝိတ္ထာရိတ မေ။

ပစ္စုပ္ပန် လက်ထက်တော် ဝတ္ထုကတော့ အောက် ခဒိရင်္ဂါရ ဇာတ် တုန်းက ချဲ့ခဲ့ပြီးပြီလို့ အဋ္ဌကထာ ဆရာတော်ကြီးက မှာသွားတယ်။ မှာ သွားလို့ ခဒိရင်္ဂါရဇာတ်ကို ပြန်ပြီးကြည့်တဲ့အခါကျတော့ ပစ္စုပ္ပန် ဝတ္ထု ကိုက နစ်နာရီလောက် ဟောရမယ်။

အင်း–အဲဒီ ပစ္စုပ္ပန်ဝတ္ထု ငါပြောဟောနေလို့ ရှိရင် ပစ္စုပ္ပန်ဝတ္ထု နဲ့ပဲ ဝိသယှသေဋ္ဌေးရောက်တော့မှာ မဟုတ်ဘူး ဆိုပြီးတော့ ဘုန်းကြီး သူ့ကို အပြေးအလွှားပဲ ကြည့်ပြီးတော့ ဟောလို့မဖြစ်ဘူး။ အတိုချုပ်ပြော ယင်တော့–

ဘုရားလက်ထက်တုန်းက အနာထပိဏ် သေဋ္ဌေးက ဘုရားအမှူး ရှိတဲ့ သံဃာရဲ့ သောက်ရေတွင်းကြီးသဖွယ် သူ့အိမ်မှာ ဖြစ်နေတော့ ဟို ဘုရားနှင့်တကွ သံဃာတော်တွေ ကြွလာတိုင်းလာတိုင်း ဘုရားကြွလာ တဲ့အခါ၊ သံဃာတော်တွေ ကြွလာတိုင်းလာတိုင်း ဘုရားကြွလာတဲ့အခါ၊ သံဃာတော်တွေ ကြွလာတဲ့အခါ၊ ဘုရားနဲ့တကွ သံဃာတော်တွေ ကြွလာ တဲ့အခါ သူက မိစ္ဆာဒိဋ္ဌိနတ်ဖြစ်တော့ ဆင်းဆင်းပြီးတော့ ဖယ်ပေးရတာ ကိုးသူက။ စတုတ္ထ တံခါးမုခ်မှာ စောင့်နေတဲ့နတ်က ဆင်းဆင်းပြီးတော့ ဒီက တန်ခိုးကြီးတဲ့ပုဂ္ဂိုလ်တွေ လာတဲ့အခါ ဆင်းဆင်းပေးရတာကိုပဲ သူက မကျေနပ်နိုင်ဘဲကိုး။ မကျေနပ်နိုင်ဘဲနဲ့ တစ်ခါတည်း သူ အနှောင့်အယှက် ကြီးစွာပေးတယ် ဆိုပါစို့။

http:\\www.dhammadownload.com



အနာထပိဏ်သေဌေး စည်းစိမ်ဥစ္စာတွေကို တစ်ခါတည်း စီးပွားတွေပျက်ကုန်အောင် ပျောက်ကုန်အောင် တစ်ခါတည်းလုပ်တယ်။ ဟိုသူ့ကြွေးရှိတဲ့လူတွေကလည်း ပြန်မပေးရအောင် အကုန်လုံး လိုက်ပြီးတော့နှုတ်ပိတ်တယ်။ ဥပမာပုံ အနာထပိဏ်သေဌေးရဲ့ ကိုယ်စားလှယ်ယောင်ဆောင်ပြီးတော့ ကိုယ်စားလှယ်အဖြစ်နဲ့ အို–မပေးကြပါနဲ့ဦး။ သေဌေးအရေးမကြီးပါဘူး၊ အရေးမကြီးပါဘူး ပြောတယ်။ အဲဒီလို စသည်ဖြင့်ဟိုကြွေးတွေလည်း မပေးအောင်လုပ်တယ်။

ဒီတော့ အနာထပိဏ်သေဌေးကလည်း ဒီအချိန်မှာ ကံဇာတာညှိုးမှိန်ခိုက်ဖြစ်တော့ မိမိမြှုပ်ထားတဲ့၊ အစိရဝတီ မြစ်ကမ်းပါးမှာ မြှုပ်ထားတဲ့ စီးပွားဥစ္စာတွေကလည်း မြစ်ကမ်းပါး စားလို့ ပါသွားတယ်။ ဒီတော့ အနာထပိဏ် သေဌေးမျာ တော်တော်ဆင်းရဲဇာတ်ကြုံတယ်။ ဒီတော့ အိမ်မှာရှိတဲ့ ပစ္စည်းဥစ္စာတွေလည်း ဒီနတ်က ဖုံးထားကွယ်ထားတယ်။ လူတွေလည်း စိတ်ဝမ်းကွဲပြားအောင်၊ မနေချင်အောင် လုပ်တယ်။ တော်တော်လေး ဝိပတ္တိ=ဗျသနဘေးနဲ့ အနာထပိဏ်သေဌေး ကြုံရတဲ့အချိန်မှာ အဲဒီမိစ္ဆာနတ်က ဝင်ပြီးတော့ အကာလ ညအခါ ကိုယ်ရောင်ကိုယ်ဝါ ပြပြီးတော့–

"အနာထပိဏ်သေဌေး၊ အလှူကြီးမပေးနဲ့၊ ပေးလျှင် တစ်ခဏမွဲပြာကျလိမ့်ဦးမယ်။ ဒီထက်မွဲပြီးတဲ့ နောက်ပြာကျဦးမယ်"လို့ပြောတယ်။

လွယ်လွယ် ဒီလိုပြောကြပါစို့။ "အနာထပိဏ်သေဌေး၊ အလှူကြီး မပေးနဲ့၊ ပေးလျှင် တခဏမွဲပြာဆိုက်၍ ကျလိမ့်ဦးမယ်"လို့ အဲဒီလိုပြောလိုက်တဲ့အခါ–

"သင်ဘယ်သူလဲ"

"သင့် စတုတ္ထတံခါးမှခ်က စောင့်တဲ့နတ်ပဲ"

http:\\www.dhammadownload.com



"ဩော်–သင်ကဲ့သို့သော မိစ္ဆာနတ်ဟာ ငါရဲ့ ပိုင်ဆိုင်တဲ့ အရာမ် ထဲမှာ မနေရဘူး။ အခု သွားရမယ်"

အဲဒီလို သူ့ကို နှင်လိုက်တယ်။ အရိယ သာဝကဘုရားရဲ့ တပည့်ကြီး၊ တကယ် သီလနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်တစ်ယောက်က နှင်လိုက်တော့ ဒီနတ်ဟာ နေကို မနေနိုင်ဘူး။ သားရော သမီးရော သားရော မယားရော အကုန်လုံးလက်ဆွဲပြီးတော့ အဲဒီမုခ်က ဆင်းပေးရတယ်။ ဘယ်မှ နေစရာ မရှိဘူး။

## နတ်ဆိုးနှောင့်ယှက်၍ ဆန်ကွဲထမင်း ချက်စားရခြင်း

စတုမဟာရာဇ်နတ်မင်းကြီးဆီ သွားပြီးတော့ အမလေး–သေဋ္ဌေး ဆီ ရှေ့နေလိုက်ပြီးတော့ တောင်းပန်ပေးကြပါဦး။ အင်း–မင့်အပြစ်က အင်မတန်ကြီးတယ်။ သာသနာတော် ထိခိုက်တာ။ ဟို–သိကြားမင်းဆီ ထိအောင် သွားပြန်ရင်လည်း–

"ကျုပ်လည်းပဲ ရှေ့ဆောင်မလုပ်ဝံ့ဘူး။ ခင်ဗျားလုပ်ပုံစားထားတာ က ဒါနကို တားမြစ်ထားတယ်ဆိုတာ ဘုရားသာသနာကို သွားပြီး ပုတ်ခတ်ထားတာ၊ အဲဒီတော့ ခင်ဗျားရှေ့က ကျုပ်တို့လည်းပဲ သာသနာ ကို ထိပါးစော်ကားထားတဲ့ နတ်တစ်ယောက်ဆိုတော့ ကျုပ်လည်းပဲ ရှေ့ဆောင်မလုပ်ဝံ့ဘူး။ ရှေ့နေ ရှေ့ရောက် ရှေ့ဆောင်မလုပ်ဝံ့ဘူး"

"ဒါဖြင့် သိကြားမင်း၊ ကျွန်တော်ဘယ့်နှယ် ကြံရပါ့မလဲ။ နေစရာ ကလည်း တခြားမှာမရှိဘူး"ဆိုတော့–

"အေး–တစ်ခုတော့ ငါအကြံပေးမယ်။ မင်းသွားချင်သွား"

"ဘယ်လိုလုပ်ရမလဲ"

"အနာထပိဏ်သေဋ္ဌေးမှာ ကြွေးတောင်းမရတဲ့ တစ်ဆယ့်ရှစ် ကုဋေသော ဥစ္စာတွေရှိတယ်။ အဲဒီ တစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာတွေကို

http:\\www.dhammadownload.com



မင်းအနာထပိဏ်သေဌေးရဲ့ ကိုယ်စားလှယ်ယောင်ဆောင်၊ အဖော်ဘီလူး နှစ်ယောက်လည်း ခေါ်သွားပေါ့ကွာ။ မပေးဘူးဆိုတဲ့ လူတွေကို နည်းနည်း ပါးပါး ခြိမ်းခြောက်တန် ခြိမ်းခြောက်ပြီးတော့ တစ်ခါတည်း သူ့ကြွေးတွေ ကို အကုန်လုံး ဆယ့်ရှစ်ကုဋေရအောင် ယူ၊ အဲဒီလူတွေက သေဌေးကြီး သဘောကောင်းတော့ မပေးကြဘူး။ ဒီတော့ သူ့မှာ လက်ဖဝါးချည်းပဲ ဖြစ်နေတယ်။ အဲဒါလည်း ဆယ့်ရှစ်ကုဋေရအောင် တောင်း"

"ကောင်းပါပြီ။ ဒါရအောင် တောင်းပါ့မယ်"

"ရှိသေးသကွ၊ အစိရဝတီ မြစ်ကမ်းပါးနားမှာ သူမြှုပ်ထားတဲ့ တစ်ဆယ့်ရှစ်ကုဋေသော ရွှေတွေ ငွေတွေ ကမ်းပါးပြိုလို့ အိုးလိုက်ကြီး မျောပါသွားတယ်။ သမုဒ္ဒရာထဲမှာ အိုးလိုက်ကြီး ဒီအတိုင်း ပေါလော ပေါလော ရှိသေးတယ်။ အဲဒီအိုးကို မင်းသွားဆယ်၊ အနာထပိဏ်သေဌေး အိမ် ရောက်အောင်ပို့"

"ဒါတင်ပဲလား အရှင်သိကြားမင်း"

"အင်း–မဟုတ်သေးဘူး။ ဤမည်သော နေရာမှာ အရှင်မရှိတဲ့ ရွှေငွေတွေ တစ်ဆယ့်ရှစ်ကုဋေရှိသဟေ့။ အဲဒီ တစ်ဆယ့်ရှစ်ကုဋေသော ငွေအိုး ရွှေအိုးတွေကို သွားဖော်။ အဲဒီ ရွှေအိုး ငွေအိုးတွေကိုလည်း အနာ ထပိဏ် သေဌေးအိမ်ပို့။ ပို့ပြီးရင်တော့ ကြွေးက ၁၈ကုဋေ၊ ရေမျောထား တာက ၁၈–ကုဋေ၊ အရှင်–မရှိတာက ၁၈–ကုဋေ၊ ပေါင်း=ငါးဆယ့်လေး (၅၄)ကုဋေသော ဥစ္စာတွေ အနာထပိဏ်သူဌေးရဲ့ အိမ်မှာ သွားထားပြီး တော့မှ အဲဒါတွေကို မင်းလက်ဆောင်ပဏ္ဏာ ကန်တော့ပွဲလုပ်ပြီးတော့ သွား"

"ကျွန်တော်မျိုး မှားပါပြီ။ ကောင်းပါပြီ" လို့ ဆိုပြီးတော့ အဲဒီ ငါးဆယ့်လေးကုဋေကို စတုတ္ထမုခ်မှာ စောင့်တဲ့နတ်က သိကြားပြောတဲ့ အတိုင်း ငါးဆယ့်လေးကုဋေရအောင် ရှာပြီး အနာထပိဏ်သေဌေးဆီ

http:\\www.dhammadownload.com



သွားပြီးကန်တော့တယ်။

"သင် ဘယ်သူတုံး"

"ကျွန်တော်မှားခဲ့မိပါတယ်။ စတုတ္ထတံခါးမုခ်က စောင့်ရှောက်တဲ့ နတ်ဘီလူးပါ။ လွန်ခဲ့တဲ့ ဤမည်သော ရက်တုန်းက ကျွန်တော်ပြောမှား ခဲ့တဲ့ အပြစ်ကို သည်းခံတော်မူပါ။ ဒီအပြစ် သည်းခံဖို့ရန်အတွက်လည်း ပဲ ကျွန်တော်မျိုး ဒဏ်ထမ်းထားပါတယ်။ ဟောဒီမှာ ငါးဆယ့်လေးကုဋေ။ ဟောဒါက ကြွေးမပေးတဲ့ ၁၈–ကုဋေတောင်းထားတာ။ ဒါက သမုဒ္ဒရာထဲ မြောပါသွားတဲ့ ၁၈–ကုဋေ။ ဒါက အရှင်မရှိတဲ့ နေရာက ကျွန်ုပ်ဆောင် ယူလာတဲ့ ၁၈–ကုဋေ။ အဲဒီဒဏ်ကို ကျွန်တော်မျိုး ထမ်းပြီးပါပြီ"

"ဟာ–ဒါဖြင့် မင်း ဘုရားဆီ လိုက်ခဲ့"

မြတ်စွာဘုရားဆီ ခေါ်သွားတယ်။ မြတ်စွာဘုရားကလည်း တရားပါဟောလို့ ဒီနတ်ကလည်း သမ္မာဒိဋ္ဌိဖြစ်တယ်။ အဲဒီတော့မှ အနာ ထပိဏ်သေဌေးက–

"မြတ်စွာဘုရား...တပည့်တော်မှာ အဲဒီလို နတ်နှောင့်ယှက်ထား တာက တစ်မျိုး၊ ရေနှိပ်စက်တာကတစ်မျိုး၊ သဘောကောင်းလွန်းလို့ ကြွေး မြီယူထားတဲ့ လူတွေက မပေးလို့တစ်မျိုး၊ အဲဒါလောက်ကြီး ဆင်းရဲတဲ့ အချိန်ပိုင်းအတွင်းမှာပေမယ်လို့ တပည့်တော် အလှူအတန်းပေးကမ်းမှု ကို နောက်မဆုတ်ခဲ့ဘူးဘုရား။ နောက်မဆုတ်ခဲ့ဘူး။ အဲဒီအချိန်မှာကို တပည့်တော်ပေးလို့ ကမ်းလို့ နောက်မဆုတ်ခဲ့ဘူး။ ကိုယ့်ရှိတာလေးနဲ့ ပေးတယ်။ (ဝေလာမသုတ္တန် ဟောရတာ အဲဒီအချိန်ပေါ့။) ဟိုတစ်ရက် ပိုင်းမှာ မြတ်စွာဘုရားက–

"ဒီယတိ ပန တေ ဧတေ ဂဟပတိ ကုလေ ဒါနံ"လို့ မေးလိုက်တယ်။

"အနာထပိဏ်သေဌေး၊ သင့်အိမ်မှာ အလှူဒါနများ ပေးရရဲ့ လား" ဒီလိုမေးတော့–

http:\\www.dhammadownload.com



"ပေးရပါတယ်ဘုရား၊ ဒါပေမယ့် တပည့်တော် စိတ်ထဲ တယ်မနှစ်သက်ဘူး"

"ဘာဖြစ်လို့လဲ"

"ဟို–တပည့်တော်မှာလည်း ဆင်းရဲတဲ့အချိန်မှာ ကြုံနေတော့ 'ဟင်း'ဆိုလည်း ကုန်ပြီ။ 'ထမင်း'ဆိုလည်းပဲ ဆန်ကွဲထမင်း၊ တပည့်တော်မှာ ဒီဆန်ကွဲထမင်းနဲ့ ပဲအုန်းရည် စားရတဲ့ဘဝရောက်တယ်။ (ဒါလောက်သူ ဒုက္ခရောက်သွားသေးတယ်။) အဲဒီလို တပည့်တော်စားရသမျှ လှူရပေမယ်လို့ မကောင်းတာ လှူရတဲ့အတွက် တပည့်တော်ရဲ့ စိတ်ထဲမှာ ဝမ်းမသာဘူးဘုရား"လို့ ဆိုတော့မှ မြတ်စွာဘုရားက–

နတ္ထိ စိတ္တေ ပသန္နမှိ၊ အပ္ပကာ နာမဒက္ခိဏာ...

စသည်ဖြင့် အနာထပိဏ်သဌေး...၊ ဝမ်းမနည်းနဲ့။ စိတ်ထဲကသဒ္ဓါတရားရှိလို့ရှိယင် လှူဖွယ်ဝတ္ထုဘယ်လောက်နည်းနည်း ဘာမှအကျိုးမနည်းပါဘူး။ ဟုတ်လား။ ကောင်းမှုကုသိုလ် နည်းမသွားဘူးဝဲ့။ သဒ္ဓါတရား ထက်ထက်သန်သန် ထားပြီးတော့ လှူလို့ ရှိယင် လှူဖွယ်ဝတ္ထုဘယ်လောက်နည်းနည်း၊ ကောင်းမှုကုသိုလ်နည်းတယ်လို့ မဆိုရဘူး။ စေတနာ ပဓာနပဲ။ ဒီမှာ သူ့ကို နှစ်သက်စေပြီးတော့ ဝေလာမသုတ္တန်ဟောတယ်(ဝေလာမသုတ္တန်က ဟိုတစ်ချိန်က ဟောပြီးသားရှိတယ်။)

## မစားဘဲ လှူသော ဝိသယှသေဋ္ဌေးဝတ္ထု

ကိုင်း ဒါနဲ့ အခုလည်းပဲ အဲဒီ ဝေလာမသုတ္တန် ဟောပြီး နှစ်ရက်သုံးရက်မြောက်မှာပေါ့။ ခုနက စတုတ္ထမှခ်ဦးက စောင့်တဲ့နတ်က ဒဏ်ထမ်းပြီးတော့ သူ့ပြန်ကန်တော့လို့ အဲဒီနတ်ကို ခေါ်သွားပြီးတော့ နတ်လည်းပဲ ဘုရား တရားနာလို့ သမ္မာဒိဋ္ဌိဖြစ်ပြီးတဲ့နောက် အနာထပိဏ်သဌေးက–

http:\\www.dhammadownload.com



"တပည့်တော်ဘုရား၊ အဲဒါလောက် ဆင်းရဲတဲ့ အချိန်မှာတောင် တပည့်တော် ရှင်တော်ဘုရား ဝေလာမသုတ္တန် ဟောကြားတော် မူရအောင် တပည့်တော် လှူခဲ့ပါသေးတယ်"လို့ အဲဒီလို ဘုရားလျှောက်တော့ မြတ်စွာဘုရားက ဘယ့်နှယ်ပြောသလဲ။

ပေါရာဏကပဏ္ဍိတာ ပိ ဂဟပတိ မာ ဒါနံဒဒါပေသိ အာကာသေ ဌတွာ ဝါရေန္တံ့ သက္ကံဒေဝါနမိန္ဒံ ပဋိမာဟိတွာ ဒါနံ အဒံသုယေဝ။

ဂဟာဂတိ=သူကြွယ် ကျောင်းဒကာ အနာထပိဏ်သေဋ္ဌေး။ ပေါရာဏကပဏ္ဍိတာ ပိ=သင့်လိုပဲ ရှေးပညာရှိ သူတော်ကောင်းများလည်းပဲ။ (အနာထပိဏ်သေဋ္ဌေး-ဟုတ်တာပေါ့။ သင့်လိုပဲ သင့်လိုပဲ၊ ရှေးက ပညာရှိ သူတော်ကောင်းများလည်းပဲ) မာဒါနံ ဒဒါပေသိ=အလှူဒါန မပေးနဲ့လို့။ အာကာသေ=ကောင်းကင်၌။ ဌတွာ=ရပ်တည်၍။ ဝါရေန္တံ့= တားမြစ်သော။ ဒေဝါနမိန္ဒံ=နတ်တို့ကို အစိုးရတဲ့။ သက္ကံ=သိကြားမင်းကို။ ပဋိမာဟိတွာ=တားမြစ်၍။ ဒါနံ=အလှူဒါနကို။ အဒံသုယေဝ= ပေးလှူကြဖူးကုန်သည်သာ...လို့-

ဟုတ်တာပေါ့ အနာထပိဏ်သေဋ္ဌေး။ သင့်လိုပဲ ရှေးက ပညာရှိ သူတော်ကောင်းများလည်းပဲ အလှူဒါန မပေးနဲ့လို့ ကောင်းကင်က လာပြီး သိကြားရင့်မာကြီး ကိုယ်တိုင် တားမြစ်နေတာတောင်မှ အဲဒီသိကြားကို ဟန့်တားပြီးတော့ ကိုယ့်အလှူ လှူမြဲ လှူကြသေးတယ်ဆိုတော့မှ အဲဒီ အကြောင်း ပြန်ပြောင်းမိန့်ဆိုတော်မူပါဘုရားလို့-

တေန-ထိုအနာထပိဏ်သေဋ္ဌေးသည်၊ ယာစိတော-တောင်းပန် အပ်ရကား၊ အတီတံအာဟရိ-အတိတ်အကြောင်းကို ထုတ်ဆောင် ဟောကြားတော်မူခဲ့လေပြီ။

အဋ္ဌကထာမှာပေါ့လေ၊ စကားအနုသန္ဓေ ဒီလိုဆက်ပြီးတော့

http:\\www.dhammadownload.com



ပြထားတယ်။ အနာထပိဏ်သဌေး တောင်းပန်တဲ့အတွက် အဲဒီအတိတ် အကြောင်းပြန်ပြီးတော့-

အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ ဗောဓိ သတ္တော အသီတိကောဋိ ဝိဘဝေါ ဝိသယှော နာမ သေဋ္ဌိ ဟုတွာ ပဉ္စဟိ သီလေဟိ သမန္နာဂတော ဒါနဇ္ဈာသယော ဒါနာဘိရတော အဟောသိ။

အစရှိသည်ဖြင့် ဝိသယှဇာတ်ကို အကျယ်တဝင့် ဘုရားဟော ကြားတယ်။

ဂဟပတိ=ဧတဝန်ကျောင်း ဒါယကာ အနာထပိဏ် သဌေး။ အတီတေ=အတိတ်ဝေးစွာ ရှေးအခါတုန်းက။ ဗာရာဏသိယံ= ဗာရာဏသီပြည်၌။ ဗြဟ္မဒတ္တေ=ဗြဟ္မဒတ်မင်းတရားကြီးသည်။ ရဇ္ဇံ ကာရေန္တေ=မင်းပြုလတ်သည်ရှိသော်။ ဗောဓိ-သတ္တော=ဘုရားအလောင်း သည်။ အသီတိကောဋိ ဝိဘဝေါ=ကုဋေရှစ်ဆယ် စည်းစိမ်ကြွယ်ပေသော။ ဝိသယှော နာမ သေဋ္ဌိ=ဝိသယှအမည်ရှိတဲ့ သဌေးသည်။ ဟုတွာ=ဖြစ် ၍။ ပဉ္စဟိ သီလေဟိ သမန္နာဂတော=အင်္ဂါငါးပါးရှိတဲ့ သီလနဲ့ ပြည့်စုံ သူသည်။ ဒါနဇ္ဈာသယော=ပေးလို လှူလိုသော အလိုအဇ္ဈာသယရှိသူ သည်။ ဒါနာဘိရတော=ပေးရလှူရတန်းရခြင်း၌ များစွာ နှစ်ခြိုက် ပျော် ပိုက်သူသည်။ အဟောသိ=ဖြစ်ခဲ့လေပြီ...။

ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားအလောင်းဟာ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ ဝိသယှဆိုတဲ့ သဌေးဖြစ်ပြီးတော့ ငါးပါးသီလ လုံလုံခြုံခြုံနဲ့ စောင့်ထိန်း၍ ပေးဖို့ရန် လှူဖို့ရန် အလိုဆန္ဒတွေ ထက်သန်၊ ထက်သန်တဲ့အတိုင်း ပေးရလှူရ တဲ့နေရာ အင်မတန် နှစ်ခြိုက်လို့ မွေ့လျော်ပျော်ပိုက်တဲ့ သူတော်ကောင်း ကြီးတစ်ယောက် ဖြစ်ခဲ့ပြီ။

အဲဒီ ဝိသယှသဌေးဟာ ဗာရာဏသီပြည်ရဲ့ တံခါးလေးမျက်နှာ

http:\\www.dhammadownload.com



မှာလည်းပဲ အလှူတောင်းကုပ်ရုံကြီး၊ အလှူမဏ္ဍပ်ကြီးလေးရပ် ထိုးလို့လည်း ကောင်း၊ မြို့ရဲ့ အလယ်ဗဟိုမှာလည်းပဲ မဏ္ဍပ်ကြီး ထိုး၍လည်းကောင်း၊ မိမိရဲ့ အိမ်တံခါးဝပေါက်မှာလည်းပဲ မဏ္ဍပ်ကြီးထိုး၍လည်းကောင်း၊ ခြောက်ဌာန နေ့တိုင်းနေ့တိုင်း တစ်ဌာန တစ်ဌာနလျှင် တစ်သိန်းကျ တစ်သိန်းကျစီ တစ်နေ့တစ်နေ့လျှင် ခြောက်သိန်းခြောက်သိန်းသော အသပြာတွေကို စွန့်ပြီးသကာလ စားဖွယ်တွေ၊ သောက်ဖွယ်တွေ၊ ဝတ်ဖွယ်တွေ၊ သုံးဖွယ်တွေ၊ မဟာဒါနကြီး ပေးပြီးတော့ နေတယ်။ အဲဒီတုန်းက အဲဒီခေတ်တုန်းက သာသနာပြင်ပမှာနော်။ ဒီ သီလရှိတဲ့ ပုဂ္ဂိုလ် မရှိပါဘူး။

ဒီသာသနာပြင်ပမှာ သီလရှိတဲ့ပုဂ္ဂိုလ် ပေါ်တယ်ဆိုတာ တစ်ခါတစ်ရံ ရသေ့သူတော်ကောင်းများ ပေါ်တယ်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ ပေါ်ထွန်းတဲ့အခါမှာ။ အခုဟာက ဝိသယှသေဋ္ဌေး အလှူကြီး ပေးရတဲ့ အလှူခံပုဂ္ဂိုလ်တွေထဲ မှာ ရသေ့သူတော်ကောင်းလည်း မပါဘူး။ ပစ္စေကဗုဒ္ဓါလည်း မပါဘူး။ သာသနာပြင်ပမှာ ဘာမှ သီလမရှိတဲ့ ပုဂ္ဂိုလ်တွေ။

## အလှူခံ တစ်ကျိပ်လေး

အလွန်ဆုံး အဲဒီတုန်းက သီလရှိတဲ့ ပုဂ္ဂိုလ်လို့ခေါ်ရတဲ့ ပုဂ္ဂိုလ်မျိုးတွေကြည့်။ အင်း–ထုတ်ပြီးတော့ ကြည့်ကြဦးစို့။ ဒါ ဘုန်းကြီးတို့ စာပေနယ်ကတော့ ဒီလို ဟိုနဲ့ဒီနဲ့ ညှိပြီး စဉ်းစားကြည့်ရတယ်။ ဒက္ခိဏာဝိဘင်္ဂသုတ်မှာ ပုဂ္ဂလိကအလှူ တစ်ဆယ့်လေးပါး၊ အလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေးဆိုတာ အရပ်က ပြောတာ။ အဲဒီ ပုဂ္ဂလိကအလှူ တစ်ဆယ့်လေးပါးကို ဖော်ပြတဲ့ ဒီစကားကနေပြီးတော့ အလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေး ရေတွက်ရတယ်။

(၁) မြတ်စွာဘုရားအား လှူဒါန်းတာ ဒါပုဂ္ဂလိက အလှူတစ်ခု။

(၂) ပစ္စေကဗုဒ္ဓါအား လှူဒါန်းတာ ဒါ ပုဂ္ဂလိက အလှူတစ်ခု။

http:\\www.dhammadownload.com



(၃) နောက်မှာ ရဟန္တာပုဂ္ဂိုလ်အား လှူဒါန်းတာ ဒါတစ်ခု။
(၄) ရဟန္တာဖြစ်ဖို့ရန် ကျင့်ကြံကြိုးကုတ် အားထုတ်နေတဲ့ ပုဂ္ဂိုလ်အား လှူဒါန်းတာ ဒါတစ်ခု။
(၅) အနာဂါမ်ပုဂ္ဂိုလ်အား လှူဒါန်းတာ။
(၆) အနာဂါမိဖိုလ်ကို မျက်မှောက်ပြုဖို့ရန် ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်အား လှူဒါန်းတာ။ (ဒီလို အောက်ပြန်ဆုတ်ပြီးတော့ လာခဲ့)
(၇) သကဒါဂါမ်ပုဂ္ဂိုလ်အား လှူဒါန်းတာ။
(၈) သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုဖို့ရန် ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်အား လှူဒါန်းတာ။
(၉) သောတာပတ္တိဖိုလ်သို့ ရောက်ပြီး သောတာပန်ပုဂ္ဂိုလ်အား လှူဒါန်းတာ။
(၁၀) သောတာပတ္တိဖိုလ်သို့ မျက်မှောက်ပြုဖို့ရန် ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်အား လှူဒါန်းတာလို့ ဒီမှာ ရှစ်ဦးသက်သက်။ ဘုရားရယ်၊ ပစ္စေကဗုဒ္ဓါရယ်၊ ဒီတင် ဆယ်ဦး ရှိသွားတယ်။
(၁၁) ဘုရားမြတ်စွာ၊ ပစ္စေကာနှင့် ရိယာရှစ်ဝ၊ ဈာန်ရဗာဟိ၊ (သာသနာပြင်ပမှာ ဈာန်ရတဲ့ ဗာဟိရက ရသေ့သူတော်ကောင်းများ လှူရတယ်။) ဒါက ၁၁-ခုမြောက်သော ပုဂ္ဂလိကဒါနလို့ ခေါ်တယ်။

## ဈာန်ရဗာဟိ၊ နှစ်လီပုထုဇဉ်၊ တိရစ္ဆာန်

ပုထုဇဉ်က သာသနာပြင်ပမှာ သီလရှိတဲ့ ပုထုဇဉ်၊ သီလကို လုံးလုံးမရှိတဲ့ ပုထုဇဉ်လို့ နှစ်မျိုး ရှိတယ်။ တိရစ္ဆာန်တဲ့။

(၁၂) အဲဒီ သီလရှိတဲ့ ပုထုဇဉ်အား လှူရတာ။
(၁၃) သီလမရှိတဲ့ ပုထုဇဉ်အား လှူရတာ

http:\\www.dhammadownload.com



(၁၄) တိရစ္ဆာန်အား လှူရတာလို့ ပုဂ္ဂလိကအလှူတစ်ဆယ့်လေးပါးရှိတဲ့အနက်က သာသနာပြင်ပမှာ သီလရှိတဲ့ပုဂ္ဂိုလ်မှ ဒါကို အဋ္ဌကထာက သီလရှိပါတယ်လို့ ခေါ်ရတဲ့ပုဂ္ဂိုလ်ကို ဖော်ပြထားတာ ရှိတယ်။ အဲဒီ သာသနာပြင်ပမှာ သီလရှိတဲ့ ပုဂ္ဂိုလ်ဆိုတာ အခုပြောနေတဲ့ ငါးပါးသီလကို ကနေ့ ဘုရားသာသနာအတွင်းမှာ ဟုတ်လား။

ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အစရှိသဖြင့် သီလ–သီလမှန်းသိသိ စောင့်ထိန်းတဲ့ ပုဂ္ဂိုလ်မျိုး မဟုတ်ဘူး။ ပုဂ္ဂိုလ်မျိုး မဟုတ်ဘူး။ ယနေ့ ဘုရားသာသနာအတွင်းမှာ နားထောင်တဲ့ပုဂ္ဂိုလ်၊ သာသနာတွင်း၊ သာသနာတွင်း ငါးပါးသီလ လုလုကြိုး စောင့်တဲ့ပုဂ္ဂိုလ် မဆိုထားပါဘိ၊ သာသနာတွင်းမှာ သရဏဂုံတည်တဲ့ ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်တောင်မှ–

ဟေဋ္ဌိမကောဋိယာ ဟိ တိသရဏံ ဂတော ဥပါသကော သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နော နာမလို့–

အောက်ထစ်ပိုင်းခြား အယုတ်အားဖြင့် သရဏဂုံတည်တဲ့ ဥပါသကာတစ်ယောက် ငါးပါးသီလ မရှိဘူးဆိုယင် အဲဒီပုဂ္ဂိုလ်တောင်မှ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုဖို့ရန် ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်စာရင်းထဲ ပါတယ်တဲ့။ သာသနာတွင်းက ပုဂ္ဂိုလ်တွေက အောက်ထစ်ပုဂ္ဂိုလ်ဟာ သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်စာရင်းထဲမှာပေါ့လေ။ နောက်ဖျားက ထည့်သွင်းထားတယ်။ သရဏဂုံတည်ယင်ကိုပဲ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုဖို့ရန် ကျင့်ကြံနေတဲ့ အဋ္ဌမက အရိယာ စာရင်းထဲ သွင်းထားတယ်။

အဲဒီတော့ သာသနာပြင်ပမှာ သီလရှိတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်တုံးဆိုတော့ ဂေါသီလ–ဒါသိကော=အမြင်ပေးမယ်ဆိုလို့ ရှိယင် နွားတို့ရဲ့ အလေ့အကျင့်ရှိသော သူလို့ ဒီလိုပေးရမယ်။ ပေးစရာလူမဟုတ်

http:\\www.dhammadownload.com



ပါဘူး။ ဂေါသီတ စန္ဒကူးဆိုတာများလို အင်မတန်အေးမြတဲ့ အလေ့အကျက် သဘောရှိတဲ့ ပုဂ္ဂိုလ်ကိုပင် သာသနာပြင်ပမှာ သီလရှိတဲ့ ပုဂ္ဂိုလ်လို့ ခေါ်ရတယ်။

ယနေ့ ဘယ်လို ပုဂ္ဂိုလ်မျိုးတုံးဆိုယင် တချို့တချို့သော အရပ်ဒေသမှာ လူအေးကြီးတွေ ရှိတယ်။ ငါးပါးသီလလည်း သူဆောက်တည်ရမှန်းမသိဘူး။ သရဏဂုံလည်း ခံရကောင်းမှန်း မသိဘူး။ သာသနာတွင်းမှာပေါ့လေ။ လူအေးကြီးတွေ တချို့ ရှိကြတယ်။ သရဏဂုံသူနားမလည်ဘူး။ ငါးပါးသီလလည်း နားမလည်ဘူး။ ဒါပေမယ့်လို့ သူဟာ သူတစ်ပါးကို နှိပ်စက်တယ်။ ညှဉ်းပန်းတယ်၊ သတ်ဖြတ်တယ်ဆိုတဲ့ ပါဏာတိပါတအမှုသူမပြုဘူး။ ဘယ်တော့မှ မပြုဘူး။ လူအေးဘောအတိုင်း သူအေးအေးပဲ နေတယ်။

အဒိန္နဒါန်အမှု မပြုဘူးနော်။ သရဏဂုံသီလကို မသိဘဲနဲ့ ပင်ကိုသဘာဝအားဖြင့် အေးပြီးတော့ ကောင်းကောင်းလုပ်၊ ကောင်းကောင်းစား၊ ဟုတ်လား၊ အေးအေးချမ်းချမ်းနေတဲ့ လူကောင်းကြီးတွေ ရှိတယ်။ အဲဒီလို ပုဂ္ဂိုလ်ကြီးတွေမျိုးကို သာသနာပြင်ပမှာ သီလရှိတဲ့ပုဂ္ဂိုလ်လို့ ခေါ်ရတယ်။

အခုတော့ ဝိသယဘုရားအလောင်းနေရတဲ့ လူတွေထဲမှာ သီလရှိတဲ့ ပုဂ္ဂိုလ်ဆိုတာ အသာဆုံး ပုဂ္ဂိုလ်ဟာ လူအေးကြီးတွေ။ ဒီကလွဲလို့က တော့ဖြင့် ဒုစရိုက်သမားချည်းပဲ။ ပါဏာတိပါတတို့၊ အဒိန္နာဒါနာတို့ စတဲ့ ဒီလို ငါးပါးသီလမှ မလုံတဲ့ပုဂ္ဂိုလ်၊ မလုံမဟုတ်ဘူး။ လွန်ကျူးနေတဲ့ပုဂ္ဂိုလ်တွေ။ ဒုသီလနဲ့ သီလဝန္တ–နှစ်မျိုး ခွဲလိုက်ယင် အဲဒါပဲ ရှိတယ်။ သာသနာပြင်ပမှာ။ ငါးပါးသီလ ပီပီသသ ကနေ့ဆောက်တည်သလို ဆောက်တည်ထားတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး။ အဲဒီလို ပုဂ္ဂိုလ်တွေကို လှူတန်းရပေမယ့် အလှူအတန်းရဲ့ တန်ခိုးဟာ အလှူခံပုဂ္ဂိုလ်က ညံ့နေပေမယ့် အလှူပေးဒကာရဲ့ စေတနာနဲ့ ဓမ္မိယလဒ္ဓပစ္စည်းက မှန်နေပြီဆို

http:\\www.dhammadownload.com



ရင် ဒီဒကာဘက်ကနေပြီးတော့ တစ်ခါတည်း ဒီအလှူအတန်းဟာ တန်ခိုး ရှိတယ်။

## ပဏ္ဍုကမ္ဗလာ ပူသောအကြောင်းသုံးပါး

ဘယ်လိုတုံး၊ အို–မြေက မကောင်းပေမယ်လို့ ပျိုးစေ့က အောင် အောင်မြင်မြင် ရှိတယ်ဆိုလို့ရှိယင် အပင်ပေါက်တယ်။ လှတယ်။ အဲဒါလို အဲဒါလို။

အဲဒီလို အလှူခံ ပုဂ္ဂိုလ်တွေက ညံ့နေပေမယ့် အလှူပေး ပုဂ္ဂိုလ်ဖြစ်တဲ့ ဝိသယသေဋ္ဌေးရဲ့ အလိုအဇ္ဈာသယကုသိုလ်ဆန္ဒက အင် မတန်ထက်သန်တာဖြစ်တော့ ဒီအလှူဟာ အင်မတန် တန်ခိုးရှိတယ်။ ဘယ်လောက်တောင် တန်ခိုးရှိသလဲ။ သိကြားမင်းရဲ့ ဘုံဗိမာန်ကို တုန် လှုပ်သွားတယ်။ သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာကျောက်ဖျာကြီးဟာ နဂိုက အေးနေတဲ့ ကျောက်ပျော့ကြီး၊ ရေခဲတုံးကြီးလို အေးတယ်။ ဒီ ပဏ္ဍု ကမ္ဗလာကျောက်ဖျာဆိုတာ အမှန်ကတော့ ကျောက်ကြီးပဲ။ ဒါပေမယ့် အဲဒီကျောက်ကြီးက ကျောက်ပျော့ကြီး။ ဒီကျောက်ပေါ်မှာ သိကြားထိုင် လိုက်တယ်ဆိုလို့ရှိယင် ကိုယ်တစ်ဝက် ဒီကျောက်ထဲမှာ၊ ဒီဆိုဖာကြီးပေါ် ထိုင်ရသလိုပေါ့။

(ကျောက်ပျော့မှာ ဘုန်းကြီးတို့ မြန်မာပြည်အနေနဲ့ ရှိတယ်မထင် ပါဘူး။ အိန္ဒိယသွားဖူးတဲ့ ပုဂ္ဂိုလ်တွေကတော့ သူတို့ကျောက်ပျော့ကြီးတွေ ကို မြင်ခဲ့တယ်။ ကျောက်ကိုက အပျော့ကြီးဆိုပဲ။ သူ့ဟာက ကြည့်တော့ လည်း ရေခဲကြီးလိုပဲတဲ့။ ကိုင်လိုက်လို့ ရှိယင် တစ်ခါတည်း ခွေပြီးတော့ ဒီအဝတ်ကြီးများ ကျသလို ဒီလိုကျသွားတယ်။ အဲဒီလို–အဲဒီလို။ ပဏ္ဍု ကမ္ဗလာ ကျောက်ဖျာဆိုတာ ထိုင်လိုက်တယ်ဆိုယင် သိကြားမင်းရဲ့ ကိုယ် တစ်ဝက်ဟာ ဒီအထဲ တစ်ခါတည်း ဝင်သွားတယ်။ ကျောက်ကြီးက ပျော့ ပြီးတော့ ဝင်သွားတယ်။ ဆိုဖာကြီးပေါ် ထိုင်ရသလိုပေါ့။)

http:\\www.dhammadownload.com



ယခု ဝိသယှသေဋ္ဌေးရဲ့ အလှူဒါန အာနုဘော်ကြောင့် သိကြားမင်းရဲ့ ဘုံဗိမာန်တုန်လှုပ်တဲ့အတွက် သိကြားမင်းရဲ့ စံရာ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာကြီးဟာ ပူပြတယ်။ နဂိုက အေးနေတဲ့ဥစ္စာ။ ဒါကိုပဲ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာတင်းတယ်လို့ ပြောကြတယ်။ ပဏ္ဍု တင်းတယ်ပေါ့လေ။ အရပ်က။ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာကြီးတင်းတယ်တော့ မဟုတ်ပါဘူး။ စာထဲကတော့ "ဥဏှာကာရံ ဒဿေတိ"=ပူနွေးသော အခြင်းအရာကို ပြဆိုတယ်။ စမ်းကြည့်လိုက်တော့ နည်းနည်းပူနေတယ်။ နွေးနေတယ်။

အဲဒီလို ပူနွေးသော အခြင်းအရာကို ပြလို့ရှိယင် အကြောင်းသုံးပါး ရှိတယ်။

(၁) တစ်ဦးတစ်ယောက်က သိကြားစည်းစိမ်ကို ရယူလိုတဲ့အတွက် ကြိုးစားနေလို့လည်း ပဏ္ဍုကမ္ဗလာ ပူတတ်တယ်။
(၂) သိကြားမင်းရဲ့ အသက်တမ်း ကုန်ခါနီးလို့လည်းပဲ ပူတတ်တယ်။
(၃) ဒါမှမဟုတ် လူ့ပြည်က တစ်ဦးတစ်ယောက်က အကျင့်တို့။ အလှူအတန်းတို့ ထက်ထက်သန်သန်ကြီး ပြုလုပ်တဲ့အတွက် ဒီပုဂ္ဂိုလ်ရဲ့ ဒါနတန်ခိုး၊ သီလတန်ခိုးကြောင့်လည်းပဲ ဟိုမှာ ပူနွေးတတ်တယ်။

အဲဒီအကြောင်းသုံးပါးတို့တွင် ဝိသယှသေဋ္ဌေးရဲ့ ဒါန စေတနာတန်ခိုးကြောင့် ဟိုမှာ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာကြီးက ပူပြတယ်။ သိကြားကလည်း သူ့အရေးနဲ့သူ ဘယ်လိုတွေးသလဲ။

ကော နု ခေါ မံ ဌာနာ စာဝေတုကာမော။

ကော နုခေါ =အဘယ်သူသည်။ မံ=ငါ့ကို။ ဌာန=သိကြားဘုံဗိမာန်မှ။ စာဝေတုကာမော=ရွေ့စေခြင်းငှာ အလိုရှိပါလိမ့်။

ငါ့များ ဘယ်သူက ရွေ့လျောစေဖို့ရန် အလိုရှိလို့ပါလိမ့်။

http:\\www.dhammadownload.com



ငါ့သိကြားစည်းစိမ်ကို ဘယ်သူကများ လုချင်လို့ပါလိမ့်။ အင်း–ပဏ္ဍုကမ္ဗလာ ကျောက်ဖျာတင်းရင် အကြောင်းသုံးပါးရှိတဲ့အနက်က တခြားအကြောင်းက သူနဲ့ တယ်မဆိုင်တော့ဘူး။ သူရဲ့အသက်တမ်း ကုန်ခါနီး လုပ်တာတော့ သူထည့်မစဉ်းစားဘူး။ အခုတော့ ငါ့ကို ဘယ်သူကများ စည်းစိမ်များ လုယူချင်လို့ပါလိမ့်ဆိုတဲ့ ဒီအကြောင်းကို စဉ်းစားတော့–

ပဏ္ဍုကမ္ဗလာ ကျောက်ဖျာတင်းတာ ဘယ်သူ့ကြောင့် တင်းလဲလို့ လှူ့ပြည်ကြည့်တော့ ဝိသယ္ဓသေဌေးရဲ့ အလှူကြီးကို မြင်တယ်။

## ထွန်တုံးပိတ်အလှူ

အင်း...တန်တော့ အယံ ဝိသယှော=ဤဝိသယ္ဓသေဌေးသည်။ အတိဝိယ=အလွန်လျှင်။ ပတ္ထရိတွာ=ဖြန့်၍။

(ဘယ်မှာမှ ချုပ်ထားတယ် မရှိဘူး။ တစ်ခါတည်း အမြဲတမ်း လက်ဖဝါးဖြန့်ထားတယ်။ ဖြန့်ပြီးတော့ ဒါနကြီးကို ဖြန့်ကြဲပြီးတော့ ပြုနေလိုက်တာ)

သကလ ဇမ္ဗုဒီပံ=ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို။ ဥန္နင်္ဂလံ=ထွန်တုံး ပိတ်သည်ကို။ ကတွာ=ပြု၍။

တစ်နေ့တစ်နေ့ ခြောက်သိန်းခြောက်သိန်းနဲ့ လှူနေတော့ လယ်သမားတွေကလည်း လယ်မလုပ်တော့ဘူး။ ယာသမားတွေကလည်း ယာမလုပ်ကြတော့ဘူး။ စားချိန်ကျယင် ဝိသယ္ဓသေဌေးရဲ့ အလှူတင်းကုပ်သွားပြီးတော့ တစ်ခါတည်း စားကြတယ်။ ဝတ်စရာမရှိယင် အဲဒီက ယူလာပြီး ဝတ်တယ်။ လယ်သမားက လယ်မလုပ်ဘူး။ ယာသမားက ယာမလုပ်တော့ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးဟာ တစ်ခါတည်း ထွန်တုံးပိတ်ပြီးတော့ နေတာ။ ဒါကို–

သကလဇမ္ဗုဒီပံ=ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို။ ဥန္နင်္ဂလံ=ထွန်တုံး

http:\\www.dhammadownload.com



ပိတ်အောင်။ ကတွာ=ပြု၍။ ဒါနံ=အလှူဒါနကို။ ဒေတိ=ပေးလှူနေပါတကား...။

ဩော်...ထွန်တုံးပိတ် အလှူအတန်းကြီး ပေးနေတယ်။

ဣမိနာ ဒါနေန မံ စာဝေတွာ သယံ သဂ္ဂေ ဘဝိဿတိ မညေ။

အယံ ဝိသယှော=ဤဝိသယှသည်။ ဣမိနာဒါနေန=ဤအလှူဒါနဖြင့်။ မံ-ငါ့ကို။ စာဝေတွာ=သိကြားဘုံမှ စုတေ ရွေ့လျောစေ၍။ သယံ=မိမိကိုယ်တိုင် တက်ပြီးတော့။ သဂ္ဂေ=သိကြားမင်းသည်။ ဘဝိဿတိ မညေ=မတော်တဆ ဖြစ်သော်မူ ဖြစ်လေရာ၏ ဖြစ်မလို့ထင်ပါရဲ့။

အဲဒီလို ပူတာပေါ့လေ။ အင်း ဤဒါနက ငါ့ကို ဒီဘုံမှ နတ်သက်ကြွေစေပြီး သကာလ သူ့ကိုယ်တိုင်တက်ပြီးတော့ သိကြားဖြစ်ချင်လို့ထင်ပါရဲ့။

ဓနံမဿ နာသေတွာ ဇတံ ဒလိဒ္ဒံ ကတွာ ယထာ ဒါနံ န ဒေတိ၊ တထာ ကရိဿာမိ။

အဿ=ထို ဝိသယှသေဌ္ဌေး၏။ ဓနံ=ရှိသမျှဥစ္စာကို။ နာသေတွာ=ဖျောက်ဖျက်ပစ်မှပဲ။ နာသေတွာ=ဖျောက်ဖျက်ပြီးသကာလ။ ဇတံ=ထိုဝိသယှသေဌ္ဌေးကို။ ဒလိဒ္ဒံ=အကုန်လုံး ဆင်းရဲသွားအောင်။ ကတွာ=ပြုလုပ်ပြီးသကာလ။ ဇတံ=ထိုဝိသယှသေဌ္ဌေးကို။ ဒလိဒ္ဒံ=အကုန်လုံး ဆင်းရဲသွားအောင်။ ကတွာ=ပြုလုပ်ပြီးသကာလ။ ယထာ=အကြင်အခြင်းအရာအားဖြင့် ပြုသည် ပြောသည်ရှိသော်။ ဒါနံ=အလှူဒါနကို။ န ဒေတိ=မပေး။ တထာ=ထိုအခြင်းအရာအားဖြင့်။ ကရိဿာမိ= ပြုပေအံ့။

## ဝိသယှသေဌ္ဌေး ဆင်းရဲသွားခြင်း

ငါ လူ့ပြည်သွားမှပဲ။ လူ့ပြည်သွားပြီးတော့ သူ့စီးပွားဥစ္စာတွေကို ပျောက်ခြင်းမလှ ပျောက်အောင် လုပ်ပြီးတော့ နောက် အလှူမပေး

http:\\www.dhammadownload.com



ဝှံအောင် ငါလုပ်မှပဲ။ ဒီအကြံနဲ့ သိကြားက လူ့ပြည်ဆင်း၊ ကိုယ်ထင်တော့ မပြဘူး။ ဘာလုပ်သလဲ။ သူ့ရဲ့တန်ခိုးတေဇော် အာနုဘော်ဖြင့် ဝိသယှ သေဋ္ဌေးရဲ့အိမ်မှာ ရှိသမျှ ကုဋေရှစ်ဆယ်ဆိုတဲ့ ဥစ္စာတွေ ဘာမှမရှိအောင် အကုန်လုံး ကွယ်ထားတယ်။ အကုန်လုံး ကွယ်တယ်။ ဥစ္စာတွေတင်ပဲ လားဆိုတော့ အိမ်ရဲ့ အသုံးအဆောင်တွေရော။ ဘာတွေရော အကုန်ကွယ် တယ်။ တစ်အိမ်လုံးဘာသာ ရှိသလဲ။ သေဋ္ဌေးကတော်ကြီးနဲ့ ဝိသယှ သေဋ္ဌေးနဲ့ပဲ ရှိတယ်။ ကျန်တဲ့လူတွေ ကျွန်တွေလည်းပဲ အကုန်လုံး ထွက် ပြေးကုန်ကြတယ်။

တစ်အိမ်လုံးမှာ ဘာမှမရှိဘဲနဲ့ မိမိနဲ့ သေဋ္ဌေးကတော်ကြီး နှစ် ယောက်ပဲ ကျန်တယ်။ အို–အလှူတင်းကုပ်မှာ ပြင်ဆင်ထားတဲ့ ဝက်သား အိုးတွေ၊ ကြက်သားအိုးတွေဆိုတာလည်း ဘာမှမရှိတော့ဘူး။ အကုန်လုံး ပျောက်ခြင်းမလှ ပျောက်ကုန်တယ်။ သိကြားလုပ်တာပေါ့လေ။ နတ် တန်ခိုးနဲ့လုပ်ထားတာပ။

အဲဒီလိုဆိုတော့ အလှူတင်းကုပ်မှာ စိမ့်တဲ့ ဝေယျာဝစ္စမှူးတွေက လာလာပြီး–

သာမိ ဒါနဂ္ဂံ ပစ္ဆိန္နံ။

သာမိ=အရှင်သေဋ္ဌေးမင်း။ ဒါနဂ္ဂံ=အလှူတင်းကုပ်တွေဟာဖြင့်။ ပစ္ဆိန္နံ=ပြတ်ကုန်ပြီ၊ ပျက်ကုန်ပြီ။ ဘာဖြစ်လို့တုံးမောင်တို့။

ဌပိတ ဌပိတဋ္ဌာနေ န ကိဉ္စိ ပဿာမ။

ဌပိတ ဌပိတဋ္ဌာနေ=ထားတိုင်းထားတိုင်းသော အရပ်၌။ န ကိဉ္စိ ပဿာမ=တစ်စုံတစ်ခု ဘာကိုမှ မမြင်ကြရတော့ဘူး။

ကျွန်တော်တို့ ဝက်သားအိုးကြီ သေသေချာချာ လုံလုံလဲလဲထား တာ။ ကြက်သားအိုးကြီးကို လုံလုံလဲလဲထားတာ။ ဟာ ထမင်းအိုးကြီးကို လုံလုံလဲလဲ ထားတာ။ ဟာ–ထမင်းအိုးကြီးကို လုံလုံလဲလဲထားတာ။ ထား

http:\\www.dhammadownload.com



သမ္ဘူတွေ ဘာမှ သူ့နေရာမှာ တစ်ခုမှ မမြင်ရတော့ဘူး။ ပျောက်ခြင်းမလှ ပျောက်ကုန်ပြီလို့ ဆိုတော့ ဝိသယှသေဋ္ဌေးက အဲဒီ ဝေယျာဝစ္စမှုးတွေကို ဘယ့်နှယ့်ပြောသလဲ။

ဣတော ပရိဗ္ဗယံ ဟရထ၊ မာ ဒါနံ ပစ္ဆိန္ဒထ။

ဣတော=ဤမှဤမှ။ ပရိဗ္ဗယံ=နောက်ထပ်လှူရန် ရိက္ခာကို။ ဟရထ=ခေါင်ယူ၍ သွားကျ။ မာဒါနံ ပစ္ဆိန္ဒထ=ငါ့အလှူကိုတော့ဖြင့် မင်းတို့ ဖျက်မပစ်ကြနဲ့မောင်တို့-လို့။

ဒီအိမ်က ရိက္ခာတွေ ယူသွားတာပေါ့မောင်တို့။ ငါ့အလှူတော့ ဖျက်မပစ်ကြပါနဲ့ ပြောတယ်။ သေဋ္ဌေးကတော်ကြီးကို။

ဘဒ္ဒေ ဒါနံ ပဝတ္တာပေဟိ။

ဘဒ္ဒေ=ရှင်မ သေဋ္ဌေးကတော်။ ဒါနံ=ပေးလှူနေကျဖြစ်တဲ့ အလှူဒါနကို။ ပဝတ္တာပေဟိ=ဖြစ်ပါစေ၊ ဖြစ်အောင်လုပ်စမ်းပါ။

ဖြစ်အောင် ကူညီလိုက်စမ်းပါ ဆိုတော့ သေဋ္ဌေးကတော်ကြီးက အင်း-သူ့အလှူဒါနဖြစ်အောင်လုပ် ဆိုတော့ ငွေပေးလိုက်ရမှာကိုး။ အိမ်ထဲသွားပြီးတော့ သေဋ္ဌေးကတော်ကြီးက ရှာတော့ ဘာမှမတွေ့ဘူး။ ဟာ မတွေ့သမှ ဒီ-ရွှေတွေ၊ ငွေတွေ ဘာမှမမြင်ရတော့ဘူး။ လူတွေလည်း တစ်ယောက်မှ မရှိဘူး။ သေဋ္ဌေးကတော်ကြီးလည်း အံ့အားသင့်ပြီးတော့ တစ်အိမ်လုံး လိုက်ရှာတယ်။ တစ္ဆေချောက်မှာတောင် ကြောက်ရ မလောက်။ ပြန်လာတယ်။

အယျ အမှာကံ နိဝတ္ထဝတ္ထံ ဌပေတွာ အညံ ကိဉ္စိ=ဟာစ်စုံတစ်ခု ကိုမျှ။ နပဿာမိ၊ သကလ ဂေဟံ တုစ္ဆံ။

အယျ=အရှင်သေဋ္ဌေးမင်း။ အမှာကံ=အကျွန်ုပ်တို့နှစ်ဦးသား။ နိဝတ္ထဝတ္ထ=ဝတ်ထားတဲ့ အဝတ်ကို။ ဌပေတွာ=ထား၍။

http:\\www.dhammadownload.com



(တစ်အိမ်လုံး လိုက်ရှာတယ်။ သေဌေးကြီးနဲ့ ကျွန်မတို့နှစ်ဦး ဝတ်ထားကြတဲ့ အဝတ်ပဲ ရှိတော့တယ်တဲ့။ ဒီအဝတ်ကို ဝတ်ထား၍။)

အညံ=တစ်ပါးသော။ ကိဉ္စိ=တစ်စုံတစ်ခုကိုမျှ၊ နပဿမိ-မမြင်ရပါ။

လူတွေလည်း တစ်ယောက်မှမမြင်ဘူး။ ပစ္စည်းတွေလည်း တစ်ခုမှ မမြင်ဘူး။ တစ်အိမ်လုံး လိုက်ရှာတဲ့အခါကျတော့ ကျုပ်တို့ ရှင်တို့မှာ ဝတ်ထားတဲ့ အဝတ်ပဲ ရှိတော့တယ်တဲ့။

သကလဂေဟံ=တစ်အိမ်လုံးသည်။ တုစ္ဆံ-အချည်းနှီး ဘာမှ ပစ္စည်းတွေ မရှိပါဘူးတဲ့။

အိမ်ကြီးဟာဖြင့် ဒီအတိုင်း ဟောင်းလောင်းကြီး ဖြစ်နေပြီ။ ဘာမှ လုံးဝ ဘာမှ ရှာမတွေ့တဲ့အဖြစ်၊ ဒီတော့ သေဌေးက ဘယ့်နှယ်ပြောသလဲ။ ပြန်လာတော့။

ဘဒ္ဒေ န သက္ကာ ဒါနံ ပစ္ဆိန္ဒိတုံ။

ဘဒ္ဒေ=ရှင်မ သေဌေးကတော်ကြီး။ မယံ=ငါသည်။ ဒါနံ=အလှူဒါနကို။ ပစ္ဆိန္ဒိတုံ=ဖြတ်တောက်၍ ပစ်ခြင်းငှာ။ န သက္ကာ=မတတ်နိုင်။

သူ့အလှူကိုတော့ သူဘယ်လိုနည်းနဲ့မှ မဖြတ်တောက်နိုင်ဘူးဗျာ။

သကလနိဝေသနံ ဝိစိနိတွာ ကိဉ္စိ ဥပဓာရေဟိ။

သကလနိဝေသနံ=တစ်အိမ်လုံးကို။ ဝိစိနိတွာ=စေ့စေ့စပ်စပ် စိစစ်ရှာဖွေ၍။ ကိဉ္စိ=တစ်စုံတစ်ခုကို။ ဥပဓာရေဟိ=စုံစမ်းပါ။

ရှာစမ်း၊ ကျုပ်အလှူကိုတော့ ကျုပ်ဘယ်လိုနည်းနဲ့မှ ဖြတ်တောက် မပစ်နိုင်ဘူး။ ဒါကြောင့် ကျုပ်တို့တစ်အိမ်လုံးကို နံ့နံ့စပ်စပ်၊ စေ့စေ့စပ် စပ် လိုက်ပြီး တစ်ခုခုကို တွေ့လိုတွေ့ငြား မင်းတို့လိုက်ရှာစမ်းဗျာ။ တစ်ခေါက် သွားရှာချေဦးဆိုတော့ သေဌေးကတော်ကြီးက ထွက်လာ တယ်။ သေဌေးကြီးအနားက ထသွား၊ တစ်အိမ်လုံး လိုက်ရှာတယ်။

http:\\www.dhammadownload.com



အဲဒီလို လိုက်ရှာတော့ ဟို တံခါးကြားထဲမှာ (သိကြားက ဒိပြင်လူတွေနဲ့ ဒိပြင်ပစ္စည်းတွေ ကွယ်ပြီးမှ) ဟို နောက်ဆုံးလူတစ်ယောက်၊ မြက်ထမ်းသမားတစ်ယောက် ရောက်လာတော့ ဟိုတို့အိမ်ကြီး ဘာဖြစ်တာပါလိမ့်။ လူတွေလည်း တစ်ယောက်မှ မရှိတော့ဘူးဆိုပြီး ဘာဖြစ်တာမှန်းမသိဘူးဟဲ့ ဆိုပြီးတော့ အဲဒီလူက သိကြားက မျက်နှာလွှဲသွားတဲ့အခါကျတော့မှ သူ့ပါလာတဲ့ တံစဉ်ကလေးရယ်၊ ထမ်းပိုးရယ်၊ မြက်ထုံးဖို့ရာကြိုးကလေးကို အဲဒါလေးကို တံခါးကြားပစ်ပြီးတော့ သူလည်း ကိုယ်လွတ်ပြေးတယ်။

အဲဒီပြေးတဲ့လူရဲ့ ကျန်နေတဲ့ တံစဉ်ရယ်၊ ထမ်းပိုးရယ်၊ မြက်ထုံးဖို့ ကြိုးရယ် ဒီသုံးခုက ဟိုတံခါးကြားထဲ ကပ်နေလို့၊ ဒါ သိကြား မမြင်ပေလို့။ ဒါလည်း ပြန်မစဉ်းစားလို့၊ ဒါလေးကျန်တယ်။ ဒါလေးကျန်တော့ သေဋ္ဌေးကတော်ကြီးက တံစဉ်ရယ်၊ ထမ်းပိုးရယ်၊ မြက်ချည်တဲ့ကြိုးရယ် ဆိုတဲ့ ဒီသုံးမျိုး ယူပြီးတော့-

သာမိ ဣဒံ ဌပေတွာ အညံ န ပဿာမိ။

သာမိ=အရှင်သခင်မင်း။ ဣဒံ=ဤတံစဉ်ရယ်၊ ထမ်းပိုးရယ်၊ ကြိုးရယ် ဒီသုံးမျိုးကို။ ဌပေတွာ=ထား၍။ အညံ=တပါးကိုဖြင့်။ န ပဿာမိ= ဘာမှ မတွေ့ခဲ့ မမြင်ခဲ့ရပါ။

တစ်အိမ်လုံး လိုက်ရှာတာ ဟောဒီတံဇဉ်လေးတစ်ချောင်းရယ်၊ ထမ်းပိုးလေးရယ်၊ မြက်ချည်ဖို့ရန် ကြိုးလေးရယ်၊ ဒါ ဒီသုံးမျိုးပဲ တွေ့ခဲ့တယ်ဆိုတော့ အေး-ကိုင်း ဒါဖြင့် အဲဒါပေးစမ်းဆို ပေးလိုက်တော့ ဝိသယှသေဋ္ဌေးက လက်ထဲ ဒါတွေထားပြီးတော့-

ဘဒ္ဒေ မယာ တွေကံ ကာလံ တိဏံ နာမ နလာယိတပုဗ္ဗံ။

ဘဒ္ဒေ=ရှင်မ သေဋ္ဌေးကတော်ကြီး။ မယာ=ငါသည်။ တွေကံ ကာလံ=ဤမျှကာလပတ်လုံး။ တိဏံနာမ=မြက်မည်သည်ကို။

http:\\www.dhammadownload.com



နလာယိ တပုဗ္ဗံ=ရှေးက တစ်ကြိမ်တစ်ခါမျှ မရိတ်ခဲ့စဖူးပါ။

ရှင်မ သေဌေးကတော်ကြီး၊ ကျုပ်ဒါလောက် ကြာအောင်လေ မွေးကတည်းက ခြေဖဝါးလက်ဖဝါး ခြေမွေးလက်မွေး မီးမလောင်ဘဲနဲ့ ကြီးပွားခဲ့ရတာ။ ဒါလောက်ကြာအောင် ကျုပ်ဟာ တစ်ခါမှ မြက်ကို ရိတ်ဖူးတယ်လို့ မရှိဘူးဗျား။

အဇ္ဇပန တိဏံ လာယိတွာ အာဟရိတွာ ဝိက္ကိဏိတွာ ယထာ နုစ္ဆဝိကံ ဒါနံ ဒဿာမိ။

(ဝိသယှ-တဲ့နော်-) အဇ္ဇ ပန=ယနေ့မှာတော့။ တိဏံ=မြက်ကို။ လာယိတွာ-လာယိဿာမိ=သွား၍ ကျုပ်ရိတ်မယ်။ လာယိတွာ= ရိတ်ပြီးသကာလ။ အာဟရိတွာ-အာဟရိဿာမိ=ကြိုးကြိုး စားစား မြက်တွေကို ထမ်းခဲ့မယ်။ အာဟရိတွာ=ကြိုးကြိုးစားစား မြက်တွေကို ထမ်းလာပြီးသကာလ။ ဝိက္ကိဏိတွာ=ရောင်းချပြီး တော့ (ရသမျှသော ဥစ္စာဖြင့်)၊ ယထာ-နုစ္ဆဝိကံဒါနံ=သင့်လျော် လျောက်ပတ်တဲ့ ဒါနကို။ ဒဿာမိ=ပေးပေအံ့။

ဝိသယှက ဒီလိုကို နှုတ်မြွက်ပြီးတော့ ကြိမ်းပေတယ်။ တံစဉ်ရော၊ ထမ်းပိုးရော၊ ကြိုးရော တစ်ခါတည်း ယူသွားတယ်။ တောထဲမှာ မြက် ခင်းသွား မြက်ရိတ်တယ်။ မြက်နှစ်ထုံး ထမ်းလာတယ်။ ကြိုးကြိုးစားစား ထမ်းလာပြီး မြို့တံခါးရောက်လို့ မြက်ရောင်းတော့ စိတ်က ဘယ်လို အောက်မေ့သလဲ။ အင်း-မြက်တော့ နှစ်ထုံးပါတယ်။

ဧကော အမှာကံ ဘဝိဿတိ။

ဒီမြက်နှစ်ထုံးသောဟာဖြင့် တစ်ထုံးဟာ တို့စားဖို့ဖြစ်ပစေ။

ဧကေန ဒါနံ ဒဿာမိ။

ကျန်တဲ့ တစ်ထုံးတော့ တို့ အလှူဒါနပေးမယ်။

http:\\www.dhammadownload.com



အဲဒီလိုကြဲပြီး မြက်နှစ်ထုံး ထမ်းလာတယ် မြို့တံခါးရောက်၊ ရောင်းလိုက်တော့ တစ်ထုံး တစ်ပဲ။ နှစ်ထုံး နှစ်ပဲ ရတယ်။ တစ်ပဲဖိုး ဝယ်ပြီး အလှူဒါန လုပ်လိုက်တော့ သူ့ပစ္စည်းအလှူက နည်းနည်း၊ ဒီ အလှူခံပုဂ္ဂိုလ်တွေက၊ တောင်းတဲ့ပုဂ္ဂိုလ်တွေက အများကြီးဆိုတော့–

သာမိ မယှမ္ဗိ ဒေဟိ၊ သာမိ မယှမ္ဗိ ဒေဟိ။

အရှင်သေဋ္ဌေးမင်း၊ ကျွန်တော့်လည်း ပေးပါဦး။ အရှင်သေဋ္ဌေး မင်း။ ကျွန်တော့်လည်း ပေးပါဦးနဲ့ ဟိုကလာ ဒီကလာ ဝိုင်းဝိုင်းလည်နေ တာပေါ့။

အေး–ဒါဖြင့် ကိုင်း တစ်ပဲဖိုးကတော့ ကုန်သွားပြီ။ အင်း သူတို့ ဇနီးမောင်နှံစားဖို့ဆိုတဲ့ တစ်ပဲဖိုးလေး ကျန်။ ကိုင်း ဒါဖြင့် ငါမစားတော့ ဘူးဆိုပြီးတော့ အဲဒီတစ်ပဲဖိုးလည်းပဲ တစ်ခါတည်း ဝယ်လှူလိုက်တယ်။ ဝယ်ပြီး ကျွေးလိုက်တယ်။

ဒါ့ကြောင့်–

အဒတွာ န ဘုဉ္ဇေယျုံ။

အဲဒါ ငါဘုရားလောက် အလှူရဲ့အကျိုးကို သိလို့ရှိရင် လူတွေ ဟာ မပေးဘဲဖြင့် စားကို မစားဘူး။ အေး–နောက်ဆုံး ထမင်းလုတ် ကလေးတောင်မှ သူတစ်ပါး ပေးမှာပဲ။ အဲဒါ အဲဒီဘုရားလောင်းမို့လို့ အသက်ကို စွန့်ပြီးတော့ ကိုင်း–သူတစ်ပါးကို လှူလိုက်တာ။ အိမ်ရောက် တော့ သေဋ္ဌေးကတော်ကြီး ဒီအကြောင်းပြော။ အေး–အေး ကျေနပ်ပါ တယ်။ ပီတိနဲ့ နေတာပေါ့။ တစ်နေ့နေ၊ နောက်တစ်နေ့လည်း ထိုနည်း လည်းကောင်း၊ နောက်တစ်နေ့ လေးရက်၊ ငါးရက်၊ ခြောက်ရက်ရောက် အောင်ပေါ့လေ။ ထိုနည်းလည်းကောင်းဆိုတော့ ခုနစ်ရက်မြောက် ရောက် တဲ့နေ့ကျတော့ အင်မတန် ပင်ပန်းတယ်။

နဂိုက အင်မတန် နူးညံ့တဲ့ သေဋ္ဌေးက မြက်ရိတ်သွားရတယ်ဆို တော့ နဖူးကို နေကျောက်လိုက်တယ်ဆိုရင်ပဲ တစ်ခါတည်း နွမ်းခြောက်

http:\\www.dhammadownload.com



သွားတယ်။ ကြိုးစားပြီးတော့ ရိတ်သေးတယ်။ မြက်ကလေး ရိတ်ပြီးတော့ အဲဒီ မြက်ထုံးကလေးကို ထမ်းမယ်လို့ လုပ်ပြီးတော့ ကုန်းထလိုက်တော့ ပင်ပန်းလှပြီမဟုတ်လား။ နဖူးကိုလည်း နေက ကျောက်တယ်။ ပခုံးပေါ်က မြက်ထုံးက ဖိထားတယ်ဆိုတော့ မခံနိုင်တော့ဘူး။ ဒီအနားမှာ မူးခနဲ မိုက်ခနဲ ဖြစ်ပြီးတော့ မေ့တော့မသွားဘူးနော်။ ဒီအနားတွင်ပဲ မြက်ထုံးပေါ် မှောက်လျက်သား လဲပြီးတော့ မူးနေတယ်။ မေ့တာ တခြား မူးတာ တခြား။ မေ့ဆိုတာ ဘယ်သူက ခေါ်လို့မှ မကြားဘူး။ ဘာမှပြန်မပြော နိုင်ဘူး။

သိကြားကလည်း အခုနင်က ပြောသလိုပဲ သူနှောင့်ယှက်ချင်တိုင်း နှောင့်ယှက်ပြီးတော့ အင်း တစ်ချက်တစ်ချက် ပြန်ပြီးတော့ ဟင်း– ဟိုမှာ ဝိသယှသေဋ္ဌေး မြက်ထုံးပေါ် မှောက်လျက်ကလေးပါလား။ ငါသွားပြီးတော့ သူ့ကို မသေအောင် ငါဆက်ပြီး ကြိုးစားဦးမှပဲလို့ ကောင်းကင်ကနေပြီး သိကြားမင်းက ပြောပြီ။

အဒါသိ ဒါနာနိ ပုရေ ဝိသယှ၊
ဒဒတော စ တေ ခယဓမ္မော အဟောသိ။
ဣတော ပရံ စေ န ဒဒေယျ ဒါနံ၊
တိဋ္ဌေယျုံ တေ သံယမန္တဿ ဘောဂါ။ (ဇာ၊ ၄၊ ၃။ ၁၁၉)

ဝိသယှ=ဝိသယှသေဋ္ဌေး။ တွံ=သင်သည်။ ပုရေ=ရှေးအခါ၌။ ဒါနာနိ=အလှူတို့ကို။ အဒါသိ=ပေးခဲ့ပြီမဟုတ်လား။ (ဟုတ်ပါတယ်။ ဘာပြောချင်လို့လဲ။ မူးပေမယ်လို့ စကားတော့ ပြောနိုင်တယ်။) ဒဒတော= ပေးလှူသော။ တေ=သင်၏။ ခယဓမ္မော =ကုန်ခန်းခြင်းသဘောသည်။ အဟောသိ= ဖြစ်ခဲ့လေပြီ။

ပြန်စဉ်းစားစမ်းပါ။ ပေးလွန်းလို့ ခင်ဗျားမှာ စီးပွားဥစ္စာတွေ အကုန်ကုန်ပြီမဟုတ်လား။

http:\\www.dhammadownload.com



**အလှူမပေးရန် သိကြားမင်း တားသော်လည်း မရ**

ဏ္ဍတော ပရံ=ညှိယနေ့မှ နောက်၌။ ဒါနံ=အလှူဒါနကို။ စေ

န ဒ ဒေယျ=အကယ်၍ မပေးသည်ဖြစ်အံ့။

တေ=သင်၏။ သံယမန္တဿ=အလှူမပေးဖို့ရန် ဆောက်တည်

သည်ရှိသော်၊ ဝါ-ဆောက်တည်သော။ တေ=သင်၏။

ဘောဂါ=စည်းစိမ် ဥစ္စာတို့သည်။ တိဋ္ဌေယျုံ=နောက်ထပ်တစ်ဖန်

တည်ပြန်ကုန်လေရာ၏။

ခင်ဗျား နောက်ကို မလှူတော့ဘူးလို့သာ စိတ်ကို ဆောက်တည်လိုက်ပါ။ စိတ်ကို ဆောက်တည်လိုက်မယ်ဆိုလို့ရှိရင် ခင်ဗျား စီးပွားဥစ္စာတွေ နဂိုအတိုင်း ပြန်ပြီးတော့ ဖြစ်အောင် ကျုပ်လုပ်ပေးမယ်။ ဒီလိုပြောတာ၊ ကျုပ်ကို မလှူဘူးလို့သာ ပဋိညာဉ်ပေးလိုက်။ ပဋိညာဉ်ပေးလိုက်လို့ရှိယင် ခင်ဗျား စီးပွားတွေ နဂိုပကတိအတိုင်း ပြန်ပြီး ပြန်ပေးစောင်မမလို့ လို့ဆိုပေတော့ ဝိသယှသေဋ္ဌေးက မူးရာက နေပြီး–

ကောသိ တွံ=ခင်ဗျားဘယ်သူလဲ။ တွံ=သင်သည်။ ကော=အဘယ်သူသည်။ အသိ=ဖြစ်သနည်း=လို့ မေးလိုက်တယ်။

**သိကြားဖြစ်ရန် ကျင့်ဝတ် ၇ပါး**

သက္ကောဟမသ္မိ=ကျွန်ုပ်ဟာ သိကြားမင်းပဲလို့ ကောင်းကင်ကနေပြောတယ်။ မော့မကြည့်နိုင်ဘူး။ ဒီမြက်ထုံးပေါ် မှောက်လျက်သား မူးနေတာ ဘယ့်နှယ်လုပ်ကြည့်မလဲ။ သက္ကောဟမသ္မိ=ကျွန်ုပ်ဟာ သိကြားမင်းပဲလို့ ပြောတော့ ဒီမြက်ထုံးပေါ်က မှောက်လျက်သား မူးလျက်သားက ဘုရားလောင်းက ဘယ့်နှယ်ပြန်ပြောသလဲ။

သက္ကော နာမ သယံ ဒါနံ ဒတွာ သီလံ သမာ ဒိယိတွာ

ဥပေါသထကမ္မံ ကတွာ သတ္တ ဝတ္တပဒါနိ ပူရေတွာ သက္ကတ္တံ

ပတ္တော။

http:\\www.dhammadownload.com



သက္ကော နာမ=သိကြားဆိုတာ။ သယံ=မိမိကိုယ်တိုင်။ ဒါနံဒတွာ=အလှူဒါနပေးရတယ်မဟုတ်ဘူးလား။ ဒါနံဒတွာ=အလှူဒါနပေးပြီးတော့။ သီလံသမာဒိယိတွာ=သီလဆောက်တည်ပြီးတော့။ ဥပေါသထကမ္မံ ကတွာ=ရှစ်ရက်သီတင်း လပြည့်လကွယ်နေ့များမှာ ဥပုသ်သီတင်းစောင့်သုံးခြင်းအမှုပြုပြီးတော့။ သတ္တ=ခုနစ်ပါးကုန်သော။ ဝတ္တပဒါနိ=ဝတ်အကျင့်တို့ကို။ ပူရေတွာ=ဖြည့်ကျင့်၍။ (ဝါ) ဖြည့်ကျင့်မှ။ သက္ကတ္တံ=သိကြားအဖြစ်သို့။ ပတ္တော=ရောက်ခဲ့ပြီ။

သိကြားဆိုတာ အလှူလည်း ပေးရတယ်။ သီလလည်းဆောက်တည်ရတယ်။ ဥပုသ်လည်း ကျင့်သုံးရတယ်။ အဲဒီအပြင် သိကြားကျင့်ဝတ်၊ သိကြားဖြစ်ဖို့ရန် ကျင့်ဝတ်ခုနစ်ပါးကိုလည်းဖြည့်ကျင့်ပြီးမှ သိကြားအဖြစ်သို့ ရောက်ခဲ့တာလို့ဆိုတော့ ဒီနေရာမှာ သိကြားဖြစ်ချင်တဲ့ ပုဂ္ဂိုလ်များပေါ့လေ။ သိကြားကျင့်ဝတ်ကို နားလည်ဖို့ လိုတယ်နော်။ သိကြားကျင့်ဝတ်ခုနစ်ပါးဆိုတာက ဝတပဒသုတ်ကို သက္ကသံယုတ်မှာ မြတ်စွာဘုရား ဟောထားတယ်။ သိကြားမဖြစ်ချင်လည်းပဲ ဒီတရားတွေက ကျင့်ရမယ့်တရားပဲ။

မြတ်စွာဘုရားက သာဝတ္ထိပြည်မှာ သိကြားကျင့်ဝတ်ခုနစ်ပါး ဘယ့်နှယ့်ဟောသလဲ။

> သက္ကဿ ဘိက္ခဝေ ဒေဝါနမိန္ဒဿ ပုဗ္ဗေ မနုဿ-ဘူတဿ
> သတ္တ ဝတပဒါနိ သမတ္တာနိ သမာဒိန္နာနိ အဟေသုံ။
>
> (သံ၊ ၁။ ၂၃၀)

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဒေဝါနမိန္ဒဿ=နတ်တို့ကို အစိုးရသော။ သက္ကဿ=သိကြားမင်းအား။ ပုဗ္ဗေ=ရှေးအခါတုန်းက။ မနုဿဘူတဿ=လူဖြစ်စဉ်။ သတ္တ ဝတပဒါနိ=ဝတ်အကျင့် ခုနစ်ပါးတို့သည်၊ (ဝါ) ခုနစ်ပါးတို့ကို။

http:\\www.dhammadownload.com



သမတ္တာနိ=ကောင်းစွာယူအပ်ကုန်သည်။ သမာဒိန္နာနိ= ကောင်းစွာ ဆောက်တည်အပ်ကုန်သည်။ အဟေသုံ=ဖြစ်ခဲ့လေ ပြီ။

ဝတ်အကျင့် ခုနစ်ပါး လူ့ဘဝတုန်းက သိကြားဖြစ်မယ့်ပုဂ္ဂိုလ်ဟာ ဆောက်တည်ခဲ့ဖူးတယ်။ ကျင့်ခဲ့ဖူးတယ်။

ယေသံ သမာဒိန္နတ္တာ သက္ကော သက္ကတ္တံ အဇ္ဈဂါ။

ယေသံ=အကြင် ဝတ်အကျင့် ခုနစ်ပါးတို့ကို။ သမာဒိန္နတ္တာ= ဆောက်တည်အပ်ဖူးသည်၏ အဖြစ်ကြောင့်။ သက္ကော= သိကြားမင်းသည်။ သက္ကတ္တံ=သိကြားအဖြစ်သို့။ အဇ္ဈဂါ= ရောက်ခဲ့ရခဲ့လေပြီ။

ကတမာနိ သတ္တ ဝတပဒါနိ။ သိကြားဖြစ်ဖို့ရန် ကျင့်ဝတ်ခုနစ်ပါးက ဘယ်ဟာတွေလဲ–လို့ ဆိုတော့ (ကျင့်ဝတ်ခုနစ်ပါးတို့သည် အဘယ်သည်တို့နည်းဟူမူကားလို့ ဆိုတော့)

(၁) ယာဝဇီဝံ မာတာပေတ္တိဘရော အသံ။

အဟံ=ငါသည်။ ယာဝဇီဝံ=အသက်ထက်ဆုံး၊ မာတာပေတ္တိဘရော=မိခင်ဖခင်တို့ကို လုပ်ကျွေးမွေးမြူတဲ့ သူတော်ကောင်းတစ် ယောက်သည်။ အသံ=ဖြစ်ပေအံ့။

အဲဒီလိုဆောက်တည်တယ်။ ဆောက်တည်တဲ့အတိုင်းလည်းပဲ မိဘကို တစ်သက်လုံး လုပ်ကျွေးခြင်းဟာ ဒါသိကြားဖြစ်ဖို့ သူတော်ကောင်းဖြစ်ဖို့ ပထမအကျင့်ပဲ။

(၂) ယာဝဇီဝံ ကုလေ ဇေဋ္ဌာ ပစာယီ အသံ။

ယာဝဇီဝံ=အသက်ထက်ဆုံး။ ကုလေ=အမျိုး၌။ ဇေဋ္ဌာပစာယီ=အသက်အရွယ် ကြီးရင့်တဲ့ ပုဂ္ဂိုလ်တို့ကို ရိုသေလေ့ရှိသည်။ အသံ= ဖြစ်ပေအံ့။

http:\\www.dhammadownload.com



ငါတစ်သက်လုံး ဇေဋ္ဌာပစာယတရား=ကြီးသူတို့အား ရိုသေတဲ့ တရားကို ငါတစ်သက်လုံး လိုက်နာမယ်ဟဲ့လို့ အဲဒီလိုဆောက်တည်ပြီး တော့ ဆောက်တည်တဲ့ အတိုင်းလည်း ကျင့်ရတယ်။

(၃) ယာဝဇီဝံ သဏှဝါစော အဿံ။

အဟံ=ငါသည်။ ယာဝဇီဝံ=အသက်ထက်ဆုံး။ သဏှ ဝါစော=နူးညံ့ပြေပြစ်သော စကားရှိသောသူသည်။ အဿံ= ဖြစ်ပေအံ့။

စိတ်ကလည်း ဆောက်တည်ရတဲ့၊ ဆောက်တည်တဲ့အတိုင်းလည်း နူးနူးညံ့ညံ့ ပြေပြေပြစ်ပြစ် ပြောရတယ်။ ကြမ်းကြမ်းတမ်းတမ်း ရုန့်ရုန့် ရင်းရင်း မပြောရဘူး။

(၄) ယာဝဇီဝံ အပိသုဏဝါစော အဿံ။

အဟံ=ငါသည်။ ယာဝဇီဝံ=အသက်ထက်ဆုံး၊ အပိသုဏ ဝါစော=တစ်ယောက်နဲ့တစ်ယောက် အချစ်တုံးအောင် ကုန်း တိုက်စကား ပြောကြားခြင်းမှ လုံးဝရှောင်ကြဉ်တဲ့ပုဂ္ဂိုလ်သည်။ အဿံ=ဖြစ်ပေအံ့။

လို့ ဒီလိုဆောက်တည်ပြီးတော့ ဆောက်တည်တဲ့အတိုင်းလည်းပဲ ပိသုဏဝါစာမှ ရှောင်ကြဉ်ခြင်း။

(၅) ယာဝဇီဝံ ဝိဂတမလမစ္ဆေရေန စေတသာ အဂါရံ အဇ္ဈာဝ သေယျံ။

ယာဝဇီဝံ=အသက်ထက်ဆုံး။ ဝိဂတမလ–မစ္ဆေရေန= မစ္ဆရိယ တည်းဟူသော အညစ်အကြေးမှ ကင်းဝေးသော။ စေတသာ= စိတ်ဖြင့်။ အဂါရံ=မိမိအိမ်ကို။ အဇ္ဈာဝသေယျံ=စိုးအုပ်၍ နေပေအံ့။

မစ္ဆရိယဆိုတဲ့ အညစ်အကြေး လုံးဝမလုံးထွေးစေဘဲနဲ့ ငါဟာ

http:\\www.dhammadownload.com



ငါ့အိမ်ကို ငါစိုးအုပ်ပြီးတော့ နေပေအံ့။ မစ္ဆရိယ မရှိရုံပဲလားလို့ဆိုတော့–

မုတ္တစာဂေါ ပယတပါဏိ ဝေါဿဂ္ဂရတော ယာစယောဂေါ ဒါန သံဝိဘာဂရတော။

မုတ္တစာဂေါ=လွတ်လွတ် စွန့်ကြဲလေ့ရှိသည်ဖြစ်၍။ ပယတပါဏိ=လှူဖို့တန်းဖို့ရန် ခဏခဏလက်ကို ဆေးကြောရကား ဖြူစင်သော လက်ရှိသည်ဖြစ်၍။ ဝေါဿဂ္ဂရတော=ပေးရစွန့်ရကြဲရ ပေးရကမ်းရတာ၌ နှစ်ခြိုက်မွေ့လျော် ပျော်ပိုက်သည်ဖြစ်၍။ ယာစယောဂေါ=အလှူခံပုဂ္ဂိုလ်တို့က တောင်းခြင်းငှာ ထိုက်သော ပုဂ္ဂိုလ်ဖြစ်၍။ ဒါနသံဝိဘာဂရတော=ပေးရခြင်း ဝေဖန်ရခြင်း၌ နှစ်ခြိုက်မွေ့လျော် ပျော်ပိုက်သည်ဖြစ်၍။ အဇ္ဈာဝသေယျံ=နေပေအံ့လို့–

ဒီအလှူဒ္ဒကာရဲ့ အင်္ဂါငါးပါးရှိတယ်။

(က) မုတ္တစာဂ=လွတ်လွတ်ကြီး စွန့်ရတယ်။ သူ့ဆီက ဘာလေးများ မျှော်ခေါ်ချက်မရှိရဘူး။

(ခ) ပယတပါဏီ=တဲ့။ ရှေးတုန်းက သူတော်ကောင်းတွေဟာလေ လှူမယ်တန်းမယ်ဆိုလို့ရှိယင် မိမိလက်ကလေး ဆေးလိုက်သေးတယ်။ ဆေးပြီးမှ လှူတယ်။ တန်းတယ်။ ပေးတယ်။ ကမ်းတယ်။ အဲဒီလို ဆေးရသဖြင့် အခါခပ်သိမ်း စိုစွတ်သောလက်၊ အခါခပ်သိမ်း ဖြူစင်သော လက်ရှိတဲ့ပုဂ္ဂိုလ်ဖြစ်ရမယ်။ အလှူဒ္ဒကာရဲ့ အင်္ဂါလေ။

(ဂ) ဝေါဿဂ္ဂရတော= သူ့ကို စွန့်လိုက်ရပေးလိုက်ရယင် အင်မတန် နှစ်ခြိုက်၊ အင်မတန်ဝမ်းမြောက်၊ အင်မတန် မွေ့လျော် ပျော်ပိုက်ရတယ်။

http:\\www.dhammadownload.com



(ဃ) ယာစယောဂေါ=အလှူခံပုဂ္ဂိုလ်တို့ တောင်းခံခြင်းငှာ ထိုက်တန်တယ်ဆိုတာက မတောင်းဝံ့အောင် မျက်နှာကြီးတင်းပြီးတော့ မထားဘဲနဲ့ မျက်နှာမြင်ယင်ကို တောင်းချင်အောင်ပေါ့လေ။ တောင်းဝံ့အောင် မျက်နှာထားခြင်း ဒါမျိုးကို ယာစယောဂဂုဏ်လို့ ခေါ်တယ်။ မျက်နှာ အောင့်သိုးကြီးထားပြီးတော့ မတောင်းဝံ့အောင် ဒီလိုမနေရဘူး။

(င) ဒါနသံဝိဘာဂရတော=ပေးရခြင်း ဝေဖန်ရခြင်း ဤနှစ်သင်း၌ နှစ်သက်မွေ့လျော် ပျော်ပိုက်ရမယ်။ ဒါဆို အလှူဒကာရဲ့ အင်္ဂါငါးပါး။ အဲဒီလို ပြည့်စုံပြီးတော့ ငါတစ်သက်လုံး နေလိုပါ၏ဆိုတဲ့အဘိုင်းပဲ။ ဒီအတိုင်းပဲ ကျင့်တယ်။ အဲဒါ ငါးခုမြောက်အကျင့်ပဲ။

(၆) ယာဝဇီဝံ သစ္စဝါစော အသံ။

အဟံ=ငါသည်။ ယာဝဇီဝံ=အသက်ထက်ဆုံး။ သစ္စဝါစော = မှန်ကန်သော စကားရှိသောသူသည် အသံ=ဖြစ်ရပါလို၏။

ဟောဒီလို ဆောက်တည်တယ်။

(၇) ယာဝဇီဝံ အက္ကောဓနော အသံ။

အဟံ=ငါသည်။ ယာဝဇီဝံ=အသက်ထက်ဆုံး။ အက္ကောဓနော= အမျက်မထွက်သူသည်။ အသံ=ဖြစ်ရပါလို၏။ ဒီလိုဆောက်တည်တယ်။

သစေပိ မေ ကောဓော ဥပ္ပဇ္ဇေယျ၊ ခိပ္ပမေဝ နံပဋိဝိနေယျံ။

ကောဓော=အမျက်ဒေါသသည်။ မေ=ငါ့အား။ သစေ ဥပ္ပဇ္ဇေယျ=အကယ်၍ မတော်တဆ ဖြစ်ချင်ဖြစ်ပစေဦး

http:\\www.dhammadownload.com



တော့(ဖြစ်လာလျှင်လည်းပဲ။) ခိပ္ပမေဝ=လျင်မြန်စွာသာလျှင်။ နံ=ထိုအမျက်ကို။ ပဋိဝိနေယျံ=ပယ်ဖျောက်ပေအံ့။ ဣတိ=ဤသို့ နှလုံးပိုက်၍ သိရမယ်။ ၇-ပါး ရှိသွားပြီ။

(က) မိဘကို ပြုစုလုပ်ကျွေးခြင်းတစ်ပါး။

(ခ) ဝုဍ္ဎာပစာယနတရား သက်ကြီးရွယ်ရင့်သူကို ရိုသေခြင်း၊ ဒါကတစ်ပါး။

(ဂ) ပြေပြေပြစ်ပြစ် စကားပြောဆိုခြင်း၊ ဒါကတစ်ပါး။

(ဃ) အပိသုဏဝါစာ=ကုန်းတိုက်စကားမပြောကြားခြင်း၊ ဒါကတစ်ပါး။

(င) ပြီးတော့ မစ္ဆရိယကင်းတဲ့စိတ်ဖြင့် အလှူအတန်းပေးကမ်းရက်ရောခြင်း၊ ဒါက တစ်ပါး။ ငါးခု ရှိသွားပြီ။

(စ) မှန်ကန်သောစကား ပြောကြားခြင်း၊ ဒါကတစ်ပါး။

(ဆ) အမျက်ဒေါသ မဖြစ်ရအောင် ကိုယ်က အမျက်ဒေါသကို ဖိနှိပ်လွှမ်းမိုးထားခြင်း၊ ဒါက တစ်ပါး။

အဲဒီ ခုနစ်ပါးဟာဖြင့် သိကြားဖြစ်ကြောင်း ဝတ်အကျင့် ခုနစ်ပါးပဲတဲ့။ ဒါကို မြတ်စွာဘုရားက-

သက္ကဿ ဘိက္ခဝေ ဒေဝါနမိန္ဒဿ ပုဗ္ဗေမနုဿဘူတဿ ဣမာနိ သတ္တဝတပဒါနိ သမတ္တာနိ သမာဒိန္နာနိ ဟေသုံ့။ တွမိတံ သမာဒိန္နတ္တာ သက္ကော သက္ကတ္တံ အဇ္ဈဂါ။

ချစ်သားတို့-သိကြားမင်းဟာ သိကြားမဖြစ်ခင် ရှေးအခါ လူဖြစ်စဉ် အခါကာလတုန်းက ဤယခုပြောခဲ့တဲ့ ဝတ်အကျင့် ခုနစ်ပါး ကျင့်ကြံခြင်းဟူသော အကြောင်းကြောင့် သိကြားအဖြစ်ကို ရတာလို့ ပေါဒိလို ဟောထားခဲ့တယ်။ ဝတပဒသုတ္တန် ရှိတယ်။ အဲဒီသုတ္တန်ကလာတဲ့ ဝတ်

http:\\www.dhammadownload.com



အကျင့် ခုနစ်ပါး ရည်စူးပြီးတော့–အခု ဝိသယှသေဌေး အလှူရှင်ကြီးက ဘယ့်နှယ်ပြောသလဲလို့ဆိုတော့–

သတ္တ ဝတပဒါနိ ပူရေတွာ သက္ကတ္တံ ပတ္တော။

သိကြားဆိုတာ သိကြားဖြစ်ဖို့ရန် ဝတ်အကျင့် ခုနစ်ပါးဖြည့်ပြီးမှ သိကြားအဖြစ်ရောက်တာ မဟုတ်လား။ ခင်ဗျား သိကြားလည်းဆိုသေးရဲ့။

တွံ န အတ္တနော ဣဿရိယကာရဏံ ဒါနံ ဝါရေသိ။

တွံ ပန=သိကြားဆိုတဲ့ ခင်ဗျားကတော့။ အတ္တနော=မိမိ၏။ ဣဿရိယကာရဏံ=အစိုးရခြင်း၏အကြောင်းရင်းဖြစ်တဲ့။ ဒါနံ=အလှူဒါနကို။ ဝါရေသိ=တားမြစ်နေပါကလား။

ခင်ဗျား သိကြားမှဟုတ်ကဲ့လား။ သိကြားဖြစ်ကြောင်းကောင်းမှုတွေပြုလို့ ခင်ဗျားကိုယ်တိုင် အခု သိကြားဖြစ်တာ၊ အဲဒီသိကြားဖြစ်ကြောင်း ဝတ်အကျင့်ခုနစ်ပါးထဲမှာ ဒါနကောင်းမှုတစ်ပါး ပါတယ်။ ခင်ဗျား သိကြားဖြစ်ဖို့ရန် အကြောင်း ခင်ဗျား သိကြားဘဝပို့လိုက်တဲ့ အကြောင်းခုနစ်ပါးထဲက တစ်ပါးအပါအဝင်ဖြစ်တဲ့ ဒါနကိုများ ခင်ဗျားလို လူက တားမြစ်ရတာ အံ့ဩတယ်။ ဒီလိုပြောတယ်။

အနရိယံ ဝတ ကရောသိ။

တွံ=သင်သည်။ အနရိယံဝတ=အရိယာ ပုဂ္ဂိုလ်တို့ စက်ဆုပ်ရွံရှာဖွယ် အမှုကို။ ကရောသိ=ပြုခဲ့လေပြီ။

ခင်ဗျား အရိယာသူတော်ကောင်းတွေ စက်ဆုပ်ရွံရှာ မုန်းတီးတဲ့ အလုပ်ကြီးကို ခင်ဗျားပြုလုပ်မိပြီ။ အဲဒီလိုဆိုပြီး ကျုပ်ကိုတော့ဖြင့် တုန်လှုပ် ချောက်ချားလိမ့်မယ်လို့ မထင်နဲ့။

အနရိယံ မရိယေန သဟဿနေတ္တ၊
သုဒုဂ္ဂတေနာပိ အကိစ္စမာဟု။

http:\\www.dhammadownload.com



သဟာသနေတ္တာ=မျက်စိအမြင်တစ်ထောင် ဆောင်ပါစေသော သိကြားမင်း။ အရိယေန=ဖြူစင်သော စိတ်နှလုံးရှိသော ငါကဲ့သို့ သူတော်စင်သည်။ သုဒုဂ္ဂတေနာပိ=အလွန်အမင်း ဆင်းရဲခြင်းသို့ ရောက်သော်လည်းပဲ။ အနရိယံ=အရိယာတို့ စက်ဆုပ်တဲ့ မစ္ဆရိယအစရှိတဲ့ မောင့်အလုပ်မျိုးကိုဖြင့်။ အကိစ္စံ=မပြုအပ်၊ မပြုကောင်းဟူ၍။ အာဟု=မိန့်ဆိုကြကုန်ပြီ။

ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းတွေက နှလုံးစိတ်ဝမ်းဖြူစင်တဲ့ သူတော်စင်တစ်ယောက်ဟာဖြင့် ရှေးရှေး အရိယာ သူတော်စင်တွေ စက်ဆုပ်တဲ့၊ အင်း–အလှူမပေးလို့ ရှိရင်တော့ မစ္ဆရိယတွေ ဒါတွေဝင်ရမှာပ။ ကောင်းမှုကုသိုလ်ရဲ့ ဆန့်ကျင်ဘက်အကုသိုလ်မှုတွေကို မပြုကောင်းဘူး။ ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲဆိုပြီးတော့ ရှေးအရိယာ သူတော်ကောင်းတွေ ဟောထားတာ ရှိတယ်။ ဘယ့်နှယ်လုပ်မလဲ။ ဘုရားလောင်းကတော့ ဒီအတိတ်သံသရာတစ်ခွင် ပြန်စဉ်းစားလိုက်ရင် အဲဒီတရားတွေဟာ သူကြားခဲ့ဖူးတဲ့ တရားတွေဟာ ဉာဏ်ထဲမှာမြင်နေတယ်။ အဲဒါကြောင့် ရှေးရှေး ဘုရားပစ္စေကဗုဒ္ဓါ အရိယာသူတော်ကောင်းတွေ ဒီအကြောင်း ဟောထားတာ ရှိတယ်တဲ့။

မာ ဝေါ ဓနံ တံ အဟု ဒေဝရာဇ၊
ယံ ဘောဂဟေတု ဝိဇဟေမု သဒ္ဓံ။

ဒေဝရာဇ=နတ်တို့သနင်း သိကြားမင်း။ ယံ ဘောဂဟေတု=အကြင်စီးပွားဥစ္စာဟူသော အကြောင်းကြောင်းကြောင့်။ သဒ္ဓံ=ငါရဲ့လှူ လိုတန်းလို ပေးလိုကမ်းလိုတဲ့ သဒ္ဓါတရားကို။ မယာ=ငါတို့သည်။ ဝိဇဟေမု=စွန့်ကုန်လေရာ၏။ တံ ဓနံ=ထိုငါရဲ့ သဒ္ဓါတရားကို စွန့်လှူမှ ရမယ့်ဥစ္စာသည်။ မာ အဟု=မဖြစ်ပါစေနဲ့။

http:\\www.dhammadownload.com



မလိုချင်ဘူး။ ကိုယ့်ရဲ့သဒ္ဓါတရားကို စွန့်မှ ခင်ဗျားပြောတဲ့ ငွေတွေ ရွှေတွေ ရမယ်ဆိုရင် အဲဒါတွေ ကျုပ်မလိုချင်ဘူး။ မဖြစ်ပါစေနဲ့တော့။ မရှိချင်နေပါစေ။

ယေန ဧကော ရထော ယာတိ၊
ယာတိ တေန ပရော ရထော။
ပေါရာဏံ နိဟိတံ ဝတ္ထံ၊
ဝတ္တတညေဝ ဝါသဝ။

ဝါသဝ=ဝါသဝမည်လျှင်း အို သိကြားမင်း။ (လောကဥပမာပြောမယ်နော်-တဲ့) ယေန=အကြင်ခရီးဖြင့်။ ဧကော ရတော=ရထားကြီးတစ်စင်းသည်။ ယာတိ=သွား၏၊ တေန=ထို ပထမရထားသွားတဲ့ လမ်းခရီးဖြင့်။ ပရော=နောက်ကပါလာတဲ့ ရထားတစ်စင်းလည်းပဲ။ ယာတိ=လိုက်ပါ၍ သွား၏။

ဘာလဲ။ ကျုပ်ရှေ့က သွားကြတဲ့ ရထားကြီးတွေနဲ့ တူသော ကဿပမြတ်စွာဘုရားတို့၊ ကောဏာဂုံမြတ်စွာဘုရားတို့၊ ကကုသန်မြတ်စွာဘုရားတို့၊ နောက်ပြန်ရေမယ်ဆိုယင် အဲဒီလို သွားလို့ရှိရင် ဟို ဒီပင်္ကရာမြတ်စွာဘုရားထိအောင် လှမ်းပြီးတော့ မျှော်ကြည့်လိုက်စမ်း။ ဒီဘုရားတည်းဟူသော ရထားကြီးတွေဟာ သတ္တဝါဝေနေယျတည်းဟူသော ခရီးသည်တွေကို တင်ပြီးတော့ နိဗ္ဗာန်တည်းဟူသော ဘေးမဲ့မြို့ကြီးကို ဒီလမ်းက သွားကြတယ်။ ဘယ်လမ်းလဲ။

ဒါနပါရမီလမ်း၊ သီလပါရမီလမ်း၊ နေက္ခမ္မပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန၊ မေတ္တာ၊ ဥပေက္ခာဆိုတဲ့ ဒီပါရမီလမ်းကြောင်းကြီးတွေထဲကနေပြီးတော့ နှစ်ကျိပ်လေးဆူသော မြတ်စွာဘုရားတည်းဟူသော ရထားကြီးတွေဟာ ဝေနေယျကြာသတ္တဝါတွေတည်းဟူသော ခရီးသည်တွေ တင်ပြီးတော့ နိဗ္ဗာန် ဘေးမဲ့မြို့ကြီးကို လှလှကြီး

http:\\www.dhammadownload.com



သွားကြပြီ။ သွားကြတဲ့အတိုင်း ကျုပ်လည်းပဲ အဲဒီလမ်းကြီးက ဒါနပါရမီ လမ်းကြီးကနေပြီးတော့ နိဗ္ဗာန်မြို့ကို သွားမလို့။

ကျွန်ုပ်တည်းဟူသော ရထားကြီးပေါ်မှာ ဝေနေယျသတ္တဝါတွေ ဟူသော ခရီးသည်တွေ တင်ပြီးတော့ နိဗ္ဗာန်မြို့ကြီး သွားမှပေါ့။ ခင်ဗျား ဘယ်လောက်တားတား မရပါဘူး။

ဝါသဝ=ဝါသဝမည်လျှင်း အို–သိကြားမင်း။ ပေါရာဏံ=ရှေးက ဖြစ်ခဲ့ဖူးသော။ နိဟိတံ=အကျွန်ုပ်နှင့်တကွ ရှေးရှေးဘုရားအလျာ သူတော်စွာတို့သည် ကောင်းစွာချထားခဲ့သော။ ဝတ္တံ=ဒါန ဝတ်ကိုဖြင့်။ ဝတ္တ တသော်ဝ=လည်စေ ဖြစ်စေအံ့သည်သာ။

## သိကြားမင်း လက်လျှော့ပြီး အလှူကို ချီးကျူးတိုက်တွန်းခြင်း

ဘယ်လိုနည်းနဲ့မှ ခင်ဗျားပြောလို့မရဘူးတဲ့။ ရှေးရှေးဘုရား အလောင်း သူတော်ကောင်းတွေ ချမှတ်ခဲ့တဲ့ ဒါနဝတ်ကိုသာဖြင့် ကျုပ်ဖြစ်စေမှာ အမှန်ပဲ။ ဘယ်လိုပဲ ခင်ဗျားတားပေမယ့် ကျုပ်လှူမှာပဲ။

ယဒိ ဟေဿတိ ဒဿာမ၊
အသန္တေ ကိံ ဒဒါမသေ။
ဧဝံ ဘူတာပိ ဒဿာမ၊
မာ ဒါနံ ပမဒမှသေ။

ယဒိ ဟေဿတိ=ငါ့လက်ထဲမှာ ရွှေငွေရယ်လို့ အကယ်၍ ဖြစ်ပေါ်လာငြားအံ့။ ဒဿာမ=ငါတို့စားဖို့တောင်မထား၊ ရက်ရက်ကြီး ငါ ကား ပေးလှူလိုက်ပါပေတော့အံ့။

ကျုပ်လက်ထဲမှာ ရွှေလေး ငွေလေးများ တစ်ပဲသားရှိစမ်းပါစေ။ ရှိပစေ။ စားဖို့တောင် မထားဘူး။ ချက်ချင်း လှူလိုက်မှာ။

အသန္တေ=ယခုလို ဒီလက်ထဲမှာ ငွေတစ်ပဲမှ မရှိတဲ့အခါမျိုးမှာ။ ကိံ ဒဒါမသေ=အဘယ်မှာလျှင် ပေးခြင်းငှာ စွမ်းနိုင်ကုန်အံ့နည်း။ (အခု

http:\\www.dhammadownload.com



လိုအခါတော့ ပေးမဖြစ်ဘူးပေါ့။) ဧဝံ ဘူတာပိ=ဤမျှလောက်မြက်ထမ်း သမားဘဝသို့ ရောက်ရကုန်သော်လည်းပဲ။ မယံ=ငါတို့သည်။ ဒဿာမ= ငါ့လက်ထဲမှာ ငွေရှိပါစေ၊ ဧကန် ပေးအံ့ကုန်သည်သာ။ ဒါနံ=အလှူဒါန ကို။ မာ ပမဒမှသေ=ဘယ်လိုနည်းနဲ့မှ မေ့လျော့၍ ပစ်မယ့်လူစား မဟုတ် ပါဘူး အရှင်သိကြားလို့။

မြက်ထမ်းပေါ်က ဝမ်းလျားမှောက်ရင်း မူးရင်းက နေပြီးတော့ ပြန်ပြီး သုံးဂါထာ ရွတ်ပေးတယ်။ ဘုရားလည်း ပါသပေါ့။ အဲဒီလိုလည်း ရွတ်ပေးတော့ သိကြားက မေးတယ်။

ကိမတ္ထာယ ဒါနံ ဒဒါသိ။

ဝိသယှ သေဋ္ဌေးမင်း–ဘယ်အကျိုးငှာ အလှူဒါနကို ခင်ဗျား ပေးနေတာလဲ။ ဒါလောက်ကြီး။ မဟာဒါနကြီးပေးနေတာလဲလို့ ဆိုတော့ ဘုရားအလောင်းက မူးရင်း မြက်ထုံးပေါ်က ဝမ်းလျားမှောက်ရင်းက ဘယ့်နှယ့်ပြောသလဲ။

နေဝ သက္ကတ္တံ န ဗြဟ္မတ္တံ ပတ္ထယမာနော၊
သဗ္ဗညုတံ ပတ္ထေန္တော ပနာဟံ ဒဒါမိ။

အဟံ=ငါသည်။ သက္ကတ္တံ=သိကြားအဖြစ်ကို။ ပတ္ထယမာနော= တောင့်တသည်ဖြစ်၍။ န ဒဒါမိ=ပေးသည်မဟုတ်ပါ။ ဗြဟ္မတ္တံ = ဗြဟ္မာ အဖြစ်ကို။ ပတ္ထယမာနော = တောင့်တသည် ဖြစ်၍။ နဒဒါမိ = ပေးလှူသည်မဟုတ်ပါ။ ပန = စင်စစ်သော်ကား၊ သဗ္ဗညုတံ = သဗ္ဗညုတ ရွှေဉာဏ်တော်ကို။ ပတ္ထေန္တော = တောင့်တလင့်ဆို ငါအလိုရှိသည် ဖြစ်၍။ ဒဒါမိ = ပေးလှူပါ၏ ... လို့။

အဲဒီလိုပြောတယ်။ ခင်ဗျား သိကြားစည်းစိမ်ကို လိုချင်လို့ တောင့် တလို့ ကျုပ်လှူတာ မဟုတ်ဘူး။ ဗြဟ္မာမင်းစည်းစိမ်ကို လိုချင်တောင့်တ လို့ လှူတာမဟုတ်ဘူး။ ကျုပ်လိုချင်တာက သဗ္ဗညုတ ရွှေဉာဏ်တော်

http:\\www.dhammadownload.com



ကို တောင့်တလင့်ဆို အလိုရှိပြီးတော့ လှူတာပါ။ ဘယ်အချိန်ကများ တောင့်တခဲ့သလဲ။

ကိံ မေ ဧကေန တိဏ္ဏေန၊
ပုရိသေန ထာမဒဿိနာ၊
သဗ္ဗညုတံ ပါပုဏိတွာ။
သံတာရေဿံ သဒေဝကေ။

သုမေဓာဘဝတည်းကိုက ကျုပ်တစ်ကိုယ်ကောင်းကြံရင် နိဗ္ဗာန်ကို ဝင်သွားနိုင်လျက်ကနဲ့ ငါလို ကိုယ်စွမ်းသတ္တိကိုမြင်တဲ့ ယောကျ်ားကောင်းတစ်ယောက်ဟာ တစ်ကိုယ်ကောင်း ကြံပြီးတော့ ဒီပင်္ကရာဘုရားသာသနာအတွင်းမှာ နိဗ္ဗာန်ကို ကူးသွားလို့ ဘာအကျိုး ရှိမလဲ၊ တစ်ကိုယ်ကောင်းကြံလို့ ငါလို လူစွမ်းကောင်းက အကျိုးမရှိနိုင်ဘူး။

သဗ္ဗညုတံ ပါပုဏိတွာ=သဗ္ဗညုဘုရားအဖြစ်သို့ ရောက်အောင်ကျင့်ဆောင်ကြိုးကုတ် အားထုတ်၍။ သဒေဝကေ=နတ်ဗြဟ္မာနှင့်တကွသော သတ္တလောက ရှိသမျှ နတ်လူအပေါင်းတို့ကို။ သံတာရေဿံ= နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ရောက်အောင် ထုတ်ဆောင်ကယ်တင်ပေအံ့-လို့။

အဲဒီတုန်းကတည်းကိုက သဗ္ဗညုတ ဉာဏ်ကြီး ရှာလာတယ်။ သဗ္ဗညုတဉာဏ်ရဖို့အတွက် ဒါနပါရမီမျိုးစေ့ကို သီလပါရမီ၊ နေက္ခမ္မပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာနပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီဆိုတဲ့ ပါရမီမျိုးစေ့တွေ သဗ္ဗညုတဉာဏ်ကြီးဝယ်ချင်လွန်းလို့ အဖိုးတန်တွေကို ရှာပြီးတော့ လာခဲ့တာ။ ခင်ဗျားသိကြားမင်းစည်းစိမ်ကို လိုချင်လို့ ကျုပ်ဒါနအဖိုး ရှာတာမဟုတ်ပါဘူးလို့ ပြောတော့ သိကြားကလည်းပဲ စောစောက သူထင်တာက သိကြားမင်းစည်းစိမ်လိုချင်လို့ သိကြားစည်းစိမ်တောင့်တပြီးတော့ သူကောင်းမှု

http:\\www.dhammadownload.com



ပြုပါကလား ထင်တာ သူ့အထင်မှားပြီ။ အခုလိုဖြေလိုက်တော့ သူ့အထင်နဲ့ တခြားစီ ဖြစ်တော့ ဪ–သူငါရဲ့ သိကြားစည်းစိမ်တောင့်တလင့်ဆို အလိုရှိတာ မဟုတ်ပါတကား လို့ စိတ်ထဲ သက်သာရာရတယ်။ ဝမ်းမြောက် ဝမ်းသာ ဖြစ်ပြီးတော့ ကောင်းကင်က ဆင်း၊ အလောင်းတော်ရဲ့ ကျောက်ကုန်းလေးကို သပ်၊ လက်နဲ့သပ်လိုက်တော့ နတ်ရဲ့ အတွေ့ အထိနဲ့ တွေ့မိ ထိမိတယ်ဆိုတော့ ဖြုန်းခနဲဆို အမူးတွေ ပြေပြီးတော့ လန်းလန်းဆန်းဆန်း ဖြစ်တယ်။ နတ်ရေစင်များ ဖျန်းသလိုပေါ့နော်။

အခုတော့ နတ်က ကျောက်ကုန်းလေးကို သွားပြီး သပ်လိုက်တော့ သပ်လိုက်တာနဲ့တစ်ပြိုင်နက်တည်း တစ်ခါတည်း လန်းလန်းဆန်းဆန်း ဪ–အားအင်တွေဟာ အလိုလိုရောက်လာတယ်။ နတ်တန်ခိုးပေါ့။ အဲဒီလို ရောက်ရုံတင်မကဘူး။ သူ့အိမ်မှာလည်းပဲ သူ့ရဲ့ပစ္စည်းတွေ နဂိုအတိုင်း ပြန်ပြီးတော့ တန်ခိုးနဲ့ ကွယ်ထားတာတွေကို ပင်ကိုအတိုင်း ပြန်ပြီးတော့ ထားတယ်။

သိကြားက ဘုရားအလောင်း ဝိသယှ သေဋ္ဌေးကို ဘယ့်နှယ့်ပြောသလဲ။

မဟာသေဋ္ဌိ တွံ ဣတော ပဋ္ဌာယ ဒိဝသေ ဒိဝသေ ဒွါဒသ သဟဿာနိ ဝိဿဇ္ဇေန္တော ဒါနံ ဒဒါဟိ။

မဟာသေဋ္ဌိ=အို ဝိသယှ သေဋ္ဌေးကြီး။ တွံ=သင်သည်။ ဣတော ပဋ္ဌာယ=ယနေ့ကစ၍။ ဒိဝသေ ဒိဝသေ=နေ့တိုင်းနေ့တိုင်း။ ဒွါဒသ သတသဟဿာနိ=တစ်ဆယ့်နှစ်သိန်း(၁၂ သိန်း)တို့ကို။ ဝိဿဇ္ဇေန္တော=စွန့်သည်ဖြစ်၍။ ဒါနံ=အလှူဒါနကို။ ဒဒါတိ=ပေးတော်မူပါတော့လို့–

ဟိုတုန်းက တစ်နေ့မှာ ခြောက်သိန်း၊ ခြောက်သိန်းလှူရတာ။ အခုတစ်ဆတိုးပြီးတော့ မဏ္ဍပ်တစ်ခုမှာ နှစ်သိန်း နှစ်သိန်း၊ ခြောက်ခုဆိုတော့ တစ်ဆယ့်နှစ်သိန်း၊ တစ်ဆယ့်နှစ်သိန်း၊ တစ်နေ့တစ်နေ့လျှင်

http:\\www.dhammadownload.com



နေ့တိုင်းနေ့တိုင်း တစ်ဆယ့်နှစ်သိန်း တစ်ဆယ့်နှစ်သိန်း စွန့်ပြီးတော့ အလှူကြီးကို အသက်ထက်ဆုံး လှူရစ်ပါတော့လို့ အဲဒီလို ပြောပြီးတော့ သေဋ္ဌေးရဲ့အိမ်မှာ မရေနိုင် မတွက်နိုင်အောင် အသစ်ဖြစ်သော စီးပွား ဥစ္စာတွေကို ဆောင်နှင်းပြီးတော့ ကိုင်း-သေဋ္ဌေးမင်း၊ အိမ်ပြန်ပေတော့။ ကျွန်ုပ်လည်းပဲ နတ်ပြည်သို့ ပြန်တော့မယ်။ ခရီးခွဲကြတယ်။

ဘုရားအလောင်းဖြစ်တဲ့ ဝိသယှသေဋ္ဌေးလည်းပဲ အဲဒီအချိန်ကစ ပြီးတော့ တစ်နေ့လျှင် တစ်ဆယ့်နှစ်သိန်း၊ တစ်ဆယ့်နှစ်သိန်း အလှူဒါန ပြု၍ စုတိပြတ်ကြွေ သေလွန်တဲ့ ကာလဝယ် ကောင်းမှုကုသိုလ်ကံအား လျော်စွာ နတ်ပြည်သို့ လားရတယ်။ သေဋ္ဌေးကတော်ကြီးလည်း-

ဇာတ်တော်က ဆုံးတော့မှ အဋ္ဌကထာက နိဂုံးဘယ်လိုအုပ်ပြတုံး ဆိုတော့-

သတ္ထာ=လူနတ်တို့၏ဆရာ မြတ်စွာဘုရားသည်။ ဣမံ ဓမ္မ ဒေသနံ=ဤဝိသယှဇာတက ဓမ္မဒေသနာကို။ အာဟရိတွာ=အကျယ် တဝင့် ဖွင့်ပြထုတ်ဆောင်တော်မူ၍။ ဇာတကံ=ဇာတ်တော်ကို။ သမောဓာ နေသိ=ပေါင်း၍ ပြတော်မူ၏။

ဇာတ်တော် ချုံးပြီးတော့ ပြလိုက်တယ်။ ဘယ်လိုပြတုံးဆိုတော့-

တဒါ=ထိုစဉ်ကာလက။ သေဋ္ဌိဘရိယာ=သေဋ္ဌေး ကတော်ကြီးသည်။ဣဒါနိ=ယခုအခါ၌။ ရာဟုလမာတာ= ရာဟုလ မယ်တော် ယသောဓရာ မိဖုရားသည်။ အဟောသိ=ဖြစ်ခဲ့လေပြီ။

တရားနာခံ ပြန်ကြည့်စမ်းပါ။ အနာထပိဏ် သေဋ္ဌေးကြီးကို-

မဟာဂဟပတိ=ဇေတဝန် ကျောင်းတကာ အနာထပိဏ် သေဋ္ဌေးကြီး။ တဒါ=ထိုစဉ်ကာလက။ သေဋ္ဌိဘရိယာ= သေဋ္ဌေး ကတော်ကြီးသည်။ ဣဒါနိ=ယခုအခါ၌။ ရာဟုလမာတာ= ရာဟုလာမယ်တော် ယသောဓရာ မိဖုရားသည်။ အဟောသိ=

http:\\www.dhammadownload.com



ဖြစ်ခဲ့လေပြီ။ ဝိသယှ=ဝိသယှ အမည်ရှိသော။ သေဋ္ဌိပန= သေဌေးကြီးကား။ ဣဒါနိ=ယခုအခါ၌။ အဟမေဝ= လူသုံးပါးတို့၏ ဆရာငါဘုရားသည်ပင်လျှင်။ အဟောသိ= ဖြစ်ခဲ့လေပြီ။ ဣတိ=ဤသို့။ ဇာတကံ=ဇာတ်တော်ကို။ သမောဓာနေသိ= ပေါင်းရုံး၍ ပြတော်မူပြီ။

နောက်ပြန် စဉ်းစားကြည့်ကြစမ်း။ ဝိသယှဇာတ်လဲပြီးပြီ။

သိကြားဖြစ်ကြောင်း အကျင့်ခုနစ်ပါးပြခဲ့တဲ့ ဝတပဒသုတ္တန်ကိုလည်းပဲ စုဏ္ဏိယတော့ ကြားပြီးပြီ။ ဂါထာဆုံးအောင် ရွတ်နေပြန်တော့ ရှည်သွားဦးမယ်။ ကိုင်း–ဂါထာပါဠိရွတ်မှ သိပ်စုံတော့မှာဆိုတော့ အဲဒီဟာလည်းပဲ ကျန်တဲ့ကြွေးကလေး ဆပ်လိုက်ကြဦးစို့။

မာတာပေတ္တိဘရံ ဇန္တုံ၊
ကုလေ ဇေဋ္ဌာပစာယိနံ။

သဏှံ သခိလသမ္ဘာသံ၊
ပေသုဏေယျပ္ပဟာယိနံ။

မစ္ဆေရဝိနယေ ယုတ္တံ၊
သစ္စံ ကောဓာဘိဘုံ နရံ။

တံ ဝေ ဒေဝါ တာဝတိံသာ၊
အာဟု "သပ္ပုရိသော" ဣတိ။

http:\\www.dhammadownload.com



## တရားတော်နိဂုံး

အဲဒါ ဝတပဒသုတ္တန် နောက်ဆုံးက ဂါထာနှစ်ပုဒ်ပါပဲ။ အကျဉ်း ကြိုက်တဲ့ သံခိတ္တရုစိ ပုဂ္ဂိုလ်များအတွက် ဟောလို့ ပြန်ပြီးတော့ စဉ်းစား လို့ရှိယင် ဝိသယဇာတက ဓမ္မဒေသနာ–နောက်ပြန်။ ဝတပဒသုတ္တန် ဓမ္မဒေသနာ ဟိုက ဒါနသုတ္တန် ဓမ္မဒေသနာ၊ ခုဇ္ဇုတ္တရာရှင်မ သီတင်း သည်ကြီးဟောတဲ့ သုတ္တန် ဓမ္မဒေသနာ အာယာစမာနသုတ္တန် ဓမ္မ ဒေသနာ၊ မြတ်စွာဘုရားဟောတဲ့ ပရိသတ်လေးပါးအတွက် ဟောတဲ့ သုတ္တန်ဒေသနာ၊ ဒီလေးဖြာသော တရားဒေသနာတို့ကို ကြားနာရခြင်း ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံစေတနာ၊ သရဏဂုံ သီလတို့ကို ဆောက် တည်ရခြင်း သီလမယကောင်းမှုကုသိုလ်ကံစေတနာ၊ ဓမ္မပူဇာဖြစ်စေခြင်း အလို့ငှာ ဓမ္မရေဖြစ်တော်မူသော အရှင်သူမြတ်နှင့်တကွ ဓမ္မပဋိဂ္ဂါဟက ဖြစ်ကြပါပေသော သူတော်စင်တို့အား ရည်မှန်းရာရာ ဒေယျဓမ္မဒါတဗ္ဗ ဝတ္ထုတို့ဖြင့် သဒ္ဓါကော်ရော် ပူဇော်လှူဒါန်းရခြင်းတည်းဟူသော ဓမ္မ ပူဇာမင်္ဂလာ ကောင်းမှုကုသိုလ်ကံ စေတနာ၊ ဣန္ဒာရာမကျောင်းတိုက် အတွင်း ပထမ ဝါပတ်လုံး သီတင်းသုံးတော်မူပြီးကြတဲ့ သံဃာတော်အရှင် မြတ်တို့၊ ငါးရပ်သော ကထိန်၏ အာနိသင်ကို ရ၍ ချမ်းချမ်းသာသာ ရဟန်းတရား ပွားများကြိုးကုတ် အားထုတ်နိုင်ကြပါခြင်း အလို့ငှာ အရန် နှင့်တကွ ကထိန်သင်္ကန်း၊ ကထိန်ဆွမ်း လှူဒါန်းရခြင်းတည်းဟူသော ကောင်းမှု ကုသိုလ်ကံစေတနာ–

ဤသို့ စသည်များမြတ် ပေါင်းအပ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ဤဝိသယဇာတ် တရားဒေသနာတော်မြတ်၌ ဇာတ် တော်ဝင်ဖြစ်တော်မူကြတဲ့ ယသောဓရ ထေရီ၏အလောင်းဖြစ်သော သေဌေးကတော်၊ မြတ်စွာဘုရားရဲ့အလောင်းဖြစ်သော ဝိသယသေဌေး မင်းတို့ ယခုအခါ ရောက်ကြစံကြရာဖြစ်သော နိဗ္ဗာန်ပရမတ်ကို လေး ပါးသော မဂ်ဉာဏ်၊ လေးပါးသော ဖိုလ်ဉာဏ်တို့ဖြင့် အရဟတ္တမဂ်

http:\\www.dhammadownload.com



အရဟတ္တဖိုလ်ပေါက် မပင်မပန်း ချမ်းသာသော အကျင့်ပဋိပတ်၊ လျင်မြန်သော အသိဉာဏ်တို့ဖြင့် ဆိုက်ရောက်မျက်မှောက်ပြုနိုင်ကြသည့် ကိုယ် ဖြစ်ပါစေကုန်သတည်း။ အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက် မျက်မှောက်ပြုရသည့် နောက်ဆုံးဘဝဝယ် ပရိနိဗ္ဗာန စုတိစိတ်ရဲ့ အခြားမဲ့ဖြစ်သော နောက်ကာလ၌ တစ်စုံတစ်ခုသော ဘဝ ဂတိ ယောနိ ဝိညာဏဋ္ဌိတိ သတ္တာဝါသမှာမှ ရုပ်နာမ် နှစ်ဖြာ ခန္ဓာငါးပါး-ဒုက္ခသစ္စာတရားတည်း ဟူသော သံသရာ မီးတောက်ကြီးတွေ မဖြစ်ဘဲ ချုပ်ငြိမ်းခြင်း အနုပ္ပါဒါနိရောဓ၊ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီ စံကြပါစေကုန်သတည်း။ အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီ စံကြရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်တည်း ဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက်မီးပုံကြီး ကိုယ်စီကိုယ်ငှ ငြိမ်းကြပါစေကုန်သတည်း။

သာဓု။ သာဓု။ သာဓု။

ဝိသယှဇာတ် တရားတော်ပြီးပြီ။

---

http:\\www.dhammadownload.com

# ဂဟာဋ္ဌဝန္ဒနာသုတ္တန် နှင့် သလ္လသုတ္တန်တရားတော်

## သိကြားမင်း၏ အပူဇော်ခံပုဂ္ဂိုလ်ဖြစ်အောင် လုပ်ရန်နှင့် သောကငြိမ်း၍ ကျွတ်တမ်းဝင်နိုင်ကြရန် ရည်သန်ဟောကြားခြင်း

သာသနာနှစ် ၂၅၁၀-ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၂၈ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ရက်နေ့ည၊ မင်းကွန်းဓမ္မနာဒတိုက် မဟာဗန္ဓုလဓမ္မာရုံ၌ မန္တလေးမြို့၊ မလွန်ရပ်၊ ကုန်သည် ဦးဝါပေါ-ဒေါ်မြရှင်တို့၏ ခြောက်ကြိမ်မြောက် နိဗဒ္ဓ သံဃဒါန ဆွမ်းအလှူပွဲ၌ ဟောကြားအပ်သော ဂဟာဋ္ဌဝန္ဒနာသုတ္တန်နှင့် သလ္လသုတ္တန် တရားတော်။

ဘုန်းကြီးဟောမယ့် သုတ္တန်ဟာ နှစ်သုတ်ဖြစ်ပါတယ်။ သက္ကသံယုတ်က လာတဲ့ ဂဟာဋ္ဌဝန္ဒနာသုတ်=လူတွေကို သိကြားမင်းက ရှိခိုးတဲ့သုတ်။ သုတ္တနိပါတ်ပါဠိတော်မှာ လာတဲ့ သလ္လသုတ်=သားရဲ့သောကပယ်ဖျောက်ပေးတဲ့ သုတ်ပေါ့။ သုတ္တန်နှစ်ခု ဘုန်းကြီးဟောပါ့မယ်။

(ဘုန်းကြီး တရားဟောပြီးလို့ ရှိယင် တရားနာပရိသတ် သူတော်စင်များကို စာရေးတံမဲ အလှူများလည်း လှူပါလိမ့်မယ်။ စာရေးတံမဲအလှူလှူပြီးတဲ့အခါကျတော့ မိုးမိတ် ဂေါပကဥက္ကဋ္ဌကြီး ဘဘမိုးက တစ်နေ့က မိုးမိတ်ဘုရားပွဲမှာ ဒီတောင်ရိုးက သူတော်စင်တွေကို သူဆပ်ကာသာ ပြလိုက်ရတယ်တဲ့ဗျ။ ရုပ်ရှင်မပြလိုက်ရဘူး။ အဲဒါကြောင့် သူ့စိတ်ထဲမှာ မကျေမချမ်း ဖြစ်ပြီးတော့ ရုပ်ရှင်လည်းပဲ အဲဒီ စာရေးတံမဲ အလှူပြီးတော့ သူတော်စင်တွေကို ရုပ်ရှင်လည်းပဲ ပြမလို့တဲ့။)

http:\\www.dhammadownload.com



## ဂဟဋ္ဌဝန္တနာ သုတ္တန်တရားတော်

မိမိရဲ့စိတ်ကို သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း ဘုရားကိုယ်တော်မြတ် ကိန်အောင်းမွေ့လျော်တော်မူနေတဲ့ ပုံကို မှန်းပြီးတော့ အာရုံပြုထား။

မဟာဗန္ဓုလ ဓမ္မာရုံ ဂန္ဓကုဋီကျောင်းဆောင်ထဲက ဘုရားကိုယ်တော်မြတ်ကြီး မှန်းပြီးတော့ စိတ်ထဲ အာရုံပြုထား။ မြတ်စွာဘုရားရဲ့ရှေ့မှောက်မှာ ရဟန်းယောကျ်ား ပရိသတ်၊ ရဟန်းမပရိသတ်၊ ဥပါသကာ ဒါယကာယောကျ်ားပရိသတ်၊ ဥပါသိကာ ဒါယိကာမ ပရိသတ်လို့ ပရိသတ်လေးပါး တရားနာမလို့ အသင့်ရှိနေတဲ့အချိန်မှာ အင်မတန် တိတ်ဆိတ်နေတဲ့အထဲက မြတ်စွာဘုရားက–

"ဘိက္ခဝေါ" အင်မတန် တိတ်ဆိတ်တဲ့ အထဲကနေပြီးတော့ အက္ခရာသုံးလုံးရှိတဲ့ အာလုပ်ပုဒ်နဲ့ ဘုရားက–

ဘိက္ခဝေါ=ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။

ဗြဟ္မာ့အသံနဲ့ သာသာယာယာ ခေါ်လိုက်တဲ့အခါကျတော့ ကောင်းကင်က မိုးချုန်းတဲ့အခါမှာ ရွှေဥဒေါင်းတွေဟာ အချင်းချင်း အချိတ်အဆက်မရှိဘဲနဲ့ တစ်ပြိုင်နက်တည်း "ကေကာ–ကေကာ"ဆိုတဲ့ အသံကို တညီတညွတ်တည်း ဝမ်းပန်းတသာ တွန်ကြကျူးကြရင့်ကြ သလို–

မြတ်စွာဘုရားရဲ့ "ဘိက္ခဝေါ=ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့"ဆိုတဲ့ မဟာကရုဏာတော်ပြဋ္ဌာန်းပြီးတော့ ခေါ်လိုက်တဲ့ အသံတော်တည်းဟူသော မိုးချုန်းသံကို ကြားယင်ပဲ ယခင်က ပြောတဲ့ ပရိသတ်လေးပါးက 'ဘဒ္ဒန္တေ"သုံးလုံးပဲ။

ဘန္တေ=ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား။ တေ=ရှင်ပင်ဘုရားအား။ ဘဒ္ဒံ=ကောင်းခြင်းမင်္ဂလာသည်။ ဟောတု=ဖြစ်ပါစေဘုရား။

http:\\www.dhammadownload.com



အဲဒီလို ဘိက္ခုဝေါ ဆိုတဲ့ ဘုရားရဲ့ခေါ်သံ၊ ဘဒ္ဒန္တေလို့ဆိုတဲ့ ပရိသတ်လေးပါးက စကားတုံ့ပြန်တဲ့အသံကလည်း တိတ်ကရော မြတ်စွာဘုရား ရွှေနှုတ်တော်က ထွက်ပြီးတော့-

ဘူတပုဗ္ဗံ ဘိက္ခဝေ သက္ကော ဒေဝါနမိန္ဒော မာတလိံ သင်္ဂါဟကံ အာမန္တေသိ။

ဘိက္ခဝေ=ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။ ဘူတပုဗ္ဗံ=ရှေး၌ဖြစ်ဖူး အကြောင်းထူးကား။ ဒေဝါနမိန္ဒော=နတ်တို့ကို အစိုးရသော။ သက္ကော=သိကြားမင်းသည်။ မာတလိံ သင်္ဂါဟကံ=ရထားမှူးဖြစ်တဲ့ မာတလိနတ်သားကို။ အာမန္တေသိ=ခေါ်၍စကားပြောကြားခဲ့ပြီ။

တစ်ချိန်က ဖြစ်ခဲ့ဖူးတယ် ချစ်သားတို့။ သိကြားမင်းက မာတလိနတ်သား ခေါ်ပြီးတော့ ဤကဲ့သို့ ပြောကြားတယ်။ ဘယ်လိုပြောသလဲဆိုတော့-

ယောဇေဟိ သမ္မ မာတလိ သဟဿယုတ္တံ အာဇညရထံ ဥယျာနဘူမိံ ဂစ္ဆာမ သုဘူမိံ ဒဿနာယ။

သမ္မ မာတလိ=အချင်းမာတလိ။ သဟဿယုတ္တံ=အာဇာနည်မြင်း အထောင်ကသော။ အာဇညရထံ=အာဇာနည်မြင်းရထားကို။ ယောဇေဟိ=ယှဉ်လော့၊ ကလော့။ သုဘူမိံ=ကောင်းသော မြေအပြင်ကို။ ဒဿနာယ=ရှုကြည့်ခြင်းငှာ။ ဥယျာနဘူမိံ=နန္ဒဝန်ဥယျာဉ်မြေသို့။ ဂစ္ဆာမ=သွားကြကုန်စို့။

အချင်း မာတလိ၊ အာဇာနည်မြင်းတစ်ထောင်ကတဲ့ ဝေဇယန္တာရထားကြီးကို ယှဉ်လိုက် ကလိုက်ပါ။ တို့ နန္ဒဝန်ဥယျာဉ်ကို သွားဖို့ရန်၊ နန္ဒဝန်ဥယျာဉ် သွားရောက်ပြီးသကာလ မင်္ဂလာရှိတဲ့ မြေအဝန်းကို ကြည့်ရှုဖို့ရန်အတွက် နန္ဒဝန်ဥယျာဉ်သွားကြစို့လို့ ဒီလိုပြောတယ်။

http:\\www.dhammadownload.com



အဲဒီလိုပြောတဲ့အခါကျတော့ မာတလိ ရထားထိန်းက ဘာပြန်ပြောသလဲဆိုတော့–

ဇဝံ ဘဒ္ဒန္တဝ၊

ဇဝံ–သာဓု=ကောင်းပါပြီ။ တဝ=သင်သိကြားမင်းအား။ ဘဒ္ဒံ=ကောင်းခြင်းမင်္ဂလာသည်။ ဟောတု=ဖြစ်ပါစေသား။

မာတလိက ပြန်ပြီးတော့ မင်္ဂလာနှုတ်ခွန်း ညွှန်းတဲ့စကားပြောပြီးတော့ သိကြားမင်းပြောတဲ့အတိုင်း ဝေဇယန္တာရထားကြီး နတ်မြင်းတစ်ထောင် ကပြီးတဲ့အခါကျတော့ ဝေဇယန္တာနန်းပြာသာဒ်ရဲ့ ရှေ့တော်မှောက်မှာ ရထားကြီး အသင့်ထားပြီးတော့–

ယုတ္တော ခေါ တေ မာရိသ သဟဿယုတ္တော အာဇညရထော၊
ယဿ ဒါနိ ကာလံ မညသိ။

မာရိသ=ဒုက္ခခပ်သိမ်း ငြိမ်းပါပေသော အရှင်သိကြားမင်း။ တေ = အရှင် သိကြားမင်းအတွက်။ သဟဿယုတ္တော=အာဇာနည်မြင်း က သော။ အာဇညရထော=အာဇာနည် ဝေဇယန္တာ ရထားကြီးကို။ ယုတ္တော= ယှဉ်အပ်ကအပ်ပြီးပါပြီ။ တွံ=သင်သိကြားမင်းသည်။ ယဿဂမနဿ= အကြင်နန္ဒဝန်ဥယျာဉ်ကို သွားရောက်ခြင်း၏။ ကာလံ=အချိန်ကာလကို။ မညသိ=စဉ်းစားတော်မူပါလော့။

## သိကြားမင်း အရပ်ရှစ်မျက်နှာလှည့်၍ ရှိခိုးခြင်း

ဝေဇယန္တာရထားကြီးတော့ အသင့်ပြင်ပြီးကပြီးပါပြီတဲ့။ အရှင်သိကြားမင်း နန္ဒဝန်ဥယျာဉ်သွားဖို့ပဲ စဉ်းစားတော်မူပါလို့ ဒီလိုပြန်ကြားလျှောက်ထားတဲ့ အခါကျတော့မှ သိကြားမင်း ဝေဇယန္တာ နန်းပြာသာဒ်ထဲက ထွက်ပြီးတော့ ရထားမတက်ခင် အရှေ့ဘက် လှည့်ပြီးတော့ တရိတသေ ရှိခိုးလိုက်၊ အနောက်ဘက်လှည့်ပြီး ရှိခိုးလိုက်၊ တောင်ဘက်လှည့်

http:\\www.dhammadownload.com



ပြီး ရှိခိုးလိုက်၊ မြောက်ဘက်လှည့်ပြီး ရှိခိုးလိုက်၊ အထောင့်လေးရပ်ကို လှည့်ပြီး ရိုရိုသေသေ ရှိခိုးတယ်။ ဣန္ဒြေကြီးနဲ့ပ။ ပျာယီးပျာယာ မရှိဘူး။ တရိုတသေ ဣန္ဒြေရရ ရှိခိုးတော့ မာတလိရထားထိန်း နတ်သားက လျှောက်ထားတယ်။

တံ နမဿန္တိ တေဝိဇ္ဇာ၊
သဗ္ဗေ ဘုမ္မာ စ ခတ္တိယာ။

စတ္တာရော စ မဟာရာဇာ၊
တိဒသာ စ ယသဿိနော။

အထကောနာမ သော ယက္ခော၊
ယံ တွံ သက္က နမဿသိ။

သက္က =နတ်တို့သနင်း အို-သိကြားမင်း။ တံ=အရှင်သိကြားမင်းကို။ သဗ္ဗေ=ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ ဘုမ္မာ-မြေ၌တည်ကြကုန်သော။ တေ ဝိဇ္ဇာ=ဗေဒင်သုံးခန်း တတ်ကျွမ်းကြသည့် ပုဏ္ဏားတို့သည်လည်းကောင်း၊ သဗ္ဗေ=ခပ်သိမ်းဥဿုံအလုံးစုံကုန်သော။ ခတ္တိယာစ= ခတ္တိယမျိုး သတိုးနွယ်ဝင် ဘုရင်မင်းတရားတို့သည်လည်းကောင်း။ စတ္တာရော စ မဟာရာဇာ=စတုမဟာရာဇ်နတ်မင်းကြီးတို့သည်လည်းကောင်း။ ယသဿိနော=များသော အခြံအရံ ရှိကြကုန်သော။ တိဒသာ စ=တာဝတိံသာနတ်တို့သည်လည်းကောင်း။ နမဿန္တိ-ဝပ်တွားရိုကျိုး ရှိခိုးကြပါပေကုန်၏။ သက္က=နတ်တို့သနင်း အို သိကြားမင်း။ တွံ= သင်သိကြားမင်းသည်။ ယံ ယက္ခံ=အမှတ်မထင် အကြင်နတ်ကို။ နမဿသိ=ရိုသေမြတ်နိုး ရှိခိုးဘိ၏။ သောယက္ခော=ထို အရှင်သိကြားမင်း ရှိခိုးတဲ့ နတ်သည်။ ကောနာမ-အဘယ်အမည်ရှိပါသနည်း အရှင်သိကြားမင်း။

အရှင်သိကြားမင်း-တဲ့။ အရှင်သိကြားမင်း (ကို) လူ့ပြည်လောကဆိုရင် လောကသမုတိနတ်ခေါ်တဲ့ ခတ္တိယနွယ်ဝင် ဘုရင်မင်း

http:\\www.dhammadownload.com



တရားကြီးတွေ၊ ဆရာကြီး၊ ဆရာကြီးလို့ အားလုံးက ဦးတည်ရတဲ့ ဗေဒင် သုံးခန်း တတ်ကျွမ်းသိမြင်ကြတဲ့ ဆရာပုဏ္ဏားတွေ၊ လူ့ပြည်လောကက ဇာတ်မှာ အထက်တန်းနှစ်ဦး (ကို)ပြောလိုက်သဖြင့် နောက်မှာ အောက် တန်းကလို အမှတ်သင်္ကေတထားတဲ့ ကုန်သည်တွေ၊ ဆင်းရဲသားတွေ လည်း ပါရောပေါ့-ဥက္ကဋ္ဌနည်းဆိုတော့။

အဲဒီ လူ့ပြည်လောကမှာရှိတဲ့ မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ဆင်းရဲ သား ဆိုတဲ့ အမျိုးလေးပါးတို့ကလည်းပဲ အရှင်သိကြားမင်းကို လူ့ပြည်က နေပြီးတော့ ရိုသေမြတ်နိုး ရှိခိုးကြရပါတယ်။ စတုမဟာရာဇ်နတ်ပြည်မှာ ရှိကြတဲ့ ဓတရဋ္ဌ၊ ဝိရုဠ္ဍက၊ ဝိရူပက္ခ၊ ကုဝေရဆိုတဲ့ နတ်မင်းကြီး လေးပါး တို့လည်း သင် သိကြားမင်းကို ရိုသေမြတ်နိုးရှိခိုးကြရပါတယ်။ တာ ဝတိံသာနတ်ပြည်မှာ ရှိကြတဲ့ များစွာသော နတ်အပေါင်းတို့ကလည်း အရှင်သိကြားမင်းကို ရိုသေမြတ်နိုး ရှိခိုးကြရပါတယ်။

အခုအချိန် သိကြားမင်းက အရပ်ရှစ်မျက်နှာ လှည့်ပြီးတော့ ရိုသေမြတ်နိုး အကြင်နတ်ကို ရှိခိုး၏။ အရှင်သိကြားမင်း ရှိခိုးတဲ့ထိုနတ် က နာမည်ဘယ်လိုခေါ်ပါတုံးလို့ မာတလိနတ်သားက မေးတယ်။ အဲဒီလို မေးတဲ့အခါ သိကြားမင်းက ဘာပြန်ဖြေတုံးဆိုတော့-

http:\\www.dhammadownload.com



မံ နမဿန္တိ ဝေဝိဇ္ဇာ၊
သဗ္ဗေ ဘုမ္မာ စ ခတ္တိယာ။
စတ္တာရော စ မဟာရာဇာ၊
တိဒသာ စ ယသဿိနော။

မာတလိ=အချင်းမာတလိ။ မံ=နတ်တို့သနင်း၊ ငါသိကြားမင်းကို။ ဘုမ္မာ=အောက်လူ့ပြေ(ပြည်)မြေအရပ်၌နေကြကုန်သော။ သဗ္ဗေ=ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ ဝေဝိဇ္ဇာ စ=ဗေဒင်သုံးခန်းတတ်ကျွမ်းသိမြင် အရှင်ပုဏ္ဏားတို့သည်လည်းကောင်း။ ခတ္တိယာစ=ခတ္တိယာနွယ်ဝင်ဘုရင်မင်းတရားတို့သည်လည်းကောင်း။ သဗ္ဗေ=ခပ်သိမ်းဥဿုံအလုံးစုံကုန်သော။ စတ္တာရောစ မဟာရာဇာ=ဓတရဋ္ဌ၊ ဝိရုဠှက၊ ဝိရူပက္ခ၊ ကုဝေရအား လေးထွေပြားတဲ့စတုမဟာရာဇ်နတ်မင်းတို့သည်လည်းကောင်း။ ယသဿိနော=များသော အခြံအရံရှိကြကုန်သော။ တိဒသာစ=တာဝတိံသာ နတ်တို့သည်လည်းကောင်း။ နမဿန္တိ=ရိုသေမြတ်နိုး ရှိခိုးကြသည်မှန်ပေ၏။

အမောင်မာတလိ ပြောတဲ့အတိုင်း လူ့ပြည်လောကက မင်း၊ ပုဏ္ဏား၊ သူဌေးသူကြွယ်၊ ဆင်းရဲသားဆိုတဲ့အမျိုးလေးပါး လူအများတို့ကလည်း ငါ့ကို ရှိခိုးကြတာ အမှန်ပဲ။ စတုမဟာရာဇ်နတ်မင်းကြီး လေးပါးတို့က ငါ့ကို ရှိခိုးကြတာလည်း အမှန်ပဲ။ တာဝတိံသာ နတ်တို့ကလည်း ငါ့ကို ရှိခိုးကြတာ အမှန်ပဲတဲ့။

## သိကြားမင်းက ရှိခိုးသော ရဟန်းရှင်လူများ

အဟဉ္စ သီလသမ္ပန္နေ၊ စိရရတ္တသမာဟိတေ။
သမ္မာ ပဗ္ဗဇိတေ ဝန္ဒေ၊ ဗြဟ္မစရိယပရာယနေ။

မာတလိ=အချင်း ရထားထိန်းမာတလိ။ အဟဉ္စ=နတ်တို့သနင်း ငါသိကြားမင်းကတော့။ သီလသမ္ပန္နေ=စတုပါရိ သုဒ္ဓိသီလ လွလွဖြူလွင်

http:\\www.dhammadownload.com



စင်ကြယ်တော်မူကြပေကုန်သော။ စိရရတ္တသမာဟိတေ=နေ့စဉ်ရက်လျှား ဥပစာရအပ္ပနာအား နှစ်ပါးကုန်သော သမာဓိဖြင့် တည်ကြည်ခြင်း ရှိတော်မူကြကုန်သော၊ ဗြဟ္မစရိယပရာယနေ=သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်လျှင် လဲလျောင်းရာ ရှိကြကုန်သော။ သမ္မာပဗ္ဗဇိတေ=ကောင်းစွာ လူ့ဘောင်မှ ထွက်မြောက် ရဟန်းအဖြစ်သို့ ရောက်တော်မူကြတဲ့ အရှင်ကောင်းအရှင်မြတ်တို့ကို။ ဝန္ဒေ–ဝန္ဒာမိ=ရှိသေမြတ်နိုး ငါရှိခိုးပါ၏။

အခု အရပ်ရှစ်မျက်နှာလှည့်ပြီး တရိတသေ ငါရှိခိုးတာ သီလသမ္ပန္န=စတုပါရိသုဒ္ဓိသီလနဲ့ ပြည့်စုံတော်မူကြ၍ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိအား သမာဓိနှစ်ပါးနှင့် ပြည့်စုံတော်မူကြပြီးလျှင် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာတည်းဟူသော သုံးပါးသိက္ခာ သာသနာတော်တည်းဟူသော မြတ်သောအကျင့်လျှင် လဲလျောင်းရာ ရှိတော်မူကြတဲ့ ရဟန်းတော်သခင် အရှင်သူမြတ်တို့ကို သဒ္ဓါရိုကျိုး ငါရှိခိုးခြင်းပါပဲ။ ဒါတင်ပဲလားလို့ဆိုတော့–

ယေဂဟဋ္ဌာ ပုညကရာ၊
သီလဝန္တော ဥပါသကာ။
ဓမ္မေန ဒါရံ ပေါသေန္တိ၊
တေ နမဿာမိ မာတလိ။

မာတလိ=အချင်းရထားထိန်းမာတလိနတ်သား။ ယေဂဟဋ္ဌာ=အကြင် လူဝတ်ကြောင်တို့သည်။ ပုညကရာ=သက်နိုး ဆွမ်းကျောင်း ဆေးတည်းဟူသော ပစ္စည်းလေးပါး အလှူဒါန အစရှိသော ကုသိုလ်ကောင်းမှု(ကို) လုပ်ကြပေကုန်၏။ သီလဝန္တော=ငါးပါးသီလ ရှစ်ပါးသီလနှင့် ပြည့်စုံကြပေကုန်၏။ ဥပါသကာ=ရတနာသုံးရပ်(ကို) ဆည်းကပ်ကြပေကုန်၏။ ဓမ္မေန=တရားသဖြင့်။ ဒါရံ=သားမယားကို။ ပေါသေန္တိ= ပြုစု

http:\\www.dhammadownload.com



လုပ်ကျွေး မွေးမြူကြပေကုန်၏။ တော=ထိုသရဏဂုံသီလ တည်ရှိကြ၍ တရားသဖြင့် ပစ္စည်းဥစ္စာတို့ကို သမ္မာအာဇီဝဖြင့် ရှာမှီး၍ သားမယားတို့အား မွေးကျွေးတဲ့ လူ့သူတော်ကောင်းများကို။ အဟံ=နတ်တို့သနင်း ငါ သိကြားမင်းသည်။ နမဿာမိ=သဒ္ဓါရိုကျိုး ရှိခိုးဦးညွှတ်ပါ၏လို့.

ငါရှိခိုးတာဟာ (တစ်)သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သော အကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်နေတော်မူကြတဲ့ ရဟန်းတော်သခင် အရှင်သူမြတ်တွေကိုလည်း ရှိခိုးတယ်။ (နှစ်) လူ့ပြည်လောကမှာ ရှိကြတဲ့ သရဏဂုံသီလ သမ္မာအာဇီဝနဲ့ သားမယားကို ကျွေးမွေးပြုစုကြတဲ့ လူ့သူတော်ကောင်းတွေကိုလည်း ငါရှိခိုးတယ်။

ဒီတော့ ဗုဒ္ဓဘာသာတွေအနေနဲ့ စဉ်းစားကြည့်စမ်း။ ငယ်စဉ် တောင်ကျေး ကလေးကစပြီး သရဏဂုံဆိုတာ တည်ခဲ့ကြ။ အင်း တစ်ခါ အရွယ်ရောက်လို့ သီလမှန်းသိတတ်တဲ့အချိန်မှာ ငါးပါးသီလ စောင့်ထိန်းကြ။ အဲ လူ့ဘောင်လောကမှာ တစ်အိုးတစ်အိမ်ရယ်လို့ အိုးသီးအိမ်သီး ထူထောင်ရတဲ့အချိန်ကစပြီးတော့ မိစ္ဆာအာဇီဝဖြစ်တဲ့ ပါဏာတိပါတဖြင့် အသက်မွေးမှု၊ အဒိန္နာဒါနဖြင့် အသက်မွေးမှု အစရှိသော ဒုစရိုက်နဲ့ အသက်မွေးမှု၊ မိစ္ဆာဇီဝနဲ့ အသက်မွေးမှုကို တို့ကိုးကွယ်တဲ့ ဘုရားကိုယ်တော်မြတ် နှစ်သက်တော်မမူဘူး။

တို့ ကိုးကွယ်တဲ့ ဘုရားကိုယ်တော်မြတ်က မိစ္ဆာဇီဝ ဒုစရိုက် မှ ရှောင်ပြီးသကာလ ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်း၊ နွားမွေးခြင်း အစ ရှိတဲ့ သမ္မာအာဇီဝအသက်မွေးမှုဖြင့် အသက်မွေးတာကို တို့ဘုရား နှစ်သက်တော်မူတယ်။ ဒါကဲ့သို့သော ဗုဒ္ဓဘာသာဝင် သူတော်စင် တစ်ယောက် ဘုရားစက်ဆုပ်တဲ့ အသက်မွေးမှုမျိုး=ဗုဒ္ဓပဋိကုဋ္ဌ မိစ္ဆာဇီဝ အသက်မွေးမှုမျိုးနဲ့တော့ ငါ အသက်မမွေးဘူး။ ဘုရားချီးမွမ်းတော်မူတဲ့၊

http:\\www.dhammadownload.com



နှစ်သက်တော်မူတဲ့ သမ္မာအာဇီဝနဲ့ ဒုစရိုက်မှု(ကို) ရှောင်ပြီးတော့ ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်း အစရှိသော တရားသော အသက်မွေးမှုဖြင့် အသက်မွေးပြီး သားမယားကို တရားသဖြင့် ငါပြုစုလုပ်ကျွေးမည်ဆိုပြီး လာခဲ့ကြ။

အဲဒီလို လာခဲ့တဲ့လူတွေကို သိကြားမင်းကိုယ်တိုင်က ရှိခိုးရတယ်။ ဒီတော့-

ယေဂဟဋ္ဌာပုညတရာ= အကြင်လူဝတ်ကြောင်သည် ကုသိုလ်ကောင်းမှု(ကို) ပြုလုပ်ကြကုန်၏။ သီလဝန္တော=ငါးပါး၊ ရှစ်ပါး သီလရှိကုန်၏။ ဥပါသကာ=ရတနာသုံးရပ် (ကို) ဆည်းကပ်ကြကုန်၏။ ဓမ္မေန=တရားသဖြင့်။ ဒါရံ=သားမယားကို။ ပေါသေန္တိ=ပြုစုလုပ်ကျွေးမွေးမြူကြကုန်၏။ တေ=ထို သရဏဂုံသီလ တည်ရှိကြ၍ သမ္မာအာဇီဝဖြင့် အသက်မွေးကြတဲ့ လူ့ဝတ်ကြောင်တို့ကို။ နမဿာမိ= နတ်တို့သနင်း ငါသိကြားမင်း ရိုသေမြတ်နိုး ရှိခိုးဦးညွှတ်ပါ၏။

လို့ဆိုတော့ မိမိတို့ရဲ့ဘဝ ဘယ်လောက် ဝမ်းမြောက်စရာကောင်းသလဲ။ သိကြားမင်းကိုယ်တိုင်က အရိုအသေ အပြုခံရတဲ့ဘဝ။ ဒါကြောင့် တို့ မိဘဘိုးဘွားဆရာသမားများက သာသနာ ယဉ်ကျေးမှုပွဲသဘင်တစ်ခု စတော့မယ်ဆိုရင် သိကြားရှိခိုးခံရတဲ့ဘဝကိုပေါ့လေ။ တစ်ဆင့်ထက်တစ်ဆင့် ရောက်အောင်ဆိုပြီးတော့ သရဏဂုံ သီလကစပြီးတော့ သာသနာ့ယဉ်ကျေးမှုပွဲသဘင်များ စခဲ့ကြတယ်။

အဲဒီလို သိကြားမင်းက ပြောတဲ့အခါကျတော့ မာတလိနတ်သားက ဘာပြန်ပြောသလဲ။

သေဋ္ဌာဟိ ကိရလောကသ္မိံ၊
ယေ တွံ သက္က နမဿသိ။
အဟမ္ပိ တေ နမဿာမိ။
ယေ နမဿသိ ဝါသဝ။

http:\\www.dhammadownload.com



သက္က=နတ်တို့သနင်း အရှင်သိကြားမင်း။ တွံ=အရှင်သိကြားမင်းသည်။ ယေ=အကြင်ရဟန်းသူတော်ကောင်း၊ လူသူတော်ကောင်းတို့ကို နမဿသိ=ရိုသေမြတ်နိုး ရှိခိုးတော်မူပါပေ၏။ တေ=ထိုအရှင်သိကြားမင်း ဝပ်စင်းရိုကျိုး ရှိခိုးတဲ့ ရဟန်းတော်သခင် လူသူတော်စင်တို့သည်။ လောကသ္မိံ=လောက၌။ သေဋ္ဌာဟိ–သေဋ္ဌာဧဝ=ချီးမွမ်းအပ် အမှန်ပင်မြတ်လှပါကုန်၏။ ဝါသဝ=နတ်တို့သနင်း အို–အရှင်သိကြားမင်း။ အဟမ္ပိ=အကျွန်ုပ်သည်လည်း။ ယေ=အကြင် ရဟန်းသူတော်ကောင်း၊ လူသူတော်ကောင်းတို့ကို။ တွံ=အရှင်သိကြားမင်းသည်။ နမဿသိ=ရိုသေမြတ်နိုး ရှိခိုးဦးညွှတ်ပါ၏။ အဟမ္ပိ=အကျွန်ုပ် မာတလိနတ်သားလည်းပဲ။ တေ=ထို အရှင်သိကြားမင်း ဝပ်စင်းရိုကျိုး ရှိခိုးဦးညွှတ်တဲ့ ရဟန်းသူတော်ကောင်း၊ လူသူတော်ကောင်းတို့ကို။ နမဿာမိ=ရိုသေမြတ်နိုး ရှိခိုးဦးညွှတ်ပါ၏။

လို့ မာတလိနတ်သားလည်းပဲ သိကြားနောက်က အတူလိုက်ပြီးတော့ အရပ်လေးမျက်နှာ အထောင့်အရပ်ဆိုတဲ့ အရပ်ရှစ်မျက်နှာကို လှည့်ပြီးတော့ လူ့ပြည်က ရှိတဲ့ ရဟန်းတော်တွေ၊ လူ့ပြည်က ရှိတဲ့လူသူတော်စင်တွေကို ရိုသေမြတ်နိုး ရှိခိုးကြတယ်။

အဲဒီလို ရှိခိုးပြီးတဲ့နောက်မှ သိကြားမင်း ဝေဇယန္တာရထားကြီးစီးပြီးတော့ နန္ဒဝန်ဥယျာဉ်သွားတဲ့အကြောင်းကို–

ဣဒံ ဝတွာန မဃဝါ၊ ဒေဝရာဇာ သုဇမ္ပတိ။
စတုဒ္ဒိသာ နမသိတွာ၊ ပမုခေါ ရထ'မာရုဟိ။

ဘိက္ခဝေ=ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့။ ဣဒံ=ဖော်ပြအပ်ငြား ဤစကားကို။ ဝတွာန=ပြောဆိုပြီး၍။ ဒေဝရာဇာ=နတ်တို့သနင်းဖြစ်သော။ သုဇမ္ပတိ=သုဇံနတ်သမီး၏ အရှင်ဖြစ်ပေသော။ မဃဝါ=လူ့ပြည်လောက ဝေါဟာရဖြင့် မာဃအမည်တွင်ပေသော။ သက္ကော=

http:\\www.dhammadownload.com



နတ်တို့သနင်း သိကြားမင်းသည်။ (စတုဒ္ဒိသာ=အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာတို့ကို။) နမဿိတွာ=ရှိသေမြတ်နိုး ရှိခိုးဦးညွတ်ပြီးတော့။ ပမုခေါ=နတ်တို့၏ ဦးစီးအမှူးအကြီးဖြစ်ပေသော အရှင်သိကြားမင်းသည်။ ရထံ=ဝေဇယန္တာရထားထက်သို့။ အာရုဟိ=တက်စီးကာ နန္ဒဝန်ဥယျာဉ်သို့ သွားရောက်လေပြီ။

လူ့ပြည်လောက သရဏဂုံသီလ စောင့်ထိန်းတဲ့ ပုဂ္ဂိုလ်များ အားရအောင် မိမိတို့ရဲ့ ဘဝတန်ဖိုးသိအောင် မြတ်စွာဘုရားက ဂဟဋ္ဌဝန္တနာသုတ္တန်လို့ အမည်ရှိတဲ့ ဒီသုတ္တန်ကို သဂ္ဂသံယုတ်မှာ ဟောကြားထားခဲ့တယ်။

ဒါကဘာလဲလို့ဆိုတော့ တရားပွဲတစ်ခု စတော့မယ်။ သာသနာယဉ်ကျေးမှုပွဲတစ်ခု စတော့မယ်ဆိုရင် ဗုဒ္ဓဘာသာတို့ ထုံးတမ်းစဉ်လာအရ သရဏဂုံသီလ အစက "တည်"လိုက်ရတာဟာဖြင့် ဂဟဋ္ဌဝန္တနာသုတ္တန်အရ တို့တစ်တွေ သိကြားမင်းရဲ့ ဦးထိပ်ပေါ် ရောက်သွားတဲ့ ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါပကောလို့ စိတ်ထဲ အားရဝမ်းသာ ရှိအောင် ဂဟဋ္ဌဝန္တနာ သုတ္တန်ကို ဘုန်းကြီး ထုတ်ဖော်ဟောပြပါတယ်။ တင်ပြပါတယ်။ ဒီသုတ္တန်ထောက်ပြီးတော့ မိမိတို့ စောင့်ထိန်းထားတဲ့ သရဏဂုံ၊ မိမိတို့ စောင့်ထိန်းထားတဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလများ မကျိုးမပေါက် မကျားမပြောက်ရအောင် သိကြားမင်းရဲ့ အရိုအသေ အမြတ်နိုး ရှိခိုးကို အမြဲတစေခံရအောင် စောင့်ရှောက်နိုင်ကြပါစေ။ ဂဟဋ္ဌဝန္တနာသုတ္တန် ဤမှာပဲ ရပ်ခဲ့ကြစို့။

သလ္လသုတ္တန် ဆက်သွားကြည့်ရအောင်။

http:\\www.dhammadownload.com

## သလ္လသုတ္တန်တရားတော်

### သားသေ၍ သောကရောက်သော ဒကာတစ်ဦး၏ ဝတ္ထု

အနိမိတ္တ'မနညာတံ၊ မစ္စာနံ ဣဓ ဇီဝိတံ။
ကသိရဉ္စ ပရိတ္တဉ္စ၊ တဉ္စ ဒုက္ခေန သံယုတံ။

သံဝေဂသုတ္တန်ကြီးပါပဲ။ ဘုရားလက်ထက်က မြတ်စွာဘုရားကို စတုပစ္စယဒါယကာ ဥပဋ္ဌာက ဒကာတစ်ယောက်ရှိတယ်။ ထိုဒကာမယ် အသက်ငယ်ငယ် အရွယ်နုနယ်တဲ့ သားကလေးတစ်ယောက် ကွယ်လွန် အနိစ္စရောက်တော့ သောကမီး၊ ပရိဒေဝမီး တညီးညီးတောက်ပြီးတော့ အစာအာဟာရများဖြတ်တောက်၊ ခုနစ်ရက်တိုင်တိုင် မစားဘဲနဲ့ သောက ပရိဒေဝမီး တောက်ရှာသတဲ့။

အဲဒီလို မီးတောက်တဲ့အတွက် ဘုရားကိုယ်တော်မြတ်က ထို ဒကာအပေါ် ကရုဏာရှေ့ထားပြီးတော့ သောကမီး ငြိမ်းအေးသောအနေ နဲ့ ဒီသုတ္တန်ကို ထိုဒကာအိမ် ကြွပြီးတော့ ဟောပါတယ်တဲ့။ ဂါထာ (၂၀) ရှိပါတယ်။

ဒီသုတ္တန်မှာပေါ့လေ။ ဒီစကားဦးတရားဦး စတာ အဋ္ဌကထာက အလွန်ကျဉ်းပါတယ်။ ဒါကို သလ္လသုတ္တန်ခေါ်တယ်တဲ့။ ဒီသုတ္တန် ဖြစ် ပေါ်ရတဲ့ အတ္ထုပ္ပတ်က ဘယ်လိုလဲဆိုတော့-

သာဝတ္ထိပြည်မှာ မြတ်စွာဘုရားရဲ့ ဝေယျာဝစ္စဒကာတစ်ယောက် ရှိတယ်။ ထိုဒကာမှာ သားငယ်တစ်ယောက် အနိစ္စရောက်တော့ သောက ပရိဒေဝမီး တောက်ပြီး ခုနစ်ရက်တိုင်တိုင် အစာငတ်ခံပြီးတော့ သောက

http:\\www.dhammadownload.com



ပရိဒေဝမီး အနှိပ်စက်ခံနေရတာကို ဘုရားကိုယ်တော်မြတ် မဟာကရုဏာ ပြဋ္ဌာန်းပြီးတော့ ထိုဒကာရှိရာအိမ်ကြွပြီးတော့ ခင်းထားအပ်သော နေရာ၌ ဤသုတ္တန်ကို ဟောပါတယ်။ ချုံးချုံးနဲ့ပဲ လိုရင်းတရားသား ရောက်အောင် သွားပါတယ်။

အနိမိတ္တ' မနညာတံ၊ မစ္စာနံ ဣဓ ဇီဝိတံ။

ကသိရဉ္စ ပရိတ္တဉ္စ၊ တဉ္စဒုက္ခေန သံယုတံ။

ဂဟပတိ=ဒါယကာ။ ဣဓ=ဤလောက၌။ မစ္စာနံ=သတ္တဝါတို့၏။ ဇီဝိတံ=ရုပ်နာမ်နှစ်ဝ ဇီဝိတခေါ်တဲ့ တရားအစုသည်။ အနိမိတ္တံ= အမှတ်နိမိတ် မရှိတဲ့တရားပါပေ။

လောကမှာ ဟို ပစ္စည်းဥစ္စာကို ခိုးတော့မယ်ဆိုရင် အချက်ပေး ပြီး ခိုးတာရှိတယ်။ ဟို လူလစ်တဲ့အခါကျတော့ ငါက မျက်လုံးမှိတ်လိုက် မယ်ကွ။ ဒါမှမဟုတ်ယင် မျက်ခုံးလေး ငါချီလိုက်မယ်။ အဲဒီ ငါမျက်လုံး မှိတ်တဲ့အမှတ်နိမိတ်၊ သို့မဟုတ် မျက်ခုံး(ကို)ချီလိုက်တဲ့ အမှတ်နိမိတ်နဲ့ အဲဒီပစ္စည်း အဲဒီအချိန် လစ်ပြီး ခိုးပေတော့လို့ အဲဒီလိုပြောပြီးတော့ ခိုး တဲ့အမျိုးမျိုးကို နိမိတ္တကမ္မခိုးနည်းတဲ့။ အဲဒီမှာ နိမိတ္တကမ္မ ခိုးနည်းမှာ အမှတ် နိမိတ်အချက်ပြ ရှိသလို သတ္တဝါတို့ရဲ့အသက်မှာ ဘယ်နေ့ ဘယ် အချိန် ဘယ်အခါမှာ ဘယ်လိုရောဂါနဲ့ သေမယ်လို့ အမှတ်အသား နိမိတ် မပါဘူး။ လူတိုင်းလူတိုင်းရဲ့ အသက်ဟာ အနိမိတ္တတရား၊ အမှတ်နိမိတ် မရှိတဲ့တရား။

အနညာတံ=မည်သည့်အခါမှာ သေလိမ့်မယ်လို့လည်းပဲ မသိ အပ်တဲ့တရား မှန်ပါပေ၏။ (ဘယ်သူသိတုံး၊ ဘယ်အချိန်မှာ သေမယ်လို့ ပြောကို မပြောနိုင်ဘူး။)

ကသိရဉ္စ=ဆင်းရဲပင်ပန်း အမြဲတစေ နွမ်းလည်း နွမ်းလျလှပါပေ ၏။

http:\\www.dhammadownload.com



အသက်ကလေး ဇီဝိတသန္တာန်ကလေး ဆက်ဖို့ရန်အတွက် လွယ်လွယ်နဲ့ဆက်တာ မဟုတ်ဘူးတဲ့။ အကြောင်းပေါင်းများစွာ စုပေါင်းပေးမှ ဇီဝိတသန္တာန်ဆိုတာ ဆက်ပြီးတော့ အသက်ရှည်တယ်လို့ လောကပညတ်ဖြစ်နေရပါတယ်။

ဘယ်လိုလဲ။ ထွက်သက်ဝင်သက်နဲ့လည်းပဲ ဒီအသက်ရှင်ရေးဟာ စပ်တယ်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုတဲ့ မဟာဘုတ်ကြီးလေးပါးနဲ့လည်း စပ်တယ်။ ကဗဠီကာရာဟာရခေါ်တဲ့ အစာအာဟာရနဲ့လည်း ဆက်စပ်၍နေတယ်။ ဝမ်းမီး တေဇောဓာတ်နဲ့လည်း ဆက်စပ်နေတယ်။ ခန္ဓာကိုယ်ရဲ့ အပေါ်မှာ ပဋိသန္ဓေကစပြီးတော့ မျိုးစေ့အနေနဲ့ ပါလာတဲ့ စိတ်ဝိညာဏ်နဲ့လည်းပဲ ဆက်စပ်နေတယ်။

မှန်ပါတယ်။ လူတစ်ယောက်ဟာ ထွက်သက်ဝင်သက် မရှူဘဲ သာအောင့်ထား၊ တစ်နာရီလောက် အောင့်ရင် ထိုသူ သေမှာအမှန်ပဲ။ ထွက်သက်ဝင်သက် ခေါ်တဲ့ အာနာပါနဝါယောဓာတ် ဝိသေသသာ မရှိလို့ မဖြစ်လို့ရှိရင် ထိုသူရဲ့ ဇီဝိတိန္ဒြေဟာ ဘယ်လိုနည်းနဲ့မှ သန္တာန်ဆက်ပြီးတော့ အသက်မရှည်နိုင်ဘူးတဲ့။ ဒါကြောင့် အသက်ရှင်ရေးအတွက် ထွက်သက်ဝင်သက်နဲ့လည်း ဆက်စပ်နေတယ်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးတို့ရဲ့ညီမျှမှုနဲ့လည်း ဆက်စပ်နေတယ်တဲ့။ အဲဒီဓာတ်ကြီးလေးပါး မညီမျှလို့ ပထဝီဓာတ်ပျက်စီးမယ်။ အာပေါဓာတ်ပျက်စီးမယ်။ တေဇောဓာတ်ပျက်စီးမယ်။ ဝါယောဓာတ်ပျက်စီးမယ်ဆိုလို့ရှိယင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးကို မြွေကြီးလေးစင်း၊ မြွေကြီးလေးကောင်နဲ့ ဟို-အာသီဝိသောပမ သုတ္တန်များမှာ ဟောထားတယ်။

http:\\www.dhammadownload.com



## မြွေကြီးလေးကောင်နှင့် ဓာတ်ကြီးလေးပါး

လောကမှာ ကဋ္ဌမုခမြွေတစ်မျိုး။

ပူတိမုခ မြွေလို့တစ်မျိုး၊

အဂ္ဂိမုခ မြွေလို့တစ်မျိုး ရှိတယ်။

သတ္ထမုခမြွေလို့ မြွေတစ်မျိုး ရှိတယ်။

အဲဒီ မြွေကြီးလေးမျိုးထဲမှာ ကဋ္ဌမုခဆိုတဲ့ ဒီမြွေကိုက်လိုက်တယ်ဆိုရင် အကိုက်ခံရတဲ့လူဟာ မိနစ်ပိုင်းအတွင်းမှာ တစ်ခါတည်း တောင့်ပြီးတော့ လက်တွေခြေတွေမချိုးရဘဲနဲ့ သစ်သားချောင်းကြီး ထင်းတုံးကြီးလို တစ်ခါတည်း ဖြစ်သွားတယ်တဲ့။ ဖြစ်ပြီးတော့ တစ်ခါတည်း သေတော့တာပဲ။ အဲဒီမြွေမျိုးကို ကဋ္ဌမုခမြွေလို့ခေါ်တယ်။

ပူတိမုခမြွေဆိုတာက ဒီမြွေထိလိုက်တယ်ဆိုရင် မိနစ်ပိုင်းအတွင်း သေကြေပျက်စီးပြီးတော့ ခဏအတွင်း ကြည့်ရင်းကြည့်ရင်းအသားတွေ ညိုကြွက်ထပြီးတော့ နာရီပိုင်းအတွင်းမှာ သွေးတွေ၊ ပြည်တွေ တစ်ခါတည်း ထွက်လာတယ်။ ပုပ်သွားတယ်။ အမှန်ပုပ်ရမှာ သွေးပြည်တွေ ထွက်ရမှာက သုံးရက်လေးရက်မှ ထွက်ရမှာပေမယ့် ဒီပူတိမုခမြွေ ထိခိုက်တဲ့ သတ္တဝါဆိုရင် နာရီပိုင်းအတွင်းမှာ ပုပ်သိုးသွားတယ်။

အဂ္ဂိမုခမြွေဆိုတဲ့ အဲဒီမြွေထိခိုက်လိုက်ရင်တော့ ထူးတောင်မသင်္ဂြိုဟ်ရဘူး။ အဲဒီမြွေထိတဲ့လူဟာ ဒီမြွေဆိပ်ကြောင့်ပဲ တစ်ခါတည်း မီးဟုန်းဟုန်းတောက်ပြီးတော့ တစ်ခါတည်း ပျောက်သွားတယ်။

ရှိဖူးတယ်။ မြတ်စွာဘုရားလက်ထက်တုန်းက အရှင်သာရိပုတ္တရာရဲ့ညီ ဥပသေနမထေရ်။ ဥပသေန ရဟန္တာမထေရ်ဆိုတာ ရှိတယ်။ အရှင်သာရိပုတ္တရာတို့မှာ မောင်နှမညီအစ်ကို ခုနစ်ယောက်ရှိပါတယ်။ ခုနစ်ယောက်စလုံး ရဟန္တာ ဖြစ်ကြတယ်။ အရှင်သာရိပုတ္တရာက အစ်ကိုကြီး၊

http:\\www.dhammadownload.com



မောင်ကြီး၊ အကြီးဆုံး၊ သူ့အောက်မှ ဥပသေန၊ သူ့အောက်မှာ စုန္ဒ၊ သူ့အောက်မှာ ညီထွေးရေဝတ။ သူ့ရဲ့နှမတွေအနေနဲ့ စာလာ၊ သိသူပစာလာ၊ ဥပစာလာလို့ နှမသုံးယောက်ရှိတယ်။ အဲဒီ မောင်နှမခုနစ်ဖော်စလုံး ဒီသာသနာတော်မှာ အာသဝေါကုန်ခန်း ရဟန္တာ ယောကျ်ား၊ ရဟန္တာ ထေရီမ ဖြစ်ပြီးတော့ ပရိနိဗ္ဗာန်စံ၍ ဘဝဇာတ်သိမ်းငြိမ်းတော်မူကြတယ်။

အဲဒီ အရှင်သာရိပုတ္တရာရဲ့ညီ အရှင်ဥပသေနရဟန္တာမှာ တစ်ချိန်က ကမ္မဋ္ဌာန်းကျောင်းလေးထဲ ညောင်စောင်းပေါ် ခဏလျောင်းပြီး နေတဲ့အချိန်မှာ ဒီအမိုး ခေါင်လျှောက်ပေါ်မှ အဂ္ဂိမုခ မြွေနှစ်ကောင်တစ်ကောင်နဲ့တစ်ကောင် အပျော်အပါးလိုက်ရာကနေ ဖတ်ဆို တစ်ကောင်က ဥပသေန ရဟန္တာမထေရ်ရဲ့ ကိုယ်ပေါ် ကျတယ်။ သိတယ်။ ဥပသေန မထေရ်က။ ဟာ–ဒီမြွေကတော့ အဂ္ဂိမုခမြွေပဲ။ အဂ္ဂိမုခမြွေဆိုတာ မိနစ်ပိုင်းအတွင်းမှာပဲ ဟုန်းခနဲ ခန္ဓာကိုယ် မီးတောက်တတ်တယ်။ အဲဒီတော့ ဟုန်းခနဲ ခန္ဓာကိုယ် မီးတောက်တာ ငါ့အဖို့ကတော့–

နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။

ကာလဉ္စ ပဋိကင်္ခါမိ၊ ဝေတနံ ဘတကော ယထာ။ *

အလုပ်သမားသည် လခရမယ့်အချိန် (ကို) တောင့်တသလို ရဟန္တာဖြစ်တဲ့ ငါ့အဖို့ရာ အသက်ရှည်နေတာလည်း ခန္ဓာဝန်ထုပ်ကြီး ထမ်းထားရတယ်။ သေတယ်ဆိုတာကလည်းပဲ စုတိအခိုက်မှာ ဖြစ်တဲ့ ခန္ဓာဝန်ထုပ်ထမ်းထားရတာဖြစ်တော့ အသက်ရှည်တာလည်းပဲ ငါမလိုချင်ဘူး။ အသက်တိုတာလည်းပဲ ငါမလိုချင်ဘူး။ အဲဒီသေပြီးတဲ့နောက် ခန္ဓာအသစ် မဖြစ်တဲ့ အနုပ္ပါဒနိရောဓ အချိန်ကလေးကို အလိုရှိတယ်။ ဒီအလိုရှိတဲ့အချိန် သူက ရောက်ရမှာဖြစ်တော့ သူ့အဖို့ရာ ဘာမှ ဝန်

---

* ဆဋ္ဌမူ ထေရဂါထာများ၌ "နိဗ္ဗိသံ ဘတကော ယထာ" ဟု ရှိသည်။ ပရိယာယ်တူ၏။

http:\\www.dhammadownload.com



မလေးဘူး။ အင်မတန် ခန္ဓာဝန်ကြီး စွန့်ပယ်ရမယ့်အရေး တွေးပြီးတော့ အင်မတန် ဝမ်းမြောက်တယ်။

သို့သော် ငါ ခန္ဓာဝန်စွန့်လိုက်တာ ကိစ္စမရှိဘူး။ ဒီခန္ဓာကိုယ်ကြီးက ဟုန်းခနဲ မီးတောက်ယင် ဒီကမ္မဋ္ဌာန်းကျောင်းလေး မီးကျွမ်းသွားချေရဲ့ ဆိုပြီးတော့ ဥပသေနမထေရ်က အဘိညာဏ်ဖြန်းခနဲ ဝင်စားပြီးတော့ 'ငါ့ခန္ဓာကိုယ် အပြင်သို့ မရောက်သေးသမျှ မီးမတောက်ပါစေနဲ့ အဓိဋ္ဌာန်တော်မူတယ်။ အဓိဋ္ဌာန်ပြီးတော့ ဣဒ္ဓိဝိဓ အဘိညာဏ်များ ဝင်စားတော်မူလို့ ပြီးတဲ့အခါကျတော့မှ သူ့ရဲ့ တပည့်များကို "ငါ့ရှင်တို့ ငါ့ကို ညောင်စောင်းနဲ့တကွ ကမ္မဋ္ဌာန်းကျောင်းလေး ပြင်ဘက် အဗ္ဗောကာသ ဟင်းလင်းအပြင် လွင်တီးခေါင် ထုတ်ပေးကြ"လို့ ခိုင်းတယ်။

"ဘာပြုလို့လဲဘုရား"ဆိုတော့-

"ငါ့ကိုယ်ပေါ်မှာ အင်္ဂမုခမြွေကျသွားတယ်တဲ့။ ဒါကြောင့် မကြာခင် ငါ့ခန္ဓာကိုယ်ဟာ မီးဟုန်းဟုန်းတောက်လိမ့်မယ်။ မြန်မြန်ထုတ်ကြ" ဆိုတော့မှ သူ့ရဲ့တပည့်တွေက ညောင်စောင်းနဲ့တကွ ဥပသေနကိုယ်တော်ကို ကိုင်လည်း မကိုင်ဝံ့ဘူး။ သွားကိုင်ရင် မီးတောက်မှာစိုးလို့။ ကမ္မဋ္ဌာန်းကျောင်းလေးအပြင်ဘက် ထုတ်ရတယ်။ အဲဒီအပြင်ဘက်လည်း ရောက်ကရော ညောင်စောင်းရော ခန္ဓာရော အကုန်လုံး မီးဟုန်းဟုန်းတောက်ပြီးတော့ ဓာတ်တော်ကျန်ခဲ့တယ်။ အဲဒီမြွေမျိုးကို အင်္ဂမုခမြွေလို့ ခေါ်တယ်။ အိန္ဒိယမှာတော့ ဒီလိုမြွေမျိုးတွေ ရှိတယ်။

သတ္ထမုခမြွေဆိုတာက အဲဒီမြွေထိလိုက်သည်နှင့်တစ်ပြိုင်နက် ထိသူဟာ အရိုးဆက်တွေဟာ တစ်ခါတည်းပြုတ်ပြီးတော့ သေတော့တယ်။ အရိုးဆက်ပြုတ်တယ်။ ဘယ်လောက်ပြင်းတဲ့ အဆိပ်လဲလို့။

အဲဒီ မြွေကြီးလေးမျိုးလိုပဲ။ ပထဝီဓာတ်ဟာ ကဋ္ဌမုခမြွေနဲ့တူတယ်။ အာပေါဓာတ်သည် ပူတိမုခမြွေနဲ့တူတယ်။ တေဇောဓာတ်သည်

http:\\www.dhammadownload.com



အဂ္ဂိမုခမြွေနဲ့ တူတယ်။ ဝါယောဓာတ်သည် သတ္ထမုခမြွေနဲ့ တူတယ်တဲ့။ ပထဝီဓာတ်တည်းဟူသော ကဋ္ဌမုခမြွေမျိုး၊ ဟုတ်လား။ စိတ်ဆိုးလို့ကိုက်၊ ဒီခန္ဓာကိုယ်မှာ ဖောက်ပြန်လို့ရှိယင် ထိုသူသည် စုတိပြတ်ကြွေသေလွန်ပြီးသကာလ ထင်းတုံးကြီးလို တောင့်ခိုင်ပြီး သွားတတ်တယ်တဲ့။ အဋ္ဌကထာက။

ပတ္ထဒ္ဓေါ ဘဝတိ ကာယော၊
ဒဋ္ဌော ကဋ္ဌမုခေန ဝါ။
ပထဝီဓာတုပ္ပကောပေန၊
ဟောတိ ကဋ္ဌမုခေဝ သော။

လို့ ဒီလိုမှတ်ချက်ပေးပါတယ်။ အာပေါဓာတ်ပျက်စီးလို့ ရှိယင် ပူတိမုခမြွေ အကိုက်ခံရတဲ့ လူရဲ့ ခန္ဓာကိုယ်ဟာ မိနစ်ပိုင်းအတွင်း၊ နာရီပိုင်းအတွင်းမှာ ပုပ်သိုးပြီး သွေးတွေ၊ ပြည်တွေ၊ ယိုကျလာတတ်တယ်တဲ့။ အဲဒီလို ဥတုဇရုပ်ကလာပ် တွေ့ရင်ဖြင့် သြော်–အာပေါဓာတ်တည်းဟူသော ပူတိမုခမြွေကြီး ကိုက်တာပဲ။ ဖောက်ပြန်ပျက်စီးကိုက်တာပဲလို့ အဲဒီလိုသိတယ်။

တေဇောဓာတ်တည်းဟူသော အဂ္ဂိမုခ မြွေကိုက်ပြီ၊ ဒီခန္ဓာကိုယ် တေဇောဓာတ်ဖောက်ပြန်ပြီဆိုယင် မသေခင်ကတည်းကိုက အမလေး ပူ လိုက်ပါဘိ။ လောင်လိုက်ပါဘိ၊ အဲဒီလို လာတတ်တယ်။ ဒီလိုဆိုပြီး တော့ သေရတယ်။

ဝါယောဓာတ် ဖောက်ပြန်ပျက်စီးပြီးတော့သွားတဲ့ သူကျတော့ လည်းပဲ မသေခင်ကတည်းကိုက ဝါယောဓာတ် ဖောက်ပြန်ပျက်စီးတယ် ဆိုယင် သွက္ခာပါဒဖမ်းတဲ့ လူတွေကြည့်စမ်း၊ အဲဒီ လက်မောင်းကြီးက လည်းပဲ အရိုးဆက်ပြုတ်ပြီးတော့ တစ်လက်မလောက် ဟောဒီ လျှောကျ တယ်။ ထို့အတူပဲ ဟောဒီ တင်ပါးဆုံ၊ တင်ပါးခွက်တွေ တစ်ခါတည်း

http:\\www.dhammadownload.com



လျှော့ကျတယ်။ အဲဒါကြောင့် ဝါယောဓာတ်သည် သတ္တမုခမြွေနဲ့ တူတယ်တဲ့။

သဋ္ဌိန္နော ဘဝတိ ကာယော၊
ဒဋ္ဌော သတ္ထမုခေန ဝါ။
ဝါယော ဓာတုပ္ပကောပေန၊
ဟောတိ သတ္ထမုခေဝ သော။

လို့ အဋ္ဌကထာများက မှတ်ချက်ချထားတဲ့အဓိပ္ပာယ်ကတော့ အခုပြောတဲ့အတိုင်းပါပဲ။ အဲဒါကြောင့် ဒီခန္ဓာကိုယ်မှာ အသက်ရဲ့ ရှည်ရေးဟာ ပထဝီအာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ မဟာဘုတ်ကြီးလေးပါးတို့ရဲ့ ညီညွတ်မှုနဲ့လည်းပဲ ဆက်စပ်နေတယ်တဲ့။ ဘယ်လောက် အသက်ရှည်ဖို့ ခဲယဉ်းသလဲ။ ဒီအကြောင်းတွေ ကူညီရတယ်။

ဟင်း–ဒါတင်ပဲလားလို့ဆိုတော့ ကဗဠီကာရာဟာရလို့ခေါ်တဲ့ သပ္ပါယဖြစ်တဲ့ အစာအာဟာရနဲ့လည်း ဆက်စပ်နေတယ်။ သပ္ပါယဖြစ်တဲ့ အစာအာဟာရကို လုံးဝမစားရဘူးဆိုယင် ခုနစ်ရက်မခံဘူး။ အသက်ဟာ သန္တာန်ပြတ်သွားတယ်။ ဇီဝိတသန္တာန်ပြတ်သွားတယ်။

## အသက်သည် တိုတောင်းလှ၏

ဒါကြောင့် အသက်ရှည်မှု ဇီဝိတသန္တာန်ဆက်မှုအတွက် ကဗဠီကာရာကာရခေါ်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ်အစာအာဟာရများလည်းပဲ အကြောင်းတစ်ပါးဖြစ်ပါတယ်။ ကမ္မဇတေဇောခေါ်သော ဝမ်းမီးပ။ အဲဒီဝမ်းမီးနဲ့လည်း ဆက်စပ်နေတယ်။ ဝမ်းမီးက စားသမျှ အစာအာဟာရကို မချက်လို့ ဝမ်းမီး နုံ့သွားပြီ၊ ဝမ်းမီး ငြိမ်းသွားပြီဆိုယင် ဇီဝိတသန္တာန် မဆက်တော့ဘူး။ သေတာပဲ။ ထို့အတူပဲ စိတ်ဝိညာဏ် ရပ်စဲသွားယင်လည်းပဲ ဒိပြင်ဟာတွေ ဘယ်လောက်ကောင်းကောင်း၊ ဒီခန္ဓာကိုယ်မှာ ဇီဝိတသန္တာန် မဆက်တော့ဘူးတဲ့။ သေသွားတယ်။

http:\\www.dhammadownload.com



ဒါကြောင့် ဒီအသက်ခေါ်တဲ့ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတသန္တာန် ဆက်ပြီးတော့ သွားဖို့ရန်အရေး အင်မတန် ခဲခဲယဉ်းယဉ်း အကြောင်းပေါင်းမြောက်မြားစွာ ကူညီထောက်ပံ့မှုဖြစ်ရပါတကားတဲ့။ ဒါကို=

ကသိရဥ္စ=အကြောင်းပေါင်း မြောက်မြားစွာတို့နှင့် ဆက်စပ်သဖြင့် ငြိုငြင် ပင်ပန်းနွမ်းလည်း လွမ်းလျလှပါပေ၏။ ပရိတ္တဉ္စ=အကြောင်းများစွာ ကူညီမှ ဖြစ်ပေါ်ရပြန်ပါတော့လည်းပဲ ကာလကြာမြင့်ရှည် မတည်နိုင်ဘဲ နည်းလည်းနည်းလှပါပေ၏။

အကြောင်းပေါင်း မြောက်မြားစွာ ဝိုင်းဝန်းထောက်ပံ့ပြုစုလို့ ဒီအသက်ဖြစ်ပြန်တော့လည်းပဲ အသက်ရှည်တာ မဟုတ်ဘူး။ စတု မဟာရာဇ်နတ်ပြည်၊ တာဝတိံသာနတ်ပြည်၊ ယာမာနတ်ပြည်ဆိုတဲ့ အထက်အထက် နတ်ပြည်တွေက နတ်သက်တွေ၊ ဗြဟ္မာသက်တွေနဲ့စာလို့ ရှိရင်လူ့ပြည်က အသက်ဟာ အင်မတန်နည်းတယ်တဲ့။ တကတည်း ဟို မြက်ဖျား၊ သမန်းဖျားမှာ ကျရောက်နေတဲ့ နှင်းပေါက်ကလေးလောက် ရှိတာ။ နတ်သက်၊ ဗြဟ္မာသက်နဲ့စာရင်။ ဒါကိုပဲ အသက်ရှည်မှု အစွဲပြုပြီးတော့ ဇီဝိတမာန်တွေ တက်လိုက်ကြသေး။

တစ်နည်းအားဖြင့် ပြောလို့ရှိယင် လူ့ရဲ့ ဇီဝိတ၊ နတ်ရဲ့ဇီဝိတ၊ ဗြဟ္မာရဲ့ဇီဝိတ၊ ဘယ်ဇီဝိတပဲဖြစ်ဖြစ်တဲ့။ အကြောင်းပေါင်းများစွာ ဘယ်လောက်စုပေါင်းပြီးတော့ ဝိုင်းဝန်းထောက်ပံ့ထားလို့ သန္တာန်အနေနဲ့ ဆက်သော်လည်းပဲ ခဏအနေနဲ့တော့ (ခဏိကအနေနဲ့ဆိုယင်) ခဏတိုင်း ခဏတိုင်း ခဏတိုင်း ခဏတိုင်း ဒီဇီဝိတတွေ ပျက်နေတယ်တဲ့။ ဒါကြောင့် ပရိတ္တဉ္စ=ခဏအားဖြင့် နည်းပါးတိုလည်းတိုတောင်းလှပါပေ၏တဲ့။

တဉ္စ=ထို ဖော်ပြရာပါ အနိမိတ္တ၊ အနညာတ၊ ကသိရ၊ ပရိတ္တ-ဆိုတဲ့ အင်္ဂါလေးချက် ပြည့်နက်တဲ့ အသက်လည်းပဲ။ ဒုက္ခေန=သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခ၊ မှက်၊ ခြင်၊ ယင်၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့၏

http:\\www.dhammadownload.com



အတွေ့အထိကြောင့်ဖြစ်တဲ့ ဒုက္ခနှင့်။ သံယုတံ=အမြဲတစေ ယှဉ်၍နေပါပေ၏။

## အသက်မသေအောင် လုပ်နည်းမရှိ

အကြောင်းပေါင်းများစွာ စုပေါင်းထောက်ပံ့ထားလို့ ဇီဝိတသန္တာန်ကို ဆက်ပေးပြန်ပါတော့လည်းပဲ အဲဒီဆက်တဲ့ဇီဝိတသန္တာန်မှာ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခ ဒုက္ခ၊ ဒုက္ခဆိုတဲ့ ဒုက္ခသဘောတွေ ဝိုင်းဝိုင်းလည်လို့၊ မှက်ကိုက်လို့၊ ခြင်ကိုက်လို့၊ ယင်ကိုက်လို့၊ လေတိုက်လို့၊ နေပူလို့၊ ဒီလိုဖြစ်တဲ့ ဆင်းရဲဒုက္ခတွေနဲ့ ဒီဇီဝိတခေါင်းဆောင်တဲ့ ဒီခန္ဓာတစ်ခုလုံး အမြဲတစေဒုက္ခနဲ့ယှဉ်လျက်နေတာကို ဒကာတဲ့။ စဉ်းစားကြည့်၊ စဉ်းစားကြည့်။ အဲဒီလို စဉ်းစားကြည့်ပြီးတော့ ဒီ ဇီဝိတသန္တာန် မပြတ်ခင် သင်သည် သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ဗြဟ္မစရိယသုံးပါးကို စောစောက ကြိုတင်၍ ပွားများပါလို့၊ ဒီအလိုတော်နဲ့–

အနိမိတ္တံ မနညာတံ၊ မစ္စာနံ ဣဓ ဇီဝိတံ။
ကသိရဉ္စ ပရိတ္တဉ္စ၊ တဉ္စ ဒုက္ခေန သံယုတံ။

ဟောဒီ ပထမဂါထာ ဟောပြီးတဲ့နောက် ဒီဒကာဘက်က စောဒက တက်စရာ ရှိတယ်။ ဘယ်လိုရှိသလဲဆိုတော့ "မြတ်စွာဘုရား၊ တပည့်တော်ရဲ့သားကလေး တပည့်တော်မျက်စိအောက်က အပျောက်မခံဘဲနဲ့ အမျိုးမျိုး အသက်ရှင်ရာရှင်ကြောင်း မွေးကျွေးပါလျက်ကနဲ့ ဒီကြားထဲကနေပြီးတော့ မဖြစ်ကောင်းဖြစ်သွားလို့၊ မဖြစ်သင့်ဘဲနဲ့ ဖြစ်သွားလို့ တပည့်တော် စိုးရိမ်ပူဆွေး ငိုကြွေးတာပါဘုရား"လို့ သင်က လျှောက်ဦးမလားတဲ့။ အဲဒီ လျှောက်တဲ့။ လျှောက်ချင်တဲ့၊ စောဒက တက်ချင်တဲ့ ဒကာရဲ့ စိတ်အကြံကို သိပြီးတော့–

န ဟိ သော ဥပက္ကမော အတ္ထိ၊
ယေန ဇာတာ န မိယျရေ။

http:\\www.dhammadownload.com



ဇရမ္ပိ ပတွာ မရဏံ၊
ဝေမ္ပာ ဟိ ပါဏိနော။

ဥပါသက=ရတနာသုံးရပ် ဆည်းကပ်ဘိသူ ဒါယကာ။ ယေန ဥပက္ကမေန=အကြင်လုံ့လကြိုးကုတ်အားထုတ်ခြင်းဖြင့်။ ဇာတာ=ဖြစ်တိုင်းဖြစ်တိုင်းသော သတ္တဝါတို့သည်။ န မိယျရေ=စုတိပြတ်ကြွေမသေလွန်ကြကုန်။ သော ဥပက္ကမော=ထို သတ္တဝါတွေ မသေကြောင်း လုံ့လကောင်းသည်။ န ဟိ အတ္ထိ=မရှိဧကန် မှန်လှပေ၏။

သင်က အဲဒီလိုများ ဓောဒက တက်ဦးမလားတဲ့။ ဤနည်းဖြင့် အသက်ရှည်အောင်လုပ်မယ်ဆိုပေမယ့် ဟိုနည်းနဲ့ အသက်က ဆုံးရှုံးတယ်တဲ့။ သတ္တဝါတွေမသေအောင်ဆိုတဲ့ ဥပက္ကမမျိုး လောကမှာ တစိုးတစိမရှိဘူး။ ဒါ့ကြောင့်ပဲ တပည့်တော်အမျိုးမျိုး စောင့်ရှောက်ပါလျက်က စောင့်ရှောက်တဲ့ကြားက ပျက်စီးသွားလို့ တပည့်တော် သောကပရိဒေဝ မဖြစ်ချင်ဘဲနဲ့ ဖြစ်ရတာပါလို့ အဲဒီလိုလည်း ဆင်ခြေမပေးနဲ့။

ဒီတော့ ဒီဒကာရဲ့ စိတ်ထဲ စဉ်းစားတယ်။ ဟင်–သေရင်လည်း သေဦးတော့။ အသက်အရွယ်ကြီးမှ သေချိန်ကျလို့ သေလို့ရှိယင် တပည့်တော် သောကပရိဒေဝမီး မတောက်ပါဘူး။ အခုတော့ ငယ်ငယ် မအိုခင် သေသွားလို့ သောကပရိဒေဝမီး တောက်တာပဲလို့ အဲဒီလိုများ ဆင်ခြေပေးဦးမလား။ ဒီဆင်ခြေအခွင့်မရအောင် တရားသဘောနဲ့ မြတ်စွာဘုရား ပယ်ဖျောက်တော်မူလိုတဲ့အတွက်–

ဇရမ္ပိ ပတွာ မရဏံ၊ ဝေမ္ပာ ဟိ ပါဏိနော။

ဇရံ=ဆွေးမြည့်ယိုယွင်း အိုမင်းခြင်းသို့။ ပတွာပိ=ရောက်၍လည်းကောင်း၊ အပတွာပိ=မရောက်မူ၍လည်းကောင်း။ မရဏံ=စုတိပြတ်ကြွေသေလွန်ရခြင်းသည် ဟောတိ=ဖြစ်၏။ ဟိ=မှန်၏။ ပါဏိနော= လူနတ် ဗြဟ္မာ သတ္တဝါဟူသမျှတို့သည်။ ဝေမ္ပာ=ဤသို့ ဇရာသို့ ရောက်

http:\\www.dhammadownload.com



၍လည်း သေ၊ မရောက်၍လည်းသေ ဤသို့ သဘောရှိကြပေကုန်၏။

ဒီလို တရားဒေသနာနဲ့ ဟိုက ဆင်ခြေတက်စရာမရှိအောင် "ဒကာ(တဲ့)၊ လူတိုင်းလူတိုင်းဟာ ဇရာသို့ ရောက်၍လည်း သေတတ်တယ်။ ဇရာသို့ မရောက်မူ၍လည်းပဲ သေတတ်တယ်။ ဒါ သတ္တဝါတွေရဲ့ ဓမ္မတာ။ ဓမ္မတာကို ဘုရားတောင် မကာကွယ်နိုင်ဘူး။ (ဟုတ်တယ်နော်။) မြတ်စွာဘုရား အနန္တတန်ခိုးရှင် ဖြစ်တော်မူလင့်ကစား အိုချိန်ကျတော့ သက်တော်ရှစ်ဆယ်ဆိုယင် ဒါအိုလာတာပဲ။ စောစောစီးစီးက ကြည့် လိုက်တယ်ဆိုရင် သုံးဆယ့်နှစ်ရပ်သော မဟာပုရိသ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော အနုဗျဉ္ဇန လက္ခဏာတော်ငယ်တွေနဲ့ ရွှေတောင်ကြီးအလား အင်မတန်တင့်တယ်တဲ့ ရူပကာယ အသရေတော်တွေဟာ သက် တော်ရှစ်ဆယ် ရှိတယ်ဆိုယင် လျော့မှန်းမသိ လျော့ကုန်ပြီ။ အနားနား ကပ်ကြည့်တဲ့အခါကျတော့ အရေတော်ကလေးများ တွန့်လာတယ်။ ဘုရားကိုတောင် မညှာဘူး။

တစ်ချိန်က မြတ်စွာဘုရားဟာ ဇရာရဲ့သဘောပေါ်အောင် ဒီနေဆာလှုံတဲ့အနေနဲ့ သက်န်းတော်ချပြီးတော့ မြတ်စွာဘုရားနေတယ်။ အပြုအစုဖြစ်တဲ့ ရှင်အာနန္ဒာက ဘုရားရဲ့အနီးက ကပ်ပြီးတော့ ကျောပြင်တော် ကြည့်တဲ့အခါ တွန့်နေတာ တွေ့တယ်။ ဇရာရဲ့ ဒဏ်ချက် တွေ့တော့ ဓမ္မသံဝေဂရပြီး ဇရာ(ကို)ကြိမ်းမောင်းသော အနေနဲ့-

ဓိ တံ ဇမ္မိ ဇရေ အတ္ထု၊
ဒုဗ္ဗဏ္ဏကရဏီ ဇရေ။
တာဝ မနောရမံ ဗိမ္ဗံ၊
ဇရာယ အဘိမဒ္ဒိတံ။

(သံ၊ ၃။ ၁၉၀)

တာဝ မနောရမံ=သို့စဉ်ကလောက် စိတ်နှလုံး(ကို) ရွှင်ပြုံးမွေ့

http:\\www.dhammadownload.com



လျော်စေနိုင်သော။ ဗိမ္ဗံ=မြတ်စွာဘုရား၏ ရွှေကိုယ်တော်မြတ်ကို။ ဇရာယ=နှင့်ဇရာသည်။ အဘိမဒ္ဒိတံ=ကြိတ်ခြေနှိပ်စက် ဖျက်ဆီးအပ်ခဲ့လေပြီ။ ဓမ္မိဇရေ=ယုတ်မာလှစွာ ဟယ်-ဇရာတရား၊ တံ=နင့်ဇရာ၏။ မိ=စက်ဆုပ်ရွံရှာဖွယ်သည်။ အတ္ထု=ဖြစ်စွတကား။ ဒုဗ္ဗဏ္ဏကရဏီ= ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် နှိပ်စက်တတ်ပေသော။ ဇရေ=အယုတ်တမာ ဟဲ့ဇရာ။ တံ= နင့်ဇရာ၏။ ဓိ=စက်ဆုပ်ရွံရှာဖွယ်သည်။ အတ္ထု=ဖြစ်စွတကား။ ဒုဗ္ဗဏ္ဏကရဏီ=ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် နှိပ်စက်တတ်ပေသော။ ဇရေ= အယုတ်တမာ ဟဲ့-ဇရာ။ တံ=နင့်ဇရာ၏။ ဓိ=စက်ဆုပ်ရွံရှာဖွယ်သည်။ အတ္ထု=ဖြစ်စွတကား-လို့။

ဓမ္မသံဝေဂရပြီးတော့ ရှင်အာနန္ဒာတောင် ဇရာကို ဤကဲ့သို့ ကြိမ်းမောင်းတဲ့ ဂါထာ ရွတ်ရတယ်။

ဒီတော့ မြတ်စွာဘုရားက သတ္တဝါတိုင်း၊ သတ္တဝါတိုင်းဟာတဲ့၊ ဓမ္မတာကို မလွန်မြောက်နိုင်ဘူး။ အိုချိန်ကျရင် အိုခြင်းဓမ္မတာ၊ သေချိန်ကျ သေခြင်းဓမ္မတာ မလွန်မြောက်နိုင်သလို ဇရာသို့ရောက်၍လည်း သေတတ်တယ်။ ဇရာသို့ မရောက်မူ၍လည်း သေတတ်တယ်။ အဲဒီလို သေတာဟာ သတ္တဝါတို့ရဲ့ ဓမ္မတာပဲ။ ဘုရားတောင် မကာကွယ်နိုင်ဘူးတဲ့။

## သစ်ပင်ကြီး၏ သြဇာဓာတ်နှင့် ခန္ဓာကိုယ် နှိုင်းယှဉ်ချက်

ဖလာနမိဝ ပက္ကာနံ၊
ပါတော ပတနတော ဘယံ။
ဧဝံ ဇာတာန မစ္စာနံ။
နိစ္စံ မရဏတော ဘယံ။

ဥပါသက=ရတနာသုံးရပ် ဆည်းကပ်သူ အို ဒါယကာ။ (ဥပမာအားဖြင့် ပြောရလို့ ရှိယင်) ပက္ကာနံ=ရင့်ကုန် မှည့်ကုန်သော။ ဖလာနံ=သစ်သီးတို့၏။ ပါတော=နံနက်တိုင်း၊ နံနက်တိုင်း၌။ ပတနတော=အညာ

http:\\www.dhammadownload.com



မှ ကြွေကျရခြင်းကြောင့်။ ဘယံ=ကြောက်လန့်ဖွယ်သည်။ ဟောတိက္လာဝ= ဖြစ်သကဲ့သို့။ ဧဝံ=ဤအတူ။ ဇာတာနံ=ဖြစ်တိုင်းဖြစ်တိုင်း ကုန်သော။ မစ္စာနံ=သတ္တဝါတို့၏။ နိစ္စံ=အမြဲ။ မရဏတော=ခဏိကမရဏ၊ သမ္မုတိ မရဏာနှစ်ပါးဖြင့် တဖွားဖွားသေလျက် ရှိရခြင်းကြောင့်။ ဘယံ=ကြောက် လန့်ဖွယ်သည်။ ဟောတိ=ဧကန်စစ်စစ် ဖြစ်ဓွတကား။

အဲဒီလိုများ သံဝေဂနှင့် စဉ်းစားကြည့်စမ်း။ သစ်ပင်ရဲ့သဘော မှာ–တဲ့။ နေ အရှေ့က တက်တယ်ဆိုယင် နေအရှိန်ကြောက်လိုက်ယင် သစ်ပင်မှာ ရှိတဲ့အပေါ် မြေအရသာ၊ ရေအရသာ ဆိုတဲ့ပထဝီရဲ့ ဩဇာ ဓာတ်တွေ၊ အာပေါရဲ့ ဩဇာဓာတ်တွေဟာ အရွက်ကနေပြီးတော့အကိုင်း လျှောကျတယ်။

အကိုင်းကနေပြီးတော့ ပင်စည်ကို လျှောကျတယ်။ ပင်စည်က နေပြီး အမြစ်ကို လျှောသွားတယ်။

အမြစ်ကနေပြီးတော့ မြေကြီးထဲ ပြန်ဝင်သွားတယ်။ ဒါနေတက် တဲ့အချိန်က နေဝင်တဲ့အချိန်ထိအောင် တစ်ခါ နေဝင်တဲ့အချိန်ကစပြီး တော့–

မြေကြီးထဲမှာရှိတဲ့ ပထဝီရသ၊ အာပေါရသဆိုတဲ့ မြေရဲ့ အဆီ ဩဇာ၊ ရေရဲ့အဆီဩဇာ ရသာဓာတ်ရည်က သစ်ပင်ရဲ့အမြစ်ထဲ ဝင်ပြန် တယ်။

အမြစ်ကမှ တစ်ဆင့် ပင်စည်။
ပင်စည်မှ တစ်ဆင့် အကိုင်း။
အကိုင်းမှတစ်ဆင့်အရွက်။

အရွက်မှတစ်ဆင့် အညှာ၊ အပွင့်၊ အသီး၊ ဒီလိုမြေဩဇာ၊ ရေ ဩဇာဟာ ညမှာတက်၊ နေ့မှာလျှော၊ ညမှာတက်၊ နေ့မှာလျှော၊ ဒီလိုနေ တယ်–တဲ့။

http:\\www.dhammadownload.com



အဲဒီလိုနေရာက သစ်သီးများ အချိန်ကြာ ရင့်ရော်လာပြီဆိုယင် ဒီလိုတက်လာတဲ့ မြေသြဇာ၊ ရေသြဇာတွေဟာ ညအခါ ပြန်ပြီးတော့ တက်လာသော်လည်းပဲ မြေကနေပြီး အမြစ်တော့ ရောက်တယ်။ အမြစ်က ပင်စည်ကို ရောက်တယ်။ ပင်စည်ကနေပြီး အကိုင်းအခက်၊ အကိုင်းအခက် က နေပြီး အရွက်သာ သွားတော့တယ်။ အညှာမသွားတော့ဘူး။ အညှာ မသွားတော့ဘူး။ မြေသြဇာ၊ ရေသြဇာ သစ်သီးက ရင့်လာယင် အဲဒီ ပထဝီ ရသာ၊ အာပေါရသာဟာ အညှာကို မကူးတော့ဘူး။

မကူးတော့ တစ်ရက်မကူး၊ တစ်ရက်မကူး၊ တစ်ရက်မကူး တော်တော်ကြာတော့ နေက ကြောက်ကြောက်ပေးတော့ အညှာလေးဟာ ခြောက်ရော်ပြီးတော့ မနက်တိုင်းမနက်တိုင်း မှည့်တဲ့သစ်သီးတွေဟာ တဖြုန်းဖြုန်း ကြွေကျမနေဘူးလားတဲ့။ အဲဒီလို ကြွေကျနေတဲ့အတွက် ကြောက်ဖွယ်မဟီး သစ်သီးဘက်ကကြည့်ရင် ဘေးရှိသလို ဖြစ်တိုင်းဖြစ် တိုင်းသော သတ္တဝါတို့မှာ ခဏိကမရဏ၊ သမ္မုတိမရဏအနေနဲ့ခဏတိုင်း ခဏသေကြေပျက်စီးနေရတဲ့အတွက် ကြောက်ဖွယ်မဟီး ဘေးကြီးပါ တကားလို့ အဲဒီလိုများ ရှုတဲ့။

## ကွဲရိုန်ကျရင် အိုးတွေ ကွဲသလို

ယထာပိ ကုမ္ဘကာရဿ၊
ကတာ၊ မတ္တိကဘာဇနာ။
သဗ္ဗေ ဘေဒနပရိယန္တာ၊
ဧဝံ မစ္စာန ဇီဝိတံ။

ကုမ္ဘကာရဿ=အိုးထိန်းသည်သည်။ ကတာ=ပြုလုပ်အပ်သမျှ ကုန်သော။ သဗ္ဗေ=ခပ်သိမ်းကုန်သော။ မတ္တိကဘာဇနံ=မြေညက်အိုးတို့ သည်။ ဘေဒနပရိယန္တာ=ကွဲပျက်ခြင်းလျှင် အဆုံးရှိကြကုန်သည်။ ဟောတ္တိ ယထာ=ဖြစ်ကုန်သကဲ့သို့။ ဧဝံတထာ=ထို့အတူ။ မစ္စာနံ=သတ္တဝါတို့၏။

http:\\www.dhammadownload.com



ဓိဝိတံ–ဇီဝိတမ္ပိ=ဇီဝထိန်းချုပ် နာမ်ရုပ်နှစ်ပါးလည်းပဲ။ ဘေဒနပရိယန္တာ= စုတိပြတ်ကြွေ သေလွန်ပျက်စီးရခြင်းလျှင် အဆုံးရှိပေ၏လို့ အဲဒီလို မှတ်ထားပါ။

အိုးထိန်းသည်လုပ်သမျှ အိုးတွေ အချိန်ကျတော့ ကွဲကုန်တာလို ခပ်သိမ်းသော သတ္တဝါတွေကို ကံတည်းဟူသော အိုးထိန်းသည်က လုပ်ပေးလိုက်တဲ့သတ္တဝါရဲ့ ခန္ဓာတည်းဟူသော အိုးတွေက ကွဲချိန်ကျ ကွဲသလို သေချိန်ကျ သေကြတာပဲလို့ အဲဒီလိုလည်း စိတ်ထဲစွဲမြဲမှတ်ထား–တဲ့။ ကွဲချိန်ကျ အိုးတွေကွဲသလို သေချိန်ကျ သတ္တဝါတွေ သေရကား–

ဒဟရာ စ မဟန္တာ စ၊
ယေ ဗာလာ ယေ စ ပဏ္ဍိတာ။
သဗ္ဗေ မစ္စုဝသံ ယန္တိ၊
သဗ္ဗေ မစ္စုပရာယဏာ။

ဒဟရာ စ=အသက်အရွယ်ငယ်သော သူတို့သည်လည်းကောင်း၊ မဟန္တာ စ = အသက်ကြီးသော သူတို့သည်လည်းကောင်း။ ဗာလာ= မသိမလိမ္မာကုန်သော။ ယေ စ= အကြင်သူတို့သည်လည်းကောင်း၊ ပဏ္ဍိတာ=ပညာရှိကုန်သော။ ယေ စ=အကြင်သူတို့သည်လည်းကောင်း၊ သဗ္ဗေ=ကြီးငယ်မဟူ ဉာဏ်ရှိမရှိမဟူ ခပ်သိမ်းသော သူတို့သည်။ မစ္စုဝသံ= သေခြင်းတရားရဲ့ အလိုနိုင်ငံသို့။ ယန္တိ=လိုက်ပါကြရကုန်၏။ သဗ္ဗေ=ခပ်သိမ်းဥဿုံ အလုံးစုံသော သူတို့သည်။ မစ္စုပရာယဏာ– သေခြင်းတရားလျှင် နောက်ဆုံးလဲလျောင်းရာ ရှိကုန်စွတကား–လို့။

အဲဒီလိုလည်း သင့်စိတ်ထဲမှာ သံဝေဂယူထားစမ်းပါ။ မရဏာ သတိ ယူထားစမ်းပါ။ ရှေ့ဆက်ပြီးတော့–

တေသံ မစ္စုပရေတာနံ၊
ဂစ္ဆတံ ပရလောကတော။

http:\\www.dhammadownload.com



န ပိတာ တာယတေ ပုတ္တံ၊
ဉာတီ ဝါ ပန ဉာတကေ။

ဂဟပတိ=အို ဒါယကာ။ မစ္စုပရေတာနံ=သေခြင်းတရား အနှိပ်စက် ခံရကုန်သော (ဝါ) အနှိပ်စက်ခံရသောကြောင့်။ ပရလောကတော= တမလွန် လောကသို့။ ဂစ္ဆတံ=သွားရောက်ကြရကုန်သော။ တေသံ= ထိုသေတိုင်းသေတိုင်းသော ပုဂ္ဂိုလ်တို့အတွက်။ ပိတာ=ဖမိနှစ်ပါးက။ ပုတ္တံ= သားသမီးကို။န တာယတေ=ဘယ်လိုနည်းနဲ့မှ မစောင့်ရှောက်နိုင်။

စောင့်ရှောက်နိုင်ရဲ့လားတဲ့။ တမလွန်လောက သွားတော့မယ်လို့ ဆိုလို့ရှိယင် မိဘနှစ်ပါးက ငါ့သားငါ့သမီးကို မသေအောင် ဆွဲထားမယ်လို့ ဘယ်လိုများ တားနိုင်တုံး မတားနိုင်ပါဘူး။ မစောင့်ရှောက်နိုင်ပါဘူး။ အာ-မိဘနှစ်ပါးကသာ မတားနိုင်သလားလို့ ဆိုတော့ မိဘနှစ်ပါးတည်း အားနည်းလို့ မတားနိုင်တာမဟုတ်ဘူး။

ဉာတီဝါ=ဆွေမျိုးတစ်စုတို့ကလည်းပဲ၊ ဉာတကေ=ဘဝတမလွန် စွန့်လွှတ်သွားကြမယ့် ဆွေမျိုးတို့ကို။ န တာယန္တေ=ဘယ်လိုနည်းနဲ့မှ မစောင့်ရှောက်နိုင်ကြကုန်။

ဒါ-ဓမ္မတာပဲတဲ့။

## အသတ်ခံရမည့် နွားပမာ

ပေက္ခတံယေဝ ဉာတီနံ
ပဿ လာလပတံ ပုထု။
ဧကမေကောဝ မစ္စာနံ၊
ဂေါဝဇ္ဈော ဝိယ နီယတိ။

ဂဟပတိ=အို ဒါယကာ။ (မရဏာဿတိ သံဝေဂနှလုံး ကျင့်သုံး လိုက်စမ်းပါတဲ့)။ ဉာတီနံ=ဆွေမျိုးအပေါင်းတို့က။ ပေက္ခတံ ယေဝ=

http:\\www.dhammadownload.com



ကြည့်ရှုနေကြစဉ်ပင်။ (အင်း–အခုဖြင့် ပြန်ပြီး သက်သာနိုးနိုး၊ ဟုတ်လား၊ ဆရာရောက်လာယင်၊ ဆေးတစ်ခွက်တိုက်လိုက်ယင် သက်သာကောင်းပါရဲ့။ ဆရာတိုက်ထားတဲ့ ဆေးလေးအကွက်လည်ယင် ပြန်ပြီးတော့ အသက်ကလေး ရှင်လာကောင်းပါရဲ့လို့၊ အားလုံး ဝိုင်းအုံကြည့်နေတုန်းမှာပဲ–တဲ့။) ပုထူ=အထွေထွေ အပြားပြား။ လာလပတံ=အမေအဖေစသည်ဖြင့် နှုတ်ကတတွတ်တွတ် ပြောဆိုကြကုန်သော။ မစ္စာနံ=သတ္တဝါတို့အနက်။ ဧကမေကော၀=တစ်ယောက်စီ၊ တစ်ယောက်စီကိုပင်လျှင်၊ ဂေါ၀ဇ္ဈော ဝိယ=အသတ်ခံရမယ့်နွားကဲ့သို့။ မစ္စုနာ=သေခြင်းတရားသည်။ နီယတိ= ဆွဲဆောင်၍ သွားအပ်ပါပေ၏။

ကြည့်စမ်းပါတဲ့။ နွားသတ်ရုံပို့မယ့်နွား မှန်းပြီးတော့ ကြည့်စမ်း၊ နွားသတ်ရုံပို့မယ့်နွားဟာ တစ်လှမ်းလှမ်းလိုက်လို့ရှိယင် သေဖို့ရန် တစ်လှမ်း နီးတာပဲတဲ့။ ထို့အတူပဲ လူဆိုတဲ့ သတ္တဝါတွေလည်းပဲ တစ်ရက်လွန်သွားတာဟာ သေဖို့ရန် တစ်လှမ်းနီးသွားတာပဲ။ တစ်လလွန်သွားတာဟာ သေ ဖို့ရန်အတွက် တစ်လနီးသွားပြီ။ တစ်နှစ်ရှိသွားယင် သေဖို့ရန်အတွက် တစ်နှစ်နီးသွားပြီ။ သေမယ့်ဘက်ကို တစ်နှစ်နီးသွားပြီ။

ဧဝမဗ္ဘာဟတော လောကော၊

မစ္စုနာ စ ဇရာယ စ။

ဧဝံ=ဤသို့။ လောကော=သတ္တဝါအပေါင်းကို။ မစ္စုနာ စ= သေခြင်းတရားသည်လည်းကောင်း။ ဇရာယ စ=အိုခြင်းတရားသည်လည်း ကောင်း။

သေခြင်းဆိုတဲ့တရားက အသတ်ခံရမယ့် နွားကိုကဲ့သို့ ဆွဲးမြည့်ယိုယွင်း အိုမင်းရခြင်းဆိုတဲ့ ဇရာတရားကလည်းကောင်း။

အဗ္ဘာဟတော=နေ့ရှိသမျှ အမြဲတစေ အနှိပ်စက်ခံ၍ နေရပါပေ၏။ ဣတိ=ဤသို့။ ယသ္မာ=အကြင်ကြောင့်။ ပဇာနန္တိ=ယထာဘူတ

http:\\www.dhammadownload.com



သဘာဝအား အမှန်အတိုင်း အပြားအားဖြင့် သိမြင်တော်မူကြပါပေကုန်၏။

တသ္မာ ဓီရာ န သောစန္တိ၊

ဝိဒိတွာ လောကပရိယာယံ။

တသ္မာ=ထို့ကြောင့်။ ဓီရာ=ပညာရှိတို့သည်။ လောကပရိယာယံ=လောကအကြောင်းကို။ ဝိဒိတွာ=သိ၍။ န သောစန္တိ=မစိုးရိမ်ကြကုန်။

အဲဒီလို သေခြင်းဆိုတဲ့တရားက နေ့ရှိသမျှ နိပ်စက်နေတာ၊ သေခြင်းဆိုတဲ့တရားဟာ နေ့ရှိသမျှ နိပ်စက်နေတာဟာ လောကရဲ့ ပရိယာယ်ပဲ။ လောကမှာ ဖြစ်မြဲဓမ္မတာပဲလို့ သိတဲ့ ပညာရှိဟာ မစိုးရိမ် မပူဆွေး မငိုကြွေးဘူးတဲ့။

## ငိုလို့ အကျိုး ရှိမယ်ဆိုရင် ငိုပါ

ယဿ မဂ္ဂံ န ဇာနာတိ၊

အာဂတဿ ဂတဿ ဝါ။

ဥဘော အန္တေ အသမ္ပဿံ၊

နိရတ္ထံ ပရိဒေဝသိ။ ။

အာဂတဿ ဝါ=ဤဘဝသို့ လာသည်လည်းဖြစ်သော။ ဂတဿ ဝါ=တမလွန်လောက ဘဝတစ်ပါးသို့ သွားသည်လည်း ဖြစ်သော။ ယဿ=အကြင်သူ၏။ မဂ္ဂံ=ခရီးလမ်းကို။ န ဇာနာတိ=မသိ။ တဿ=ထိုသူ၏။ ဥဘောအန္တေ=ဤဘဝသို့ လာရာ တမလွန်လောက ဘဝတစ်ပါးသို့ သွားရာခရီးလမ်းကို။ အသမ္ပဿံ=ကောင်းစွာ မမြင်ရပါဘဲလျက်။ နိရတ္ထံ=အကျိုးမဲ့။ ပရိဒေဝသိ=ငိုကြွေးဘိ၏။

လောကမှာ ကြည့်ကြည့်စမ်း၊ ဒီဘဝကို ရောက်လာသူဟာ ဘယ်ဘဝကနေ ဖြစ်လာသလဲ၊ သေတော့ကော ဘယ်ဘဝရောက်သွားသလဲ။ အဲဒီ လာရာ သွားရာခရီးကို ဘယ်သူသိတုံး၊ မသိဘူး။ မမြင်လဲ

http:\\www.dhammadownload.com



မမြင်ဘူး။ ထင်လဲ မထင်ဘူး။ အဲဒီလို မသိရဘဲ မမြင်ရဘဲ ငိုကြွေး ပူဆွေးရတာ အကျိုးရှိရဲ့လား။ အကျိုးမရှိဘူး။

ပရိဒေဝယမာနော စေ၊
ကိဉ္စိဒတ္ထံ ဥဒဗ္ဗဟေ။
သမ္မူဠော ဟိံသမတ္တာနံ၊
ကယိရာ စေ နံ ဝိစက္ခဏော။

ပရိဒေဝယမာနော=ငိုကြွေးသည်ဖြစ်၍၊ ကိဉ္စိဒတ္ထံ=အကျိုး တစ်စုံတစ်ရာကို။ စေ ဥဒဗ္ဗဟေ=အကယ်၍ ဆောင်နိုင်ခဲ့ပါမူ။ သမ္မူဠော =တွေဝေသည်ဖြစ်၍။ အတ္တာနံ=မိမိကိုယ်ကို။ ဟိံသံ-ဟိံသန္တော=ညှဉ်းဆဲ လျက်။ ဝိစက္ခဏော=ပညာရှိသည်။ နံ=ထိုငိုကြွေးမှုစသည်ကို။ စေ ကယိရာ=အကယ်၍ ပြုရာ၏။

သေသူကို အကြောင်းပြု၍ ငိုလိုက်လို့ အကျိုးတစ်စုံတစ်ရာရမယ် ဆိုယင် မိမိကိုယ်ကို ညှဉ်းဆဲပြီး မူးမေ့လဲကျအောင် ငိုလိုက်စမ်းပါ။ ပညာ ရှိပုဂ္ဂိုလ်ဟာလည်း ငိုကောင်းငိုမှာပဲတဲ့။ ခုတော့ ငိုလို့ အကျိုးတစ်စုံတစ်ရာ ဘာရတုံး။ ကိုယ်ပင်ပန်းရုံပဲ မဟုတ်လား။

## ငိုကြွေးပူဆွေးခြင်းသည် ပင်ပန်းကြိုလိုသွားရုံသာ

န ဟိရုဏ္ဏေန သောကေန၊
သန္တိံ ပပ္പောတိ စေတသော။
ဘိယျဿုပ္ပဇ္ဇတေ ဒုက္ခံ၊
သရီရံ ဥပဟညတိ။

ဟိ=မှန်၏။ (ဝါ)ယခုမှာတော့။ ရုဏ္ဏေန=ငိုကြွေးမြည်တမ်းခြင်း ဖြင့်လည်းကောင်း။ သောကေန=စိုးရိမ်ပူဆွေးခြင်းဖြင့်လည်းကောင်း။ စေတသော=စိတ်၏။ သန္တိံ=ငြိမ်းချမ်းခြင်းသို့။ န ပပ္പောတိ=ဘယ်လိုနည်း နဲ့မှ မရောက်နိုင်။

http:\\www.dhammadownload.com



ငိုကြွေးကြည့်စမ်း၊ ငိုလေ စိတ်ပူလေ၊ ဘယ်တော့မှ စိတ်မအေးဘူး။ ပူဆွေးကြည့်စမ်း၊ ပူလေ ဆွေးလေ၊ စိုးရိမ်လေ၊ စိတ်ပူပန်လေ၊ ဘယ်တော့မှ စိတ်၏ ငြိမ်းအေးခြင်းသို့ မရောက်နိုင်ဘူး။ (စိတ်မငြိမ်းတဲ့အပြင်)–

ဘိယျော=ဆတက်ထမ်းပိုးတိုး၍တိုး၍။ အဿ=ထိုသူအား။ ဒုက္ခံ=ဆင်းရဲဒုက္ခသည်။ ဥပ္ပဇ္ဇတေ=ဖြစ်ရပေ၏။ သရီရံ စ=ခန္ဓာကိုယ်သည်လည်း။ ဥပဟညတိ=တစ်နေ့တခြား ပင်ပန်းညှိုးနွမ်း၍သာ သွားရာ၏။

ငိုစမ်း၊ ပူစမ်း၊ ငိုလို့ရှိရင် တစ်စုံတစ်ခု စိတ်မအေးရတဲ့အပြင် တိုးတိုးပြီးတော့ ဆင်းရဲဒုက္ခသာ ရောက်၊ ခန္ဓာကိုယ်လည်း တစ်နေ့တခြား ပင်ပန်းသွားတယ်တဲ့။

ကိသော ဝိဝဏ္ဏော ဘဝတိ၊
ဟိံသမတ္တာန'မတ္တနာ။
န တေန ပေတာ ပါလေန္တိ၊ နိရတ္ထာ ပရိဒေဝနာ။

ဥပါသက=ဒါယကာ။ ကိသော=စိုးရိမ်ပူဆွေးငိုကြွေးတဲ့သူ သည် တစ်နေ့တခြား ကြုံလှီ၍သွားသည်။ ဟောတိ=ဖြစ်၏။ ဝိဝဏ္ဏော= ရုပ်ရည်အဆင်း ပျက်ခြင်းမလှ ပျက်စီး၍သွားရသည်။ ဘဝတိ=ဖြစ်၏။ အတ္တနာ=မိမိကိုယ်တိုင်ပင်။ (သူတကာက မနှိပ်စက်ရဘဲ) အတ္တာနံ=မိမိကိုယ်ကို။ ဟိံသံ=ညှဥ်းဆဲနှိပ်စက်သည် မည်သည်။ ဘဝတိ=ဖြစ်ပေ၏။

ငိုတာ ပူဆွေးတာဟာတဲ့ အကျိုးမရတဲ့အပြင် တစ်နေ့တခြား လှူပိန်သွားတယ်။ တစ်နေ့တခြား ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီးတော့ မိမိကိုယ်ကို သူတကာက မနှိပ်စက်ရဘဲ ကိုယ့်ကိုယ်ကို ပြန်ပြီးတော့ နှိပ်စက်တာ မည်ပါတယ်။

တေန=ထို စိုးရိမ်ပူဆွေး ငိုကြွေးခြင်းဖြင့်။ ဝါ=ငိုကြွေးခြင်းကြောင့်။ ပေတာ=တမလွန်လောက ဟိုဘဝသို့ သွားရောက်ကြတဲ့ သား

http:\\www.dhammadownload.com



သမီး ဆွေမျိုးအပေါင်းတို့သည်။ န ပါလေန္တိ=ဘယ်လိုနည်းနဲ့မျှ စောင့်ရှောက်မခံရ၊ ဘယ်လိုနည်းနဲ့မှ မျှတမှု မရှိကြကုန်။

ဟို တမလွန်လောကရောက်တဲ့ ပုဂ္ဂိုလ်တွေကို အကျိုးရရင် ဝိုင်းပြီး ငိုတာပေါ့တဲ့။ ဒီဘဝကနေပြီးတော့ ငိုနေတဲ့ပုဂ္ဂိုလ်က ငိုတယ်။ ပရိဒေဝမီးတောက်နေတယ်။ သောကမီး တောက်နေတယ်ဆိုယင် ဟိုတမလွန်လောကမှ ဘဝခရီးသွားဖြစ်တဲ့ မိမိရဲ့သားသမီး ဆွေမျိုးဆိုတဲ့ပုဂ္ဂိုလ်တွေက ဘဝခရီးသွားပုဂ္ဂိုလ်ပီပီ ဒီဘဝက မိဟောင်းဖဟောင်း ဆွေဟောင်းမျိုးဟောင်းများဆီက သူတို့ ဘာတောင့်တမတုံး၊ ပြန်ကြည့်စမ်း။

## ကုသိုလ်အမျှခွန်းကို သေသူတို့ မျှော်ကိုးနေကြ

ပကတိခရီးသွားပုဂ္ဂိုလ်ဟာ ခရီးပန်း နွမ်းလို့ရှိရင်ဖြင့် ဝင်လိုက်တဲ့ အိမ်ထဲက ရေကြည်ရေအေးကလေးတစ်ပေါက် သောက်ပါရစေ။ အိမ်ရှင်က ရေကြည်ရေအေးကလေး သောက်ပ၊ တစ်ပေါက်သောက်ပမောင်ရယ်ဆိုပြီးတော့ ပေးယင် ဘယ်လောက်ဝမ်းသာလိုက်မလဲ။ အဲဒီလိုရေကြည်ရေအေးတစ်ပေါက်မပေးဘဲနဲ့ အိမ်ရှင်က ခရီးပန်းလာတဲ့ လူတစ်ယောက်ကို မီးတုတ်မီးစည်းကြီးနဲ့ ယမ်းယမ်းပြီးတော့ အိမ်ပေါက်ဝက ပြနေလို့ရှိယင် ဟို ခရီးသွားယောကျ်ား ခရီးပန်းတဲ့ ယောကျ်ားဟာ တိုး၍တိုး၍ ပန်းတယ်။ နွမ်းတယ်မဟုတ်လားတဲ့။

ထို့အတူပဲ သံသရာခရီးသွားဖြစ်ကြတဲ့ မိမိရဲ့သား၊ မိမိရဲ့သမီး၊ မိမိရဲ့ဆွေမျိုးများက တမလွန်လောက ဟိုဘဝမှာ ခရီးပန်းလို့ မိဟောင်းဖဟောင်း ဆွေမျိုးဟောင်းများထံ ပြန်ပြီးတော့ မျှော်ခေါ်တောင့်တလို့ ရှိယင်ဖြင့် ကုသိုလ်ကောင်းမှုတည်းဟူသော ရေကြည်ရေအေးကလေးတိုက်တာကိုပဲ သူတို့မျှော်ကိုးမယ်။

ဣဒံ ဝေါ ဉာတီနံ ဟောတု၊
သုခိတာ ဟောန္တု ဉာတယော။

http:\\www.dhammadownload.com



နော=ငါတို့၏။ ဣဒံ=ယနေ့ ယခုပြုအပ်တဲ့ ကုသိုလ်ကောင်းမှုသည်။ ဉာတိနံ=တမလွန်လောက ဟိုဘဝသို့ ပြောင်းသွားကြတဲ့ ငါ့သား၊ ငါ့သမီး၊ ငါ့ဆွေ၊ ငါ့မျိုးတို့အတွက်။ ဟောတု=ဖြစ်ပါစေသား။ ဉာတယော=ငါ့သား၊ ငါ့သမီး၊ ငါ့ဆွေ ငါ့မျိုးတို့သည်။ သုခိတာ=ကာယစိတ္တ သုခနှစ်ပါးနဲ့ပြည့်စုံကြကုန်သည်။ ဟောန္တု=ဖြစ်ပါစေကုန်–လို့။

အဲဒီလို အမျှခွန်း ကုသိုလ်ကောင်းမှု ညွှန်းတယ်ဆိုတဲ့ကောင်းမှု ရေကြည်ရေအေးကလေး ဟိုက တောင့်တတာတဲ့။ ဒီက ငိုနေလို့တော့ သောကမီးတုတ်ကြီးတစ်လှဲ့၊ ပရိဒေဝမီးတုတ်ကြီးတစ်လှဲ့၊ မီးတုတ်ကြီး လှဲ့ယမ်းပြယင် မိမိသားပေါ်၊ မိမိသမီးပေါ်၊ မိမိဆွေပေါ် မျိုးပေါ်မှာ ဒီက နေပြီး သနားရာ ရောက်ကဲ့လား။ ချစ်ရာရောက်ကဲ့လား။ မရောက်ဘူး ဆိုတာပေါ့လေ။ ဒါ စဉ်းစားပေတော့တဲ့။ စဉ်းစားပြီးတော့ တကယ်သနားတယ်။ တကယ်ချစ်တယ်ဆိုရင် သောကပရိဒေဝ မီးတုတ်မီးစည်းကြီးများ ယမ်းပြီး မပြပါနဲ့။

ချစ်ယင် ကုသိုလ်ကောင်းမှု ရေအလျှင် ရေကြည်ရေအေးကလေး များ ဘုရားကို ရေတော်တင်လို့၊ ဘုရားပန်းတော် တင်လို့ ရေကြည့် ဧ ၊ အေးတစ်ခွက်လောက်ပေးလိုက်ရင် ဟို–အင်မတန် သက်သာပါတယ်။

သောကမပ္ပဇဟံ ဇန္တု၊
ဘိယျော ဒုက္ခံ နိဂစ္ဆတိ။
အနုတ္ထုနန္တော ကာလကံတံ၊
သောကဿ ဝသ မန္ဝဂူ။

သောကံ=စိုးရိမ်ပူဆွေး ငိုကြွေးခြင်းသဘောတရားကို။ အပ္ပဇဟံ–အပ္ပဇဟန္တော=သူတော်ကောင်းတရားဖြင့် မပယ်ရှားသော။ ဇန္တု=ကံဆိုးမိုးမှောင် သတ္တဝါကောင်သည်။ မိမိသန္တာန် ကျရောက်လာတဲ့ သောကမီး၊ ပရိဒေဝမီးကို သူတော်တရားနဲ့ မပယ်ရှားတဲ့ ပုဂ္ဂိုလ်ဟာဖြင့် ကံဆိုး မိုး

http:\\www.dhammadownload.com



မှောင်နဲ့ သတ္တဝါတစ်ယောက် ဖြစ်နေပြီ၊ ဖြစ်လို့ ရှိယင်ဖြင့်–။

သောကံ=စိုးရိမ်ပူဆွေး ငိုကြွေးခြင်းဆိုတဲ့ တရားကို။ အပ္ပဇဟံ–အပ္ပဇဟန္တော=သူတော်ကောင်းတရားဖြင့် မပယ်ရှားမစွန့်ပယ်သော။ ဇန္တု=ကံဆိုးမိုးမှောင်သတ္တဝါကောင်သည်။ ဘိယျော=ဆ ဆထမ်းပိုး တိုး၍ တိုး၍သာ။ ဒုက္ခံ=ကာယိကဒုက္ခ စေတသိကဒုက္ခနှစ်ပါးသို့။ နိဂစ္ဆတိ=ရောက်ရ၏။ ကာလင်္ကတံ=တမလွန်လောက ဟိုဘဝသို့ ပြောင်းသွားတဲ့ သူကို။ အနုတ္ထုနန္တော=နေ့ရှိသမျှ တွေးကာ ဆွေမျိုးပူပန်နေတဲ့အတွက်။ သောကဿ=သောက၏။ ဝသံ=အလိုနိုင်ငံသို့။ အနွဂူ=အစဉ်တစိုက် လိုက်ပါ၍ နေရကား။ ဒုက္ခံ=ကာယိကဒုက္ခ၊ စေတသိကဒုက္ခနှစ်ပါးကို။ နိဂစ္ဆတိ=တိုး၍ တိုး၍သာ ရောက်ရှိရပေ၏

သောကရဲ့အလို လိုက်ယင်ဖြင့် ကိုယ်ဟာ တိုး၍ တိုး၍သာ ကိုယ်စိတ်နှစ်ပါး မချမ်းသာဖို့ပဲ ရှိတယ်။ ဒါကြောင့် သောကအလို မလိုက်နဲ့။ ဒါဖြင့် တပည့်တော်တို့ ဖြေဖျောက်ဖို့ရန် ဘယ့်နှယ် တရားရှာရဦးမလဲ ဆိုတော့–

အညေပိ ပဿ ဂမိနေ
ယထာကမ္မုပဂေ နရေ။
မစ္စုနော ဝသမာဂမ္မ၊
ဖန္ဒန္တေဝိဓ ပါဏိနော။

တချို့နေရာ ကိုယ်ချင်းစာတရားထားပြီး ပယ်ဖျောက်သလို တချို့နေရာကျတော့လည်း သူချင်းစာတရားထားပြီးတော့ ပယ်ဖျောက်မယ်။

ဥပါသက=ဒါယကာ။ အညေပိ=ဒကာရဲ့သားမှ အခြားလည်း ဖြစ်ကုန်သော။ မစ္စုနော=သေခြင်းတရား၏။ ဝသံ=အလိုနိုင်ငံ အချိန်တန် မှုသို့၊ အာဂမ္မ=ရောက်လာသမှု အစွဲပြု၍၊ ဣဓ=ဤလောကဉ္ဇ။ ဖန္ဒန္တေ=စုတိပြတ်ကြွေ သေခါနီးဝယ် တဖျပ်ဖျပ် တုန်လှုပ်၍နေကြကုန်သော။

http:\\www.dhammadownload.com



ယထာ ကမ္မူပဂေ=ကံအားလျော်စွာ သွားရောက်ကြရကုန်သော။ ပါဏိနော နရေပိ=သတ္တဝါတို့ကိုလည်းပဲ။ ပဿ-ပဿာဟိ=ပညာစက္ခုဖြင့် သင်ဒါယကာ ကြည့်ရှုစမ်းပါ။

## ကိသာဂေါတမီဝတ္ထု အကျဉ်းချုပ်

သူတစ်ဦးတည်းမှ မဟုတ်ဘဲ၊ ကိုယ့်သားတစ်ဦးတည်းမဟုတ်ဘူးတဲ့။ မောင့်သားမှတစ်ပါး အခြားသော ပုဂ္ဂိုလ်များလည်းပဲ သေခြင်းတရားကို မလွန်ဆန်နိုင်တဲ့အတွက် သေချိန်တန်တော့ တဖျပ်ဖျပ်တုန်လှုပ်၊ တလူးလဲလဲနဲ့ ဖြစ်ပြီးတော့ သွားကြရတဲ့သတ္တဝါတွေကိုလည်းပဲ ကြည့်မှပေါ့။ အဲဒီလို ကြည့်လို့ရှိယင်ဖြင့်-

န ဂါမဓမ္မော (နေသ) နိဂမဿ ဓမ္မော၊
န စာပိယံ ဧကကုလဿ ဓမ္မော။
သဗ္ဗဿ လောကဿ သဒေဝကဿ၊
ဧသေဝ ဓမ္မော ယဒိဒံ အနိစ္စတာ။

(အပ၊ ၂။ ၂၄၆)

ဆိုတဲ့ ကိသာဂေါတမီ အမျိုးသမီးကလေး မျက်ရည်သိမ်းတဲ့ ဂါထာအတိုင်းနော်။

ဟို ဘုရားလက်ထက်တုန်းက ကိသာဂေါတမီလို့ အမျိုးသမီးကလေးတစ်ယောက် ပေါ်ပေါက်ဖူးတယ်။ ကုဋေလေးဆယ်ကြွယ်ဝတဲ့ သေဋ္ဌေးတစ်ယောက်မှာ သေဋ္ဌေးရဲ့ ကုသိုလ်ကံအဟုန်ကုန်တော့ ရှိသမျှသော ကုဋေလေးဆယ်သော စိန်တွေ ရွှေတွေ ငွေတွေဟာ အကုန်လုံး မီးသွေးခဲချည်းပဲ ဖြစ်ကုန်တယ်။ ပစ္စည်းတွေက မီးခံသေတ္တာကြီးထဲပေါ့လေ။ ထည့်ထားရင်းက ဖွင့်လိုက်တော့ဟာ စိန်ရော၊ ရွှေရော၊ ငွေရော အကုန်လုံး မီးသွေးခဲတွေ ဖြစ်နေတယ်။ အလွန်စိတ်ဆင်းရဲသွားတယ်။

http:\\www.dhammadownload.com



စိတ်ဆင်းရဲပြီးတော့ ကြံရာမရဖြစ်နေတဲ့အချိန် ဉာဏ်ရှိတဲ့သူငယ်ချင်းတစ်ယောက် သူ့ထံမှောက် ရောက်လာ။ 'ဟ-သူငယ်ချင်း၊ မျက်နှာပျက်လှချည်လား။ ဘာပြုလို့လဲ'ဆိုတော့ 'ဟာ-မပျက်ဘဲ နေပါ့မလား။ ကုဋေလေးဆယ်စလုံး မီးသွေးတုံးချည်းထဲ ဖြစ်ကုန်ပြီ။ ဟောဟိုကြည့်ပေတော့'လို့ ဆိုတော့ အဲဒီလူက စဉ်းစားတတ်တဲ့လူဖြစ်တော့ 'ဟာကွာ-မင်းမပူပါနဲ့၊ မီးသွေးတုံးတွေ ဖြစ်ရုံဖြစ်တာပါကွာတဲ့။ မင်း ဒီသေတ္တာကြီးထဲက ပျောက်သွားတာမှ မဟုတ်ဘဲတဲ့။ ဒီတော့ အစပျောက်အနပျောက်က ဖြစ်တာမဟုတ်တော့ မင်းရဲ့ ကုသိုလ်ကံအဟုန် ကုန်ပြီးတော့ နောက်ကုသိုလ်ရှင်တစ်ယောက် လာမှာမို့လို့ သူ မီးသွေးဘဝပြောင်းနေတာ ဖြစ်ရမယ်ကွာတဲ့။ ဒီတော့ ဘာမှမလုပ်နဲ့ သူငယ်ချင်းတဲ့။ အဲဒီမီးသွေးတွေကို ဇန်းထဲ ထည့်ဟာ၊ ဇန်းထဲထည့်ပြီးတော့ အိမ်တံခါးပေါက်ကနေပြီး လမ်းသွားလမ်းလာလူတွေမြင်လောက်အောင် ပြထားကွာ"

အဲဒီလို ပြထားလို့ လမ်းကလူတွေက 'ဘယ့်နှယ်သေဌေး၊ မီးသွေးတွေ ရောင်းနေသလဲ'ဆိုရင် 'ဟာ ကိုယ့်မှာရှိတဲ့ဥစ္စာ၊ ဆိုင်ခင်း မီးသွေးရှိမီးသွေးခင်းရတာပ'လို့ ပြောလိုက်၊ အဲဒီလိုထားတဲ့ လူထဲက နေပြီး တစ်ယောက်က 'ဘယ့်နှယ် စိန်တွေ ရွှေတွေကို ဘာပြုလို့ ဇန်းထဲ ထည့်ထားရသလဲ'ဆိုရင် အဲဒီလူဟာ ဒီပစ္စည်းနဲ့ဆိုင်တဲ့ ဘုန်းရှင်ကံရှင်ပဲ။ အဲဒီပုဂ္ဂိုလ်ဟာ အမျိုးသမီးဖြစ်ရင် မောင် ချွေးမလုပ်တော့။ အမျိုးသားဖြစ်ယင် သင်သူ့ကို သားမက်ပြုလုပ်တော့။ သားမက်ပြုလုပ်ပြီး သူစီမံပါစေ။ အဲ-သူစီမံတဲ့အတိုင်း မင်းသုံးစွဲတော့။ မင်းတော့ တစ်သက်လုံး မဆင်းရဲဘူး။ မင်းတော့ မစီမံနဲ့တော့။ ဒီ စိန်တွေ ရွှေတွေအပေါ် အဲဒီလို အကြံပေးတော့ ဇန်းထဲထည့်ပြီးတော့ အိမ်ပေါက်ဝက လူမြင်အောင် ထားတယ်။ မဆိုင်တဲ့ လူတွေက "ဟာ-သေဌေးကလည်း မီးသွေးဆိုင်ခင်းထားသကိုး"ဆိုတော့ "ဟ-မီးသွေးရှိ မီးသွေးခင်းရတာပ" ဒါလောက်ပဲ စကားပြန်ပြောလိုက်တယ်။

http:\\www.dhammadownload.com



အဲဒီလိုနဲ့ တစ်နေ့တော့ အမျိုးသမီးကလေးတစ်ယောက်လာတယ်။ နာမည်က 'ဂေါတမီ'။ ခန္ဓာကိုယ်ကြုံလှီတဲ့အတွက် ကိသာဆိုတဲ့ ဂေါတမီပိန်ကလေးပ။ ဟုတ်လား။ ကြုံလှီတာကို ကနေ့ပြောယင်ပေါ့လေ။ ပိန်တယ်ခေါ်တာ။ ဂေါတမီပိန်ကလေး။ အိမ်ရှေ့လျှောက်။

အဲဒီ ကလေးမက မီးသွေးတွေမြင်တော့ 'အဖေတို့၊ ဘယ့်နှယ်စိန်တွေ ရွှေတွေ ငွေတွေကို လူမြင်အောင် ဘာဖြစ်လို့ ဗန်းကြီးထဲ ထည့်ပြီး ခင်းထားရတုံး"လို့ ပြောတယ်။ ဒီတော့မှ ဒီသေဌေးက သိတယ်။ သူပဲ ဘုန်းရှင်။ ဒီကလေးမကိုပဲ ချွေးမပြုတယ်။ သူပဲ စီမံ၍ ဒီသေဌေးအိမ်က ပြန်ပြီးတော့ သေဌေးရဲ့ နဂိုစည်းစိမ်အတိုင်း ချမ်းချမ်းသာသာပဲ နေကြတယ်။

ဒီလိုနေရင်းက သားကလေးတစ်ယောက် ထွန်းကားလာတော့ သားကလေးတစ်ယောက် ဖြစ်ထွန်းတာအကြောင်းပြုပြီးတော့ သေဌေးရဲ့ တစ်အိမ်လုံးဟာ သူ့ကို အမြတ်တနိုး တိုး၍ မြတ်နိုးကြဆို။ ဒီလိုမြတ်နိုးရာက ကလေးက ဖြုန်းခနဲ ပျက်စီးသွားတော့ ဩော် သားကလေးအကြောင်းပြုပြီး ငါ အားလုံးရဲ့ အမြတ်နိုးခံရတယ်။ သားကလေးမရှိယင်တော့ဖြင့် ငါ့ကို မြတ်နိုးမှု ခံရတော့မှာ မဟုတ်တော့ဘူးဆိုပြီးတော့ ဒီသားကလေးအလောင်း ဥတုဇကို မပစ်ဘဲနဲ့ ပွေ့ထားတယ်။ အပုပ်ကလေးပဲ၊ ပုပ်တာပဲ။ ရူးသွားတာပ။

အဲဒီလို ပွေ့ထားပြီးတော့ သာဝတ္ထိပြည်ထဲ ဟိုအိမ်သွား၊ ဒီအိမ်သွား 'ကျွန်မသားကလေး ပြန်ရှင်နိုင်တဲ့ဆေးပေးကြပါ'လို့ ပြောတယ်။ အို–အိမ်တိုင်းအိမ်တိုင်းက နင်ရူးသလား၊ သေတဲ့လူ ပြန်ရှင်တဲ့ဆေး မရှိဘူးနဲ့၊ ငေါက်ကြ၊ အော်ကြ၊ ဟစ်ကြတော့မှ ပညာရှိတဲ့ ဒကာကြီး၊ သူတော်ကောင်းကြီးတစ်ယောက်က "ဩော်–ဒီကလေးမဟာ သားသေတဲ့ ဒုက္ခ သူတွေ့ဖူးရှာမှာ မဟုတ်ဘူး။ မတွေ့ဖူးရှာလို့ သူဒီလိုစိတ်နှလုံး

http:\\www.dhammadownload.com



ကတောက်ကတက် ဖြစ်နေတာပဲ။ ဒီတော့ ငါတော့ နည်းကောင်းလမ်းမှန် ဉပါယ်ကောင်းလေး ပေးဦးမှပဲ”ဆိုပြီး “သမီး နင့်သား ပြန်ရှင်တဲ့ဆေးကို လိုချင်ရင် ဟောဟို ဇေတဝန်ကျောင်းမှာ ဘုရားကိုယ်တော်မြတ်ကြီး ရှိတယ်။ အဲဒီ ဘုရားကိုယ်တော်မြတ်ကြီးဆီ သွားတောင်း”လို့ ပြောတယ်။

မြတ်စွာဘုရားဆီ ဒီသားကလေး ပိုက်ပြီးတော့ သွားတာပဲ။ “ဘုရား တပည့်တော်မသား ပြန်ရှင်ရာ ရှင်ကြောင်းဖြစ်တဲ့ ဆေးကလေးများ ညွှန်ကြားတော်မူပါ၊ ပေးတော်မူပါ”ဆိုတော့ မြတ်စွာဘုရားက မုသားမပါဘဲနဲ့-

“ဂေါတမီ၊ သာဝတ္ထိပြည်ထဲသွားပြီးတော့ လူမသေဖူးတဲ့အိမ်က မုန်ညင်းဆီလေး တစ်ကျပ်သားလောက် ရဖို့တော်တယ်။ ရယင် နင့်သား ပြန်ရှင်မယ်” လို့ ဘုရားက မုသားစိုက်ပြီး ပြောတာမဟုတ်ဘူးနော်။ မုန်ညင်းဆီလေး တစ်ကျပ်သားလောက်ရယင် တော်မှာပဲလို့ အဲဒီလို အမိန့်ရှိလိုက်တော့-

“ဟာ-မသေဆေး ဖော်ဖို့ ဆေးနည်း၊ ဆေးမယ်ပဲ”ဆိုပြီးတော့ သာဝတ္ထိပြည်ထဲ သွားပြီးတော့ ရှင်တို့အိမ် မုန်ညင်းဆီလေး တစ်ကျပ်သားလောက်ပေးပါဆိုတော့ ထုတ်ပေးတယ်။

“နေပါအုံး၊ နေပါအုံး တစ်ခုမေးပါရစေ၊ သင်တို့အိမ်ဟာ လူမသေဖူးတဲ့အိမ်ဟုတ်လား”လို့။

“ဟယ်-အိမ်ရယ်လို့ ရှိယင် လူမသေသေးတဲ့အိမ်ဘယ်မှာရှိမလဲ။ ညည်းရူးသလားနဲ့”ပြောလိုက်တယ်။ နောက်တစ်အိမ် သွားပြန်ရော၊ ဒီအိမ်က ဆီတောင်းပြန်တယ်။ နောက်တစ်အိမ်၊ နှစ်အိမ်၊ သုံးအိမ်လောက် သွားမိတော့ သတိရတယ်။ “သြော်-ငါက ထင်တာ၊ ငါတစ်ယောက်သာ သားသေတဲ့ဒုက္ခနဲ့ တွေ့ရတယ်ထင်တယ်။ လူတိုင်းလူတိုင်း ဒီဒုက္ခနဲ့ပါ တကား”

http:\\www.dhammadownload.com



ဒီမှာ သတိရပြီးတော့ သာဝတ္ထိပြည်ထဲက ထွက်၊ ဥတုဇ ရုပ်ကလာပ်ကလေးကို သုသာန်မှာပစ်ပြီးတော့–

န ဂါမဓမ္မော (နေဝ) နိဂမဿဓမ္မော၊
န စာပိယံ ဧကကုလဿ ဓမ္မော။
သဗ္ဗဿ လောကဿ သဒေဝကဿ၊
ဧသေဝ ဓမ္မော ယဒိဒံ အနိစ္စတာ။

ယဒိဒံ–ယာ အယံ အနိစ္စတာ=ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ တခဏနှင့်ဖြစ်သော မမြဲခြင်းသဘောသည်။ အတ္ထိ=ရှိ၏။ အယံ=ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ တခဏနှင့်ဖြစ်ဆဲ မမြဲတဲ့သဘောသည်။ န ဂါမဓမ္မော=တံတိုင်းမရှိ ဈေးမရှိသဖြင့် သမ္မုတိဝေါဟာ ရွာဟုပညတ် တစ်ခုသောအရပ်ဝယ် သတ်မှတ်ပိုင်းခြား တစ်ကန့်သား၍ ဖြစ်ပွားလေ့လာ မဟုတ်ပါဘူး။ နေဝ နိဂမဿ ဓမ္မော=တံတိုင်းမဆုံ ဈေးသာစုံ၍ နိဂုံးခေါ်မှတ် တစ်ခုသောအရပ်ဝယ် သတ်မှတ်ပိုင်းခြား တစ်ကန့်သား၍ ဖြစ်ပွားလေ့လာ မဟုတ်ပါဘူး။ န စာပိ ဧကကုလဿ ဓမ္မော=တစ်မြို့တစ်ရွာတွင်း တစ်အိမ်တွင်းဝယ် သင်းသီးသန့်ခြားတစ်ကန့်သား၍ ဖြစ်ပွားလေ့လာ မဟုတ်ပါတကား။ သဗ္ဗဿ လောကဿ သဒေဝကဿ=နတ်ဗြဟ္မာနှင့်တကွသော အလုံးစုံသော သတ္တလောကကြီး၏။ ဧသေဝ ဓမ္မော=ဤဖြစ်လျှင် ပျက်မြဲမလွဲတံထွာ ဓမ္မတာကြီးပါတကား လို့။

အဲဒီလို သံဝေဂများရပြီးတော့ သောကမီး ငြိမ်းအေးတယ်။ သောကကျတော့ ကိုယ်ချင်းမစာဘဲနဲ့ သူချင်းစာကြည့်ရတယ်။ အင်း–ငါတစ်ယောက်သာ ဒီဒုက္ခမျိုးတွေ့တာ မဟုတ်ဘူး။ နတ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော သတ္တလောကကြီးတစ်ခုလုံးပဲ ဒီအနိစ္စသဘောကြီး မလွန်နိုင်ပါတကားလို့ အဲဒီလိုကြည့်၍ သောကပရိဒေဝမီး ပယ်ဖျောက်စမ်းပါ။ ဆက်ပြီးတော့ မြတ်စွာဘုရားက တရားဟောတယ်။

http:\\www.dhammadownload.com



## သောကငြောင့်ဆူးကို နုတ်ပယ်ပစ်ရန်

ယေန ယေန ဟိမညန္တိ၊
တတော တံ ဟောတိ အညထာ။
ဧတာဒိသော ဝိနာဘာဝေါ၊
ပဿ လောကဿ ပရိယာယံ။

ဥပါသကာ=ဒါယကာ။ ယေန ယေန=အကြင်အကြင်အခြင်းဖြင့်။ မညန္တိ=အောက်မေ့မှတ်ထင်မျှော်ကိုးကြကုန်၏။ တတော=ထို အောက်မေ့မှတ်ထင် မျှော်ကိုးတဲ့ အခြင်းအရာမှ။ တံ=ထိုရုပ်နာမ်ဓမ္မ သင်္ခါရတရားအစုကသာဖြင့်။ အညထာ=အောက်မေ့မျှော်ကိုးတဲ့ အခြင်းအရာမှတခြားတစ်ပါးသော အခြင်းအရာဖြင့်။ ဟောတိ=ဖြစ်ကြရိုးဓမ္မတာ။

ဒကာ–၊ စိတ်က ဘယ်လိုအောက်မေ့ပေမယ့် ငါ့အသက်ရှည်ရှည်နေမယ်။ စိတ်က အောက်မေ့ပေမယ်လို့ တိုချင်တိုသွားတယ်။ ငါ့နှယ်နော်။ စိတ်ပျက်ပါဘိ။ သေချင်ပါပေါ့ဆိုပေမယ်လို့ ဒီရုပ်နာမ်ဓမ္မသင်္ခါရရဲ့သဘောဟာ ဆင်းရဲဒုက္ခကြီးနဲ့ ဘဝရှည်ချင်လည်း ရှည်နေတယ်တဲ့။

ဧတာဒိသော ဝိနာဘာဝေါ။

ဝိနာဘာဝေါ=ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ကွေကွင်းကင်းကွာရခြင်းသည်။ ဧတာဒိသော=ဤသဘောရှိသည်ဟု မိမိမျှော်ကိုးပါမှတစ်မျိုးသော အခြင်းအရာဖြင့် ဖြစ်လေ့ရှိရာ ဓမ္မတာပဲတဲ့။ လောကဿပရိယာယံ=သတ္တ သင်္ခါရလောကနှစ်ပါးရဲ့ ဖြစ်ပုံသဘောကို။ ပဿ–ပဿာဟိ=ဉာဏ်ပညာစက္ခုဖြင့် ကြည့်ရှုပါလေ။

အပိဝဿသတံ ဇီဝေ၊
ဘိယျော ဝါ ပန မာဏဝေါ။
ဉာတိသံဃာ ဝိနာ ဟောတိ၊
ဇဟာတိ ဇီဝိတံ။

http:\\www.dhammadownload.com



ဥပါသက=ဒါယကာ။ မာဏဝေါ=သတ္တဝါသည်။ ဝဿ သတံ အပိ=အနှစ်တစ်ရာပင်ဖြစ်စေ။ ဘိယျော ဝါပန=တစ်ရာထက် တိုး၍ဖြစ်စေ။ ဇီဝေ-ဇီဝတိ အကယ်၍ အသက်ရှင်စေကာမူ။ ဉာတိသံဃံ= ဆွေမျိုးအပေါင်းကို။ ဝိနာ=ကြဉ်ဖဲ၍။ မရဏကာလေ=စုတိပြတ်ကြွေ သေခါနီးကာလ၌။ ဇီဝိတံ=မိမိရဲ့ ရုပ်နာမ် နှစ်ဝ ဇီဝိတကို။ ဇဟာတိ=စွန့်ပယ်ရရိုးဓမ္မတာဖြစ်ပေ၏။

တသ္မာ အရဟတော သုတွာ၊
ဝိနေယျ ပရိဒေဝိတံ။
ပေတံ ကာလင်္ကတံ ဒိသွာ၊
နေသော လဗ္ဘာ မယာ ဣတိ။

တသ္မာ=သို့ရကား။ ဥပါသကာ=ဒါယကာ။ ပေတံကာလင်္ကတံ =တမလွန်လောက ဟိုဘဝပြောင်းသွားတဲ့ သားသမီး အစရှိတဲ့သူကို။ ဒိသွာ=မျက်ဝါးထင်ထင် တွေ့ကြုံမြင်ရသည်ရှိသော။ ဧသော=ဤသေတဲ့ တရားကို မသေပါနဲ့ဆိုတဲ့ သဘောကို။ မယာ=ငါသည်။ န လဗ္ဘာ=ဘယ်လိုနည်းနဲ့မှ မရကောင်းပါတကား။ ဣတိ=ဤသို့ လောကသဘော နက်နှောစွာ စဉ်းစားပြီးသကာလ။ အရဟတော=မြတ်စွာဘုရား၏ ဝစနံ= တရားစကားကို။ သုတွာ=ကြားနာပြီးတော့။ ပရိဒေဝိတံ=စိုးရိမ်ပူဆွေးငိုကြွေးမှုကို။ ဝိနေယျ=ပယ်ဖျောက်ရာ၏။

စိုးရိမ်မှု၊ ပူဆွေးမှု၊ ငိုကြွေးမှု တရားတွေကို ဩော်-ဒီသေတဲ့ သဘောကို ပြန်ရှင်ပါလို့ ငါဘယ်လိုနည်းနဲ့မှမရနိုင်ဘူး။ ငါသာမဟုတ်ဘူး။ ဘုရား ပစ္စေကဗုဒ္ဓါတွေလည်း မရကောင်းပါကလားလို့ လောကရဲ့ သဘောကို နက်နက်နှောနှော စဉ်းစားပြီးသကာလ စိုးရိမ်မှု၊ ပူဆွေးမှုကို တရားနဲ့ ပယ်ဖျောက်ရမယ်။

http:\\www.dhammadownload.com



## သားသေသော ဒကာ သောကငြိမ်း၍ ကျွတ်တမ်းဝင်ခြင်း

ယထာ သရဏ'မာဒိတ္တံ၊
ဝါရိနာ ပရိနိဗ္ဗယေ။
ဧဝမ္ပိ ဓီရော သပညော၊
ပဏ္ဍိတော ကုသလော နရော။
ခိပ္ပမုပ္ပတိတံ သောကံ၊
ဝါတော တူလံဝ ဓံသယေ။
လောကဥပမာတစ်ခု ပြောကြစို့။

အာဒိတ္တ–ရဲရဲပြောင်ပြောင် တောက်လောင်၍နေသော။ သရဏံ=အိမ်ကို။ ဝါရိနာ=ရေကြည်ရေအေးဖြင့်။ ပရိနိဗ္ဗယေ ယထာ။ ငြိမ်းသတ်သကဲ့သို့။ (အိမ်မီးလောင်နေ၊ ထိုင် ငိုနေလို့ မီးငြိမ်းမလားတဲ့။ မငြိမ်းဘူး။ အိမ်(ကို)မီးလောင်လို့ ရှိရင် ကြိုးကြိုးစားစားနဲ့ ရေကြည်ရေအေးဖြင့် ငြိမ်းပြီးတော့ ပေးရမယ်။ ပေးရသလို) ဧဝမ္ပိ=ဤအတူပင်လျှင်။ ဓီရော=မြဲမြံခိုင်ခံ့တည်တံ့သော သမာဓိရှိသူတစ်ယောက်ဖြစ်၍။ သပညော=ပဋိသန္ဓေ ဉာဏ်ပညာ ပါသူတစ်ယောက် ဖြစ်၍။ ပဏ္ဍိတော= ဗဟုသုတနှင့် ပြည့်စုံသူတစ်ယောက်ဖြစ်၍။ ကုသလော=လိမ္မာသော။ နရော=လူသည်။ သောကံ=မိမိသန္တာန်မှာ ဖြစ်ပေါ်လာတဲ့ သောကကို။ ပရိနိဗ္ဗယေ–ပရိနိဗ္ဗာပယေယျ=ငြိမ်းသတ်ရာ၏။

အိမ်မီးလောင်တဲ့လူဟာ ရေကြည်ရေအေးနဲ့ ငြိမ်းသတ်သလို မိမိသန္တာန်မှာ ရောက်လာတဲ့ သောကတည်းဟူသော မီးတောက်ကြီးကို တရားတည်းဟူသော ရေကြည်ရေအေးနဲ့ ငြိမ်းသတ်ရမယ်။

ဝါတော=လေသည်။ ပတံ=ရွေ့လျောကျသော။ တူလံ=ဝါဂွမ်းကို။ ဓံသေတိယထာ=ဖျက်ဆီးသကဲ့သို့။ သောကံ။ မိမိသန္တာန်မှာရောက်လာတဲ့ စိုးရိမ်ပူဆွေးငိုကြွေးခြင်းသောကတရားကို။ ဓံသယေ–ဓံ

http:\\www.dhammadownload.com



သေယျ=တရားတည်းဟူသော လေမုန်တိုင်းဖြင့် ပယ်ဖျောက်ဖျက်ဆီးပစ်ရမယ်။

လေဟာ ဝါဂွမ်းဆိုင်ကို တိုက်ခတ်၊ အရပ်တစ်ပါးရောက်အောင် လွှင့်ပစ်သလို ပညာရှိပုဂ္ဂိုလ်ဟာ မိမိသန္တာန်မှာ ပေါ်ပေါက်လာတဲ့ သောကကို–

ဥပ္ပတိတံ=မိမိသန္တာန်၌ ဖြစ်သော။ သောကံ=သောကကို။ ခိပ္ပံ=လျင်မြန်စွာ။ ခံသယေ=ခံသေယျ=ပယ်ဖျောက်ရာ၏။

သောကကိုတင်လားလို့ဆိုတော့–

ပရိဒေဝံ ပဇပ္ပဉ္စ၊
ဒေါမနဿဉ္စ အတ္တနော။
အတ္တနော သုခမေသာနော။
အဗ္ဗဟေ သလ္လမတ္တနော။

အတ္တနော=မိမိ၏။ သုခံ=ချမ်းသာသုခကို၊ ဧသာနော=တောင့်တလင့်ဆို အလိုရှိတဲ့သူသည်။ အတ္တနော=မိမိ၏။ သန္တာနေ=သန္တာန်၌။ ဥပ္ပန္နံ=ဖြစ်ပေါ်သော။ ပရိဒေဝဉ္စ=ငိုကြွေးခြင်းကိုလည်းကောင်း၊ ပဇပ္ပဉ္စ=တောင့်တမျှော်ကိုးခြင်းကိုလည်းကောင်း၊ ဒေါမနဿဉ္စ= ဒေါမနဿတရားကိုလည်းကောင်း၊ သလ္လံ=ဖော်ပြရာပါ ပရိဒေဝ ပဇပ္ပ ဒေါမနဿဆိုတဲ့ ခန္ဓာကိုယ်ဝယ် တမျက်မျက် စူးဝင်တတ်တဲ့ ငြောင့်သုံးမျိုးကို။ အဗ္ဗဟေ–အဗ္ဗဟေယျ=တရားဓမ္မတည်းဟူသော လက်နက်ကောင်းဖြင့် ပယ်နုတ်ရာ၏။

ကိုယ့်သန္တာန် ရောက်လာတဲ့ သောကတည်းဟူသော ငြောင့်တံသင်း၊ ပရိဒေဝတည်းဟူသော ငြောင့်တံသင်း၊ တောင့်တမှုဆိုတဲ့ ပဇပ္ပခေါ်သော တဏှာငြောင့်တံသင်း၊ ဒေါမနဿခေါ်တဲ့ စိတ်နှလုံးမသာယာမှု၊ မချမ်းသာမှုခေါ်တဲ့ ဒေါမနဿ ငြောင့်တံသင်းကို တရားတည်းဟူ

http:\\www.dhammadownload.com



သော ညှပ်ကောင်း(မွေးညှပ်ကောင်း)ဖြင့် ခန္ဓာကိုယ်ထဲက နုတ်ပစ်ပါတဲ့။

အဗ္ဗုဠ္ဟသလ္လော* အသိတော၊

သန္တိံပပ္ပုယျ စေတသော။

သဗ္ဗသောကံ အတိက္ကန္တော၊

အသောကော ဟောတိ နိဗ္ဗုတော။

* (အဗ္ဗူဠှသောကော-ဟု ဆရာတော် ရွတ်ပါသည်။)

အဗ္ဗုဠ္ဟသလ္လော=မိမိရဲ့ ခန္ဓာကိုယ်ဝယ် သောကတည်းဟူသော ငြောင့်တံသင်းကို ပယ်ရှင်းနုတ်ထွင်၍ ပြီးသောသူသည်။ အသိတော= တစ်စုံတစ်ခုသော သက်ရှိသက်မဲ့ ဝတ္ထုပေါ်မှာမှ တဏှာ မာနဒိဋ္ဌိတို့ဖြင့် မမှီသည်ဖြစ်၍။

သောကငြောင့်တံသင်းကို နုတ်ပစ်လိုက်ယင် ကိုယ်ပိုင်တဲ့ သက်ရှိ သက်မဲ့ဝတ္ထုပေါ်မှာမှ တဏှာမာနဒိဋ္ဌိနဲ့ မမှီတော့ဘူး။ အဲဒီလို မမှီယင်-

စေတသော=စိတ်၏။ သန္တိံ=ငြိမ်းအေးခြင်းသို့။ ပပ္ပုယျ- ပါပုဏာတိ=ရောက်လိမ့်မယ်။ (တဏှာဒိဋ္ဌိနဲ့ မမှီလို့ရှိရင် စိတ်ငြိမ်းတယ်။ စိတ်ချမ်းသာတယ်။) စေတသော=စိတ်၏။ သန္တိံ=ငြိမ်းချမ်းခြင်းသို့။ ပပ္ပုယျ=ရောက်ပြီးသည်ရှိသော်။ သဗ္ဗသောကံ=ခပ်သိမ်းသော စိုးရိမ် ပူဆွေးမှုကို အတိက္ကန္တော=လွန်မြောက်ပါလိမ့်မယ်။ သဗ္ဗသော ကံ= ခပ်သိမ်းဥဿုံ အလုံးစုံသော စိုးရိမ်ပူဆွေးမှုကို။ အတိက္ကန္တော= လွန် မြောက်သောသူသည်။ အသောကော=စိုးရိမ်ကင်းသော သူသည်။ ဟုတွာ=ဖြစ်၍။ နိဗ္ဗုတော=ကိလေသ ပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန် ဝင်စံ ချုပ်ငြိမ်း အစဉ်အတိုင်း ဒုက္ခဇာတ်သိမ်းသူသည် ဟောတိ=ဖြစ်နိုင်ပါပေ၏။

သောကတည်းဟူသော ငြောင့်တံသင်းကိုသာ ရှင်းမိအောင် ရှင်း ပါတဲ့။ သောကတည်းဟူသော ငြောင့်တံသင်းကို တရားဓမ္မတည်းဟူသော မွေးညှပ်ကောင်းနဲ့ ပယ်နုတ်ရှင်းပစ်လိုက်လို့ရှိယင်ဖြင့် စိတ်ရဲ့ငြိမ်းချမ်းမှုကို

http:\\www.dhammadownload.com



ရပါလိမ့်မယ်။ စိတ်ရဲ့ငြိမ်းချမ်းမှုသို့ ရောက်ပါလိမ့်မယ်။ စိတ်ငြိမ်းချမ်းမှု ရောက်လို့ ရှိယင်ဖြင့် ခပ်သိမ်းသော သောကကို လွန်မြောက်ပြီးတော့ အသောကပုဂ္ဂိုလ်လို့ ဖြစ်ပါလိမ့်မယ်။ အသောက=စိုးရိမ်ပူဆွေးမှု ကင်းတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ရှိယင်ဖြင့် ခန္ဓပရိနိဗ္ဗာန်၊ ကိလေသပရိနိဗ္ဗာန်၊ အရဟတ္တမဂ်ခဏမှာ ကိလေသ ပရိနိဗ္ဗာန်၊ ပရိနိဗ္ဗာနစုတိခဏမှာ ခန္ဓပရိနိဗ္ဗာန် ခေါ်တဲ့ ပရိနိဗ္ဗာန်နှစ်တန် ဝင်စံချုပ်ငြိမ်း ဘဝဇာတ် ဒုက္ခဇာတ် သိမ်းတဲ့ ပုဂ္ဂိုလ်ဖြစ်ရပါလိမ့်မယ်လို့ အရဟတ္တမဂ် အရဟတ္တဖိုလ် အနုပါဒါ ပရိနိဗ္ဗာန် နိဂုံးသတ်ပြီးတော့ သလ္လသုတ္တန် ဒေသနာတော်မြတ်ကို မြတ်စွာဘုရား တရားပွဲကြီး သိမ်းသွားတယ်။

အဲဒီ ဒကာလည်းပဲ သောကပရိဒေဝမီးတွေ ငြိမ်းပြီးတော့ ထိုအချိန်ကစ၍ သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သော ဗြဟ္မစရိယကို တစ်နေ့တခြားပွားများကြိုးကုတ် အားထုတ်၍ ဓမ္မာဘိသမယ သူတော်တရား ပိုင်းခြားထင်ထင် သိမြင်၍ သစ္စာလေးပါးတရားသိမြင် ကျွတ်တမ်းဝင်တဲ့ ဒကာတစ်ယောက်ရယ်လို့ ဖြစ်ရပါတယ်တဲ့။

## ဒေသနာနိဂုံး

ဤသို့လျှင် ဂဟဋ္ဌဝဏ္ဏနာသုတ္တန်၊ သလ္လသုတ္တန် ၂ပါးကို ကြားနာရခြင်း=ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံစေတနာ၊ သရဏဂုံသီလဆောက်တည်ရခြင်း=သီလမယကောင်းမှုကုသိုလ်ကံစေတနာ၊ နှစ်စဉ်နှစ်စဉ် နိဗဒ္ဓဒါနဝတ်တည်၍ မြတ်စွာဘုရားအမွှးရှိသော သံဃာတော်အရှင်မြတ်တို့နှင့်တကွ ကလျာဏမိတ်အပေါင်းတို့အား မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို သဒ္ဓါပြဋ္ဌာန်း လှူဒါန်းကျွေးမွေးရခြင်းတည်းဟူသော ဗုဒ္ဓပမုခ သံဃိက ဘောဇန ဒါနကောင်းမှု ကုသိုလ်ကံစေတနာ၊ ထို ဗုဒ္ဓပမုခ ဘောဇန ဒါနကောင်းမှုကုသိုလ်သဘင်ဆင်ယင်ရာ၌ နှစ်စဉ်နှစ်စဉ် တရားပွဲသဘင်ဆင်ယင်၍ ကြွရောက်လာကြသော တရားနာပရိသတ်အပေါင်း

http:\\www.dhammadownload.com



သူတော်ကောင်းတို့အား အမြိုက်အလှူပေးလှူရခြင်းတည်းဟူသော အမတဒါန ကောင်းမှုကုသိုလ်ကံ စေတနာ၊ ဤသို့စသည်များမြတ် ပေါင်းအပ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီးတည်းဟူသော တစ်ဆယ့်တစ်သီးမီးတို့ ငြိမ်းရာ ခေမာသိဝ အသခ်တဓာတ် စတုတ္ထနိဗ္ဗာန်တည်းဟူသော ပရမတ္ထတရားတော်မြတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပဒါ၊ လျင်မြန်သော ဝိပဿနာ ဉာဏ်ပညာ၊ ပန်ထွာတောင်တရင်းရှိသော မဂ်ဉာဏ်ပညာ၊ ပန်ထွာတောင့်တရင်းရှိသော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်ရတဲ့ကိုယ်၊ မျက်မှောက်ပြုရတဲ့ကိုယ် ဖြစ်ပါစေကုန်သတည်း။

ဖြစ်ရပါလိုသော် လို့လည်းပဲ ဆုတောင်းရ ဖြစ်လည်းဖြစ်ကြပါစေကုန်သတည်း။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ထိုနောက်ဆုံးဘဝဝယ် ပရိနိဗ္ဗာနစုတိ၏ အခြားမဲ့နောက်ကာလ၌ တစ်စုံတစ်ခုသော ဘဝ၊ ဂတိ၊ ယောနိ၊ ဝိညာဏဋ္ဌိတိများမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တစ်ဖန်မဖြစ်သော ချုပ်ခြင်း ငြိမ်းခြင်း အနုပ္ပါဒနိရောဓ၊ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရပါစေကုန်သတည်း။ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ်၊ ကိလေသ ဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက်မီးလျှံ ကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

ဂဟာဋ္ဌဝန္တနာ သုတ္တန်နှင့် သလ္လသုတ္တန်တရားတော်

ပြီး၏။

http:\\www.dhammadownload.com

# ဥရောဇာတ်တရားတော်

## သင်္ခါရတို့၏ ဓမ္မတာပျက်စီးမှု ကြုံလာလျှင် သောကမီးသက်သာဖို့အတွက် ကြိုတင်နှလုံးသွင်းထားရန် ရည်သန်ဟောကြားခြင်း။

### ကိုယ့်အလုပ်ကိစ္စကို လျင်စွာကြိုးကုတ်အားထုတ်ကြရန်

ရုပ် နာမ်ဓမ္မ၊ သင်္ခါရတို့၊ ကိုယ်က ညှိပုံ၊ ဖြစ်လိုတုံလည်း၊ တစ်ဖုံဆင်ကွဲ၊ သူတစ်နဲ့ဖြင့်၊ ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို၊ ပညာစက္ခု၊ မြော်ထောက်ရှု၍၊

ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။

ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။

ယခုပင်လျှင်၊ မသေခင်က ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။

ရတုချိန်ထောက်၊ ညှိခါရောက်မှ၊ ချုပ်ပျောက်ခန္ဓာ၊ သေပိမ့်ငှာဟု၊ သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်၊ မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်၊ တစ်စက်မှ၊ မရှိကြဘူး။

"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ"

ဘုရားစကား၊ လိုက်နာပွားသည်၊ တရားလက်မလွှတ်စေနှင့်။

http:\\www.dhammadownload.com



ဘုန်းကြီးလေ အမြဲမပြတ် တရားပွဲတိုင်း ပွဲတိုင်းမှာ နေပြီးတော့ လင်္ကာလိုတစ်မျိုး–

အပ္ပမတ္တာ သဒါ ဟောထ၊ ဥတ္တာ သခ်ါရဓမ္မတံ။

သကိစ္စမနုယုဥ္စေါ၊ နတ္ထိ နော မစ္စုသင်္ဂရံ။ ။

ဘောန္တော=နှလုံးပျော်ပျော်ဝင်း အို သူတော်ကောင်းတို့။ သခ်ါရဓမ္မတံ=ကိုယ်က ဤပုံ၊ ဖြစ်လိုတုံလည်း၊ တစ်ဖုံဆင်ကွဲ၊ သူတစ်နဲဖြင့်၊ ဖောက်လွဲတတ်စွာ၊ ရုပ်နာမ်ဓမ္မ၊ သခ်ါရတို့၏ ဓမ္မတာကို။ ဥတ္တာ–ဇာနာထ=ကိုယ်စီကိုယ်င အစ္ဈတ္တဝယ် ဉာဏစက္ခု မြော်ထောက်ရှု၍ ယခုပင်လျှင် သိမြင်အောင် ကြိုးကုတ်အားထုတ်ကြကုန်လော့။ ဥတ္တာ=သိမြင်အောင် ကြိုးကုတ်အားထုတ်ကြပြီးလျှင်။ သဒါ=မိနစ် စက္ကန့် ခပ်သိမ်းသော အခါကာလ၌။ အပ္ပမတ္တာ=အပ္ပမာဒတရားလက်ကိုင်ထားကြကုန်သည်။ အပ္ပမတ္တာ=ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌ ဂရုကတ ကြိုးလုံ့လသည် အပ္ပမာဒတရားလက်ကိုင်ထားကြကုန်သည်။ အပ္ပမတ္တာ=

"မမျှော်လင့်ဘဲ၊ ဖြုန်းခနဲ၊ ရောက်စွဲ နာဗျာဓိ။
မမျှော်လင့်ဘဲ၊ သူ၏နဲ၊ အိုလဲ အိုနိုင်၏။
မမျှော်လင့်ဘဲ၊ ဖြုန်းခနဲ၊ ဖောက်လွဲသေနိုင်၏"

ဟု သတိလိုက်လုံ စိတ်ဝယ်စွဲကြကုန်သည်။ ဟောထ=ဧကန် စင်စစ် ဖြစ်ကြကုန်လော့။

ဘာကြောင့်လဲလို့ဆိုတော့–

နော=တဏှာ မာရ်ညွှတ် ခန္ဓာဝဋ်မှ ကျွတ်ရန် ရည်ခြွေ တို့တစ်တွေအား။ နော=တဏှာတည်းဟူသော မာရ်မင်း၏ ညွှတ်ကွင်း၊ ခန္ဓာတည်းဟူသော သံသရာဝဋ်အတွင်းမှ လွတ်ကင်းရန် ရည်ခြွေတို့တစ်တွေအား။ မစ္စုသင်္ဂရံ=မစ္စုမည်လျှင်း ရှင်သေမင်းနှင့် အတွင်းကျိတ်ပူး မိတ်ရည်နှီး၍ နှစ်ဦးနှစ်ဖက် ချိတ်အဆက်ဖြင့် ဤရက်ခါမှ သေအံ့ဟူ၍လည်း

http:\\www.dhammadownload.com



ကောင်း၊ ဤလခါမှ သေအံ့ဟူ၍လည်းကောင်း၊ ဤနှစ်ခါမှ သေအံ့ဟူ၍လည်းကောင်း သဘောတူ ချိန်းအချက် စာချုပ်စာတမ်းစာရွက်တို့နှင့်တကွ လက်ဆောင်တံစိုးထိုး၍ထားခြင်းသည်။ နတ္ထိ=မရှိဇကန် လူတိုင်း မှန်လှပါလေ၏။ တသ္မာ=ထို့ကြောင့်။ သကိစ္စ=ခုဝတ္တာမာန် ပစ္စုပ္ပန်နှင့် တမလွန် နောက်နှောင်း တောက်လျှောက် ကောင်းအောင် ရှယ်ချောင်းဆုပန် စိတ်ရည်သန်၍ နှစ်တန်သော လောကဓမ္မစီးပွား ကိုယ့်ကိစ္စများကိုသာ။ အနုယုဉ္ဇေဝါ=လုံ့လကြိုးကုတ် အားထုတ်ကြပါကုန်လော့။ သကိစ္စမနုယုဉ္ဇေဝါ=ရုပ်နာမ်နှစ်ပြင် ကိုယ်ဖြစ်ချင်သလို မဖြစ်ဘဲ သူတို့ဖြစ်ချင်သလိုသာ ဖြစ်ကြသည့် သဘာဝ သူ့ညာဉ်ကို သမ္မဒဉ် နှိုင်းညှိအမှန်အတိုင်း သိကြ၍ မိမိတို့ဆိုင်ရာ နှစ်ဖြာသော လောက ဓမ္မစီးပွား ကိုယ့်ကိစ္စများကို ရှည်လျားကာလအချိန်ကို မဆွဲကြဘဲ ယခုကပင် အရေးတွင်အောင် ကြိုတင်ကာ ကြိုးကုတ်အားထုတ်ကျင့်ကြံကြပါကုန်လော့။

(သာဓု။ သာဓု။ သာဓု)

အဲဒီလို ဂါထာပါဌ် နိဿယနဲ့တစ်မျိုး၊ မမေ့မလျော့ကြနဲ့၊ ရုပ်တရား နာမ်တရားဆိုတဲ့ ဒီသင်္ခါရတရားတွေဟာကိုယ်ဖြစ်ချင်သလို ဖြစ်တာ မဟုတ်ဘူး၊ သူတို့ဖြစ်ချင်သလိုသာ ဖြစ်ကြတာ။ ဒီတော့ စောစောစီးစီးက ကိုယ်ရည်သန်ထားတဲ့ လောကီစီးပွား၊ လောကုတ္တရာစီးပွားများကို ပြီးတန်သလောက်ပြီးသွားအောင် မြန်မြန်ကြိုးကုတ်၊ အားထုတ်ကြ၊ ဘာကြောင့်လဲဆိုတော့ သေခြင်းတရားနဲ့ ဘယ်သူတစ်ဦးတစ်ယောက်မှ အချိန်းအချက် အဆက်အသွယ် မရှိဘူး။ ရောက်ချင်တဲ့နေ့ ရောက်မှာပဲလို့ စကားပြေ(စုဏ္ဏိယ) တိုတိုတုတ်တုတ်နဲ့တစ်မျိုး၊ အမျိုးမျိုး ဘုန်းကြီးသတိပေးခဲ့ပါတယ်။

အေး–ပေးရင်း ပေးရင်းကနေပြီးတော့ ဘုန်းကြီးနဲ့တကွ ပတ်ဝန်းကျင် ရှိရှိသမျှသော ပုဂ္ဂိုလ်တွေဟာ ဘုန်းကြီးတို့ ညွှန်ပြခဲ့တဲ့အတိုင်း

http:\\www.dhammadownload.com



ရုပ်နာမ်ခန္ဓာသင်္ခါရဆိုတဲ့ ဒီတရားတွေဟာ ကိုယ်ဖြစ်ချင်သလို မဖြစ်ဘဲ သူဖြစ်ချင်သလိုသာ ဖြစ်ကြတဲ့ သူ့သဘာဝ သူ့ညာဉ်အတိုင်း ဖြစ်ကြတာကို ကိုယ်တိုင်မြင်ရ၊ ကိုယ်တိုင်တွေ့ရ၊ ကိုယ်တိုင်ခံစားရပြီ။

အဲဒီလို ပစ္စုပ္ပန်မှာ ကိုယ်တိုင်မြင်ရ တွေ့ရခံစားရသလို အတိတ်ကလည်း မြင်ရတွေ့ရခံစားခဲ့ရလှလေပြီ။ အနာဂတ်မှာလည်း ဒီရုပ်နာမ်နှစ်ပါး မချုပ်မဆုံးသေးမှုမှာဖြင့် ဒီရုပ်နာမ်တို့ရဲ့ ဒဏ်ချက်ကို သူတို့မကုန်မချင်း ခံကြရလိမ့်ဦးမယ်။ အတိတ်ကတော့ လက်နက်ကောင်း မရှိလို့ ခံခဲ့ရပြီထား။ ပစ္စုပ္ပန်မှာလည်းပဲ ရှိတဲ့လက်နက်ကြီး လက်နက်ကို မသုံးမိလို့ ရုပ်နာမ်ခန္ဓာ သင်္ခါရတို့ရဲ့ ဒဏ်ချက်ကို တော်တော်လေး အောင့်သက်သက် ခံရပြီ၊ ထားတော့။ အနာဂတ်တော့ဖြင့်ယင် သူတို့ရဲ့ ဒဏ်ချက်ကို တရားလက်လွှတ်မခံဘဲနဲ့ ရှေးက ဘုရားအလောင်း သူတော်ကောင်းကြီး များ၊ ရှေးပညာရှိကြီးများရဲ့ လောကခံ သည်းခံတဲ့ နှလုံးကို ချုံးကြည့်ပြီး သကာလ ခံနိုင်ဖို့ရန် ပဥ္စကနိပါတ်မှာလာတဲ့ ဥရဂဇာတ်ဆိုတာ ဘုန်းကြီး ပြောချင်ပါတယ်။

## ဥရဂဇာတ် ပစ္စုပ္ပန်ဝတ္ထု

ဘုရားလက်ထက်တော်တုန်းက သာဝတ္ထိပြည်က သူကြွယ်တစ်ယောက်မှာ သားကလေး အနိစ္စရောက်တော့ သောကပရိဒေဝမီးတညီးညီး တပြောင်ပြောင် တောက်လောင်ပြီးနေလို့ တစ်နေ့တော့ ဘုရားက သဗ္ဗညုတ ရွှေဉာဏ်တော် ကွန်ရက်ထဲမှာ သားသေတဲ့ ဖခင်ထင်လာတယ်။ ဒီတော့ ဘုရားကိုယ်တိုင် ထိုသူကြွယ်ရဲ့ အိမ်ကိုကြွ၊ ဘုရားကြွလာတယ်ဆိုတော့ အင်မတန်မှ ဝမ်းမြောက်ဝမ်းသာနဲ့ နေရာထိုင်ခင်းပေးတယ်။ နေရာထိုင်ခင်းပေးလို့ ခင်းတဲ့ နေရာမှာ ဘုရားကိုယ်တော်မြတ်ထိုင်မိလျှင်ပင် ထို သူကြွယ်လည်းပဲ ဘုရားကို လက်အုပ်ချီမိုး ရှိခိုး၍နေတော့ မြတ်စွာဘုရားကလည်း သူ၏အကြောင်းကို သိပြီးသားဖြစ်လို့ မေးလိုက်တယ်။

http:\\www.dhammadownload.com



ကိံ အာဝုသော သောစသိ။

အာဝုသော=ဒါယကာ။ ကိံ=အသို့နည်း။ သောစသိ=စိုးရိမ်ပူဆွေး၍နေသလားလို့။

"ဒကာ၊ ဘယ့်နှယ်လဲ။ စိုးရိမ်ပူဆွေးတယ်ဆိုတဲ့ သောကမီး မငြိမ်းသေးဘူးလား၊ စိုးရိမ်ပူဆွေးတုန်းပဲ ရှိသေးသလား"လို့ ဘုရားက မေးတော့–

အာမ ဘန္တေ ပုတ္တဿ မေ မတကာလတော ပဋ္ဌာယ သောစာမိ။

ဘန္တေ=ဘုန်းတော်နေဝန်း ထွန်းတောက်ပတော်မူသော မြတ်စွာဘုရား။ အာမ=မှန်ပါတယ်ဘုရား။ မေ=တပည့်တော်၏။ ပုတ္တဿ=သား၏။ မတ ကာလတော=စုတိပြတ်ကြွေ သေသောအခါမှ။ ပဋ္ဌာယ= အစပြု၍။ သောစာမိ=နေ့ရှိသမျှ စိုးရိမ်ပူဆွေး၍ နေရပါတယ်ဘုရား"

လို့ လျှောက်တော့ မြတ်စွာဘုရားက–

အာဝုသော ဘိဇ္ဇနဓမ္မံ နာမ ဘိဇ္ဇတိ၊ နဿနဓမ္မံ နာမ နဿတိ။

အာဝုသော=ဒါယကာ။ ဘိဇ္ဇနဓမ္မံ နာမ=ပျက်စီးတတ်တဲ့သဘော ရှိတဲ့ သင်္ခါရတရားဆိုတာ။ ဘိဇ္ဇတိ=ပျက်စီးမြဲဓမ္မတာပဲ။ နဿနဓမ္မံ နာမ= ပျောက်ပျက်ရိုး ဓမ္မတာရှိတဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတရားဆိုတာ။ နဿတိ= ပျောက်ပျက်တာပဲ။

တဉ္စ ခေါ န ဧကသ္မိံယေဝ ကုလေ။

တဉ္စ ခေါ= ထို ပျက်စီး ဆုံးရှုံးခြင်းဟာလည်းပဲ။ ဧကသ္မိံယေဝ ကုလေ=တစ်အိမ်တည်း၌သာလျှင်။ ဟောတိ=ဖြစ်သည်ကား။ န=မဟုတ်ပေ။

နာပိ ဧကသ္မိံ ယေဝ ဂါမေ။

ဧကသ္မိံယေဝ ဂါမေ=တစ်ရွာတည်း၌သာလျှင်။ ဟောတိ=ဖြစ်

http:\\www.dhammadownload.com



သည်ကား။ နာပိ=မဟုတ်ပါပေ။

အထ ခေါ အပရိမာဏေသု စက္ကဝါဠေသု တီသုဘဝေသု အမရဏာ ဓမ္မော နာမ နတ္ထိ။

အထခေါ=စင်စစ်သော်ကား။ အပရိမာဏေသု စက္ကဝါဠေသု= အဆုံးမရှိသော မနိုင်းယှဉ်နိုင်သော စကြာဝဠာတို့၌။ တီသု ဘဝေသု= ကာမ ရူပ အရူပတည်းဟူသော ဘဝသုံးပါးတို့၌။ အမရဏာ ဓမ္မော နာမ= တေဘုမ္မက စာရင်းဝင် တရားမှန်သမျှပင် မသေသော တရားမည်သည်။ နတ္ထိ=တစိုးတစိမရှိချေ။

တဗ္ဘာဝေနေဝ ဌာတုံ သမတ္ထော ဧကောသင်္ခါရောပိ သဿတော နာမ နတ္ထိ။

တဗ္ဘာဝေနေဝ=ထိုမြင်ရ သူ့သဘောဖြင့်ပင်လျှင်။ ဌာတုံ=အမြဲ တစေတည်နေခြင်းငှာ။ သမတ္ထော=စွမ်းနိုင်သော။ ဧကောသင်္ခါရောပိ= တစ်ပါးသော သင်္ခါရတရားမျှလည်း။ သဿတောနာမ=မြဲခိုင်သောမည် သည်။ နတ္ထိ=တစိုးတစိ မရှိချေ။

သဗ္ဗေ သတ္တာ မရဏဓမ္မာ၊

သဗ္ဗေ သင်္ခါရာ ဘိဇ္ဇနဓမ္မာ။

သဗ္ဗေ သတ္တာ=ကြွင်းမဲ့ဥဿုံ အလုံးစုံသော လူ နတ်ဗြဟ္မာ သတ္တဝါတို့သည်။ မရဏဓမ္မာ=စုတိပြတ်ကြွေ သေရခြင်းသဘော ရှိကုန် ၏။ သဗ္ဗေ သင်္ခါရာ=ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ ဘိဇ္ဇနဓမ္မာ=ပျက်စီး ခြင်းသဘော ရှိကြပါကုန်၏။

ပေါရာဏက ပဏ္ဍိတာပိ ပုတ္တေ မတေ မရဏဓမ္မံ မတံ၊ နဿနဓမ္မံ နဋ္ဌန္တိ န သောစိံသု။

ပေါရာဏက ပဏ္ဍိတာပိ=ရှေးသူတော်ကောင်း ဘုရားလောင်း ပညာရှိတို့သည်လည်း။ ပုတ္တေ=သားသည်။ မတေ=သေလတ်သည်ရှိ

http:\\www.dhammadownload.com



သော်။ မရဏ ဓမ္မံ မတံ=စုတိပြတ်ကြွေ သေလွန်တဲ့ သဘောအတိုင်း သေသွားတာပဲ။ နဿနဓမ္မံ နဋ္ဌံ=ပျက်စီးတတ်တဲ့ သဘောမို့လို့ ပျက်စီးသွားတာပဲ၊ ဣတိ=ဤသို့ နှလုံးပိုက်၍။ န သောစိံသု=စိုးရိမ်ပူဆွေး မငိုကြွေးကြကုန်။

## သတ္တဝါသင်္ခါရအားလုံး ပျက်မြဲဓမ္မတာ

ဒကာ၊ ပျက်စီးတတ်တဲ့ သဘောရှိတဲ့ တရားဟာ ပျက်စီးမှာပဲ။ ကုန်ဆုံးတတ်တဲ့ သဘောရှိတဲ့တရားဟာ ကုန်ဆုံးမှာပဲ။ ပျက်စီးတယ်။ ကုန်ဆုံးတယ်ဆိုတဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ သဘောကို တစ်အိမ်တည်း ခံရတဲ့သဘော မဟုတ်ပါဘူး။ တစ်ရွာတည်းသာ ခံရတဲ့သဘော မဟုတ်ပါဘူး။ တစ်မြို့တည်းသာ ခံရတဲ့သဘောမဟုတ်ပါဘူး။

န ဂါမဓမ္မော န နိဂမဿ ဓမ္မော၊ န စာပိ အယံဧက ကုလဿ ဓမ္မော သဗ္ဗဿ လောကဿ သဒေဝကဿ ဧသေဝ ဓမ္မော ယဒိဒံ အနိစ္စတာ။

ယဒိဒံ=ယာအယံ အနိစ္စတာ=ရုပ်နာမ် ဓမ္မသင်္ခါရတို့၏ ခဏနှင့် ဖြစ်ဆဲ အစဉ်မမြဲတဲ့ သဘောသည်။ အတ္ထိ=ရှိ၏။ အယံ=ဤရုပ်နာမ်ဓမ္မ သင်္ခါရတို့ ခဏနဲ့ ဖြစ်ဆဲ မမြဲခြင်းသဘောသည်။ န ဂါမဓမ္မော=တံတိုင်း မရှိ ဈေးမရှိနဲ့ သမုတိဝေါဟာ ရွာဟု ပညတ်တစ်ခုသောအရပ်ဝယ် သတ်မှတ်သီးခြားတစ်ကန့်သား၍ ဖြစ်ပွားလေ့လာ မဟုတ်ပါဘူး။ န နိဂမဿ ဓမ္မော=တံတိုင်းမစုံ ဈေးသာစုံ၍ နိဂုံးပညတ် တစ်ခုသောအရပ်ဝယ် သတ်မှတ်ပိုင်းခြား တစ်ကန့်သား၍ ဖြစ်ပွားလေ့လာ မဟုတ်ပါဘူး။ အယံ=ဤ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ခဏနှင့်ဖြစ်ဆဲ မမြဲခြင်းသဘောသည်။ န စာပိ ဧကကုလဿ ဓမ္မော=တစ်အိမ်တည်းဝယ် သင်းသီးသန့်ခြား တစ်ကန့်ထား၍ ဖြစ်ပွားလေ့လာ မဟုတ်ပါဘူး။ သဗ္ဗဿ လောကဿ သဒေဝ ကဿ=နတ်ဗြဟ္မာနှင့်တကွသော ကြွင်းမဲ့ဥဿုံ

http:\\www.dhammadownload.com



အလုံးစုံသော လောကကြီး ၏။ ဧတေ၀ ဓမ္မာ=ဤ ဖြစ်လျှင်ပျက်မြဲ မလွဲတံထွာ ဓမ္မတာကြီးသည်။ ဟောတိ=စင်စစ်ဧကန် ဖြစ်ပါပေ၏။

လို့ မျက်ရည်သိမ်းတဲ့ ဂါထာတွေ ဖော်ပြ။

ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊ ကွယ်ချုပ်ဝင်၏။

ဤသင်္ခါရ၊ သဘာ၀ကား-

ကြည့်လိုက်မယ် ဆိုလို့ရှိယင်လေ၊ စိတ်က ငါ၊ ငါ့သားပဲ။ ငါ့သမီးပဲ၊ ငါ့ဇနီးပဲ၊ ငါ့အရှင်ပဲ။ ငါ့မြေးပဲလို့ဆိုတဲ့ ဒီအမြဲ ဒီအစွဲတွေကြောင့် ရုပ်နာမ်ဓမ္မ သင်္ခါရကို မမြင်ဘဲနဲ့ ရုပ်နာမ်ဓမ္မသင်္ခါရတို့ သူ့သဘာ၀ အတိုင်း ဖြစ်ပြီးလျှင် ချုပ်သွားကြတာတွေ ကြည့်ပြီးတော့ အမှန်စင်စစ်က ရုပ်နာမ်ဓမ္မတို့ ဖြစ်ကြချုပ်ကြတာကို ကိုယ်က ကြားကဝင်ပြီးတော့ ငါ့ သား ကွယ်လွန်တယ်၊ ငါ့သမီးကွယ်လွန်တယ်၊ ငါ့ဇနီးကွယ်လွန်တယ်။ ငါ့အမေ၊ ငါ့အဖေ ကွယ်လွန်တယ်၊ ငါ့အဘိုး အဘွား ကွယ်လွန်တယ်လို့ မရှိတဲ့ ဟို အမိ အဖ၊ အဘိုးအဘွား၊ သမီးသား၊ ဇနီးမယားတွေ ထည့် ထည့်ပြီးတော့ စဉ်းစားလို့ ဆင်းရဲပြီးတော့ နေရတယ်။ ရုပ်နာမ်ဓမ္မသင်္ခါ ရကို မြင်အောင် ကြည့်လို့ ရှိရင်ဖြင့် သားသမီးဆိုတာ မရှိဘူး။ ဇနီးဆို တာ မရှိဘူး။ မိဘဆိုတာ မရှိဘူးလို့ ကောင်းကောင်းကြီး နားလည်သွား မယ်။

## သောကမီးငြိမ်းပုံ ဘုန်းကြီးကိုယ်တွေ့

ရုပ် နာမ်ဓမ္မကို ထိထိခိုက်ခိုက် ရောက်ရောက်ပေါက်ပေါက် မကြည့်နိုင်ဘူး ဆိုလို့ရှိရင်လည်းပဲ ဒီအာရုံကို အကြောင်းပြုပြီးတော့ ဒီ သောက၊ ဒီပရိဒေ၀မီး တောက်လို့ ရှိယင်ဖြင့် အဲဒီအာရုံရဲ့ သဘောကို တော်တော်ကလေး အချိန်ကြာအောင် ကြည့်မိလို့ရှိယင်ဖြင့် သောက ပရိဒေ၀မီး ငြိမ်းတတ်တယ်နော်။ ဒါ-ဘုန်းကြီးလက်တွေ့ကို ပြောတာ။ ဘုန်းကြီးမှာလေ၊ ကိုး၀ါ၊ ဆယ်၀ါလောက်အရွယ်မှာ ညီသာမဏေကလေး၊

http:\\www.dhammadownload.com



ညီတစ်ဝမ်းကွဲတော်တဲ့ သာမဏေကလေးတစ်ပါး မိမိလက်ထဲမှာပဲ အသက်ဆုံးရှာတယ်။ ဆယ့်လေးနှစ်၊ ဆယ့်ငါးနှစ်အရွယ်ဆိုတော့ သူ့မိဘအနေနဲ့လည်းပဲ အလွန်ချစ်စဖွယ်ကောင်းတဲ့အရွယ်၊ သံယောဇဉ်မျက်စိနဲ့ ကြည့်မယ်ဆိုလို့ရှိရင် အလွန်ပဲ နှမြောစရာကောင်းတဲ့အရွယ်။

အဲဒီတော့ ဒီကျောင်းတိုက်ထဲမှာပဲ ရှေးက ဆောက်ရင်းစွဲရှိတဲ့ ဦးရန်ကုန်ကျောင်းကြီးနေရာမှာဆောက်တဲ့ ကျောင်းပေါ်မှာ ဥတုဇရုပ်ကလာပ်ကလေး ပြင်ပြီးတော့ ထားလို့ တစ်ရက်က နှစ်ရက်၊ နှစ်ရက်က သုံးရက်ဆိုသလို မသိမ်းသေးဘဲနဲ့ ထားတော့လေ၊ တော်တော်ကြာတော့ ဘယ်လိုဖြစ်လာသလဲလို့ဆိုတော့ "ဥဒ္ဓုမတကံ ဝိနီလကံ ဝိပုဗ္ဗကံ"ဆိုတဲ့ အဲဒီဘက်ကို သူက ခြေလှမ်းနေပြီ။

ဥဒ္ဓုမာတက=ဖူးရောင်ကနေပြီး တော်တော်ကြာတော့ ဝိနီလက ဆိုတဲ့ အညိုရောင်တွေ တက်ပြီးတော့ ထလာခဲ့တယ်။ ဝိနီလက အညိုရောက် တက်ထလာရာက တော်တော်ကြာတော့ ဝိပုဗ္ဗကလို့ ဆိုရအောင်ရှိသမျှ မျက်စိတို့ နှာခေါင်းတို့မှ စက်ဆုပ်ဖွယ်တွေ သွေးပုပ်တွေ ဘာတွေယိုပြီးတော့ လာတော့–

ဒါလောက်ထိအောင် ဘာလုပ်စောင့်နေရတုံးလို့ဆိုတော့ ထည့်စရာပစ္စည်းက မပြီးသေးလို့ စောင့်နေရတယ်။ ဒါဟာလေ ကံကောင်းတာပဲ။ တစ်နည်းအားဖြင့် လောက်လောက်လဲလဲကလေးကို ထည့်စရာပစ္စည်းထဲ ခေါင်းထဲထည့်လိုက်မယ်ဆိုယင် သိပ်ပြီးတော့ နှမြောချင် နှမြောနေဦးမယ်။ သူ့မိသူ့ဖလည်း သိပ်နှမြောချင် နှမြောနေဦးမယ်။ အခုတော့လေ၊ ထည့်စရာပစ္စည်းခေါင်းက မပြီးသေးတဲ့အတွက် တစ်ညက နှစ်ညသိပ်လို့ နောက်တစ်နေ့နံနက်ရောက်လျှင်ပဲ ဥတုဇရုပ်ကလာပ်က ဥဒ္ဓုမာတက၊ ဝိနီလက၊ ဝိပုဗ္ဗကဆိုတဲ့ ဒီအစိတ်အပိုင်း သုံးပိုင်းကို သူထင်စွာပြလို့ ကြည့်လိုက်တဲ့အခါကျတော့ အကယ်၍သာ စောစောစီးစီးက မြင်

http:\\www.dhammadownload.com



ပြီး မထားရလို့ရှိယင် ဒါဟာ ဒီကိုရင်ကလေးရဲ့ ဥတုဇရုပ်ကလာပ် မဟုတ်ဘူးလို့ ပြောတော့မှာပဲ။

သူ့ဖခင်လုပ်တဲ့ ပုဂ္ဂိုလ်ရယ်၊ သူ့အစ်ကိုရယ်၊ သူ့ဘထွေးဖြစ်တဲ့ ပုဂ္ဂိုလ်ရယ်၊ ဘုန်းကြီးရယ် အားလုံး လေးဦးပဲ အနားကို ကပ်စေတယ်။ တိုတိုပြောကြပါစို့ရဲ့။ တူအရီး ညီအစ်ကို လေးဦးတို့စုပြီးသကာလ ဥတုဇရုပ်ကလာပ် မဟုတ်ဘူးလို့ ပြောတော့မှာပဲ။

သူ့ဖခင်လုပ်တဲ့ ပုဂ္ဂိုလ်ရယ်၊ သူ့အစ်ကိုရယ်၊ သူ့ဘထွေးဖြစ်တဲ့ ပုဂ္ဂိုလ်ရယ်၊ ဘုန်းကြီးရယ် အားလုံးလေးဦးပဲ အနားကို ကပ်စေတယ်။ တိုတိုပြောကြပါစို့ရဲ့။ တူအရီး ညီအစ်ကို လေးဦးတို့စုပြီးသကာလ ဥတုဇရုပ်ကလာပ်ကို ခေါင်းထဲ ထည့်လိုက်ကြတယ်။ ဘာပြုလို့လဲ။ ဒီလေးဦးက ချစ်လွန်းလို့လားဆိုတော့ မဟုတ်ပါဘူး။ အဲဒီလို ဖောက်ပြန်ပြီးပြလိုက်တဲ့ အချိန်အခါမှာလေ၊ ဟို–စောစောစီးစီးက ကိုရင်စုဆိုတဲ့ (လူနာမည်က ကိုရင်လေးက မောင်စု။ ကိုရင်စု၊ ကိုရင်စုနဲ့၊ ကိုရင်စုဆိုတဲ့) အဆင်းသဏ္ဍာန်တွေဟာ အကုန်ပျောက်ပြီးတော့ ဒီပြင်က ဥတုဇရုပ်ကလာပ်ကြီးတစ်ခု စွန့်ပစ်ရမယ့် အရာကြီးတစ်ခုကဲ့သို့ ထင်ပြီး တစ်ခါတည်း ဘာမှ သောကဖြစ်စရာ၊ ပရိဒေဝဖြစ်စရာရယ်လို့ ရှာ မတွေ့တော့ဘူး။ အဲဒါ ဖောက်ပြန်ပြီးပြလို့။

ဘုန်းကြီးတင်ပါလားလို့ ဆိုတော့ သူ့ဖခင်ရော၊ သူ့ဘထွေးရော၊ သူ့အစ်ကိုရော ဒီနေရာမှာ တစ်ခါတည်း မျက်ရည်သိမ်းသွားတယ်။ ဒါ တရားရလို့ရယ် မဟုတ်ဘူးနော်။ ဥတုဇရုပ်ကလာပ်ရဲ့ ကိုယ်နဲ့မပိုင်မဆိုင်တဲ့သူရဲ့ သဘောကို ပေါ်ပေါ်ပေါ်အောင် ကြည့်လိုက်တဲ့အတွက် သူ့ဖခင်ရော သူ့ဘထွေးရော သူ့ရဲ့အစ်ကိုရော သောကငြိမ်းကြတယ်။

တစ်ခါ ဘုန်းကြီးအနေနဲ့ လွန်ခဲ့တဲ့ ၁၃၂၁ခုနှစ်က မွေးသမိခင် ကွယ်လွန်တဲ့ ဥတုဇရုပ်ကလာပ်ကို သင်္ဂြိုဟ်တဲ့နေရာမှာ စောင့်ပြီး သေသေ

http:\\www.dhammadownload.com



ချာချာ ကြည့်တယ်။ စောင့်ပြီး သေသေချာချာ ကြည့်တဲ့အခါကျတော့ ကြပ်ကြပ်ကြည့်လေ၊ အင်း–ဥတုဇရုပ်ကလာပ်ကတော့ ဒီလိုဖူးဖူးရောင်လို့ ဘာလို့ ဒီလိုတော့ မဟုတ်ဘူးနော်။ စူးစူးစိုက်စိုက်။ ဒီ–မိခင်ဟူသော သညာပျောက်သွားအောင် စူးစူးစိုက်စိုက် ကြည့်ပြီးတော့နေတော့ ကြပ်ကြပ်ကြည့်ဖန်များတော့လည်းပဲ ဒီဥတုဇရုပ်ကလာပ်ဟာ ဥတုဇပဲ။ ငါ့မိခင် မဟုတ်တော့ဘူးလို့၊ မဟုတ်ပါတကားလို့ဆိုတဲ့ ကျေနပ်ချက်ကောင်းကောင်းရတယ်။ ဒါကြောင့် သူ့အာရုံပြုပြီးတော့များ သောကဖြစ်မယ်ကြံရင်ပေါ့လေ။ အဲဒီလို ပိုင်ပိုင်နိုင်နိုင် ကြည့်လိုက်ခြင်းအားဖြင့်လည်းပဲ အင်း–သောကပရိဒေဝမီးများ ငြိမ်းတတ်တယ်။ ယခုလို တရားသဘောနဲ့–

ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊ ကွယ်ချုပ်ဝင်သည့်၊ ဤသင်္ခါရ၊ သဘာဝကား၊ ဌာနနယ်ချုံး၊ တစ်နိဂုံးနှင့်၊ ခေါ်ထုံးဝေါဟာ၊ တစ်မြို့တစ်ရွာဝယ်၊ မျက်နှာမဲ့လျှင်း၊ တစ်အိမ်တွင်း၌၊ သင်းသီးသန့်ခြား၊ တစ်ကန့်သား၍၊ ဖြစ်ပွားလေ့လာ၊ မဟုတ်ပါဘူး။ ဗြဟ္မာလူနတ်၊ ထုတ်ချင်းခတ်အောင်၊ ဥပါဒ်စလျှင်၊ ဌီသို့ဝင်၍၊ ဘင်္ဂက္ခဏာ၊ မရဏာဖြင့်၊ ရွရွလှုပ်လှုပ်၊ တချုပ်ချုပ်လျှင်၊ နာမ်ရုပ်နှစ်မျိုး၊ ဖြစ်တိုင်းညှိုးသည်–

အရိုးအနိစ္စပါတကား

အရိုးဒုက္ခပါတကား

အရိုးအနတ္တပါတကား လို့–

အဲဒီလို သံဝေဂလင်္ကာကလေးများ ရွတ်လို့ဖတ်လို့ နှလုံးသွင်းလို့လည်းပဲ တွေ့ကြုံလာတဲ့ ဉာတိဗျသနဒုက္ခ=ဆွေမျိုးရင်းချာ သားသမီး စသည်တို့နဲ့ ကင်းကွာရတဲ့ ဆင်းရဲဒုက္ခကို ပယ်ဖျောက်နိုင်တယ်။

အခု မြတ်စွာဘုရားက–

http:\\www.dhammadownload.com



သဗ္ဗေ သတ္တာ မရဏဓမ္မာ= လူရော နတ်ပါ ဗြဟ္မာမကြွင်း သတ္တဝါခပင်းတို့ဟာဖြင့် စုတိပြတ်ကြွေသေလွန်ခြင်းသဘောကို မလွန်မြောက်နိုင်ကြဘူး။

သဗ္ဗေသင်္ခါရာ ဘိဇ္ဇနဓမ္မာ=ကြွင်းမဲ့ဥဿုံ အလုံးစုံသော ရုပ်နာမ်ဓမ္မ သင်္ခါရတွေဆိုတာ ပျက်စီးခြင်းသဘော ရှိကြတာ ဧကန်ပဲ။

ယံ ကိဉ္စိ သမုဒယ ဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မံ=အရိယာ သူတော်ကောင်းတွေမှာတော့ ဖြစ်ဖြစ်သမျှ တရားတွေဟာ ပျက်ကြမှာပဲလို့ အစောကြီးက စဉ်းစားပြီးတဲ့အတွက် ဝိပ္ပယောဂဒုက္ခနဲ့ တွေ့ရသော်လည်း ခံနိုင်ရည် ရှိတယ်။ သက်သာရည် ရှိကြတယ်။

## ဥရဂဇာတ် အတိတ်ဝတ္ထု

ပေါရာဏက ပဏ္ဍိတာပိ ပုတ္တေ မတေ မရဏဓမ္မံ မတံ၊ နဿနဓမ္မံ နဋ္ဌန္တိ န သောစိံသု။

"ဒကာ၊ ရှေးသူတော်ကောင်း ဘုရားလောင်းပညာရှိကြီးများဟာလေ၊ သားခေါက်ခေါက် သေပါလျက်ကနဲ့ မျက်ရည်တစ်စက်မျှမကျဘဲ 'ဩော်–စုတိပြတ်ကြွေ သေခြင်းသဘောရှိတဲ့ တရားမို့ သေတာပဲ။ငါတားလို့ ဟန့်လို့ ငြင်းဆန်လို့မရတဲ့ တရားမျိုး ပါပဲလို့ စိုးရိမ်ပူဆွေးငိုကြွေးခြင်းဆိုတဲ့ သောကမီး ပရိဒေဝမီးတွေ မတောက်ခဲ့ဘူး ဒကာ"လို့ အဲဒီလို သားသေတဲ့ သူကြွယ်ကို မြတ်စွာဘုရားဟောတဲ့အခါ အဲဒီအတိတ်အကြောင်း ပြန်ပြောင်း၍ မိန့်တော်မူပါဘုရား လို့ လျှောက်ထားတောင်းပန်တဲ့အတွက် မြတ်စွာဘုရားက–

အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ။

အစရှိသည်ဖြင့်–

ဒကာ၊ ရှေးအခါကာလက ဗာရာဏသီပြည် အရပ်မှာ ဗြဟ္မဒတ်မင်း မင်းပြုသောအချိန်၊ သင်တို့ဆရာ ငါဘုရားရဲ့ အလောင်းသည် ဗာရာ

http:\\www.dhammadownload.com



ဏာသီ မြို့တံခါးဝက ပုဏ္ဏားရွာမှာ ပုဏ္ဏားမျိုးအမည်ဖြစ်ပြီးသကာလ လယ်ထွန်ခြင်းအလုပ်နဲ့ အသက်မွေးမြူခဲ့တယ်။ လယ်သမားပုဏ္ဏားကြီး တစ်ယောက် ဖြစ်ခဲ့ရတယ်။

## မိသားစုတို့အား ဘုရားအလောင်းဆုံးမပုံ

အဲဒီတုန်းကလေ၊ ငါရဲ့အိမ်မှာ အိမ်ရှင်မရယ် သားတစ်ယောက်ကယ်၊ သမီးတစ်ယောက်ကယ်၊ ချွေးမတစ်ယောက်ကယ်၊ အိမ်စေကလေး မလေးတစ်ယောက်ကယ်လို့ အားလုံးခြောက်ယောက် နေကြတယ်။ တစ်ယောက်နဲ့တစ်ယောက်လည်း ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ပိယ သံဝါသ=ချစ်ချစ်ခင်ခင်နေရခြင်းဖြင့် အင်မတန် အိမ်ထောင်ရေး သာယာ ပြီးတော့ နေကြတယ်။ အဲဒီလို အိမ်ထောင်ရေး သာယာမှုဟာ နောက်ဆုံး မှာဖြင့် ကွေကွင်းခြင်းအဆုံးရှိမှာပဲလို့ သိရှိတဲ့အတွက် ဘုရားအလောင်း ဖြစ်တော်မူတဲ့ လယ်သမားပုဏ္ဏားကြီးက အားလုံးကို စစ်ပြီးတော့နော်–

တုမှေ ယထာလဒ္ဓနိယာမေနေဝ ဒါနံ ဒေထ၊ သီလ ရက္ခထ၊ ဥပေါသထကမ္မံ၊ ကရောထ၊ မရဏဿတိံ ဘာဝေထ၊ တုမှာကံ မရဏဘာဝံ သလ္လက္ခေထ၊

တုမှေ=သင်တို့ငါးဦးစလုံးလုံးပင်။ ယထာလဒ္ဓ နိယာမေနေဝ= အကြင်အကြင်=ရအပ်တိုင်းသော စည်းစိမ်ဖြင့်ပင်လျှင်။ ဒါနံ ဒေထ= အလှူဒါနလည်းပဲ မပြတ်မပြတ် ပေးကြကုန်။ သီလံရက္ခထ=ငါးပါးသီလ ကိုလည်းပဲ အမြဲမပြတ် စောင့်ရှောက်ကြကုန်။ ဥပေါသထကမ္မံ ကရောထ =ရှစ်ရက်သိတင်းလပြည့် လကွယ်နေ့၌ အင်္ဂါရှစ်ပါးရှိတဲ့ အဋ္ဌင်္ဂဥပုသ် ကိုလည်း ကျင့်သုံးကြလေကုန်။ မရဏဿတိံဘာဝေထ=နေ့ရှိသမျှ မရဏ သတိကိုလည်း ပွားများကြကုန်။ တုမှာကံ=သင်တို့၏။ မရဏ ဘာဝံ=မုချမသွေ သေရမည့်သဘောကို။ သလ္လက္ခေထ=စောစောက ကြိုတင် ဆင်ခြင် မှတ်သားထားကြကုန်။

http:\\www.dhammadownload.com



ဣမေသဥ္စိ သတ္တာနံ မရဏံ ဓုဝံ ဇီဝိတံ အဒ္ဓုဝံ။

ဟိ=မရဏာဿတိ ပွားပုံကား။ ဣမေသံ သတ္တာနံ=ဤသတ္တဝါတို့အား။ မရဏံ=စုတိပြတ်ကြွေ သေလွန်ရခြင်းသဘောကား။ ဓုဝံ=မြဲလက်ခတ်မြဲ မလွဲဧကန် မြဲသည်မှန်၏။

ဤသတ္တဝါတွေ မြင်မြင်သမျှ သတ္တဝါတွေ သေရမှာဧကန်ပဲ။ သေရမှာ အမြဲပဲ။ အမှန်ပဲ။

ဇီဝိတံ အဒ္ဓုဝံ။

ဇီဝိတံ=အသက်ရှည်ရှည် ယခုတည်နေရခြင်းကား။ အဒ္ဓုဝံ=မခိုင်မာတဲ့ တရားပဲ။

သဗ္ဗေသင်္ခါရာအနိစ္စာ ခယဝယဓမ္မိနော၀။

သဗ္ဗေသင်္ခါရာ=ကြွင်းမဲ့ဥဿုံ အလုံးစုံသော ရုပ်နာမ် ဓမ္မသင်္ခါရတို့သည်။ အနိစ္စာ=မမြဲသော သဘောရှိကုန်၏။ ခယဝယဓမ္မိနော၀=ကုန်ခြင်း ခန်းခြင်း ပျက်စီးခြင်းသဘော ရှိကုန်သည်သာလျှင်တည်း။

လို့ သင်တို့ဟာ–

ရတ္တိဋ္ဌ ဒိဝါစ အပ္ပမတ္တာ ဟောထ=နေ့ရောညပါ မမေ့မလျော့ကြနဲ့လို့ ဘုရားလောင်းက စောစောစီးစီးက သတိပေးထားတယ်။

ကိုယ့်မှာရှိတဲ့ စည်းစိမ်ကလေးနဲ့လေ၊ တတ်နိုင်သမျှ အလှူအတန်းပေးကြ။

ငါးပါးသီလဟာ ဘာမှအရင်းစိုက်ရတာ မဟုတ်ဘူး။ ငါးပါးသီလကို အမြဲတစေ စောင့်ထိန်းကြ။

ရှစ်ရက်သီတင်း လပြည့်လကွယ်မှာ အဋ္ဌင်္ဂဥပုသ်ကို ကျင့်သုံးကြ။ နေ့စဉ်နေ့တိုင်း မရဏာဿတိကို ပွားများကြ။

မရဏံ မေ ဓုဝံ၊

http:\\www.dhammadownload.com



ဇီဝိတံ မေ အဒ္ဓုဝံ။

မေ=ငါ၏။ မရဏံ=စုတိပြတ်ကြွေ သေရမည့်သဘောကား။ ဓုဝံ=မြဲလက်ခတ်နဲ့ မလွဲဧကန် စင်စစ်မှန်၏။ ဇီဝိတံ=ငါ့အသက်ကား။ အဒ္ဓုဝံ=မခိုင်မာစွတကား လို့။

ငါ့အသက်က တကယ်ခိုင်မာတဲ့တရားမဟုတ်ဘူး။ တစ်နေ့တော့ ငါသေမှာပဲ ဆိုတဲ့ မရဏဿတိ ဘာဝနာကို အစဉ်တစိုက် ပွားများထားကြ–တဲ့။

ညညနေ့နေ့ အပ္ပမာဒတရားလက်ကိုင်ထားကြ–လို့ ဘုရားလောင်းက ဆုံးမတယ်။

ဘုရားလောင်း ဆုံးမတဲ့အတိုင်းပဲ ကျန်တဲ့ငါးဦး သားစလုံးက "သာဓု ကောင်းပါပြီ"လို့ ပြောပြီးတော့ အင်း သူတို့နေတဲ့ အနေကလေးက ရပ်ထဲရွာထဲက သီချင်းစက်တွေ ဖွင့်လို့၊ ရေဒီယိုက သီချင်းတွေ နားထောင်လို့၊ ဒီလိုပျော်တဲ့ အပျော်မျိုး မဟုတ်ဘူး။ မေ့လျော့တဲ့ အပျော်မျိုး မဟုတ်ဘဲနဲ့ တစ်အိမ်လုံး ရှိသမျှ အိမ့်ရှင် ဘုရားလောင်းယောကျ်ားရယ်၊ အိမ်ရှင်မ ဇနီးသည်ရယ်။ သားရယ်၊ သမီးရယ်၊ ချွေးမရယ်၊ အိမ်စေမရယ် ဆိုတဲ့ ခြောက်ဦးစလုံးဟာ အင်မတန်မှ ဒီဃောဂါဝစရ ပုဂ္ဂိုလ်တွေ စုပေါင်းနေတဲ့ ကမ္မဋ္ဌာန်းကျောင်းကလေးလို တရားနှလုံးနဲ့နေပြီး အေးအေး မြမြနေကြတယ်။

အဲဒီလိုနေလို့ ရက်က လပြောင်း၊ လက နေပြီး နှစ် ပြောင်းလို့ နှစ်ဟောင်းကုန်လို့ တစ်နှစ်ရောက်၊ တစ်နှစ်ပျောက်လို့ နောက်တစ်နှစ် တိုးပြီးတော့ နေရ ရှည်လများ နှစ်ရှည်လျားလာတဲ့တစ်ချိန် တစ်နေ့တော့ ဘုရားအလောင်းကြီးက နေ့စဉ်သွားနေကျအတိုင်း သားကလေး ခေါ်ပြီးတော့ ယာထွန်သွားတယ်။ ယာရောက်တော့ ဘုရားအလောင်းက ယာ ထွန်တယ်။

http:\\www.dhammadownload.com



## သားငယ် မြွေကိုက်သေဆုံးခြင်း

သားကလေး၊ လူကလေး၊ မင်း အဲဒီက ထွက်တဲ့ မြက်တွေကို ကောက်၊ ကောက်ပြီးတော့ ဟိုကန်သင်းပေါ် ပုံ၊ ပုံပြီးတော့ နောက်တစ်နေ့မှ မီးရှို့လို့ရှိရင် ပိုးကောင်တွေ ဘာတွေ ဒီအထဲ ရောက်နေလိမ့်မယ်။ ဒီတော့ အခု စောစောစီးစီးပဲ ထွက်သမျှအမှိုက်တွေကို ခါခါပြီး ပိုးတွေ မွှားတွေ စင်ကြယ်အောင် ခါခက်ပြီးတော့ အဲဒီအမှိုက်တွေကို ကန်သင်းပေါ်မှာ တင်ပြီးသကာလ လူကလေးက မင်းက မီးရှို့နော်။ အဖေက ယာထွန်မယ်ဆိုပြီးတော့ ဘုရားလောင်းကလေ အလှူအလှာ အစုန်အဆန် အခေါက်ခေါက် ဒီလိုယာထွန်။

သားကလေးကလည်းပဲ ဘုရားလောင်းခမည်းတော်ပြောတဲ့အတိုင်း အမှိုက်တွေကောက်ပြီးတော့ ခါခါပြီး ကန်သင်းပေါ် တင်ပြီး မီးရှို့တော့ အဲဒီက မီးခိုးက မနီးမဝေးမှာ ရှိတဲ့တောင်ပို့အခေါင်းထဲ လေသင့်ပြီးတော့ ဝင်သွားတယ်။ အဲဒီတောင်ပို့အခေါင်းထဲမှာ အင်မတန်အဆိပ်ပြင်းတဲ့ မြွေဟောက်တစ်ကောင်ရှိတော့ သူက မီးခိုးက မြွေဟောက်ရဲ့ မျက်လုံး သွားရိုက်တော့ မြွေဟောက်က ဒေါသတကြီး အခေါင်းပြင်ဘက် ထွက်လာပြီး ငါ့ရန်သူ ဘယ်ဟာပါလိမ့်လို့ အဲဒီလို ကြည့်တဲ့အခါ–

ဣမံ နိဿာယ မယှံ ဘယံ ဥပ္ပန္နံ။

ဣမံ=ဤသူကို။ နိဿာယ=အမှီပြု၍။ မယှံ–ငါ့အား။ ဘယံ= အခု မျက်စိထဲ အခိုးရိုက်တဲ့ ဘေးသည်။ ဥပ္ပန္နံ=ဖြစ်ပေါ်လာစွတကားလို့–

## သားသေသော်လည်း မငိုကြွေးသောဖခင်

ဒေါသဟုန်းဟုန်းထွက်ပြီးတော့ ဒီကလေးရှိတဲ့နေရာ ကလေးဆိုပေမယ့် ငယ်တော့မငယ်ဘူးနော်။ အိမ်ထောင်ရှင်ကလေးပေါ့။ အသက် ၂၀၊ အစိတ်လောက် ရှိပြီ။ ဒီကလေး မြက်တွေ မီးရှို့တဲ့နေရာကို အပြေး

http:\\www.dhammadownload.com



အလွှားသွားပြီး နောက်ကနေ အစွယ်လေးချောင်းနှစ်အောင် ကလေးကို တအားကုန်ပေါက်လိုက်၊ ပေါက်လိုက်တော့ ဒီနေရာတွင်ပဲ အင်း- သားကလေးဟာ ပက်လက်လဲပြီးတော့ အနိစ္စရောက်ရှာတယ်။

ဘုရားလောင်းကလည်း ယာထွန်လို့။ ထွန်မြဲထွန်ရာက နေပြီး တော့ သားကလေး ပက်လက်လဲနေတာမြင်လို့ သွားကြည့်တဲ့အခါ အသက်မရှိတော့ဘူး။ အသက်မရှိတာကို မြင်တော့ ဘုရားလောင်းက ဘာလဲ။

ဘိဇ္ဇနဓမ္မံ ဘိန္နံ=ပျက်စီးတတ်တဲ့တရားမို့ ပျက်စီးတာပဲ။ မရဏဓမ္မံ မတံ=စုတိပြုတ် သေလွန်ရတဲ့ တရားမျိုးမို့ သေတာပဲ။

သဗ္ဗေ သင်္ခါရာ အနိစ္စာ မရဏနိပ္ဖတ္တိကာ။

သဗ္ဗေ သင်္ခါရာ=ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော သင်္ခါရတရား မှန်သမျှတို့သည်။ အနိစ္စာ=မမြဲကုန်။ မရဏနိပ္ဖတ္တိကာ=စုတိပြုတ်ကြွေ သေလွန်ရခြင်း ဘင်ခဏလျှင် အပြီးအဆုံး နိဂုံးကမ္ပတ် အဆုံးသတ်ကြရ ကုန်၏။

ခပ်သိမ်းသော သင်္ခါရတရားတွေဆိုတာ သေခြင်းခေါ်တဲ့ ဘင် ခဏမှာ နောက်ဆုံးအစသတ် နိဂုံးကမ္ပတ်အုပ်ကြရတာပဲလို့အဲဒီလို တရား နှလုံးနဲ့ သံဝေဂယူပြီး ယာကိုပဲ ပြန်ပြီး ထွန်မြဲတိုင်း ထွန်နေတယ်။ အဲဒီ လို ထွန်လို့ တစ်အောင့်လောက် ကြာတဲ့အခါကျတော့ ယာထွန်တဲ့ အနီး အနားလူတစ်ယောက်က ဒီအနားလျှောက်လာလို့ အင်း-ဘုရားလောင်း က သားကလေးရဲ့ အလောင်းကို သစ်ပင်ရင်းမှာ သွားပြီးတော့ ရွှေ့ထား တယ်။ ရွှေ့ထားပြီးပြီးတော့ သူယာထွန်မြဲ ထွန်နေတယ်။ ထွန်နေလို့ တစ်အောင့်လောက် ကြာတော့ အနီးအနားက ယာထွန်တဲ့လူတစ်ယောက် ဒီအနားလျှောက်လာတာ မြင်တော့-

တာတ တွံ ဂေဟံ ဂစ္ဆသိ။

http:\\www.dhammadownload.com



တာတ =အမောင်။ တွံ=သင်သည်။ ဂေဟံ=အိမ်သို့။ ဂစ္ဆသိ= သွားမလို့လားလို့ မေးလိုက်တယ်။

"အမောင် သင်အိမ်ပြန်မလို့လား"

အာမ=ဟုတ်ပါတယ်။

တေန ဟိ အမှာကမ္ပိ၊ ဃရံ ဂန္တွာ ဗြာဟ္မဏိ ဝဒေယျာသိ။

"မင်းအိမ်ပြန်သွားလို့ ရှိယင်ကွယ်၊ တို့အိမ်ကိုလည်း တဆိတ်သွား ရောက်ပါ။ သွားပြီးတော့ အိမ်မှာရှိတဲ့ အိမ်ရှင် ပုဏ္ဏေးမကို ဟောဒီအတိုင်း ပြောလိုက်ပါ"

ဘယ့်နှယ်လဲ။

"ဒီကနေ့ နှစ်ယောက်စာ ထမင်းကို မပို့စေနဲ့။ တစ်ယောက်စာ ပဲ ထမင်းပို့ပစေ။ နေ့တိုင်းနေ့တိုင်းကတော့ အိမ်စေမကလေးတစ်ယောက် သာ ထမင်းလာပို့တယ်။ ဒီကနေ့ အိမ်စေကလေးတစ်ယောက်သာ လာ မပို့နဲ့။ အိမ်မှာရှိကြတဲ့ လေးယောက်စလုံး ဝတ်ဖြူစင်ကြယ်ဝတ်ပြီးတော့ နံ့သာပန်းမန်များ ရသလောက် ယူပြီးတော့ လာခဲ့ကြလို့ အမောင်ပြော လိုက်ပါ"

ကောင်းပါပြီ ဆိုပြီးတော့ အဲဒီ အိမ်နီးနားချင်းယောကျ်ားက ပြန် သွား၊ ဘုရားလောင်း လယ်သမားကြီးမှာလိုက်တဲ့အတိုင်း အိမ်ရှင်ပုဏ္ဏေး မကြီးကို ပြောပြတယ်။

## သားသေသော်လည်း မငိုကြွေးသော မိခင်

ပြောပြတော့ ပုဏ္ဏေးမကြီးက–

ကေန တေ တာတ ဣမံ သာသနံ ဒိန္နံ။

တာတ=အမောင်။ တေ=သင့်အား။ ကေန=အဘယ်သူက။ ဣမံ သာသနံ=ဤသတင်းစကားကို။ ဒိန္နံ=ပေးအပ်သနည်း။

http:\\www.dhammadownload.com



"အမောင်၊ အမောင့်ကို ဒီသတင်းစကားပါးလိုက်တာ ဘယ်သူတုံးကွယ်။ အဖေက ပါးလိုက်တာလား၊ သားက ပါးလိုက်တာလား"လို့ မေးတယ်။ ဒီတော့–

ဗြာဟ္မဏေန အယျေ။

အယျေ=အရှင်မ။ ဗြာဟ္မဏေန=ဖခင်ပုဏ္ဏားက။ ဣမံ=ဤသတင်းစကားကို ပါးလိုက်ပါတယ်။

"သြော်–ဖခင်ပုဏ္ဏားက ပါးလိုက်တယ်အရှင်မ"လို့ ပြောလိုက်လျှင်ပဲ–

ပုတ္တော မေ မတော။

မေ=ငါ၏။ ပုတ္တော=သားသည်။ မတော=စုတိပြတ်ကြွေ သေလွန်ခဲ့လေပြီ"လို့–

ပုဏ္ဏေးမကြီးက အတတ်သိတယ်။ အဲဒီလို အတတ်သိပြီးတော့ ဒီနေရာက လဲသွားသလား၊ ဒီလိုမဟုတ်ပါဘူး။ စောစောစီးစီးက ဘုရားလောင်း ဆုံးမထားတဲ့ ဆုံးမစာကြည့်ပြီး နေခဲ့တဲ့အတွက် စိတ်ထဲမှာ တုန်လှုပ်ခြင်းတောင် မဖြစ်ပါဘူးတဲ့။ ဘိဇ္ဇနဓမ္မံ ဘိန္နံ၊ နဿနဓမ္မံ နဋ္ဌံ= ပျက်စီးခြင်းသဘောမို့ ပျက်စီးတာပဲ။ ကွယ်ပခြင်းသဘောရှိတဲ့တရားမျိုးမို့ ကွယ်ပတာပဲ။ ရုပ်နာမ်ဓမ္မ သင်္ခါရဆိုတာ ဘယ်မှာ အမြဲရှိမလဲ။ နောက်ဆုံးမှာ စုတိပြတ်ကြွေသေရခြင်း ဘင်ခဏာလျှင် အဆုံးသတ်နိဂုံးကမ္ပတ်ရှိတာပဲလို့ တရားသံဝေနဲ့ ဖြေဖျောက်ပြီး ဘုရားအလောင်း မှာလိုက်တဲ့ အတိုင်း နံ့သာပန်းခိုင်ကလေးများ ရသမျှ ခူးပြီးသကာလ လေးဦးစလုံး ဝတ်ဖြူစင်ကြယ်များ ဝတ်ပြီးတော့ အိမ်စေမကလေးက ဘုရားလောင်း တစ်ဦးအတွက်သာ ထမင်းလေး ထည့်ပြီး ယူလာခဲ့တယ်။

http:\\www.dhammadownload.com



## တရားရကြသည့်မိသားစုများ

ဘုရားလောင်း ယာထွန်တဲ့နေရာ ရောက်တဲ့အခါမှာလည်းပဲ လေးဦးသားဟာ ဒီသားကလေးရဲ့ အလောင်းရဲ့ လက်ဝဲလက်ယာ ခြေရင်း ခေါင်းရင်းက အဲဒီလို ဝိုင်းထိုင်နေကြပေမယ့် တစ်ယောက်မှ မျက်ရည်မကျ၊ တစ်ယောက်မှ သောကမီး ပရိဒေဝမီး မတောက်ဘဲနဲ့ "သြော်- ပျက်စီးခြင်းသဘောရှိတဲ့ တရားမို့ ပျက်စီးတာပဲ။ စုတိပြတ်ကြွေ သေလွန်ခြင်းသဘောရှိတဲ့တရားမို့ စုတိပြတ်ကြွေသေလွန်တာပဲ"လို့ ရဲရဲရှု ပြီးတော့ မရဏာဿတိကိုပဲ သူတို့ ပွားကြတယ်။

တကယ့်ကိုပဲနော်၊ ဟို ရဟန္တာမဖြစ်သေးပေမယ့် အဲဒီဘဝမှာ အနာဂါမ် ရဟန္တာဖြစ်ပြီးသားပုဂ္ဂိုလ်ကြီးများလို ဘုရားလောင်းကြီးတို့ အားလေ၊ အင်မတန်အားရလောက်တဲ့ မရဏာဿတိ ဘာဝနာပဲ။ ဒါ ဘာပြုလို့လဲ။ စောစောစီးစီးက နေပြီးသကာလ မရဏာဿတိကို ပွား များထားတဲ့အတွက် လောကဓံနှင့်တွေ့တဲ့အခါ ကြံ့ကြံ့ခံပြီးတော့ အဆန်း မဟုတ်ပါဘူးကွယ်။ စောစောစီးစီးက ငါစဉ်းစားထားတဲ့အတိုင်း ပျက်စီးရ မယ့်သဘောမို့ ပျက်စီးတာပဲ။ စုတိပြတ်ကြွေသေလွန်ရမယ့်သဘောမို့ သူသေလွန်တာပဲ။ သင်္ခါရတရားတွေဆိုတာ နောက်ဆုံးမှာဖြင့် သေခြင်း လျှင် ဘင်ခဏလျှင် အဆုံးသတ် ကမ္ပတ်သစ်ဖုံး နိဂုံးအုပ်ကြတာပ။ အစောကြီးက စဉ်းစားထားတဲ့အတိုင်း ယခုလည်း လက်တွေ့ စဉ်းစားနေ ကြတယ်။

အဲဒီလို စဉ်းစားလို့ လောကကြီးတစ်ခုလုံးမှာ ဒီလို မိသားစု ဒီလို အိမ်ထောင်စု ပုဂ္ဂိုလ်တွေ မရှိတော့နော်။ အင်မတန် အံ့ဖွယ်သူရဲ ဖြစ်ပြီး တော့ ဘယ်လောက်တုန်လှုပ်လိုက်သလဲဆိုတော့ ဒီက ဘုရားအလောင်း မိသားစုတို့ရဲ့ မရဏာဿတိ ဘာဝနာ အရှိန်အစော်ကြောင့် သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ ကျောက်ဖြာဟာ ပူနွေးသော အခြင်းအရာကို ပြလို့

http:\\www.dhammadownload.com



"ဘယ်သူကများ ငါ့ကို သိကြားဘုံက ရွှေ့လျောဖို့ရန် ကြံပါဘိ"လို့ သိကြားမင်းက လူ့ပြည် မျှော်ကြည့်တဲ့အခါကျတော့ ဘုရားလောင်း မိသားစုတို့ရဲ့ မရဏာဿတိ ဘာဝနာတရားကြောင့် မဏ္ဍု ကမ္ဗလာ ကျောက်ဖြာတင်းတာကို မြင်ပြီးတော့--

## သိကြားမင်းက မိသားစုများအား စုံစမ်းခြင်း

အဟံ ဧတေသံ သန္တိကံ ဂန္တွာ သီဟနာဒံ နဒါပေတွာ သီဟနာဒ ပရိယောသာနေ ဧတေသံ နိဝေသနံ သတ္တရတနပရိပုဏ္ဏံ ကတွာ အာဂန္တုံ ဝဋ္ဋတိ။

အဟံ=ငါသည်။ ဧတေသံ=ထိုသူငါးဦးတို့၏။ သန္တိကံ= အထံသို့။ ဂန္တွာ–ဂစ္ဆာမိ=သွားမှ တော်မယ်။ ဂန္တွာ=သွားပြီးသကာလ။ သီဟနာဒံ =ခြင်္သေ့မင်းကဲ့သို့ ရဲရဲတောက် မရဏာဿတိစကားကို၊ နဒါပေတွာ= ဟိန်းဟောက်ကျူးရင့်စေပြီးသကာလ။ သီဟနာဒ ပရိယောသာနေ= ခြင်္သေ့ဟိန်းဟောက်သံနဲ့ တူတဲ့ ရဲရဲတောက် မရဏာဿတိကထာ စကား ၏အဆုံး၌၏။ ဧတေသံ နိဝေသနံ=ထိုသူငါးဦးတို့နေတဲ့ အိမ်ကို။ သတ္တ ရတန ပရိပုဏ္ဏံကတွာ=ရတနာခုနစ်ပါးနဲ့ ပြည့်စုံသည်ကို ပြု၍။ အာဂန္တုံ= ပြန်လာခြင်းငှာ။ ဝဋ္ဋတိ–သင့်၏။

စိတ်ကြည်လင်မှုဖြစ်ပြီးတော့ သိကြားဟာ ကောင်းကင်က ဘုရားလောင်း အမှူးပြုတဲ့ အိမ်ထောင်စုငါးဦးတို့ သားကလေးကို မီးသဂြိုဟ်တဲ့ နေရာကို လာခဲ့ပြီ ဘုရားလောင်းရယ်၊ မိခင်ပုဏ္ဏေးမကြီးရယ်၊ နှမကလေးရယ်၊ အိမ်စေမလေးရယ်၊ ကွယ်လွန်တဲ့ သားကလေးရဲ့ ဇနီး ဖြစ်တဲ့ ချွေးမကလေးရယ် အားလုံး ငါးဦးသား မြက်ခြောက်ကလေး၊ ထင်းခြောက်ကလေး ဟိုအနား ဒီအနားက စုဆောင်းလို့ ထင်းပုံကလေး ပုံပြီးတော့ သားငယ်ရဲ့ ရုပ်အလောင်းကို ထင်းပုံပေါ်မှာ တင်ပြီးသကာလ မီးသဂြိုဟ်နေကြတဲ့အခိုက် သိကြားမင်းက ခရီးသွားယောကျာ်းပုဏ္ဏား

http:\\www.dhammadownload.com



ရဲ့အသွင်ဖြင့် မီးသင်္ဂြိုဟ်နေကြတဲ့ အနားမှာ ရပ်ပြီးတော့–

တာတ ကိံ ကရောထ။

တာတ=အမောင်တို့။ ကိံကရောထ=ဘာလုပ်ကြသတုံး–လို့ မေးတယ်။ ဒီတော့ ဘုရားလောင်းက ပြန်ပြောတယ်။

ဧကံ မနုဿံ ဈာပေမ သာမိ။

အို–အရှင်။ ကျွန်ုပ်တို့ လူတစ်ယောက်ရဲ့ ဥတုဇရုပ်အလောင်းကို ဈာပန သင်္ဂြိုဟ်မှု ပြုနေကြပါတယ်။

မခံချင်အောင် တောက်လိုက်ဦးမှပဲလို့ ဆိုပြီးတော့ သိကြားမင်းက–

န တုမှေ မနုဿံ ဈာပေဿထ၊ ဧကံ ပန မိဂံ မာရေတွာ ပစထ မညေ။

တုမှေ=အမောင်တို့သည်။ မနုဿံ=လူရဲ့ ဥတုဇရုပ်အလောင်းကို။ န ဈာပေဿထ=ဈာပနပြုကြတာ ဟုတ်မည်မထင်။ ပန=စင်စစ်သော်ကား။ ဧကံမိဂံ=သားသမင်တစ်ကောင်ကို ။ မာရေတွာ=သတ်ပြီးသကာလ။ ပစထ မညေ=အဲဒီသားသမင်တစ်ကောင်ကို မီးဖုတ်ကြကုန်ယောင်တကား။

ငါကတော့ မင်းတို့ လူရဲ့ အလောင်းကို မီးသင်္ဂြိုဟ်တာ ဟုတ်မယ်မထင်ဘူး။ မင်းတို့ တောထဲမှာ လူမသိ သူမသိနဲ့ သားကောင်တစ်ကောင်ကို သတ်ပြီးတော့ ပါဏာတိပါတ သိက္ခာပုဒ် လွန်ကျူးကြပြီး သားကောင်သတ်၊ အဲဒီသားကောင်ကို မင်းတို့ ဖုတ်နေကြ၊ ကင်နေကြတာပဲလို့ ထင်တယ်။

နတ္ထေတံ သာမိ၊ မနုဿမေဝ ဈာပေမ။

သာမိ=အို အရှင်၊ ဧတံ=ဤအကြောင်းသည်။ နတ္ထိ= မဟုတ်မမှန်ပါ။

http:\\www.dhammadownload.com



စိတ်မဆိုးလေနဲ့။ အရှင်အခုပြောတဲ့အတိုင်း မဟုတ်ပါဘူး။ ကျုပ်တို့ ဘယ်တော့မှ ပါဏာတိပါတ ဒုစရိုက်မှု၊ အဒိန္နဒါန၊ ကာမေသု မိစ္ဆာစာရ၊ မုသာဝါဒ၊ သုရာပါနဆိုတဲ့ ဒီဒုစရိုက်မှု ငါးမျိုးကို အမြဲတစေ ရှောင်နေတဲ့ ငါးပါးသီလ အမြဲတစေလုံနေကြတဲ့ ပုဂ္ဂိုလ်တွေပါ။

နတ္ထေတံ သာမိ။

သာမိ=အရှင်။ ဧတံ=ဤအရှင်ပြောတဲ့အတိုင်း သားသမင်တစ်ကောင်ကို မီးဖုတ်ခြင်းသည်။ နတ္ထိ=မဟုတ်ပါ။ မနုဿမေဝ= ဧ္ပာပေမ= လူသားရဲ့ ဥတုဇရုပ်ကလာပ်ကိုပင် ဖုတ်ကြည်းသင်္ဂြိုဟ်မှု ပြုရှုနေကြပါ ကုန်တယ်။

တေန ဟိ ဝေရိမနုဿော ဝေါ ဘဝိဿတိ။

လိုးလွှဲပြီးတော့ သူတို့ကို ပြောဦးမှပဲ။

တေနဟိ=ဒါဖြင့်လျှင်။ ဝေါ=သင်တို့၏။ ဝေရိမနုဿော=ရန်သူ ဖြစ်တဲ့ လူရဲ့ ဥတုဇရုပ်အလောင်းသည်။ ဘဝိဿတိ=ဖြစ်မှာပေါ့”လို့ သိကြားမင်းက ငေါ့တော့တော့၊ ခပ်ရော့ရော့ ပြောလိုက်တဲ့အခါကျတော့ ဘုရားလောင်းက ဘာပြန်ပြောသလဲ။

ဩရသပုတ္တော နော သာမိ။ န ဝေရိ မနုဿော။

သာမိ=အရှင်။ နော=အကျွန်ုပ်တို့၏။ ဩရသပုတ္တော= ရင်မှ ဖြစ်တဲ့ သားကြီးရဲ့ ရုပ်အလောင်းဖြစ်ပါတယ်။ န ဝေရိမနုဿော=ရန်သူ လူရဲ့ ဥတုဇရုပ်အလောင်း မဟုတ်ပါဘူးလို့ ပြောတယ်။

တေန ဟိ ဝေါ အပ္ပိယ ပုတ္တော ဘဝိဿတိ။

တေန ဟိ=သို့တပြီးကား။ ဝါ-ထိုသို့ သားရဲ့အလောင်းဖြစ်လျှင်။ ဝေါ=သင်တို့၏။ အပ္ပိယပုတ္တော=မချစ်တဲ့ မုန်းတဲ့သားသည်။ ဘဝိဿတိ =ဖြစ်မှာပေါ့လို့ သိကြားမင်းက တစ်ဖန် ငေါ့တော့တော့ ပြောပြန်တော့

http:\\www.dhammadownload.com



ဘုရားအလောင်းက–

အတိဝိယ ပိယပုတ္တော သာမိ။

သာမိ=အရှင်။ အတိဝိယ=အလွန်လျှင်= ပိယပုတ္တော=အသက်တမျှ ချစ်ခင်အပ်တဲ့ သားရဲ့ ဥတုဇရုပ်အလောင်းဖြစ်ပါတယ်လို့ ဒီလိုပြောတယ်။

ဒီတော့ သိကြားက ပြန်မေးတယ်။

အထ ကသ္မာ န ရောဒသိ။

အထ=ထိုသို့ ဖြစ်ပါလျက်။ ကသ္မာ=အဘယ့်ကြောင့်။ န ရောဒသိ=အသင် မငိုကြွေး မပူဆွေးပါလေသနည်းလို့ မေးတော့ ဘုရားလောင်းကြီးကလေ ခံ့ခံ့ညားညား ဂါထာနဲ့ ပြန်ပြောတယ်။

ဥရဂေါဝ တစံ ဇိဏ္ဏံ၊
ဟိတွာ ဂစ္ဆတိ သံ တနုံ။
ဧဝံ သရီရေ နိဗ္ဘောဂေ၊
ပေတေ ကာလကတေ သတိ။

သာမိ=အို–အရှင်။ ဥရဂေါ=မြွေနဂါးသည်။ ဇိဏ္ဏံ တစံ–ဆွေးမြည့်လေပြီးသောအရေဟောင်းကို။ ဟိတွာ=ပယ်စွန့်၍။ ဂစ္ဆတိ ဏ္ဏ၀=အလိုရှိရာအရပ်တစ်ပါး သွားလေသကဲ့သို့။ ဧဝံ=ဤအတူ။ မမပုတ္တော=ငါ၏သားသည်။ သံတနုံ=မိမိ၏ ကိုယ်ခန္ဓာအဟောင်းကို။ ဟိတွာ=ပယ်စွန့်၍။ ဂစ္ဆတိ=ထိုက်သင့်ရာ ဂတိတစ်ပါးပါးသို့ ငါ့သားသွားခဲ့လေပြီ။ သရီရေ=ယခုမြင်ရတဲ့ ဥတုဇရုပ်ကလာပ်သည်။ နိဗ္ဘောဂေ= အသုံးမကျတော့ပေ။ ပေတေ=ငါ့သားဟာ တမလွန်လောကသို့ သွားပြီးသည်။ ကာလကတေ=စုတိပြတ်ကြွေ သေလွန်ပြီးသည်။ သတိ=ဖြစ်ပါလျက်။ ရောဒနေန=အမိုက်မွေးတဲ့ ငိုကြွေးခြင်းဖြင့်။ မေ=ငါ့အား။ ကိံ=အဘယ်အကျိုး ရှိပါအံ့နည်း။ နတ္ထိ=တစိုးတစိ အကျိုးမရှိ ဧကန်မှန်လှပါလေ၏။

http:\\www.dhammadownload.com



အရှင်၊ လောကဥပမာအားဖြင့် မြွေကလေးအရေဟောင်းကို စက်ဆုပ်ပြီး သကာလ အရေဟောင်းကို စွန့်ပြီး သူအလိုရှိရာ သွားသလို ငါ့သားလည်းပဲ အရေဟောင်းနဲ့တူတဲ့ ခန္ဓာကိုယ်အဟောင်း စွန့်ပြီး သကာလ သူထိုက်သင့်ရာ ဂတိတစ်ပါး ဂတိငါးပါးတွင် တစ်ပါးပါးသို့ သူသွားခဲ့လေပြီ။ ယခု မျက်မြင်ဖြစ်တဲ့ ဒီဥတုဇရုပ်ကလာပ်ကြီးကတော့ ဘာမှ လူ့ပြည်လောကမှာ အသုံးချလို့မရဘူး။ အဲဒီလို အသုံးမဝင်တာဖြစ်ပါလျက် ဒီဥတုဇရုပ်ကလာပ်ကို လှမ်းလှမ်းအာရုံပြုပြီးတော့ ငိုကြွေးတယ်။ ပူဆွေးတယ်ဆိုတာ ဘာအကျိုးရှိမလဲ။ ဘာမှ အကျိုးမရှိဘူး။

ဍယှမာနော န ဇာနာတိ၊

ဉာတီနံ ပရိဒေဝိတံ။

တသ္မာ ဧတံ န သောစာမိ၊

ဂတော သော တဿ ယာဂတိ။

အယံ=ဤ ဥတုဇရုပ်အလောင်းကတော့။ ဍယှမာနောပိ=မီးတိုက်အပ်ပါသော်လည်း။ နဇာနာတိ=ပူမှန်းအေးမှန်း တစိုးတစိ မသိနိုင်တော့ပေ။

(ဒီ ဥတုဇရုပ်ကလာပ်ကြီးဟာ မီးတိုက်သော်လည်းပဲ ဘာမှ သိတာ မဟုတ်ဘူး။) ဉာတီနံ=ဆွေမျိုးအပေါင်းတို့က။ ပရိဒေဝိတံ-ပရိဒေဝိတမ္ပိ=ဝိုင်းပြီး ပူဆွေးငိုကြွေးကြခြင်းကိုလည်း။ န ဇာနာတိ=ဒီ ဥတုဇ ရုပ်ကလာပ်က တစိုးတစိသိမည်မဟုတ်ချေ။

ဒီဥတုဇရုပ်ကလာပ်ကြီးက ဆွေမျိုးတွေ ဝိုင်းပြီးတော့ ဘယ်လိုပင် ပြောပြော၊ ဘယ်လိုပင် ငိုကြွေးပူဆွေးနေပေမယ့်လို့ မသိဘူး။ နဂိုတုန်းက တို့မျှော်လင့်တဲ့ ကိုယ့်သားမှ မဟုတ်တော့ဘဲ၊ ဥတုဇရုပ်ကလာပ်ကြီး ဘဝသို့ ပြောင်းသွားပြီ။ တစ်နည်းအားဖြင့် သင်္ချာန်ပြောင်းသွားပြီ။

တသ္မာ ဧတံ န သောစာမိ၊

ဂတော သော တဿ ယာဂတိ။

အယံ=ဤ ဥတုဇစုပေါင်း ဤရုပ်အလောင်းသည်ကား။ ဍယှမာ

http:\\www.dhammadownload.com



နော့ပိ=မီးသဂြိုဟ်အပ်ပါသော်လည်း။ န ဇာနာတိ=ပူမှုန်း တစိုးတစိ သူ မသိချေ။ ဉာတီနံ=ဆွေမျိုးအပေါင်းတို့က။ ပရိဒေဝိတံ=ငိုင်းဝန်း ငိုကြွေး ပူဆွေးကြပေမယ်လို့။ န ဇာနာတိ=တစိုးတစိ သူမသိချေ။ တသ္မာ= ထို့ကြောင့်။ နသောစာမိ=မစိုးရိမ်မပူဆွေး ငါတို့ မငိုကြွေးကြတော့ပါ။ သော=ထို ငါတို့သားသည်။ ယာ ဂတိ=အကြင် ဂတိငါးသွယ် သူ၏ လားရောက်ဖွယ်သည်။ အတ္ထိ=ရှိ၏။ တံ ဂတိံ=ထို ဂတိငါးသွယ်တွင် သူ၏ လားဖွယ်တစ်ပါးပါးသော ဂတိသို့။ ဂတော=ပေါင်းစည်းမရာ မခံသာဘဲ ဓမ္မတာအား သူသွားခဲ့လေပြီ။

သူ့ကံ စီမံတဲ့အတိုင်း ဂတိငါးပါးထဲက သူနဲ့ထိုက်သင့်ရာ ဂတိ တစ်ပါးပါးသို့ သူဟာ သွားခဲ့ပြီ။ ဘယ်ကို လိုက်ငိုရမလဲ။ ဟိုကို သွားတဲ့ မမြင်တာကို လှမ်းပြီး ငိုနေရမှာလား။ ခုမြင်နေရတဲ့ ဥတုဇရုပ်ကလာပ် ကိုပဲ ငိုနေရမှာလား။ အာရုံပြုပြီး။ ဘာမှငိုစရာမရှိဘူးလို့ ဘုရားလောင်း ဖခင် ပုဏ္ဏားက ပြောလိုက်တဲ့အခါကျတော့ ဟို မိခင် ပုဏ္ဏေးမဘက် လှည့်ပြီးတော့–

အမ္မ တုယှံ သော ကိံ ဟောတိ။

(သိကြားမင်းက မေးတယ်။)

အမ္မ=အို–အမေ။ သော=ထိုယခုသေတဲ့ သူငယ်သည်။ တုယှံ= သင်နှင့်။ ကိံ ဟောတိ=ဘယ်လို တော်စပ်ပါသလဲ။

အမိရယ်၊ အခုသေတဲ့ ကလေးဟာ အမိနဲ့ ဘယ်လိုတော်စပ်တုံး လို့ ဆိုတော့ မိခင်ပုဏ္ဏေးမက–

ဒသမာသေ ကုစ္ဆိနာ ပရိဟရိတွာ ထည့်ပါယေတွာ ဟတ္ထပါသေ သဏ္ဌပေတွာ ဝမိုတပုတ္တော မေ သာမိ။

သာမိ=အို အရှင်။ အယံ=ဤယခုစုတိပြုတ်ကြွေသေလွန်တဲ့ ပုဂ္ဂိုလ်ကား တခြားမဟုတ်။ ဒသမာသေ=ဆယ်လတို့ပတ်လုံး။ ကုစ္ဆိနာ =ဝမ်းဖြင့်။ ပရိဟရိတွာ=လွယ်ပိုက်ဆောင်ပြီး သကာလ။ (ကျွန်မကိုယ် တိုင် ဆယ်လတိုင်တိုင် ဝမ်းကြာတိုက်တွင် လွယ်ပိုက်ဆောင်ပြီးသကာလ)

http:\\www.dhammadownload.com



ထည့်=နို့ချိုအေးကို။ ပါယေတွာ=တိုက်ကျွေးပြီး သကာလ။ ဟတ္ထပါဒေ= လက်ကလေး ခြေကလေးတို့ကို သဏ္ဌပေတွာ=မလှလှကြောင်း ကောင်း စွာ ပြုပြင်ပြင်ဆင်ပေးပြီးသကာလ။ မေ=ကျွန်တော်မသည်။ ဝမိုတ ပုတ္တော=တစ်နေ့တခြား လှအောင် တင့်တယ်အောင် ကြီးပွားစေအပ်ခဲ့တဲ့ သားပါပေတည်းလို့-

ဂရုတစိုက် နို့ချိုအေး တိုက်ကျွေးပြီးကကာလ လက်ကလေး ခြေကလေးများ လှရာလှကြောင်း ပြုပြင်ပြီးတော့ အလှကလေး တစ်နေ့ တခြား တိုးတက်လာအောင် မွေးကျွေးသုတ်သင်လာခဲ့တဲ့ သားဖြစ်ပါ တယ်။

သိကြားက ပြန်ပြောတယ်။

အမ္မ ပိတာ တာဝ ပုရိသဘာဝေန မာ ရောဒတု။

အမ္မ=အိုအမိ။ ပိတာ=ဖခင်က။ ပုရိသဘာဝေန=ယောကျ်ားရင့်မ ကြီးဖြစ်လေသောကြောင့်။ တာဝမာ ရောဒတု=မငိုယင် ရှိပါစေ။

မာတု ဟဒယံ ပန မုဒုကံ ဟောတိ။

မာတု=မွေးသမိခင် ကျေးဇူးရှင်သည်။ ဟဒယံ ပန=စိတ်နှလုံး ဆိုတာ။ မုဒုကံ=အလွန့်အလွန် သားအပေါ်မှာ နူးညံ့သည်။ ဟောတိ= ဖြစ်ပါ၏။

တွံ=သင်သည်။ ကသ္မာ=အဘယ့်ကြောင့်။ နရောဒသိ=မစိုးရိမ် မပူဆွေး မငိုကြွေးပါသနည်းလို့။

ဟို-ဖခင်လုပ်တဲ့ ပုဂ္ဂိုလ်ကတော့ ယောကျ်ားရင့်မာကြီး နှလုံးခိုင် တဲ့ ပုဂ္ဂိုလ်မို့ မငိုယင် ရှိပါစေတော့။ မိခင်ရဲ့ နှလုံးဆိုတာ သားအပေါ်မှာ အလွန်နူးညံ့တယ်။ ဘာကြောင့် အမိ မငိုတုံးလို့ မေးတော့ မိခင်ပုဏ္ဏေးမ က-

**မခေါ်ဘဲနှင့် သူလာခဲ့၏။ မပန်ကြားဘဲ သူပြန်ခဲ့၏။**

အနဝှိတော တတော အာဂါ၊

အနနုညာတော ဣတော ဂတော။

http:\\www.dhammadownload.com



ယထာ ဂတော တထာဂတော၊

တတ္ထ ကာ ပရိဒေဝနာ။

သာမိ။ အို-အရှင်။ သော=ထိုကျွန်တော်မ၏ သားသည်။ အနဝှိတော=သားရေ-သားရဲ့-လာပါလှဲ့ဟု စကားချဲ့၍ လာလှဲ့(လှည့်) ပါနော်။ ငါမခေါ်အပ်ပါဘဲလျက်။ တတော=ထို အတိတာနန္တရ ဟိုဘဝ မှ။ အာဂါ=ဤဘဝသို့ ပေါင်းစည်းမရာ မဆိုင်သာဘဲ သူကား လာရောက် ခဲ့လေပြီ။

သားယူရတဲ့ ဘဝကို မျှော်ကြည့်လိုက်စမ်းပါ။ သားရေ-သားရဲ့ ဟုတ်လား၊ လာခဲ့လေလို့ ငါခေါ်ရတာမဟုတ်ဘဲ သူ့ကံစီမံတဲ့အတိုင်း အတိတာနန္တရ သူ့ဟိုဘဝက ဤဘဝမှာ ကံစီမံတဲ့အတိုင်း ငါ့ဝမ်းဗိုက်ထဲ သူရောက်လာတယ်။

န အနုညာတော=သွားလိုလျှင်သွား ငါ၏သားဟု စကား ကြည်သာ ငါခွင့်မပြုပါဘဲလျက်။ ဣတော=ဤဘဝမှ။ ဂတော=သူ၏ ထိုက်ရာ ဂတိငါးပါး တစ်ပါးပါးသို့ သူသွားခဲ့လေပြီ။ အာဂတော ယထာ= လာတုန်းက ငါမခေါ်ဘဲ သူလာသကဲ့သို့။ တထာ=ထို့အတူ။ ဂတော= သွားသော်လည်းပဲ ငါ့ကို ခွင့်မတိုင်ဘဲ သူသွားခဲ့လေပြီ။ တတ္ထ=ထိုလာ တုန်းကလည်း ငါက မခေါ်သွားတော့လည်း ငါခွင့်ပေးမှုကို မပိုင်ဆိုင် ဘဲနဲ့ သူ့ကံစီမံရာ မခံသာဘဲ ဓမ္မတာအား သူ့လမ်းသူသွားရာ၌။ ပရိဒေဝနာ=စိုးရိမ်ပူဆွေး ငိုကြွေး၍နေရခြင်းသည်။ ကာ=အဘယ်အကျိုး ရှိပါအံ့နည်း။

တော်တော့ကို တရားရတယ်နော်။

အရှင်-တဲ့။ စဉ်းစားကြည့်စမ်းပါ။ မိခင်က သားရေ သားရဲ့ လာခဲ့ပါလို့ ခေါ်လို့ မိခင်ဝမ်းဗိုက်ထဲ ရောက်လာတာလား၊ မဟုတ်ဘူး။ မခေါ်ဘဲနဲ့ သူ့ကံအတိုင်း ကျွန်မတို့ဝမ်းထဲ ရောက်လာတာ။ အင်း တစ်ခါ လူ့ဘဝရောက်လာလို့ နို့ချိုအေးတိုက်ကျွေး၊ လက်ကလေး ခြေကလေး တွေ ပြုပြင်လို့ လူလားမြောက်လာတဲ့အခါ ခုအချိန်ဆိုကြပါစို့။ သွားချင်

http:\\www.dhammadownload.com



ယင် သွားပေါ့ငါ့သားလို့ ငါက ခွင့်ပြုတဲ့အချိန်ကို သူ မစောင့်တော့ဘဲနဲ့ သူ့ကံစီမံတဲ့အတိုင်း သူကား ဂတိငါးပါးတွင် ထိုက်သင့်ရာ သူသွားခဲ့လေပြီ။ လာတုန်းက ငါမခေါ်ဘဲ သူလာသလို ယခု ဟိုဘဝသွားပြန်တော့လည်း ငါ့ကို မပန်ကြားဘဲနဲ့ သူ့ကံစီမံတဲ့အတိုင်း ငါ့ကို စိမ်းစိမ်းပြင်ပြင်ကြီး ထားပြီး သွားခဲ့လေပြီ။

အဲဒီလို လာတုန်းကလည်း စိမ်း၊ သွားတော့လည်း စိမ်းနေတဲ့ အဖြစ်ပေါ်မှာ စိုးရိမ်ပူဆွေး ငိုကြွေးလို့ ဘာများအကျိုးရမှာတုံး။ အေးဟောဒီဥတုဇရုပ်ကြီး ကြည့်ပြီးတော့ ငိုကြွေးရမှာလား။

ဥယှမာနေ န ဇာနာတိ၊
ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊
ဂတော သော တဿ ယာ ဂတိ။

အယံ=ဥတုဇစုပေါင်း ဤရုပ်အလောင်းဟာကဖြင့်။ ဥယှမာနေ–ဥယှမာနေပိ=တံစူးဝါးတို့ဖြင့် တအားထိုးစိုက် မီးမြှိုက်အပ်ပါသော်လည်း။ န ဇာနာတိ=တစိုးတစိ ဘာကိုမှ သူမသိနိုင်ချေ။

(ဒီဥတုဇရုပ်ဟာ တံစူးဝါးတွေနဲ့ ထိုးထား၊ ထိုးလိုက်စိုက်လိုက်၊ သူဘာမှမသိဘူး။)

ဉာတီနံ=ဆွေမျိုးအပေါင်းတို့၏။ ပရိဒေဝိတံ–ပရိဒေဝိတမ္ပိ=စိုးရိမ်ပူဆွေး ဝိုင်းဝန်း၍ ငိုကြွေးကြပေမယ့်လည်း။ န ဇာနာတိ= တစိုးတစိ သူကဖြင့် မသိချေ။ တသ္မာ=ထို့ကြောင့်။

(မီးမြှိုက်တာကိုလည်း မသိ။ စိုးရိမ်ပူဆွေး ငိုကြွေးတာကိုလည်း သူမသိသောကြောင့်။)

ဧတံ=ဥတုဇစုပေါင်း ဤရုပ်အလောင်းကိုသာဖြင့်။ အာရဗ္ဘ= အာရုံပြု၍။ န သောစာမိ=မစိုးရိမ် မပူဆွေး ငါမငိုကြွေးပါ။ သော=ထိုငါ့သားသည်။ ယာ ဂတိ=အကြင်သူ၏ လားဖွယ် ဂတိတစ်ပါးပါးသည်။

http:\\www.dhammadownload.com



အတ္ထိ=ရှိ၏။ တဿ=တံဂတိ=ထိုသူ၏ ထိုက်ရာဂတိတစ်ပါးပါးသို့။ ဂတော=ပေါင်းစည်းမရာ မခံသာဘဲ ဓမ္မတာအား သူသွားခဲ့လေပြီ။

မိခင်ကလည်း ရဲရဲတောက်၊ သီဟနာဒ၊ မရဏာဿတိ ဘာဝနာကို ပွားထားတဲ့ မိဘပီပီ မိခင်က ရဲရဲတောက် စကားပြောလိုက်တော့ ဟို နှမကလေး သွားမေးတယ်။

## ငိုလျှင် ပိန်ရုံပဲ

အမ္မ တုယှံ သောကီ ဟောတိ=ကလေးမ၊ အခုသေတဲ့ ကလေးနဲ့ မင်းနဲ့ဘယ်လိုတော်ကြတုံး-လို့ ဆိုတော့-

ဘာတာ မေ သာမိ။

သာမိ=အို အရှင်ဦးကြီး။ မေ=ကျွန်တော်မ၏။ ဘာတာ=မောင်ကြီးပါပေတည်း။

ကျွန်မမောင်ကြီးပါ။ တစ်မိဝမ်းတွင်း ထက်အောက်ဆင်းတဲ့ မောင်ရင်းအစ်ကို ဖြစ်ပါတယ်လို့ ပြောတယ်။ ဒီတော့ သိကြားက ပြန်ပြီးတော့ မေးပြန်တယ်။

အမ္မ ဘဂိနိယောနာမ ဘာတူသု သိနေဟာဟောန္တိ၊ တွံ ကသ္မာ န ရောဒသိ။

အမ္မ=အမိသယ်-နှမငယ်။ ဘဂိနိယောနာမ=နှမသယ် မည်သည်။ ဘာတူသု=မောင်တို့အပေါ်၌။ သိနေဟ=အလွန်ပင် ချစ်ခင်ကြကုန်သည်။ ဟောန္တိ=ဖြစ်ကုန်၏။

အို-မိန်းကလေး၊ လောကမှာလေ၊ မောင်က နှမကို မချစ်ပေမယ့် နှမဆိုတာ အင်မတန်မှ နလုံးနူးညံ့ပြီးတော့ မောင့်အပေါ်မှာ သိပ်ပြီးတော့ ချစ်ကြတာပဲမဟုတ်လား။ အဲဒီလို ချစ်ကြရိုး ဓမ္မတာဖြစ်ပါလျက် မိန်းကလေးကတော့ ဘာပြုလို့ မငိုရတုံး၊ သိကြားက မေးတယ်။ ဒီတော့ ကလေးမက ဘယ်လိုပြန်ပြောတုံးလို့ဆိုတော့-

သစေ ရောဒေ ကိသာ အဿံ၊

http:\\www.dhammadownload.com



တဿာ မေ ကိံ ဖလံ သိယာ။
ဉာတိမိတ္တာ သုဟဒ္ဒာနံ၊
ဘိယျော နော အရတီ သိယာ။

သာမိ=အို–ဦးကြီး။ အဟံ=အကျွန်ုပ်သည်။ သစေ ရောဒေ=အကယ်၍ ငိုကြွေးမြည်တမ်းသည်ဖြစ်အံ့။ ကိသာ=တစ်နေ့တခြား အသွေးအသားတို့ လျော့ပါး ကြုံလှီသည်။ အဿံ=ဖြစ်ရာ၏။

(ငိုလို့များ ကျုပ်မောင်က ပြန်ရှင်မှာတဲ့လား။ ကျုပ်အမြဲတစေ ငိုကြွေးလို့ ရှိယင် တစ်နေ့တခြား အသွေးအသားတွေ လျော့ပါးကြုံလှီပြီးတော့ သွားမှာပေါ့။)

တဿာ မေ=ထို ငိုကြွေးတဲ့အတွက် ကျွန်တော်မအား။ ကိံဖလံ=အဘယ်သို့သော အကျိုးသည်။ သိယာ=ဖြစ်နိုင်ပါအံ့နည်း။ န သိယာ ဧဝ=တစိုးတစိ အကျိုးမရှိ ဧကန်မုန်လှပါပေ၏။

ငိုတဲ့အတွက်များ ကျွန်တော်မမှာ မောင်ပြန်ရှင်တဲ့ အကျိုးရမှာလား။ ဟာ–ဒါမှမဟုတ်ဘူး လိုလို့ရှိယင်လည်း ငိုတဲ့အတွက် ကျန်းမာရေးဆိုတဲ့ အကျိုးရမှာလား။ စီးပွားရေးဆိုတဲ့ အကျိုးရမှာလား၊ ဘာမှအကျိုးမရဘူး။ ကိုယ်တင် အကျိုးမရရုံသာလားဆိုတော့–

နော=အကျွန်ုပ်တို့နှင့် စပ်ဆိုင်သမျှသော။ ဉာတိမိတ္တသုဟဒ္ဒာနံ=ဆွေမျိုး မိတ်သင်္ဂဟနှလုံးကောင်းတဲ့ အပေါင်းအဖော် ဟူသမျှတို့၏။ အရတိ=ကျွန်ုပ်အတွက် မမွေ့လျော် မပျော်ပိုက် နှလုံးမချမ်းသာခြင်းသာ။ သိယာ=တစ်နေ့တခြား ဖြစ်ပွားလေရာ၏။

ထို ငိုနေလို့ရှိယင် ဆွေတွေမျိုးတွေ မိတ်သင်္ဂဟတွေ၊ နှလုံးကောင်းကြတဲ့ သူငယ်ချင်း အပေါင်းအဖော်တွေ ကျွန်ုပ်အတွက် တွေး၍ဆွေး၍သာလျှင် နှလုံးမချမ်းသာရုံ ရှိကြတော့မပေါ့။

ဍယှမာနော န ဇာနာတိ၊
ဉာတီနံ ပရိဒေဝိတံ။

http:\\www.dhammadownload.com



တသ္မာ ဧတံ န သောစာမိ၊

ဂတော သော တဿ ယာ ဂတိ။

ဥတုဇရုပ်ကလာပ်ကို လက်ညှိုးထိုးပြီးတော့–

အယံ=ဥတုဇစုပေါင်း ရုပ်အလောင်းသည်။ ဥယှမာနော–ဥယှမာ နောပိ=တံစူး ဝါးတို့ဖြင့် တအားထိုးစိုက် မီးမြိုက်အပ်ပါသော်လည်း။ န ဇာနာတိ=တစိုးတစိပူမှန်း သူမသိပါလေ။ ဉာတီနံ=ဆွေမျိုးအပေါင်းတို့၏။ ပရိဒေဝိတံ=စိုးရိမ်ပူဆွေး ဝိုင်းဝန်း၍ ငိုကြွေးခြင်းကို။ န ဇာနာတိ= တစိုးတစိ သူကား မသိချေ။ တသ္မာ=ထို့ကြောင့်။ ဧတံ=ဤဥတုဇစုပေါင်း ရုပ်အလောင်းကိုသာဖြင့်။ အာရဗ္ဘ=အာရုံပြု၍။ န သောစာမိ=မစိုးရိမ် မပူဆွေး မငိုကြွေးတော့ပါ။

မီးမြိုက်လို့လည်း သူမသိ၊ ဆွေမျိုးတွေက ဝိုင်းငိုလို့လည်း သူမသိ တော့၊ အဲဒီလို မသိတဲအတွက်ကြောင့် သူ့ကို အာရုံပြုပြီးတော့ဖြင့် ဘယ် လိုနည်းနှင့်မှ မငိုကြွေး မပူဆွေး မစိုးရိမ်နိုင်တော့ပါဘူး။

တဿ=ထို ကျွန်တော်မမောင်၏။ ယာဂတိ=အကြင် ဂတိငါး သွယ် လားစဖွယ်သည်။ အတ္ထိ=ရှိ၏။ တံ ဂတိံ=ထိုဂတိငါးသွယ် လား စဖွယ်တွင် သူ၏ထိုက်ရာ ဂတိတစ်ပါးပါးသို့။ သော=ထိုကျွန်တော်မ မောင်သည်။ ဂတော=ကံစီမံရာ မခံသာဘဲ ဓမ္မတာအား သူသွားခဲ့လေပြီ။

ကျွန်မမောင်ကြီးကသာဖြင့် သူရဲ့ ဆိုင်ရာဂတိတစ်ပါးပါးကို သွားပြီးသကာလ ပဋိသန္ဓေ နေလေပြီ။ ဥတုဇရုပ်ကို အာရုံပြုပြီးတော့ မစိုးရိမ် မပူဆွေး မငိုကြွေးနိုင်ပါဘူးလို့ ပြောတယ်။

နမသည်ကလည်း ရဲရဲတောက် သီဟနာဒစကားပြောလို့ ပြီးတဲ့ အခါ သိကြားက ချွေးမကို မေးပြန်တယ်။

## လကိုပေးပါဟု တောင်းသည်နှင့်တူ

အမ္ဗ တုယှံ သော ကိံ ဟောတိ။

အမ္ဗ=သမီး။ သော=ထို ယခုသေတဲ့ သူငယ်သည်။ တုယှံ=သင်

http:\\www.dhammadownload.com



နှင့်။ ကိံဟောတိ=အဘယ်သို့ ဆွေမျိုးတော်စပ်သနည်း–လို့ မေးလိုက်တယ်။

ချွေးမက ဘာပြန်ပြောသလဲဆိုတော့–

ပတိ မေ သာမိ။

သာမိ=အို အရှင်။ မေ=ကျွန်တော်မ၏။ ပတိ–အရှင်သခင် လင်ယောကျ်ားပါပေတည်းလို့ ပြောတယ်။

သိကြားက တစ်ဖန်ပြန်မေးပြန်တယ်။

အမ္ဗ ဣတ္ထိယော နာမ ပတိမှိ မတေ ဝိဓဝါ ဟောန္တိ အနာထာ၊ တွံ ကသ္မာ န ရောဒသိ။

အမ္ဗ=သမီး။ ဣတ္ထိယောနာမ=မိန်းမတို့မည်သည်။ ပတိမှိ= အိမ်ရှင်ယောကျ်ားသည်။ မတေ=စုတိပြတ်ကြွေသေ လွန်လတ်သည် ရှိသော်။ ဝိဓဝါ=မုဆိုးမ ဖြစ်ကြကုန်၍။ အနာထာ=ခိုကိုးရာမဲ့ကြကုန် သည်။ ဟောန္တိ=ဖြစ်ကုန်၏။ တွံ=သင်သည်ကား။ ကသ္မာ=အဘယ့် ကြောင့်။ န ရောဒသိ=မစိုးရိမ် မပူဆွေး မငိုကြွေးဘိသနည်း။

သမီးရယ် လောကမှာ မိန်းမတွေ အရှင်သခင် လင် ယောကျ်ား ရယ်၊ စုတိပြတ်ကြွေသေလွန်လို့ရှိယင် မုဆိုးမဖြစ်ပြီး ခိုကိုးရာမဲ့ ဖြစ်ကြ တယ်။ ဒါ တွေများ တွေးပြီးတော့ သမီးငိုကြွေးပူဆွေးသင့်ပါလျက်နဲ့ အခုလေ– အဲဒါတွေ မတွေးဘဲနဲ့ ဘာကြောင့် မငိုကြွေး မပူဆွေးရသလဲ၊ မေးတယ်။ ချွေးမကလေး ပြန်ဖြေတဲ့စကား ဘယ်လောက်ကောင်းသလဲ။

ယထာပိ ဒါရကော စန္ဒံ၊
ဂစ္ဆန္တ မနုရောဒတိ။
ဧဝံ သမ္ပဒမေဝေတံ၊
ယော ပေတံ အနုသောစတိ။

သာမိ=အို အရှင်ဦးကြီး။ ယထာပိ=ဥပမာမည်သည်ကား။ ဒါရ ကော=ကလေးသူငယ် အသိအလိမ္မာ ဉာဏ်ပညာ မကြွယ်တဲ့ သူငယ်သူ

http:\\www.dhammadownload.com



မိုက်သည်။ (မိခင်ရဲ့ ရင်ခွင်ထဲကနေပြီး သကာလ) ဂစ္ဆန္တံ=ကောင်းကင် ခရီးမှာ သူ့လမ်းသူသွား၍နေသော။ စန္ဒံ=လကို။ အနုရောဒတိ="စန္ဒံ မေ ဒေဟိ-စန္ဒံမေဒေဟိ"=ကောင်းကင်မှာ သွားတဲ့ လရထားကို ကျုပ်အား ပေးပါ။ ကောင်းကင်က သွားတဲ့ လရထားကို ကျုပ်အားပေးပါ"ဟု မိခင် ကို တစာစာ ပြောကြား၍ ငိုကြွေးလျက် ရှိပါပေ၏။ ယော=အကြင်သူ သည်။ ပေတံ=တမလွန်ဘဝပြောင်းသွားလေပြီးသော သူကို။ အနုသော စတိ=အဖန်ဖန် အထပ်ထပ် အာရုံပြုကာ စိုးရိမ်ပူဆွေး ငိုကြွေး၍ နေပေ ၏။ တံ=ဤသို့ တမလွန်ဘဝပြောင်းသွားတဲ့ သူကို အာရုံပြုကာ စိုးရိမ် ပူဆွေးငိုကြွေး၍ နေရခြင်းသည်။ ဧဝံသမ္ပဒ မေဝ=ဤကလေးသူငယ် လူမမယ် ကောင်းကင်ကိုသွား လရထားကို "ငါ့အား လကို ပေးပါ၊ ငါ့အား လကို ပေးပါ"ဟို တစာစာ ပြောဆို ငိုကြွေးသည်နှင့် တူလှပါပေ၏။

အို ဦးကြီးရယ်–၊ ကလေးလေးတစ်ယောက် မိခင်ရဲ့ ရင်ခွင်ထဲမှာ ထိုင်ရင်းက ကောင်းကင်မော့ကြည့်တော့ "ဟိုဟာ ဘာတုံးအမေ"လို့ မေးတယ်။ "အေး–အဲဒါ မြန်မာလိုတော့ လပေါ့ကွယ်"လို့ ပြောတော့ လကို ကလေးက နှစ်သက်တဲ့အတွက် 'ရနိုင်မယ် မရနိုင်ဘူး'ဆိုတာ သူ မစဉ်းစားတော့ဘဲနဲ့ "စန္ဒံ မေ ဒေဟိ" "ကျွန်တော့်အား လပေးပါ။ ကျွန် တော့်ကို လပေးပါ"ဆိုပြီးသကာလ လမပေးတဲ့အတွက် ခြေဆောင့် လက်ခါနဲ့ ဒီကလေးက ငိုပြီ ဆိုကြပါစို့ရဲ့။

အဲဒီ ကလေးငိုသလိုပဲ စုတိပြတ်ကြွေ သေလွန်တဲ့ ပုဂ္ဂိုလ်ကို အာရုံပြုပြီး သကာလ ဘာမှမရနိုင်တဲ့ တရားတွေ မတွေးမိဘဲနဲ့ ငိုကြွေး မြည်တမ်းခြင်းဟာဖြင့် ဒီကလေးက လကို ကိုင်တာနဲ့ပမာတူလှပါတယ်။

ဍယှမာနေ န ဇာနာတိ၊
ဉာတီနံ ပရိဒေဝိတံ။
တသ္မာ ဧတံ န သောစာမိ၊

http:\\www.dhammadownload.com



ဂတော သော တဿ ယာ ဂတိ။

အယံ=ဥတုဇစုပေါင်း ဤရုပ်အကြောင်းကတော့။ ဥယှမာနေ-ဥယှမာနေ၁ပိ=တံစူး ဝါးတို့ဖြင့် တအား ထိုးစိုက် လောင်မြိုက်အပ်ပါသော်လည်း။ န ဇာနာတိ=တစိုးတစိ သူကား ပူမှန်းမသိချေ။ ဇဝံ=ဤအတူပင်။ ဉာတီနံ=ဆွေမျိုးအပေါင်းတို့၏။ ပရိဒေဝိတံ-ပရိဒေဝိတမ္ပိ=စိုးရိမ်ပူဆွေး ငိုကြွေးကြခြင်းကိုလည်း။ န ဇာနာတိ=တစိုးတစိ ဤဥတုဇရုပ်အလောင်းကသာဖြင့် မသိချေ။ တသ္မာ=ထို့ကြောင့်။ ဇတံ-ဤဘာမျှမသိတဲ့ ဥတုဇရုပ်အလောင်းကို။ အာရဗ္ဘ=အာရုံပြု၍။ နသော စာမိ=မစိုးရိမ် မပူဆွေး မငိုကြွေးနိုင်တော့ပါ။ သော=ထို ကျွန်တော်မ၏ အရှင်သခင် လင်ယောကျ်ားသည်။ တဿ=ထို လင်ယောကျ်ား၏။ ယာ ဂတိ=အကြင် ဂတိငါးသွယ် လားစဖွယ်သည်။ အတ္ထိ=ရှိ၏။ တံ ဂတိံ=ထို ဂတိငါးသွယ် လားစဖွယ်အနက် သူ၏ ဆိုင်ရာ ဂတိတစ်ပါးပါးသို့။ ဂတော=ပေါင်းစည်း မရာ မခံသာဘဲ ဓမ္မတာအား သူသွားခဲ့လေပြီ။

သူ့ဆိုင်ရာဂတိကို ကံစီမံတဲ့အတိုင်း မငြင်းသာမရှောင်သာ သူ့ဓမ္မတာအတိုင်း သူလားရာ ဂတိကို သူသွားလေပြီ။ ဘာများ ငိုကြွေးဖို့ရှိသေးသတုံးလို့ ပြောလိုက်တယ်။

အဲဒီလိုပြောလိုက်တော့ သိကြားမင်းကလေ အိမ်စေမကလေးဘက် လှည့်ပြီးတော့-

**ကွဲသွားသော ရေအိုး ပြန်ခပ်မရသလို**

**အမ္မ တုယှံ သော ကိံ ဟောတိ။**

အမ္မ=သမီး။ သော=ထို ယခုသေတဲ့ လူကလေးသည်။ တုယှံ=သင်နှင့်။ ကိံ ဟောတိ=အဘယ်သို့ တော်စပ်သနည်း...လို့ မေးတယ်။

အယျောမေသာမိ။

http:\\www.dhammadownload.com



အယျော=ယခုသေတဲ့ ဤအရှင်သည်။ မေ=ကျွန်တော်မ၏။ သာမိ=အရှင်သခင်ဖြစ်ပါတယ်လို့ ပြောတော့-

နန တွံ ဉာမိနာ ပိဠေတွာ ပေါထေတွာ ပရိဘုတ္တာ ဘဝိဿသိ။

တွံ=သင်သည်။ နန=စင်စစ်။ ဉာမိနာ=ဤသေလွန်တဲ့သူငယ်က။ ပိဠေတွာ=နှိပ်စက်၍။ ပေါထေတွာ=ပုတ်ခတ်၍။ ပရိဘုတ္တာ=အသက်ရှင်စဉ်က သုံးဆောင်အပ်သည်။ ဘဝိဿတိ=ဖြစ်ပေလိမ့်မယ်။

ဒီလိုဆိုယင်လေတဲ့။ မိန်းကလေး၊ ဤသေတဲ့ ကလေးက အသက်ရှင်စဉ်ကာလမှာ မင်းကို ရိုက်နှက်ပုတ်ခတ် ထိုးကြိတ်ပြီးသကာလ မင်းကို ကျွန်အရာမှာ ရက်ရက်စက်စက်ကြီး ထားပြီးတော့ မသမာ မညာမတာ သုံးစွဲခဲ့လိမ့်မယ်။

တသ္မာ သုမုတ္တာ အဟန္တိ န ရောဒသိ။

တသ္မာ=ထို့ကြောင့်။ အဟံ=ငါသည်။ သုမုတ္တာ=ထိုသူရဲ့ ဝဋ္ဋဒုက္ခမှ ကောင်းစွာလွတ်ရပြီ။ ဣတိ=ဤသို့ နှလုံးပိုက်၍။ န ရောဒသိ=မစိုးရိမ် မပူဆွေးမငိုကြွေးတာပဲလို့။

သိကြားမင်းက မခံချင်အောင် ပြောလိုက်တယ်။ အဲဒီလိုပြောလိုက်တော့ ဟိုအိမ်စေမငယ်လေးက ဘာပြန်ပြောသလဲ။

သာမိ မာ ဧဝံ အဝစ၊

သာမိ=အို-အရှင်၊ ဧဝံ=ဤသို့။ မာ အဝစ=မပြောပါနဲ့။

ဒီလိုမပြောထိုက်ပါဘူး။

ဧတံ ဧတဿ အနနုစ္ဆဝိကံ။

ဧတံ=ယခုဦးကြီးပြောတဲ့စကားသည်။ ဧတဿ=ထိုသေလွန်ပြီးသော သူငယ်အား။ န အနုစ္ဆဝိကံ=လုံးဝမလျော် မလျောက်ပတ်ပါ။

http:\\www.dhammadownload.com



အခု ဦးကြီးပြောတဲ့စကားတွေလေ သေတဲ့သူငယ်နဲ့ လုံးဝမတော်ဘူး။ ဘာပြုလို့တုံး သူငယ်မဆိုတော့-

ခန္တိမေတ္တာနုဒ္ဒယသမ္ပန္နော မေ အယျပုတ္တော။

မေ=ကျွန်တော်မ၏။ အယျပုတ္တော=အရှင့်သားသည်။ ခန္တိမေတ္တာနုဒ္ဒယသမ္ပန္နော=သည်းခံတဲ့ ခန္တိဂုဏ်နဲ့လည်း ပြည့်စုံတယ်။

ဟို အိမ်မှာ ရှိတဲ့ လူတွေကို ချစ်ခင်တဲ့ မေတ္တာဂုဏ်နဲ့လည်း ပြည့်စုံတယ်။ အိမ်မှာရှိတဲ့လူတွေကို သနားတဲ့ ကရုဏာဂုဏ်နဲ့လည်း ပြည့်စုံတဲ့ သည်းခံခြင်းခန္တီဂုဏ်၊ ချစ်ခင်ခြင်း မေတ္တာဂုဏ်၊ သနားခြင်း ကရုဏာ ဂုဏ်ဆိုတဲ့ ဂုဏ်ကျေးဇူးနဲ့ ပြည့်စုံတဲ့ အရှင့်သားပါပေ။

ဥရေ သံဝမ္ဗိတပုတ္တော ဝိယ အဟောသိ။

ကျွန်တော်မအဖို့အရာ ဆိုလို့ရှိယင်-

ဥရေ=ရင်၌။ သံဝမ္ဗိတပုတ္တော ဝိယ=ကြီးထွားပွားစေအပ်တဲ့ သားရင်းကဲ့သို့။ အဟောသိ=ဖြစ်ပါပေ၏။

မပြောပါနဲ့၊ အခုနင်ကလို မခံချင်စရာ မပြောပါနဲ့။ ဒီအရှင့်သားကလေးဟာ ကျွန်တော်မအဖို့အရာမှာ မိမိရင်က မွေးဖွားတဲ့ သားနဲ့ မခြားပါဘူးလို့ ဒီလိုပြောတယ်။

သိကြားမင်းက ပြန်မေးလိုက်တယ်။

အထ ကသ္မာ န ရောဒသိ။

အထ=ထိုသို့ဖြစ်ပါလျက်။ ကသ္မာ=အဘယ်ကြောင့်။ တွံ=သင်သည်။ န ရောဒသိ=မစိုးရိမ် မပူဆွေး မငိုကြွေးပါသနည်းလို့ ပြောလိုက်တယ်။ နောက်ဆုံး ဒီအိမ်စေမကလေးက ဘာပြောလိုက်သလဲ။

ယထာပိ ဥဒကကုမ္ဘော၊ ဘိန္နော အပ္ပဋိသန္ဓိယော။
ဧဝံ သမ္ပဒမေဝေတံ၊ ယော ပေတမနုသောစတိ။

http:\\www.dhammadownload.com



ယထာပိ=လောကူပမာ နှိုင်းဖွယ်ရာကား။ ဘိန္နော=ကွဲပျက်လေပြီးသော။ ဥဒကကုမ္ဘော=ရေခံအိုး-ရေခပ်အိုးသည်။ အပ္ပဋိသန္ဓိယော ယထာ=တစ်ဖန် နောက်ထပ် ပကတိ မစေ့စပ်နိုင်သကဲ့သို့။ ယော=အကြင်သူသည်။ ပေတံ=တမလွန်လောကသို့ သွားသောသူကို၊ အနုသောစတိ=အာရုံပြုကာ တစာစာ ပူဆွေးငိုကြွေး၍ နေပါပေ၏။ ဧတံ=ဤတမလွန်လောကသို့ ပြောင်းကြွတဲ့သူကို အာရုံပြုကာ တစာစာပူဆွေး ငိုကြွေး၍ နေခြင်းသည်။ ဧဝံ သမ္ပဒမေဝ=ဤသို့ အိုးကွဲကို တစ်ဖန်ပြန်၍ တစ်မျိုးမျိုးနဲ့ ပကတိအတိုင်းဖြစ်အောင် စပ်၍နေသောသူနှင့် တူလှပါပေ၏။

အို-အရှင်ဦးကြီး၊ လောကဥပမာအားဖြင့် ရေခပ်တဲ့ အိုးကြီးတစ်လုံး ကွဲသွားတယ်ဆိုပါစို့။ အဲဒီကွဲသွားတဲ့အိုးကို တစ်ဖန်ပြန်ပြီး စပ်ပေမယ်လို့ ဘယ်လိုနည်းနဲ့မှ မကွဲပြိတဲ့ အစေ့အစပ်မျိုးတော့ မဖြစ်နိုင်သလိုပဲတဲ့။ အခု တမလွန်လောကသို့ သွားတယ်ဆိုတဲ့ ကျုပ်တို့ရဲ့ အရှင့်သားနဲ့ ဟောဒီမီးမြိုက်နေတဲ့၊ ဖုတ်ကြည်းသင်္ဂြိုဟ်မှုပြုနေတဲ့ ဥတုဇရုပ်ကလာပ်ကို ဘယ်လိုနည်းနဲ့ ပြန်စပ်ပေမယ့်လည်း မရတော့ဘူး။ အသက်ပြန်မရှင်တော့ဘူး။

အေး...ပကတိအိုးကွဲက အင်း-လောကဓာတ်ပညာ ဆရာတွေ၊ ဗ္ဗဒ္ဓိရှင်တွေ၊ တန်ခိုးရှင်တွေက တန်ခိုးဣဒ္ဓိပါဒ်နဲ့များ မန္တာန်နဲ့ မန်းမှုတ်လို့ အိုးကွဲကို စေ့စပ်လို့ ပကတိအတိုင်း ဖြစ်ချင်ဖြစ်ဦးမယ်။ တမလွန်လောကသို့ ပြောင်းသွားတဲ့ ကျွန်တော်မတို့ရဲ့ အရှင့်သားကို ဘယ်ဣဒ္ဓိရှင်ကမှ ပြန်ပြီးတော့ အသက်ရှင်အောင် မတတ်နိုင်ပါဘူး။

အခုမြင်နေရတဲ့ ဥတုဇရုပ်ကလာပ်ကြီးဟာလည်း ကျွန်တော်မတို့ရဲ့ အရှင့်သားမဟုတ်တော့ဘူး။

ဍယှမာနော န ဇာနာတိ၊
ဉာတီနံ ပရိဒေဝိတံ။

http:\\www.dhammadownload.com



တသ္မာ ဧတံ န သောစာမိ၊
ဂတော သော တဿ ယာ ဂတိ။

အယံ–အယံပန=ဥတုဇစုပေါင်း ဤရုပ်အလောင်းကြီးဟာဖြင့်။ ဥယှမာနော–ဥယှမာနောပိ=တံစူးဝါးတို့ဖြင့် တအားထိုးစိုက် မီးမြှိုက်အပ်ပါသော်လည်း၊ န ဇာနာတိ=တစိုးတစိ ပူမှန်းသူမသိချေ။ ဧဝံ=ဤအတူပင်။ ဉာတီနံ=ဆွေမျိုးအပေါင်းတို့၏။ ပရိဒေဝတံ–ပရိဒေဝိတမ္ပိ=ဝိုင်းဝန်းပူဆွေးငိုကြွေးကြခြင်းကိုလည်း။ န ဇာနာတိ=တစိုးတစိ သူမသိချေ။ တသ္မာ=ထို့ကြောင့်။ ဧတံ=ဤဥတုဇစုပေါင်း ရုပ်အလောင်းကို။ အာရဗ္ဘ=အာရုံပြု၍။ န သောစာမိ=တစိုးတစိမျှ မပူဆွေး မစိုးရိမ် မငိုကြွေးတော့ပါ။ သော=ထိုကျွန်တော်မတို့၏ အရှင့်သားသည်။ တဿ=ထိုအရှင့်သား၏။ ယာဂတိ=အကြင် ဂတိငါးသွယ် လားစဖွယ်သည်။ အတ္ထိ=ရှိ၏။ တံ ဂတိံ=ထိုသူ၏ ဆိုင်ရာ ဂတိငါးပါး တစ်ပါးပါးသို့။ ဂတော=စိမ်ရာမဆန်သာဘဲ ဓမ္မတာအား သူသွားခဲ့လေပြီ။

## တရားမြင်သူ မိသားစုတို့အား သိကြားမင်းက ရတနာခုနစ်ပါး ပေးအပ်ခြင်း

ဟိုရှေ့က ဖခင်ပုဏ္ဏားကြီးပေးတဲ့အဖြေမျိုးနဲ့ချည်းပဲ နိဂုံးအုပ်အုပ်ပြီးတော့လေ အဖြေပေးခဲ့တော့ သိကြားက "သာဓု"ကောင်းချီးတွေ ခေါ်ခေါ်ပြီးတော့–

တုမှေဟိ အပ္ပမတ္တေဟိ မရဏဿတိ ဘာဝိတာ။

တုမှေဟိ=သင်တို့အိမ်ထောင်စု လူငါးဦးတို့သည်။ အပ္ပမတ္တေဟိ = မမေ့မလျော့ မပေါ့ဆကြကုန်ပဲ မရဏဿတိ=မရဏဿတိတရားကို။ ဘာဝိတာ=ပွားများအပ်ခဲ့လေပြီ။

(ဘယ်လောက် ဝမ်းသာစရာကောင်းလဲနော်)

http:\\www.dhammadownload.com



တုမှေ ဣတော ပဋ္ဌာယ သဟာတ္ထေန ကမ္မံ မာကရိတ္ထ။

တုမှေ=သင်တို့ငါးဦးသားသည်။ ဣတော ပဋ္ဌာယ=ယနေ့က စ၍။ သဟာတ္ထေနေဝ=မိမိလက်ဖြင့်ပင်လျှင်။ ကမ္မံ=လယ်ထွန်ခြင်းအမှုကို။ မာကရိတ္ထ=မပြုကြပါကုန်လင့်။

အဟံ သက္ကော ဒေဝရာဇာ။

အဟံ=အကျွန်ုပ်ကား တခြားသူမဟုတ်။ ဒေဝရာဇာ=နတ်တို့၏ သေဌ်နင်း(သနင်း)မင်းဖြစ်သော သိကြားမင်းပါပေတည်။

အဟံ ဝေါ ဂေဟေ သတ္တရတနာနိ အပရိမာဏာနိ ကရိဿာမိ။

အဟံ=ငါသည်၊ ဝေါ=သင်တို့၏။ ဂေဟေ=အိမ်၌။ သတ္တရတနာနိ=ရတနာခုနစ်ပါးတို့ကို။ အပရိမာဏာနိ=မနှိုင်းယှဉ်နိုင်လောက်အောင် များမြတ်သည်တို့ကို။ ကရိဿာမိ=ဖန်ဆင်း၍ ထားခဲ့ပေအံ့။

တုမှေ ဒါနံ ဒေထ၊ သီလံ ရက္ခထ၊ ဥပေါသထ ကမ္မံ ကရောထ၊ အပ္ပမတ္တာ ဟောထ။

တုမှေ=သင်တို့သည်။ ဒါနံ ဒေထ=အလိုရှိတိုင်း ချမ်းသာစွာ အလှူဒါန ပေးလှူကြပါကုန်။ သီလံ ရက္ခထ=အလိုရှိတိုင်း ငါးပါးသီလကို စောင့်ထိန်းကြပါကုန်။ ဥပေါသထကမ္မံ ကရောထ=အလိုရှိတိုင်း ချမ်းသာစွာ ရှစ်ရက်သီတင်း၊ လပြည့်လကွယ်နေ့တွင် အင်္ဂါရှစ်ပါးရှိတဲ့ ဥပုသ်ကို ကျင့်သုံးကြပါကုန်။ အပ္ပမတ္တာ=မမေ့မလျော့ မပေါ့ဆကြကုန်သည်။ အပ္ပမတ္တာ=ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌ ဂရုကတ ကြိုးလုံ့လသည် အပ္ပမာဒတရားလက်ကိုင်ထားကြကုန်သည်။ ဟောထ=ဧကန်စင်စစ် ဖြစ်ကြပါကုန်။

အဲဒီလို အပ္ပမာဒကထာဖြင့် နောက်ဆုံး ဩဝါဒပေးပြီးတော့ သူတို့ရဲ့အိမ်မှာ ရတနာခုနစ်ပါး သိကြားဖန်ဆင်းထားပြီးတော့ သိကြားပြည်သို့ သိကြားပြန်ခဲ့ပြီ။

http:\\www.dhammadownload.com



## မြတ်စွာဘုရား သစ္စာလေးပါး ပြတော်မူခြင်း

သတ္ထာ=လူနတ်တို့၏ ဆရာမြတ်စွာဘုရားသည်။ ဣမံ ဓမ္မဒေသနံ=ဤဥရဂဇာတ် ဒေသနာတော်မြတ်ကို။ အာဟရိတွာ=ဆောင်တော်မူပြီးသကာလ။ သစ္စာနိ=သစ္စာလေးပါးတို့ကို။ ပကာသေတွာ=ဖော်ပြ၍။ ဇာတကံ=အဖြစ်တော်ရပ် အတ္ထုပ္ပတ်ကို။ သမောဓာနေသိ=စုပေါင်း၍ ပြခဲ့လေပြီ။

မြတ်စွာဘုရားသည် ဥရဂဇာတ် ဒေသနာကို ဟောတော်မူပြီးနောက် အဲဒီနိဂုံးမှာ စတုသစ္စကထာ သစ္စာလေးပါး ဟောပြတယ်။ တရားဟောပြီးတော့မှ ဇာတ်တော်ပေါင်းတယ်။ သစ္စာလေးပါး တရားဟောကြားတာကတော့ ဓမ္မစကြာတရားအတိုင်း မျှော်ပြီးတော့ ကြည့်ရမယ်။

ဣဒံ ခေါ ပန ဥပါသက ဒုက္ခသစ္စံ။

ဒကာ၊ ဤဆိုလတ္တံ့သည်ကား ဒုက္ခသစ္စာတွေပဲ။ ဇာတိလည်း ဒုက္ခပဲ။ ဇရာလည်း ဒုက္ခပဲ၊ ဗျာဓိလည်း ဒုက္ခရဲ့အကြောင်းဖြစ်၍ ဒုက္ခသစ္စာပဲ။ မရဏလည်း ဒုက္ခသစ္စာပဲ။

အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိဒုက္ခံ၊ သံခိတ္တေနပါပိ ပဉ္စုပါဒါနက္ခာ ဒုက္ခာ။

မချစ်တဲ့သတ္တဝါတွေနဲ့ ယှဉ်တွဲရတာလည်း ဒုက္ခပဲ။ ချစ်ပြီးတဲ့သတ္တဝါသင်္ခါရတွေနဲ့ ကွေကွင်းရခြင်းလည်းပဲ ဒုက္ခပဲလို့သာစဉ်းစား။ အဲဒီဒုက္ခပဲဟူသမျှက မျက်ရည်တွေဝဲပြီး မကျပါစေနဲ့။ အင်း–မိမိလိုချင်တာမရ၊ မရနိုင်တာတွေကို သွားပြီး လိုလားနေခြင်းဟာလည်းပဲ ဒုက္ခပဲ။ အချုပ်အားဖြင့် ပြောရလို့ ရှိယင်ဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးခေါ်တဲ့ ကိုယ်ရရှိနေတဲ့ ဒီခန္ဓာတွေဟာ ဒုက္ခပဲ။ ဘာပြုလို့တုံး။ ဟို–ဒီ–စစ်မြေပြင်မှာစစ်လေ့လာတဲ့အခါ စစ်သားတွေ စစ်လေ့လာတဲ့နေရာမှာ စက်ခွက်ကယ်

http:\\www.dhammadownload.com



လို့ ရှိတယ်။ နေ့စဉ်နေ့စဉ် စက်ခွက်မှာသွားပြီးတော့ စစ်သားတွေဟာ စက်ပစ်ကြရတယ်။ ပစ်လိုက်တိုင်း ပစ်လိုက်တိုင်း စစ်သားတိုင်းစစ်သား တိုင်း ပစ်လိုက်တဲ့ ကျည်ဆန်တွေဟာ ဒီစက်ခွက်မှာပဲ လာပြီးတော့ မှန်ကြတယ်။ အဲဒါလိုပဲနော်။

မိမိတို့ရရှိနေတဲ့ ရူပက္ခန္ဓာ၊ ဝေဒနာနှင့်၊ သညာသင်္ခါရ၊ ဝိညာဏဟု၊ အစုငါးတန်၊ ဥပါဒါနက္ခန္ဓာတို့ဟာ စက်ခွက်နဲ့ အင်မတန်တူတယ်။ သလိပ် ဒေါသပျက်စီးလို့ ရောက်လာတဲ့ ရောဂါတည်းဟူသော ကျည်ဆန်တွေလည်း ဒီခန္ဓာကို မှန်တာပဲ။ သည်းခြေဒေါသပျက်စီးလို့ ရောက်လာတဲ့ ရောဂါတည်းဟူသော ကျည်ဆန်တွေလည်း ဒီခန္ဓာမှန်တာပဲ။ ဟို– လေတည်းဟူသော ဒေါသပျက်စီး၍ ဖြစ်ပေါ်လာတဲ့ ရောဂါတည်းဟူသော ကျည်ဆန်တွေ တဖွားဖွား ကျသမျှဟာဖြင့် ဒီဥပါဒါနက္ခန္ဓာငါးပါးမှာပဲ ခံနေရ မှန်နေရတော့ ဒီ ဥပါဒါနက္ခန္ဓာငါးပါးဟာ ကိုးဆယ့်ခြောက်ပါး၊ ကိုးဆယ့်ခြောက်ဖြာ အနာရောဂါတည်းဟူသော ကျည်ဆန်တွေရဲ့ ကျရောက်လာပြီး စက်ခွက်ကြီး စက်ကွင်းကြီးဥပမာ ဖြစ်နေတော့ ဘာလို့များ ချမ်းသာတယ်လို့ ပြောဦးမလား။ ဆင်းရဲတာ ဧကန်အမှန်ပဲဆိုကတည်းက ဒုက္ခသစ္စာပဲ။ လယ်တီဆရာတော်ဘုရားကြီးက သစ္စာနဲ့ ပတ်သက်ပြီးသကာလ အဲဒီ ကိုယ့်ခန္ဓာကိုယ်ကို ဒုက္ခသစ္စာဖြစ်ကြောင်းကို စူးစိုက်ပြီးတော့ ကြည့်ထားကြ။ လယ်တီဆရာတော်ဘုရားကြီးက သစ္စကထာအနေနဲ့ ဘာတွေရေးခဲ့တုံး။

အစွန့်ရှည်စွာ၊ ဘယ်မျှကြာလည်း၊ တစ်ခါတစ်ဖန်၊ မဖောက်ပြန်ဘဲ၊ အစဉ်မြဲကို၊ သစ္စာဆို၏။

သံသရာအစွန့်ခရီး၊ ဘယ်လောက်ပဲကြာကြာ၊ မဟာကပ်ပေါင်း အသင်္ချေအနန္တကြာချင်တိုင်း ကြာပါစေ။ အစွန့်ရှည်စွာ၊ ဘယ်မျှကြာလည်း၊ တစ်ခါတစ်ဖန်၊ မဖောက်ပြန်ဘဲ၊ အစဉ်မြဲကို၊ သစ္စာဆို၏။ ဘယ်တစ်ခါတလေမှ သူ့ရဲ့ ပီဠနဋ္ဌသဘောတွေ၊ သင်္ခတဋ္ဌသဘောတွေ၊ သန္တာ

http:\\www.dhammadownload.com



ပဌ္ဌသဘောတွေ၊ ဝိပရိဏာမဋ္ဌ သဘောတွေက ဖောက်ပြန်ပြီး သွားတယ်။ မရှိဘဲနဲ့ ဖြစ်တိုင်းဖြစ်တိုင်းပဲ ဥပါဒါနက္ခန္ဓာတွေဟာ ပီဠနဋ္ဌ၊ သင်္ခတဋ္ဌ၊ သန္တာပဋ္ဌ၊ ဝိပရိဏာမဋ္ဌလို့ ဆိုတဲ့သူ့ရဲ့ ဒုက္ခအချက်အနက်လေးပါးနဲ့ ဖြစ်ကြမြဲ ဓမ္မတာ၊ ဘယ်တော့မှ ပြောင်းမဖြစ်ဘူး။ ဒါကို–

အစွန့်ရှည်စွာ၊ ဘယ်မျှကြာလည်း၊ တစ်ခါတစ်ဖန်၊ မဖောက်ပြန်ဘဲ၊ အစဉ်မြဲကို၊ သစ္စာဆို၏။ ထိုသစ္စာကား၊ လေးထွေပြား၏။ လေးပါးသရုပ်၊ အမှန်ထုတ်သော်၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ ခန္ဓာငါးလီ၊ ဘုံလောကီကို၊ ဒုက္ခဆိုလော့။

သူ့သူငါငါ ရနေတဲ့ လောကီခန္ဓာ ငါးပါးကို ဒုက္ခသစ္စာခေါ်တယ်။

ထိုဒုက္ခပေါင်း၊ ပွားကြောင်းအမှု၊ လောဘစုမှ၊ သမုဒယ အမည်ရ၏။

လောဘခေါ်တဲ့ တဏှာ၊ ဒီတဏှာတွေ ဒုက္ခတွေ ပွားဖို့ရန် အတွက် အကြောင်းဖြစ်လို့ ဒုက္ခသမုဒယသစ္စာလို့ ဒုက္ခရဲ့အကြောင်း ဖြစ်တဲ့သစ္စာ။

လောဘခပင်း၊ အကြွင်းမရှိ၊ ချုပ်ငြိမ်းဘိသည်၊ သန္တိသဘော၊ အဆင်ချောကို၊ နိရောဓဟူ–

လောဘခပ်သိမ်း အကြွင်းမရှိ ချုပ်ငြိမ်းရာဖြစ်တဲ့ သန္တိလက္ခဏာ ရှိတဲ့ နိဗ္ဗာန်ကို နိရောဓသစ္စာလို့ ခေါ်။

နိရောဓဟူ၊ ရှစ်ဆူသီးသီး၊ မဂ္ဂင်ကြီးကို၊ မဂ္ဂဆို၏။

မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာလို့ ခေါ်တယ်။ အဲဒါ ကျင့်ရမယ့် တရား။ နေ့တိုင်းနေ့တိုင်း ပွားရမယ့်တရား။

ထိုမဂ္ဂင်မှာ–

(၁) သမ္မာဒိဋ္ဌိ=ကောင်းမြတ်တဲ့ အမြင်ကိုသာ မြင်ခြင်းတစ်ပါး။

http:\\www.dhammadownload.com



အမှန်အကန်မြင်ခြင်း တစ်ပါး။

(၂) သမ္မာသင်္ကပ္ပေါ=ကောင်းမြတ်တဲ့ အကြံကိုသာ ကြံခြင်း တစ်ပါး။

(၃) သမ္မာဝါစာ=ကောင်းမြတ်တဲ့စကားကိုသာ ပြောကြားခြင်း တစ်ပါး။

(၄) သမ္မာကမ္မန္တော=ကောင်းမြတ်တဲ့ အလုပ်ကိုပြုလုပ်ခြင်း တစ်ပါး

(၅) သမ္မာအာဇီဝေါ=ကောင်းတဲ့ အသက်မွေးမှုဖြင့်သာ အသက်မွေးခြင်းတစ်ပါး။

(၆) သမ္မာဝါယမော=ကောင်းမြတ်တဲ့ အလုပ်ကို အားထုတ်ခြင်း တစ်ပါး။

(၇) သမ္မာသတိ=ကောင်းမြတ်တဲ့ တရား၌ မမေ့မလျော့ခြင်း တစ်ပါး။

(၈) သမ္မာသမာဓိ=ကောင်းတဲ့အာရုံ၌ တည်ကြည်ခြင်းတစ်ပါး။

ဤရှစ်ပါးတွင်၊ ဖောက်ပြားမရှိ၊ စောင့်နိုင်ဘိမှ၊ အရိယသစ္စာ၊ မည်ထိုက်စွာ၏။

## သစ္စာအနက် ၁၆–ချက်

ဒီရှစ်ချက်မှာ အခုပြောခဲ့တဲ့အတိုင်း ဖောက်ဖောက်ပြားပြားမရှိဘဲနဲ့ ဖြောင့်မှန်မှ အရိယသစ္စာလို့ ခေါ်သတဲ့။

သစ္စာအနက်၊ လေးချက်စီတည့်၊ ဆယ့်ခြောက်ရှိ၏။

အဲဒါ အခုပြောတဲ့ဟာတွေလေ၊ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေကို လျင်မြန်ထုတ်ချောက်မျက်မှောက်ပြုရပါလို၏။ ရပါလို၏

http:\\www.dhammadownload.com



ဆိုရုံနဲ့ ဒီအတိုင်းနဲ့တော့ ရလို့ မဖြစ်ဘူး။ အဲဒီ မဂ်ဖိုလ်နိဗ္ဗာန်ကို ရဖို့ရန်က ဒုက္ခသစ္စာရဲ့အနက်လေးချက်ကို သိမှရမှာ။ သမုဒယသစ္စာရဲ့ အနက်လေးချက်၊ နိရောဓသစ္စာရဲ့ အနက်လေးချက်၊ မဂ္ဂသစ္စာရဲ့ အနက်လေးချက်ကိုရမှ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာ ရဖြစ်တယ်။

## ဒုက္ခသစ္စာအနက် ၄ချက်

ဒီတော့ ဒီတရားတွေ သိရမှဖြစ်တော့-

(၁) ပီဠနဋ္ဌော=အကျဉ်းအကျပ် နှိပ်စက်တတ်သောဒုက္ခသဘော။ ဒုက္ခသဘော။ ဒုက္ခသစ္စာဆိုတာ ဘယ်သဘောရှိသလဲ။ သူဖြစ်လာပြီဆိုယင် အကျဉ်းအကျပ် မခံမရပ်နိုင်အောင် နှိပ်စက်တတ်တဲ့သဘော ရှိတယ်။

(၂) သင်္ခတဋ္ဌော=အမြဲမပြတ် ပြုပြင်အပ်သော ဒုက္ခသဘော။ ဘယ်မဆိုပဲ ဟုတ်လား။ ခန္ဓာကိုယ်ထဲ ကြည့်ပါတော့လေ။ အပေါ်ယံကလေး။ ပြုပြင်နေလိုက်ရတာ နေ့တိုင်းနေ့တိုင်း ပြုပြင်လို့များလည်း အပြုပြင်ပဲ ဆုံးသလားဆိုတော့ မဆုံးပါဘူး။ လှအောင် ပအောင် ဆံပင်ဆေးဆိုးထားရုံနဲ့ ခြယ်လှယ် ပြုပြင်နေရုံနဲ့ မပြီးသေးဘူး။

(၃) သန္တာပဋ္ဌော=ကြောင့်ကြစိုက်ရေး၊ လွန်ရှုပ်ထွေး၍၊ အေးခွင့်မရ၊ ပူပန်ရသော ဒုက္ခသဘော။ နေ့ရှိသမျှ ကြောင့်ကြစိုက်ရတယ်။ အင်မတန် သူ့အတွက် ရှုပ်ထွေးတယ်။ ဘယ်တော့မှ အေးခွင့်မရဘဲနဲ့ အမြဲတစေ သူ့အတွက် ပူပန်နေရလို့ သန္တာပဋ္ဌသဘော ရှိပါကလား။

(၄) ဝိပရိဏာမဋ္ဌော=နိစ္စမြင့်ရှည်၊ အတည်မမြဲ၊ ဖောက်လွှဲဖောက်ပြန် ဖြစ်တတ်တဲ့ ဒုက္ခသဘော။ ဘယ်လောက်ပြုပြင် ပြုပြင် ပြုပြင်လို့များ သူက မဖောက်မပြန် နေသလားလို့ ဆိုတော့ နိစ္စမြင့်ရှည်၊ အတည်မမြဲ၊ ဖောက်လွှဲဖောက်ပြန်ဖြစ်တတ်သော ဒုက္ခသဘော။ ပြုရင်း ပြုရင်းပဲ ဖောက်လွှဲဖောက်ပြန်ဖြစ်ဖြစ်သွားတတ်တယ်။ စောင့်ရင်းစောင့်ရင်းပဲ

http:\\www.dhammadownload.com



မျက်စိလစ်လစ်သွားတယ် ဆိုသလို ပြုရင်းပြုရင်းပဲ ပြုပြင်ရင်းကနေပြီး သူက ချုပ်ချုပ်ပြီး ဖောက်လွဲဖောက်ပြန် ဖြစ်ဖြစ်သွားတဲ့ ဒီသဘောဟာ ဖြင့် ဒုက္ခရဲ့သဘောပဲ။ ဒါကို ဒုက္ခသစ္စာရဲ့ အနက်လေးချက်လို့ ခေါ်တယ်။

## သမုဒယသစ္စာ၏အနက် ၄ချက်

(၁) အာယူဟနဋ္ဌော=ဒုက္ခဝဋ္ဋ ဒုက္ခမှုတို့ကို အမြဲစေခိုင်းတတ်တဲ့ သမုဒယသဘော။ တဏှာလောဘဆိုတဲ့ တရားဟာ ဘယ်သဘော ရှိလဲ။ ဒုက္ခဝဋ္ဋတွေ၊ ဒုက္ခမှုတွေကို ရှုပ်ပါတယ်ဆိုကာမှ အမှိုက်တွေ ပို့လာတတ်တယ်လို့ ပြောရသလိုပါပဲ။ အလိုအလိုမှ ဒုက္ခရောက်ပါတယ်။ ဆိုရင် ထိုရတဲ့အထဲမှာ ဒီတဏှာလောဘက ဒုက္ခဖြစ်ဖို့ရန်တွေ၊ ဒုက္ခရဲ့ အကြောင်းတွေ စုစုလာပြန်တယ်။ ဒါသေသေချာချာ တွေးကြည့်နော်။

အခုလည်း ဒီခန္ဓာနဲ့ပဲ အခုနေရတဲ့အထဲက ဒုက္ခများရတဲ့အထဲ တဏှာလောဘရယ်လို့ တစ်ခါ ထပ်တိုးပြန်တော့ ဒုက္ခဖြစ်ဖို့ရန် အကြောင်းတွေ စုစုပြီးတော့ တိုးတက်တဲ့သဘော တဏှာက စုစုပေးတတ်တယ်။

(၂) နိဒါနဋ္ဌော=ဒုက္ခလက်စ မရပြတ်အောင် အမြဲဆောင်နှင်းတတ်တဲ့ သမုဒယသဘော။ တဏှာရဲ့သဘောကို နက်နက်နဲနဲ ကြည့်ရင် ဒုက္ခတွေ အဆက်မပြတ်အောင် ဒုက္ခတွေ လက်စမသတ်အောင် အမြဲတမ်း ရှော့ရှော့နဲ့ ဆိုဆိုပြီးပေးနေသလိုပဲ။ ဒီသဘော ရှိပါသလား။ တဏှာ မပြတ်လို့ ခန္ဓာမပြတ်တယ်။ ခန္ဓာမပြတ်လို့ ဒုက္ခမပြတ်တယ်။ အသေအချာကြည့်ယင်လေ သမုဒယဟာ ဒုက္ခလက်စ မပြတ်ရအောင် အမြဲလုပ်ဆောင်ကြဉ်းတဲ့ သမုဒယသဘော။

အေး–ရှေးခေတ်ကလေ။ ရေနံချေးနဲ့ မီးတောက်ကြီးတွေ ထွန်းထားတော့ မီးတောက်မပြတ်အောင် တကတည်း ချမ်းချမ်းနဲ့ ရေနံချေးတွေ ကော်ကော်ပြီး မီးတောက်ထဲ သွားသွားထည့်တယ်။ ထည့်ထည့်ပေး

http:\\www.dhammadownload.com



တော့ အဲဒါလိုပဲ တဏှာလောဘကလည်းပဲ ဒုက္ခတည်းဟူသော မီး တောက်ကြီး မပြတ်အောင် အမြဲတစေပဲ ထည့်ထည့်ပေးဘတ်တယ်။

(၃) သံယောဇနဋ္ဌော=ဒုက္ခစက်မှ မထွက်ရအောင် ဖွဲ့နှောင်တတ်သော သမုဒယသဘော။ ကုန်ပဟား၊ သူ့သဘောက လေးမျိုးရှိတယ်။ ဒုက္ခစက်ထဲက ထွက်မသွားအောင် ချည်နှောင် ဖွဲ့တုပ်ထားတယ်။

(၄) ပလိဗောဓဋ္ဌော=ဒုက္ခစက်မှ မထွက်ရအောင် နှောင့်ယှက်ပိတ်ပင်တတ်တဲ့ သမုဒယသဘော။ ဒုက္ခဆဲက ထွက်မသွားအောင် သတ္တဝါကို နှောင့်ယှက်ပိတ်ပင်ထားတတ်တာဟာ တဏှာရဲ့ သဘောပဲ။

ဘယ်လိုလဲ။ ဟာ လူတစ်ယောက်ဟာ အိမ်နေရတာ ငြော်... ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေနဲ့ နေ့ရှိသမျှ အချိန်ကုန်ရပြီ။ ဒုက္ခက လွတ်ရာလွတ်ကြောင်း သူတော်ကောင်းတရားကို သွားပြီးတော့ အင်း. .ကမ္မဋ္ဌာန်းကျောင်းတစ်ခုခု၊ တောကျောင်းတစ်ခုခုမှာ သွားပြီးတော့ တရားနှလုံးကျင့်သုံးလို့ ဥပုသ်ရက်ရှည် စောင့်ဦးမှလို့ ဒီလိုကြံယင် တဏှာကလေ–အဲဒီလို ဆက်မသွားအောင်၊ ဟုတ်လား။ ဘယ်ဖြစ်မှာလဲ၊ ငါသွားလို့ရှိယင် ငါ့အိမ်မှာ ရှိတဲ့ ကလေးတွေ မော်တော်ကားများ မတော် တိုက်ကုန်မှာလား။ မီးရထားများ မတော်တိုက်ကုန်မှာလား။ အေး...သားရေး သမီးရေး ဟုတ်လား။ ပစ္စည်းရေး–အရေးရေးတွေ ပြပြီး တဏှာလောဘက ပလိဗောဓဋ္ဌော=ဒုက္ခစက်မှ မထွက်ရအောင် နှောင့်ယှက်ပိတ်ပင်တတ်တဲ့ သမုဒယသဘော။

ဘာကောင်းလို့တုံး။ သမုဒယရဲ့ သဘောလေးမျိုးပဲ ကြည့်ယင်လေ။ တစ်ခုမှ အကောင်းလို့ မရှိဘူး။ အဲဒီမရှိတာကိုလည်း သိအောင်တော့ ကြည့်ရလိမ့်မယ်။ ဒါမှ ဒီတဏှာလောဘကို အပြစ်မြင်ပြီး ဒီတဏှာလောဘကို စွန့်ပယ်မိမှာ။

http:\\www.dhammadownload.com



## နိရောဓသစ္စာအနက် ၄ချက်

ကိုင်း ဟိုဘက်က အကောင်းသစ္စာနှစ်ပါး ကြည့်ပါစို့။

(၁) နိဿရဏဋ္ဌော=ဒုက္ခစက်မှ ထွက်မြောက်ကျွတ်လွတ်ခြင်း ဟူသော နိရောဓသဘော။ နိဗ္ဗာန်မှာ။ နိဗ္ဗာန်ရဲ့သဘောကို ရှာကြည့်လို့ ရှိယင် ဒုက္ခစက်တွေ၊ ဒုက္ခစက်ဝိုင်းထဲက ထွက်မြောက် ကျွတ်လွတ်သွား ပြီလို့ ဆိုရတဲ့ ထွက်မြောက်ကျွတ်လွတ်ခြင်း ဟူသော နိရောဓသဘော။

(၂) ဝိဝေကဋ္ဌော=တေဘုမ္မက ဒုက္ခဝဋ်တွင်း နှောင့်ယှက်ခြင်းမှ ဆိတ်ကင်းခြင်းဟူသော နိရောဓသဘော။ ဘုံသုံးဝမှာ ရှိတဲ့ ဒုက္ခသစ္စာ၊ ခန္ဓာငါးပါးတို့ရဲ့ နှောင့်ယှက်ခြင်းမှ လုံးဝလွတ်ကင်းသွားတဲ့သဘောဟာ ဖြင့် နိရောဓသစ္စာရဲ့ သဘောပဲ။

(၃) အသင်္ခတဋ္ဌော =အဖန်ဖန် ပြုပြင်ရခြင်း သင်္ခါရဒုက္ခခပင်းမှ လွတ်ကင်းခြင်းဆိုတဲ့ နိရောဓသဘော။

(၄) အမတဋ္ဌော="အဖန်ဖန် သေကြေပျက်ဆုံးရခြင်းမှ လွတ်ကင်းခြင်းဟူသော နိရောဓသဘော။ နိဗ္ဗာန်ကျတော့ သူ့ရဲ့ အနက် သဘောတွေဟာ ဤသို့သဘောရှိပါကလား၊ နိဗ္ဗာန်မှာ ဒီသဘော၊ ဒီ သဘော၊ ဒီသဘောလို့ နိဿရဏဋ္ဌ၊ ဝိဝေကဋ္ဌ၊ အသင်္ခတဋ္ဌ၊ အမတဋ္ဌ ဆိုတဲ့ ဒီသဘောလေးချက် ရှိပါကလားလို့ စဉ်းစားမိပါစေ။

## မဂ္ဂသစ္စာအနက် ၄ချက်

မဂ္ဂသစ္စာခေါ်တဲ့ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော အကျင့်ပဋိပတ် သူသူငါငါ တကယ်ကျင့်ကြံပွားများရမယ့် တရား၊ မဂ္ဂ သစ္စာဆိုတဲ့ ဒီတရားကတော့ ဘယ်သဘောတွေလဲ။

(၁) နိယျာနဋ္ဌော=ဒုက္ခစက်မှ မုချလွတ်မြောက်ကြောင်းဟူသော မဂ္ဂသဘော။ သူ့ကို သေသေချာချာ တွေးရင် ဒုက္ခတည်းဟူသော ဧရာဝတီ ဩဃထဲက အယက်ကို ဆန်ပြီး နိဗ္ဗာန်ထိအောင် တက်မယ့်သဘော ရှိ

http:\\www.dhammadownload.com



ပါလားလို့ မြင်လာလိမ့်မယ်။

(၂) ဟေတွဋ္ဌော=နိဗ္ဗာန်သို့ ရောက်ကြောင်းဟူသော မဂ္ဂသဘော။ နိဗ္ဗာန်သို့ ရောက်စေတတ်တဲ့ စွမ်းပကားအကြောင်းဖြစ်ပါလား လို့ ဟောဒီ မဂ္ဂသစ္စာကို စဉ်းစားကြည့်ယင်–

(၃) ဒဿနဋ္ဌော=သစ္စာလေးအင် နိဗ္ဗာန်လျှင်ကို အမြင်ပေါက် ရောက်ခြင်းဟူသော မဂ္ဂသဘော။ ဒီမဂ်ကျမှ သစ္စာလေးပါးကိုပေါ့လေ။ ဉာဏ်မျက်စိနဲ့ မြင်မြင်ထင်ထင် မြင်ရတာ။ ဟုတ်လား။ လောကီကုသိုလ် တွေတို့တုန်းကတော့ နိဗ္ဗာန်ကို ထင်ထင်လင်းလင်း မမြင်ရသေးဘူး။ အနုမာနအားဖြင့် မှန်းဆပြီးသကာလ အပူရှိလျှင် အအေးရှိတန်ရဲ့၊ အဲဒီ လိုတွေးပြီး မြင်ရသလို မြင်ရတာ။

မဂ်ကျတော့ သစ္စာလေးအင် နိဗ္ဗာန်လျှင်ကို အမြင်ပေါက်ရောက် ခြင်း ဟူသော မဂ္ဂသဘော။ မဂ္ဂသစ္စာကျမှ သစ္စာလေးပါးကို လင်းလင်း ထင်းထင်း နိဗ္ဗာန်တည်းဟူသော လင်းထင်းကြီး ကောင်းကောင်းကြီး မြင်ရ တာပဲ။ အဲဒီ မဂ္ဂသစ္စာရဲ့ သဘော။

(၄) အာဓိပတေယျဋ္ဌော=တဏှာ၏ ကျွန်အဖြစ်မှ စင်စစ်လွတ် ပြီး ကြီးမြတ်ခြင်းဟူသော မဂ္ဂသဘော။ ဟို မဂ်ကျတော့ တဏှာ၏ ကျွန်ဘဝက လုံးဝလွတ်မြောက်သွားပြီဖြစ်လို့ ကိုယ့်ကိုယ်ကို စင်စစ် ပိုင်ပိုင် ခံ့ခံ့ခိုင်ခိုင် ကြီးနေနိုင်တဲ့ဘဝရောက်လို့ ဩော်…မဂ္ဂသစ္စကား ကိုယ့်ကိုယ် ကို အကြီးအမှူးဖြစ်အောင် ဖန်တီးပေးတတ်တဲ့ တရားပဲ။ အာဓိပတေယျ ဋ္ဌော=တဏှာ၏ ကျွန်အဖြစ်မှ စင်စစ်လွတ်ပြီး ကြီးမြတ်ခြင်း ဟူသော မဂ္ဂသဘော။

သစ္စာလေးချက်၊ အနက်သဘော၊ ဟောရန်သွယ်သွယ်၊ မဆုံး ဖွယ်သည်၊ အကျယ်သစ္စကထာတည်းလို့ လယ်တီဆရာတော်ဘုရားကြီး က အင်း–သစ္စာနဲ့ ပတ်သက်ပြီး လင်္ကာတစ်ပိုဒ် ရေးထားခဲ့တယ်။ အခု

http:\\www.dhammadownload.com



ပြောတဲ့အထဲကပေါ့လေ။ ဒုက္ခရဲ့သဘော၊ သမုဒယရဲ့သဘော၊ နိရောဓရဲ့သဘော၊ မဂ္ဂရဲ့ သဘောဆိုတဲ့သစ္စာလေးချက် အနက်သဘောကို မြတ်စွာဘုရား ဟောပြီးတော့ ဇာတ်တော်ကိုပေါင်းတဲ့အခါ ဟောရင်းဟောရင်းပဲ-

သစ္စပရိယောသာနေ=စတုသစ္စ ဓမ္မကထာ ဒေသနာနိဂုံး ဆုံးလတ်တဲ့အခါကာလ၌။ ကုဋုမ္ဗိကော=စောစောက ဖော်ပြတဲ့ သားသေတဲ့ ဖခင်သူကြွယ်သည်။ သောတာပတ္တိဖလေ=သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ=တည်လေပြီ။

ဇာတ်တော်ကို ဘယ်လိုပေါင်းသလဲ။

ဇာတ်တော်ပေါင်းခန်း

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သား တဒါနိ= ယခုအခါ၌။ ခုဇ္ဇုတ္တရာ=ငါဘုရား၏အမျိုးသမီးတို့အနက် ပညာအရာ **ဧတဒဂ်** မတတ်ထက်မြက်လှစွာသော ခုဇ္ဇုတ္တရာသည် တဒါ= ထိုစဉ်ကာလ၌။ **ဒါသီ=အိမ်စေမလေးသည်။** အဟောသိ=ဖြစ်ခဲ့လေပြီ။

တဒါနိ=ယခုအခါ၌။ ဥပ္ပလဝဏ္ဏာ ထေရီမသည်။ တဒါ=ထိုစဉ်ကာလက သမီးတော်သည် အဟောသိ=ဖြစ်ခဲ့လေပြီ။

တဒါနိ=ယခုအခါ၌။ ရာဟုလော=သားတော်ရာဟုလာသည်။ တဒါ=ထိုစဉ်ကာလက။ ပုတ္တော=မြွေအကိုက်ခံရ၍ စုတိပြတ်ကြွေ သေလွန်သော သားတော်ကလေးသည်။ အဟောသိ=ဖြစ်ခဲ့လေပြီ။ တဒါနိ= ယခုအခါ၌။ ခေမာ=ခေမာထေရီမသည်။ တဒါ=ထိုစဉ်ကာလက။မာတာ= **မွေးသမိ ခင် ပုဏ္ဏေးမသည်။** အဟောသိ=ဖြစ်ခဲ့လေပြီ။ တဒါနိ= ယခုအခါ၌။ အဟမေဝ=ငါဘုရားသည်ပင်လျှင်။ တဒါ=ထိုစဉ်ကာလ၌။ **ဗြာဟ္မဏော= အိမ်ထောင်ဦးစီးဖခင်ပုဏ္ဏားကြီးသည်။** အဟောသိ= ဖြစ်ခဲ့လေပြီ။ တဒါ= ဤသို့။ ဇာတကံ=ဇာတ်တော်ကို။ သမောဓာနေသိ= စုပေါင်း၍ ပြတော်မူပြီ။

http:\\www.dhammadownload.com



## ဥရဂဇာတ်နိဂုံး

ဤတွင် ဥရဂဇာတက ဓမ္မဒေသနာ ပြီးဆုံးလေပြီ။

ဤသို့ ဥရဂဇာတက ဓမ္မဒေသနာကို ကြားနာရခြင်း ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံ စေတနာ၊ သရဏဂုံသီလတို့ကို ဆောက်တည်ရခြင်း၊ သီလမယကောင်းမှုကုသိုလ်ကံစေတနာ၊ မိမိတို့ဉာဏ်အမြင် မိကြသမျှ မရဏာဿတိ ဘာဝနာကို ပွားများရခြင်း ဘာဝနာမယကောင်းမှုကုသိုလ်ကံ စေတနာ၊ နံနက်မိုးသောက်ရောက်သကာလ သံဃာတော်အရှင်သူမြတ်သူတို့အား မွန်မြတ်သော ဆွမ်း ခဲဖွယ် ဘောဇဉ်တို့ဖြင့် သဒ္ဓါရွှင်လန်း လှူဒါန်းရခြင်းဟူသော ဘောဇနဒါန ကောင်းမှုကုသိုလ်ကံ စေတနာ၊ ဓမ္မရေဖြစ်တော်မူကြသော အရှင်မြတ်တို့အား တိစီဝရိက်သင်္ကန်းတို့ဖြင့် သဒ္ဓါပြဋ္ဌာန်း လှူဒါန်းရခြင်းတည်းဟူသော စီဝရဒါန ကောင်းမှုကုသိုလ်ကံ စေတနာ။ ဤသို့ စသည်များ မြတ်ပေါင်းအပ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ဤဥရဂဇာတ်တော်၌ လာရှိသော ဘုရားအလောင်း လယ်သမားပုဏ္ဏားအိမ်ထောင်စုကဲ့သို့ နေ့ရှိသမျှ မိမိတို့ ရအပ်သော စည်းစိမ်ချမ်းသာအလျောက် ဒါနကောင်းမှုတို့ကို တစ်နေ့တခြား ပွားများကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

လပြည့်လကွယ် ရှစ်ရက် ဥပုသ်နေ့တို့၌ အဋ္ဌင်္ဂဥပုသ်ကို ကျင့်သုံးဆောက်တည်နိုင်ကြပါစေကုန်သတည်း။ မရဏာဿတိ ဘာဝနာကို အခါခပ်သိမ်း နှလုံး၌ ကိန်းအောင်း ပွားများနိုင်ကြပါစေကုန်သတည်း။ မိမိတို့၏ ဤဘဝမှာ မုချဧကန် သေရမည့်အဖြစ်ကို အဖန်ဖန်အောက်မေ့ပြီး မရဏာဿတိတရားကို လက်ရှိထားနိုင်ကြပါစေကုန်သတည်း။ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ မမြဲခြင်းသဘော၊ ပျက်စီးခြင်းသဘောကို အဖန်ဖန် ရှုဆင်ခြင်ခြင်းဟူသော အနိစ္စဘာဝနာ၊ ယင်းသို့ မမြဲပျက်စီးသဖြင့် ဆင်းရဲခြင်းဒုက္ခ ဘာဝနာ၊ ဆင်းရဲခြင်းကို အဖန်ဖန် ရှုဆင်ခြင်ခြင်းဟူ

http:\\www.dhammadownload.com



သော ဒုက္ခဘာဝနာ မစိုးပိုင် သဘောကို အဖန်ဖန် ရှုဆင်ခြင်ခြင်းတည်း ဟူသော အနတ္တဘာဝနာကို အခါခါ အထပ်ထပ် ပွားများကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

ယင်းသို့ ဒါန သီလ ဘာဝနာ သမထဝိပဿနာ ဘာဝနာတရား၊ ပွားများကြိုးကုတ် အားထုတ်သဖြင့် ဝိပဿနာဉာဏ်ဆယ်ဆင့် အဆင့်ဆင့် ရင့်သည်ထက် ရင့်၍ လေးပါးသော မဂ်ဉာဏ်၊ လေးပါးသော ဖိုလ်ဉာဏ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ပေါက် ရောက်ရသော နောက်ဆုံးဘဝ ပရိနိဗ္ဗာန စုတိစိတ်မှ အခြားမဲ့ဖြစ်သော နောက်ကာလဝယ် ဘယ်ဘဝ၊ ဂတိ၊ ယောနိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တာဝါသမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့ တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းကြပါစေကုန်သတည်း။ တစ်ဖန်မဖြစ်သော ချုပ်ခြင်းဟူသော အနုပါဒါနိရောဓ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီကိုယ်င စံကြရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက် မီးပုံကြီး ကိုယ်စီကိုယ်င ငြိမ်းကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု။

ဥရဂဇာတ်တရားတော် ပြီးပြီ။

http:\\www.dhammadownload.com

## ဘာရဒွါဇသုတ္တန်တရားတော်

**(သီလဝန္တသုတ္တန် အကျဉ်းပါဝင်သည်။)**

ဘုန်းကြီးဟောမယ့်တရားရဲ့ သုတ်နာမည်က ဘာရဒွါဇသုတ်လို့ ခေါ်ပါတယ်။ သင်္ဂါယနာတင် မထေရ်မြတ်များက နိဒါန်းအနေဖြင့် တရားဦး စပျိုးပေးလိုက်တာက–

ဧကံ သမယံ အာယသ္မာ ပိဏ္ဍောလဘာရ ဒွါဇော ကောသမ္ဗိယံ ဝိဟရတိ ဃောသိတာရာမေ။

(သံ၊ ၂။ ၃၂၈)

တစ်ချိန်က ပိဏ္ဍောလလို့ခေါ်သော ဘာရဒွါဇမထေရ် ဘုန်းကြီးတို့ ဗုဒ္ဓဘာသာ လူတိုင်းလူတိုင်း နားလည်လွယ်အောင် ပြောရလို့ရှိယင် ရာဇဂြိုဟ်သူဌေးရဲ့စန္ဒကူးသပိတ်ကို ကောင်းကင်က တန်ခိုးဣဒ္ဓိပါတ်ဖြင့် ယူတော်မူတဲ့ ပိဏ္ဍောလဘာရဒွါဇလို့ ခေါ်သော မထေရ်သူမြတ် ကောသမ္ဗီရဲ့ အနီး ဃောသိတာရုံ ဃောသိတာသေဌေး=ဃောသက သေဌေး ဆောက်လုပ်လှူဒါန်းတဲ့ ဃောသိတာရုံကျောင်းတိုက်ကြီးမှာ သီတင်းသုံးနေထိုင်တော်မူတဲ့အခိုက်ဖြစ်ပါတယ်။

ဒီကိုယ်တော်ကို ဘာပြုလို့ ပိဏ္ဍောလလို့ ခေါ်သတုံး။ ဘာပြုလို့ ဘာရဒွါဇခေါ်သတုံးဆိုတဲ့အကြောင်း ဖော်ပြထားတယ်။ သူ့ရဲ့မိဘ ဘိုးဘေးအစဉ်အဆက်အနွယ်က ဘာရဒွါဇပုဏ္ဏားရဲ့ အနွယ်မို့လို့ သူ့ကို ဘာရဒွါဇလို့ ခေါ်တယ်တဲ့။ ဒီအရှင်မြတ်ကို ပိဏ္ဍောလလို့ ခေါ်တာက တော့–

http:\\www.dhammadownload.com



ပိဏ္ဍံ ဥလတိ ဂဝေသတီတိ ပိဏ္ဍောလော။

ယော=အကြင် အရှင်သည်။ ပိဏ္ဍံ=ဆွမ်းကို။ ဥလတိ-ဂဝေသတိ= ရှာမှီးတောင့်တတ်၏။ ဣတိ=ထို့ကြောင့်၊ ပိဏ္ဍောလော= ပိဏ္ဍောလမြည်၏။

ဘာပြုလို့လဲဆိုတော့ သူလူ့ဘဝတုန်းက အင်မတန် ဆင်းရဲနွမ်းပါးရှိတဲ့ ပုဏ္ဏားတစ်ယောက်ပါပဲတဲ့။ လူ့လောကမှာ စားရေးဝတ်ရေး အင်မတန် ပင်ပန်းနွမ်းနယ်ရတဲ့အတွက် သာသနာဝင်ပြီးတော့ စားရေးဝတ်ရေး ချမ်းသာရေးအတွက် ပထမပိုင်းမှာ ဝင်ပြီးတော့ လာလို့ သူ့ကို ပိဏ္ဍောလ။

## မျှတရုံစားလျှင် အကျိုးသုံးပါး ရရှိပုံ

သာသနာတော်ထဲ ရောက်လာတဲ့အခါကျတော့ ဆိုကြပါစို့။ ဒီ ပိဏ္ဍောလ ဘာရဒွါဇကိုယ်တော်မြတ်က အစားဝမ်းမီးတေဇောကောင်းတယ်တဲ့။ ကောင်းတဲ့အတွက် အစားအသောက် သူများထက် ပိုပြီးတော့ ဘုဉ်းပေးနိုင်တယ်။ (ဘုန်းကြီးတို့ ဗန်းမော်ဆရာတော်လိုပေါ့။) ဝမ်းမီးကောင်းတဲ့ သံဃာတော်များ ရှိတယ်။ အဲဒီလို ဝမ်းမီးကောင်းလွန်းလို့ အစားကောင်းတဲ့အတွက် မြတ်စွာဘုရားက သူ့ကို ကွက်ပြီးတော့ သပိတ်အိတ်ကို သူ့ကို ခွင့်မပေးဘူးတဲ့။ ဒီပြင် အရှင်သူမြတ်တွေသာ သပိတ်အိတ် ဆောင်ရတယ်။ ရှင်ပိဏ္ဍောလကို မြတ်စွာဘုရားက ပထမပိုင်းမှာ သူ့ကို သပိတ်အိတ်ခွင့်မပေးဘူး။

ချစ်သားမှာတော့ သပိတ်အိတ်မလိုဘူးတဲ့။ သပိတ်အိတ်မဆောင်ရဘူး။ နို့ ဘယ့်နယ်ဆောင်ရသလဲ။ ဒီအတိုင်း သပိတ်ကို ပွေ့ပြီးတော့ ဆွမ်းသွားခံ၊ ဆွမ်းကိစ္စပြီးတော့ သပိတ်ကို ခုတင်ညောင်စောင်းရဲ့ အောက်မှာ ချစ်သားသွင်းတဲ့အခါမှာ အောက်က မြေကြီးကို သပိတ်နှုတ်ခမ်းနဲ့ တိုက်တိုက်ပြီးတော့ သွင်းရမယ်။ ထုတ်ယူတဲ့အခါမှာလည်း မြေကြီးနဲ့

http:\\www.dhammadownload.com



သပိတ် နှုတ်ခမ်းနဲ့ တိုက်ပြီးမှ ထုတ်ယူရမယ်။ ဒီလိုမြတ်စွာဘုရားက အရှင်ပိဏ္ဍောလကို အမိန့်ပေးတယ်။

အဲဒီလို တိုက်ဖန်များ ပွတ်ဖန်များတော့ တော်တော်ကြာတော့ သပိတ်အနားက တဖြည်းဖြည်းပွန်းပွန်း ပွန်းပွန်းပြီးတော့ လာလိုက်တာ တစ်ခွက်ချက်=တစ်ခွက်ဆံ့တဲ့အချိန်ရောက်လာတယ်။ အဲဒီတော့မှ မြတ်စွာဘုရားက သူ့သပိတ် အခြေအနေကြည့်ယင် တစ်ခွက်ချက်ဆွမ်းဆံ့ တဲ့ အခြေအနေ ရောက်တော့မှ "ဒါဖြင့် ချစ်သား သပိတ်အိတ်ဆောင် လော့" ဒီလို အမိန့်ရှိတယ်။ မြတ်စွာဘုရားလက်ထက်တုန်းက ဒီလိုပဲ ဝမ်းမီးကောင်းတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ ဆိုကြပါစို့။ ပသေနဒီ ကောသလ မင်းတရားကြီးဆိုရင် ဆန်တစ်စိတ်ချက် ဒေါဏပါကကုရံ=ဆန်တစ်စိတ် ချက်သော ထမင်းကို စားသုံးတယ်။ ပွဲတော်တစ်ခါတည်ယင် ဆန် တစ်စိတ်နဲ့ ဆိတ်တစ်ကောင် ကုန်တယ်လို့ ဒီလိုဆိုတယ်။ ဒီတော့ စားပြီးတယ် ဆိုလို့ရှိယင်ပဲ ကောသလဟာ ပကတိအနေနဲ့ မတည်နေနိုင် ဘူး။ စားတဲ့နေရာရဲ့ အနီးအပါးမှာ ချက်ချင်း လှဲပြီးတော့ နေရတယ်။ လေယပ်ယပ်ပါ ခတ်နိုပ်ပြုပေးရတယ်။ တစ်ရေးတမော အိပ်ပြီးမှ ဒီ့ပြင်မင်းကိစ္စများ စီမံနိုင်တယ်။

တစ်ချိန်က ဘုရားထံမှောက် ကောသလမင်းတရားရောက်တဲ့ အခါကျတော့ မအိပ်ရ မနေရသေးခင် မွန်းလွဲဘုရားထံမှောက် ရောက်လာ တော့ ထောက်ရာတည်ရာ မရ လှုပ်လှုပ်ရှားရှား ဖြစ်တော့မှ မြတ်စွာ ဘုရားက ဒီမင်းကြီးဟာတော့ အင်မတန် အစားတော့ များနေပြီ။ ဒီတော့ သူ့ကို အစားနည်းအောင် သူ့အတွက်ကိုတော့ တရားဟောမှတော်မယ် ဆိုပြီးတော့–

မိဒ္ဓီ ယဒါ ဟောတိ မဟဂ္ဃသော စ–အစရှိသော အစားများလို့ ရှိယင် ရောက်တတ်တဲ့ အပြစ်တွေ။ အဲဒီလို ဟောပြီးတော့ နောက်ဆုံး မြတ်စွာဘုရားက–

http:\\www.dhammadownload.com



မနုဇဿ သဒါ သတိမတော၊
မတ္တံ ဇာနတော လဒ္ဓဘောဇနေ။
တနုကဿ ဘဝန္တိ ဝေဒနာ၊
သဏိကံ ဇီရတိ အာယုပါလယံ။ (သံ၊ ၁။ ၈၂)

ဒီဂါထာ ဟောတယ်။

မဟာရာဇ=မြတ်သောမင်းကြီး။ သဒါ=နေ့ညဉ့်ဆက်ကာ ခပ်သိမ်းသော အခါကာလ၌။ သတိမတော=သတိရှိသည်ဖြစ်၍။ လဒ္ဓဘောဇနေ=မိမိအတွက်သာ ရရှိအပ်သော အစာထမင်း၌။ မတ္တံ= အတိုင်းအရှည်ကို။ ဇာနတော=သိသော။ မနုဇဿ=လူဖြစ်သော။ အဿ=ထိုသူ၏ သန္တာန်၌။ ဝေဒနာ=ဆင်းရဲဒုက္ခဝေဒနာတို့သည်။ တနုကံ=နည်းပါးကုန်သည်။ ဘဝန္တိ=ဖြစ်ကုန်၏။ အာယု=အသက်သည်။ ပါလယံ-ပါလယန္တော=မိမိကိုယ်ဝယ် ရှည်မြင့်စွာ စောင့်ရှောက်သည်ဖြစ်၍။ သဏိကံ=ဖြည်းဖြည်းမှ။ ဇီရတိ=အိုမင်း ရင့်ရောက်ရ၏။

မြတ်စွာဘုရားက သတိထားပြီးတော့ မိမိရတဲ့ အစာအာဟာရမှာ တိုင်းတိုင်းရှည်ရှည် စားသောက်ပါ။ အဲဒီလို စားသောက်တဲ့ပုဂ္ဂိုလ်မှာ ဆိုလို့ရှိယင်တဲ့ အကျိုးသုံးပါးရတယ်။

(၁) ရောဂါဝေဒနာ နည်းပါးတယ်=တနုကဿဘဝန္တိဝေဒနာ။

(၂) သဏိကံဇီရတိ=နှေးနှေးမှ အိုတယ်တဲ့။ ရုတ်တရက် ချက်ချင်း ကျမသွားဘူး။

(၃) အာယုပါလယံ=တဲ့။ ဇီဝိတိန္ဒြေ ဒီခန္ဓာကိုယ်ကို အချိန်ကြာကြာစောင့်နိုင်တယ်တဲ့။ ဒီအကျိုးသုံးပါး ရတယ်။

ဒီဂါထာကို မြတ်စွာဘုရား ရွတ်ပြီး ဟောကြားလိုက်တဲ့အခါကျတော့ ကောသလမင်းကြီးက အင်မတန် နှစ်သက်ပြီးတော့ သူ့ရဲ့တူဖြစ်သော သုဒဿနလုလင်ကို–

http:\\www.dhammadownload.com



"သုဒဿန၊ မင်းဒီဂါထာကို ဘုရားဆီက သင်ခဲ့ပါကွယ်။ ငါပွဲတော်တည်တဲ့အခါ မင်းဒီဂါထာကို ရွတ်ရွတ်ပေးပါ"လို့ပြောတယ်။

ဒီတော့ သုဒဿနလုလင်က ဘုရားဆီက ဒီဂါထာသင်ကြားပြီးလို့ နှုတ်တက်ရတော့မှ မြတ်စွာဘုရားက မှာလိုက်တယ်။

"သုဒဿန၊ ဒီဂါထာ ရွတ်လို့ရှိယင် ကောသလမင်းကြီး ပွဲတော်တည်စမှာလည်း မရွတ်နဲ့၊ ပွဲတော်တည်လို့ အလယ်မှာလည်း မရွတ်နဲ့၊ ဟိုပြီးခါနီး နောက်ဆုံးထမင်းလုတ် ရောက်ခါနီးကျတော့မှ မင်းရွတ်၊ ဘာပြုလို့လဲ။ ပွဲတော်တည်ဦးစ ရွတ်ယင်လည်းပဲ အဲဒီအသံကြားရင် ဒီတရားဂါထာရဲ့ အာနုဘော် ငါဘုရားရဲ့ မေတ္တာတေဇော် အာနုဘော်ကြောင့် ဒီမင်းတရားကြီးဟာ အစားကို အသံကြားတာနဲ့ ရပ်လိုက်လိမ့်မယ်။ ရပ်လိုက်လို့ရှိယင် သူ့ရဲ့ဝမ်းမီးတေဇောက အင်မတန် အပြင်းအထန် လောင်ကျွမ်းပြီးတော့ သူ့ရဲ့အသက်ကို ရန်ရှာသွားလိမ့်မယ်။ ဒါကြောင့် ပွဲတော်တည်ဦးမှာလည်း မရွတ်နဲ့။ ပွဲတော်တည်တဲ့ အလယ်မှာလည်း မရွတ်နဲ့၊ ပြီးခါနီး နောက်ဆုံးထမင်းလုတ် တစ်လုတ်လိုတဲ့ အချိန်ကျတော့မှ ရွတ်ပေး၊ ပြီးပြီဆိုတော့မှ အဲဒီထမင်းတစ်လုတ်စာ ဆန်ကိုလျှော့၊ နောက်တစ်နေ့ချက်။

## ပိဏ္ဍောလဘာရဒွါဇရဟန်း အစားလျှော့စားခြင်း

အဲဒီလို နောက်တစ်နေ့ ပွဲတော်တည်တဲ့အခါမှာလည်းပဲ နောက်ဆုံးထမင်းလုတ် တစ်လုတ်စာကျတော့မှ ဒီဂါထာရွတ်ပေး။ အဲဒီလို တစ်နေ့တစ်နေ့ တစ်လုတ်စာတစ်လုတ်စာ လျှော့ပြီးတော့ ရွတ်ရွတ်ပေးလို့ ဆန်တစ်ပြည်ချက်ရောက်တဲ့အချိန်အခါကျတော့မှ ငါဘုရားပြန်ပြီးတော့ လျှောက်ထားဦးလို့ ပြောတယ်။ မြတ်စွာဘုရား မိန့်ကြားတော်မူတဲ့အတိုင်း သုဒဿနလုလင်က ပသေနဒီကောသလမင်းတရားကြီး ပွဲတော်တည်တဲ့အခါ နောက်ဆုံးထမင်းလုတ် ရောက်တဲ့အချိန် ဒီဂါထာ

http:\\www.dhammadownload.com



ရွတ်။ ရွတ်တဲ့အချိန်မှာ တစ်ခါတည်း လက်ပါဆေးပြီးတော့ တန်လိုက်တယ်။ တော်လိုက်တယ်။ တစ်လုတ်စာ လျော့သွားတယ်။

အဲဒီတစ်လုတ်စာ ဆန်စေ့ရေပြီးတော့ နောက်တစ်နေ့ လျော့ပြီးတော့ ချက်တယ်။ အဲ–နောက်တစ်နေ့ ပွဲတော်မှာလည်းပဲ နောက်ဆုံးတစ်လုတ်စာလည်း နီးရော အဲဒီဂါထာ ရွတ်လိုက်တယ်။ တစ်လုတ် လျော့သွားတယ်။ အဲဒီလို လျော့လျော့ပြီး တစ်နေ့တစ်လုတ်စာတစ်လုတ်စာ လျော့လို့ တစ်ပြည်ရတဲ့အခါ တစ်ပြည်စာ၊ တစ်ပြည်ချက်ကျန်တဲ့အချိန်ကျတော့မှ သုဒဿနက မြတ်စွာဘုရား ပြန်လျှောက်တယ်။ မင်းတရားကြီးဟာ တစ်ပြည်ချက်အစာကို ရောက်ပါပြီဘုရားလို့ လျှောက်တော့မှ "တော်ပြီ"တဲ့။

ပသေနဒီ ကောသလမင်းကြီးဟာ တေဇောအား အင်မတန်ကောင်းတဲ့ပုဂ္ဂိုလ်၊ တစ်ပြည်ချက်မှ မစားရရင် ခန္ဓာကိုယ်မျှတော့မှာ မဟုတ်ဘူးဆိုပြီးတော့ အဲဒီမှ နောက်မရွတ်တော့နဲ့၊ မရွတ်နဲ့တော့လို့ မြတ်စွာဘုရားက သုဒဿနကို မိန့်ကြားတော်မူလိုက်တယ်။

ထို့အတူပဲ၊ အရှင် ပိဏ္ဍောလဘာရဒွါဇအတွက်လည်းပဲ ပထမပိုင်းမှာ တေဇောအားကောင်းလို့အစား အင်မတန် သန်လွန်းတဲ့အတွက် သပိတ်အိတ်ခွင့်မပြုဘဲနဲ့ သပိတ်ကို ဒီအတိုင်း သပိတ်ချည်းထဲ ခုတင်ညောင်စောင်း အောက်ကို အသိမ်းခိုင်းတယ်။ အထုတ်ခိုင်းတယ်။ အထားခိုင်းတယ်။ သွင်းလိုက်၊ ပွန်းလိုက်၊ ထုတ်လိုက်၊ ပွန်းလိုက်။ နေ့ရှည်ရက်များ တော်တော်လေး များသွားတဲ့အခါကျတော့ တစ်ခွက်ချက်ဝင်ဖြစ်သွားတယ်။

အဲဒီကျတော့မှ မြတ်စွာဘုရားက "ချစ်သား၊ သပိတ်အိတ်ဆောင်လော့"၊ ဒီလို ပညတ်လိုက်တယ်။ ခွင့်ပြုလိုက်တယ်။ အဲဒီ သပိတ်အိတ်ဆောင်တော့ ဆိုလို့ တစ်ခွက်ချက် ဘုဉ်းပေးတဲ့အချိန်က စပြီးတော့ ခန္ဓာ

http:\\www.dhammadownload.com



ကိုယ်လည်း အင်မတန်မှုမှုတတဖြစ်ပြီး ရဟန်းတရားပွားများ ကြိုးကုတ် အားထုတ်တဲ့အခါ ဒီအရှင်မြတ်သည် ရဟန္တာဖြစ်ပါတယ်တဲ့။

အဲဒီလို ရဟန္တာဖြစ်ပြီးတဲ့နောက်တစ်နေ့မှာ ကောသမ္ဗီပြည် ဃောသိတသေဋ္ဌေး ဆောက်လုပ်တဲ့ ဃောသိတာရုံကျောင်း သီတင်းသုံး တော်မူတဲ့အခိုက်ဖြစ်ပါတယ်။

နွေရာသီမှာ ကျောင်းတိုက်ထဲ နေရတာ အင်မတန်ပူပြင်းတဲ့ အတွက် တစ်နေ့သ၌ ရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်သည် ဥဒေနမင်း တရားပိုင်ဆိုင်သော ဂင်္ဂါမြစ်ကမ်းနားမှာရှိတဲ့ ဥဒါပါနခေါ်သော မင်္ဂလာ ဥယျာဉ်အတွင်း တစ်ခုသော သစ်ပင်ရင်းမှာ သွားပြီး နေ့သန့်နေတော်မူ တယ်။ ဖလသမာပတ် ချမ်းသာဖြင့်။ သစ်ပင်ရင်း–ဝိဝေက ဆိတ်ငြိမ်ရာ အရပ်မှာ ရာသီဥတုလည်း ကောင်းတယ်လေဆိုပြီး အဲဒီမှာ စမ္မခဏ် သရေ ပိုင်းလေးနဲ့ နေ့သန့်နေတော်မူတဲ့ အခိုက်အတန့်ဖြစ်ပါတယ်။

## အရှင်ပိဏ္ဍောလအား ဥဒေနမင်းက
## ခါချဉ်ထုပ်ဖြင့် ပေါက်ရန် ကြံစည်ပြုလုပ်ခြင်း

အဲဒီနေ့မှာ ဥဒေနမင်းတရားသည် များစွာသော မင်းချင်းတွေ၊ အမှုထမ်းတွေ ခြံရံ၍ သေသောက်ပွဲကြီး ကျင်းပတာ ခုနစ်ရက်၊ ရှစ်ရက်။ "ကနေ့တော့ မင်္ဂလာဥယျာဉ်သွားပြီးတော့ တို့ ဥယျာဉ်တော် ကစားမယ်" ဆိုပြီး ထွက်လာတဲ့နေ့။ မင်္ဂလာဥယျာဉ်ရောက်တဲ့အခါကျတော့ ခုနစ်ရက် မြူးတူးပျော်ပါး သောက်စားပြီး အင်မတန် ပင်ပန်းထားတဲ့ မင်းတရား ကြီးဟာ တစ်ဦးသော မောင်းမငယ်၏ ရင်ခွင်မှာ ခေါင်းချပြီးတော့ မင်္ဂလာ ကျောက်ဖျာပေါ်မှာ အိပ်စက်သွားတယ်။ ဘေးက တီးကြမှုတ်ကြ ကကြ ခုန်ကြရမယ့် ရံရွေတော်တွေက "မင်းတရားအိပ်ပျော်သွားပြီ၊ ဒီတော့ တီးဖို့ မှုတ်ဖို့ ကဖို့ခုန်ဖို့ မလိုတော့ဘူး"ဆိုပြီးတော့ မင်္ဂလာဥယျာဉ်ထဲ လျှောက် ပြီး လှည့်ကြည့်ကြတယ်။ လှည့်ကြည့်တဲ့အခါ အရှင်ပိဏ္ဍောလ တွေ့

http:\\www.dhammadownload.com



တော့ အရှင်ပိဏ္ဍောလထံ သွားပြီးတော့ ရှိသေမြတ်နိုး ရှိခိုး၍ တစိုးတစိ ဩဝါဒ ရလိုရကြောင်းနဲ့ သွားပြီးတော့ တရားနာကြတော့ အရှင်ပိဏ္ဍောလက "ဣဿာတရားများ မထားကြနဲ့၊ မစ္ဆရိယတရားများ မထားကြနဲ့"ဆိုပြီးတော့ အမျိုးသမီးများနဲ့ လိုက်လျောသော တရားစကား ဟောကြားတော်မူနေတဲ့အချိန်ဖြစ်ပါတယ်။

အဲဒီလို မောင်းမမိဿံများ တရားနာနေတဲ့အချိန် ဥဒေနမင်း တရားကို တစ်ယောက်တည်း စောင့်ပြီးကျန်နေတဲ့ မောင်းမမိဿံက ငါ တစ်ယောက်တည်း ရှိတော့တယ်။ ဒီမိန်းမတွေကိုတော့ ဒုက္ခရောက်အောင် ငါလုပ်ဦးမှပဲဆိုတဲ့အကြံနဲ့ မင်းတရားမနိုး နိုးအောင် လှုပ်ရှားတော့ ဥဒေနမင်းက နိုးတယ်။ ဘေးနားမှာ အခြွေအရံတွေ မမြင်တော့ "ဟိုမိန်းမတွေ ဘယ်သွားကုန်သလဲ" ဆိုတော့ "ဟောဟို သစ်ပင်ရင်းတစ်ခုမှာ ကိုယ်တော် တစ်ပါး သွားပြီးတော့ ဝန်းရံနေတယ်။ အရှင်ဘုရားရဲ့လခရိက္ခာစားပြီး တော့ ခစားတော့ ဟိုရဟန်းရဲ့အပါး သွားပြီး ခစားတယ်"လို့ ကတုံး ကတိုက် စကားပြောတော့ ဥဒေနမင်းတရား ဒေါသအမျက်ခြောင်းခြောင်း ထွက်ပြီး ဒီနေရာက ထသွားတယ်။ ပါးပျဉ်းထောင်တဲ့ မြွေဟောက်ကြီး လိုပ။ အင်မတန် ဒေါသကြီးပြီးတော့ သွားတယ်။

သွားရင်းကနေပြီး ဒီကိုယ်တော်တော့ သိရော့မယ်။ ဒီကိုယ်တော့် အပေါ် ခါချဉ်ထုပ်နဲ့ ငါပေါက်မယ်ဆိုသောအကြံဖြင့် ဥဒေနမင်းတရား က သော်ကပင်တစ်ခုမှာ စွဲနေတဲ့ ခါချဉ်ထုပ်ကြီး သွားပြီးတော့ အကိုင်း ဆွဲတယ်။ ကိုင်းဆွဲပေမယ့် အကိုင်းကို သူက မချိုးနိုင်တော့ သူလိုချင်တာ က ဒီခါချဉ်ထုပ်ကြီးကို အကိုင်းချိုးပြီး သူယူချင်တာ။ သူက အကိုင်းကို လှမ်းဆွဲတုန်း ရှိသေးတယ်။ ခါချဉ်ထုပ်ကြီးက ပြေပြီးတော့ သူ့ခေါင်းပေါ် ကျတယ်။

ခေါင်းပေါ်ကျတော့ သူ့တစ်ကိုယ်လုံးပေါ့လေ။ ခါချဉ်ကောင်တွေ ကိုက်လို့၊ ဟိုက ခုနင်က ရှင်ပိဏ္ဍောလအနားမှာ နေတဲ့ မောင်းမမိဿံ

http:\\www.dhammadownload.com



တွေကလည်းပဲ ဥဒေနမင်းရဲ့ ဒေါသထွက်၍လာပြီး နှိပ်စက်မယ့်အခြင်းအရာနဲ့ လုပ်တာသိတော့ ဟိုအနားမှာ မနေတော့ဘူး။ မင်းတရားကြီးအနား အကူအညီပေးသလို လာပြီး ဝိုင်းဝန်းပွတ်သပ်ပေးသကဲ့သို့ လုပ်ပြီး ဘယ်တကယ်ပွတ်သပ်ပေးတာ ဟုတ်မလဲ။ အောက်ကျတဲ့ ခါချဉ်တွေကို မင်းတရားအပေါ် တစ်ခါ ကောက်ကောက်တင်ကြတယ်။ ကောက်ကောက်တင်ရုံတင် ဘယ်ကမလဲ။ ဒီအမျိုးသမီးတွေက ပြောလိုက်တယ်။ ဘာပြောလဲဆိုတော့-

"ကိံ နာမေတံ"

ဧတံ=ဒီလိုဖြစ်တာ။ ကိံနာမ=ဘယ်လိုဟာပါလိမ့်။

အညေ ရာဇာနော ပဗ္ဗဇိတေ ဒိသွာ ဝန္ဒန္တိ၊ ပဉ္ဟံ ပုစ္ဆန္တိ။

အညေ=တစ်ပါးကုန်သော။ ရာဇာနော=မင်းတို့သည်။ ပဗ္ဗဇိတေ=ရဟန်းတော်အရှင်မြတ်တို့ကို။ ဒိသွာ=ဖူးမြင်ရသည်ရှိသော်။ ဝန္ဒန္တိ=ရှိခိုးကြကုန်၏။ ပဉ္ဟံ=ပြဿနာကို။ ပုစ္ဆန္တိ=မေးလျှောက်ကြကုန်၏။

အယံ ပန ရာဇာ ကိပိလ္လိကပုဋံ သီသေ ဘိန္ဒိတုကာမော ဇာတော။

အယံ ပန ရာဇာ=ဤငါတို့၏သခင်ဘုရင်ဥဒေနမင်းကတော့။ ကိပိလ္လိကပုဋံ-ခါချဉ်ထုပ်ကို။ သီသေ=မိမိဦးခေါင်း၌။ ဘိန္ဒိတုကာမော ဇာတော=ခွဲချဖို့ရန် အလိုရှိလတ်ပြီတကား လို့-

အပျိုတော်များ ဝိုင်းပြီးတော့ လှောင်ကြတယ်။ ဒီပြင် မင်းတွေ မင်းတွေ ဆိုရင် ရဟန်းရှိရာလာပြီး ရှိခိုးကြ၊ ပြဿနာများမေးကြ။ တို့အရှင် ဥဒေနဘုရင်မင်းတရားကတော့ ဟုတ်ပေါင်တော်။ တကတည်းရဟန်းတော်ရှိရာ လာရမယ့်အစား ခါချဉ်ထုပ်ကို ကိုယ့်ခေါင်းပေါ် ကိုယ်ဖြုတ်ချရတယ်လို့ ဝိုင်းပြီးတော့ လှောင်ကြတော့ မိမိရဲ့အပြစ်ကို ဥဒေနမင်းက သိတော့ ဘယ့်နှယ်မှမပြောဘူး။ မပြောဝံ့ဘဲ ဒီခါချဉ်ကိုပဲ မနည်း

http:\\www.dhammadownload.com



ခါတွက်ချပြီးတော့ အရှက်ပြေပလေ၊ အရှင်ပိဏ္ဍောလဘာရဒွါဇဆီ ရောက်အောင်တော့ မသွားဘူး။ ကြည့်လိုက်တဲ့အချိန်မှာပဲ အရှင်ပိဏ္ဍောလက မရှိဘူး။

"ငါနေလို့ရှိယင် ဒီရှင်ဘုရင် အင်မတန် စိတ်ဆိုးပြီးတော့ ငါ့လာပြီးတော့ အန္တရာယ်ပြုယင် အကုသိုလ်ဖြစ်ချေရဲ့"ဆိုပြီး အရှင်ပိဏ္ဍောလက တန်ခိုးဣဒ္ဓိပါတ်ဖြင့် ဃောသိကာရုံကျောင်း ပြန်သွားတယ်။ ဒီတော့မှ ဥယျာဉ်မှူးကို သူကမေးတယ်။

## ဥဒေနမင်းနှင့် အရှင်ပိဏ္ဍောလမထေရ် ပြဿနာမေးဖြေခန်း

"ကိံ ဧသေ ပဗ္ဗဇိတော အညေသုပိ ဒိဝသေသု ဣဓ အာဂစ္ဆတိ"

ဥယျာဉ်မှူး၊ ဘယ့်နှယ်လဲတဲ့။ ဒီကိုယ်တော် အရှင်မြတ်ဟာ ဒီ့ပြင် ဒီ့ပြင် နေ့များမှာလည်းပဲ ငါရဲ့ ဒီမင်္ဂလာဥယျာဉ်ကို ကြွရောက်လာသလား လို့ မေးတယ်။ "အာမဒေဝ=ကြွရောက်လာပါတယ် အရှင်မင်းကြီး"လို့ ဥယျာဉ်မှူးက လျှောက်ကြားတဲ့အခါကျတော့ ဥဒေနမင်းက ဘာပြောသလဲ ဆိုတော့-

ဣဓ တွံ အာဂတဒိဝသေ မယှံ အာရောစေယျာသိ။

ဣဓ=ဤဥယျာဉ်အတွင်းသို့။ တဿ=ထို ရဟန်းတော်အရှင်မြတ်၏။ အာဂတဒိဝသေ=လာသောနေ့၌။ တွံ=သင်သည်။ မယှံ=ငါ့အား။ အာရောစေယျာသိ=လာရောက်လျှောက်ထားရမယ်"လို့ အမိန့်တော်များ မှတ်ပြီး နန်းတော် ပြန်သွားတယ်။ နှစ်ရက်သုံးရက်လောက်ရှိတော့ အရှင်ပိဏ္ဍောလဟာ ဒီဥယျာဉ်အတွင်း ကြွလာတော်မူပြန်ပါတယ်။ ဒီလိုပဲ သစ်ပင်ရင်းမှာ နေ့သန့် ဖလသမာပတ် ချမ်းသာဝင်စားပြီးနေတော်မူတဲ့အခါ ဥယျာဉ်မှူးကလည်းပဲ=

"မဟာန္တော မေ အယံ ပဏ္ဏာကာရော"

http:\\www.dhammadownload.com



ဤသတင်း ဤလက်ဆောင်ကား အင်မတန်ကြီးစွာသော လက်ဆောင်ဖြစ်တယ်။ ဒီအရှင်မြတ်ရောက်လာတဲ့အကြောင်း မင်းကြီးထံ သံတော်ဦးတင်မှတော်မယ်ဆိုပြီးတော့ ဥဒေနမင်းတရားထံမှောက် သွားရောက်၍–

"လွန်ခဲ့တဲ့ သုံးရက်က အရှင်သူမြတ် ဥယျာဉ်တော်အတွင်း ရောက်ဆိုက်တော်မူနေပါသည်ဘုရား"လို့ လျှောက်ထားတော့ ဥဒေနမင်းတရားသည် ထိုနေ့အဖို့ရာ တူရိယာငါးပါးမပါဘဲနဲ့ အင်မတန် ထင်ရှားကျော်ဇောသော မှူးကြီးမတ်ရာ သေနာပတိတကယ့် လူကြီးလူကောင်းပရိသတ် ခြံရံ၍ ဥပါဒါနမင်္ဂလာဥယျာဉ်တော်အတွင်း ရှင်ပိဏ္ဍောလ ရှိရာသို့ သွားတယ်။ ရောက်ပြီဆိုတော့မှ သမ္မောဒနီယကထာခေါ်တဲ့–

"အရှင်ဘုရား၊ ဥတုသပ္ပာယမျှတပါရဲ့လား။ ဣရိယာပထ ကျန်းခံ့ပါရဲ့လား"စသည်ဖြင့် ပဋိသန္ထာရစကားများ ပြောကြား၍ သင့်လျော်ပတ်ရာက ထိုင်ပြီးပြီဆိုတော့မှ ပြဿနာ သူမေးတယ်။ ဘယ်လိုမေးလိုက်သလဲလို့ ဆိုတော့–

ကော နုခေါ ဘော ဘာရဒွါဇ ဟေတု ကော ပစ္စယော၊ ယေနိမေ ဒဟရာ ဘိက္ခူ သုသူ ကာဠကေသာ ဘဒြေန ယောဗ္ဗနေန သမန္နာဂတာ ပဌမေန ဝယသာ အနိကီဠိတာဝိနော ကာမေသု ယာဝဇီဝံ ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ စရန္တိ၊ အဒ္ဓါနဉ္စအာပါဒေန္တိ။ (သံ၊ ၂။ ၃၂၈)

ဘော ဘာရဒွါဇ=အို အရှင်ဘုရား ဘာရဒွါဇ။ ယေန=အကြင် အကြောင်းကြောင့်။ ဒဟရာ=အသက်အရွယ် နုနယ်တော်မူကြကုန်သော။ သုသူ=လူငယ်သာ ဖြစ်ကြကုန်သော။ ကာဠကေသာ=မည်းနက်သော ဆံပင် ရှိကြကုန်သော။ ပဌမေနဝယသာ=ပထမအရွယ်အားဖြင့်။ ဘဒြေန ယောဗ္ဗနေန=ကောင်းမြတ်သော နုပျိုမှုနှင့်။ သမန္နာဂတာ=ပြည့်စုံကြကုန်သော။ ယေ ဣမေဘိက္ခူ=အကြင်ရဟန်းငယ်တို့သည်။ ကာမေသု=

http:\\www.dhammadownload.com



ဝတ္ထုအာရုံ ကာမဂုဏ်တို့၌။ အနိကီဠိတာဝိနော=မွေ့လျော်ပျော်ပါးကစားကြပြီး မဟုတ်ကြကုန်ပါဘဲလျက်။ ယာဝဓိဝံ=အသက်ထက်ဆုံး။ ပရိသုဒ္ဓံ=စင်ကြယ်စွာ။ ပရိပုဏ္ဏံ=ပြည့်စုံစွာ။ ဗြဟ္မစရိယံ=မြတ်သောအကျင့်ကို။ စရန္တိ=ကျင့်ကြပါကုန်၏။ အဒ္ဒါနဥ္စ=သာသနာတော်အစဥ်အဆက်ဆိုတဲ့ ပဝေဏီကိုလည်းပဲ။ အာပါဒေန္တိ=ပြည့်စုံစေကြပါကုန်၏။ ဘော ဘာရဒွါဇ=အို အရှင်ဘုရား ဘာရဒွါဇ။ သော ပစ္စယော သော ဟေတု=ထိုအကြောင်းကား။ ကော နုခေါ=အဘယ်ပါနည်းဘုရားလို့။

ပါဠိလို စာသံပေသံ ပါဠိနယ်ပယ်က စကားဆိုတာ ရုတ်တရက်အရပ်သုံးစကားနဲ့ မတူဘူး။ သူစွဲလိုတဲ့ လျှောက်လိုတဲ့စကား။ ဆိုကြပါစို့။ အရှင်ဘုရားတဲ့။ အရှင်ဘုရေးတို့ ဘုရားသာသနာမှာ ဦးဇင်းငယ်ကလေးတွေ ရှိတယ်။ ရဟန်းငယ်ကလေးတွေ။ အဲဒီ ရဟန်းငယ်ကိုယ်တော်ကလေးတွေဟာ သူတို့ကြည့်လိုက်မယ်ဆိုရင် "ဒဟရာဘိက္ခူ"=ငယ်လည်းငယ်ကြတယ်။ "သုသူ"တဲ့။ အင်မတန်နုနယ်တဲ့ အရွယ်လေးတွေ။ ကာဠကေသာ=ဆံတစ်ပင်မျှ မဖြူသေးဘူး။ မည်းနက်သော ဆံပင်ရှိကြတယ်။ ဘဒြေန ယောဗ္ဗနေန သမန္နာဂတာ ပဌမေနဝယသာ=ပထမအရွယ်နဲ့ ပြည့်စုံတော်မူကြတဲ့ ဒီကိုယ်တော်ကလေးတွေ တစ်နည်းအားဖြင့် ငယ်ဖြူကိုယ်တော်လေးတွေဟာ-တဲ့။

အနိကီဠိတာဝိနော ကာမေသု=လူ့လောကမှာ ရှိတဲ့ ကာမဂုဏ်ကို သူတို့မသုံးဆောင်မခံစားရဖူးပါဘဲလျက်။ ထားပါတော့-လူ့ပြည်လောကမှာ ရှိတဲ့ လူရဲ့ ဝတ္ထုအာရုံ ကာမဂုဏ်ကို သုံးဆောင်ခံစားပြီးမှ ငြီးငွေ့လို့ ရဟန်းဘောင်ရောက်တဲ့ ပုဂ္ဂိုလ်များကို မပြောလိုပါဘူးတဲ့။ အခု ကိုယ်တော်လေးတွေဟာ လူ့လောကအာရုံ ကာမဂုဏ်ကို မသုံးဆောင် မခံစားရ၊ ခံစားပြီးပုဂ္ဂိုလ်များ မဟုတ်ကြပါဘဲလျက်တဲ့။ အသက်ထက်ဆုံး ဗြဟ္မစရိယခေါ်သော သီလ၊ သမာဓိ၊ ပညာ ဒီသိက္ခာသုံးပါးကို သူတို့ဖြည့်ကျင့်တော်မူနိုင်ကြတယ်။ သာသနာ အစဥ်အဆက်ဆိုတဲ့

http:\\www.dhammadownload.com



ပဝေဏီကို အစဉ်မပျက်အောင် စောင့်ရှောက်တော်မူကြတယ်။ ဘာကြောင့် သူတို့ စောင့်ရှောက်နိုင်တုံး။ တပည့်တော် စဉ်းစားကြည့်တယ်။ လူ့ပြည်ဟာ ကာမဘုံ၊ ကာမဘုံဆိုတာ ဝတ္ထုအာရုံ ကာမဂုဏ်ကို မှီဝဲသုံးစွဲရတဲ့ ဘုံ၊ မမှီဝဲဘဲနဲ့သာဖြင့် အသက်ကိုပေါ့လေ၊ အဆုံးရောက်အောင် ကောင်းသော အကျင့်ကို ကျင့်မသွားနိုင်ဘူး။ သုံးစွဲပြီးသား ပုဂ္ဂိုလ်များမှ ငြီးငွေ့ပြီးတော့ သွားရိုး ရှိတယ်။

အခုတော့ ဒီလို မသုံးစွဲဖူးပါဘဲလျက် ဒီကိုယ်တော်လေးတွေ အသက်ထက်ဆုံး သာသနာတော်မှာ ပျော်ပျော်ပိုက်ပိုက် မွေ့လျော်နှစ်ခြိုက်နေသွားနိုင်တာ ဘာ့ကြောင့်တုံး။ ကာမဘုံသား တစ်ယောက်က ကာမဘုံသားရဲ့ဓမ္မတာကို မေးလိုက်တယ်။

ဒီတော့ အရှင်ပိဏ္ဍောလက ဘာဖြေလိုက်သလဲလို့ ဆိုတော့–

## အမိအရွယ်၊ နမအရွယ်၊ သမီးအရွယ်တို့၌ အမိစိတ်၊ နမစိတ်၊ သမီးစိတ် ထားရန်

ဝုတ္တံ ခေါ ဧတံ မဟာရာဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဧထ တုမှေ ဘိက္ခဝေ မာတုမတ္တီသု မာတုစိတ္တံ ဥပဋ္ဌပေထ၊ ဘဂိနိမတ္တီသု ဘဂိနိစိတ္တံ ဥပဋ္ဌပေထ၊ ဓီတုမတ္တီသု ဓီတုစိတ္တံ ဥပဋ္ဌပေထာတိ။

မဟာရာဇ=မြတ်သောမင်းကြီး။ ဇာနတာ=သိတော်မူသော။ ပဿတာ=မြင်တော်မူသော။ အရဟတာ=ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေန=မဖောက်မပြန် ဥဇုယျမမ် ငါးပါးထိုတရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော။ တေနဘဂဝတာ=ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးက–

ဧထ တုမှေ ဘိက္ခဝေ=ချစ်သားတို့ လာကြ။ မာတုမတ္တီသု–မာတုစိတ္တံ ဥပဋ္ဌပေထ=ချစ်သားတို့ဟာ လူ့ပြည်လောကရှိကြတဲ့ အမိအရွယ်

http:\\www.dhammadownload.com



ခါတွက်ချပြီးတော့ အရှက်ပြေပလေ၊ အရှင်ပိဏ္ဍောလဘာရဒွါဇဆီ ရောက်အောင်တော့ မသွားဘူး။ ကြည့်လိုက်တဲ့အချိန်မှာပဲ အရှင်ပိဏ္ဍောလက မရှိဘူး။

"ငါနေလို့ရှိယင် ဒီရှင်ဘုရင် အဲ့င်မတန် စိတ်ဆိုးပြီးတော့ ငါ့လာပြီးတော့ အန္တရာယ်ပြုယင် အကုသိုလ်ဖြစ်ချေရဲ့"ဆိုပြီး အရှင်ပိဏ္ဍောလက တန်ခိုးဣဒ္ဓိပါတ်ဖြင့် ဃောသိကာရုံကျောင်း ပြန်သွားတယ်။ ဒီတော့မှ ဥယျာဉ်မှူးကို သူကမေးတယ်။

**ဥဒေနမင်းနှင့် အရှင်ပိဏ္ဍောလမထေရ် ပြဿနာမေးဖြေခန်း**

"ကိံ ဧသ ပဗ္ဗဇိတော အဉ္ဉေသုပိ ဒိဝသေသု ဣဓ အာဂစ္ဆတိ"

ဥယျာဉ်မှူး၊ ဘယ့်နှယ်လဲတဲ့။ ဒီကိုယ်တော် အရှင်မြတ်ဟာ ဒီပြင် ဒီပြင် နေ့များမှာလည်းပဲ ငါရဲ့ ဒီမင်္ဂလာဥယျာဉ်ကို ကြွရောက်လာသလား လို့ မေးတယ်။ "အာမဒေဝ=ကြွရောက်လာပါတယ် အရှင်မင်းကြီး"လို့ ဥယျာဉ်မှူးက လျှောက်ကြားတဲ့အခါကျတော့ ဥဒေနမင်းက ဘာပြောသလဲ ဆိုတော့-

ဣဓ တွံ အာဂတဒိဝသေ မယှံ အာရောစေယျာသိ။

ဣဓ=ဤဥယျာဉ်အတွင်းသို့။ တဿ=ထို ရဟန်းတော်အရှင်မြတ်၏။ အာဂတဒိဝသေ=လာသောနေ့၌။ တွံ=သင်သည်။ မယှံ=ငါ့အား။ အာရောစေယျာသိ=လာရောက်လျှောက်ထားရမယ်"လို့ အမိန့်တော်များ မှတ်ပြီး ရွှေနန်းတော် ပြန်သွားတယ်။ နှစ်ရက်သုံးရက်လောက်ရှိတော့ အရှင်ပိဏ္ဍောလဟာ ဒီဥယျာဉ်အတွင်း ကြွလာတော်မူပြန်ပါတယ်။ ဒီလိုပဲ သစ်ပင်ရင်းမှာ နေ့သန့် ဖလသမာပတ် ချမ်းသာဝင်စားပြီးနေတော်မူတဲ့အခါ ဥယျာဉ်မှူးကလည်းပဲ=

"မဟာန္တော မေ အယံ ပဏ္ဏာကာရော"

http:\\www.dhammadownload.com



ဤသတင်း ဤလက်ဆောင်ကား အင်မတန်ကြီးစွာသော လက်ဆောင်ဖြစ်တယ်။ ဒီအရှင်မြတ်ရောက်လာတဲ့အကြောင်း မင်းကြီးထံ သံတော်ဦးတင်မှတော်မယ်ဆိုပြီးတော့ ဥဒေနမင်းတရားထံမှောက် သွားရောက်၍–

"လွန်ခဲ့တဲ့ သုံးရက်က အရှင်သူမြတ် ဥယျာဉ်တော်အတွင်း ရောက်ဆိုက်တော်မူနေပါသည်ဘုရား"လို့ လျှောက်ထားတော့ ဥဒေနမင်းတရားသည် ထိုနေ့အဖို့ရာ တူရိယာငါးပါးမပါဘဲနဲ့ အင်မတန် ထင်ရှားကျော်ဇောသော မှူးကြီးမတ်ရာ သေနာပတိတကယ့် လူကြီးလူကောင်း ပရိသတ် ခြံရံ၍ ဥပါဒါနမင်္ဂလာဥယျာဉ်တော်အတွင်း ရှင်ပိဏ္ဍောလ ရှိရာသို့ သွားတယ်။ ရောက်ပြီဆိုတော့မှ သမ္မောဒနီယကထာခေါ်တဲ့–

"အရှင်ဘုရား၊ ဥတုသပ္ပာယမျှတပါရဲ့လား။ ဣရိယာပထ ကျန်းခံ့ပါရဲ့လား"စသည်ဖြင့် ပဋိသန္ထာရစကားများ ပြောကြား၍ သင့်လျောက်ပတ်ရာက ထိုင်ပြီးပြီဆိုတော့မှ ပြဿနာ သူမေးတယ်။ ဘယ်လိုမေးလိုက်သလဲလို့ ဆိုတော့–

ကော နုခေါ ဘော ဘာရဒွါဇ ဟေတု ကော ပစ္စယော၊ ယေနိမေ ဒဟရာ ဘိက္ခူ သုသူ ကာဠကေသာ ဘဒြေန ယောဗ္ဗနေန သမန္နာဂတာ ပဌမေန ဝယသာ အနိကီဠိတာဝိနော ကာမေသု ယာဝဇီဝံ ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ စရန္တိ၊ အဒ္ဓါနဉ္စအာပါဒေန္တိ။ (သံ၊ ၂။ ၃၂၈)

ဘော ဘာရဒွါဇ=အို အရှင်ဘုရား ဘာရဒွါဇ။ ယေန=အကြင် အကြောင်းကြောင့်။ ဒဟရာ=အသက်အရွယ် နုနယ်တော်မူကြကုန်သော။ သုသူ=လူငယ်သာ ဖြစ်ကြကုန်သော။ ကာဠကေသာ=မည်းနက်သော ဆံပင် ရှိကြကုန်သော။ ပဌမေနဝယသာ=ပထမအရွယ်အားဖြင့်။ ဘဒြေန ယောဗ္ဗနေန=ကောင်းမြတ်သော နုပျိုမှုနှင့်။ သမန္နာဂတာ=ပြည့်စုံကြကုန်သော။ ယေ ဣမေဘိက္ခူ=အကြင်ရဟန်းငယ်တို့သည်။ ကာမေသု=

http:\\www.dhammadownload.com



ဝတ္ထုအာရုံ ကာမဂုဏ်တို့၌။ အနိကီဠိတာဝိနော=မွေ့လျော်ပျော်ပါးကစား ကြပြီး မဟုတ်ကြကုန်ပါဘဲလျက်။ ယာဝဇီဝံ=အသက်ထက်ဆုံး။ ပရိ သုဒ္ဓံ=စင်ကြယ်စွာ။ ပရိပုဏ္ဏံ=ပြည့်စုံစွာ။ ဗြဟ္မစရိယံ=မြတ်သောအကျင့် ကို။ စရန္တိ=ကျင့်ကြပါကုန်၏။ အဒ္ဓါနဉ္စ=သာသနာတော်အစဉ်အဆက် ဆိုတဲ့ ပဝေဏီကိုလည်းပဲ။ အာပါဒေန္တိ=ပြည့်စုံစေကြပါကုန်၏။ ဘော ဘာရဒွါဇ=အို အရှင်ဘုရား ဘာရဒွါဇ။ ကော ပစ္စယော ကော ဟေတု=ထို အကြောင်းကား။ ကော နုခေါ=အဘယ်ပါနည်းဘုရားလို့။

ပါဠိလို စာသံပေသံ ပါဠိနယ်ပယ်က စကားဆိုတာ ရတ်တရက် အရပ်သုံးစကားနဲ့ မတူဘူး။ သူစွဲလိုတဲ့ လျှောက်လိုတဲ့စကား။ ဆိုကြပါ စို့။ အရှင်ဘုရားတဲ့။ အရှင်ဘုရားတို့ ဘုရားသာသနာမှာ ဦးဇင်းငယ် ကလေးတွေ ရှိတယ်။ ရဟန်းငယ်ကလေးတွေ။ အဲဒီ ရဟန်းငယ်ကိုယ်တော် ကလေးတွေဟာ သူတို့ကြည့်လိုက်မယ်ဆိုရင် "ဒဟရာဘိက္ခူ"=ငယ်လည်း ငယ်ကြတယ်။ "သုသူ"တဲ့။ အင်မတန်နုနယ်တဲ့ အရွယ်လေးတွေ။ ကာဠ ကေသာ=ဆံတစ်ပင်မျှ မဖြူသေးဘူး။ မည်းနက်သော ဆံပင်ရှိကြတယ်။ ဘဒြေန ယောဗ္ဗနေန သမန္နာဂတာ ပဌမေနဝယသာ=ပထမအရွယ်နဲ့ ပြည့်စုံတော်မူကြတဲ့ ဒီကိုယ်တော်ကလေးတွေ တစ်နည်းအားဖြင့် ငယ်ဖြူ ကိုယ်တော်လေးတွေဟာ-တဲ့။

အနိကီဠိတာဝိနော ကာမေသု=လူ့လောကမှာ ရှိတဲ့ ကာမဂုဏ် ကို သူတို့မသုံးဆောင်မခံစားရဖူးပါဘဲလျက်။ ထားပါတော့-လူ့ပြည် လောကမှာ ရှိတဲ့ လူ့ရဲ့ ဝတ္ထုအာရုံ ကာမဂုဏ်ကို သုံးဆောင်ခံစားပြီးမှ ငြီးငွေ့လို့ ရဟန်းဘောင်ရောက်တဲ့ ပုဂ္ဂိုလ်များကို မပြောလိုပါဘူးတဲ့။ အခု ကိုယ်တော်လေးတွေဟာ လူ့လောကအာရုံ ကာမဂုဏ်ကို မသုံး ဆောင် မခံစားရ၊ ခံစားပြီးပုဂ္ဂိုလ်များ မဟုတ်ကြပါဘဲလျက်တဲ့။ အသက် ထက်ဆုံး ဗြဟ္မစရိယခေါ်သော သီလ၊ သမာဓိ၊ ပညာ ဒီသိက္ခာသုံးပါး ကို သူတို့ဖြည့်ကျင့်တော်မူနိုင်ကြတယ်။ သာသနာ အစဉ်အဆက်ဆိုတဲ့

http:\\www.dhammadownload.com



ပဝေဏီကို အစဉ်မပျက်အောင် စောင့်ရှောက်တော်မူကြတယ်။ ဘာကြောင့် သူတို့ စောင့်ရှောက်နိုင်တုံး။ တပည့်တော် စဉ်းစားကြည့်တယ်။ လူ့ပြည်ဟာ ကာမဘုံ၊ ကာမဘုံဆိုတာ ဝတ္ထုအာရုံ ကာမဂုဏ်ကို မှီဝဲသုံးစွဲရတဲ့ ဘုံ၊ မမှီဝဲဘဲနဲ့သာဖြင့် အသက်ကိုပေါ့လေ၊ အဆုံးရောက်အောင် ကောင်းသော အကျင့်ကို ကျင့်မသွားနိုင်ဘူး။ သုံးစွဲပြီးသား ပုဂ္ဂိုလ်များမှ ငြီးငွေ့ပြီးတော့ သွားရိုး ရှိတယ်။

အခုတော့ ဒီလို မသုံးစွဲဖူးပါဘဲလျက် ဒီကိုယ်တော်လေးတွေ အသက်ထက်ဆုံး သာသနာတော်မှာ ပျော်ပျော်ပိုက်ပိုက် မွေ့လျော်နှစ်ခြိုက်နေသွားနိုင်တာ ဘာ့ကြောင့်တုံး။ ကာမဘုံသား တစ်ယောက်က ကာမဘုံသားရဲ့မေးတာကို မေးလိုက်တယ်။

ဒီတော့ အရှင်ပိဏ္ဍောလက ဘာဖြေလိုက်သလဲလို့ ဆိုတော့-

## အမိအရွယ်၊ နှမအရွယ်၊ သမီးအရွယ်တို့၌ အမိစိတ်၊ နှမစိတ်၊ သမီးစိတ် ထားရန်

ဝုတ္တံ ခေါ ဧတံ မဟာရာဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဧထ တုမှေ ဘိက္ခဝေ မာတုမတ္တီသု မာတုစိတ္တံ ဥပဋ္ဌပေထ၊ ဘဂိနိမတ္တီသု ဘဂိနိစိတ္တံ ဥပဋ္ဌပေထ၊ ဓီတုမတ္တီသု ဓီတုစိတ္တံ ဥပဋ္ဌပေထာတိ။

မဟာရာဇ=မြတ်သောမင်းကြီး။ ဇာနတာ=သိတော်မူသော။ ပဿတာ=မြင်တော်မူသော။ အရဟတာ=ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေန=မဖောက်မပြန် ဧ ယျမ် ငါးပါးထိုတရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော။ တေနဘဂဝတာ=ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးက-

ဧထ တုမှေ ဘိက္ခဝေ=ချစ်သားတို့ လာကြ။ မာတုမတ္တီသု-မာတုစိတ္တံ ဥပဋ္ဌပေထ=ချစ်သားတို့ဟာ လူ့ပြည်လောကရှိကြတဲ့ အမိအရွယ်

http:\\www.dhammadownload.com



ရှိကြတဲ့ ပုဂ္ဂိုလ်များကို မွေးမိခင်ရင်းကဲ့သို့ စိတ်ထားကြရမယ်။ ဘဂိနိမတ္တီသု–ဘဂိနိစိတ္တံ ဥပဋ္ဌပေထ=နှမအရွယ် အစ်မအရွယ်ရှိကြတဲ့ အမျိုးသမီးများရဲ့အပေါ်မယ် "ဒါ ငါ့နှမပဲ၊ ဒါငါ့အစ်မကြီးပဲ"ဆိုတဲ့ ဒီလို အစ်မစိတ် နှမစိတ် ထားရမယ်တဲ့။ ကိုယ်က အင်မတန် အသက်အရွယ်ကြီးလို့ သမီးအရွယ်လောက် အမျိုးသမီးများကျတော့ ဓိတုမတ္တီသု–ဓီတုစိတ္တံ ဥပဋ္ဌပေထ=သမီးအရွယ် ရှိကြတဲ့ အမျိုးသမီးများကို မိမိရဲ့ သမီးနဲ့မခြား မေတ္တာစိတ်ထားရမယ်။ ဇတံ=ဤစကားကို။ ဝုတ္တံ ခေါ ဝုတ္တံဇဝေ=ဟောတော်မူအပ်သည် သာလျှင်တည်း။

မဟာရာဇ=မြတ်သောမင်းကြီး။ ယေန=အကြင်သို့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း အမိမျှသော အမျိုးသမီးတို့အပေါ်မှာ မိခင်စိတ်၊ သမီးအရွယ် အမျိုးသမီးတို့အပေါ်မှာ သမီးစိတ်၊ နှမအရွယ် အစ်မအရွယ် အမျိုးသမီးတို့ရဲ့အပေါ်မှာ နှမစိတ်၊ အစ်မစိတ် ထားနိုင်ကြသောကြောင့်။ ဣမ=ဤဘုရားသာသနာတော်၌။ ဒဟရာ=အသက်အရွယ် ငယ်ကြကုန်သော။ သုသူ=နုပျိုကြကုန်သော။ ကာဠကေသာ=မည်းနက်သော ဆံပင် ရှိကြကုန်သော။ပဌမေနဝယသာ= ပထမအရွယ်အားဖြင့်။ ဘဒြေန ယောဗ္ဗနေန=ကောင်းမြတ်သော အရွယ်နှင့်။ သမန္နာဂတာ=ပြည့်စုံကြကုန်သော။ ဘိက္ခူ=ရဟန်းငယ်တို့သည်။ ကာမေသု=လူ့ဘုံလောက ကာမတရားတို့၌။ အနိကီဠိတာဝိနော=မသုံးဆောင်မခံစားမပျော်ပါးဖူး ကြကုန်ပဲလျက်။ ယာဝဇီဝံ=အသက်ထက်ဆုံး။ ပရိပုဏ္ဏံ ပရိသုဒ္ဓံ=ထက်ဝန်းကျင်ပြည့်စုံအောင်၊ ထက်ဝန်းကျင် စင်ကြယ်အောင်။ ဗြဟ္မစရိယံ= သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်ကို။ စရန္တိ= ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပေကုန်၏။ အဒ္ဓါနဉ္စ= သာသနာတော် ပဝေဏီ အစဉ်အဆက်ကိုလည်းပဲ၊ အာပါဒေန္တိ= ပြည့်စုံစေနိုင်ကြကုန်ပေ၏။ အယံ ခေါ=ဤသည်ပင်လျှင်။ ဟေတု=အကြောင်းတည်း။ အယံ= ဤသို့ အမိအရွယ်တို့အပေါ်မှာ မိခင်စိတ်၊ သမီးအရွယ်

http:\\www.dhammadownload.com



တို့အပေါ်မှာ သမီး စိတ်၊ အစ်မအရွယ် နှမအရွယ်အပေါ်၌ အစ်မ နှမ ဟူသော မေတ္တာစိတ်အား ထားနိုင်ခြင်းသည်ပင်လျှင်။ ပစ္စယော= အကြောင်းရင်းပါတည်း။

အဲဒီလို အရှင် ပိဏ္ဍောလက ပြန်ပြီးတော့ ဟောကြားတယ်။ "ဒကာတော်၊ ထားနိုင်မှာပေါ့။ နေနိုင်မှာပေါ့။ မြတ်စွာဘုရားက လက်နက်ကောင်းတစ်ခု ပေးထားတယ်။ ဘယ့်နှယ်လဲ။ ချစ်သားတို့၊ လာကြ၊ သာသနာတော်ဆိုတာ ကုန်ရောင်းကုန်သွယ်၊ ကုန်သည်လယ်လုပ် ဘာအလုပ်မှ ပရိယေသန အလုပ်မရှိဘူး။ မရှိတော့ နေ့စဉ် နေ့စဉ် ဒကာ ဒကာမ လှူတဲ့ ဆွမ်းအလို့ငှာ မြို့ထဲ ရွာထဲ သွားရလိမ့်မယ်။ သွားတဲ့အခါ ဝိသဘာဂအာရုံအနေနဲ့ အမျိုးသမီး အကြီးအငယ် အရွယ်အလတ် ဆိုတဲ့ အမျိုးသမီး အမျိုးမျိုးကို တွေ့ကြရလိမ့်မယ်။ တွေ့ကြရလို့ရှိယင် အမိအရွယ် ရှိတဲ့ အမျိုးသမီးများရဲ့အပေါ်မှာ ဒါ ငါ့ရဲ့မိခင်ပဲလို့ ပစ္စုပ္ပန် ဤဘဝမှာ မိခင်မဟုတ်ရသော်လည်း အတိတ်ဘဝက အမိဟောင်းပဲဆိုတဲ့ မိခင်စိတ် မဖြစ်ဖြစ်အောင်၊ မရရအောင် ထားရမယ်။ နှမအရွယ်၊ အစ်မအရွယ် ကျပြန်တော့လည်းပဲ ဒါတွေ ငါ့နှမလေးတွေ၊ ငါ့အစ်မကြီးတွေပဲလို့ ဒီလို မေတ္တာစိတ်ထားရမယ်။ သမီးအရွယ်၊ မြေးအရွယ်တွေကို ဒါ ငါ့ သမီးလေးတွေ၊ ငါ့မြေးလေးတွေပဲ ဆိုတဲ့ မေတ္တာစိတ်ကို ထားရမယ်လို့ မြတ်စွာဘုရား ဒီလိုဩဝါဒစကား မိန့်ကြားထားတော်မူတယ်။

ထားတော်မူတဲ့အတိုင်းလည်းပဲ ကိုယ်တော်မြတ်ရဲ့ တပည့်သား သာဝက ရဟန်းငယ်တွေဟာ အမိစိတ်၊ အစ်မစိတ်၊ နှမစိတ်၊ သမီးစိတ် သားတော်မူကြသောကြောင့် သာသနာတော်မှာ အသက်ထက်ဆုံး လူ့ ကောင်းစေသောက မလျှော့ကျဘဲနဲ့ ဗြဟ္မစရိယခေါ်သော သုံးပါးသိက္ခာ သာသနာကို အသက်ထက်ဆုံး ကျင့်သုံးတော်မူနိုင်ကြတယ်။ သာသနာ အသက် ပဝေဏီ အစဉ်မပျက်အောင် စောင့်ရှောက်တော်မူနိုင်ကြတယ်။

http:\\www.dhammadownload.com



ဒီလို အရှင်ပိဏ္ဍောလ ဘာရဒွါဇမထေရ်က ဖြေကြားတယ်။ ဥဒေနမင်းတရားက ဒီစကားကို အကြွင်းမဲ့ အကုန်လုံး လက်မခံနိုင်ဘူး။ ဘာပြုလို့လဲ။

လောလံ ခေါ ဘော ဘာရဒွါဇ စိတ္တံ။

ဘော ဘာရဒွါဇ=အို–အိုအရှင်မြတ် ဘာရဒွါဇ။ စိတ္တံ= ပုထုဇဉ်တို့၏ စိတ်သည်။ ခေါ=စင်စစ်။ လောလံ=လျှပ်ပေါ်လော်လီတတ်ပါပေ၏။

ကိုယ်တော်ပြောတာ တရားတော့ ဟုတ်တယ်။ ဒါပေမယ့်လို့ ပုထုဇဉ်ရဲ့ စိတ်ဟာ လျှပ်ပေါ်လော်လီတယ် ကိုယ်တော်။ ဘယ်လိုလော်လီတုံးဆိုတော့–

အပ္ပေကဒါ ဘော ဘာရဒွါဇ မာတုမတ္တီသုပိ လောဘဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဘဂိနိမတ္တီသုပိ လောဘဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဓီတုမတ္တီသုပိ လောဘဓမ္မာ ဥပ္ပဇ္ဇန္တိ။

ဘော ဘာရဒွါဇ=အို အရှင်ဘုရား ဘာရဒွါဇ။ အပ္ပေကဒါ= တစ်ခါတလေများ ပုထုဇဉ်တို့ရဲ့ သန္တာန်မှာ။ မာတုမတ္တီသုပိ=အမိအရွယ်ဖြစ်ကြတဲ့ အမျိုးသမီးတို့အပေါ်၌လည်း။ လောဘဓမ္မာ=လောဘတရားတို့သည်။ ဥပ္ပဇ္ဇန္တိ=ဖြစ်ပေါ်တတ်ကုန်၏။ ဘဂနိမတ္တီသုပိ=အစ်မအရွယ်နှမအရွယ်တို့အပေါ်၌လည်း။ လောဘဓမ္မာ=လောဘတရားတို့သည်။ ဥပ္ပဇ္ဇန္တိ=ဖြစ်တတ်ကုန်၏။ ဓီတုမတ္တီသုပိ=သမီးအရွယ်အမျိုးသမီးတို့အပေါ်ဝယ်လည်း။ လောဘဓမ္မာ=လောဘတရားတို့သည်။ ဥပ္ပဇ္ဇန္တိ= ဖြစ်ကြကုန်၏။

အတ္ထိ နု ခေါ ဘော ဘာရဒွါဇ အညော စ ဟေတု အညော စ ပစ္စယော၊ ယေနိမေ ဒဟရာ ဘိက္ခူသုသူ ကာဠကေသာ ဘဒြေန ယောဗ္ဗနေန၊ သမန္နာ ဂတာ ပဌမေနဝယသာ အနိကီဠိတာဝိနော ကာမေသု

http:\\www.dhammadownload.com



ယာဝဇ္ဇဇာ ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ စရန္တိ၊ အဒ္ဓါနဋ္ဌ အာပါဒေန္တိ။

ဘောဘာရဒွါဇ=အို-အရှင်ဘုရား ဘာရဒွါဇ။ ယေန=အကြင် ဟေတုပစ္စယ ကြောင်းနှစ်ဝကြောင့်။ ဣမေ=ဤဘုရားသာသနာတော်၌။ ဒဟရာ=အသက်အရွယ်ငယ်ကြကုန်သော။ သုသူ=နုနယ်ပျိုမျစ်ကြကုန် သော။ ကာဠကေသာ=မည်းနက်သော ဆံပင်ရှိတော်မူကြကုန်သော။ ပဌမေန ဝယသာ=ပထမအရွယ်အားဖြင့်။ ဘဒြေန ယောဗ္ဗနေန= ကောင်းမြတ်သော အရွယ်နှင့်။ သမန္နာဂတာ=ပြည့်စုံကြကုန်သော။ ဘိက္ခူ=ရဟန်းတော်တို့သည်။ ယေန=အကြင်အကြောင်းကြောင့်။ အနိ ကီဠိတာဝိနော ကာမေသု=ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ မခံစားမပျော်ပါး ခဲ့ကြရဖူးပါကုန်လျက်။ ယာဝဇ္ဇဇာ=အသက်ထက်ဆုံး။ ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ စရန္တိ=အပြည့်အစုံ ထက်ဝန်းကျင် စင်ကြယ်အောင် ဗြဟ္မ စရိယ ခေါ်တဲ့ သုံးပါးသိက္ခာ သာသနာကို ကျင့်ကြံကြိုးကုတ် အားထုတ် တော်မူနိုင်ကြပေကုန်၏။ အဒ္ဓါနဋ္ဌ အာပါဒေန္တိ=သာသနာအစဉ်အဆက် ကိုလည်းပဲ မပျောက်မပျက်အောင် စွမ်းဆောင်တော်မူကြလေကုန်၏။ အညောစ=ဆိုခဲ့ပြီးသည့်အကြောင်းမှ တစ်ပါးလည်းဖြစ်သော။ သော ဟေတု သော ပစ္စယော=ထိုအကြောင်းသည်။ အတ္ထိ ခေါ ပန=ရှိပါသေး သလော။

## သုံးဆယ့်နှစ် ကောဋ္ဌာသရှိ ယောကျ်ားမိန်းမ မရှိ

ကိုယ်တော်၊ ဒီအကြောင်းနဲ့တော့ အကုန်လုံလောက်မဖြစ်သေး ဘူးကိုယ်တော်။ ဘာပြုလို့တုံး။ ဟို-အမိအရွယ်ပေါ်မှာ မိခင်စိတ်၊ အစ်မ နှမအရွယ်ပေါ်မှာ အစ်မနှမစိတ်၊ သမီးအရွယ် မြေးအရွယ်ပေါ်မှာ သမီး စိတ်၊ မြေးစိတ် ထားနိုင်တယ်ဆိုတာ ပုဂ္ဂိုလ်တိုင်း ထားလို့မဖြစ်ဘူး။ ပုထု ဇဉ်စိတ်ဆိုတာ တစ်ခါတလေ လျှပ်ပေါ်လော်လီလာတဲ့အခါကျတော့ အသက်အရွယ် ကြီးသော ငယ်သော ရွယ်သော လတ်သော မဟုတ်ဘူး။

http:\\www.dhammadownload.com



လောဘတရားများ ဖြစ်ပွားတတ်တယ်။ ဒီတော့ ဒီအပြင်များ သာသနာတော်မှာ ရဟန်းငယ်ကလေးတွေ အသက်ထက်ဆုံး သိက္ခာသုံးပါးကို ရိုးမြေကျ ကျင့်ကြံသွားနိုင်တဲ့ အခြားအကြောင်းများ ရှိသေးသလား အရှင်ဘုရား။ ရှိယင် ပြောပါဆိုတော့ အရှင် ပိဏ္ဍောလက ဒုတိယကြောင်းအနေနဲ့ ပြောတယ်။

ဝုတ္တံ ခေါ ဇတံ မဟာရာဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန။

မဟာရာဇာကြီး–။ သိတော်မူ မြင်တော်မူ ပူဇော်အထူးခံတော်မူထိုက်တဲ့ သဗ္ဗညုတဉာဏ်ရှင် ထိုဘုရားသခင် ကိုယ်တော်မြတ်ကြီး (အခုပြောမယ့်စကား) ဟောထားတာ ရှိတယ်။ ဘယ်လိုလဲလို့ဆိုတော့–

ဧထ တုမှေ ဘိက္ခဝေ=ချစ်သားတို့ လာကြ။

ဣမမေဝ ကာယံ ဥဒ္ဓံပါဒတလာအဓော ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခထ။

ဟို ခြေဖဝါးအပြင်မှ အထက် ဆံဖျားမှ အောက်ပတ်ဝန်းကျင် အရေတို့ဖြင့် ပိုင်းခြားအပ်တဲ့ အထူးထူးအပြားပြားသော ဆံပင် မွေးညင်း အစရှိတဲ့ စက်ဆုပ်ဖွယ် မစင်ကြယ်တဲ့ အရာဝတ္ထုတို့ဖြင့် ပြည့်၍နေသော ဤခန္ဓာကိုယ်ကြီးကို ချစ်သားတို့ ဝစ္စဝေက္ခဏာတင် ဆင်ခြင်ပြီးတော့ ကြည့်ရမယ်။ ပဋိက္ကူလမနသိကာရ ခေါ်တယ်။ ဘယ်လိုဆင်ခြင်ရမတုံးဆိုတော့–

အတ္ထိ ဣမသ္မိံ ကာယေ၊
ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊
မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဥ္ဇံ ဝက္ကံ၊
ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖာသံ၊
အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊

http:\\www.dhammadownload.com



ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တန္တိ။

ဩဝဒ်-ငါ့ရဲ့ ဒီတစ်လံမျှလောက်သော ကိုယ်မှာ ဆံပင်တည်းဟူသော ကောဋ္ဌာသတွေ ရှိတယ်။ မွေးညင်းတည်းဟူသော ကောဋ္ဌာသတွေ ရှိတယ်။ ခြေသည်းလက်သည်းဆိုတဲ့ ကောဋ္ဌာသတွေ ရှိပါတကား။ သွားဆိုတဲ့ ကောဋ္ဌာသတွေသာ ရှိပါတကား။ အရေထူ အရေပါးဆိုတဲ့ ကောဋ္ဌာသတွေသာ ရှိပါတကား။ အပေါ်ယံကြောက ဒီတစပဉ္စက ခေါ်တဲ့ ကောဋ္ဌာသငါးပါးပဲ ရှိတယ်။ ဒီကောဋ္ဌာသငါးပါးက လွဲလို့ အပေါ်ယံဘာမှမရှိဘူး။

ဟင် အတွင်းထဲ ကြည့်ဦးမလား။ အတွင်းထဲ လျှောက်ပြီးတော့ ကြည့်လိုက်တဲ့အခါ မံသံ=(ကွ က်ပြီးကြည့်ယင်) အသားတစ် အသားတုံးတွေ ရှိတယ်။ နှာရု=အကြောတွေ၊ အဋ္ဌိ=အရိုးတွေ၊ အဋ္ဌိမိဉ္ဇံ=ရိုးတွင်းခြင်ဆီတွေ၊ ဝက္ကံ=အညှို့တို့၊ ဟဒယံ=နှလုံးကို၊ ယကနံ=အသည်း၊ ကိလောမကံ=အမြှေးတို့၊ ပိဟကံ=အဖျဉ်းတို့၊ ပပ္ဖာသံ=အဆုတ်တို့ ဆိုတဲ့ ကောဋ္ဌာသတွေ ရှိပါကလား။

ဒီအတွင်းကို လိုက်ပြီးတော့ ကြည့်လို့ရှိယင် အန္တံ=အူမကြီးတွေ၊ အန္တဂုဏံ=အူသိမ်တွေ၊ ဥဒရိယံ=အစာသစ်တွေ၊ ဟို ခွေးအန်ဖတ်တွေလိုနေတဲ့ အစာသစ်အိမ်ထဲမှာ အင်မတန် ရွံရှာစက်ဆုပ်ဖွယ်ရှိတဲ့ အစာသစ်တွေ ရှိပါကလား။ ဟင်...ကရီသံ=အဲဒီအောက်နားကြည့်လိုက်တော့ အစာဟောင်းတွေ၊ ခေါင်းထဲ ကြည့်လိုက်ဦးမလားလို့ဆိုတော့ အုန်းသီးပုပ်ကြီးထဲက အုန်းသီးဆံထဲ အုန်းရည်တွေ ရောထွေးပြီး သကာလ စက်ဆုပ်ဖွယ်ရာ ဖြစ်နေသလို ဦးနှောက်တွေ ထုတ်များ ကြည့်လိုက်ယင် အင်မတန် ရွံစရာကောင်းတယ်။ တစ်ခုစီကြည့်။ ဒါတင်ပဲလားလို့ ဆိုတော့-

ပိတ္တံ=သည်းခြေ၊ သေမှံ=သလိပ်၊ ပုဗ္ဗော=ပြည်တွေ၊ လောဟိတံ

http:\\www.dhammadownload.com



=သွေးတွေ၊ သေဒေါ=ချွေးတွေ၊ မေဒေါ=အဆီခဲတွေ၊ အဿု=မျက်ရည်၊ ဝသာ=ဆီကြည်၊ ခေဠော=တံတွေး၊ သိင်္ဃာဏိကာ=နှပ်၊ လသိကာ= အစေး၊ မုတ္တံ=ကျင်ငယ်။

အဲဒီလို သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသတွေက ငါ့ရဲ့ တစ်လံမျှ လောက်သော ကိုယ်မှာ ရှိပါတကားလို့ ဒွတ္တိံသာကာရ ပဋိကူလ မနသိ ကာရကို သင်ချစ်သားတို့ အမြဲတမ်း နှလုံးသွင်းရမယ်။ ဟောဒီလို အမိန့် ရှိတယ်။ အဲဒီလို ဟောကြားထားတဲ့ တရားတစ်ခု ရှိတယ်။ အဲဒီတရား ရှိတဲ့အတွက် ငါ့ရဲ့တစ်လံမျှလောက်သော ကိုယ်မှာ အပေါ်ယံကြောက ဆံပင်၊ မွေးညင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေထူ၊ အရေပါးဆို တဲ့ ကောဋ္ဌာသတွေသာ ရှိသလို ကောဋ္ဌာသက လွဲလို့ရှိယင် ငါဆိုတာ ဘာမှ မရှိသလို အပြင်အပ ဗဟိဒ္ဓလောကမှာလည်းပဲ အပေါ်ယံကြောက ဒီကောဋ္ဌာသတွေပဲ ရှိတယ်။ ကောဋ္ဌာသတွေ လွတ်၍ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတစ်ပါး ယောက်ျား မိန်းမ ဘာမှမရှိပါတကား ဒီလို ကြည့်တယ်။ ဒီလို ဆင်ခြင်ရမယ်။ အဲဒီလို ဆင်ခြင်တဲ့အတွက်-

အယမ္ပိ ခေါ မဟာရာဇ ဟေတု အယံ ပစ္စယော၊ ယေနိမေ ဒဟာရာ ဘိက္ခူ သုသု ကာဠကေသာ ဘဒြေန ယောဗ္ဗနေန သမန္နာဂတာ ပဌမေနဝယသာ အနိကီဠိတာဝိနော ကာမေသု ယာဝဇီဝံ ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ စရန္တိ၊ အဒ္ဓါနဉ္စ အာပါဒေန္တိ။

မဟာရာဇာကြီး...အခုပြောခဲ့တဲ့အကြောင်း၊ ဒါဟာ အကြောင်း တစ်ခုပဲ။ သုံးဆယ့်နှစ်ကောဋ္ဌာသရဲ့ အပေါ်မှာ ဒွတ္တိံသာကာရကမ္မဋ္ဌာန်း စီးဖြန်း နှလုံးသွင်းတော်မူကြသောကြောင့် ဤဘုရားသာသနာတွင် အစဉ် ရောက်ဆိုက်နေကြတဲ့ ရဟန်းငယ် အရှင်သူမြတ်များဟာ ဝတ္ထုအာရုံ ကာမဂုဏ်ကြကို မသုံးဆောင် မခံစားရဖူးပဲ အသက်ထက်ဆုံး သီလ သမာဓိ ပညာသုံးပါးသိက္ခာဆိုတဲ့ ဗြဟ္မစရိယကို ကျင့်သုံးသွားနိုင်တယ်

http:\\www.dhammadownload.com



တဲ့။ အရိုးမြေကျသည်ထိအောင် သိက္ခာသုံးပါး ကျင့်တရားပွားများ ကြိုးကုတ် အားထုတ်သွားနိုင်တဲ့။ သာသနာ အခွန့် အစဉ်မပျက် ပဝေဏီဆက်အောင်လည်း စောင့်ရှောက်သွားတော်မူနိုင်ကြတယ်လို့ ဒုတိယဖြေတာ။ အဲဒီ ဒုတိယအဖြေကိုလည်းပဲ ဥဒေနမင်းတရားသည် ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းအတွက် လက်မခံနိုင်ဘူး။ ကွန့်ပြီးတော့ ညွှန့်ပြီးတော့ သူ သူ့စိတ်ထဲရှိတာ ရိုးရိုးလျှောက်တယ်။

ယေ တေ ဘော ဘာရဒွါဇ ဘိက္ခူ ဘာဝိတ ကာယာ ဘာဝိတ သီလာ ဘာဝိတစိတ္တာ ဘာဝိတပညာ၊ တေသံ တံ သုကရံဟောတိ။

ဘော ဘာရဒွါဇ=အိုး–အရှင်ဘုရား ဘာရဒွါဇ။ ယေ တေ ဘိက္ခူ=အကြင်ရဟန်းတော် အရှင်သူမြတ်တို့သည်။ ဘာဝိတကာယာ= ပွားများအပ်ပြီးသော ပဉ္စဒွါရကာယ ရှိတော်မူကြကုန်၏။ ဘာဝိတ သီလာ=ပွားအပ်ပြီးသော သီလရှိကြကုန်၏။ ဘာဝိတစိတ္တာ=ပွားအပ်ပြီးသော သမာဓိ။ ဘာဝိတပညာ=ပွားအပ်ပြီးသော ပညာရှိတော်မူကြပေကုန်၏။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဆိုတဲ့ ပဉ္စဒွါရကာယရဲ့အပေါ်မှာ ယဉ်ကျေးသိမ်မွေ့အောင် သာသနာအလုပ် အားထုတ်ပြီးသား ပုဂ္ဂိုလ်၊ အားထုတ်ဖူးတဲ့ ပုဂ္ဂိုလ်၊ သီလဘာဝနာ သမာဓိဘာဝနာ ပညာဘာဝနာကို အားထုတ်ဖူး အားထုတ်ပြီးတဲ့ ပုဂ္ဂိုလ်များအဖို့ ဒီ ဒွတ္တိံသာကာရ ကြည့်ပြီးတော့ စက်ဆုပ်ဖွယ်ရွံရှာဖွယ်လို့ နှလုံးသွင်းဖို့ရန် လွယ်ကူပါတယ် အရှင်ဘုရား...တဲ့။

ယေ စခေါ တေ ဘော ဘာရဒွါဇ ဘိက္ခူ အဘာဝိတကာယာ အဘာဝိတသီလာ အဘာဝိတ စိတ္တာ အဘာဝိတပညာ၊ တေသံ တံ ဒုက္ကရံ ဟောတိ။

အိုး–အရှင်ဘုရား ဘာရဒွါဇ။ အကြင်ကိုယ်တော်ကလေးများမှာ

http:\\www.dhammadownload.com



တော့ ပဥ္စဒွါရိက ကာယဘာဝနာကိုလည်း မပွားရသေးဘူး။ သီလဘာဝနာ၊ သမာဓိဘာဝနာ၊ ပညာဘာဝနာကိုလည်းပဲ လုံလုံလောက်လောက် မပွားရသေးဘူးဆိုယင် အဲဒီ ကိုယ်တော်လေးများအဖို့ ကိုယ်တော်ပြောသလို ဒွတ္တိံသာကာရ ကြည့်ပြီးတော့ လောကအပေါ်မှာ အာရုံတွေကို မသုံးဆောင်ချင်ဘဲ အသက်ထက်ဆုံး သုံးပါးသိက္ခာ သာသနာ ကျင့်သုံးနိုင်ဖို့ရန် မလွယ်ဘူး ကိုယ်တော်။

ဆိုကြပါစို့ရဲ့။ ဘာဝနာလေးပါး ပွားပြီးတဲ့ ပုဂ္ဂိုလ်များမှာ လောကကြီးတစ်ခုလုံးကို ပဋိကူလ စက်ဆုပ်ဖွယ်ပဲလို့ ကြည့်ဖို့ လွယ်ကူသော်လည်းပဲ ဒီဘာဝနာလေးပါး ကာယဘာဝနာ၊ သီလဘာဝနာ၊ စိတ္တဘာဝနာ၊ ပညာဘာဝနာဆိုတဲ့ ဒီဘာဝနာ လေးပါး မပွားရသေးတဲ့ ကိုယ်တော်ကလေးများအဖို့ ဒွတ္တိံသာကာရကိုပဲ စက်ဆုပ်ရွံရှာဖွယ် အနေနဲ့ ကြည့်ဖို့ မလွယ်ဘူး။ စက်ဆုပ်ဖွယ်အနေနဲ့ ကြည့်နေတုန်းကိုပဲ။ အသုဘအနေနဲ့ ကြည့်နေတုန်း သုဘထင်တတ်တယ်။

ဒါကို- အပ္ပေကဒါ ဘော ဘာရဒွါဇ အသုဘတော မနသိကရိဿာမိတိ သုဘတောဝ အာဂစ္ဆတိ။

ဘော ဘာရဒွါဇ=အို-အရှင်ဘုရား ဘာရဒွါဇ(ပုထုဇဉ်တို့ရဲ့ စိတ်ဆိုတာ) အပ္ပေကဒါ=တစ်ခါတလေများ။ အသုဘတော မနသိကရိဿာမိတိ=ငါ အသုဘအနေနဲ့ နှလုံးသွင်းမဟဲ့လို့ အောက်မေ့ရင်းက။ သုဘတောဝ=တင့်တယ်တဲ့ သုဘအနေအားဖြင့်သာလျှင်။ အာဂစ္ဆတိ=အာရုံတွေ ထင်၍ ထင်၍ လာတတ်ပါသည်ဘုရား...။

ကိုယ်တော်...အဲဒီ အာရုံတစ်ခု(ကို)ကြည့်၊ ကြည့်လိုက်တဲ့အခါမှာ ဒီအာရုံကို အသုဘထင်အောင် ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေထူ၊ အရေပါး၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို့ စသည်ဖြင့် အဲဒီလို ကြည့်ပေမယ့်လို့ အသုဘဖြစ်အောင်

http:\\www.dhammadownload.com



ဆိုပြီး ကြည့်ပေမယ်လို့ ကြည့်ရင်းကြည့်ရင်း တော်တော်ကြာ သုဘထင်တတ်တယ်။

ပုထုဇဉ်တို့ရဲ့ စိတ်ဟာ ဝိပ္ပလ္လာသ မကင်းသေးတော့ အသုဘအနေနဲ့ ငါနလုံးသွင်းပါသော်ကောလို့ သွင်းနေရင်းက သုဘထင်တတ်တယ်ကိုယ်တော်။ ဒါကြောင့် ဒီအလုပ်လည်းပဲ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းလုပ်သကောလို့ မပြည့်စုံနိုင်ဘူး။ ဒါကြောင့် ဒီအကြောင်းကို တပည့်တော်အပြည့်အစုံ လက်မခံနိုင်သေးဘူး။

## ဣန္ဒြေ ၆-ပါးကို လုံခြုံအောင် စောင့်စည်းခြင်း

အတ္ထိ နု ခေါ ဘော ဘာရဒွါဇ အညော ခေါ ဟေတု အညော စ ပစ္စယော။

သည့်ပြင် အကြောင်းများ ရှိပါသလားတဲ့။

ယေနိမေ ဒဟရာ ဘိက္ခူ သုသူ ကာဠကေသာ ဘဒြေန ယောဗ္ဗနေန သမန္နာဂတာ ပဌမေန ဝယသာ အနိကီဠိတာဝိနော ကာမေသု ယာဝဇီဝံ ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ စရန္တိ၊ အဒ္ဓါနဥ္စ အာပါဒေန္တိ။

အခြားတစ်ပါးသော အကြင်အကြောင်းကြောင့် ဤသာသနာတော်မှာ ရဟန်းငယ်ကလေးများ အသက်ထက်ဆုံး ဗြဟ္မစရိယအကျင့်ကိုကျင့်သုံးနိုင်ဖို့ရန် အခြားအကြောင်းတစ်ပါးများ ရှိယင် မိန့်ကြားပါဦးဘုရားလို့၊ လျှောက်တယ်။ ဒီတော့ အရှင်ပိဏ္ဍောလဘာရဒွါဇက ဘာပြန်မိန့်ကြားတုံး ဆိုတော့-

ဝုတ္တံ ခေါ ဇတံ မဟာရာဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန။

ဝုတ္တံ ခေါ ဇတံ မဟာရာဇ=ဥဒေနမင်းတရား-တဲ့။ အခုပြောမယ့်အတိုင်း ဘုရားဟောထားတာ ရှိတယ်။ ဘယ်လိုတုံး။

http:\\www.dhammadownload.com



ဧထ တုမှေ ဘိက္ခဝေ= ချစ်သားတို့ လာကြ။

ဣန္ဒြိယေသု ဂုတ္တဒွါရာ ဝိဟရထ။

ဣန္ဒြိယေသု=မျက်စိ နား နှာ လျှာ ကိုယ် စိတ်တည်းဟူသော ဣန္ဒြေခြောက်ပါးတို့၌။ ဂုတ္တဒွါရာ=ပြည့်စုံလုံလောက်သော စောင့်ရှောက်ထိန်းသိမ်းအပ်သော တံခါးရှိကုန်သည်ဖြစ်၍။ ဝိဟရထ=နေကြကုန်။

ဘယ်လို စောင့်ရှောက်ရမလဲ။

စက္ခုနာ ရူပံ ဒိသွာ မာ နိမိတ္တဂ္ဂါဟိနော အဟုဝတ္ထ မာနုဗျဉ္ဇနဂ္ဂါဟိနော။

စက္ခုနာ=မျက်စိဖြင့်။ ရူပံဒိသွာ=ကောင်းကောင်းဆိုးဆိုး အာရုံအဆင်းအမျိုးမျိုးကို မြင်ရလို့ ရှိယင်။ မာနိမိတ္တဂ္ဂါဟိနော=မိန်းမယောက်ျား ချစ်အပ်သောသူ၊ မုန်းအပ်သောသူ အစရှိတဲ့ ဣဋ္ဌနိမိတ်၊ အနိဋ္ဌနိမိတ်၊ သုဘနိမိတ်၊ အသုဘနိမိတ်ကို မယူကြကုန်သည်။ အဟုဝတ္ထ=ဖြစ်ကြကုန် လော့။ မာနုဗျဉ္ဇနဂ္ဂါဟိနော အဟုဝတ္ထ=လက်ကလေး၊ ခြေကလေး၊ မျက်နှာကလေး၊ နားရွက်ကလေး၊ နဖူးကလေးက တင့်တယ်တယ် စသည်ဖြင့် လက်ခြေအင်္ဂါအသေးစိတ်တို့အပေါ်မှာ အနုဗျဉ္ဇနဂ္ဂါဟစိတ် ဘိတ် မရှိကြကုန်နဲ့။

ယတွာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ။

အကြင်သို့သော မျက်စိနဲ့ ရူပါရုံ ပေါင်းဆုံမိမှုဟူသော အကြောင်းကြောင့် မျက်စိတည်းဟူသော ဣန္ဒြေကို မစောင့်စည်းဘဲနေတဲ့ ပုဂ္ဂိုလ်ကို မျက်စိဣန္ဒြေ မစောင့်စည်းလို့ရှိယင် ကိုယ်သဘောကျတဲ့ ရူပါရုံကို မြင်ရင် အဘိဇ္ဈာဆိုတဲ့ လောဘဖြစ်တတ်တယ်။ ကိုယ်သဘောမကျတဲ့ ရူပါရုံကို မြင်လို့ရှိယင် ဒေါမနဿ ဖြစ်တတ်တယ်။ အဲဒီလိုမဖြစ်အောင်–တဲ့။

http:\\www.dhammadownload.com



တဿ သံဝရာယ ပဋိပဇ္ဇထ၊ ရက္ခထ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇထ။

တဿ သံဝရာယ ပဋိပဇ္ဇထ=အဲဒီလိုမဖြစ်အောင် စောင့်စည်းကြ၊ ကျင့်ကြ။ စက္ခုန္ဒြိယံ=စက္ခုန္ဒြေကို။ ရက္ခထ=စောင့်ရှောက်ကြ။ စက္ခုန္ဒြိယေ=စက္ခုရဲ့ အပေါ်မှာ။ သံဝရံ အာပဇ္ဇထ=ချစ်သားတို့ သတိတည်းဟူသော တံခါးဗိုလ် တံခါးမှူးများ ခန့်ပြီးတော့ လောဘ ဒေါသ မဖြစ်အောင် စောင့်စည်းကြလို့ မြတ်စွာဘုရား ဟောထားတယ်။ ထို့အတူ-

သောတေနသဒ္ဒံသုတွာ=နားနဲ့ အသံကြားတဲ့အခါ။ ဃာနေနဂန္ဓံ ဃာယိတွာ=နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းရှူတဲ့အခါ။ ဇိဝှါယ ရသံ သာယိတွာ=လျှာဖြင့် အရသာကို လျက်မိစားမိတဲ့အခါ။ ကာယေန ဖောဋ္ဌဗ္ဗံ ဖုသိတွာ=ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိတဲ့အခါ။ မနသာ ဓမ္မံ ဝိညာယ =စိတ်ဖြင့် ဓမ္မာရုံအမျိုးမျိုး အဖုံဖုံ သိရတဲ့အခါမှာ။ မာနိမိတ္တဂ္ဂါဟိနော အဟုဝတ္ထ=မိန်းမယောကျာ်း ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ နိမိတ်ကို မယူကြနဲ့။ မာနုဗျဉ္ဇနဂ္ဂါဟိနောအဟုဝတ္ထ=လက်ခြေအစရှိတဲ့ အင်္ဂါကြီးငယ်ကို တင့်တယ်တယ်။ ဖွယ်ရာတယ် စသည်ဖြင့် ခွဲယူမှုမပြုကြကုန်နဲ့။

ယတွာဓိကရဏ နမေနံ မနိန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ၊ တဿ သံဝရာယ ပဋိပဇ္ဇထ၊ ရက္ခထ မနိန္ဒြိယံ။

အကယ်၍ မနိန္ဒြေနဲ့ ဓမ္မာရုံပေါင်းဆုံမိတဲ့အခါ ဒီ မနိန္ဒြေတည်းဟူသော တံခါးကို မစောင့်စည်း မပိတ်ဆို့လို့ရှိယင် ကောင်းတဲ့ဓမ္မာရုံကို မြင်လို့ရှိယင် လောဘအဘိဇ္ဈာဖြစ်တတ်တယ်။ မကောင်းတဲ့ဓမ္မာရုံမြင်လို့ ရှိယင် ဒေါမနဿ ဖြစ်တတ်တယ်။ အဲဒီ ဒေါသ လောဘမဖြစ်အောင် မနိန္ဒြေကို စောင့်စည်းကြလို့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟောထားတာ ရှိတယ်။

http:\\www.dhammadownload.com



အယမ္ပိ ခေါ မဟာရာဇ ဟေတု၊ အယံ ပစ္စယော၊ ယေနိမေ ဒဟရာ ဘိက္ခူ သုသူ ကာဠကေသာ ဘဒြေန ယောဗ္ဗနေန သမန္နာဂတာ ပဌမေနဝယသာ အနိကီဠိတာဝိနော ကာမေသု ယာဝဇီဝံ ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ စရန္တိ၊ အဒ္ဓါနဉ္စ အာပါဒေန္တိ။

ဥဒေန မဟာရာဇ၊ အခုပြောခဲ့တာ အကြောင်းရင်းပဲတဲ့။ မြတ်စွာဘုရားက ဣန္ဒြေခြောက်ပါး တံခါးကြီးခြောက်ပေါက်ကို ချစ်သားတို့ သတိတည်းဟူသော တံခါးဗိုလ် တံခါးမှူးများ ခန့်ထားပြီးတော့ တံခါးခြောက်ပေါက်က ဝင်၍ လောဘတည်းဟူသော ကိလေသာ ခိုးသူတွေ၊ ဒေါသတည်းဟူသော ကိလေသာ ခိုးသူတွေ၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ တံခါးကြီး ခြောက်ပေါက်က ဝင်ရောက်ပြီး ချစ်သားတို့ သန္တာန်မှာရှိတဲ့ ရဟန်းတရားတည်းဟူသော ရတနာတွေကို လုယက်တိုက်ဖျက် ဖျက်ဆီးမသွားအောင် သတိတည်းဟူသော တံခါးဗိုလ်တံခါးမှူးခန့်ပြီး ဒီဣန္ဒြေခြောက်ပါး တံခါးကြီး ခြောက်ပေါက်ကို ချစ်သားတို့ စောင့်ရှောက်ရမယ်။ အဲဒီလို ဟောကြားပညတ်ထားတယ်။

ဟောကြားပညတ်ထားတဲ့အတိုင်းလည်းပဲ ကိုယ်တော်မြတ်ရဲ့ သာဝကတွေ အထူးသဖြင့် ရဟန်းငယ်တွေဟာ ဣန္ဒြေခြောက်ပါး တံခါးကြီး ခြောက်ပေါက်ကို သတိတည်းဟူသော တံခါးဗိုလ်တံခါးမှူးခန့်၍ လုံခြုံအောင် စောင့်ရှောက်တော်မူကြတဲ့အတွက် ဒကာတော်တို့လို လူ့ပြည်လောကက ဝတ္ထုအာရုံ ကာမဂုဏ်တွေကို ခံစားကြဖူးသူတွေ မဟုတ်ဘဲလျက် အသက်ထက်ဆုံး စင်ကြယ်အောင်၊ ပြည့်စုံအောင် သီလ၊ သမာဓိ၊ ပညာဆိုတဲ့သိက္ခာသုံးပါး အကျင့်တရားပွားများအားထုတ်သွားနိုင်ခြင်းဖြစ်တယ်တဲ့။

သာသနာ အခွန့်အနွယ် ပဝေဏီ အစဉ်အဆက် မပျက်အောင် စောင့်ရှောက်သွားတော် မူနိုင်ကြတယ်။ အဲဒီလို သုံးချက်ဟောတယ်။

http:\\www.dhammadownload.com



## ဥဒေနမင်းတရား တတိယအချက်၌ သဘောကျ လက်ခံခြင်း

ပထမအချက်က အရှင်ပိဏ္ဍောလ ဘာဖြေသလဲ။ မြတ်စွာဘုရားက အမျိုးသမီးတွေရဲ့အပေါ်မှာ အမိအရွယ် အမျိုးသမီးတွေအပေါ်မှာ မိခင်တည်းဟူသော မေတ္တာနှင့် ယှဉ်တွဲစိတ်ထား၊ သမီးအရွယ်၊ နှမအရွယ်၊ အစ်မအရွယ်အမျိုးသမီးတွေရဲ့အပေါ်မှာ နှမ၊ အစ်မ၊ သမီး ဟူသော အမှတ်နဲ့ ယှဉ်တဲ့ မေတ္တာစိတ်ထားရမယ်။ အဲဒီလို ဟောကြားတဲ့အတိုင်း မေတ္တာစိတ်ထားလို့ အသက်ထက်ဆုံး သာသနာမှာ ကျင့်သုံးသွားနိုင်တာပေါ့လို့ ဒီလိုဖြေတာ။

ဒီအဖြေကို အကြွင်းမဲ့ လက်မခံနိုင်လို့ အို–ကိုယ်တော်စိတ်ဆိုတာ အင်မတန် လျှပ်ပေါ်လော်လီတာ၊ တစ်ခါတလေများ အမိအရွယ်ပေမယ့် စိတ်က ဟင်–သမီးအရွယ်၊ မြေးအရွယ်ပေမယ့် လောဘဖြစ်တတ်တယ်။ အစ်မအရွယ်၊ နှမအရွယ်ပေမယ့် လောဘဖြစ်တတ်တယ်။ အစ်မအရွယ်၊ နှမအရွယ်ပေမယ့် အစ်မ၊ နှမစိတ် မထားနိုင်ဘဲနဲ့ လောဘစိတ်များ ဖြစ်တတ်တယ်ကိုယ်တော်။ ဒီ့ပြင်အကြောင်းများ ရှိသေးသလား၊ ရှိတယ်။ ဘာလဲဆိုတော့ ဒွတ္တိံသာကာရကို နှလုံးသွင်းဖို့ ဘုရားဟောထားတယ်။

အဲဒီလို မြတ်စွာဘုရား ဟောကြားထားတဲ့အတိုင်း နှလုံးသွင်းခြင်းတည်းဟူသော အကြောင်းကြောင့် ကိုယ်တော်ငယ်ကလေးတွေဟာတဲ့ လူ့လောကီ အာရုံကာမဂုဏ်တွေကို မသုံးဆောင် မခံစားသေးဘဲလျက် ဥဒေနမင်းထင်တာက လူ့လောကီ ကာမဂုဏ်တွေ သုံးဆောင်ပြီးမှ ငြီးငွေ့စက်ဆုပ်ပြီးတော့မှ အသက်ထက်ဆုံး မြတ်သောအကျင့်ကို ကျင့်နိုင်တယ်လို့ ထင်တယ်။ အဲ မသုံးဆောင် မခံစားဖူးဘဲလျက် အသက်ထက်ဆုံး အကျင့်ကျင့်နိုင်တာကို သူအင်မတန် အံ့ဩတယ်။

အေး...ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်း နှလုံးကျင့်သုံးတော်မူကြသော

http:\\www.dhammadownload.com



ကြောင့် အသက်ထက်ဆုံး ငယ်ဖြူကိုယ်တော်လေးတွေဟာ သာသနာမှာ ကျင့်သုံးသွားနိုင်တယ်။ သာသနာ ပဝေဏီ အစဉ်အဆက် မပျက်အောင် စောင့်ရှောက်သွားနိုင်တယ်ဆိုတော့ ဒါကလည်း ကိုယ်တော်တဲ့၊ ကာယ ဘာဝနာ၊ သီလဘာဝနာ၊ သမာဓိဘာဝနာ၊ ပညာဘာဝနာဆိုတဲ့ ဒီ ဘာဝနာလေးပါး ပွားများပြီး ပုဂ္ဂိုလ်များမှ လွယ်ကူတာနော်။ မပွားများ ရသေးတဲ့ ပုဂ္ဂိုလ်ဆိုရင် အဲဒီလို ဒွတ္တိံသာကာရ ပဋိကူလကမ္မဋ္ဌာန်း စီးကို မစီးဖြန်းနိုင်ဘူးကိုယ်တော်။ ပုထုဇဉ်စိတ်ဆိုတာ တစ်ခါတလေများ ဒီအာရုံ တစ်ခုကို ငါ အသုဘထင်အောင် ရှုပါသကောလို့ ရှုနေရင်းက ဟောဒီ အာရုံကို သုဘလို့ ထင်ထင်လာတတ်တယ်ကိုယ်တော်။

ဒါ အင်မတန်မှ မှန်တဲ့စကားတွေ၊ လူ့လောကက စာဒက တက် စရာတွေ စကားတွေ၊ ဘုန်းကြီးတို့ ဒီကနေ့ဆိုကြပါစို့။ ရှေ့ပိုင်းမှာ ဟို အသိဉာဏ်ပေးပြီးတော့ ဟောနေတာပါ။

အဲဒီလိုဖြစ်တော့ ကိုယ်တော် ဒို့ပြင်အကြောင်းတစ်ပါးများ မရှိ ဘူးလားတဲ့။ ကိုယ်တော်ကလေးတွေ အသက်ထက်ဆုံး သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးပါး မြတ်သောအကျင့် ကျင့်သုံးသွားနိုင်တဲ့ အခြား အကြောင်းများ ရှိဖူးသလားဆိုတော့ ရှိတယ်။ ဘာလဲ။ မြတ်စွာဘုရားက ဣန္ဒြိယသံဝရသီလ ဟောထားတယ်။

ချစ်သားတို့လာကြ၊ ဣန္ဒြေခြောက်ပါး တံခါးကြီးခြောက်ပေါက် မှာ လုံခြုံအောင် ပိတ်ဆို့ထားတဲ့ တံခါးရှိကြတဲ့ သားတော်ကောင်းများ ဖြစ်ကြစေ၊ မျက်စိနဲ့အဆင်းကို မြင်ယင် နားနဲ့အသံကိုကြားယင်၊ နှာခေါင်း နဲ့ အနံ့ကို ရှူရယင်၊ လျှာနဲ့ အရသာကို လျက်ရစားရယင်၊ ကိုယ်နဲ့ ဖောဋ္ဌဗ္ဗာရုံကို တွေ့ရထိရယင် စိတ်နဲ့ ဓမ္မာရုံကို သိရလို့ ရှိယင် အဲဒီမြင် အပ်ကြားအပ် နမ်းအပ် လျက်အပ် ထိအပ် သိအပ်ဆိုသော ဒီအာရုံခြောက် ပါးရဲ့ အပေါ်မှာ ယောက်ျားပဲ မိန်းမပဲဆိုတဲ့ နိမိတ္တတရားများ မယူမှားမိကြ

http:\\www.dhammadownload.com



စေနဲ့။ လက်ကလေးက တင့်တယ်တယ်၊ ခြေထောက်ကလေးက တင့်တယ်တယ်။ မျက်လုံးကလေးက တင့်တယ်တယ်၊ နှာခေါင်းကလေးက၊ နဖူးကလေးက ဆံပင်လေးက တင့်တယ်တယ် စသည်ဖြင့် အင်္ဂါ အစိတ်အပိုင်း၊ အင်္ဂါ အမည်တွေကို လိုက်ယူပြီးတော့ ငါမစွဲစေနဲ့။ အနုဗျဥ္ဇနဂ္ဂါဟိ မမှတ်နဲ့၊ မမြင်နဲ့။

အဲ မျက်စိ၌ ရူပါရုံထင်လာခြင်း၊ နား၌ သဒ္ဒါရုံထင်လာခြင်း၊ နှာခေါင်း၌ ဂန္ဓာရုံ အနံ့အမျိုးမျိုး ထင်လာခြင်း၊ လျှာ၌ အရသာအမျိုးမျိုး ထင်လာခြင်း၊ ကိုယ်ပေါ်၌ အတွေ့အထိအမျိုးမျိုး ထင်လာခြင်း၊ စိတ်တည်းဟူသော မနောဒွါရ၌ ဓမ္မတွင်မည် ရုပ်နာမ်တို့၊ ဓမ္မာရုံခေါ်တဲ့ ရုပ်နာမ်တရားတို့ ထင်လာခြင်းကို အကြောင်းပြုပြီးတော့ ဣန္ဒြေခြောက်ပါး တံခါးကြီးခြောက်ပေါက်ကို မစောင့်မရှောက်ဘဲနဲ့ ပေါက်လွှတ်ပဲစား ထားတဲ့ ပုဂ္ဂိုလ်များမှာတဲ့၊ ကိုယ်မကြိုက်တဲ့ အာရုံမြင်ယင် ဒေါသ၊ ဒေါမနဿ ဖြစ်တတ်တယ်။ ကိုယ်နှစ်သက်တဲ့ အာရုံကိုမြင်ယင် လောဘအဘိဇ္ဈာ ဖြစ် တတ်တယ်။ အဲဒီလိုမဖြစ်အောင် စက္ခုန္ဒြေမှာ စောင့်စည်းကြ၊ သောတိန္ဒြေမှာ၊ ဃာနိန္ဒြေမှာ၊ ဇိဝှိန္ဒြေမှာ၊ ကာယိန္ဒြေမှာ၊ မနိန္ဒြေမှာ စောင့်စည်းကြ။

ဣန္ဒြေခြောက်ပါး တံခါးကြီး ခြောက်ပေါက်မှာ သတိတည်းဟူသော တံခါးမိုလ် တံခါးမှူးများ ခန့်အပ်ပြီးတော့ အဲဒီ တံခါးခြောက်ပေါက်က ဝင်ရောက်၍ ခန္ဓာကိုယ်အတွင်း မိမိတို့ ကာလလျှားစွာ စုဆောင်းထားတဲ့ ရဟန်းတရား၊ သူတော်ကောင်းတရားတည်းဟူသော လောကုတ္တရာ ရတနာတွေ၊ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အကုသိုလ်ခိုးသားလူပျက်များရဲ့ အလုအယက်မခံရအောင် သတိကို အစောင့်တံခါးမိုလ် ခန့်ထား ဆင်ခြင်ကြလို့ အဲဒီလို ပညတ်ချက်၊ ဟောကြားချက်ရှိလို့ ဟောကြားချက်အတိုင်း သတိတည်းဟူသော တံခါးမိုလ်ခန့်ထား၍ တံခါးကြီး ခြောက်ပေါက် လုံခြုံအောင် စောင့်ရှောက်ကြတဲ့ ဣန္ဒြိယသံဝရသီလ

http:\\www.dhammadownload.com



ကြောင့် အသက်ထက်ဆုံး ဒီကိုယ်တော်ကလေးများဟာ သိက္ခာသုံးပါးကို ကျင့်သုံးသွားနိုင်ပါတယ်။ တတိယအဖြေ။

အဲဒီ တတိယအဖြေကျတော့ ဥဒေနမင်းတရား အကြွင်းမဲ့ ထောက်ခံတယ်။ အေး ဘာဖြစ်လို့ ဒီကိုယ်တော်လေးတွေ တစ်သက်လုံး၊ ဒီ ဗြဟ္မစရိယကို ကျင့်သွားနိုင်သလဲ။ ဒီဟာ ပြန်ပြောရလို့ရှိရင်၊ ကိုယ်တော်လေးများဘက်က ကြည့်မယ်ဆိုယင် တို့တစ်သက်လုံး ဗြဟ္မစရိယကို ကျင့်သုံးနိုင်ဖို့ အကောင်းဆုံး အကြောင်းဟာ ဘာလဲလို့ ဒါစဉ်းစားတယ်။ စဉ်းစားလို့ရှိယင် ဣန္ဒြိယသံဝရသီလ–ဣန္ဒြေခြောက်ပါး တံခါးကြီးခြောက်ပေါက်မှာ သတိတည်းဟူသော တံခါးဗိုလ်တံခါးမှူး ခန့်၍ အကုသိုလ်ခိုးသားတို့ မဝင်ရောက်အောင် စောင့်ရှောက်ခြင်းဟာ ဒါ အကြောင်းရင်းပဲ။

ဣန္ဒြိယ သံဝရသီလကို လုံလုံခြုံခြုံ ပိတ်ဆို့စောင့်စည်းထားလို့ရှိယင် ကိုယ်တော်လေးတွေ တစ်သက်လုံး ဗြဟ္မစရိယကို ကျင့်သုံးနိုင်တယ်။ ဒီအဓိပ္ပာယ်လည်း ထွက်တယ်။ အဲဒီထွက်တော့ ဒီအချက်ကို ဥဒေနမင်းတရားသည် အကြွင်းမဲ့လက်ခံတယ်။

အစ္ဆရိယံ ဘော ဘာရဒွါဇ၊ အဗ္ဘုတံ ဘော ဘာရဒွါဇ။

အို–အရှင်ဘုရား ဘာရဒွါဇ၊ လက်ဖျစ်တီး၍ အံ့ချီးလိုက်ပါပေစွ။ အို–အရှင်ဘုရား ဘာရဒွါဇ၊ မဖြစ်စဖူးအထူးဖြစ်ပါပေစွ။

ယာဝ သုဘာသိတံ စိဒံ ဘော ဘာရဒွါဇ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာ သမ္ဗုဒ္ဓေန။

ဘုရားကိုယ်တော်မြတ်ကြီး ဤကဲ့သို့ ဣန္ဒြေခြောက်ပါး တံခါးကြီး ခြောက်ပေါက်မှ အကုသိုလ်ခိုးသားတို့ မဝင်ရောက်အောင် စောင့်ရှောက်ရမယ်လို့ ဟောကြားတော်မူလိုက်တဲ့ အချက်ဟာဖြင့် အင်မတန့် အင်မတန် ကောင်းတဲ့ သုဘာသိတ မင်္ဂလာနဲ့ ပြည့်စုံတဲ့ စကားကြီးဖြစ်ပါတယ်ဘုရား။

http:\\www.dhammadownload.com



ဧသောဝ ခေါ ဘော ဘာရဒွါဇ ဟေတု ဧသပစ္စယော။

အို-အရှင်ဘုရား ဘာရဒွါဇ၊ အဲဒီအချက်ဟာ အကြောင်းရင်း အကြောင်းရင်း ကိုယ်တော်တဲ့။

ယေနိမေ ဒဟရာ ဘိက္ခူ သုသူ ကာဠကေသာ ဘဒြေန ယော ဗ္ဗနေန သမန္နာဂတာ ပဌမေန ဝယသာ အနိကီဠိတာဝိနော ကာမေသု ယာဝဇီဝံ ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ စရန္တိ၊ အဒ္ဓါနဥ္စ အာပါဒေန္တိ။

ယေန=ယင်းသို့ ဣန္ဒြေခြောက်ပါး တံခါးကြီးခြောက်ပေါက်ကို လုံခြုံစွာ စောင့်ရှောက်မှုဆိုတဲ့ ဣန္ဒြိယသံဝရသီလကြောင့်။ ဣဓ= ဤ ဘုရားသာသနာတော်မှာ။ ဒဟရာ=အသက်အရွယ်ငယ်ကုန်သော။ သုသူ=နုပျိုကုန်သော။ ကာဠကေသာ=မည်းနက်သော ဆံပင် ရှိကုန် သော။ ပဌမေန ဝယသာ=ပထမအရွယ်အားဖြင့်။ ဘဒြေန သမန္နာ ဂတာ=ကောင်းမွန်သော အရွယ်နှင့် နုပျိုခြင်းနှင့် ပြည့်စုံတော်မူကြကုန် သော။ ဣမေဘိက္ခူ=ဤရဟန်းငယ်တို့သည်။ အနိကီဠိတာဝိနော ကာမေသု= လောကီအာရုံ ကာမဂုဏ်တို့၌ မသုံးစွဲ မခံစားမပျော်ပါး ခဲ့ကြဖူးပါကုန်လျက်။ ယာဝဇီဝံ ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ စရန္တိ= အသက်ထက်ဆုံး ပြည့်စုံအောင် စင်ကြယ်အောင် သုံးပါးသိက္ခာ သာ သနာဆိုတဲ့ဗြဟ္မစရိယကို လုလုကြီး ကျင့်သုံးတော်မူနိုင်ကြတာ အမှန် ပါပဲဘုရား။ အဒ္ဓါနဥ္စ အာပါဒေန္တိ=သာသနာပဝေဏီ အစဉ်အဆက် မပျက်အောင် စောင့်ရှောက် တော်မူနိုင်ကြတာလည်း ဒီ ဣန္ဒြိယ သံဝရ သီလဟာ အကြောင်းရင်း အမှန်ပဲဘုရား။ ဘာပြုလို့တုံးဆိုတော့-

အဟမ္ပိ ခေါ ဘော ဘာရဒွါဇ ယသ္မိံ သမယေ အရက္ခိတေနေဝ ကာယေန အရက္ခိတာယ ဝါစာယ အရက္ခိတေန စိတ္တေန အနုပဋ္ဌိတာယ သတိယာ အသံဝုတေဟိ ဣန္ဒြိယေဟိ အန္တေပုရံ ပဝိသာမိ။

အရှင်ဘုရား ဘာရဒွါဇ၊ တပည့်တော် လက်တွေ့ပြောမယ်။

http:\\www.dhammadownload.com



ပြောစမ်းပါ။ တပည့်တော်လေ၊ အကြင်အခါမှာ ရွှေနန်းတော်ထဲ ဝင်သွားတော့ ကိုယ်ကလည်း မစောင့်စည်းဘူး။ နှုတ်ကလည်း မစောင့်စည်းဘဲနဲ့ ပြောမိရာတွေ ပြောတယ်။ စိတ်ကလည်း မစောင့်စည်းဘဲနဲ့ ကြံစည်မိ ကြံစည်ရာတွေ လျှောက်ကြံစည်။ ဘာမှ သတိမထား ဘဲနဲ့ ဘယ်ဣန္ဒြေကိုမှ မစောင့်စည်းဘဲနဲ့ တပည့်တော် ရွှေနန်းတော်တွင်း သွားပြီ၊ ဝင်ပြီဆိုပါစို့ကိုယ်တော်။

ဝင်လို့ရှိရင်ဖြင့် ဣန္ဒြေတွေ ပေါက်လွှတ်ထားတဲ့အတွက်-

အတိဝိယ မံ တသ္မိံ သမယေ လောဘဓမ္မာ ပရိသဟန္တိ။

ဘန္တေ=အရှင်ဘုရား။ တသ္မိံသမယေ=ထိုသို့ ဣန္ဒြေခြောက်ပါး တံခါးကြီးခြောက်ပေါက်ကို ပေါက်လွှတ်ထားပြီး ရွှေနန်းတော်အတွင်း ဝင်သွားတဲ့အခါကာလ၌။ မေ=တပည့်တော်၏ သန္တာန်၌။ အတိဝိယ= အလွန်လျှင်။ လောဘဓမ္မာ=လောဘတရားတို့သည်။ ပရိသဟန္တိ=လွှမ်းမိုး နှိပ်စက်ကြပါသည်ဘုရား...။

ဣန္ဒြေကို ပေါက်လွှတ်ထားပြီး တပည့်တော်ရွှေနန်းတော်ထဲ ဝင် သွားရင် အဲဒီအခါမှာဖြင့် လောဘတွေ အဆင်းမြင်လိုက်၊ တပ်မက်လိုက်၊ အသံကြားလိုက်၊ တပ်မက်လိုက်၊ အနံ့ရှူလိုက်၊ တပ်မက်လိုက်၊ အရသာ စားမိလိုက်၊ တပ်မက်လိုက်၊ အတွေ့အထိ တွေ့ထိလိုက်၊ တပ်မက်လိုက်၊ စိတ်ကူးနဲ့လျှောက်ပြီး ရွှေနန်းတော်အာရုံပြုလိုက်၊ တပ်မက်လိုက်၊ လောဘ တွေဟာ တစ်မျိုးပြီးတစ်မျိုး ကိုယ်တော်၊ ဆီးမနိုင်တားမရ အတိဝိယ= အလွန်လျှင်။ ပရိသဟန္တိ=တပည့်တော်ကို လွှမ်းမိုး နှိပ်စက်ကြပါသည် ဘုရား။

## ဥဒေနမင်း သရဏဂုံတည်သူ ဥပါသကာဖြစ်ခြင်း

ယသ္မိံ စ ခွာဟံ ဘောဘာရဒွါဇ သမယေ ရက္ခိတေနေဝ ကာယေန ရက္ခိတာယ ဝါစာယ ရက္ခိတေန စိတ္တေန ဥပဋ္ဌိတာယ သတိယာ

http:\\www.dhammadownload.com



သံဝုတေဟိ ဣန္ဒြိယေဟိ အန္တေပုရံ ပဝိသာမိ။ န မံ တထာ တသ္မိံ သမယေ လောဘဓမ္မာ ပရိသဟန္တိ။

အရှင်ဘုရား ဘာရဒွါဇ၊ အကြင်အခါ တပည့်တော်ရွှေနန်းတော် အဆောင်ကူးတဲ့အခါ ကာယကံမှုကလည်း ထိန်းထိန်းသိမ်းသိမ်း၊ ဝစီကံမှုကလည်း ထိန်းထိန်းသိမ်းသိမ်း၊ သတိ(ကို)ထားပြီးတော့ ဣန္ဒြေကြီးကြီးနဲ့ တပည့်တော်ရာဇဣန္ဒြေနဲ့ ရွှေနန်းတော် ဝင်သွားရင် အဲဒီအခါ တပည့်တော်ရဲ့ ကိုယ်ခန္ဓာသန္တာန်အတွင်းမှာ လောဘတရားတွေ မထိန်းမသိမ်းဘဲ သွားတုန်းကလောက် မလွှမ်းမိုးဘူး။ မနှိပ်စက်ဘူးကိုယ်တော်။

ဒါကြောင့် ဣန္ဒြိယသံဝရသီလသည် ရဟန်းတော်ငယ်များအား အသက်ထက်ဆုံး သာသနာတော်မှာ ပျော်ပျော်ပိုက်ပိုက် သိက္ခာသုံးပါးကို ကျင့်သုံးနိုင်ကြောင်းမှန်တယ်ကိုယ်တော်။ မှန်တယ်။ ဧသေဝဟေတု။ ဧဝကြီးနဲ့နေဝ်။ ဆုံးဆုံးဖြတ်ဖြတ်ကို ပြောတာ။ ဒီမှာ အကြွင်းမဲ့ သူလက်ခံတယ်။ အကြွင်းမဲ့ ထောက်ခံတယ်။ အကြွင်းမဲ့ ကောင်းချီးပေးတယ်။ အကြွင်းမဲ့ ဒီအချက်ကို လက်ခံပြီးတော့ ဒီအချက်နဲ့ပဲ သရဏဂုံ တည်သွားတယ်။

အဘိက္ကန္တံ ဘော ဘာရဒွါဇ၊
အဘိက္ကန္တံ ဘော ဘာရဒွါဇ။

အရှင်ဘုရား ဘာရဒွါဇ၊ အင်မတန်နှစ်သက်ဖွယ်ကောင်း၊ အင်မတန် အားရဖွယ်ကောင်းပါတယ်ဘုရား-တဲ့။

သေယျထာပိ ဘော ဘာရဒွါဇ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ။
ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ၊ မူဠှဿ ဝါ မဂ္ဂံ အာစိက္ခေယျ။

ဥပမာပြောရယင် မှောက်ထားတဲ့ ပစ္စည်းလေးလှန်ပြလိုက်သလို တစ်စုံတစ်ခု ဖုံးအုပ်ထားတဲ့ ပစ္စည်းကို အဖုံးလှပ်ပြလိုက်သလို၊ မျက်စိလည် လမ်းမှားနေတဲ့ ယောက်ျားတစ်ယောက်ကို လက်ကိုဆွဲပြီး သင်သွား

http:\\www.dhammadownload.com



ရမှာ ဒီလမ်းပဲလို့ လမ်းမှန်ကို ပြလိုက်သလို-

အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ "စက္ခုမန္တော ရူပါနိ ဒက္ခန္တီ"တိ။

မျက်စိအမြင်ကောင်းတဲ့ ပုဂ္ဂိုလ်သည် အဆင်းအမြင်ကို မြင်ကြစေ ဟဲ့လို့ အမိုက်မှောင်ထဲမှာ လျှပ်စစ်လျှပ်စီးမီးကြီး ထွန်းညှိထားသလို-

ဧဝ မေဝံ ဘောတာ ဘာရဒွါဇေန အနေကပရိယာယေန ဓမ္မော ပကာသိတော။

ဤနည်းအတူ အရှင်ဘုရား ဘာရဒွါဇဟာ တပည့်တော်ကို များ စွာသော အကြောင်းသုံးချက်နဲ့ နားမလည် နားလည်အောင်၊ မကျေနပ် ကျေနပ်အောင် အကြောင်းသုံးချက်ဖြင့် လှည့်၍ တပည့်တော် တရားထင် ရှားအောင် ပြတော်မူပါပေ၏။

သောဟံ ဘော ဘာရဒွါဇ တံ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ။

ဘော ဘာရဒွါဇ=အို-အရှင်ဘုရား ဘာရဒွါဇ သောဟံ=ထို တပည့်တော် ဥဒေနမင်းတရားသည်။ တံ ဘဂဝန္တံ=ထို ဘုန်းတော်သခင် ရှင်ပင်ဘုရားကိုလည်းကောင်း။ ဓမ္မဉ္စ=တရားတော်ကိုလည်းကောင်း၊ ဘိက္ခုသံဃဉ္စ=ရဟန်းသံဃာကိုလည်းကောင်း။ သရဏံ=ကိုးကွယ်လည်း လျောင်း ပုန်းအောင်ရာ ဟူ၍။ ဂစ္ဆာမိ=ဆည်းကပ်ပါ၏။

ဥပါသကံ မံ ဘဝံ ဘာရဒွါဇော ဓာရေတု အဇ္ဇတဂ္ဂေ ပါဏု ပေတံ သရဏံ ဂတန္တိ။

အဇ္ဇတဂ္ဂေ=ယနေ့ကအစပြု၍။ မံ=တပည့်တော်ကို။ ဘဝံ ဘာရ ဒွါဇော=အရှင်ဘုရား ဘာရဒွါဇသည်။ သရဏံဂတံ ဥပါသကံ=သရဏဂုံ တည်သူ ဥပါသကာ ဒါယကာတစ်ယောက်ဟူ၍။ ဓာရေတု=မှတ်တော် မူစေချင်ပါသည်ဘုရား။

http:\\www.dhammadownload.com



သရဏဂုံများ ဒီနေရာမှာ ခံပြီးတော့ ဒီအချိန်က စပြီးတော့ ဥဒေနမင်းတရား ဗုဒ္ဓဘာသာဖြစ်သွားတယ်။ နောက်ကို ဥဒေနမင်းတရား ဘယ်တရားနဲ့ ဗုဒ္ဓဘာသာဖြစ်သလဲ။ ကိုယ်တော်လေးတွေ သာသနာမှာ ပျော်ပိုက်ဖို့ရာ တရားအကြောင်း သုံးပါးနဲ့ ဗုဒ္ဓဘာသာဖြစ်တယ်လို့ သိကြ။

ခန္ဓာငါးပါး ဓမ္မလင်္ကာ

ဒါ–ဘုန်းကြီးတို့ ပြည်သူ့လက်ရုံး ဓမ္မာရုံမှာ ဘုန်းကြီးတို့ ဒကာများ အသိဉာဏ်ပွားအောင် အသိဉာဏ်ကလေးတစ်ခု ပေးပါတယ်။ ဒါက သိဖို့ပဲ။ သို့သော် ဘုန်းကြီး အရင်ဥပုသ်ကလေ၊ အရင်တစ်ပတ်က ပြောခဲ့တယ်။ ဘာလဲ။ တို့–သီလရယ်၊ သမာဓိရယ်၊ ပညာရယ်၊ အလုပ်သုံးမျိုး ရှိတယ်။ ပညာအလုပ်မှာ ဆိုလို့ရှိယင် ဟို ပဋ္ဌာန်ပုဏ္ဏားကြီးဝတ္ထုကနေပြီး တော့ ခန္ဓာငါးပါးနဲ့

ရုပ်ဟုတွင်မည်၊ ခန္ဓာသည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြော်ထောက်ရှု၍၊ သူ့သဘာဝ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား...

လို့ ခန္ဓာငါးပါးကို ခေါင်းကလေးသာ ပြောင်းပြောင်းပြီးတော့–

ဝေဒနာမည်၊ ခန္ဓာသည်လည်း...
သညာတွင်မည်၊ ခန္ဓာသည်လည်း...
သင်္ခါရမည်၊ ခန္ဓာသည်လည်း...

ဝိညာဉ်ခေါ်မည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်၊ ဒုက္ခအနတ္တပါတကား...

http:\\www.dhammadownload.com



ဆိုတဲ့ လက်ာငါးပိုဒ်ထဲ ဘုန်းကြီး ဟိုအရင်တစ်ပတ်တုန်းက ဒီပြည်သူ့လက်ရုံး ဓမ္မာရုံမှာ တရားနိဂုံး သိမ်းခဲ့တယ်။

ဘုန်းကြီးတို့ တရားဟောတဲ့ ပုဂ္ဂိုလ်တွေရဲ့ "ကထိကသဏ္ဍာတိ" ဆိုတဲ့ တရားအစဉ်က–

အာဒိမှိသီလံ ဒဿေယျ=(အံ၊ ၄၊ ၂။ ၁၆၈) အစပိုင်းမှာ သီလကို ဟောရတယ်။ သီလရဲ့အကြောင်းနည်းနည်းဖြစ်ဖြစ်၊ များများဖြစ်ဖြစ် နားလည်တဲ့လူဆိုယင်ပေါ့လေ။ နည်းနည်းနဲ့ ကျဉ်းကျဉ်းပဲ ပြောရတယ်။

မဇ္ဈေ မဂ္ဂံ ဝိဘာဝယေ=အလယ်ကောင် ကျပြီဆိုလို့ ရှိယင်ပေါ့လေ။ မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း တရားတွေကို ထင်အောင် ပြောရတယ်။

ပရိယောသာနမှိ နိဗ္ဗာနံ=အဆုံးကျတော့ အဲဒီလို ကျင့်ကြံကြိုးကုတ် အားထုတ်လို့ရှိရင် နိဗ္ဗာန်ရမယ်ဆိုတဲ့အကြောင်း အကျဉ်းချုပ်ဖြစ်ဖြစ်၊ အကျယ်တဝင့် ဖြစ်ဖြစ်ပြောရတယ်။

ဒီတော့ ဘာလဲ။ ဘုန်းကြီးတို့မှာ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ သီလရှိပြီ၊ အလယ်ကောင် "မဇ္ဈေ မဂ္ဂံ ဝိဘာဝယေ"အရ သမာဓိ၊ ပညာဆိုတဲ့ ဒီဘာဝနာတရားနှစ်ပါး ပွားဖို့အတွက်၊ တရားကိုလည်း စိတ်ပါလက်ပါ သမာဓိရှိရှိနဲ့ နာရတယ်။ ပညာဘာဝနာတွက် ဘုန်းကြီး ခန္ဓာကမ္မဋ္ဌာန်းဖြင့် အရင်တစ်ပတ်က ပြောခဲ့တဲ့အကြောင်းကို ပြန်ပြီးတော့ ပြောပါတယ်။

## သီလဝန္တသုတ္တန်တရားတော်

တစ်ချိန်က အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာကောဋ္ဌိက ဗာရာဏသီပြည် မိဂဒါဝုန်တောမှာ သီတင်းသုံးကြတယ်။ ဒီလိုညနေချမ်းအချိန်မှာ အရှင်မဟာကောဋ္ဌိကက အရှင်သာရိပုတ္တရာဆီ ရောက်လာ

http:\\www.dhammadownload.com



တယ်။ ရောက်ပြီးတော့ ပဋိသန္ထာရစကားများ ပြောပြီးတယ်ဆိုယင်ပဲ အရှင်မဟာကောဋ္ဌိကက အရှင်သာရိပုတ္တရာကို မေးတယ်။

သီလဝတာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိကာတဗ္ဗာ။

ငါ့ရှင်သာရိပုတ္တရာ၊ သီလနဲ့ပြည့်စုံသော သံသရာဘေး ထောက်တွေးမြော်မြင် သူတော်စင် ပုဂ္ဂိုလ်တစ်ယောက်ဟာ ဘယ်တရားတွေကို ယောနိသောမနသိကာရဖြင့် နှလုံးသွင်းပွားများ အားထုတ်ရမတုံး။ သီလဆောက်တည်ပြီးယင် သီလရှိတဲ့ ပုဂ္ဂိုလ်သည် ဘယ်တရားတွေကို နှလုံးသွင်း ပွားများရမတုံးလို့ မေးတယ်။

## သီလဝန္တသူတော်ကောင်းများ အားထုတ်ရမည့်တရား

ထိုအခါ အရှင်သာရိပုတ္တရာက ဘာပြန်ဖြေသလဲ။

သီလဝတာဝုသော ကောဋ္ဌိက ဘိက္ခုနာ ပဉ္စုပါဒါ နက္ခန္ဓာ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသော မနသိကာတဗ္ဗာ။

ငါ့ရှင် ကောဋ္ဌိက–တဲ့။ သီလနဲ့ ပြည့်စုံပြီးတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီး၊ မြတ်စွာဘုရားရဲ့ သားတော် သမီးတော် သူတော်စင် ပုဂ္ဂိုလ်တစ်ယောက်ဟာ ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှလုံးသွင်းရမယ်–တဲ့။ အဲဒီမှာ–

အရှင်သာရိပုတ္တရာကြီးက ဟို–ဘုန်းကြီးတို့ ဒကာတို့ ဘုန်းကြီးတို့ တရားနာပရိသတ်တွေ လုပ်ငန်းရဲ့ မှန်ကန်တဲ့ အကြောင်းကိုပေါ့လေ။ ထောက်ခံပြီးတော့ သီလဝန္တသုတ်လို့ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်မှာ ရှိတယ်။

http:\\www.dhammadownload.com



အေး–သီလရှိပြီးယင် အဲဒီသီလရှိတဲ့ ပုဂ္ဂိုလ်သည် ဥပါဒါနက္ခန္ဓာ ငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှလုံးသွင်းရမယ်တဲ့။ အဲဒီလို နှလုံးသွင်း လို့ရှိယင် ဘယ်အကျိုးရမတုံးဆိုတော့–

ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇာတိ၊ ယံ သီလဝါ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ယောနိသော မနသိကရောန္တော သောတာပတ္တိဖလံ သစ္ဆိကရေယျ။

ငါ့ရှင်၊ သီလရှိပြီးတဲ့နောက် အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှလုံးသွင်း ခိုင်းတာ အကြောင်းရှိတယ်။ ဘာ့ကြောင့်လဲ။ အဲဒီလို နှလုံးသွင်းလို့ရှိယင် သီလရှိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို ရနိုင်တယ်တဲ့။ အဲဒီ လို ရနိုင်သောကြောင့် သီလရှိပြီးယင် ခန္ဓာကမ္မဋ္ဌာန်း စီးဖြန်းကြ။ ရပ်မနေ နဲ့။ ရှေ့ကို ဆက်ပြီးတော့ အလုပ်လုပ်ကြရမယ်။

ဟင်း ဟိုမတော့ တကယ့် အရိယာသူတော်မြတ်ကြီးတွေ တရား ဟောကြတယ်။ ပြောကြတယ်ဆိုတာက အရဟတ္တဖိုလ်ပေါက်မှ တော်တာ ကိုး။

## သောတာပန်ပုဂ္ဂိုလ်များ ဆက်လက်အားထုတ်ရမည့်တရား

ဆက်ပြီးတော့ အရှင်မဟာကောဋ္ဌိက မေးပြန်တယ်။

သောတာပန္နေန ပနာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေ ဓမ္မာ ယောနိသော မနသိကာတဗ္ဗာ။

ငါ့ရှင် သာရိပုတ္တရာ၊ ဆက်ပြီး မေးလက်စ မေးပါရစေ၊ သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တရားတွေကို ယောနိသော မနသိကာရဖြင့် နှလုံးသွင်းရမလဲ။ မေးတော့လည်းပဲ အရှင်သာရိပုတ္တရာ က ဒါပဲ ထပ်ပြောတယ်။

သောတာပန္နေနပိ ခေါ အာဝုသော ကောဋ္ဌိက ဘိက္ခုနာ ဣမေ

http:\\www.dhammadownload.com



ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော အနတ္တတော ယောနိသော မနသိကာတဗ္ဗာ။

ငါ့ရှင် ကောဋ္ဌိက၊ သောတာပန်ဖြစ်ပြီးတဲ့ကိုယ်တော်၊ သောတာပန်ဖြစ်ပြီးတဲ့ သူတော်စင် အဲဒီပုဂ္ဂိုလ်လည်းပဲ ဒီဉပါဒါနက္ခန္ဓာ ငါးပါးကိုပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှလုံးသွင်းရမယ်။ အဲဒီလို နှလုံးသွင်းတော့ ဘာအကျိုးရမတုံးလို့ ဆိုတော့-

ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ သောတာပန္နော ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ယောနိသော မနသိကရောန္တော သကဒါဂါမိဖလံ သစ္ဆိကရေယျ။

သောတာပန်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်သည် ဒီဉပါဒါနက္ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ အမှန်ယောနိသောမနသိကာရနဲ့ နှလုံးသွင်းယင်ဖြင့် သကာဒါဂါမိဖိုလ်ကို ရောက်နိုင်တယ်။

## သကဒါဂါမ် အနာဂါမ် အားထုတ်ရမည့်တရား

သကဒါဂါမ် ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ကကော ဘယ်တရားကို နှလုံးသွင်းရမတုံးလို့ မေးပြန်တော့လည်း သကဒါဂါမ် ပုဂ္ဂိုလ်လည်း ဒီခန္ဓာငါးပါး ကမ္မဋ္ဌာန်းကိုပဲ စီးဖြန်းရမယ်။ စီးဖြန်းယင် အနာဂါမိဖိုလ် ရောက်ရမယ်။ ကိုင်း ဒါလောက်ဆို လူပါးတွေ။

အနာဂါမ်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်ကော ဘယ်တရားကို နှလုံးသွင်းရမတုံးလို့ အရှင်ကောဋ္ဌိက က မေးတဲ့အခါမှာလည်း အရှင်သာရိပုတ္တရာက အနာဂါမ်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်သည်လည်းပဲ ဉပါဒါနက္ခန္ဓာငါးပါး ဒီရုပ်နာမ်တရားကိုပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှလုံးသွင်းရမယ်။ အဲဒီလို နှလုံးသွင်းလို့ ရှိရင် အနာဂါမ်ပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ရောက်ဖို့ သေချာတယ်။ ဒီလို နှလုံးသွင်းမှ အရဟတ္တဖိုလ်ရောက်မှာ။

http:\\www.dhammadownload.com



## ရဟန္တာပုဂ္ဂိုလ်နှလုံးသွင်း အားထုတ်ရမည့်တရား

ဟင်–အရဟတ္တဖိုလ်ရောက်လို့ ရဟန္တာဖြစ်တဲ့ဘဝမယ်ကော။ အဲဒီ ရဟန္တာဖြစ်ပြီးတော့ကော ဘယ်တရားကို နှလုံးသွင်းရမလဲ။ ဒီတရားပဲ နှလုံးသွင်းရမယ်။ ဒါဖြင့် အရဟတ္တဖိုလ် ပေါက်ပြီးတဲ့ ရဟန္တာဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်မှာ ဒီတရား နှလုံးသွင်းလို့ ရှေ့အထက် တက်စရာ ဘယမဂ် ဘယ်ဖိုလ် ရှိသေးသလဲ။ ဘယ်မဂ်ဘယ်ဖိုလ်မှ မရှိဘူး။ မရှိယင် နှလုံးမသွင်းကြပါစေနဲ့။ အကျိုးမရှိယင် ဟာ–မဟုတ်ဘူး။

ဘုန်းကြီးတို့–ဒီ အရိယဖိုလ်ဆိုတဲ့ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်ဆိုတဲ့ လောကုတ္တရာဖိုလ် လေးပါးဟာ သောတာပတ္တိဖိုလ်သည် သောတာပန်ပုဂ္ဂိုလ်ရဲ့ ဘူမိ၊ သကဒါဂါမိဖိုလ်သည် သကဒါဂါမ်ပုဂ္ဂိုလ်ရဲ့ အရိယဘူမိ၊ အနာဂါမိဖိုလ်သည် အနာဂါမ်ပုဂ္ဂိုလ်ရဲ့ အရိယဘူမိ၊ အရဟတ္တဖိုလ်သည် ရဟန္တာပုဂ္ဂိုလ်ရဲ့ အရိယဘူမိ လို့ ပထမအရိယဘူမိ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ အရိယဘူမိလို့ အဲဒီလို ဖိုလ်များကို အသီးသီး ဘူမိနဲ့ တပ်ပြီးတော့ ဟောထားတယ်။ အရိယဘူမိ။

ဘာပြောလိုတာလဲ။ ဆိုကြပါစို့။ အရိယမဂ်သို့ ရောက်ပြီးသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တွေဟာ လူ့ပြည်လောကမှာ ဘယ်အာရုံ၊ ဘယ်ကာမဂုဏ်မှ ပျော်စရာမရှိတော့ဘူး။ မရှိတော့ ဒီဘုံသုံးပါးထဲမှာ တွယ်စရာ မရှိတော့ သူတို့အဖို့ ဒီခန္ဓာကြီးအားမြန်မြန်ကြီး စွန့်ပစ်လိုက်ချင်တယ်။

ခန္ဓာကြီး ဇာတ်သိမ်းငြိမ်းတော့မှာ သိတယ်။ ဆိုကြပါစို့။ ဒီမိမိလက်ထဲမှာ ရှိနေတဲ့ ဒီပစ္စည်းတွေက ရေကြောက်ရတယ်။ မီးကြောက်ရတယ်။ မင်းကြောက်ရတယ်။ ခိုးသူကြောက်ရတယ်။ အမွေခံဆိုး ရန်သူမျိုး ငါးပါးကို ကြောက်နေရတဲ့ ဒီပစ္စည်းကြီးကို လုံးဝ စွန့်ပစ်လိုက်ရလို့

http:\\www.dhammadownload.com



ရှိယင် အကြွင်းမဲ့ ငြိမ်းတော့မှာမို့ ဒုက္ခတွေ အကုန်ငြိမ်းမယ်ဆိုတာ သူတို့က သိတယ်။ မြန်မြန်ကို စွန့်ပစ်ချင်တယ်။ စွန့်ပစ်ရအောင် အသက်တမ်း မပြည့်ခင်၊ မသေခင်ကြားထဲမှာ သေပြလိုက်ပါတော့လား ဆိုတော့ အရိယာဆိုတာ အဲဒီလိုလည်း လုပ်ရိုးထုံးစံမရှိဘူး။ မရှိတော့ လောကကြီးထဲမှာ သူတို့ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်စရာမရှိ။ မရှိတော့ ဘာလုပ်ရမလဲ။

သောတာပန် ပုဂ္ဂိုလ်က သောတာပတ္တိဖိုလ် ဝင်စားရတယ်။

သကဒါဂါမ်ပုဂ္ဂိုလ်က သကဒါဂါမိဖိုလ် ဝင်စားရတယ်။

အနာဂါမ်ပုဂ္ဂိုလ်က အနာဂါမိဖိုလ် ဝင်စားရတယ်။

ရဟန္တာပုဂ္ဂိုလ်က အရဟတ္တဖိုလ် ဝင်စားရတယ်။

သောတာပန်ပုဂ္ဂိုလ်က သောတာပတ္တိဖိုလ်ဝင်စားချင်တယ်။ မိမိ မိမိတို့၏ ဖိုလ်ကို အရိယာပုဂ္ဂိုလ်တို့ ဝင်စားချင်တယ်။ ဝင်စားချင်ပေမယ့် မိမိ ဟဒယဝတ္ထုပေါ်မှာ ဖိုလ်စိတ်တွေ ဖြစ်လာတာ မဟုတ်ဘူးတဲ့။ ဝင်စားချင်ရင် အဲဒီ ကိုယ့်ဟဒယဝတ္ထုပေါ်မှာ ဖိုလ်စိတ်တွေ တစ်စိတ်ပြီးတစ်စိတ်၊ တစ်စိတ်ပြီးတစ်စိတ်ပေါ့လေ။ တစ်နာရီ၊ နှစ်နာရီ၊ တစ်ရက်၊ နှစ်ရက်စသည် အစဉ်မပြတ်ဖြစ်နေအောင် လုပ်တာကို၊ ဖြစ်နေတာကို ဖလသမာပတ် ဝင်စားတယ်ခေါ်တယ်။

## ရဟန္တာများ၏ ဖလသမာပတ်ချမ်းသာ

အဲဒီလိုဖိုလ်စိတ်ချည်းပဲ တခြားစိတ် မရောဘဲနဲ့ အစဉ်မပြတ်ဖြစ်နေအောင် အလုပ်လုပ်ရသေးတယ်။ ဘယ်လိုလုပ်ရတုံး။ သောတာပန်ပုဂ္ဂိုလ်က သောတာပတ္တိဖိုလ်သို့ ရောက်လိုတဲ့စိတ် နှလုံးသွင်း၊ သကဒါဂါမ်ပုဂ္ဂိုလ်က မိမိရဲ့ ဖိုလ်စိတ်တွေ မိမိဟဒယဝတ္ထုပေါ် မပြတ်ဖြစ်စေလိုတဲ့ နှလုံးသွင်း၊ အနာဂါမ်ပုဂ္ဂိုလ်က မိမိဖိုလ်ကို၊ ရဟန္တာပုဂ္ဂိုလ်က အရဟတ္တ

http:\\www.dhammadownload.com



ဖိုလ်ဆိုတဲ့ မိမိရဲ့ ဖိုလ် ဟဒယဝတ္ထုပေါ်မှာ အစဉ်မပြတ် တစ်နာရီ၊ နှစ်နာရီ၊ တစ်ရက်၊ နှစ်ရက်စသည် ဖြစ်စေလိုတဲ့ တောင့်တချက် ရည်ရွယ်ချက် ရှေ့ထားပြီးတော့ ခန္ဓာငါးပါးကိုပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှလုံးသွင်းရမယ်။

အဲဒီလို နှလုံးသွင်းတော့ ဘာဖြစ်သလဲ။ ရဟန္တာပုဂ္ဂိုလ်မှာ အထက်တက်ပြီး အလုပ်လုပ်စရာ မရှိပါဘူး။ ဒါပေမယ့် ပရိနိဗ္ဗာန်မစံခင် ကြားကာလ ဖလသမာပတ် ဝင်စားဖို့ရန် ဒိဋ္ဌဓမ္မသုခ ဝိဟာရတဲ့။ မျက်မှောက်ဘဝ၊ ရှိနေတဲ့ ပစ္စုပ္ပန်ဘဝမှာ ချမ်းချမ်းသာသာ နေဖို့ရန်အတွက် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းပါတယ်။ စီးဖြန်းတော့ ဘယ်ရောက်သွားလဲ၊ ဖလသမာပတ် ရောက်တယ်။

အဲဒီ ဖလသမာပတ်ရောက်ယင် ဒိဋ္ဌဓမ္မသုခဝိဟာရဖြစ်ပါတယ်။ အဲဒါကြောင့် ရဟန္တာဖြစ်ပြီးလည်း ဘယ်တရား နှလုံးသွင်းရမလဲ။ ဟာ- ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ နှလုံးသွင်းရမယ်။ နှလုံးသွင်းလို့ ဘာအကျိုးထူးရမလဲ။ အရဟတ္တဖလသမာပတ်ရောက်၍ မျက်မှောက်ဘဝ၌ ချမ်းချမ်းသာသာ နေရခြင်းအကျိုးရှိပါတယ်တဲ့။

ဒိဋ္ဌဓမ္မသုခဝိဟာရာယ စေဝ သံဝတ္တန္တိ သတိ သမ္ပဇညာယ စာတိ။

လို့ သတိသမ္ပဇဉ်လည်းပဲ ကောင်းတယ်တဲ့နော်။ ဒီသုတ်ကို ဘုန်းကြီးတို့ စာထဲက သီလဝန္တသုတ်လို့ ခေါ်တယ်။ *အဲဒီ သီလဝန္တသုတ်က ပါတဲ့ သဘောကို ပြန်ပြီးစဉ်းစားကြည့်။ ဘုန်းကြီးတို့ အလျင်တစ်ပတ် ကတုန်းကလေ အင်း ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှလုံးသွင်း ခိုင်းလိုက်တယ်။ ဒီတော့ တရားပွဲရဲ့ အလယ်ပိုင်းမှာ "မဇ္ဈေ မဂ္ဂဝိဘာဝယေ"အရ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အရိယ အဋ္ဌင်္ဂိကမဂ်ဆိုတာ အဲဒီလို ဝိပဿနာအလုပ် လုပ်နေယင် အဲဒီမှာ ရှိတဲ့

http:\\www.dhammadownload.com



အသိဉာဏ်သည် သမ္မာဒိဋ္ဌိ၊ အဲဒီ ဝိပဿနာအလုပ်နဲ့ ပတ်သက်တဲ့ အကြံ အစည်သည် သမ္မာသင်္ကပ္ပ၊ အဲဒီ ဝိပဿနာအလုပ်နဲ့ပတ်သက်ပြီး ပြော ကြဆိုကြ=သမ္မာဝါစာ၊ ပြုသမျှ သမ္မာကမ္မန္တ၊ ဝိပဿနာဉာဏ်ကို အရင်းပြု ပြီးတော့ အသက်မွေးမှုလုပ်ရင် သမ္မာအာဇီဝ၊ လုံ့လကြိုးကုတ် အားထုတ်ခြင်းက သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ အင်္ဂါက မဂ်တွေ အလဲလိုက် အလှယ်လိုက်ဖြစ်တာ။ ဒါ မဂ္ဂ၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက် ကြောင်း လောကုတ္တရာမဂ်ဖိုလ် နိဗ္ဗာန်ရောက် မြတ်သော ပဋိပတ် လမ်း စဉ် ဖြစ်တယ်တဲ့။

ဖြစ်တဲ့အတိုင်း ဘုန်းကြီးထပ်ပြီးတော့ "မဇ္ဈေ မဂ္ဂံ ဝိဘာဝယေ" အရ ဒီခန္ဓာကမ္မဋ္ဌာန်းသည် လောကုတ္တရာမဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်သို့ ဖြောင့်ဖြောင့်သွားနိုင်ကြောင်း အရှင်မဟာကောဋ္ဌိကက မေးလို့ အရှင်သာရိပုတ္တရာက ရှင်းရှင်းလင်းလင်း ဟောကြားထားတော်မူတဲ့ အကြောင်း ဘုန်းကြီးတို့ ဒကာဒကာမတွေ လုပ်အားရှိအောင်ပေါ့လေ၊ ဘုန်းကြီးညွှန်ပြ၍ အားတက်စေပါတယ်။ အားတက်စေတဲ့အတိုင်းလည်း ပဲ နှလုံးသွင်းကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

အဲဒီတော့ သုတ္တန်နှစ်ခု ပြီးသွားပြီ။ ဘုန်းကြီး ဟောတာ ဟော- အခုပြောတာ သီလဝန္တသုတ္တန်၊ စောစောက ပြောတာ ဘာရဒွါဇသုတ္တန်၊ အဲဒီ သုတ္တန်နှစ်ပါး ကြားနာရခြင်းက သမာဓိဘာဝနာ။

ပညာဘာဝနာအနေနဲ့မို့ ကြေလဲသွားအောင်ပေါ့လေ။ ခန္ဓာ ငါးပါးကမ္မဋ္ဌာန်းကို ဘုန်းကြီးတို့ စီးဖြန်းပြီး ပြီးလည်းပြီးရော ဘုန်းကြီး နိဗ္ဗာန်ကို ဆုတောင်းပေးမယ်။ "ပရိယောသာနေ နိဗ္ဗာနံ "အရနော်။

အားလုံးလိုက်ပြီးတော့ ငါးပုဒ်ဆိုကြရအောင်။ မိမိရဲ့ အသံကို မိမိဉာဏ်က လိုက်ပြီးတော့ နှလုံးသွင်းကြပါဘိ။

http:\\www.dhammadownload.com



## ခန္ဓာငါးပါး သံဝေဂ ဓမ္မလင်္ကာများ

ရုပ်ဟုတွင်မည်၊ ခန္ဓာသည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်၊ ဒုက္ခအနတ္တပါတကား။

[အားလုံးလိုက်ဆိုကြပါသည်။]

ဝေဒနာမည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်၊ ဒုက္ခအနတ္တပါတကား။

သညာတွင်မည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား။

သင်္ခါရမည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား။

ဝိညာဏ်ခေါ်မည်၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား။

[ဟောစဉ်တရားတော်များ (ပထမတွဲ) စာမျက်နှာ ၁၀၉တွင်

http:\\www.dhammadownload.com



ဆပဥ္စက ဓမ္မဝိပဿနာကို ပွားများပုံ ဓမ္မလက်ာများဖြင့် ရှင်းလင်းဟော ခဲ့ပြီ။]

ဟောဒါ ခန္ဓာကမ္မဋ္ဌာန်းကို ဘုန်းကြီးတို့ မြန်မာလို ပီပီသသ စီးဖြန်းတာဟာ ကိုယ်တော့်ဟာ ဒီ–တယ်လွယ်ပါလား၊ နောက်ကဟာက ဘာမှ မထူးဘူး။ ဘာလဲဆိုရင် ရူပ်–အဲဒါလေးပဲ၊ ဝေဒနာ–သညာ– သင်္ခါရာ–ဝိညာဏ၊ ဒီရှေ့ခေါင်းကလေး ငါးပုဒ်ပဲ ထူးတယ်။

ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊
နေသောဟမသ္မိ၊ န မေသော အတ္တာ။

ဝေဒနာ အနိစ္စာ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊
နေသောဟမသ္မိ၊ န မေသော အတ္တာ။

သညာ အနိစ္စာ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊
နေသောဟမသ္မိ၊ န မေသော အတ္တာ။

သင်္ခါရာ အနိစ္စာ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊
နေသောဟမသ္မိ၊ န မေသော အတ္တာ။

ဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊
နေသောဟမသ္မိ၊ န မေသော အတ္တာ။

ဘုန်းကြီးတို့ ပါဠိနယ်ပယ်မှာကိုပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ နေတံ မမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ ချည်းပဲ နောက်က သိမ်းရ တယ်။ အဲဒါကြောင့် ဟော–မြန်မာဘာသာမှာလည်းပဲပေါ့လေ။ အင်း... "မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏"ဒီလိုပျက် သောကြောင့် အနိစ္စလို့ ပြောချင်တာ။ "ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏" ဒီလိုဆင်းရဲသောကြောင့် ဒုက္ခ(ကို) သဘောကျ အောင် ဖြိုပေးတာ။ "ခိုင်မြဲကျော့မာ၊ နှစ်မပါဘူး"ခိုင်ပါတယ်၊ မာကျော တယ်ဆိုတဲ့ အနှစ်သာရ၊ ခိုင်တယ်ဆိုတဲ့ အနှစ်သာရ၊ မြဲတယ်ဆိုတဲ့ အနှစ်

http:\\www.dhammadownload.com



သာရ၊ မာကျောတယ်ဆိုတဲ့ အနှစ်သာရ ဘိတ်မရှိလို့ အနတ္တပဲလို့ အဲဒီလို သဘောကျအောင် ရေ့ကဖြိုပြီးတော့ ပေးထားတာ။ အဲဒီ ငါးပုဒ်ကိုပေါ့လေ၊ နှလုံးသွင်းထားကြပါ။ ဒီငါးပုဒ်ရယင် အင်မတန်လွယ်တယ်။

## အာယတန ၁၂ပါး ဓမ္မသံဝေဂလင်္ကာများ

ကိုယ်တော်...၊ ဉာဏ်အလယ်အလတ် ပုဂ္ဂိုလ်မို့လို့ အာယတနကမ္မဋ္ဌာန်း စီးဖြန်းချင်ယင် လွယ်သားပဲ။ မျက်စိရယ်၊ နားရယ်၊ နှာရယ်၊ လျှာရယ်၊ ကိုယ်ရယ်၊ စိတ်ရယ်ဆိုတဲ့ အတွင်းအာယတန ခြောက်ပါးရှိတယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဆိုတာ၊ ဒါတွေဟာ ရုပ်တရားတွေ။ အကြည်ရုပ်တွေ၊ စိတ်ဆိုတာက ဝိညာဏ်=နာမ်တရား။

ပြီးတော့ အပြင် အာယတနအနေနဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အထိ၊ ဓမ္မလို့ခေါ်တဲ့ ရုပ်နာမ်တရားတွေ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဆိုတဲ့ အာရုံခြောက်ပါး ဆိုကြပါစို့။

အဲဒီလို အတွင်းအာယတန ခြောက်ပါး၊ အပြင်အာယတန ခြောက်ပါး ဒီတစ်ဆယ့်နှစ်ပါးနဲ့ နှလုံးသွင်းရင်လည်း အင်မတန်လွယ်တယ်။ ဒီအပိုဒ်ကို ရထားယင်။ ဘယ့်နှယ်လဲ၊ ခေါင်းကလေး တပ်ပေးလိုက်၊

မျက်စိတွင်မည်၊ ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊
မတည်ထဘဲ...

နားဟုတွင်မည်၊ ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊
မတည်ထဘဲ...

နှာခေါင်းတွင်မည်၊ ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊
မတည်ထဘဲ...

http:\\www.dhammadownload.com



လျှာဟုတွင်မည်၊ ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊
မတည်ထဘဲ…

ကိုယ်ဟုတွင်မည်၊ ရုပ်အကြည်ကား၊ မြင့်ရှည်ကာလ၊
မတည်ထဘဲ…

မနောတွင်မည်၊ စိတ်အကြည်ကား၊ မြင့်ရှည်ကာလ၊
မတည်ထဘဲ…

ခဏဖြစ်လျက်၊ ခဏပျက်၏။

ဟိုကျတော့ လျှာကတစ်ခါတည်း တောက်လျှောက်သွားလိမ့်မယ်။ ဒါ အဇ္ဈတ္တိကာယတနခြောက်ပါးပြီးရော။

တစ်ခါ အပြင် အာယတန ဗဟိဒ္ဓ–အပြင် အာယတန ခြောက်ပါး။ ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန ဆိုတဲ့ ဒီ ပါဠိလို ခေါ်တဲ့ ဒီခြောက်ပါးသော အပြင် အာယတနတွေအတွက် ဘုန်းကြီးတို့ မြန်မာလို ဆိုလို့ရှိရင် အဆင်းရယ်၊ အသံရယ်၊ အနံ့ရယ်၊ အရသာရယ်၊ အတွေ့အထိရယ်၊ ပြီးတော့ ဓမ္မသဘော ရုပ်နာမ်တရားပါပဲ။ အဲဒီခြောက်မျိုးကိုလည်းပဲ–

အဆင်းတွင်မည်၊ ရုပ်ထိုဤလည်း၊ မြင့်ရှည်ကာလ၊
မတည်ထဘဲ…

အသံတွင်မည်၊ ရုပ်ထိုဤလည်း…

အနံ့တွင်မည်၊ ရုပ်ထိုဤလည်း…

ရသာတွင်မည်၊ ရုပ်ထိုဤလည်း…

အတွေ့တွင်မည်၊ ရုပ်ထိုဤလည်း…

ဓမ္မတွင်မည်၊ ရုပ်ထိုဤလည်း၊ မြင့်ရှည်ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊

http:\\www.dhammadownload.com



တရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုက်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တပါတကား...လို့-

အဲဒီလို စီးဖြန်းရမယ်။ "အဆင်းတွင်မည်၊ ရုပ်ထိုဤလည်း"ဒါက ဟော-ရူပကဓာတ်။ ပြီးတော့-

စက္ခုဒွိမှီ၊ ဝိညာဏ်သည်လည်း၊ မြင့်ရှည်ကာလ မတည်ထဘဲ... သွားရော။ ဒါ စက္ခုဝိညာဏဓာတ်။ ပြီးရော။

ထို့အတူ ဒုတိယ သောတပဉ္စကထဲက ပထမသုံးပုဒ်၊ ဃာနပဉ္စကထဲက ပထမသုံးပုဒ်၊ ကာယပဉ္စကထဲက ပထမသုံးပုဒ်၊ မနောပဉ္စက ပထမသုံးပုဒ်ကို သုံးပုဒ်စီ သုံးပုဒ်စီ ထုတ်နုတ်ပြီးတော့ ရွတ်ပွားပြီးကြည့်ယင် အဲဒီပုဂ္ဂိုလ်ဟာ ဓာတ်တစ်ဆယ့်ရှစ်ပါး၊ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းနေတာလို့ ခေါ်ပါတယ်။ ကြိုက်သလို၊ နှစ်သက်သလို အားထုတ်နိုင်တယ်။ တော်လောက်ပြီတဲ့။

## ဒေသနာနိဂုံး

ဤသို့လျှင် သီလဝန္တသုတ္တန်၊ ဘာရဒွါဇသုတ္တန်နှစ်ပါးကို ကြားနာရခြင်း=ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံစေတနာ၊ သရဏဂုံသီလဆောက်တည်ရခြင်း=သီလမယ ကောင်းမှုကုသိုလ်ကံစေတနာ၊ မိမိတို့ဉာဏ်အမြင် မိကြသမျှ ဤသီလဝန္တသုတ္တန်၌ လာရှိသော ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည် မမြဲသော အခြင်းအရာ၊ ဆင်းရဲတဲ့ အခြင်းအရာ၊ မစိုးမပိုင်တဲ့ အခြင်းအရာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာတို့ကို ပညာဉာဏ်အားရှိသမျှ ပွားများကြိုးကုတ် အားထုတ်ရတဲ့ ဘာဝနာကောင်းမှု ကုသိုလ်ကံစေတနာ၊ ဓမ္မပူဇာ ဖြစ်စိမ့်သောငှာ ဓမ္မခရဖြစ်သော အရှင်မြတ်အား လေးရပ်သော ပစ္စည်းတို့ကို သဒ္ဓါပြဋ္ဌာန်း လှူဒါန်းရခြင်းတည်းဟူသော ဓမ္မပူဇာမင်္ဂလာ ကောင်းမှုကုသိုလ်စေတနာ၊ ဤသို့စသည်များမြတ် ပေါင်းအပ်တဲ့ ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့်

http:\\www.dhammadownload.com



သီလဝန္တသုတ္တန်၌ လာရှိသည့်အတိုင်း ခန္ဓငါးပါးတို့၏ အနိစ္စအခြင်းအရာ၊ ဒုက္ခအခြင်းအရာ၊ အနတ္တအခြင်းအရာတို့ကို အသင့်အားဖြင့် နှလုံးသွင်း ပွားများကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

အသင့်အားဖြင့် နှလုံးသွင်း ပွားများကြိုးကုတ် အားထုတ်ကြသဖြင့် ပုထုဇဉ် သီလဝန္တပုဂ္ဂိုလ်၏အဖြစ်မှသည် သောတာပန်ပုဂ္ဂိုလ်၏ အဖြစ်သို့လည်းကောင်း၊ သောတာပန်ပုဂ္ဂိုလ်၏ အဖြစ်မှသည် သကဒါဂါမ် ပုဂ္ဂိုလ်၏ အဖြစ်သို့လည်းကောင်း၊ သကဒါဂါမ်ပုဂ္ဂိုလ်၏ အဖြစ်မှသည် အနာဂါမ်ပုဂ္ဂိုလ်၏ အဖြစ်သို့လည်းကောင်း၊ အနာဂါမ်ပုဂ္ဂိုလ်၏ အဖြစ်မှသည် အရဟတ္တဖိုလ်၌တည်သော ရဟန္တာသခင်အရှင်မြတ်၏ အဖြစ်သို့လည်းကောင်း၊ အစဉ်သဖြင့် ဆိုက်ရောက်နိုင်ကြပါစေကုန်သတည်း။ အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်ရသော ရဟန္တာအဖြစ်ရောက် ရှိကြရသော ထိုနောက်ဆုံးဘဝဝယ် ပရိနိဗ္ဗာနစုတိ၏ အခြားမဲ့နောက်ကာလ၌ တစ်စုံတစ်ခုသော ဘဝ၊ ဂတိ၊ ယောနိ၊ ဝိညာဏဋ္ဌိတိမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့ တစ်ဖန်မဖြစ်သော ချုပ်ခြင်း၊ ငြိမ်းခြင်း၊ အနုပ္ပါဒနိရောဓ အနုပါဒါပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန် ကိုယ်စီ စံ ရစေကုန်သတည်း။ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီး တောက်မီးလျှံကြီးအပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

**သာဓု၊ သာဓု၊ သာဓု။**

**ဘာရဒွါဇသုတ္တန်တရားတော် ပြီးပြီ။**

http:\\www.dhammadownload.com

## ဇောတိကမထေရ်ဝတ္ထုတရားတော်

ဇောတိကမထေရ်ဝတ္ထုပြောဖို့ ဘုန်းကြီးစဉ်းစားတယ်။ ဇောတိက မထေရ်ရဲ့အကြောင်းကို ဓမ္မပဒပါဠိတော် ဗြာဟ္မဏဝဂ်မှာ–

ယော'ဓ တဏှံ ပဟန္တွာန၊
အနာဂါရော ပရိဗ္ဗဇေ။
တဏှာဘဝ ပရိက္ခီဏံ၊
တ'မဟံ ဗြူမိ ဗြာဟ္မဏံ။

ဘိက္ခဝေ=ရဟန်းတော်များ အို–ချစ်သားတို့။ လောကေ=အံ့ဖွယ်ရှစ်ဖြာ ဤ ငါဘုရားသာသနာ၌။ ယော=အမှတ်မထင် အကြင်သူသည်။ တဏှံ=ဝတ္ထုအာရုံ ကာမဂုဏ်၌ တစုံမက်မက် တပ်နှစ်သက်တတ်တဲ့ တဏှာတရားကို။ ပဟန္တွာန=လေးနက်လျှံရှိန် ဉာဏ်ပုဆိန်ဖြင့် လေးကြိမ် ဖြတ်တောက် အကြွင်းမဲ့ ပယ်ဖျောက်ပြီး၍။ အနာဂါရော=အိမ်မှုကိစ္စ လုံးဝမရှိဘဲ ။ ပရိဗ္ဗဇေ=လူ့ဘောင်မှ ထွက်မြောက် ရဟန်းအဖြစ်သို့ ကပ် ရောက်ခဲ့ပြီ၊ တဏှာဘဝ ပရိက္ခီဏံ=တဏှာသုံးပါး ဘဝသုံးဘုံ အကြွင်းမဲ့ ကုန်ပြီးဖြစ်ပေထသော။ တံ=ထိုသို့သောသူကို။ အဟံ=လူသုံးပါးတို့၏ ဆရာငါဘုရားသည်။ ဗြာဟ္မဏံ=ဒုစ္စရိတ မကောင်းမှုဟူသမျှကို အပ ပြုပြီး ပယ်ဖျောက်ပြီးသဖြင့် ဘုန်းမီးလျှံဖြာ ခီဏာသဝ ပရမတ္ထ အနှစ် ဗြာဟ္မဏအစစ်ဟူ၍။ ဗြူမိ=နှောင်တော့်နှောင်တော် ရှင်တော့်ရှင်တော် စိန္တေယျော်တို့ ဟောဖော်သည့်အလား ပုံမခြားလျှင် ဟောကြားလုစ်ခြွေ သိပါစေ၏ ...လို့။

http:\\www.dhammadownload.com



မြတ်စွာဘုရားက ဗြာဟ္မဏတွေ ယူနိုင်တဲ့ တရားဟောတဲ့အဖြစ် သုံးဂါထာထဲမှာ တစ်ဂါထာ အဝင်အပါဖြစ်ပါတယ်။

ဇောတိက မထေရ် အကြောင်းပြုပြီး ဟောတဲ့အကြောင်းကို-

ယော'ဓ တဏှံ ပဟန္တွာန ဝေဠုဝနေ ဝိဟရန္တော ဇောတိကတ္ထေရ အာရဗ္ဘကထေသိ-တဲ့။

အဋ္ဌကထာက တရားဦး စပေးတယ်။ ဤဂါထာကို မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း ကိန်းအောင်းမွေ့လျော်စံပျော်နေတော်မူတဲ့အခိုက် ဇောတိက ရဟန္တာမထေရ်ကို အကြောင်းပြု ဟောပါတယ်။

## ဇောတိက အတိတ်ကဝတ္ထု

သူ့ရဲ့ အတိတ်ဝတ္ထု အတိတ်အကြောင်းကတော့ ဒီကနေပြီးတော့ ကိုးဆယ်နဲ့ နှစ်ကမ္ဘာလောက်ထိအောင် မျှော်ပြီးတော့ နောက်ပြန်ရည်မှန်းပြီးတော့ ကြည့်လိုက်။ အဲဒီမှာ ဖုဿမြတ်စွာဘုရားနဲ့ ဝိပဿီမြတ်စွာဘုရားတို့ရဲ့ ဒီဘုရားနှစ်ဆူ အကြားကာလ သာသနာပြင်ပ ဗာဟိရက အချိန်ဖြစ်ပါတယ်။

တိုင်းပြည်က ဗာရာဏသီပြည်မှာ သူကြွယ်ညီနောင် ရှိခဲ့ကြတယ်။ သူတို့ သူကြွယ်ညီနောင်တွေ ဘာလုပ်သလဲဆိုတော့ ကြံခင်းစိုက်တယ်။ တစ်နေ့တော့ ညီဖြစ်တဲ့ သူကြွယ်က ကြံခင်းသွားပြီးတော့-

ဧကံ ဇေဋ္ဌဘာတိကဿ ဒဿာမိ၊

ဧကံ မယှံ ဘဝိဿတိ။

ဧကံ=ကြံတစ်ချောင်းကတော့။ ဇေဋ္ဌဘာတိကဿ=ငါ့နောင်ကြီးအား။ ဒဿာမိ=ပေးပေအံ့။ ဧကံ=ကျန်တံတစ်ချောင်းကတော့။ မယှံ=ငါ့အတွက် ဘဝိဿတိ=ဖြစ်ပေလိမ့်မယ်။

http:\\www.dhammadownload.com



အစ်ကိုကြီးတစ်ချောင်း၊ ငါတစ်ချောင်းဟဲ့ ဆိုပြီး ကြံချောင်းကြီးနှစ်ချောင်း ခုတ်ပြီးတော့ ရှေးတုန်းကတော့ ဒီကြံရည်များ ညှစ်ရတယ်လို့ မရှိဘူးတဲ့။ အဲဒီခေတ်တုန်းက ကြံပင်ကို ခုတ်လိုက်တယ်ဆိုလို့ရှိယင် ခွက်ထဲ ဘာထဲ စိုက်ထားယင် ကြံရည်တွေဟာ အလိုလို ဘောက် ဘောက်နဲ့ တစ်ခါတည်း စီးကျတယ်။ ကုန်အောင် စီးကျတယ်။ အဲဒီတော့ ခုတ်ပြီးတဲ့နေရာမှာ ကြံရည်တွေ ထွက်ကုန်မှာစိုးလို့ ခုတ်တဲ့နေရာကို အဝတ်နဲ့ စည်းပြီးတော့ ကြံချောင်းကြီးနှစ်ချောင်း ထမ်းပြီးတော့ လာတယ်။ ညီသယ်ဖြစ်တဲ့ ပုဂ္ဂိုလ်က။

အဲဒီလိုထမ်းလာတော့ ဗာရာဏသီပြည်ပေါ့။ မိမိတို့အိမ် အစ်ကိုကြီး ရှိရာ ထမ်းလာတော့ ဒီအချိန်မှာ ပစ္စေကဗုဒ္ဓါသခင် အရှင်သူမြတ်က ဂန္ဓမာဒနတောင်မှ နိရောဓသမာပတ် ဝင်စားလို့ ခုနစ်ရက်ပြည့်တော့ သမာပတ်မှ ထတော်မူတဲ့အခိုက်–

ကဿ နု ခေါ အဇ္ဇ အနုဂ္ဂဟံ ကရိဿာမိ။

"ကနေ့ ငါ ဘယ်သူ့များ ချီးမြှောက်မှုပြုရပါ့မတုံး၊ ပြုဖို့ တော်ပါ့မတုံး"လို့ ပစ္စေကဗုဒ္ဓါသခင် အရှင်သူမြတ် ဇမ္ဗူဒိပ်ကျွန်းဘက်ကို လှမ်းပြီးတော့ အာရုံပြုလိုက်တဲ့အခါ ဗာရာဏသီပြည်သား ကြံခင်းရှင် ညီငယ်အမျိုးကောင်းသားကို လှမ်းပြီးတော့ မြင်တယ်။ ကြံရိုးကြီးနှစ်ချောင်းထမ်းလို့။ ကြံခင်းက ပြန်လာတဲ့ အမျိုးကောင်းသားကို ရွှေဉာဏ်မှာ ထင်တော့ ငါသွားရင် သူသည် ငါ့ကို လှူနိုင်တဲ့ သဒ္ဓါတရားရှိတဲ့ သူတော်ကောင်းမှ ဟုတ်ကဲ့လားလို့ သူ့စိတ်ကို မှန်းကြည့်လိုက်ရသေးတယ်။ လှူနိုင်တဲ့ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်မှန်းသိမှ ဟိမဝန္တာ ဂန္ဓမာဒနတောင်မှသည် ကောင်းကင်ခရီးဖြင့် ဈာန်ယာဉ်စီး၍ ဗာရာဏသီပြည်ဘက်သို့ ကြွတယ်။

http:\\www.dhammadownload.com



## ဓောတိကအလောင်း ကြဲလှူပုံ

ထိုအမျိုးကောင်းသား မင်းယောက်ျားရဲ့ ရှေ့မှောက်မှာ မြေပြင်က ကြွပြီးတော့ ခရီးရင်ဆိုင်ကြတယ်။ အမျိုးကောင်းသားကလည်း ပစ္စေကဗုဒ္ဓါကိုမြင်တယ် ဆိုယင်ပဲ အင်မတန် ကြည်လင်ဝမ်းသာဖြစ်ပြီး သကာလ ဟိုဟိုဒီဒီကြည့်တော့ မြေကလေးက ခပ်မြင့်မြင့်ခုံကလေး ရှိတယ်။ လမ်းခရီးမှာ ခပ်မြင့်မြင့် မြေပုံကလေးပေါ်မှာ အပေါ်ရုံတဘက်ကလေး ခင်းပြီးတော့–

ဘန္တေ ဣဓ နိသီဒထ။

ဘန္တေ=အရှင်တို့ဘုရား။ ဣဓ=ဤနေရာ၌။ နိသီဒထ=ကရုဏာရှေးရှု ထိုင်တော်မူကြပါဘုရား။

ဘုရား...ဒီနေရာကလေးမှာ ထိုင်တော်မူကြပါဦးဘုရား။

အဲဒီလို လျှောက်ထားတော့ကမှ ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်က ထိုဒါယကာ ခင်းပေးတဲ့ အပေါ်ရုံလောဘတ်တဘက် အခင်းကလေးပေါ်မှာ ထိုင်တယ်။

ပတ္တံ ဥပနာမေထ။

ပတ္တံ=သပိတ်ကို။ ဥပနာမေထ=တပည့်တော်ဘက် ညွတ်ပေးလိုက်တော်မူကြပါဘုရား...။

သပိတ်ကလေး တပည့်တော်ဘက် နည်းနည်း စောင်းပေးပါဘုရား။

ပစ္စေကဗုဒ္ဓါက သပိတ်စောင်းပေးတယ်။ စောင်းပေးလိုက်တဲ့အခါကျတော့ သူ့ဖို့ ယူလာတဲ့ ကြဲရိုးအစည်းစည်းထားတဲ့ အဝတ်ဖြည်ပြီးတော့ ကြဲရိုးကလေးကို သပိတ်ဘက် စိုက်ပေးလိုက်တယ်။ ပြွန်ကရေတွေ ကျသလိုပေါ့။ ပြော ပြော ပြော ပြောနဲ့။ ကြံရည်တွေ သပိတ်ထဲ

http:\\www.dhammadownload.com



ကျလို့ ကြဲရည်တွေ ကုန်တဲ့အခါကျတော့ ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်က မြိန်မြိန်ရှက်ရှက် ဘုဉ်းပေးသုံးဆောင်တော်မူတယ်။ ဘာပြုလို့တုံးဆိုတော့ ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စားနေတဲ့အချိန်မှာ ဆွမ်း အာဟာရ မရှိပါဘူး။ ဒီခုနစ်ရက်အတွင်းမှာတော့ သမာပတ်က ထိန်းထားတဲ့ အတွက် ဆာလောင်မှု မွတ်သိပ်မှု မရှိပါဘူး။ အခု သမာပတ်က ထလာတဲ့အခါမှာ အထိန်းသမာပတ် မရှိတော့ အင်မတန်ပဲ ဆာလောင်မွတ်သိပ်တဲ့အတွက် ထို ဒါယကာလှူတဲ့ ကြဲအရိုးက ထွက်သမျှ ကြဲတွေကို မြိန်မြိန်ရှက်ရှက် ဘုဉ်းပေးလိုက်တာ သပိတ်ထဲ ကုန်ရော။ အလှူဒါယကာက လှူတယ်ဆိုတာ သူက များများ ဘုဉ်းပေးနိုင်ယင် သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်က ဝမ်းမြောက်တာပဲ။

**ညီဖြစ်သူ ဇာတကအလောင်း ဝဋ္ဋနိဿိတ ဆုတောင်းခြင်း**

သာဓုကံ ဝတ မေ အယျေန ရ သော ပီတော။

အယျေန=အရှင်သူမြတ်သည်။ မေ=ငါ၏။ ရသော=မွန်မြတ်တဲ့ ကြံရည်ကို။ ပီတော=သောက်အပ်ခဲ့လေပြီ။ သာဓုကံ ဝတ=ကောင်းလေစွ။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ငါလှူတဲ့ ကြံရည်ကို မြိန်ရေရှက်ရေ ဘုဉ်းပေးသုံးဆောင်တော်မူခဲ့ပြီ။

သစေ မေ ဇေဋ္ဌဘာတိကော မူလံ အာဟရာပေဿတိ။ မူလံ ဒဿာမိ။ သစေ ပတ္တိံ အာဟရာပေဿတိ၊ ပတ္တိံ ဒဿာမိ။

(စိတ်ထဲက ဆက်ပြီးတော့ စဉ်းစားတယ်။)

မေ=ငါ၏။ ဇေဋ္ဌဘာတိကော=အစ်ကိုကြီးက။ သစေ=အကယ်၍။ မူလံ=ကြံချောင်းရဲ့ အဖိုးကို။ သစေအာဟရာပေဿတိ=အကယ်၍ ဆောင်ယူစေလိုငြားအံ့။မူလံဒဿာမိ=အစ်ကိုကြီးအား ကြံဖိုးတော့ ပေးမယ်။ သစေပတ္တိံအာဟရာပေဿတိ=ကောင်းမှုကုသိုလ်ရဲ့ အဖို့ဘာဂကို

http:\\www.dhammadownload.com



အစ်ကိုကြီးက ရယူလိုသပဆိုလို့ ရှိရင်။ ပတ္တံဒဿာမိ=သူ့ကို ကောင်းမှု အဖို့ဘာဂကိုပဲ ငါပေးမယ်။

ဒီလို အကြံဖြစ်ပြီးတော့ အစ်ကိုကြီးဖို့ ယူလာတဲ့ ဒုတိယကြံ ချောင်းကိုလည်းပဲ လှူချင်တဲ့စိတ် ပေါက်တယ်။ အစ်ကိုကြီးက မကျေနပ် လို့ ဒီကြံရိုးရဲ့ အဖိုး ပေးရမယ်ဆိုလို့ရှိယင် ငါအဖိုးပေးမယ်။ တကယ် ရိုးသားတဲ့ အမျိုးကောင်းသား။ ဒီတစ်ချောင်း လှူပြီးတော့ ကြံခင်းပြန်ပြီး တော့ အစ်ကို့အတွက် ကျွန်တော်ယူလာတယ်ဆိုယင်လည်း ဒါပြီးရမယ်။ အခုတော့ သူ့စိတ်ထဲက အစ်ကိုကြီးဖို့ ဆိုပြီး မှန်းလာတဲ့အတွက် ဒီကြံ ကြီးဟာ ငါမပိုင်ဘူး။ ငါမပိုင်တဲ့ ကြံကြီးကို ငါပိုင်စိုးပိုင်နင်း လုပ် လှူ လို့ရှိယင် အစ်ကို့ဥစ္စာ ငါယူတာ ဖြစ်နေတယ်။ ဒီတော့ အစ်ကို မကျေနပ် ရင် ငါ အလျော်တောင်းယင် အဖိုးပေးမဟဲ့။ အစ်ကို ကျေနပ်လို့ အမျှ အတန်းကို အစ်ကိုက အလိုရှိလည်းပဲ ငါအမျှဝေမယ်။ အင်မတန် ရိုးသား ဖြောင့်မတ်တဲ့ပုဂ္ဂိုလ်။

တစ်ဖန် ထပ်ပြီးတော့ လျှောက်ပြန်တယ်။

ဘန္တေ ပတ္တံ မေ ဥပနာမေထ။

ဘန္တေ=အရှင်မြတ်ဘုရား။ မေ=တပည့်တော်ဘက်။ ပတ္တံ= သပိတ်ကို။ ဥပနာမေထ=စောင်းငဲ့တော်မူပါဦးဘုရား။

အရှင်၊ သပိတ် တပည့်တော်ဘက် စောင်းလိုက်ပါဦးဘုရားလို့ ဆိုပြီးတော့ ကျန်တဲ့ အစ်ကိုကြီးဖို့ ကြံတစ်ချောင်း၊ စည်းထားတဲ့ အဝတ် ဖြည်ပြီးတော့ ထိုကြံကို သပိတ်ထဲ စိုက်ပြီး ထည့်လိုက်။ ပြောပြော ပြော ပြောနဲ့ ကြံရည်တွေ သပိတ်အပြည့်ရတော့ ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်က ဂန္ဓမာဒနတောင် ယူဆောင်သွားတော်မူလိုတဲ့ အမူအရာနဲ့ ပြတော့ “အရှင် ဘုရား၊ အရှင်ဘုရား အလိုတော်ရှိသမျှ အသုံးပြုနိုင်ပါတယ်”ဆိုပြီးတော့ ဒီမှာ ဆရာနဲ့ဒကာ ခွဲခါနီး ညီဖြစ်တဲ့ အမျိုးကောင်းသားက ဆုတောင်း

http:\\www.dhammadownload.com



တယ်။ ဝဋ်ကလေး နည်းနည်းပါတယ်ပြောပါစို့။ ဝဋ္ဋနိဿိတဆုတောင်း ပါတယ်။ ဘယ့်နှယ်တောင်းသလဲ။

ဘန္တေ ယော အယံ မယာဒိန္နော အဂ္ဂရသော၊ ဣမဿ နိဿန္ဒေန ဒေဝမနုဿေသု သမ္ပတ္တိံ အနုဘဝိတွာ ပရိယောသာနေ တုမှေဟိ ပတ္တဓမ္မမေဝ ပါပုဏေယျံ။

ဘန္တေ=အရှင်ဘုရား။ မယာ=တပည့်တော်သည်။ ဒိန္နော=ပေး အပ်သော။ ယော အယံ အဂ္ဂရသော=အလွန် မွန်မြတ်တဲ့ အကြင်ကြံရည် အရသာသည်။ အတ္ထိ=ရှိပါ၏။ ဣမဿ=ဤကြံရည်အလှူကောင်းမှု၏။ နိဿန္ဒေန=အကျိုးဆက်ကြောင့်။ ဒေဝမနုဿေသု=နတ်လူတို့၌။ သမ္ပတ္တိံ=စည်းစိမ်ချမ်းသာအမျိုးမျိုးကို။ အနုဘဝိတွာ=လှလှကြီးဝဝကြီး ခံစား ပြီးသကာလ။ ပရိယောသာနေ=အဆုံးကာလနောက်ဘဝ၌။ တုမှေဟိ= အရှင်ဘုရားတို့သည်။ ပတ္တဓမ္မမေဝ=ရောက်အပ်ရအပ်သော တရားကို သာလျှင်။ ပါပုဏေယျံ=ရောက်ရပါလိုတယ်ဘုရား...လို့-

သူ့ဟာက ရှေ့ပိုင်းက ဝဋ်၊ နောက်ပိုင်းကျမှ တကတည်း ဝဋ်ထဲ မှာ လူ့စည်းစိမ် နတ်စည်းစိမ် မြိန်ရှင်စွာ ခံစားပြီးတော့မှ နောက်ဆုံး စည်းစိမ်မှန်းပြီဆိုတော့ အရှင်ဘုရားတို့မြင်တဲ့တရားကို တပည့်တော်မြင် ရပါလို၏။ အရှင်ဘုရားတို့ ရတဲ့တရား တပည့်တော် ရ-ရောက် ပါလို ၏လို့ ဒီလိုဆုတောင်းတယ်။ ပစ္စေကဗုဒ္ဓါကလည်းပဲ-

ဧဝံ ဟောတု။

ဒကာဆုတောင်းတဲ့အတိုင်း ဖြစ်ပါစေသား။ ရိုးရိုးစကားပြေနဲ့ ပြောပြီးတော့မှ-

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊
ခိပ္ပ မေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊

http:\\www.dhammadownload.com



စန္ဒော ပန္နရသောယထာ။
ကာ္လဥ္ဆိတံ ပတ္တိတံ တုယှံ
ခိပ္ပ မေဝ သမိဇ္ဈတု။
သဗ္ဗေ ပုရေန္တု သင်္ကပ္ပါ၊
မဏိဇောတ ရသော ယထာ။

ဒကာ၊ ဒကာ အလိုရှိအပ်၊ တောင့်တအပ်တဲ့ဆုတွေ ပန္နရသီ တိထိကြိမ်တွေ့ တစ်ဆယ့်ငါးရက်နေ့ ပေါ်ထွန်းထွက်ပြူလာတဲ့ လဝန်း ကြီးကဲ့သို့ ဒကာအလိုရှိတဲ့၊ တောင့်တအပ်တဲ့ ကောင်းသော အကြံအစည် များ ပြည့်စုံပါစေ။ မဏိဇောတရသ် ပတ္တမြားရတနာကြီးကဲ့သို့ စဉ်းစား သမျှ၊ တောင့်တသမျှ၊ အလိုရှိအပ်သမျှ ဆန္ဒ ဥသုံ ပြည့်စုံပါစေလို့ ဒီလို အနုမောဒနာ နှစ်ဂါထာနဲ့ ဆုပေးပြီးတော့ ကောင်းကင်ခရီးက ဒီဒါယကာ ဒီမှာ ဂန္ဓမာဒနတောင် ရောက်၍ ပစ္စေကဗုဒ္ဓါတွေနဲ့ ဝေငှပြီးတော့ ဒီကြံ ရည် ဘုဉ်းပေးသုံးဆောင်တာထိအောင်မြင်ပါစေ။ အဓိဋ္ဌာန်တော်မူပြီး ကောင်းကင်က ကြွတယ်။

## ဇောတိကအလောင်း ပစ္စေကဗုဒ္ဓါငါးရာအား ဖူးမြင်ရခြင်း

ဂန္ဓမာဒနတောင်ရောက် ပစ္စေကဗုဒ္ဓါတွေကို သူ့သပိတ်ထဲက ခွဲ ခွဲပြီးပေးတဲ့ ပစ္စေကဗုဒ္ဓါတွေ မြိန်မြိန်ရှက်ရှက် ဘုဉ်းပေးသုံးဆောင်တော် မူကြတာကို မိမိရဲ့ မြင်လောက်တဲ့ မျက်စိရဲ့ ဥပစာအတွင်းမှာ မြင်ရ သလိုလိုပဲ သူမြင်နေရတယ်။

ပြီးတော့မှ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ အိမ်ပြန်လာတယ်။ အိမ်ပြန်လာတယ်ဆိုယင်ပဲ အစ်ကိုကြီးက ဆီးမေးတယ်။

ကဟံ ဂတော’သိ။

http:\\www.dhammadownload.com



ကဟံ=အဘယ်အရပ်သို့။ ဂတော=သွားသည်။ အသိ=ဖြစ်သနည်း။

"ငါ့ညီ၊ မင်း ဘယ်သွားတုံး"

ဥစ္ဆုခေတ္တံ ဩလောကေတုံ ဂတောမှိ။

အစ်ကိုကြီး၊ အဟံ=အကျွန်ုပ်သည်။ ဥစ္ဆုခေတ္တံ=ကြံခင်းကို။ ဩလောကေတုံ=ကြည့်ရှုခြင်းငှာ။ ဂတော=သွားသည်။ အမှိ=ဖြစ်ပါ၏။

ကျွန်တော် ကြံခင်းသွားပြီးတော့ ကြည့်ပါတယ်။

ကိံ တာဒိသေန ဥစ္ဆုခေတ္တံ ဂတေန။

တာဒိသေန=သင်ကဲ့သို့သောသူသည်။ ဥစ္ဆုခေတ္တံ ဂတေန=ကြံခင်းကို သွားကြည့်သဖြင့်။ ကိံ=ဘာအကျိုးရှိအံ့နည်း။

မင်းလိုလူ ကြံခင်းသွားလို့ ဘာအသုံးကျတုံးကွာ–တဲ့။ အစ်ကိုကြီးက အပြစ်တင်စကားပြောတယ်။ ဘာပြုလို့လဲဆိုတော့ လက်ချည့်အချည်းနှီးမို့လို့။

နနု နာမ ဧကံ ဝါ ဒွေ ဝါ ဥစ္ဆုယဋ္ဌိယော အာဒါယ အာဂန္တဗ္ဗံ ဘဝေယျ။

နနု=စင်စစ်။ ဧကံ ဝါ ဒွေ ဝါ ဥစ္ဆုယဋ္ဌိယော=ကြံချောင်းတစ်ချောင်း နှစ်ချောင်းလောက်တော့ဖြင့်။ အာဒါယ=ယူဆောင်ခဲ့၍။ အာဂန္တဗ္ဗံ=လာသင့်သည်။ ဘဝေယျနနု=ဖြစ်သည်မဟုတ်လော။

တကယ်ဆို တောထဲ တမင်တခင်သွားပြီး လက်အချည်းနှီး ပြန်လာတယ်။ တောထဲက ပြန်လာရင် ကြံကလေးတစ်ချောင်း သို့မဟုတ် နှစ်ချောင်းလောက်များ မင်းယူခဲ့ဖို့ ကောင်းပါသကွာ။ မင်းလိုမှ ကြံချောင်း မပါဘဲနဲ့ ကြံခင်းက ပြန်လာတယ်။ မင်းလိုလူ ကြံခင်းသွားလို့ ဘာအကျိုး ရှိမလဲလို့ အစ်ကိုကြီးက အပြစ်တင်စကား ပြောတော့–

http:\\www.dhammadownload.com



အာမ ဘာတိက ဒွေ မေ ဥစ္ဆုယဋ္ဌိယော ဂဟိတာ။

ဘာတိက=နောင်ကြီး။ အာမ=အေး နောင်ကြီး အပြစ်တင်မယ် ဆိုယင်လည်း တင်ပါတော့။ မေ=အကျွန်ုပ်သည်။ ဒွေ ဥစ္ဆုယဋ္ဌိယော= ကြံချောင်းနှစ်ချောင်းတို့ကို။ ဂဟိတာ=ဆောင်ယူအပ်ခဲ့ပါကုန်၏။

အစ်ကိုကြီး အပြစ်တင်လည်း ခံရမှာပဲ။ ကျွန်တော်ဖြင့် ကြံချောင်း နှစ်ချောင်း အစ်ကိုကြီးဖို့ တစ်ချောင်း၊ ကျွန်တော့်ဖို့ တစ်ချောင်း ဆိုပြီးတော့ ဆောင်ခဲ့ပါတယ်။

ဇကံ ပန ပစ္စေကဗုဒ္ဓံ ဒိသွာ မမ ဥစ္ဆုယဋ္ဌိတော ရသံ ဒတွာ "မူလံ ဝါ ပတ္တိံ ဝါ ဒဿာမိ"တိ တုမှာကမ္ပိ မေ ဥစ္ဆုယဋ္ဌိတော ရသော ဒိန္နော၊ ကိံ နု ခေါ တဿ မူလံ ဂဏှိဿထ၊ ဥဒါဟု ပတ္တိံ။

ပန=ထိုသို့ပင် ကြံနှစ်ချောင်း၊ အစ်ကိုတစ်ချောင်း ညီတစ်ချောင်း လို့ ထမ်းဆောင်ခဲ့ပါသော်လည်းပဲ။ အန္တရာမဂ္ဂေ=ခရီးအကြား၌။ ဇကံ ပစ္စေကဗုဒ္ဓံ=ပစ္စေကဗုဒ္ဓါသခင် အရှင်ဘုရားတစ်ပါးကို။ ဒိသွာ=မျက် မှောက်ထင်ထင် ဖူးမြင်တွေ့ရှိနေရ၍။ မမဥစ္ဆုယဋ္ဌိတော=ကျွန်တော့် အတွက် ကြံရိုးထဲမှ။ ရသံ=ကြံရည်ကို။ ဒတွာ=ပေးလှူပြီးသကာလ။ မူလံ ဝါ ပတ္တိံ ဝါ ဒဿာမိ=အစ်ကိုကြီး မကျေနပ်လို့တောင်းရင် အဖိုးတောင်း လည်း အဖိုးပေးမယ်၊ ကျေနပ်လို့ ကုသိုလ်ကောင်းမှု အဖို့ဘာဂ ငါယူမယ် ဆိုရင်လည်းပဲ ကုသိုလ်ကောင်းမှု အဖို့ဘာဂ ငါပေးမယ်ဟဲ့လို့။ တုမှာကံ= သင် အစ်ကိုကြီးတို့၏။ ဥစ္ဆုယဋ္ဌိတော=ကြံရိုးထဲမှ။ ရသောပိ=အရည်ကို လည်းပဲ။ ဒိန္နော=ပစ္စေကဗုဒ္ဓါအား ကပ်၍ ကျွန်တော်ပေးအပ်ခဲ့လေပြီ။ ကိံနုခေါ=အသို့နည်း။ တဿ=ထိုအစ်ကိုကြီးအတွက် ကြံရိုးလိုပြန်ပါသေး သပဆိုယင် ကြံဖိုးကိုပဲ ယူပါမည်လား။ ဥဒါဟု=သို့မဟုတ်၊ ပတ္တိံ ဝါ ဂဏှိဿထ=ကုသိုလ်ကောင်းမှု အဖို့အစုကိုပဲ ယူကြမလား အစ်ကိုကြီး... လို့။

http:\\www.dhammadownload.com



ယူခဲ့တာတော့အမှန်ပဲ။ လမ်းမှာ ပစ္စေကဗုဒ္ဓါသခင်အရှင်မြတ် တစ်ပါး ဖူးတွေ့ရတော့ ကြည်ညိုလွန်းလို့ ကျွန်တော့်အတွက် ကြဲရိုးထဲက ကြဲရည်တွေ လှူပြီးတဲ့နောက် သဒ္ဓါတရားကို မသိမ်းဆည်းနိုင်ဘဲ ဖြစ်ပြီး သကာလ အစ်ကိုကြီး၊ အစ်ကိုကြီး မကျေနပ်ယင် အဖိုးအတိုင်းယူယင် အဖိုးပေးမယ်။ အစ်ကိုကြီးကျေနပ်လို့ ကုသိုလ်ကောင်းမှုအဖို့ ဘာဂ တောင်းလည်း အဖို့ဘာဂပဲ ငါပေးမယ်။ ဒီရည်ရွယ်ချက်နဲ့ အစ်ကိုကြီးရဲ့ ကြဲရည်ကိုလည်း လှူခဲ့ပါတယ်။ အစ်ကိုကြီး ကျေနပ်သလို လုပ်ပါ့မယ်။ ကြဲရိုးရဲ့အဖိုးပဲ ပေးရမလား။ ဒါမှမဟုတ် ကုသိုလ်ကောင်းမှုရဲ့ အဖို့ ဘာဂကိုပဲ ပေးရမလားလို့ မေးတော့ အစ်ကိုကြီးက–

ကိံ ပန ပစ္စေကဗုဒ္ဓေန ကတံ။

ပစ္စေကဗုဒ္ဓေန=ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်။ ကိံ ပန=အဘယ် သို့။ ကတံ=ပြုအပ်သနည်း။

မင်းလှူလိုက်တဲ့အခါကျတော့ ပစ္စေကဗုဒ္ဓါအရှင်မြတ်က မင်းလှူ လိုက်တဲ့ကြဲရည်ကို ဘယ်လိုများ လုပ်တုံး။ ဘယ်လိုများ အသုံးချတုံး ဆိုတော့–

မမ ဥစ္ဆုယဋ္ဌိတော ရသံ ပိဝိတွာ တုမှာကံ ဥစ္ဆုယဋ္ဌိတော ရသံ အာဒါယ အာကာသေန ဂန္ဓမာဒနံ ဂန္တွာ ပဉ္စသတာနံ ပစ္စေကဗုဒ္ဓါနံ အဒါသိ။

မမ ဥစ္ဆုယဋ္ဌိတော=အကျွန်ုပ်ရဲ့ ကြဲရိုးထဲမှ။ ရသံ=ကြဲရည်ကို။ ပိဝိတွာ သောက်တော်မူပြီးသကာလ။ တုမှာကံ ဥစ္ဆုယဋ္ဌိတော= နောင် ကြီးတို့ရဲ့ ကြဲရိုးထဲမှ။ ရသံ=ကြဲရည်ကိုတော့။ အာဒါယ=သပိတ်မှာ ထည့်ကာ ယူဆောင်၍။ အာကာသေန= ကောင်းကင်ခရီးဖြင့်။ ဂန္ဓမာဒနံ =ဂန္ဓမာဒနတောင်သို့။ ဂန္တွာ=ကြွရောက်တော်မူ၍။ ပဉ္စသတာနံ ပစ္စေက ဗုဒ္ဓါနံ=ငါးရာသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား။ အဒါသိ=ပေးလှူပါ ၏။

http:\\www.dhammadownload.com



## အစ်ကိုဖြစ်သူ သေနမထေရ်လောင်း၏ ဝိဝဋ္ဋနိဿိတ ဆုတောင်း

ကျွန်တော့်ကိုယ်တိုင် အဆန်းတကြယ် တအံ့တသြကို မြင်ခဲ့ရပါတယ်။ အစ်ကိုကြီးလို့ဆိုတော့ ဝမ်းမြောက်လိုက်တာ၊ အစ်ကိုကြီး တစ်ကိုယ်လုံး ပီတိငါးမျိုး ဖုံးပြီးတော့–

တေန မေ ပစ္စေက ဗုဒ္ဓေန ဒိဋ္ဌေဓမ္မေသော ဝ အဓိဂမော ဘဝေယျ။

မေ–ငါ့အား။ တေန ပစ္စေကဗုဒ္ဓေန=ထိုပစ္စေက ဗုဒ္ဓါသခင် အရှင်သူမြတ်သည်။ ဒိဋ္ဌဓမ္မေသော ဝ=မြင်အပ်သော တရားကိုသာလျှင်။ အဓိဂမော=ရယူခြင်းသည်။ ဘဝေယျ=ဖြစ်ရပါလို၏။

ပစ္စေကဗုဒ္ဓါသခင် အရှင်သူမြတ် မြင်အပ်တဲ့တရား ရနိုင်တဲ့ကိုယ် ဖြစ်ရပါလို၏။ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဆိုတဲ့ ဝဋ္ဋ ချမ်းသာတွေ ဘာမှမပါဘဲနဲ့ အစ်ကိုကြီးက တစ်ခွန်းတည်းနဲ့ ဝိဝဋ္ဋကို တစ်ခါတည်း တန်းသွားတယ်။ အဋ္ဌကထာက ဘယ့်နှယ် မှတ်ချက်ပေး သလဲ။

ဇဝံ ကနိဋ္ဌေန တိသော သမ္ပတ္တိယော ပတ္ထိတာ ဇေဋ္ဌေန ပန ဧကပဒေနေဝ အရဟတ္တံ ပတ္ထိတန္တိ ဣဒံ တေသံ ပုဗ္ဗကမ္မံ–လို့

ဇဝံ=ဤသို့။ ကနိဋ္ဌေန=ညီငယ်က။ တိသောသမ္ပတ္တိယော=လူ့ ချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဆိုတဲ့ သုံးတန်သော ချမ်းသာတို့ ကို။ ပတ္ထိတာ=တောင့်တအပ်ကုန်ပြီ။ (ဒီ–နတ်ထဲမှာ၊ ဗြဟ္မာလည်း ပါနေ ပြီ။ လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဆိုတဲ့ သမ္ပတ္တိသုံးမျိုးကို တန်းပြီးတော့ ညီငယ်က တောင့်တတယ်။) ဇေဋ္ဌေန ပန=နောင်ကြီးက တော့။ ဧကပဒေနေဝ=တစ်ပုဒ်တည်းဖြင့်လျှင်။ အရဟတ္တံ=အရဟတ္တဖိုလ် ကို။ ပတ္ထိတံ=တောင့်တအပ်လေပြီ။

http:\\www.dhammadownload.com



## ဆုတောင်းမမှားရန် သတိပြု

ဒီအနားမှာ ရပ်ပြီးတော့ စဉ်းစားရအောင်။ အစ်ကိုကြီးရဲ့ အရဟတ္တဖိုလ်နိဗ္ဗာန်ကို တောင့်တတာက ကုသိုလ်ဆန္ဒနော်။ ညီငယ် တောင့်တတာက တစ်ခြမ်းမှာက သူ့ဟာက တဏှာက ပဲ့ကိုင်တယ်။ ဟို- နောက်တစ်ခြမ်းမှာတော့ ကုသိုလ်ဆန္ဒက ပဲ့ကိုင်တယ်။ အဓိပ္ပာယ်- ညီငယ်တောင်းတဲ့ ဥစ္စာကြည့်ရတာ။

ဣမသ္မ မေ နိသန္ဒေန၊ ဒေဝမနုဿေသု သမ္ပတ္တိယော အနုဘဝိတွာ ပရိယောသာနေ တုမှေဟိ ပတ္တဓမ္မမေဝ ပါပုဏေယျံ။

"တပည့်တော်ရဲ့ ဒီကြီးရိုး ကြံရည်လှူရတဲ့ ကုသိုလ်ကြောင့် လူ့ ပြည် နတ်ပြည်တို့၌ စည်းစိမ်ဥစ္စာတို့ကို နတ်စည်းစိမ်၊ လူ့စည်းစိမ်တို့ကို ခံစံပြီးလျှင်" အဲဒီအပိုင်းမှာ တဏှာလောဘ အုပ်စိုးနေတယ်။

"ပရိယောသာနေ=နောက်ဆုံးဘဝ ပစ္ဆိမဘ်၌။ တုမှေဟိ= အရှင် ဘုရားတို့သည်။ ပတ္တဓမ္မမေဝ ပါပုဏေယျံ=ရောက်ဆိုက်အပ်တဲ့ တရား ကိုပင် ရောက်ရပါလို၏ဘုရား"

လို့ ဆိုတဲ့ဒီအပိုင်းကျတော့ ကုသိုလ်ဆန္ဒပဲ့စီး။ ပဲ့နင်းပြောင်းသွား ပြီ။ ဆိုလိုရင်းက-

ကုသိုလ်ဟာ သံသရာထဲ ဒုက္ခပေးတာ မဟုတ်ဘူးနော်။ ကုသိုလ် က သံသရာထဲ ပို့တာ မဟုတ်ဘူး။ အဲဒီ ကုသိုလ်ကောင်းမှုကို နောက်က ပဲ့ကိုင်မကောင်းလို့ ရှိရင် ပဲ့ကိုင်က တဏှာဆိုတဲ့ တရားကို ပဲ့သူကြီး ခန့်မိလို့ရှိရင် အဲဒီကုသိုလ်ကောင်းမှုတည်းဟူသော လှေကြီးဟာ သွား ပြီ။ အင်း...ဘာလဲဆိုတော့ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံဆိုတဲ့ သံသရာ ရေယာဉ်ကြောမှ တကတည်း တမျောတည်း မျောတာပဲ။

အဲဒီ ကုသိုလ်ကောင်းမှုတည်းဟူသော လှေကြီးကို နောက်ပိုင်း က ပဲ့ပြင်ပဲ့စီး ဟုတ်လား။ ကုသိုလ်ဆန္ဒတည်းဟူသော ပဲ့စီး ကိုင်မိ ခတ်

http:\\www.dhammadownload.com



မိလို့ ရှိရင်တော့ သွားပြီ၊ နိဗ္ဗာန်တောက်လျှောက်၊ အဲဒါတစ်ခု သတိပြုဖို့ပေါ့လေ။ ဘာပြုလို့ ဒီလိုပြောနေရသလဲဆိုတော့ ဘဝသမ္ပတ္တိ တောင့်တတယ်ဆိုတာ တဏှာ၊ နိဗ္ဗာန်တောင့်တတယ်ဆိုတာက ကုသိုလ်ဆန္ဒ။

တဏှာက နိဗ္ဗာန်တို့၊ မဂ်တို့၊ ဖိုလ်တို့ဆိုတဲ့ တရားတွေကို လိုကို မလိုချင်ဘူး။ ဒီလိုပြောကြစို့။ အဲ တပည့်တော်တော့ နိဗ္ဗာန်မဂ်ဖိုလ် လိုချင်ပါတယ်။ အဲ လိုချင်တာက တဏှာမဟုတ်ဘူး။ အဲဒါက ကုသိုလ်ဆန္ဒ။ အဲဒီတော့ တဏှာကို အဖော်လုပ်မိယင်ပေါ့လေ။

တဏှာ ဒုတိယော ပုရိသော ဒီဃမဒ္ဓါန သံသရံ။
ဣတ္ထံ ဘာဝညထာဘာဝံ သံသာရံ နာတိဝတ္တတိ* တဲ့။

တဏှာအဖော်ပြုမိတဲ့ သတ္တဝါဟာဖြင့် ဒီကဟိုပြောင်း၊ ဟိုက ဒီပြောင်းနဲ့ သံသရာကြီးကို မလွန်မြောက်နိုင်ဘဲ ရှိရတယ်ဆိုတဲ့ ဘုရားတရားတော်အတိုင်း တဏှာကို ပဲ့စီး ပဲ့နင်းခိုင်းပြီဆိုယင် လှော်ပြီ။ ဘဝ၃သုံးပါးတည်းဟူသော ရေယဉ်ကြော လှော်ချသွားတာပဲ။ သွားရော။ ကုသိုလ်ဆန္ဒကို ပဲ့စီး၊ ပဲ့နင်း စိုင်းမိပြီဆိုယင် သွားပြီ။ သံသရာ ရေယာဉ်ကြောကြီးကို ဖြတ်ပြီးတော့ နိဗ္ဗာန်ကို။ မဂ်ဖိုလ်နိဗ္ဗာန်။

အဲ-ညီငယ် တောင်းတဲ့ဆုက ပထမပိုင်းမှာ သူက တဏှာကို ပဲ့စီး ခန့်တယ်။ ဒုတိယပိုင်းမှာ ဆန္ဒကို ပဲ့စီးခန့်တယ်။ အစ်ကိုကြီး တောင်းတဲ့ဆုက တဏှာဟုတ်လား။ ငါ့ကုသိုလ်လှေပေါ်ကို မင်းမတက်ခဲ့နဲ့။ ငါ့လှေပေါ်မှာဖြင့် ကုသိုလ်ဆန္ဒတည်းဟူသော ပဲ့နင်း ပဲ့သူကြီးပဲ ငါခန့်တော့မယ်။ ဒါနဲ့သူက "ထိုပစ္စေကဗုဒ္ဓါသခင် အရှင်သူမြတ် ရောက်ဆိုက်အပ်တဲ့ တရားကိုသာလျှင် ရယူတဲ့ကိုယ် ဖြစ်ရပါလို၏"လို့ ဒီလို တစ်ခွန်းတည်း ဆုတောင်းလိုက်တယ်။ မဂ်ရယ်၊ ဖိုလ်ရယ်၊ နိဗ္ဗာန်ရယ် ဘယ်ပြောတတ်မလဲ။ သို့ပေမယ့် သူပြောတဲ့စကားက ဟုတ်လား၊ မဂ်ဖိုလ်နိဗ္ဗာန် သွားပြီးတော့ တစ်ခါတည်း ဝင်လို့။

http:\\www.dhammadownload.com



သူတို့ရဲ့ ရေးကုသိုလ်ကောင်းမှုကံ–တဲ့။ အဲ–ထိုဘဝက စုတေ၊ နတ်ပြည်မှာ သွားပြီးတော့ ဖုဿမြတ်စွာဘုရားသာသနာနှင့် ဝိပဿီမြတ်စွာဘုရား သာသနာ ဒီဘုရားနှစ်ဆူရဲ့ ကြားကာလပတ်လုံး နတ်စည်းစိမ်ကို တစ်ဘဝပြီးတစ်ဘဝ၊ တစ်ဘဝပြီးတစ်ဘဝ၊ ညီအစ်ကိုနှစ်ယောက်ဟာ စည်းစိမ်ခံစားပြီးလို့ ဒီကနေ့က နောက်ပဋ္ဌိလောမ ပြန်၍ရေသည့်ရှိသော် ကိုးဆယ့်တစ်ကမ္ဘာမြောက်၌ ဝိပဿီမြတ်စွာဘုရား ပွင့်ထွန်းတော်မူတဲ့ အခါ ညီအစ်ကိုနှစ်ယောက်စလုံး နတ်ပြည်က ဆင်းပြီးတော့ အဲဒီအချိန်မှာလည်း မဂ်ဖိုလ်ရဖို့ရန် ဗုဒ္ဓန္တရ ကြားကာလ မှာပေါ့လေ။ ဘုရားသာသနာမှ မရှိတော့ ပစ္စေကဗောဓိဉာဏ်ရှင်များသာ ရဖြစ်တယ်နော်။ သာဝက ဗောဓိဉာဏ်ရှင်သမားကတော့ ရ မဖြစ်ဘူး။ ဘုရားသာသနာနဲ့မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရရှိတာဖြစ်တော့ ဗုဒ္ဓန္တရ အသေချာ ကာလပတ်လုံး နတ်ပြည်မှာ သွားပြီးတော့ အငြိမ်းအနား စံနေပြီ။

## ဝိပဿီ မြတ်စွာဘုရားလက်ထက် သေနနှင့်အပရာဇိတတို့ ဖြစ်ပုံ

ဒီက ဝိပဿီမြတ်စွာဘုရားလည်း ပွင့်ထွန်းတော်မူရော၊ လူ့ပြည်ဆင်း၊ ညီအစ်ကိုနှစ်ယောက်ဟာ သူကြွယ်ညီအစ်ကို၊ သေဋ္ဌေးညီအစ်ကို ပြောကြပါစို့။ လာပြီးတော့ ဖြစ်တယ်။ ညီအစ်ကိုနှစ်ယောက် လာပြီးဖြစ်တော့ အစ်ကိုကြီးကလည်း ဒီဘဝမှာ အစ်ကိုကြီးပဲ။ နာမည်က "သေန" တဲ့။ ညီငယ်ကလည်း ဒီဘဝ ညီဖြစ်တယ်။ နာမည်က "အပရာဇိတ"တဲ့။

အစ်ကိုကြီးက သေန၊ ညီငယ်က အပရာဇိတ။ အဲဒီလို ညီအစ်ကိုနှစ်ယောက် အတူတကွ ဒီလိုနေကြတယ်။ နေပြည်က ဗန္ဓုမတီ နေပြည် ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူတဲ့အတွက် ဓမ္မဃောသက ပုဂ္ဂိုလ်များက နိဗ္ဗာန်ဆော်တရား ကြွေးကြော်တဲ့ပုဂ္ဂိုလ်များက–

ဗုဒ္ဓရတနံ လောကေ ဥပ္ပန္နံ၊ ဓမ္မရတနံ၊ သံဃရတနံ၊ ဒါနာနိ ဒေထ၊ ပုညာနိ ကရောထ၊ အဇ္ဇအဋ္ဌမီ၊ အဇ္ဇ စာတုဒ္ဒသီ၊ အဇ္ဇပန္နရသီ၊

http:\\www.dhammadownload.com



ဥပေါသထံ ကရောထ၊ ဓမ္မံ သုဏာထ။

ဟိုတုန်းက နိဗ္ဗာန်ဆော်တွေက ရိုးရိုးပဲ။ စာတွေပေတွေ သိပ်ပြီးတော့ ဂါထာတွေ ဘာတွေလည်း မဖွဲ့တတ်ပါဘူး။ အင်မတန် ရိုးရိုးသားသား နိဗ္ဗာန်ဆော်ရတယ်။ စကားရိုးကြီးတွေပေါ့။

လောကေ=လောက၌။ ဗုဒ္ဓယတနံ=ဘုရားရတနာသည်။ ဥပ္ပန္နံ=ပွင့်ထွန်းတော်မူခဲ့လေပြီ။ ဓမ္မရတနံ=တရားရတနာသည်။ ဥပ္ပန္နံ=ပွင့်ထွန်းတော်မူခဲ့လေပြီ။ သံဃရတနံ=သံဃာရတနာသည်။ ဥပ္ပန္နံ=ပွင့်ထွန်းတော်မူခဲ့လေပြီ။

အမိအဖတို့၊ လောကမှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဆိုတဲ့ ရတနာသုံးပါး ပွင့်ထွန်းတော်မူခဲ့ကြလေပြီ။ ဒါနာနိ ဒေထ=အလှူဒါနများ လှူဒါန်းတော်မူကြပါ။ ပုညာနိ ကရောထ=သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ၊ ပုညကိရိယာ တရားများ ပွားများကြိုးကုတ် အားထုတ်တော်မူကြပါ။ ရှစ်ရက်နေ့ ရောက်ယင်လည်းပဲ အဇ္ဇအဋ္ဌမီ=ကနေ့ ရှစ်ရက်ဥပုသ်နေ့ဖြစ်ပါတယ်ခင်ဗျား။ တစ်ဆယ့် ငါးရက်နေ့ကျတော့ အဇ္ဇပန္နရသီ=ယနေ့ ပန္နရသီထိထိ ကြိမ်စေ့ တစ်ဆယ့်ငါးရက် ဥပုသ်နေ့ ဖြစ်ပါတယ်ခင်ဗျား။ ဥပေါသထံ=ဥပုသ်ကို။ ကရောထ=ကျင့်သုံးကြကုန်။ ဓမ္မံ=တရားတော်ကို။ သုဏာထ=နာကြားကြပါကုန်။

မြို့ထဲ လှည့်ပြီးတော့ ဓမ္မဃောသက ခေါ်တဲ့ နိဗ္ဗာန်ဆော်များက နှိုးဆော်ရတဲ့ အသံအရ ဗန္ဓုမတီပြည်သူပြည်သားတွေ အုန်းအုန်းကျွက်ကျွက်နဲ့ နံနက်ခင်း ဘုရားအမှူးရှိတဲ့ သံဃာတော်များအား ဆွမ်း၊ မွန်းလွဲတယ်ဆိုရင် တရားနာကြဖို့ အုန်းအုန်းကျွက်ကျွက်နဲ့ ဗန္ဓုမတီမြို့ကြီးက နံ့သာတွေ၊ ပန်းမာန်တွေ လက်စွဲပြီးတော့ ထွက်ကြတော့ အစ်ကိုကြီးသေနက မြင်တယ်။ ပရိသတ်တွေ ရတ်ရတ် ရတ်ရတ် ထွက်သွားကြတာကို။

http:\\www.dhammadownload.com



## အစ်ကိုကြီးဖြစ်သူ သေနသူကြွယ် ရဟန္တာဖြစ်ခြင်း

ကဟံ ဂစ္ဆထ=အဘယ်ကို သွားကြမလို့လဲမောင်တို့။

သတ္ထု သန္တိကံ ဓမ္မဿဝနာယ=မြတ်စွာဘုရားရဲ့အထံ တရားနာရန် သွားကြမလို့ပါခင်ဗျာလို့ ဖြေတဲ့ပုဂ္ဂိုလ်က ဒီလိုဖြေတော့-

အဟမ္ပိ ဂမိဿာမိ=ငါလည်းပဲ လိုက်ဦးမယ်။

နေကြပါဦးကွာ။ ငါ့စောင့်ပါဦး. ငါလည်း လိုက်ပါဦးမယ်ဆိုပြီးတော့ ဒီပရိသတ်ကြီးနဲ့ လိုက်သွားတယ်။ ဝိပဿီမြတ်စွာဘုရားထံမှောက် ရောက်တော့ ပရိသတ်ထဲကနေပြီး တရားနာ၊ တရားနာရင်း နာရင်း ဘုရားတရားတော်ကို နာရင်းနာရင်းက နေပြီးတော့ ဘုရားတရားတော်ကို ပြည့်ပြည့်ဝဝနဲ့ ကျင့်ကြံဖို့ ဆိုယင် လူ့ဝတ်ကြောင်ဘဝနဲ့ အပြည့်အစုံ ကျင့်ကြံဖို့ မလွယ်ဘူး။

ဗြဟ္မစရိယခေါ်တဲ့ ဒီတရားဟာ ဒီတော့ မြတ်စွာဘုရားသာသနာအတွင်း ဝင်ပြီးတော့ ငါရဟန်းပြုမှပဲ ဆိုပြီး တရားပွဲလည်း ပြီးရော၊ ပရိသတ်လည်း စဲရော-

လဘေယျာ ဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒံ။

ဘုန်းတော်ကြီးမြတ်တော်မူသော အရှင်မြတ်ဘုရား။ တပည့်တော်သည် ရှင်တော်ဘုရားထံ၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရပါရစေဘုရား...လို့ ပရိသတ်အထဲက ဘုရားထံ ဝင်ရောက် လျှောက်ထားတဲ့အခါကျတော့ မြတ်စွာဘုရားက-

အတ္ထိ ပန တေ အပလောကေတဗ္ဗာ ဉာတကာ။

ဥပါသက=ဒါယကာ။ တေ=သင့်အား။ အပလောကေတဗ္ဗာ=ပန်ကြားသင့်ကုန်တဲ့။ ဉာတကာ=ဆွေမျိုးတို့သည်။ အတ္ထိ ပန=ရှိကုန်သလား။

http:\\www.dhammadownload.com



ဒကာ၊ ဒကာမှာ ပန်ကြားရမယ့် ဆွေမျိုးများ ရှိသလားဆိုတော့-

အတ္ထိ ဘန္တေ=ရှိပါတယ်ဘုရားလို့ လျှောက်တယ်။

တေနဟိ အပလောကေတွာ ဧဟိ။

တေနဟိ=သို့တပြီးကား။ အပလောကေတွာ=ဆိုင်ရာဆွေမျိုးများ ပန်ကြားပြီးမှ။ ဧဟိ=ငါဘုရားထံမှောက် လာရောက်လော့။

အေး...ဒီလိုဆိုရင် မင်းပန်ကြားသင့်တဲ့ ဆွေမျိုးများ ပန်ကြားပြီးမှ ငါဘုရားထံမှောက် လာခဲ့လော့လို့ သေနသူကြွယ် ဗန္ဓုမတီမြို့ထဲ ပြန်သွားပြီး ညီငယ်ကို သူ၏ထံမှောက် ခေါ်၊ ရှေ့ရောက်။

ယံ ဣမသ္မိံ ကုလေ သာပတေယျံ၊ တံ သဗ္ဗံ တဝ ဟောတု။

ရှည်ရှည်ကြီး မပြောဘူး။

ဣမသ္မိံကုလေ=ဤငါတို့အိမ်၌။ ယံ သာပတေယျံ= အကြင် ဥစ္စာနှစ်သည်။ အတ္ထိ=ရှိ၏။ တံ သဗ္ဗံ=ထိုအလုံးစုံသော ဥစ္စာနှစ်သည်။ တဝ=မောင့်အတွက်။ ဟောတု=ဖြစ်စေ။

ငါ့ညီ၊ ဒီအိမ်မှာရှိတဲ့ စီးပွားဥစ္စာနှစ်သည် အကုန်လုံး မင်းအတွက်ပဲ ဖြစ်ပစေတော့။ ငါမလိုတော့ဘူး။ ဒီတော့ ပြန်မေးတယ်။

တုမှေ ပန သာမိ=အစ်ကိုကြီးတို့ကတော့ကော ဘာလုပ်မလို့တုံးလို့ဆိုတော့-

အဟံ သတ္ထုသန္တိကေ ပဗ္ဗဇိဿာမိ=ငါ ဝိပဿီမြတ်စွာဘုရားရဲ့ အထံမှာ ရှင်ရဟန်းပြုမလို့ ညီလေးလို့ ပြောတယ်။

သာမိ ကိံ ဝဒေထ။

သာမိ=အရှင်အစ်ကိုကြီး။ ကိံဝဒေထ=ဘယ့်နှယ်ပြောလိုက်တာလဲ။

အစ်ကိုကြီး ဘယ့်နှယ်ပြောလိုက်တာလဲ။

http:\\www.dhammadownload.com



အဟံ မာတရိမတာယ မာတရံဝိယ၊ ပိတရိမတေ ပိတရံဝိယ တုမှေ အလတ္ထံ။

အဟံ=အကျွန်ုပ်သည်။ မာတရိ=မွေးသမိခင် ကျေးဇူးရှင်သည်။ မတာယ=ကွယ်ခဲ့ချိန်ကစ၍။ မာတရံဝိယ=အမိကဲ့သို့လည်းကောင်း၊ ပိတရိ=မွေးဖသခင်ကျေးဇူးရှင်သည်။ မတေ=စုတိပျက်ကြွေ သေလွန်ခဲ့ပြီးသည်ရှိသော်။ ပိတရံဝိယ=ဖခင်ကိုကဲ့သို့လည်းကောင်း။ တုမှေ=အစ်ကိုကြီးတို့ကို။ အလတ္ထံ=ရခဲ့တာပါ။

အစ်ကို့နှယ်နော်၊ ဘယ့်နှယ်ပြောလိုက်တာလဲ။ အမေနဲ့အဖေ ကွယ်လွန်တဲ့အချိန်ကစပြီး အစ်ကိုပဲ အမေ၊ အစ်ကိုပဲအဖေလို့ ကျွန်တော့်မှာ အစ်ကို့ကိုပဲ အမေ၊ အဖေလို့ ကျွန်တော်အောက်မေ့နေတယ်။

ဣဒံ ကုလံ မဟာဘောဂံ။

ဣဒ ကုလံ=ဤအိမ်ကြီးက။ မဟာဘောဂံ=အသုံးအဆောင်တွေ များပါဘိသနဲ့။

ဂေဟေ ဋ္ဌိတေနေဝ သက္ကာ ပုညာနိ ကာတုံ။

ဂေဟေ=အိမ်၌။ ဋ္ဌိတေနေဝ=တည်လျက် နေလျက်သာလျှင်။ ပုညာနိ=ကုသိုလ်ကောင်းမှုတို့ကို။ ကာတုံ=ပြုခြင်းငှာ။ သက္ကာ= တတ်ကောင်း၏။ မာဝေံကရိတ္ထ=ဤကဲ့သို့ ရဟန်းတော့ ပြုမသွားပါနဲ့ အစ်ကိုကြီး။

လို့ အဲဒီလိုပြောတဲ့အခါ အစ်ကိုကြီးက မလျှော့ဘူး။

မယာ သတ္ထုသန္တိကေ ဓမ္မော သုတော။

မယာ=ငါသည်။ သတ္ထုသန္တိကေ=ဘုရားအထံ၌။ ဓမ္မော=တရားကို။ သုတော=ကြားခဲ့ပြီ။ နာခဲ့ပြီ။

န သက္ကာတံ အဂါရမဇ္ဈေ ဋ္ဌိတေန ပူရိတုံ။

http:\\www.dhammadownload.com



တံ=ထို ဘုရားထံမှာ ကြားခဲ့ရတဲ့ သာသနာတည်းဟူသော ဗြဟ္မစရိယ အကျင့်ထူးကို။ အဂါရမဇ္ဈေ=အိမ်ရာတည်ထောင် လူ့ဘောင်၌။ ဌိတေန=တည်နေသဖြင့်။ ပူရိထုံ=အပြည့်အဝ ဖြည့်ကျင့်ခြင်းငှာ။ န သက္ကာ=မတတ်နိုင်ဘူး။

ငါ့ညီ၊ ငါ တရားသေသေချာချာနာပြီးတော့ သာသနာတည်းဟူသော ဗြဟ္မစရိယ တရားဟာ တို့လူ့ဘဝဟာ အရဟတ္တဖိုလ်ပေါက် ကျင့်ဖို့ မလွယ်ဘူးကွ-တဲ့။

ပဗ္ဗဇိဿာမေဝါ'ဟံ၊ တွံ နိဝတ္တာ ဟိ။

အဟံ=ငါသည်။ ပဗ္ဗဇိဿာမိ ဧဝ=မင်း တားသော်လည်း ငါ မနေ၊ ရှင်ရဟန်းပြုရမည်သာ။ တွံ=သင်သည်။ နိဝတ္တာဟိ=နေရစ်လော့။

ငါတော့ကွာ-ဘယ်လိုနည်းနဲ့မှ မနေဘူး။ မင်းတားပေမယ့် ရဟန်းပြုတော့မှာပဲ။ ညီလေးပြန်တော့လို့ ပြောပြောဆိုဆို တစ်ခါတည်း ကျောင်းသွားတယ်။ ဝိပဿီမြတ်စွာဘုရားထံမှောက် ရောက်၊ တပည့်တော် ခွင့်ပန်ပြီးပါပြီ။ ရဟန်းပြုပေးတော်မူပါဘုရား-လို့လျှောက်၊ ရဟန်း ပြုပေးပြီးလို့ မကြာမီ ရဟန်းတရားပွားများကြိုးကုတ် အားထုတ်သဖြင့် ရဟန္တာဖြစ်တယ်။ သူ့ဟာ ခုနစ်ရက်အတွင်းက ဖြစ်တဲ့ပုံနော်...။

အဲဒီလို အစ်ကိုကြီး ရဟန်းပြုပြီးတဲ့နောက် မကြာခင် ရဟန္တာဖြစ် တော့ ညီလုပ်တဲ့ ပုဂ္ဂိုလ်က-

ဘာတု ပဗ္ဗဇိတသက္ကာရံ ကရိဿာမိ။

ဘာတု=အစ်ကိုကြီးသည်။ ပဗ္ဗဇိတသက္ကာရံ=ရဟန်းပြုတဲ့ ဧည့်ခံ ကျွေးမွေးမှုကို။ ကရိဿာမိ=ငါပြုမယ်။

အစ်ကိုကြီး ရဟန်းပြုတဲ့ ဥပသမ္ပဒ မင်္ဂလာပွဲမှာ ဧည့်ခံကျွေးမွေး မှုကို ငါပြုမယ်ဆိုပြီးတော့ မြို့ထဲရွာထဲ မဏ္ဍပ်ကြီးဆောက်ပြီးတော့ ပြုတာ

http:\\www.dhammadownload.com



မဟုတ်ဘူး။ ကျောင်းတော်သွား၊ ရဟာန်းတော်ပေါင်း ခြောက်သန်းနဲ့ ရှစ်သိန်းသော ရဟာန်းတော်များ၊ ဟုတ်လား။ နည်းတာမဟုတ်ဘူး၊ ဝိပဿီမြတ်စွာဘုရားရဲ့ သာဝကတွေ ခြောက်သန်းနဲ့ ရှစ်သိန်းရှိတယ်။ အဲဒီခြောက်သန်းရှစ်သိန်းသော ရဟာန်းတော်များကို ကျောင်းတော်အတွင်းမှာပဲ ဆွမ်းတော်ပြင်လို့ ခုနစ်ရက်တိုင်တိုင် ဥပသမ္ပဒပူဇာမင်္ဂလာပွဲကြီးသဘင်ဆင်ပြီးတဲ့ ခုနစ်ရက်မြောက်သကာလ ညီငယ်က အစ်ကိုကြီးကို လျှောက်ထားတယ်။ သေနရဟာန္တာမထေရ်ကို အပရာဇိတ ညီငယ်က ဘယ်လိုလျှောက်ထားလဲ။

ဘန္တေ တုမှေဟိ အတ္တနော ဘဝနိဿရဏံ ကတံ။

ဘန္တေ=အရှင်ဘုရား။ တုမှေ=အရှင်ဘုရားတို့ကတော့။ အတ္တနော=မိမိအတွက်။ ဘဝနိဿရဏံ=ဘဝမှ လွတ်မြောက်ရေးကို။ ကတံ=ပြုအပ်ပါပြီဘုရား။

အရှင်ဘုရားတို့တော့ ဘဝလွတ်မြောက်ရေးလှုလှုကြီး ပြုပြီးပြီ။

အဟံပန=တပည့်တော်မှာတော့။ ပဉ္စဟိ ကာမဂုဏေဟိ ဗဒ္ဓေါ=ကာမဂုဏ်ငါးပါးတို့ဖြင့် ဖွဲ့မိသည်ဖြစ်၍။ နိက္ခမိတွာ=တောထွက်၍။ ပဗ္ဗဇတုံ=ရဟာန်းပြုခြင်းငှာ။ န သက္ကောမိ=မစွမ်းနိုင်ပါ။

ကျွန်တော့်မှာတော့ ကာမဂုဏ် အနှောင်အဖွဲ့တွေ နှောင်ဖွဲ့မိပြီး သကာလ အစ်ကိုကြီးတို့လို တောထွက်ပြီး ရဟာန်းမပြုနိုင်ဘူး အစ်ကိုကြီး။

## ဇောတိက သေဋ္ဌေးလောင်း ဂန္ဓကုဋိကျောင်း ဆောက်လုပ်လှူဒါန်းခြင်း

မယှံ ဂေဟေ ဌိတဿေဝ အနုစ္ဆဝိကံ မဟန္တံ ပုညကမ္မံ အာစိက္ခထ။

မယှံ=အကျွန်ုပ်အား။ ဂေဟေ=အိမ်၌။ ဌိတဿေဝ=တည်နေ

http:\\www.dhammadownload.com



လျက်သာလျှင်။ အနုစ္ဆဝိကံ=ပြုဖို့ရန် လျော်ကန်သင့်မြတ်သော။ မဟန္တံ ပုညကမ္မံ=ကြီးစွာသော ကောင်းမှုကြီးကို။ အာစိက္ခထ=ညွှန်ကြားတော်မူကြပါကုန်။

အဲဒီလို ညီငယ် အပရာဇိတက တောင်းပန်တယ်။ ခုမှတော့ စိတ်ညစ်မနေနဲ့နော်။ အစောကြီးကဆိုရင် သမ္ဘတ္တိသုံးပါး တောင့်တခဲ့တဲ့ သင့်တဏှာကို ပဲ့နင်းခိုင်းမိတဲ့အတွက် သူက သွားရဦးမယ်။ ဘဝသံသရာ ထဲကို။ ဒီတော့ သူတောင်းခဲ့တဲ့ ဆုအတိုင်းပဲ။ အင်း...သူ့ဘဝသံသရာထဲ သွားရမယ်။ အစ်ကိုကြီးကတော့ ဖြန်းဆို ဘုရားသာသနာနဲ့ တွေ့လိုက် တယ်ဆို ချက်ချင်းပဲ ရဟန်းပြုပြီးတယ်ဆိုရင်ပဲ တစ်ခါတည်း မကြာခင် ခုနစ်ရက်အတွင်း ရဟန္တာဖြစ်တယ်။ အဲဒီတော့ အခုအခါမှ သူက အရှင် ဘုရားတို့မှာတော့ ကိုယ်ရေးအတွက် ဘဝလွတ်မြောက်ရေးပြုပြီးပြီ။ တပည့်တော်မှာတော့ အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ အဖွဲ့အနှောင် မိနေတဲ့အတွက် တောထွက်ပြီး ရဟန်းမပြုနိုင်ဘူးဘုရား။ အခုတော့ တပည့်တော် အိမ်မှာနေရင်းက တပည့်တော်နဲ့ သင့်လျော်လျောက်ပတ် တဲ့ ကုသိုလ်ကောင်းမှုကြီးများကို ပြောကြားတော်မူပါ။ ဘယ်လိုကောင်းမှု ပြုရမလဲ။ ဒီလိုလျှောက်ထားတော့ အစ်ကိုကြီးဖြစ်တဲ့ သေန ရဟန္တာ မထေရ်က–

သာဓု သာဓု ပဏ္ဍိတ။

ပဏ္ဍိတ=ပညာရှိ။ သာဓု သာဓု=ကောင်းစွ၊ ကောင်းစွ၊

သတ္ထု ဂန္ဓကုဋိံ ကရောဟိ။

သတ္ထု = ဝိပဿီမြတ်စွာဘုရားအတွက်။ ဂန္ဓကုဋိံ = ဂန္ဓကုဋီ ကျောင်းတော်ကို။ ကရောဟိ=ဆောက်လုပ်လော့။

ဒါဖြင့် မင်း မြတ်စွာဘုရားအတွက် ဂန္ဓကုဋီကျောင်းတော်ကြီး ဆောက်လုပ်ကွာ။ နံ့သာကျောင်းကြီးပေါ့။ တိုတိုပြောကြပါစို့။ ရတနာ

http:\\www.dhammadownload.com



ခုနစ်ပါးဖြင့် ပြီးတဲ့ ရတနာခုနစ်ပါး ခြယ်စီအပ်တဲ့ နံ့သာကျောင်းတော်ကြီးဆောက်၊ အဲဒီ ဂန္ဓကုဋီကျောင်းတော်ကြီးမှာ အင်မတန် ကျယ်ဝန်းတဲ့ လေသာပြတင်းပေါက်ကြီးနဲ့ ရှေ့သုံးပေါက်ရဲ့ ရှေ့တူရူမှာ ဒီကြာကန်ကြီးတွေပေါ့လေ။ ဆိုင်ပြီးတော့ ထားတယ်။ အင်မတန် အသာအယာဆိုကြပါစို့။ ကျောင်းတိုက်ကြီးကလည်းပဲ ဒီတံတိုင်း ခုနစ်ထပ်ရံနေတဲ့ ခမ်းခမ်းနားနား ကျောင်းတိုက်ကြီး ဆောက်တယ်။ ရတနာခုနစ်ပါး ခြယ်စီတဲ့ နံ့သာကျောင်းကြီးနော်

## မေဏ္ဍကသူဌေးလောင်း၏ ဓမ္မသာလာ ခန်းမအလှူ

အဲဒီလို သူက ဂန္ဓကုဋီကျောင်းကြီး ဆောက်နေတဲ့အခါ သူ့တူဖြစ်တဲ့ နာမည်က သူ့လိုပဲ အပရာဇိတ-တဲ့။ သူငယ်က-

"ဦးလေး၊ ကျွန်တော့်လည်းပဲ ဒီအထဲ ကုသိုလ်ပါပါရစေဦး"

"ဪ...ငါ့အထဲ သူများကုသိုလ်အပါမခံနိုင်ဘူး။ လက်မခံဘူး"

"လုပ်ပါ ဦးလေးရယ်၊ ပါပါရစေ"

"ငါဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး။ အဲဒါ အစ်ကိုကြီးမှာ-ဟိုမှာ ရဟန္တာဖြစ်ပြီးတော့ သူ ကျွတ်တန်းကို ဝင်လို့ ငါ့မှာ ဒီကုသိုလ်လေး လုပ်ရတာ၊ ဘယ် မင်းခွဲပေးနိုင်မလဲ-လို့ ဒီကုသိုလ်မှာ မပေးရက်ဘဲ ဖြစ်နေတယ်။

ဒါဖြင့် ဦးလေးက မပေးလို့ရှိယင် ကျွန်တော်လည်း ကျွန်တော့်နည်းနဲ့ ကျွန်တော်လုပ်မှာပေါ့ ဆိုပြီးတော့ အဲဒီ ဂန္ဓကုဋီကျောင်းတော်ကြီးရဲ့ ရှေ့ကနေပြီးတော့ "ကုဋ္ဌရသာလာ"လို့ ဆိတ်ရုပ်ခံတဲ့ ရတနာကျောင်းကြီး သူက ရှေ့က တစ်ခါဆောက်တယ်။ အဲဒီတော့ ဆိတ်ရုပ်တွေခံလို့ အဲဒီ ကျောင်းတစ်ခုလုံးလည်းပဲ ရတနာခုနစ်ပါး ခြယ်စီပြီးတော့ တစ်ခါတည်း ဆောက်ထားတဲ့ "ကုဋ္ဌရသာလာ"ဆိုတဲ့ တရားခန်းမဆောင်

http:\\www.dhammadownload.com



ကြီး ဆိုပါစို့။ ဓမ္မသာလာ=ဓမ္မာရုံကြီး ဆိုပါစို့။ လာဆောက်တယ်။ ဆောက်တဲ့လူက ဂေါတမ မြတ်စွာဘုရားသာသနာတော်ကျတော့ "မေဏ္ဍကသေဋ္ဌေး"ဟုတ်လား။ ရွှေဆိတ်ရုပ်တွေ ပေါ်တယ်ဆိုတဲ့ သေဋ္ဌေးက အဲဒီတုန်းက ရွှေဆိတ်ရုပ်တွေ ခံတဲ့ ရတနာကျောင်းကြီး ဆောက်လုပ်လှူဒါန်း၊ လှူခဲ့တဲ့အတွက် ဒီဘုရားသာသနာမှာ ရွှေဆိတ်ရုပ်များ ပေါ်တဲ့ မေဏ္ဍကသေဋ္ဌေးဖြစ်တယ်လို့ သူက အဲဒီလိုပဲ မှတ်ထားပါတယ်။

## ဇောတိက သေဋ္ဌေးလောင်း ဒူးခေါင်းလောက်အထိ စိန်ရွှေရတနာများ ကြဲစွန့်လှူဒါန်းခြင်း

ဒါနဲ့ ဂန္ဓကုဋီကျောင်းကြီး ဆောက်ပြီးတော့ အပရာဇိတ သေဋ္ဌေးလို့ပဲ ဆိုကြပါစို့။ သူကြွယ်ဆိုပေမယ်လို့ ဒီရတနာခုနစ်ပါးနဲ့ ခြယ်စီတဲ့ ကျောင်းကြီး ဆောက်တော့ သေဋ္ဌေးပေါ့။ အဲဒီဆောက်ပြီးတဲ့အခါကျတော့ ဂန္ဓကုဋီကျောင်းတော် ပရဝုဏ်အတွင်း စိန်တွေ၊ ရွှေတွေ၊ ငွေတွေ၊ ဒူးခေါင်းမြုပ်လောက်အောင် တစ်ခါတည်း ကြဲပြီးတော့ထားတယ်။ စွန့်ထားတယ်။ လှူထားတယ်။

အဲဒီလို ဒူးခေါင်းမြုပ်လောက်အောင် ကြဲထားပြီးတော့မှ သူ့အစ်ကိုကြီး သေန ရဟန္တာမထေရ်ထံ သွားပြီးတော့–

ဘန္တေ နိဋ္ဌိတာ ဂန္ဓကုဋိ။

ဘန္တေ=အရှင်ဘုရား။ ဂန္ဓကုဋိ=ဂန္ဓကုဋီကျောင်းတော်ကြီးဖြင့်။ နိဋ္ဌိတာ=ပြီးခဲ့ပြီဘုရား...။

ပရိဘောဂံ မသ္သာပစ္စာသီသာမိ။

အဿာ=ဤဂန္ဓကုဋီကျောင်းကြီးကို။ ပရိဘောဂံ=သုံးဆောင်ခြင်းကို။ ပစ္စာသီသာမိ=တပည့်တော် တောင့်တခြင်းဖြင့် အလိုရှိပါတယ်ဘုရား။

http:\\www.dhammadownload.com



ပရိဘောဂေန ကိရ မဟန္တံ ပုညံ ဟောတိ=သုံးဆောင်မှ ကုသိုလ်များ တိုးပွားသတဲ့ ဘုရားလို့ လျှောက်တယ်။

အဲဒါ ညီငယ်က အစ်ကိုဖြစ်တဲ့ သေနရဟန္တာမထေရ်လျှောက်တော့ ရဟန္တာမထေရ်မြတ်က ဝိပဿီမြတ်စွာဘုရားထံမှောက် ညီတော်ခေါ်ပြီး သွားကြ။

ဘန္တေ ကြမိနာ ကိရ ဝေါ ကုဋုမ္ဗိကေန ဂန္ဓကုဋိ ကာရိတာ။

ဘန္တေ=အရှင်မြတ်ဘုရား။ ကြမိနာ ကုဋုမ္ဗိကေန= ဤအပရာဇိတ တပည့်တော်ရဲ့ ညီဖြစ်တဲ့ သေဌေးသည်။ ဝေါ=အရှင်ဘုရားတို့အတွက်။ ဂန္ဓကုဋိ=ဂန္ဓကုဋီကျောင်းတော်ကြီးကို။ ကာရိတာ=ဆောက်လုပ်ပြီးပါပြီဘုရား။

ကြဒါနိ ပန ပရိဘောဂံ ပစ္စာသီသတိ။

အခုတော့ဖြင့် အရှင်ဘုရား သုံးဆောင်တော်မူတာကို တောင့်တလင့်ဆို အလိုရှိပါသတဲ့ဘုရား။ သုံးဆောင်တော်မူပါတော့ဘုရား–လို့ အစ်ကိုကြီး ခေါင်းဆောင်ပြီး မြတ်စွာဘုရားလျှောက်တော့ ဘုရားကိုယ်တော်မြတ် သီတင်းသုံးတော်မူရင်း ကျောင်းတော်ကနေပြီး ဂန္ဓကုဋီကျောင်းတော်ဘက် ရှေးရှုကြွချီတော်မူလာတယ်။ နဂိုသီတင်းသုံးတဲ့ကျောင်းက ဂန္ဓကုဋီကျောင်းတော်ဘက်ကို ဗုဒ္ဓကျက်သရေဖြင့် တကတည်း တင့်တင့်တယ်တယ် ကြွချီတော်မူ၍လာ။ ပရိဝုဏ်တံခါးဝလည်းရောက်ကရော အထဲထဲ ကြည့်လိုက်တယ်ဆိုရင် ရတနာခုနစ်ပါးက ပဆစ်ဒူးမြုပ်မျှ တစ်တောင်လောက် ထိအောင် ကြဲထားတာပဲ။ ဒီလို ပြောကြပါစို့။ "ဇဏ္ဏုမတ္တေန ဩမိနာ"ဒူးခေါင်းမျှ ပမာဏရှိသော အတိုင်းအရှည်ဖြင့်လို့ ဒီလိုဆိုထားတော့ ယုံချင်ယုံ မယုံချင်နေပေါ့နော်။ မြန်မာပြည်အနေနဲ့တော့ဖြင့် ဒါလောက် ချမ်းသာတဲ့လူ ရှိပုံမရဘူး။ ဒီလို မဟာသာလမျိုးဆိုတာ အိန္ဒိယမှာမှ ရှိလို့ ဖြစ်ပါတယ်။

http:\\www.dhammadownload.com



ဒီတော့ သူက အဲဒီလို မဟာသာလမျိုး မဖြစ်နိုင်တဲ့ မြန်မာပြည်က ဆိုတော့ ဟို–ပြောလို့သာ ပြောတာ။ ယုံနိုင်စရာ မရှိပါဘူးဆိုတာ ရှိတယ်။ ဒီလိုပဲ အောက်မေ့နေကြတယ်။ သူ့မျက်စိနဲ့ကြည့်တော့ ယုံနိုင်စရာ မရှိဘူး။ ဟိုး တောထဲ တောင်ထဲက လယ်ထဲ စာခြောက်နေတဲ့လူဆီ သွားပြီးတော့ "မောင်ရေ ဟို အမေရိကန်မှာ ဘယ်သေဌေးကြီးဟာ မျက်တောင်တစ်ခတ်မှာ ဒွေဒင်္ဂါး တစ်ဆယ့်ငါးပြား ငွေဝင်ရှိသတဲ့' ဆိုယင် စာခြောက်တဲ့အကောင်က မယုံသလို ဖြစ်နေတယ်။ ဒါကို ယုံလိုက်လို့ ဘာအကုသိုလ်ဖြစ်မလဲ။ ဘာမှ အကုသိုလ် မဖြစ်ဘူး။

ဩော်–ဘုန်းရှင် ကံရှင် ပီသပါပေစွ၊ ဟုတ်လား။ ဒီဟာ ယုံလို့ အပါယ်ကျမသွားပါဘူး။ တကယ်မှန်တဲ့။ တကယ်ဖြစ်တဲ့ ဝတ္ထုကို ယုံကြည်မှုဟာ သဒ္ဓါတရားပဲ ဖြစ်ပါတယ်။ ယုံလိုက်ပါ။

အဲဒီတော့ ဘုရားကိုယ်တော်မြတ်က ဂန္ဓကုဋီပရိဝုဏ်တံခါးဝက ရပ်ပြီးတော့ ရတနာတွေကို ကြည့်တယ်။ အပရာဇိတ သေဌေးက လက်အုပ်ချီမိုး ရှိခိုးလို့။

ပဝိသထ ဘန္တေ=ကျောင်းတော်ထဲ ဝင်တော်မူပါဘုရားလို့ လျှောက်ထားပေမယ့် ဘုရားက မဝင်။ ဒုတိယအကြိမ် လျှောက်ထားတယ်။ မဝင်ဘူး။ တတိယအကြိမ် လျှောက်ထားလို့ မဝင်တော့မှ သေနရဟန္တာမထေရ်က ရိပ်မိတယ်။ ဩော်–မြတ်စွာဘုရား ရပ်နေတော်မူတာ အကြောင်းရှိတယ်။ ဘုရားက ဘယ်လိုလဲ။ ရည်ရွယ်ချက်ရှိတယ်။ အကယ်၍ အမှတ်တမဲ့ ငါဝင်သွားမယ်ဆိုလို့ရှိရင် တရားနာလာတဲ့ လူတွေထဲက သူ့ဟာက လိုချင်စရာဖြစ်တော့ သူတစ်ဆုပ် ငါတစ်ဆုပ်နဲ့ ယူသွားကြလိမ့်မယ်။ အဲဒီလို ယူသွားလို့ရှိရင် တရားနာ လာရောက်တဲ့ လူတွေ ယူတာတောင် ဒီအတိုင်း ကြည့်နေရက်ပလေနဲ့ မတော်တဆ သေဌေးရဲ့ စိတ်ထဲ ငြိုငြင်သွားလို့ ရှိရင် ငါဘုရားအပေါ် ငြိုငြင်လို့ရှိရင် အကုသိုလ်ဖြစ်ပြီး

http:\\www.dhammadownload.com



တော့ အပါယ်များလားစရာ မကောင်းမှုအကုသိုလ်များ ဖြစ်လေရာ၏။ ဖြစ်လိမ့်မယ်။ ဒီတော့ ငါ့ဝင်လို့ မဖြစ်သေးဘူးဆိုပြီးတော့ ဘုရားကိုယ်တော်မြတ်က အကုသိုလ်မဖြစ်အောင် စောင့်ထိန်းတော်မူချင်လို့ ရပ်တယ်။

သုံးကြိမ်တိုင်တိုင် လျှောက်ထားလို့ ရှေ့မကြွဘဲ ဆိတ်ဆိတ်နေတော်မူတော့ သေနရဟန္တာမထေရ်က သူ့ညီကို-

ဧဟိ တာတ။

တာတ=ချစ်ညီ။ ဧဟိ=လာလော့။

"မမေဝရက္ခာဘဝိဿတိ=စောင့်ရှောက်ဖို့အတွက်ကတော့ တပည့်တော်ရဲ့ တာဝန်ဖြစ်ပါစေဘုရား။ တုမှေ=အရှင်ဘုရားတို့သည်။ ယထာသုခံ=ချမ်းသာစွာ၊ ဝသထ=သီတင်းသုံးတော်မူပါဘုရား" ဣတိ-ဇဝံ=ဤသို့။ သတ္ထာရံ=မြတ်စွာဘုရားကို။ ဝဒေဟိ=လျှောက်ထားလေငါ့ညီ။

ညီလေး၊ အကြံပေးမယ်။ မြတ်စွာဘုရားကို မင်းကျောင်းထဲ ဝင်ပါဘုရား၊ ဝင်ပါဘုရားလို့ လျှောက်မနေနဲ့။ မင်း အဲဒီ စိန်တွေ၊ ရွှေတွေ၊ ငွေတွေ၊ ပတ္တမြားတွေကြောင့် မဝင်ဘဲဖြစ်တာ။ ပလိဗောဓတာဝန်ကျနေမှာစိုးလို့ မဝင်ဘဲနေတာ။ ဒီတော့ မင်းလျှောက်။ ဘုရား၊ စောင့်ရှောက်ဖို့တာဝန် တပည့်တော်တာဝန် ဖြစ်ပါစေ၊ အရှင်ဘုရားတို့ အလိုရှိတိုင်း ချမ်းချမ်းသာသာ သီတင်းသုံးတော်မူပါဘုရား အဲဒီလို ညီလေးလျှောက် ဆိုတော့ အစ်ကိုကြီးပြောတာပဲ သူ့ဟာက ဖွယ်ဖွယ်ရာရာ ရှိသေးတယ်။

အရှင်ဘုရားတဲ့။ သစ်ပင်တွေ လာပြီးသကာလ ငှက်တွေ သစ်သီး အရသာ သုံးဆောင်ကြတဲ့အခါ သုံးလို့ဝတဲ့အခါ ဒီသစ်ပင် ပြန်မကြည့်ဘဲနဲ့ အလိုရှိသလို သွားကြတယ်။

အရှင်ဘုရားများလည်းပဲ ဒီဟာပေါ် ငဲ့ကွက်မှုဘာမှမရှိဘဲနဲ့ အလိုရှိသလို သီတင်းသုံး၊ အလိုတော်ရှိသလို ကြွချင်လည်း ကြွနိုင်ပါ

http:\\www.dhammadownload.com



တယ်။ စောင့်ရှောက်ဖို့ရန်တာဝန် တပည့်တော် တာဝန်ထားပါဆိုတော့မှ ဘုရားက ကြွတယ်။ ဂန္ဓကုဋီကျောင်းတော်ထဲ ကြွတယ်။ ဘုရားကိုယ်တော်မြတ် ဂန္ဓကုဋီကျောင်းထဲ ဝင်တယ်ဆိုယင်ပဲ သူ့မှာ ကျောင်းဆောက်မိတာ ဒရဝမ်ထားဖို့ ဖြစ်နေတယ်။ ဒရဝမ်ထားဖို့ဟာ နည်းနည်းမှ မဟုတ်ဘဲ။ တစ်တောင်လောက် ဒူးအထိရှိတဲ့ ဒီစိန်တွေ၊ ရွှေတွေ၊ ငွေတွေဆိုတော့ အစောင့်ထားရမယ်။ အစောင့်တွေချထားပြီးမှ သူဘာမှာသလဲဆိုတော့–

တာတာ ဥစ္စင်္ဂေနဝါ ပစ္ဆိပသိဗ္ဗကေဟိ ဝါအာဒါယ ဂစ္ဆန္တေ ဝါရေယျာထ။

တာတာ=အမောင်တို့။ ဥစ္စင်္ဂေနဝါ=ခါးပိုက်ဖြင့်လည်းကောင်း၊ (ပုဆိုး ခါးပုံထဲ ပြောတာ။ ဟိုတုန်းက လူကြီးတွေရဲ့ ပုဆိုးခါးပုံဆိုတာ တစ်ပြည်နှစ်ပြည်လောက် ဝင်တယ်။) ပစ္ဆိပသိဗ္ဗကေဟိ ဝါ=ခြင်းတောင်း အိတ်တို့ဖြင့်လည်းကောင်း၊ အာဒါယ=ယူ၍။ ဂစ္ဆန္တေ=သွားကြကုန်သည်တို့ကို။ ဝါရေယျာထ=တားမြစ်ကြကုန်။

ဟတ္ထေန ဂဟေတွာ ဂစ္ဆန္တေ ပန မာ ဝါရယိတ္ထ ။

ဟတ္ထေန=လက်ဖြင့်။ ဂဟေတွာ=ဆုပ်ယူ၍။ ဂစ္ဆန္တေပန=သွားကြကုန်သည်တို့ကိုကား။ မာဝါရယိတ္ထ=မတားမြစ်ကြနဲ့။

တစ်ဆုပ်တော့ ယူပစေကွာ–တဲ့။ ပုဆိုးခါးပုံကြီးထဲမှာ တစ်ပြည်သား နှစ်ပြည်သား ထည့်ယူတာ၊ ခြင်းတောင်းတွေ၊ အိတ်တွေနဲ့ ထည့်ယူတာ တွေ့ရင်တော့ မင်းတို့ တားမြစ်ကြကွယ်။ ဒီလိုမှာရုံတင်ပါလားလို့ ဆိုတော့ ဒီအတွင်းမှာပဲ အစီအမံလုပ်ထားတာ မဟုတ်ဘူးနော်။ ဟိုး မြို့ထဲကိုလည်း သူက လှည့်ပြီးတော့ ကြေညာသေးတယ်။ ဘယ်လိုကြေညာလဲ။

မယာ ဂန္ဓကုဋိံ ပရိဝေဏေ သတ္တရတနာနိ ဩကိဏ္ဏာနိ။

မယာ=အကျွန်ုပ် အပရာဇိတသေဋ္ဌေးသည်။ ဂန္ဓကုဋိံ ပရိ ဝေ

http:\\www.dhammadownload.com



ဏော= ဂန္ဓကုဋိကျောင်းတော် ပရိဝုဏ်အတွင်း၌။ သတ္တရတနာနိ=ရတနာ ခုနစ်မျိုးတို့ကို။ ဩကိဏ္ဏာနိ=-ကြဲခဲ့ကုန်ပါပြီ။

ကျွန်တော် အပရာဇိတ သေဋ္ဌေး ဂန္ဓကုဋိကျောင်းတော်အတွင်း ရတနာခုနစ်မျိုး ကြဲခဲ့ပါပြီ။ အဲဒီလို- ကြဲပြီးတဲ့နောက်-

သတ္ထု သန္တိကေ ဓမ္မံ သုတွာ ဂစ္ဆန္တာ ဒုဂ္ဂတမနုဿာ ဥဘော ဟတ္ထေ ပူရတွာ ဂဏှန္တုတဲ့။

သတ္ထု သန္တိကေ=မြတ်စွာဘုရား အထံ၌။ ဓမ္မံ သုတွာ=တရားနာ ပြီး သကာလ။ ဂစ္ဆန္တာ=အိမ်သို့ ပြန်ကြကုန်သော။ ဒုဂ္ဂတမနုဿာ=ဆင်း ရဲတဲ့လူတို့သည်။ ဥဘော ဟတ္ထေ ပူရေတွာ=လက်နှစ်ဖက်အပြည့်။ ဂဏှန္တု=ဆောင်၍ သွားနိုင်ကြပါကုန်၏။

ဆင်းရဲသားဆိုရင် သူ့ဟာက ဘယ်တစ်ဆုပ် ညာတစ်ဆုပ်။

သုခိတာပိ ဧကေန ဂဏှန္တု။

သုခိတာပိ=လူချမ်းသာလည်းပဲ။ ဧကေန=လက်တစ်ဖက်ဖြင့်။ ဂဏှန္တု=ဆုပ်ယူ၍ သွားနိုင်ကြပါတယ်။

တရားနာပြီးတော့ ပြန်ရင် လူချမ်းသာများလည်းပဲ ခင်ဗျားတို့က တော့ ချမ်းသာတယ်။ ဒီတော့ တစ်ဆုပ်တော့ဖြင့် ယူနိုင်တယ်။ ဆင်းရဲတဲ့ လူများကတော့ ဆင်းရဲတဲ့အတွက် နှစ်ဆုပ်ယူနိုင်ပါတယ်။ ဘာပြုလို့ ဒီ လိုပြောတာလဲဆိုတော့ သူ့ရည်ရွယ်ချက် ရှိသတဲ့။

သဒ္ဓါ တာဝ ဓမ္မံ သောတုကာမာ ဂမိဿန္တိ ယေဝ။

သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ဖြင့် တရားနာချင်တဲ့အတွက် ကျောင်းတော်သွားမှာ အမှန်ပဲတဲ့။

အသဒ္ဓါပိ ပန ဓနလောဘေန ဂန္တွာ ဓမ္မံ သုတွာ ဒုက္ခတော မုစ္စိဿန္တိ။

http:\\www.dhammadownload.com



အသဒ္ဓါပိ=သဒ္ဓါတရား မရှိကြတဲ့ ပုဂ္ဂိုလ်များလည်းပဲ။ ဓနလောဘေန=ဥစ္စာ၌ တပ်မက်တဲ့ လောဘဖြင့်။ ဂန္တွာ=သွား၍။ ဓမ္မံ သုတွာ=တရားနာကြရသည်ရှိသော်။ ဒုက္ခတော=ဆင်းရဲဒုက္ခမှ။ မုစ္စိဿန္တိ=လွတ်မြောက်ကြလိမ့်မယ်။

သဒ္ဓါတရား မရှိတဲ့လူတွေလည်းပဲ စိန်တွေ၊ ရွှေတွေ၊ ငွေတွေလိုချင်တာနဲ့ ကျောင်းတော်သွား၊ တရားမှတ်၊ နာပြီးပြီဆိုယင် သံသရာဝဋ်ဒုက္ခက သူတို့ လွတ်ကြမယ်။ သံသရာဝဋ်ဒုက္ခက လွတ်မြောက်ရန်အရေး ရှေးရှုပြီးတော့ သူက ဒီလို ဖိတ်ခေါ်ပါသတဲ့။ ဟာ–သွားလိုက်ကြတာ၊ လူတွေ ဥဒဟိုပဲ။ ဟိုဆင်းရဲသားတွေကတော့ ဘယ်တစ်ဆုပ်ညာတစ်ဆုပ် ယူယူသွားကြတယ်။ ဟို လူချမ်းသာများကတော့ ယူသူလည်း ရှိတယ်။ မယူသူလည်း ရှိတယ်။ ယူသူကလည်း တစ်ဆုပ်ပါ။

## ပတ္တမြားလုံးကြီးကို ခိုးယူသော ပုဏ္ဏား

အဲဒီလိုနဲ့ နောက် ဘုရားကိုယ်တော်မြတ်ရဲ့ ရူပကာယမှ ရွှေရောင်အဆင်း ဝါဝင်းနေတဲ့ ပီတရောင်ခြည်တော်တွေ ရွှန်းရွှန်းဝေနေတယ်။ ဒါကို မြင်တော့ သူစဉ်းစားတယ်။ ဘယ်လိုလဲ။

သတ္ထု သရီရတော သုဝဏ္ဏဝဏ္ဏာယ ပဘာယ သဒ္ဓိံ မဏိပဘာ ဩလောကေန္တာနံ တိတ္တိနာမ န ဘဝိဿတိ။

သတ္ထု=မြတ်စွာဘုရား၏။ သရီရတော ရူပကာယမှ။ သုဝဏ္ဏဝဏ္ဏာယ ပဘာယ=ရွှေရောင်ကဲ့သို့သော ဝါဝင်းသော အရောင်နှင့်။ သဒ္ဓိံ=တကွ။ မဏိပဘာ=ပတ္တမြားရောင်ကို။ ဩလောကေန္တာနံ= ကြည့်ရှုကြကုန်သော တရားနာ ပရိသတ်တို့အား။ တိတ္တိနာမ= ရောင့်ရဲတင်းတိမ်ခြင်းသည်။ နဘဝိဿတိ=မဖြစ်လတ္တံ့။

အေး–ငါအကြံရပြီ။ မြတ်စွာဘုရားရဲ့ ပကတိ ရွှေကိုယ်တော်မှ ထွက်ပေါ်ကွန့်မြူးနေတဲ့ ပီတခေါ်တဲ့ ရွှေရောင်အဆင်းဝါဝင်းသော

http:\\www.dhammadownload.com



ရောင်ခြည်တော်တွေနဲ့ ပတ္တမြားရောင်နဲ့များ ပေါင်းလိုက်ရလို့ ရှိယင်ဖြင့် ဘုရားဖူးလာတဲ့သူတွေ ကြည့်လို့အားမရ၊ မြင်မဝဖူးမဝအောင် ကြည့်ရမှာပဲလို့ ဒီလိုအကြံဖြစ်တယ်။ အဲဒီလို အကြံဖြစ်ပြီးတော့ သခွားသီးလုံးလောက် ရှိတဲ့ ပတ္တမြားကြီးတစ်လုံးကို ဘုရားကိုယ်တော်မြတ်ခြေတော်ချတဲ့အောက်မှာ တစ်ခါတည်း ချထားတယ်။ ပရိသတ်က ကြည့်လိုက်တယ်ဆိုရင် ဘုရားရဲ့ ရူပကာယက ရွှေရောင်နဲ့ ပတ္တမြားက အရောင်နဲ့ ဟပ်ပြီးတော့ အားရတယ်မရှိဘူးတဲ့။ အားမရနိုင်အောင် မတင်းတိမ်နိုင်ဖြစ်တယ်။ ဖူးမြင်ရတာ။ အားလုံးပြီးပြီဆိုတော့မှ သူကျောင်းရေစက်ချတယ်။

ကျောင်းရေစက်ချတဲ့အခါမှာ အခုနင်က ပြောတဲ့ သံဃာပေါင်းခြောက်သန်းနဲ့ ရှစ်သိန်း သံဃာတွေကို ကျောင်းတိုက်အတွင်းမှာပဲ ဆွမ်းကျွေးပြီးတော့ ကိုးလတိုင်တိုင် ကျောင်းတက်ပွဲကြီး ကျင်းပတယ်။ ကိုးလပြည့်တဲ့နေ့ကျတော့မှ တိစီဝရိတ် သပိတ်ပရိက္ခရာ လှူဒါန်းတယ်တဲ့။ တစ်ပါးတစ်ပါးကို အဲဒီလို လှူဒါန်းတဲ့ ကိစ္စ သံဃနဝက=အငယ်ဆုံးသံဃာအား ရတဲ့ ပရိက္ခရာသည် တစ်ထောင်တန်ပါတယ်။

ကျောင်းတက်ပွဲကြီးလည်း ပြီးရော၊ ယူလိုက်ကြတာ လူတွေက တစ်ဆုပ်စီ၊ တစ်ဆုပ်စီ။ ပထမအကြိမ် ကုန်ပြန်၊ ကြဲတယ်။ အင်း– ဒုတိယအကြိမ်၊ ဒီလိုပဲ ကြဲတယ်။ နောက်တော်တော်ကြာတော့ ရက်ရှည်လများ ကုန်ပြန်။ တတိယတစ်ကြိမ် ကြဲတယ်။ ဆင်းရဲသားက ယူ၊ လူချမ်းသာက ယူ၊ နောက် ရက်လ တော်တော်ကြီးကြာတော့ ကုန်ပြန်ရော။ အဲဒီလို သုံးနှစ်လောက်ကြာတဲ့အခါကျတော့ ပုဏ္ဏားတစ်ယောက်က စဉ်းစားတယ်။

သတ္ထု ကိရ ပါဒမူလေ မဟဂ္ဃံ မဏိရတနံ နိက္ခိတ္တံ၊ ဟရိဿာမိ နံ။

သတ္ထု=မြတ်စွာဘုရား၏။ ပါဒမူလေ=ခြေတော်ရင်း၌။ မဟဂ္ဃံ

http:\\www.dhammadownload.com



= အဖိုးအတိုင်း မသိထိုက်သော။ မဏိရတနံ=သန္တာသီးလုံးလောက်ကြီးတဲ့ ပတ္တမြားကြီးကို။ နိက္ခိတ္တံကိရ=ချထားသတဲ့။ နံ=ထို သန္တာသီးလောက်ကြီးတဲ့ ပတ္တမြားကြီးကို။ ဟရိဿာမိ=ငါတော့ ခိုးယူမယ်။

ပုဏ္ဏားက သန္တာသီးလောက်ကြီးတဲ့ ပတ္တမြားကို ငါခိုးမှပဲ အကြံရှိပြီးတော့ တစ်နေ့သွားတယ်။ ကျောင်းတော်ထဲ သွားတယ်။ ကျောင်းတိုက်ထဲ သွားတဲ့အခါကျတော့ ကျောင်းဒကာဖြစ်တဲ့ အပရာဇိတ သေဋ္ဌေးက လည်းပဲ တစ်ထောင့်ကနေပြီးတော့ သူက ဘုရားနဲ့ တရားနာပရိသတ်ကို သူ့ကျောင်းနဲ့ ပန်းရတာ ကြည်ညိုပြီး ကျောင်းက ပြန်တယ်မှ မရှိဘဲ အမြဲ ကြည့်နေတယ်။ ပုဏ္ဏားကြီးဝင်ပြီး ဘုရားရှိခိုးတော့ တကတည်း သူတကာထက် ထူးပြီးတော့ ဘုရားကြည်ညိုသလို နဖူးနဲ့ ဟုတ်လား။ ဘုရားကိုယ်တော်မြတ်ရဲ့ ဖမိုးတော်နဲ့ ပွတ်ပွတ်ပြီး ရှိခိုးတယ်။

အပရာဇိတသေဋ္ဌေးက စဉ်းစားတယ်။ ကေန္တ ဒီပုဏ္ဏား ဟောဟို ပတ္တမြားကြီး ယူချင်လို့ပဲ။ "အဟောဝတ န ဂဏှေယျ=မယူရင်တော့ ကောင်းမှာပဲ" အပရာဇိတသေဋ္ဌေးက ဒီပတ္တမြားကြီး ဒီပုဏ္ဏား မခိုးယူယင် ကောင်းမှာပဲလို့ အကြံဖြစ်တယ်။ စိတ်ထဲက။

ဒါပေမယ့် ပုဏ္ဏားက ဘုရားရဲ့ ခြေတော်ရင်း သွားပြီးတော့ တစ်ခါတည်း နဖူးနဲ့ ဖမိုးတော်နဲ့ ပွတ်ပွတ်ပြီးတော့ ပွတ်ရင်းကနေပြီးတော့ ပတ္တမြားတုံးကြီးကို တစ်ခါတည်း ဘာမပြောနဲ့ ခါးပိုက်ထဲ ထည့်လိုက်တယ်။ ကျောင်းဒကာ အပရာဇိတသေဋ္ဌေးပဲ မြင်တယ်။ ဒီ့ပြင်သူ ဘယ်သူမှ မမြင်ဘူး။ ကျောင်းဒကာက မခံနိုင်ဘူး။ အကုသိုလ်မဖြစ်ချင်လို့ ပြောပါတဲ့ဥစ္စာ။ အကြံဖြစ်ပါတဲ့ဥစ္စာ။ တစ်ခါတည်း မဖြစ်ချင်တာ ဖြစ်ရအောင် ဖြစ်တော့ ဖြုန်းဆို ဘုရားရှေ့သွားတယ်။ ခိုးထုပ်ခိုးထည်နဲ့ ဟိုပုဏ္ဏားတော့ မိတယ်။ ဘာလျှောက်သလဲ ဆိုတော့-

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ မယာ=တပည့်တော်သည်။ တိက္ခတ္တုံ

http:\\www.dhammadownload.com



=သုံးကြိမ်တိုင်အောင်။ ဂန္ဓကုဋိံ ပရိက္ခိပိတွာ=ဂန္ဓကုဋီ ကျောင်းတိုက်ကြီးကို ဝန်းရံ၍ သတ္တရတနာနိ=ရတနာခုနစ်ပါးတို့ကို။ ဇဏ္ဏုမတ္တေန ဩမိနာ=ပဆစ်ဒူးမြုပ်လောက်သော အပိုင်းအခြားအားဖြင့် ဩကိဏ္ဏာနိ=ကြဲဖြန့်အပ်ခဲ့ပါကုန်ပြီဘုရား။

တာနိ=ထိုရတနာတို့ကို။ ဂဏှန္တေသု=ဆင်းရဲချမ်းသာမရွေး လူများ ကောက်ယူကြကုန်သည်ရှိသော်။ တေသု=ထိုကောက်ယူကြတဲ့ သူတို့၌။ အာဃာတောနာမ=စိတ်မကြည်ချမ်းမည်သည်။ နာဟောသိ= တပည့်တော်အား မဖြစ်ခဲ့ပါ။ စိတ္တံ=တပည့်တော်ရဲ့စိတ်သည်။ ဘိယျော ဘိယျောပသီဒိယေဝ=တိုး၍တိုး၍သာလျှင် သဒ္ဓါရွှမ်းစို ကြည်ညိုခဲ့ပါ သည်ဘုရား။

သူတို့ယူလေ တပည့်တော် သဒ္ဓါတရားတွေ တိုး၍ တိုး၍ ဖြစ်ပါ တယ်။

အဇ္ဇ ပန=ယနေ့မှာတော့။ အဟောဝတာယံ ဗြာဟ္မဏောမဏိံ န ဂဏှေယျ=သြော် ဒီပုဏ္ဏားကြီး သခွားသီးလောက် ကြီးတဲ့ ပတ္တမြား ကြီးကို မခိုးယင် ကောင်းမှာပဲလို့။ စိန္တေတွာ=တပည့်တော်စိတ်ထဲက ကြံ စည်ထားပါလျက်။ တသ္မိံ=ထိုပုဏ္ဏားကြီးသည်။ မဏိံ=ပတ္တမြားရတနာ ကို။ အာဒါယ=ယူဆောင်၍။ ဂတေ=ဟန်မပျက် ပန်မပျက် ဘုရားထံမှ ထသွားလတ်သည်ရှိသော်။ မယှံ=တပည့်တော်၏ စိတ္တံ=စိတ်ကို။ ပသာ ဒေတုံ=ကြည်လင်စေခြင်းငှာ။ နာသက္ခိံ=မစွမ်းနိုင်ပါဘုရား။

ဟိုရက်တုန်းက ပဆစ်ဒူးမြုပ်အောင် သုံးကြိမ်ကြဲခဲ့တဲ့ ရတနာတွေ ယူတုန်းက ယူလေ ဝမ်းသာလေ၊ ယူလေ ဝမ်းသာလေ ဖြစ်ပါတယ်။ တပည့်တော် ဒီပုဏ္ဏားကြီးလာကတည်းက ပတ္တမြားခိုးချင်လို့ လာတာပဲ ဆိုပြီး တပည့်တော်စိတ်က ဒီပတ္တမြားကြီး မယူပါစေနဲ့လို့ ဒီလို ကြံပါ လျက်ကနဲ့ သူက ယူသွားတော့ တပည့်တော်စိတ်ကို ဘုရား–တဲ့။ သဒ္ဓါ

http:\\www.dhammadownload.com



တရားထားလို့လည်း မဖြစ်နိုင်ပါဘူးလို့ လျှောက်တယ်။

ဒီတော့ မြတ်စွာဘုရားက–

နနု ဥပါသက အတ္တနော သန္တကံ ပရေဟိ အနာဟရဏီယံ ကာတုံ သက္ကောသိ။

ဥပါသက=ကျောင်းဒါယကာ။ အတ္တနော သန္တကံ=မိမိဥစ္စာကို။ ပရေဟိ=သူတစ်ပါးတို့သည်။ အနာဟရဏီယံ=မခိုးမယူနိုင်အောင်။ ကာတုံ=ပြုခြင်းငှာ။ သက္ကောသိ နနု=စွမ်းနိုင်သည် မဟုတ်ပါလော။

ကျောင်းဒကာနယ်နော်။ အသိဉာဏ် နည်းရာလည်း ရောက်တယ်။ ကိုယ့်ဥစ္စာကို ဘယ်ရေ ဘယ်မီး ဘယ်မင်း ဘယ်ခိုးသူ၊ ဘယ်မချစ်မနှစ်သက်တဲ့ အမွေခံဆိုး၊ ဘယ်ရန်သူမှ မခိုးယူနိုင်အောင်၊ မထိန်းသိမ်းနိုင်အောင် ပြုလုပ်နိုင်တဲ့ နည်းလမ်းရှိတယ်။ မဟုတ်လားတဲ့။ ဒါလောက်ပဲ ပြောတယ်။ မြတ်စွာဘုရားက–

ဒီလို နည်းပေးလိုက်တယ်ဆိုယင်ပဲ ပါရမီရှင် လူပါးဖြစ်တော့–

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ အဇ္ဇအာဒိံကတွာ=ယနေ့က အစပြု၍။ မမ သန္တကံ=တပည့်တော်ဥစ္စာကို။ ဒသိကသုတ္တမတ္တမ္ပိ=ချည်မျှင်အမြိတ်အဆာကလေးကိုမှလည်း။ မံ တပည့်တော်ကို။ အဘိဘဝိတွာ=လွှမ်းမိုး၍။ အနေကသတာပိ=ရာပေါင်းများစွာလည်း ဖြစ်ကုန်သော။ ရာဇာနော ဝါ=မင်းတို့သည်လည်းကောင်း။ စောရာဝါ=ခိုးသူတို့သည်လည်းကောင်း။ ဂဏှိတုံ=ခိုးယူခြင်းငှာ။ သမတ္ထာနာမ=စွမ်းနိုင်သောမည်သည်။ မာဟောန္တု=မဖြစ်ပါကုန်စေသားဘုရား။

ယနေ့ကစပြီးတော့ တပည့်တော်ပိုင်တဲ့ ဥစ္စာဖြစ်လို့ရှိရင် ချည်မျှင်အမြိတ်ကလေးက စပြီးတော့ အရာအထောင်သော မင်းများ၊ အရာအထောင်သော ခိုးသားများ၊ တပည့်တော်ကို လွှမ်းမိုးနှိပ်စက် အနိုင်ကျင့်ပြီးတော့ တပည့်တော်ကသာ မကျေနပ်ဘဲသာဖြင့် အရာမကသော မင်း၊

http:\\www.dhammadownload.com



အရာမကသော ခိုးသူတို့ တပည့်တော်ပိုင်တဲ့ပစ္စည်းကို မသိမ်းဆည်း မခိုးယူနိုင်ကြပါစေသားလို့ ဆိုတောင်းတယ်။

အဂ္ဂိနာပိ မမ သန္တကံ မာ ဍယှတု။

မမ သန္တကံ=တပည့်တော်ပိုင်တဲ့ ဥစ္စာကို။ အဂ္ဂိနာဝါ=မီးဖြင့်လည်းပဲ။ မာ ဍယှတု=မလောင်ပါစေသား။

ဥဒကေနပိ မာ ဝုယှတု။

ဥဒကေနပိ=ရေဖြင့်လည်းပဲ။ မာဝုယှတု=မမျှောပါစေသား။

ဧဝံ ဟောတု=သင်ဒါယကာ တောင်းတဲ့အတိုင်း ဆုပြည့်ပါစေလို့။

ဘုရားသဗ္ဗညု ဆုပေးတဲ့ အစီအရင်ဖြင့် ဤတစ်ဘဝလုံး ကုသိုလ်ကောင်းမှုပြုပြီးတော့ အပရာဇိတသေဋ္ဌေးသည် ထိုဘဝမှ စုတေ၊ တာဝတိံသာ နတ်ပြည်ရောက်၊ အဲဒီကစပြီးတော့ ကိုးဆယ်နဲ့ တစ်ကမ္ဘာ ရှည်မြင့်ကြာအောင် အပါယ်လေးပါး တစ်ကြိမ်တစ်ခါမျှ မလားရဘဲ လူ့ရပ် နတ်ရွာ လူ့ချမ်းသာ နတ်ချမ်းသာကို အကြိမ်ကြိမ်တောင်းခဲ့တဲ့အတိုင်း ကိုးဆယ့်တစ်ကမ္ဘာ ကြာအောင် သံသရာထဲမှာ လည်ခဲ့တာ။ လူ့စည်းစိမ်၊ နတ်စည်းစိမ်တွေကို ခံစားပြီးလို့ ဒီဘုရားသာသနာခေတ်ရောက်သကာလ ထို အပရာဇိတ သေဋ္ဌေးသည် (သေဋ္ဌေးဘဝက လာခဲ့တဲ့ နတ်သား) ရာဇဂြိုဟ်ပြည်သေဋ္ဌေးရဲ့ သေဋ္ဌေးကတော်ကြီး ကြာတိုက်ဝမ်း ငြိမ်းချမ်းသန္ဓေ ကိန်းစံနေခဲ့၍ ကိုးလခွဲအကြာ ဖွားမြင်ရ၊ ဖွားမြောက်သန့်စင်ယင်ပဲ ရာဇဂြိုဟ်တစ်ပြည်လုံးမှာ ရှိတဲ့ လက်နက်တွေဟာ ဟုန်း ဟုန်း ဟုန်း ဟုန်း နဲ့ အလျှံတွေ ထတောက်တယ်။ လူတိုင်း လူတိုင်း ဝတ်ထားတဲ့ စိန်တွေ ရွှေတွေကလည်းပဲ မီးတောက်မီးလျှံကြီး ထပြီးတော့ တောက်တယ်။ အလျှံတွေထွက်တယ်။

ရာဇဂြိုဟ်ပြည်ကြီး တစ်ပြည်လုံးဟာဖြင့် အဲဒီနေ့မှာပေါ့လေ။

http:\\www.dhammadownload.com



တစ်ခါတည်း အလျှံတပြောင်ပြောင် ဖြစ်နေတယ်။ ဒီက ကျောင်းဒကာ ဗိမ္ဗိသာရမင်းတရားစိတ်ထဲမှာ မချမ်းသာဘူး။ ဘယ်လိုဖြစ်မှာပါလိမ့်။ တကတည်း လက်နက်တွေက အလိုလိုထပြီး မီးတောက်တယ်။ လူတွေ လက်မှာ၊ နားမှာ၊ ခြေမှာဝတ်ထားတဲ့ အဆင်တန်ဆာတွေကလည်း အလျှံတွေ ထွက်လို့။ ဘာဖြစ်မလို့ပါလိမ့်။ စိတ်ထဲ ပူပြီးနေရာက တော်တော်ကြာတော့ ဒီသူငယ်ရဲ့ ဖခင် ရာဇဂြိုဟ်သေဋ္ဌေးကြီး ဗိမ္ဗိသာရမင်းထံ သွားရောက်ခစားလို့ ရှေ့တော်မှောက် ရောက်သကာလ ဗိမ္ဗိသာရမင်း တရားကြီးက-

အဇ္ဇ သဗ္ဗာဝုဓာနိ ပဇ္ဇလိံသု။

မဟာသေဋ္ဌိ=သေဋ္ဌေးကြီး။ အဇ္ဇ=ယနေ့။ သဗ္ဗာဝုဓာနိ=အလုံးစုံသော လက်နက်တို့သည်။ ပဇ္ဇလိံသု=အလျှံတပြောင်ပြောင် တောက်လောင်၍ နေကြကုန်၏။

နဂရံ=မြို့တစ်မြို့လုံး။ ဧက ပဇ္ဇောတံ=တခဲနက် အလျှံကြီး တောက်၍ နေသည်။ ဇာတံ=ဖြစ်ခဲ့လေပြီ။

ဇာနာသိ နုခေါ တ္တေ ကာရဏံ။

တ္တေ=ဤသို့ အလျှံတပြောင်ပြောင် တောက်လောင်စွာနှင့်။ ကာရဏံ=အကြောင်းကို။ ဇာနာသိ နုခေါ=သင်သိရဲ့လား။

သေဋ္ဌေးဆိုတာ ငွေသာ ချမ်းသာရတာ မဟုတ်ဘူး။ သူ့ဟာက ဉာဏ်ပညာလည်း ရှိရသေးတယ်။ ဒီမှာ အကြောင်းဘာရယ်လို့ သေဋ္ဌေးကြီး သိရဲ့လား။

ဇာနာမိ ဒေဝ=သိပါတယ် အရှင်မင်းကြီး။

ကိံ သေဋ္ဌိ=ဒါဖြင့်ယင် အကြောင်းက ဘယ်လိုလဲ သေဋ္ဌေးကြီးဆိုတော့-

http:\\www.dhammadownload.com



မမ ဂေဟေ တုမှာကံ ဒါသော ဇာတော။ တဿ ပုညတေဇေန ဇဝံ အဟောသိ။

ဒေဝ=သမ္မုတိနတ် အို-မင်းမြတ်။ မမ ဂေဟေ=ကျွန်တော်မျိုး၏ အိမ်၌။ တုမှာကံ=သင်မင်းကြီးတို့၏။ ဒါသော= ကျွန်တစ်ယောက်သည်။ ဇာတော=မွေးဖွားခဲ့ပြီ။

တဿ=ထိုသူငယ်၏။ ပုညတေဇေန=ကောင်းမှုရှိန်စော် အာနုဘော်ကြောင့်။ ဇဝံ အဟောသိ=ဤလိုဖြစ်တာပါ။

ကြောက်စရာ မလိုပါဘူး။ ဒီသူငယ်ရဲ့ ကောင်းမှုရှိန်စော် အာနုဘော်ကြောင့် ဒီလိုဖြစ်တာပါ။

ကိံ နုခေါ စောရော ဘဝိဿတိ။

ကိံ နုခေါ=အသို့နည်း။ စောရော=ခိုးသူသည်။ ဘဝိဿတိ=ဖြစ်များနေမလား။

ဘာဖြစ်လို့တုံးဆိုတော့ ဟိံသကဆိုတာ ကြည့်ပါလား။ သာဝတ္ထိပြည် ဟိံသက မွေးတော့ လက်နက်တွေက ထမီးတောက်တယ် ပြောတယ်။ နောက်ကျတော့ သာဝတ္ထိပြည် ပျက်ခမန်းပဲ။ အဲဒီတော့ အခုလည်းပဲ မွေးပြန်ပြီ။ လက်နက်တွေ တောက်ပြန်ပြီ။ ကြီးယင် ဟိံသကလို သူခိုးလူဆိုးကြီးများ ဖြစ်မလား သေချေးလို့ဆိုတော့-

နတ္ထေ'တံ ဒေဝ=သူခိုးမဖြစ်ပါဘူးဘုရား။

ပုညဝါသတ္တောက တာဘိနီဟာရော။ အခု ကျွန်ုပ်အိမ်မှာလာပြီး လူဖြစ်တဲ့ကလေးဟာ ဘုန်းရှိတဲ့ပုဂ္ဂိုလ်ဟုတ်လား။ အဓိကရ ကောင်းမှုကုသိုလ်တွေ ပြုလာတဲ့ ပုဂ္ဂိုလ်ပါ။ မစိုးရိမ်ပါနဲ့။ ဒီတော့ မင်းတရားက ဘာပြောသလဲ။

တေနဟိ နံ သမ္မာ ပေါသေတုံ ဝဋ္ဋတိ။

http:\\www.dhammadownload.com



တေနပဟိ=သို့တပြီးကား။ နံ=ထိုသူငယ်ကို။ သမ္မာ=ကောင်းစွာ။ ပေါသေတုံ=မွေးမြူခြင်းငှာ။ ဝဋ္ဋတိ=သင့်၏

ဣဒံမဿ ခီရ မူလံ ဟောတု။

ဣဒံ=ဤငွေတစ်ထောင်သည်။ အဿ=ထိုသူငယ်အတွက်။ ခီရမူလံ=တစ်နေ့စာ နို့ဖိုးသည်။ ဟောတု=ဖြစ်စေ။

ဗိမ္ဗိသာရမင်းတရားက တစ်နေ့တစ်နေ့ ထိုသူငယ်ကို နို့ဖိုးဆိုပြီး တစ်ထောင်တစ်ထောင် ပို့စေတယ်။ ဘယ်လောက်ချမ်းသာလိုက်သလဲ။

သူ့ကို အမည်မှည့်တဲ့နေ့ကျတော့–

သ က လ နဂရဿ ဧကပဇ္ဇောတ ဘုတတ္တာ–ဇောတိကော တွေဝ နာမံကရိံသု အဋ္ဌကထာက။

တစ်မြို့လုံး အလျှံတပြောင်ပြောင် တောက်လောင်လာတဲ့ အတွက် ထိုသူငယ်ကို "ဇောတိက"လို့ နာမည်ပေးတယ်တဲ့။

ကိုးဆယ့်တစ်ကမ္ဘာ အပယ်မလားဘဲနဲ့ သံသရာကြီးမှာ သူဆုတောင်းတဲ့အတိုင်း လူချမ်းသာ နတ်ချမ်းသာ မြိန်မြိန်ရှက်ရှက်ကြီး ခံစားပြီးပြီ။ အခု နောက်ဆုံးဘဝမှာ ဝဝကြီးခံစား၍ လုလုကြီး နိဗ္ဗာန်ဝင်မယ့် ဘဝဖြစ်တော့ တစ်ဆယ့်ခြောက်နှစ်အရွယ်မြောက်ရောက်။ ဖခင်သေဋ္ဌေးကြီးက ငါ့သားအရွယ်ရောက်ပြီ။ ဒီတော့ ငါ့သားအတွက် အိမ်တစ်ဆောင်မီးတစ်ပြောင်နဲ့ ထားဖို့တော်ပြီ။ ငါ့သားနဲ့ သင့်တော်မယ့် အိမ်နေရာရွေးကြစမ်းဆိုတော့ သေဋ္ဌေးကြီးရဲ့ ကျေးတွေကျွန်တွေ ဗာရာဏသီမြို့ထဲ လှည့်ပြီးသကာလ အိမ်နေရာ ရှာကြတယ်။

ထို့အတူ သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ ပူနွေးသော အခြင်းအရာ ပြတယ်။ သိကြားမင်းက –ကိံ နု ခေါ ဣဒံ=ဒါ ဘာပါလိမ့်။

ပဏ္ဍုကမ္ဗလာ ပူနွေးသောအခြင်းအရာ ပြတာ အကြောင်းဘာပါ

http:\\www.dhammadownload.com



လိမ့်။ စဉ်းစားတော့-

ဇောတိကဿ ဂေဟဋ္ဌာနံ ဂဏှန္တိ။

ဇောတိကဿ=ဇောတိကအတွက်။ ဂေဟဋ္ဌာနံ=နေဖို့ရန် အိမ်နေရာကို။ ဂဏှန္တိ=ယူလတ်ပြုပြင်ယူလတ်ရှာနေကြတယ်။

ဇောတိကအတွက် အိမ်နေရာ ရှာနေကြသကိုလို့ သိလည်းပြီးရော ချက်ချင်းသွားတယ်။

နာယံ ဧတေဟိ ကတဂေဟေ ဝသိဿတိ။

အယံ=ဤဇောတိကဆိုတဲ့ သူငယ်ဟာ။ ဧတေဟိ=ထိုသူတို့က။ ကတဂေဟေ=ဆောက်လုပ်တဲ့အိမ်၌။ န ဝသိဿတိ=နေလိမ့်မည်မဟုတ်။

မယာ ပေတ္ထ ဂန္တုံ ဝဋ္ဋတိ။

မယာ=ငါကိုယ်တိုင်။ ဧတ္ထ=ဤအရပ်သို့။ ဂန္တုံ=သွားခြင်းငှာ။ ဝဋ္ဋတိ=သင့်၏။

ငါကိုယ်တိုင် ထိုအရပ်သွားမှ တော်မယ်။ ဒီလိုအကြံဖြစ်ပြီး ခဏအတွင်း လက်သမားတစ်ယောက်ဟန် ဖန်ဆင်း၍ ထိုသူတို့ နေရာရှာတဲ့ အနားမှာ ဘွားခနဲ ပေါ်လာပြီးတော့ "ကိံ ကရောထ"။

မောင်တို့ ဘာလုပ်ကြသလဲ။ လက်သမားဆရာကြီးက-

ဇောတိကဿ ဂေဟဋ္ဌာနံ ဂဏှာမ=ဇောတိကသေဌ္ဌေးသား အတွက် အိမ်နေရာ ရှာတာပါဆရာကြီးလို့ ဆိုတော့-

နာယံ တုမှေဟိ ကတဂေဟေ ဝသိဿတိ။

အယံ=ဤဇောတိကသည်။ တုမှေဟိ=မောင်တို့၏။ ကတ ဂေဟေ=ဆောက်လုပ်တဲ့အိမ်၌။ န ဝသိဿတိ=နေလိမ့်မည်မဟုတ်။

ကျုပ်ဆောက်တဲ့အိမ်မှ နေမှာတဲ့။ ခင်ဗျားတို့ဆောက်တဲ့အိမ် နေ

http:\\www.dhammadownload.com



မှာမဟုတ်ဘူး။ လက်သမားယောင်ဆောင်ထားတဲ့ သိကြားမင်းက လက်ပိုက်ကြည့်ပြီးတော့ စိမ်းစိမ်းမြေပြင်ကို ကြည့်လိုက်တယ်။

ဆယ့်ခြောက်မင်းပယ် ဆိုတဲ့အရပ်။ တစ်ဝန်းလုံးမှာ ကသိုဏ်းဝန်းအပြင်လို တစ်ခါတည်း ကြည့်တာနဲ့ ဟိုမှာ တလင်းကြီးလိုဖြစ်နေတယ်။ ကသိုဏ်းဝန်းကြီးလိုပါပဲတဲ့။ မြေမျက်နှာပြင်ကို တစ်ခါတည်း ဘယ်လောက်ကျယ်လိုက်သလဲဆိုတော့ ဆယ့်ခြောက်မင်းပယ်တဲ့။

မင်းပယ်နဲ့ ပတ်သက်ပြီးသကာလ သုံးဆယ်နဲ့ နှစ်လက်မကို နယ်ဖွဲ့လိုက်တော့ တစ်တောင်လို့ ခေါ်ပါတယ်။ အဲဒီအတောင်ကို ခုနစ်တောင်ကို တစ်တာ၊ အဲဒီ တာပေါင်းနှစ်ဆယ်မှ တစ်ကြိုး၊ အဲဒီ ဆယ်ကြိုးဟုတ်လား။ အရှေ့အနောက် တစ်ကြိုး၊ တောင်မြောက် တစ်ကြိုးဆိုယင်-

ကိုးခန်း စတုရန်း တာဝန်း ရှစ်ဆယ် နယ်တစ်ပယ်လို့ ဆိုတဲ့အတိုင်း နယ်ဖွဲ့တောင်ဖြင့် ခုနစ်တောင် တစ်တာ၊ တာနှစ်ဆယ်ကို တစ်ကြိုး၊ အဲဒီကြိုးမျိုး ဟုတ်သလား။

သွားလိုက်၊ အရှေ့-အနောက် ဆယ့်ခြောက်ကြိုး တောင်မြောက် ဆယ့်ခြောက်ကြိုး=အဲဒီဆယ့်ခြောက်မင်းနယ်ပယ်အတွင်းမှာဖြင့် လေတဟူးဟူးနဲ့ မြေမျက်နှာပြင်ကြီးတစ်ခါတည်း ဖြစ်နေတယ်။ ဟာ-ဒီအနားရှိတဲ့ လူတွေ အကုန်လုံး အံ့အားသင့်နေတယ်။ ဘယ့်နှယ်မှ မလုပ်ရဘဲနဲ့ အလုပ်သမားတွေ ဘာမှမခေါ်ဘဲနဲ့ တစ်ယောက်တည်း လက်ပိုက်ပြီးတော့ မှော်ဆရာကြီးလို နေမှာပေါ့။ စိမ်းစိမ်း တစ်ခါတည်း ကြည့်နေတယ်။

ဣမသ္မိံဒြာနေ ပထဝိံဘိန္ဒိတွာ သတ္တရတနမယော သတ္တဘူမိကပါသာဒေါ ဥဋ္ဌဟတု။

ဣမသ္မိံဒြာနေ=ဤအရပ်၌။ ပထဝိံဘိန္ဒိတွာ=မဟာပထဝီမြေကြီးကို ဖောက်ခွဲပြီးသကာလ။ သတ္တရတနမယော=ရတနာ ခုနစ်ပါးဖြင့် ပြီး

http:\\www.dhammadownload.com



သော။ သတ္တဘူမိကပါသာဒေါ=ဘုံခုနစ်ဆင့် ခုနစ်ထပ် ရှိတဲ့ ပြာသာဒ်ကြီးသည်၊ ဥဋ္ဌဟတု=ပေါ်ပါစေသား...။

လို့ သိကြားက အဓိဋ္ဌာန်ပြုလိုက်လျှင်ပဲ မြေထဲက ဘွားခနဲ ဒီဘုံခုနစ်ထပ်ရှိတဲ့ ပြာသာဒ်ကြီး ရတနာပြာသာဒ်ကြီး ပေါ်လာတယ်။

ကောင်းမှုကုသိုလ်ရဲ့ အရှိန်အစော်ကိုပေါ့လေ။ ကောင်းမှုကုသိုလ်ဆိုတာ ဒါဖြစ်ရမယ်။

ကမ္မဝိသယော ဘိက္ခဝေ အစိန္တိယော။

ဒီကောင်းတဲ့နေရာမှာ ဒီလိုဖြစ်နိုင်ပါ့မလားလို့- ဟုတ်လား။ မကြံနိုင်တာဖြစ်သလိုပဲ။ မကောင်းတဲ့ အကုသိုလ်ဖြစ်ယင်လည်း မကြံနိုင်လောက်အောင် အကုသိုလ်က အင်း မယုံနိုင်လောက်အောင် တန်းတန်းစွဲ အကျိုးပေးတတ်ပါတယ်။ ဘဝသံသရာ မဆုံးသေးဘဲ သွားကြရင်တော့ အကုသိုလ်ဆန်းဆန်းကြယ်ကြယ် အကျိုးပေးတာကိုလည်း တွေ့ရမှာပ။ ကုသိုလ်ဆန်းဆန်းကြယ်ကြယ် အကျိုးပေးတာကိုလည်း တွေ့ရမှာပ။

ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ကြီး ဘွားခနဲ ပေါ်တယ်။ ရတနာပြာသာဒ်ကြီး ပေါ်လို့ပြီးယင်ပဲ-

ဣမံ ပရိက္ခိပိတွာ သတ္တရတနမယာ သတ္တပါကာရာ ဥဋ္ဌဟန္တု။

ဣမံ=ဤရတနာပြာသာဒ်ကြီးကို။ ပရိက္ခိပိတွာ=ဝန်းရံ၍။ သတ္တရတနမယာ=ရတနာခုနစ်ပါးဖြင့် ပြီးကုန်သော။ သတ္တပါကာရာ=တံတိုင်းကြီး ခုနစ်ထပ်တို့သည်။ ဥဋ္ဌဟန္တု=မြေမှထပေါ်ပါစေကုန်သား။

ပြာသာဒ်ကြီး ဖန်ဆင်းပြီးတော့ ဤဘုံခုနစ်ဆင့် ရှိတဲ့ ပြာသာဒ်ကြီးကို ဝန်းရံ၍ ရတနာခုနစ်ပါးဖြင့် ပြီးတဲ့ တံတိုင်းကြီး ခုနစ်ထပ် မြေမှ ပေါက်ဖွား ဘွားခနဲ ပေါ်ပါစေသား။ ပေါ်လာတယ်။ ပေါ်ပြီးတော့မှ-

ဣမေသံ ပရိယန္တေ ကပ္ပရုက္ခာ ဥဋ္ဌဟန္တု။

http:\\www.dhammadownload.com



ဣမေသံ=ဤရတနာတံတိုင်းတို့၏။ ပရိယန္တေ=အစွန်အဖျား အနားတို့၌။ ကပ္ပရုက္ခာ=အသီးမျိုးစုံ ပဒေသာပင်တို့သည်။ ဥဋ္ဌဟန္တု=ပေါ် ပေါက်ပါစေ။

သိကြားက ဒီလိုပဲ အဓိဋ္ဌာန်တယ်။ အဓိဋ္ဌာန်တဲ့အတိုင်းပဲ ပေါ်တယ်။

ပါသာဒဿ စတူသု ကဏ္ဏေသု စတဿောနိဓိကုမ္ဘိယော ဥဋ္ဌဟန္တု။

ရတနာပြာသာဒ်ကြီးရဲ့ လေးထောင့်ကနေပြီးသကာလ ရတနာ အိုးကြီးလေးမျိုး ပေါ်ပါစေသား။ အဓိဋ္ဌာန်လိုက်တယ်။ ပေါ်တယ်။ တစ် အိုးက တစ်ယူဇနာကျယ်တယ်။ တစ်အိုးက သုံးဂါဝုတ်၊ တစ်အိုးက နှစ် ဂါဝုတ်၊ တစ်အိုးက တစ်ဂါဝုတ်၊ အဲဒီလို ကျယ်တဲ့ ရတနာအိုးကြီး လေးအိုး ပေါ်တယ်။

အဲ...သိကြားကတောင်မှ နောက်တော့ မဓိဋ္ဌာန်ရတော့ဘူး။ ကံ က အကျိုးပေးချိန်ကျတော့ ကြည့်ရင်းကြည့်ရင်းပဲ ဒီရတနာပြာသာဒ်ကြီး ရဲ့ လေးထောင့်မှာ ရွှေကြံပင်ကြီးတွေ တကတည်း ထန်းပင်အမြင့်လိုပေါ့ လေ။ ဟို ထန်းပင်ပျိုလေးလို လုံးပတ်အားဖြင့် ကိုးလက်မ၊ တစ်ပေ လောက်ရှိမယ့် ရွှေကြံပင်ကြီးလေးပင် ပေါက်လာတယ်။ ပေါ်လာတယ်။

ဒါက ဘာလဲဆိုတော့ ဟိုတုန်းက ကြံရည်လှူခဲ့တဲ့ ကောင်းမှု သိသာအောင်နဲ့တူတယ်ပေါ့။

ဇောတိကမှာ ရတနာပြာသာဒ်ကြီး ပေါက်သတဲ့ဆိုတဲ့သတင်း တစ်မဟုတ်ချင်း မြို့တွင်းပျံ့နှံ့သွားတယ်။ ဗိမ္ဗိသာရမင်းတရား ရွှေနား တော်ကြားတော့ သေဋ္ဌေးထီးဖြူ တစ်ခါတည်း ပို့ပေးလိုက်တယ်။ ဇောတိကသေဋ္ဌေးခန့်တယ်။ မင်းဆိုတာ ဒီလိုချမ်းသာတဲ့ ပုဂ္ဂိုလ်ကို လက် ကိုင်ပြုရတယ်။ ချမ်းသာတဲ့ပုဂ္ဂိုလ်ကို လက်ကိုင်ပြုမှ အဲဒီ ချမ်းသာတဲ့

http:\\www.dhammadownload.com



ပုဂ္ဂိုလ်သည် တိုင်းပြည်ရဲ့ ဝမ်း၊ ပြည်ရဲ့ဝမ်းတွေ၊ ဆင်းရဲတဲ့ပုဂ္ဂိုလ်တွေက ပြည့်လက် ပြည့်ခြေတွေ။ ဒါကြောင့် ပြည့်ခြေဖြစ်တဲ့ ဆင်းရဲတဲ့ပုဂ္ဂိုလ်တွေကိုလည်း ပြန်ကြည့်ရတယ်။ ပြည့်ရဲ့ ဝမ်းရေးဖြစ်တဲ့ ဒီလိုသေဌေးများနဲ့ ဘယ်သူကမှသွားပြီး ရာထူးမတောင်းရဘူး။

ဗိမ္ဗိသာရမင်းတရားဘယ်လောက် ခေတ်မီသလဲလို့ ဟောဇောတိကပြာသာဒ်ကြီး ပေါက်သတဲ့ဆိုရင်ပဲ တစ်ခါတည်း ဟိုက သေဌေးထီးဖြူပို့လိုက်တယ်။ သေဌေးရာထူးခန့်တယ်ဆိုပြီးတော့ တစ်ခါတည်း ဇောတိကသေဌေးဖြစ်တယ်။ သူ့ပို့တဲ့ ထီးဖြူက ဘာပြောလောက်မလဲ ဟင်။ သေဌေးအနေနဲ့ ကြည့်ရင် မြေတွေက ရတနာမြေတွေ။

အေး...ရှေးက ဟိုအပရာဇိတသေဌေးဘဝတုန်းက ကုသိုလ်ကောင်းမှုပြုဖော်ပြုဖက်ဖြစ်တဲ့ ကြင်ယာက ထိုအချိန်မှာ ဥတ္တရကုရုကျွန်းမှာ သွားပြီးတော့ လူဖြစ်နေတယ်။ ကောင်းမှုကုသိုလ် အတူပြုဖော် ဒါနသဟာယိကာ ကြင်ယာတော်ကို ဥတ္တရကုရုကျွန်းက နေပြီး နတ်တွေက ယူဆောင်ပြီးတော့ ပို့ပေးရတယ်။ ဒါကို သီချင်းရေးဆရာတွေက “အတုလကာယီ”လို့ ရေးတယ်။ စာထဲကတော့ “သ တုလကာယီ”တဲ့။ “အ”မဟုတ်ဘူး။ သ–သ–သ။ ခပ်သွက်သွက် ဖတ်ချင်ရင်လည်းပဲ သတုလကာယီ ဖတ်ယင်ဖတ်ပေါ့။ အတုလကာယီတော့ မဟုတ်ဘူး။

(အတုလကာယီပါပဲကွာ။ အတုလ–က အတုမရှိတဲ့ ကာယီက ရုပ်လှတဲ့ မိန်းမ၊ အတုမရှိ ရုပ်လှတဲ့ အမျိုးသမီးလို့ ဒီလို အဓိပ္ပါယ်ယူပြီး အတုလကာယီလို့ ရေးကုန်ကြတယ်။)

သတုလကာယီတဲ့။ နာမည်ကတော့။ မြောက်ကျွန်းသူ။ သူ့မှာ ဘာပါလာသလဲဆိုတော့ ဆန်နို့ဆီနှစ်ဘူးပါတယ်။ ပြီးတော့ ဇောတိကခေါ်တဲ့ ကျောက်သုံးလုံးပါတယ်။ ဒါပဲ သူ့မှာရှိတယ်။ အဲဒါနဲ့ သူက စားချိန်ကျတော့ ဒီ ကျောက်ကလေးသုံးလုံး ခင်းပြီးတော့ ဒီအပေါ် အိုး

http:\\www.dhammadownload.com



တင်ပြီးတော့ ဆန်ကလေးနည်းနည်း ထည့်လိုက်ရင် အိုးပြည့်လာတယ်။ ဒီအိုးမှာပဲ အချို အချဉ် အစပ် အငန် အဖန် အခါး အရသာ အကုန်ပါတယ်။ အဲဒီသဘော ရှိတယ်။ သူဟာ ဘုန်းရှင်ကံရှင်။

ကျောက်သုံးလုံးနဲ့ ဆန်တစ်ပြည်နဲ့ပဲ ဒီဇမ္ဗူဒီပါတစ်ကျွန်းလုံးကို ပေါ့လေ။ နေ့တိုင်း ကျွေးနိုင်ခဲ့တယ်။ တန်ခိုးသတ္တိရှိတယ်။ သတုလကာယိကလည်း အဲဒီလို သတ္တိရှိတယ်။

ဗိမ္ဗိသာရမင်းတရားကြီးက ဟို ဇောတိကရဲ့ အိမ်ကိုကြည့်ချင်ပေမယ့် အင်္ဂ–မဂဓ တိုင်းနှစ်ဝက လာကြတဲ့ လူတွေ၊ ရတနာပြာသာဒ်ကြီးကို အကြည့်အရှုလာကြတဲ့ လူတွေ ပြည့်လွန်းများလွန်းလို့မို့လို့ ရက်ချောင်းပြီးတော့ နေခဲ့ရတယ်။ ကြည့်တဲ့လူတွေ နည်းပလားဟော၊ နည်းပြီဆိုမှ လူမရှိမှ ဣန္ဒြေရှင်က သွားရတယ်။ သူက ရာဇဣန္ဒြေနဲ့ နေတော့ လူနည်းလာပြီး နည်းတော့မှ ဗိမ္ဗိသာရမင်းတရားကြီးက ရွှေနန်းတော် ရောက်လာတဲ့ ဇောတိကရဲ့ဖခင် သေဋ္ဌေးကြီးကို–

တဝ ပုတ္တဿ ပါသာဒံ ဒဋ္ဌုကာမမှ။

မဟာသေဋ္ဌိ=သေဋ္ဌေးကြီး။ တဝ ပုတ္တဿ=သင့်သား ဇောတိက၏။ ပါသာဒံ=နေထိုင်ရာ ပြာသာဒ်ကို။ ဒဋ္ဌုကာမာ=ရှုကြည့်ခြင်းငှာ အလိုရှိကုန်သည်။ အမှ=ဖြစ်ပါကုန်၏။

သင့်သား ဇောတိကရဲ့ အိမ်ကို ကြည့်ချင်လိုက်တာ သေဋ္ဌေးကြီးလို့ ပြောတော့–

သာဓုဒေဝ–ကောင်းပါပြီအရှင်မင်းကြီး။ ကျွန်တော်မျိုး အကြံပြုစီမံပါဦးမယ်ဆိုပြီး သားဇောတိကအိမ်သွားတယ်။ သား ဇောတိကကို ခေါ်။

တာတ ရာဇ တေ ပါသာဒံ ဒဋ္ဌုကာမော။

http:\\www.dhammadownload.com



တာတ=ချစ်သား။ ရာဇာ=ဗိမ္ဗိသာရမင်းတရားက။ တေ= သင်၏။ ပါသာဒံ=ပြာသာဒ်ကို။ ဒဋ္ဌုကာမော=ကြည့်ချင်တော်မူတယ်။ ရှုစားတော်မူလိုတယ်တဲ့။ သားကို ပြောတဲ့အခါကျတော့–

သာဓု တာတ အာဂစ္ဆတု။

တာတ=ခမည်းတော်ဘုရား။ သာဓု=ကောင်းပါပြီ။ အာဂစ္ဆတု=ကြွတော်မူပါစေ...လို့ ဝမ်းမြောက်ဝမ်းသာ လက်ခံ ဖိတ်ကြားလိုက်တယ်။

ဗိမ္ဗိသာရမင်းတရားသည် အဇာတသတ် မင်းလေး လက်ဆွဲ၊ နောက်က ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ် ဆိုတဲ့ စစ်အင်္ဂါကြီးလေးပါးနဲ့ ဇောတိကရဲ့ အိမ်ကို အကြည့်လာတယ်။ ဇောတိကက ခရီးဦးကြိုဆို၊ မုခ်ခုနစ်မုခ် ဟုတ်လား။ သတ္တမမုခ်က နေပြီးတော့ အစဆုံး မုခ်ကနေပြီးတော့ လာစောင့်တယ်။

ပုရတော ယာထ ဒေဝ=ရှေ့တော်က ကြွတော်မူပါ အရှင်မင်းကြီးလို့ ဆိုတော့ သူက ရတနာကျောက်တွေဆိုတော့ မုခ်ကြည့်လိုက်တယ်ဆိုယင် အသူတစ်ရာနက်တဲ့ ချောက်ကြီးလို ဖြစ်နေတယ်။ အသူတစ်ရာနက်တဲ့ ချောက်ကြီးလို ဖြစ်တော့ ဗိမ္ဗိသာရမင်းတရားက–

ဣမိနာ မမ ဂဟဏတ္ထာယ ဩပါတော ခဏိတော။

ဣမိနာ=ဤဇောတိက က။ မမ ဂဟဏတ္ထာယ=ငါ့ကိုဖမ်းချင်လို့။ ခဏိတော=တူးတာထင်ပါရဲ့။

ဇောတိကက ငါ့ကိုဖမ်းချင်လို့ ကျင်းတူးထားတာထင်ပါရဲ့ဆိုပြီး ရှေ့မတိုးဝံ့ဘူး။ ဇောတိကက နောက်ကနေ ကြည့်ရင်းနဲ့ သိတယ်။ ရှင်ဘုရင်ကြီး ကြောက်လို့ မတိုးဝံ့ဘူးဆိုတာ ဟုတ်လား။

နာယံ ဒေဝ ဩပါတော။

ဒေဝ=သမ္မုတိနတ် အို–မင်းမြတ်ဘုရား။ အယံ=ဤနေရာ သည်။

http:\\www.dhammadownload.com



န ဩပါတော=တွင်းမဟုတ်ပါဘူးဘုရား။ ရတနာ ကျောက်သံရေ သန်းနေတာပါဘုရား။

မမ ပစ္ဆတော အာဂစ္ဆထ=ရှေ့ကို မလှမ်းဝံ့တော်မူလို့ရှိယင် ကျွန်တော်မျိုးရဲ့ နောက်က ရဲရဲကြီး လိုက်လာတော်မူခဲ့ပါဘုရား။

ကျွန်တော်မျိုး ရှေ့က သွားပါရစေ။ ကြောက်နေမှာ စိုးလို့။ ဟုတ်လား။ အစကတော့ ရှင်ဘုရင် ဦးစားပေးတယ်။ ဒီရှင်ဘုရင်က ကြောက်တော့ သူကနေ ရှေ့က နေပြီးတော့ ချောက်တွေ မဟုတ်ပါဘူးဆိုပြီး ခေါ်သွားတယ်။

သူ့အိမ်မှာလည်းပဲ ဒီရတနာရောင်နဲ့ပဲ နေတယ်။ ဘယ် လျှပ်စစ်မီးတို့၊ ဘာတို့၊ ဘာမီးမှမရှိဘူး။ ဘယ်တော့မှ သူ့အိမ် မီးခိုးလည်း မရှိဘူး။ သူ့အခြွေအရံ ပရိသတ်နဲ့တကွ ဒီ သတုလကာယီက ပါလာတဲ့ ကျောက်တုံးလေးပေါ်မှာ အိုးတစ်လုံးတည်လိုက်တာ။ အဲဒီအပေါ်မှာ ဆန်နှစ်ဘူးကလေး ထည့်ပေးလိုက်တယ်ဆိုယင် ပါလာတဲ့ ဆန်လေးကလည်း တစ်ပြည်မရှိဘူး။ တစ်စိတ်ဆိုရင် ပြန်ကြည့်။ တစ်စိတ်ပြည့်တယ်။ ဒီတစ်စိတ်လောက် ဒီအိုးထဲ ထည့်လိုက်တယ်ဆိုရင် မီးလည်း မခြစ်ရတော့ဘူး။ ဟုန်းဆို တစ်ခါတည်း မီးထတောက်ပြီးတော့ ကျက်လည်း ကျက်ကရော ငြိမ်းတယ်။ မီးခိုးပါတဲ့ မီးမဟုတ်ဘူး။ "ဇောတိပါသာဏ"ဆိုတာ မီးကျောက်ပဲ။ အဲဒီအိုးထဲကပဲ ချိုချဉ်ရသာ အကုန်ရတယ်။ အဲဒီတော့ သူ့အိမ်မှာ ဘာမှ မီးခိုးမှိုင်းစွဲစရာ မရှိဘူး။ ဒီတစ်အိုးတည်းနဲ့လည်း ဇောတိကနှင့်တကွ သတုလကာယီ အခြွေအရံပရိသတ် ဘယ်သူပဲ လာစားစား၊ ဒီတစ်အိုးက မကုန်ဘူး။ အင်မတန်ကောင်းတယ်။

ဒါနဲ့ ရှေ့မုခ်လည်း ဝင်မယ်ကြဲတော့ ပထမမုခ်မှာ တံမြက်လှည်းရတဲ့ အစေခံမကလေးက ဖြတ်ဆို တက်ပြီးတော့ ဗိမ္ဗိသာရမင်းကြီးရဲ့ အနားသွားပြီး ပခုံးလေး ပေးလိုက်တယ်။ ကိုင်အောင်လို့။ ဒါယဉ်ကျေး

http:\\www.dhammadownload.com



မှု၊ အိန္ဒိယရဲ့ယဉ်ကျေးမှု။ သွားပြီး ပခုံးလေး ပေးလိုက်တယ်။ ဝတ်စားဆင်ယင်ထားလိုက်တာက ဖိတ်ဖိတ်တောက်နေတဲ့အတွက် ဗိမ္ဗိသာရက တံမြက်လှည်းတဲ့ ကလေးမကိုပင်လျှင် ဇောတိကရဲ့ သေဌေးကတော် ထင်ပြီး မကိုင်ဝံ့ဘူးတဲ့။ စာက တိုက်ရိုက်ဆိုပါတယ်။

ဟို ဇဋိလရဲ့ ဝတ္ထုမှာပေါ့လေ။ ဒီ ဇောတိကတို့၊ ဇဋိလတို့၊ မေဏ္ဍကတို့ဆိုတာက ဒီဗိမ္ဗိသာရမင်းကြီးရဲ့ ငယ်ငယ်ကတည်းက သေဌေးတွေ၊ အဲဒီတော့ ဇဋိလရဲ့ဝတ္ထုမှာလည်းပဲ ဇဋိလက ဇမ္ဗူဒိပါတစ်ကျွန်းလုံးမှာ ငါလိုချမ်းသာတဲ့လူ ရှိသေးလားဆိုတဲ့ အနေနဲ့ပေါ့လေ။ စုံစမ်းတဲ့အနေနဲ့ တစ်သိန်းတန် ကမ္ဗလာကြီးကို လှည့်ပြီး အရောင်းခိုင်းတာကိုး။ အရောင်းခိုင်းတော့ ရာဇဂြိုဟ်ရောက်သွားတယ်။ ဇဋိလရဲ့ လူတွေက ဇောတိကရဲ့ အိမ်ဝနဲ့ မနီးမဝေးမှာ သွားပြီးတော့ စတည်းချတယ်။ ညကျတော့ မီးပုံကြီး တစ်ခါတည်း မီးတွေနဲ့ ဟုန်း ဟုန်း ဟုန်း ဟုန်း နဲ့ တစ်ခါတည်း ဖိန့်ဖိန့်ကြီး ဖြစ်နေတယ်။

ဇောတိက က အိမ်ပေါ်ကနေပြီး လှမ်းမြင်တယ်။

"ဟော့ ဟိုရှေ့က မီးပုံကြီး ဘာလုပ်တာလဲ။ သွားမေးချေစမ်း" ဆိုတော့--

"ဟို ဇဋိလ သေဌေးရဲ့ လူတွေပါ"

"ဒါဖြင့် ငါ့ဆီခေါ်ခဲ့စမ်း"

"အမောင်တို့ ဘာလုပ်လာကြတုံး"

"ဟာ သေဌေးကြီး၊ ကျွန်တော်တို့ ကမ္ဗလာကြီး အရောင်းလာတာ။ ရာဇဂြိုဟ်ပြည်မှာ ဝယ်သူမရှိလို့ ကျွန်တော်ကမ္ဗလာကြီး ဒီအတိုင်းနေရင် ညသူခိုး ခိုးမှာစိုးလို့ ကျွန်တော်တို့ မီးဖိုနေတာ"

"မောင်တို့ ကမ္ဗလာက ဘယ်လောက်တန်သလဲ"

http:\\www.dhammadownload.com



"တစ်သိန်းတန်ပါတယ်"

"ဒါဖြင့် ငွေတစ်သိန်း ပေးလိုက်စမ်းဟေ့။ အဲဒီ ကမ္ဗလာ ယူလိုက်ကြ"

ဇောတိကက–

"ဒီကမ္ဗလာကို ဟို ပထမမုခ်က ကလေးမဆီကို ပေးလိုက်နော်။ တံမြက်လှည်းတဲ့ ကလေးမကို" ပေးလိုက်ဆိုတော့–

"ကောင်းပါပြီ၊ သေဌေးကြီး"ဆိုပြီးတော့ တပည့်တွေက အဲဒီ ကမ္ဗလာကြီးကို ငွေတစ်သိန်းနဲ့ ယူပြီးတော့ ကမ္ဗလာကြီးကို အဲဒီကောင်မလေး တစ်ခါတည်း သွားပေးကြတယ်။ ပေးတော့ ကောင်မလေးက ငိုငိုရယ်ရယ်နဲ့ ဒီပရိသတ် မသွားခင် ဇောတိကဆီ ဝင်လာတယ်။

"အရှင် သေဌေးမင်း၊ ကျွန်တော်မ အပြစ်ရှိလို့ရှိယင် ရိုက်ချင်ယင် ရိုက်ပါ။ ဟုတ်လား။ သတ်လိုယင် သတ်ပါ။ ဒီလောက်ကြမ်းတဲ့ ကတ္တီပါကြီးကိုတော့ ကျွန်မ မဝတ်ပါရစေနဲ့"လို့ ပြောတယ်။

ဒီတော့ ဇောတိကက ကောင်မလေးကို အင်း–သူ့ရဲ့ အစေခံမလေးကို နှစ်သိမ့်ရတယ်။

"သမီးရယ်၊ ဒါ နင့်ကို ဝတ်ဖို့ပေးတာမဟုတ်ဘူးဟဲ့"

"နို့ ဘာလုပ်ရမှာတုံး ဖခင် သေဌေးမင်း"လို့ ဆိုတော့–

"သမီး ညအိပ်တဲ့အခါကျတော့ အိပ်ရာဝင်ခါနီးကျတော့ ခြေဆေးတယ်မဟုတ်လား"

"ဆေးပါတယ်"

"ဆေးပြီးယင် ခုတင်ရဲ့ ခြေရင်းနားမှာ ဒါလေးလိပ်ထား၊ ညအိပ်ရာဝင်ခါနီး ခြေဆေးပြီးတော့ အဲဒီ ခြေဆေးတဲ့ ရေလေးသုတ်ဖို့ရန်အတွက် အဖေက ပေးတာပါ"လို့ ဆိုတော့–

http:\\www.dhammadownload.com



"ဒါဖြင့် ကောင်းပါပြီ"လို့ ပြောရော။

အဲဒါလောက် ချမ်းသာတယ်။ ဇောတိကရဲ့ အိမ်က ကျွန်မ တောင် အဲဒါလောက် ချမ်းသာတယ်။ တစ်သိန်းတန်တဲ့ ကမ္ဗလာကို သူ့ ကို ဝတ်ဖို့ ပေးတယ်မှတ်လို့ ငိုလိုက်တာတဲ့။ ဒုတိယမုခ်ရောက်လည်း ထိုနည်းလည်းကောင်း၊ တတိယမုခ်ရောက်လည်း ထိုနည်းလည်းကောင်း၊ စတုတ္ထမုခ်ရောက်လည်း ထိုနည်းလည်းကောင်း။ တကတည်း အလှထက် အလှ၊ဟုတ်လား။ အလှတစ်၊ အလှနှစ်၊ အလှသုံး၊ အလှလေးတွေ လျှောက်ပြီးတော့ များကုန်တယ်။ ဘယ်သူမှ ဗိမ္ဗိသာရမင်းကြီး လက်မတင် ဝံ့ဘူး။ တကတည်း ဇောတိကရဲ့ သေဒ္ဓေးကတော်တွေ မှတ်လို့။ ဘယ် ဟုတ်မလဲ။ သတုလကာယီကတော့ ဟို ပြာသာဒ်ပေါ်က ဆင်းတာ မဟုတ်ပါဘူး။

လျှောက်ပြီးတော့ ဘုံနန်းပြာသာဒ်ကြီး အကုန်လုံး လျှောက်သွား တယ်။ ဒီလိုလျှောက်သွားတော့ ဘုံခုနစ်ဆင့်ရှိတဲ့ ရတနာ ပြာသာဒ်ကြီး ရောက်တော့ အဇာတသတ်က စဉ်းစားတယ်။ အင်း-

အဟော အန္ဓဗာလော မမ ပိတာ။

ဒီအချိန်မှာ ဇဇာတသတ်ဟာ တစ်ဆယ့်လေးနှစ်သားလောက်ပဲ ရှိဦးမယ်။

မမ ပိတာ = ငါ့ခမည်းတော်သည်။ အဟော ဗန္ဓဗာလော=ဩော် မိုက်ကန်းစွ။

ဟုတ်လား၊ အဖေမရှိ အမေမရှိဆိုတဲ့အသံနဲ့ မတူဘူးလား။

ငါ့အဖေနှယ် ဩော်-မိုက်ပါဘိ။

ဟုတ်လား။ အဖေအရာ၌ ကျောင်းဒကာ၊ သောတာပန်၊ ဟုတ် လား. ကျောင်း:ဒကာ ကျေးဇူးရှင်ကြီးကို ငါ့အဖေ မိုက်ကန်းပါဘိတဲ့။

http:\\www.dhammadownload.com



ဂဟပတိကေ နာမ သတ္တရတနမယေ ပါသာဒေ ဝသန္တေ သေ ရာဇာ ဟုတွာ ဒါရုမယေ ဂေဟေဝသတိ။

ဂဟပတိကေ နာမ=ကိုယ့်အောက်နေတဲ့ သေဋ္ဌေးဆိုတဲ့ သတ္တဝါတွေက။ သတ္တရတနမယေ ပါသာဒေ=ရတနာခုနစ်ပါးဖြင့် ပြီးတဲ့ ပြာသာဒ်၌။ ဝသန္တေ=နေပါလျက်။ သေ=ဤငါ့ခမည်းတော် လူမိုက်ကန်းကြီးကတော့။ ဒါရုမယေဂေဟေ=သစ်သားကလေးနဲ့ ဆောက်တဲ့အိမ်၌။ ဝသတိ=နေ၏။

တကတည်း သေဋ္ဌေးတော့ ရတနာအိမ်ကြီးနဲ့နေပြီးတော့ သူကတော့ဗျာ မင်းထက် မင်းထက်ရာဇာတဲ့။ မင်းဖြစ်ပါလျက်ကနဲ့ အသားအိမ်ကလေးနဲ့ နေတယ်။ ရှိစေဦး။

အဟံ ဒါနိ ရာဇာ ဟုတွာ ဣမဿ ဣမသ္မိံ ပါသာဒေ ဝသိတုံ န ဒဿာမိ။

အဟံ=ငါသည်။ ဒါနိ=ဣဒါနိ=ယခုအခါ၌။ ရာဇာဟုတွာ=မင်းဖြစ်လတ်သည်ရှိသော်။ ဣမဿ=ဤဇောတိက သေဋ္ဌေးအား။ ဣမသ္မိံ ပါသာဒေ=ဤယခုနေတဲ့ ပြာသာဒ်၌။ ဝသိတုံ=နေခွင့်ကို။ န ဒဿာမိ=မပေးထိုက်။

ဆယ့်လေးနှစ်သား ကတည်းက ကြံမိးတယ်။ အဇာတသတ်။ ဘာလဲ။ ငါရှင်ဘုရင်ဖြစ်လို့ရှိယင်ဖြင့် ဒီဇောတိကကို ဒီရတနာပြာသာဒ်ကြီးမှာ နေခွင့်မပေးဘူး။ တိုက်ယူမယ်ပေါ့လေ။ ဒီအကြံဖြစ်တော့ ဒါနဲ့ လျှောက်ပြီး ကြည့်ရင်း ကြည့်ရင်းက ဆယ်နာရီလောက်ရှိလာတော့ နံနက်စာစားချိန်တန်တော့–

မဟာသေဋ္ဌိ ဣမေဝ=ဤနေရာဤသင့်အိမ်မှာပင်လျှင်။ ပါတရာသံ=နံနက်စာကို။ ဘုဉ္ဇိဿာမ=စားကြကုန်စို့လား။

သေဋ္ဌေးကြီးရဲ့ အိမ်မှာပဲ နံနက်စာ စားကြစို့လားဆိုယင်ပဲ–

http:\\www.dhammadownload.com



ဇာနာမိ ဒေဝ=သိပါတယ် အရှင်မင်းကြီး၊ "သဇ္ဇိတောဒေဝဿာ ဟာရော= အရှင်မင်းကြီးအတွက် အစာအာဟာရများ စီမံ၍ပြီးပါပြီ။ ကြွတော်မူပါ။

ဇောတိက ထမင်းစားတဲ့ ရတနာမဏ္ဍပ်ကြီးထဲမှာ ဗိမ္ဗိသာရ မင်းတရားစားတယ်။ အဖိုးများစွာ ထိုက်သော ကမ္ဗလာကြီးပေါ်မှာ ဗိမ္ဗိ သာရမင်းတရားကို ထိုင်စေပြီးသကာလ အဖိုးများစွာထိုက်သော ရွှေခွက် ကြီးထဲမှာ ပထမနွားနို့၊ ဟုတ်လား။ နွားနို့ကျက်ကျက်၊ ဖလားကြီးနဲ့ အပြည့်ထည့်တယ်။ ကျက်ကျက်ကျိုက်ကျိုက် ဆူတဲ့နွားနို့ကို ဖလားကြီး နဲ့ အပြည့်ထည့်ပြီးတော့ ရှေ့နားထားတယ်။ ဗိမ္ဗိသာရမင်းတရားက ဒါ စားရမှာလားလို့ အောက်မေ့တဲ့အနေနဲ့ ပြင်တော့တာပဲ။

"အရှင်မင်းကြီး၊ ဒါစားဖို့ မဟုတ်သေးပါဘူး။ ဒါအောက်ခံပဲ ရှိပါသေးတယ်"

ခုနင်ကတုန်းက၊ ဟုတ်လား။ သတုလကာရီယူလာတဲ့ မြောက် ကျွန်းက ဆန်နဲ့ချက်ထားတဲ့ထမင်းကို ရွှေခွက်ကြီးထဲ ထည့်။ အဲဒီ ရွှေခွက် ကြီးကိုမှ ခုနင်ကတုန်းက နွားနို့အကျက်တွေ ထည့်ထားတဲ့ ခွက်ပေါ်မှာ တင်ရတယ်။ ဒါမှအောက်က အငွေ့ကောင်းတယ်။ အေး မသွားနိုင်အောင်၊ ဟုတ်လား။ အမြဲပူနေအောင် အောက်က အငွေ့ပေးအောင် ခုနက နွား နို့ကျိုထားတာ။ ဗိမ္ဗိသာရမင်းတရားက စားကောင်းကောင်းနဲ့နင်းစား တယ်။ တစ်လုတ်ပြီးတစ်လုတ်၊ တစ်လုတ်ပြီးတစ်လုတ် မြိန်မြိန်ရှက်ရှက် စားဖန်များတော့ ဇောတိကက ဘေးနားက ကြည့်ရင်း–

အလံ ဒေဝ ဧတ္တကမေဝ ဟောတု။

ဒေဝ=အရှင်မင်းကြီး။ အလံ=တော်လောက်ပြီ။ ဧတ္တကမေဝ= ဤမျှလောက်သာလျှင်။ ဟောတု=ရှိပါစေတော့။

ဣတော ဥတ္တရိ ဇီရာပေတုံ န သက္ကာ။

http:\\www.dhammadownload.com



ဣတော ဥတ္တရိံ=သည်ထက်ပို၍ စားလို့ရှိယင်ဖြင့်။ ဖိရာပေတုံ=အစာကြေစေခြင်းငှာ။ န သက္ကာ=တတ်နိုင်လိမ့်မည်မဟုတ်။

ဒါလောက်ဆို တော်ပြီထင်တယ်ဘုရားတဲ့။ ဒီထက် များသွားယင်ဖြင့် ဒါ အစာကြေမှာ မဟုတ်ဘူး။ အဲဒီလို ပြောတယ်။

ကိံ ဂဟပတိ ဂရုကတ္ဘာ ကထေသိ အတ္တနောဘတ္တံ။

"ဇောတိကသေဌေး၊ ခင်ဗျားက ခင်ဗျားထမင်းဂုဏ်တင်ပြောတာလား"လို့ ဆိုတော့–

နတ္ထေတံဒေဝ=ဂုဏ်တင်ပြောတာမဟုတ်ပါဘူးအရှင်မင်းကြီး။ ကျွန်တော်မျိုးက နေ့တိုင်းစားနေကျမို့လို့ ပြောတာပါ။ အတိုင်းအရှည်ကို သိပြီးတော့ ပြောတာပါ။ ကျွန်တော်မျိုး ထမင်းကျွေးရမှာ ဝန်လေးလို့ မဟုတ်ပါဘူး။ အရှင်မင်းကြီးနဲ့တကွ နောက်က ပါလာတဲ့ စစ်အင်္ဂါ လေးပါးမှာရှိတဲ့ စစ်တပ်ကြီးတစ်ခုလုံးကို ဟောဒီထမင်းတစ်ပွဲတည်းနဲ့ အကုန်လုံး ကျွေးမှာပါတဲ့။ ရှုစားတော်မူရပါလိမ့်မယ်။ အရှင်မင်းကြီးသည် တန်ချိန်တန်လို့ တိုင်းတာခြင်းဖြစ်ပါတယ်။ အကယ်၍ အရှင်မင်းကြီး စိတ်တော်ရှိတိုင်း စားသွားတော့ ရွှေနန်းတော်ရောက်ယင် မျက်စိလေးများ မတော်တဆ မှေးပြီးတော့ အစာဆိယစ်တဲ့အတွက် မေးရင်း အင်း– ဇောတိကအိမ်မှာ ရှင်ဘုရင်ကြီး သွားစားတာ ဘာဖြစ်လာမှန်းမသိဘူးလို့ အရှိန်အဝါအကျော်အစောနဲ့ အပြောမခံချင်လို့ လျှောက်ထားတာပါ။ ဒီလို လျှောက်ထားတော့မှ ရှင်ဘုရင်ကြီးက နားလည်တယ်။

နားလည်ပြီးတော့မှ အေး–ကောင်းပြီ။ ကောင်းပြီ။ ဆိုပြီးတော့ လက်ပါဆေးတယ်။ ဆေးပြီးတော့မှ ဇောတိကက တစ်ခါ နောက်ပါစစ်သားတွေကို အကုန်လုံးကျွေးတယ်။ ရှင်ဘုရင်ကြီးရဲ့ မျက်မှောက်မှာပဲ ဒီခွက်ထဲကတင်ပဲ ခပ်ခပ်ကျွေးတယ်။ အားလုံး ဒီတစ်ခွက်တည်းနဲ့စားတယ်။ တအံ့တသြ။ တော်တော်ကြာတော့ ရှင်ဘုရင်ကြီးက လမ်းမှာတွေ့

http:\\www.dhammadownload.com



ခဲ့တာတွေကို ဇောတိကရဲ့ သေဒ္ဓေးကတော် ထင်ပြီးတော့ အခုဒီကျတော့ အဲဒီကလေးတွေက ဒီကိုမပါလာဘူး။ ဟင်-အစေခံတွေပဲ၊ ဟိုမှာ နေရစ်ခဲ့တာပေါ့။

ကိံ ဣမသ္မိံ ဂေဟေ သေဋ္ဌိဘရိယာနတ္ထိ။

ဣမသ္မိံဂေဟေ=ဤအိမ်၌။ သေဋ္ဌိဘရိယာ=ဇောတိက သေဋ္ဌေး၏သေဋ္ဌေးကတော်သည်။ နတ္ထိကိံ=မရှိဘူးလား။

ခရီးများ သွားနေသလား။ ဒီအိမ်မှာပေါ့လေ။ သေဋ္ဌေးကတော် ခရီးများ သွားနေလို့လား၊ ဘယ်မှကြည့်မမြင်လို့ ဇောတိကတစ်ယောက်တည်း ဧည့်ခံနေတာ။

အာမ အတ္ထိ ဒေဝ ရှိပါတယ်အရှင်မင်းကြီး။

ကဟံသာ=အဲဒီသေဋ္ဌေးကတော်က ဘယ်မှာတုံး-လို ပြည့်ရှင်မင်းကြီးက မေးတဲ့အခါ-

သိရိဂဗ္ဘေ နိသိန္နာ၊ ဒေဝဿ အာဂတဘာဝံ န ဇာနာတိ။

သိရိဂဗ္ဘေ=ကျက်သရေတိုက်ခန်း၌။ နိသိန္နာ=ထိုင်နေပါတယ်ဘုရား။

ဒေဝဿ=အရှင်မင်းကြီး၏။ အာဂတဘာဝံ=ရောက်လာသည်၏ အပြစ်ကို။ န ဇာနာတိ=မသိလို့ပါ။

အပြစ်တော် မပေးပါနဲ့။ ကျက်သရေတိုက်ခန်းမှာ ထိုင်နေလျက်ရှိပါတယ်။ အရှင်မင်းကြီး ကြွလာတာ မသိလို့ပါဘုရား။ အဲဒီလိုပြောပြီးတော့ ဇောတိကက ဟို-သတုလကာယီနေတဲ့ တိုက်ခန်း သွားပြီးတော့-

ရာဇာအာဂတော၊ ကိံတဝရာဇာနံ ဒဋ္ဌုံ န ဝဋ္ဋတိ။

ရာဇာ=ပြည့်ရှင်မင်းကြီးသည်။ အာဂတော=ငါတို့ရဲ့အိမ်ကို လာရောက်နေတယ်။ တဝ=သင်သည်။ ရာဇာနံ=သမ္မုတိနတ် တို့မင်း

http:\\www.dhammadownload.com



မြတ်ကို။ ဒဋ္ဌုံ=ရှုမြင်ခြင်းငှာ။ န ဝဋ္ဋတိ=မတော်ဘူးလား။

သတုလကာယီ၊ တို့ရဲ့ ပြည့်ရှင်မင်းကြီး လာရောက်နေတယ်။ အဲဒီ ပြည့်ရှင်မင်းကြီးထံ မင်း သွားဖို့မတော်ဘူးလားကွယ်လို့ သာယာ ညင်းပျောင်း ပြောဆိုတဲ့အခါကျတော့-

ကော ဧသ သာမိ ရာဇာနာမ။

သာမိ=အရှင်။ ဧသရာဇာနာမ=ဤ မင်းဆိုတဲ့ ပုဂ္ဂိုလ်ဟာ။ ကော=ဘယ်သူပါလဲ။

မကြားဖူးဘူး။ အရှင်သေဋ္ဌေးမင်း။ အကြင်မင်းဆိုတာ ဘယ်လို လူမျိုးလဲလို့ မေးတယ်။

ဒီတော့ ဇောတိကလည်း ဘယ့်နှယ်ပြောသလဲဆိုတော့-

ရာဇာနာမ အမှာကံ ဣဿရော။

သတုလကာယီ=အို သတုလကာယီ။ ရာဇာနာမ=မင်းဆိုတာ။ အမှာကံ=ငါတို့အပေါ်က။ ဣဿရော=အစိုးရတဲ့လူဗျ-လို့ ပြောလိုက်တယ်။

'မင်းဆိုတာ တို့အပေါ် အစိုးရတဲ့လူပေါ့ကွ'လို့ ပြောလိုက်တော့ သတုလကာယီက အတော်ဝမ်းနည်းပက်လက်ဖြစ်သွားတယ်။ ဒါ ဘယ့်နှယ်လဲလို့ဆိုတော့-

ဒုက္ကဋ္ဌာနိ ဝတ နော ပုညကမ္မာနိ။

အေး-တို့ အတိတ်ဘဝတုန်းက ကုသိုလ်ကောင်းမှုတို့ကို မကောင်းသဖြင့် ပြုမိခဲ့လို့ပဲ။ ယေသံ နော ဣဿရောပိ အတ္ထိ=တို့အပေါ်က အစိုးရတဲ့လူဆိုတာ လာပြီးတော့ ရှိရတာ။ တို့အတိတ်ဘဝတုန်းက မကောင်းကံတွေ ပြုခဲ့လို့တဲ့။

အသဒ္ဒါယနာမ ပုညကမ္မနိ ကတွာ မယံ သမ္ပတ္တိံ ပါပုဏိတွာ

http:\\www.dhammadownload.com



အညဿ ဣဿရိယဋ္ဌာနေနိဗ္ဗတ္တမှာ။

အသဒ္ဓါယနာမ=သဒ္ဓါတရား မရှိဘဲလျက်။ ပုညကမ္မာနိ ကတွာ = ကုသိုလ်ကောင်းမှုတို့ကို ပြုခဲ့၍။ မယာ=ငါတို့သည်။ သမ္ပတ္တိံ= စည်းစိမ်ချမ်းသာသို့။ ပါပုဏိတွာ=ရောက်ကြရပါလျက်။ အညဿ=သူတစ်ပါး၏။ ဣဿရိယဋ္ဌာနေ=စိုးပိုင်တဲ့အရပ်ဌာနနဲ့။ နိဗ္ဗတ္တမှ=ငါတို့ဖြစ်ကြရတယ်။

အဒ္ဓါ=မချွတ်။ အမှေဟိ=ငါတို့သည်။ အသဒ္ဓဟိတွာ=သဒ္ဓါယုံကြည်ခြင်းမရှိဘဲ။ ဒါနံ ဒိန္နံဘဝိဿတိ=အလှူဒါနပေးခဲ့တာ ဖြစ်လိမ့်မယ်။

တို့အလှူ မစင်ကြယ်လို့ဟ။ ဟုတ်လား။ တို့အပေါ်အစိုးရတဲ့လူရယ်လို့ လာဖြစ်ရသေး။ မုချပဲလို့။ အတိတ်ဘဝတုန်းက ကံ–ကံ၏အကျိုးကို မယုံကြည်ဘဲ လှူခဲ့လို့သာ၊ အဲဒီလို နှလုံးမသာမယာဖြစ်ပြီးတော့–

ကိံ ဒါနိကရောမိ သာမိ=အရှင် အခု ဘာလုပ်ရမလဲ။

ဒီလိုဆိုတဲ့အခါကျတော့–

တာလဝဏ္ဋံ အာဒါယ အာဂန္တွာ ရာဇာနံ ဗီဇာဟိ။

တာလဝဏ္ဋံ=ထန်းရွက်ယပ်ဝန်းကို။ အာဒါယ=ယူ၍။ အာဂန္တွာ=လာရောက်ပြီးသကာလ။ ရာဇာနံ=မင်းကြီးကို။ ဗီဇာဟိ=ယပ်ခတ်ပေးလော့။

ကိုင်း–အဲဒီ ယပ်ဝန်းကိုယူ၊ မင်းကြီးအနားသွား၊ ယပ်ခတ်ပေးလို့ဆိုတော့ ရှင်ဘုရင်ကြီးကို ယပ်ခတ်ပေးတယ်။ ယပ်ခတ်တယ်ဆိုတာက လေက သူ့ဟာက အစုန်အဆန် သွားနေတာ။ အစုန်အဆန်သွားနေတော့ ရှင်ဘုရင်ကြီးရဲ့ ခေါင်းပေါင်းက မဖွင့်တာကြာလို့လားမသိဘူး။ စာထဲက ဆိုတော့ ခေါင်းပေါင်းကလေလို့ ပြောတာပဲ။ ခေါင်းပေါင်းက မဖွင့်တာ

http:\\www.dhammadownload.com



မဟုတ်ပါဘူး။ ဒီခေါင်းက ခေါင်းဆိုတာ နံ့တတ်တဲ့ပစ္စည်း။ ခေါင်းထဲက ဖြစ်တဲ့ အနံ့က ခေါင်းပေါင်းဖောက်ပြီးသကာလ ထွက်လာတော့ လေညာက ယူလာပြီး သတုလကာယိ နှာခေါင်းရောက်တော့ တစ်ခါတည်း မျက်ရည်တွေ ပေါက်ပေါက်ကျတယ်။

စာက ဒီအတိုင်းပဲ။ သတုလကာယိ ယပ်ခတ်ရင်း မျက်ရည်ပေါက်ပေါက်ကျတော့ ပေါက်ပေါက် ပေါက်နဲ့ကျတော့ ဗိမ္ဗိသာရမင်းတရားက–

မဟာသေဋ္ဌိ မာတုဂါမောနာမ အပ္ပဗုဒ္ဓိကော။

မဟာသေဋ္ဌိ=ဇောတိက သေဋ္ဌေးကြီး၊ မာတုဂါမောနာမ= မာတုကာမ မည်သည်ကား။ အပ္ပဗုဒ္ဓိကော=နည်းသောပညာရှိ၏။

ဇောတိကသေဋ္ဌေး၊ မိန်းမဆိုတာ အင်မတန် ပညာနည်းတယ်ကွာ–တဲ့။

ဣဒါနိ=ယခုအခါ၌။ မေ=ငါ၏။ သာမိကဿ=အရှင် လင်ယောကျ်ားဖြစ်သော ဇောတိကသေဋ္ဌေးမင်း၏။ သမ္ပတ္တိံ=စည်းစိမ်ချမ်းသာကို။ ရာဇာဗိမ္ဗိသာရမင်းတရားသည်။ ဂဏှေယျာတိ=ယူလတ္တံ့။ ဣတိ=ဤသို့အောက်မေ့၍။ ဘယေန=ကြောက်သဖြင့်။ ရောဒတိမညေ= ငိုကြွေးယောင်တကား။

သေဋ္ဌေးကတော်ဟာ၊ ဩော်...ငါ့အရှင်ရဲ့ စည်းစိမ်တွေကို ဗိမ္ဗိသာရမင်းကြီး သိမ်းမလို့လာတာပဲဆိုပြီး ကြောက်လို့ ငိုနေတာ ဖြစ်မယ်တဲ့။

အဿာသေဟိ နံ။

နံ=ထို သတုလကာယိကို။ အဿသေဟိ=သက်သာအောင် ပြောလိုက်ကြပါကွာတဲ့။

http:\\www.dhammadownload.com



န မေ တဝသမ္ဗတ္တိယာ အတ္ထောတိ။

မေ=ငါသည်။ တဝ=သင်၏။ သမ္ဗတ္တိယာ=စည်းစိမ်ကို။ န အတ္ထော=အလိုမရှိဘူးလို့ ပြောလိုက်ကြပါ။

သက်သာအောင် ပြောလိုက်ကြပါလို့ ပြောတယ်။

ဒီတော့ ဇောတိကက ဘာပြန်ပြောသလဲ။

န ဧသာ ဒေဝ ရောဒတိ=အရှင်မင်းကြီး၊ သတုလကာယီဟာ ငိုတာမဟုတ်ပါဘူး။

ဟာ–ငိုတာမဟုတ်ဘဲနဲ့ ဘာဖြစ်လို့ မျက်ရည်တွေ ကျနေတုံးကွ ဆိုတော့–

အပြစ်တော် ရှုတော်မမူပါနဲ့။ ခွင့်လွှတ်တော်မူပါ။ သတုလကာယီ ယပ်ခတ်တော့ ယပ်က လေသည် အစုန်အဆန် ရှိပါတယ်။ အရှင်မင်းတရားတို့ရဲ့ခေါင်းပေါင်းတော်က ပြန်လာတဲ့အနံ့က သတုလကာယီရဲ့ နှာခေါင်းသွားရိုက်တော့ မျက်ရည်ကျတာပါ။ ငိုတာ မဟုတ်ပါဘူး။

အောင်မယ်–ခင်ဗျား သေခွေးကတော်က ဒါလောက်ပဲလား။

ဒါလောက်ပဲ။

လွန်လွန်းတယ်ဗျာဆိုတော့ အရှင်မင်းတရားရဲ့ ရွှေနန်းတော်မှာ ဝါစေ့တွေ ရေနံချေးမီးတွေနဲ့ အရှင်မင်းကြီး နေမှာ။ အဲဒီတုန်းက လျှပ်စစ်ခေတ်မှမဟုတ်ဘဲ။ ဟုတ်လား။ အယုတ်ဆုံးဆိုယင် ဖယောင်းမီး၊ ဆီမီး၊ ဝါစေ့မီး ဟုတ်လား။ ဝါစေ့တွေနဲ့ ရေနံချေးတွေနဲ့ နယ်ပြီးသကာလ မီးလုပ်ရမှာကိုး။ ဒီမီးတွေနဲ့ အရှင်မင်းကြီးက ရွှေနန်းတော်မှာနေတော့ အရှင်မင်းကြီးရဲ့ ရွှေနန်းတော်မှာ ကျပ်ခိုးစွဲတယ်။ ခေါင်းပေါင်းတော်ထဲ ကျပ်ခိုးက ပါလာတယ်။ အဲဒီခေါင်းပေါင်းတော်မှာပါလာတဲ့ ကျပ်ခိုးများက နေပြီးတော့ ရိုက်လို့ သတုလကာယီရဲ့ နှာခေါင်းရိုက်လို့ မျက်ရည်ကျတာပါ။

http:\\www.dhammadownload.com



သူက အမြဲတမ်းဘယ်တော့မှ မီးနဲ့နေတာ မဟုတ်ဘူး။ ပတ္တမြားရတနာကြီးရဲ့ အရောင်နဲ့ နေတာ။ အရှင်မင်းကြီးလည်း ရွှေနန်းတော်ရောက်လို့ရှိရင် ပတ္တမြားရတနာရောင်နဲ့သာ နေတော်မူဘုရားလို့ ဆိုပြီးတော့ သခွားသီးလောက်ရှိတဲ့ ပတ္တမြားကြီးတစ်လုံး တစ်ခါတည်း ပေးလိုက်တယ်။ ဟို ကိုးဆယ့်တစ်ကမ္ဘာတည်းက သခွားသီးလောက် ပတ္တမြားကြီးတွေကလည်း အခုဘဝရောက်တုန်း ကိုယ်တင်ရနေတာ မဟုတ်ဘူး။ ဗိမ္ဗိသာရမင်းတရားကိုတောင် ပေးလိုက်သေးတယ်။

အေး-ဒီတော့မှ ဗိမ္ဗိသာရမင်းတရားကြီး နောက်ဆုံးဟုတ်ပါပေတယ်။ ဟုတ်ပါပေတယ်။

မဟတိ ဝတ ဇောတိကဿ သမ္ပတ္တိ။

ဘော=အို-အချင်းတို့။ ဇောတိကဿ=ဇောတိကသေဋ္ဌေး၏။ သမ္ပတ္တိ=စည်းစိမ်ချမ်းသာသည်။ မဟတီဝတ=ကြီးမားစွတကား။

ဇောတိကရဲ့စည်းစိမ်တွေ ကြီးပါပေတယ်ဆိုပြီးတော့ ဇောတိကရဲ့ အိမ်က ပြန်သွားတယ်။ ဘုရားကျောင်းဒကာကြီး။

အေး-ဘုရား ကျောင်းဒကာ ဗိမ္ဗိသာရမင်းတရားလက်ထက်မှာ ဇောတိက ဘာမှမရှိဘူး။ ချမ်းချမ်းသာသာပဲ။ ဟုတ်လား။ ဗိမ္ဗိသာရမင်းတရားက သေဋ္ဌေးကြီးအနေနဲ့ နေတယ်။ တော်တော်ကြာတော့ အဇာတသတ်က အရွယ်လေးရောက်၊ ဒေဝဒတ်နဲ့ပေါင်း။ ခမည်းတော်လုပ်ကြံ။ ဟုတ်လား။ နိုင်ငံမှာ အုပ်ချုပ်၊ ဘုရင်လုပ်၊ တစ်ဆယ့်လေးနှစ်သားကတည်းက အကြံရထားတာကိုး။ အမှတ်ရတယ်။ "ဇောတိကရဲ့အိမ်ကို ငါသိမ်းမယ်"ဆိုပြီးတော့-

ဇောတိက သေဋ္ဌိဿ မဟာပါသာဒံ ဂဏှိဿာမိ။

ဇောတိက သေဋ္ဌေးကြီးရဲ့ ပြာသာဒ်ကြီးကိုဖြင့် ကနေ့ အပိုင်စီးမယ်၊ သိမ်းမယ်ဆိုပြီးတော့ ဆင်တပ်တွေ၊ မြင်းတပ်တွေ၊ ရထားတပ်တွေ၊

http:\\www.dhammadownload.com



ခြေကျင်တပ်ကြီး ချီပြီးတော့ သွားတယ်။ အဲဒီ ဇောတိကရဲ့ ရတနာ တံတိုင်းကြီး ခုနစ်ထပ်မှာ နဂိုရှိတဲ့ အခြေအနေပဲ ပြန်ပြောကြစို့။

အပြင်ဘက်ကနေ စထားလို့ရှိရင် ပထမတံတိုင်းမှာ ယမကောဠိ ဆိုတဲ့ နတ်ဘီလူးကို ဘီလူးတစ်ယောက်နဲ့ အစောင့်ချထားတယ်။ သိကြားမင်းက–

ဒုတိယတံတိုင်း မုခ်မှာ စောင့်တာက ဥပ္ပလခေါ်တဲ့ ဘီလူးစစ်ဗိုလ် ဦးစီးပြီးသကာလ ဘီလူးစစ်သားနှစ်ထောင်။

တတိယတံတိုင်းမုခ်မှာ ဝဇိရလို့ခေါ်တဲ့ ဘီလူးစစ်ဗိုလ်ဦးစီးပြီး တော့ ဘီလူးစစ်သားသုံးထောင်။

စတုတ္ထတံတိုင်းမှာ ဝဇိရဗာဟု စစ်ဗိုလ်မှာ ဘီလူးစစ်သား လေး ထောင်။

ပဉ္စမတံတိုင်းမှာ ကသကန္ဒခေါ်သော ဘီလူးစစ်ဗိုလ်နဲ့ ဘီလူးစစ် သားပေါင်း ငါးထောင်။

ဟိုအတွင်းရောက်သွားလို့ ဆဋ္ဌတံတိုင်းမှာ ဆိုလို့ရှိရင် ကဋတ္ထ ခေါ်တဲ့ ဘီလူးစစ်ဗိုလ်နဲ့ ဘီလူးစစ်သားပေါင်းခြောက်ထောင်။

ဟိုအတွင်းဆုံး ခုနစ်ထပ် သတ္တမမုခ်ကျတော့ ဒိသာမုခခေါ်တဲ့ ဘီလူးစစ်ဗိုလ်ဦးစီးပြီးတော့ ဘီလူးစစ်သားခုနစ်ထောင် တစ်ခါတည်း စောင့်နေတယ်။

စကတည်းက သိကြားမင်း ဖန်ဆင်းပေးထားတာ။ ဟုတ်လား။ အေး–အဇာတသတ်က ဇောတိကအိမ်ကို ကနေ့ ဇောတိကရဲ့ နန်း ပြာသာဒ်ကို အပိုင်စီးမယ် ဆိုပြီးတော့ စစ်အင်္ဂါလေးပါးနဲ့ ချီတက်သွား တယ်။ ပထမတံတိုင်းနားလည်းရောက်ကရော အဲဒီက ရတနာရောင်တွေ ဟပ်တော့ အဲဟိုအထဲမှာ ဆင်တပ်ကြီး၊ မြင်းတပ်ကြီး၊ ရထားတပ်ကြီးတွေ ကို မြင်နေတော့ တံတိုင်းမုန်းတောင် သူမသိဘူး။

http:\\www.dhammadownload.com



ဘယ့်နှယ်ထင်သလဲလို့ဆိုတော့–

ဂဟပတိကော ယုဒ္ဓသဇ္ဇော ဟုတွာ ဗလံ အာဒါယ နိက္ခန္တော။

ဂဟပတိကော=ဇောတိကသေဋ္ဌေးသည်။ ယုဒ္ဓသဇ္ဇော ဟုတွာ =စစ်ထိုးရန် စီစဉ်လျက်။ ဗလံ=မိမိ၏ ဗိုလ်ပါတို့ကို။ အာဒါယ=ယူ၍။ နိက္ခန္တော=ထွက်လာပြီ။

အေး–ဇောတိက သေဋ္ဌေးစစ်ထိုးမယ်ဆိုပြီးတော့ စစ်အင်္ဂါလေးပါးနဲ့ ငါ့လိုပဲချီတက်လာတယ်။ ဃီတီးယားတား ရှေ့မတက်ခံ့ဘဲနဲ့ ယောင်တောင်တောင် တစ်ခါတည်း ခြေတန့်နေတယ်။ တန့်တာက သူ့စစ်သားတွေ၊ သူ့ဆင်တပ်ကြီး၊ မြင်းတပ်တွေ တစ်ခါတည်း ကိုယ့်အရိပ်ကိုယ်ကြောက်ပြီးတော့ အင်း–ကိုယ့်အရိပ်ကိုယ်ကြောက်ဆိုတာ ဒါပြောတာ။ ဒီအဇာတသတ်ကို ပြောတာ။ တစ်ခါတည်း ရှေ့မတက်ဝံ့ဘူး။ ရပ်နေတယ်။

အဲဒီလို ရပ်တန့်နေတုန်းမှာ ပထမမုခ်မှာ စောင့်နေတဲ့ ယမကောဋ္ဌိဘီလူးက–

အဇာတသတ်၊ မင်းဘယ်ပြေးနိုင်မတုံး၊ သွား–လို့ ညာသံပေးပြီးတော့ ဘီလူးစစ်သားတစ်ထောင်နဲ့ တပ်လှန့်ပေးလိုက်တာ ဦးတည့်ရာ ပြေးတယ်။

အဲဒီအချိန်မှာ ဇောတိက သေဋ္ဌေးမင်းက ဘုရားရဲ့ သီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းသွားပြီး ဥပုသ်စောင့်တဲ့ ဥပုသ်နေ့ကြီးဟုတ်လား။ သူတကာ ဥပုသ်စောင့်တဲ့နေ့ သူလာပြီးတော့ တကတည်း အပိုင်စီးတယ်။

အေး–ဥပုသ်စောင့်ပြီးတော့ ဘုရားရှေ့မှာ တရားနာနေဆဲ ရှိတယ်။ အင်း–ဇောတိက၊ အဇာတသတ်။ သူတော်ကောင်းကလည်း မိုးထိအောင် ကောင်းတာပဲ။ ဒီ မကောင်းတဲ့လူကတော့လည်း အဝီစိထိ

http:\\www.dhammadownload.com



အောင် မကောင်းတာ။ ဘဝဂ်နဲ့ အဝီစိ။ ဇောတိကကလည်း ဒါလောက် စည်းစိမ်ကြီးကိုပေါ့လေ။ မြိန်နေတယ်။ ယှက်နေတယ်။ ဖိမ်ခံနေတယ် မရှိဘူး။ တစ်ခါတည်း ကျောင်းတော်သွား ဥပုသ်စောင့်နေတယ်။ အဇာတသတ်ကလည်းပဲ ဒီကနေပြီးတော့ ယမကောဠီဘီလူးရဲ့ စစ်ကြိုးဝါးသံကြားပြီးတော့ ဦးတည့်ရာပြေးတော့ သူ့ဆင်တပ်၊ မြင်းတပ်တွေကလည်း ဦးတည့်ရာပြေး၊ သူကလည်း ဦးတည့်ရာပြေးတော့ ဘုရားကျောင်းတော် ရောက်တယ်။

ဘုရားကျောင်းတော်လည်း ရောက်ကရော ဟိုက ဇောတိကက ဆီးပြီးတော့ "ကိံ ဒေဝ" ဘာဖြစ်လာတာလဲ အရှင်မင်းကြီး။ တရိတသေ ဟိုက ဆီးကြိုပြောတယ်။ အမယ်မင်း အရှင်မင်းကြီး ဘာဖြစ်လာတာလဲ။ တကယ့်ကို ဟိုက စေတနာနဲ့မေးတာ။

ဂဟပတိ ကိံ တွံ တဝ ပုရိသေ မယာ သဒ္ဓိံ ယုဇ္ဈထာတိ အာဏာပေတွာ ဣဓာဂမ္မ ဓမ္မံ သုဏန္တော ဝိယ နိသိန္နော။

ဂဟပတိ=ဟေ ဇောတိကသေဌ္ဌေး။ တွံ=သင်သည်။ ကိံ= အဘယ့်ကြောင့်။ တဝပုရိသေ=မိမိရဲ့ မင်းချင်းယောကျ်ားတို့ကို။ မယာ သဒ္ဓိံ=ငါတို့နှင့်တကွ။ ယုဇ္ဈထ=စစ်ထိုးရစ်ကြကုန်။ ဣတိ=ဤသို့။ အာဏာပေတွာ=စေခိုင်းပြီးမှ။ ဣဓ အာဂမ္မ=ဤအရပ်သို့ လာရောက်၍။ ဓမ္မံ သုဏန္တောဝိယ=တရားနာနေသယောင်ယောင်။ နိသိန္နော=ထိုင်နေဘိ ၏။

ဘာလဲ ခင်ဗျားက ခင်ဗျားလူတွေကို ကျုပ်တို့နဲ့ စစ်ထိုးခိုင်းပြီးတော့ ခင်ဗျားက ဒီလာပြီးတော့ တရားနာသယောင် လုပ်နေတာ မဟုတ်လား။ လက်ညှိုးထိုးပြောတယ်။

ဒီတော့ ဇောတိကက ဘာပြန်ပြောသလဲ။

ကိံ ပန ဒေဝေါ မမ ဂေဟံ ဂဏှိတုံ ဂတော။

http:\\www.dhammadownload.com



ဒေဝေါ=သမုတိနတ် မင်းမြတ်ကြီးသည်။ မမဂေဟံ=အကျွန်ုပ်တို့၏ အိမ်ကို။ ဂဏှိတုံ=သိမ်းယူခြင်းငှာ။ ဂတော=သွားသည်။ အသိကိံ ပန=ဖြစ်သလား။

အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့ရဲ့ အိမ်ကို သိမ်းယူရန် သွားခဲ့တယ် ထင်ပါရဲ့လို့ ဆိုတော့-

အာမ ဂတောမှိ=အေး-သွားခဲ့တယ်။ ဘာပြုတုံး။ ဒီတော့ ဇောတိကက-

မမ အနိစ္ဆာယ မမ ဂေဟံ ဂဏှိတုံ ရာဇသဟဿမ္ပိ န သက္ကောတိ ဒေဝ။

ဒေဝ=သမုတိနတ် အိုမင်းမြတ်။ မမ အနိစ္ဆာယ=ကျွန်တော်မျိုး သဘောမတူဘဲသာဖြင့်။ မမ ဂေဟံ=ကျွန်တော်မျိုးရဲ့အိမ်ကို။ ရာဇသဟဿမ္ပိ=မင်းပေါင်းတစ်ထောင်သော်မှလည်း။ ဂဏှိတုံ=သိမ်းယူခြင်းငှာ။ န သက္ကောတိ=မတတ်နိုင်ပါ။

အရှင်မင်းကြီး၊ ကျွန်တော်မျိုးရဲ့အိမ်ကို ကျွန်တော်မျိုး မကျေနပ်လို့ရှိယင် အရှင်မင်းကြီး တစ်ဦးတည်း မဆိုထားနှင့် မင်းပေါင်းတစ်ထောင်လာပြီး သိမ်းယူပါစေ မရဘူးတဲ့။

အဇာတသတ်မင်းကလည်း စိတ်ဆိုးတယ်။

ကိံ ပန တွံ ရာဇာ ဘဝိဿတိ=မင်းက ရှင်ဘုရင်မို့လို့လားကွ။ ဒီလိုပြောတယ်။ လက်သီးနဲ့ ထထိုးလုမတတ်ပဲ ဟုတ်လား။

ကိံ ပန တွံ ရာဇာ ဘဝိဿတိ=မင်းက ရှင်ဘုရင်ဖြစ်မယ့်လူမို့လို့လားကွ။ စိတ်ဆိုးတယ်။

ဒီတော့ ဇောတိကက ဘာပြောသလဲ။ အေးအေးကလေးပဲ။ သူက ဒေါသကြီးတာမှမဟုတ်ဘဲ။ သူက တရားနာနေတဲ့ သူတော်ကောင်း။

http:\\www.dhammadownload.com



နာဟံ ရာဇာ ဒေဝ။ သမုတိနတ် အို မင်းမြတ်။ အဟံ=အကျွန်ုပ်သည်။ န ရာဇာ=မင်းမဟုတ်ပါ။

ကျွန်တော်မျိုး မင်းမဟုတ်ပါဘူး။ မင်းလည်း မလုပ်ချင်ပါဘူး။

မမ သန္တကံ ပန ဒသိကသုတ္တမ္ပိ မမ အနိစ္ဆာယ ရာဇူဟိ ဝါ စောရေဟိ ဝါ ဂဟေတုံ နသက္ကာ။

ပန=ထိုသို့ပင် ကျွန်တော်မျိုး မင်းမဟုတ်သော်လည်း။ မမ သန္တကံ=ကျွန်တော်မျိုးရဲ့ ဥစ္စာကို။ မမ အနိစ္ဆာယ=ကျွန်တော်မျိုး အလိုမရှိဘဲသာဖြင့်။ ဒသိကသုတ္တမ္ပိ=ချည်မျှင်တစ်မျှင်ကလေးကိုသော်မှ။ ရာဇူဟိ ဝါ=မင်းပေါင်းများစွာတို့သည်လည်းကောင်း၊ စောရေဟိ ဝါ=ခိုးသူတို့သည်လည်းကောင်း။ ဂဟေတုံ=လုယက်ယူခြင်း၊ ခိုးဝှက်ယူခြင်း၊ တိုက်ဖျက်ယူခြင်းငှာ။ နသက္ကာ=မတတ်နိုင်ပါ။

မင်းမဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်မျိုးရဲ့ ပစ္စည်းကို ကျွန်တော်မျိုး သဘောမတူဘဲဆိုယင် ဟို အဲဒီ ပြာသာဒ်ကြီး မဆိုထားပါဘိ။ ချည်မျှင်ကလေးတစ်မျှင်တောင်မှ အရှင်မင်းကြီးတို့ မယူနိုင်ဘူး။ ဒီလိုပြောတယ်။ စိတ်ကလည်း ဆိုးမယ်ဆိုလည်း ဆိုးစရာပဲ။ ဒီတော့ ရာဇမာန်ကလည်း ရှလာတော့-

ကိံ ပနာဟံ တဝ ရုစိယာ=မင်းသဘောတူမှ။ ကိံ ပန ဂဏှိဿာမိ= ဘာ့ကြောင့် ယူရမလဲကွာ-တဲ့။

ငါက မင်းသဘောတူမှ ယူရမှာလား။ ဟုတ်လား။ မင်းသဘောတူမှ ငါဘာလုပ်ယူရမှာလဲ။ ငါယူချင်ယူမှာပေါ့။ သူက ဒီလို အဓိပ္ပာယ်မျိုးနဲ့ ပြောတယ်။ ရန်တွေ့စကား၊ ဟုတ်လား။

တေနဟိ ဒေဝ ဂ္ဂမာ မေ ဒသသု အင်္ဂုလီသု ဝီသတိမုဒ္ဒိကာ။

တစ်ခါတည်း လက်ဆယ်ချောင်း ထောင်ပြလိုက်တယ် ဇောတိကက။

http:\\www.dhammadownload.com



ဒေဝ=အရှင်မင်းကြီး။ တေနဟိ =ဒါဖြင့်ရင်။ မေ=အကျွန်ုပ်၏။ ဣမာဒသသု အင်္ဂုလီသု=လက်ဆယ်ချောင်းတို့၌။ ဣမာဝီသတိမုဒ္ဒိကာ=ဤနှစ်ဆယ်သော လက်စွပ်တို့သည်။ သန္တိ=ရှိကုန်၏။

ဣမာဟံ တုမှာကံ န ဒေမိ။

အဟံ=ငါသည်။ တုမှာကံ=အရှင်မင်းကြီးတို့အား။ ဣမေ=ဤလက်စွပ်တို့ကို။ န ဒေမိ=မပေးဘူး။

သစေ သက္ကောထ ဂဏှထ=စွမ်းနိုင်ရင် ယူစမ်း၊ တစ်ခါတည်း လက်ကို ကမ်းပေးလိုက်မယ်။

အဇာတသတ်မင်းကို ကျွန်တော်မျိုးပိုင်တဲ့ ဟောဒီလက်စွပ်ဟာ အကွင်းနှစ်ဆယ် ရှိတယ်။ အဲဒီအကွင်းနှစ်ဆယ်ကို ကျွန်တော်မျိုးမပေးဘူးတဲ့။ ဟုတ်လား။ သတ္တိရှိရင်၊ စွမ်းလို့ရှိရင် ယူစမ်းလို့ဆိုတော့ အဇာတသတ်မင်းလည်း အင်မတန် စိတ်ဆိုးလာတယ်။ ရာဇမာန် သိပ်ပြင်းတယ်။ တစ်ခါတည်း မြေကြီးကို ထိုင်ပြီးတော့ ခုန်လိုက်တာ။ တစ်ခါတည်း ဆယ့်ရှစ်တောင် မြောက်သွားတယ်။ ဖျမ်းဆို လက်ပန်းပေါက် ခတ်ပြီးတော့ ခုန်တာ။ သူ့သတ္တိပြတယ်။ မြေကြီးက ဒီလို ငုတ်တုတ်ထိုင်ရာက ခုန်တာ။ တစ်ခါတည်း လက်ပန်းပေါက်ခတ်ပြီး ခုန်တော့ ဖြုန်းဆို ကောင်းကင် ဆယ့်ရှစ်တောင် မြောက်ပြီး ပြန်ကျတယ်။ ဒုတိယတစ်ခါ မတ်တတ်ရပ်ပြီးတော့ လက်ပန်းပေါက် ခတ်ပြီးတော့ ခုန်တော့ ကောင်းကင်အထက်ကို အတောင်ရှစ်ဆယ်၊ ဝါးလေးပြန်လောက် တစ်ခါတည်း တက်ပြီးတော့ ဖြုန်းဆို ကျတယ်။

ဇောတိကက စွမ်းနိုင်ယင် ယူပါ။ သတ္တိရှိယင် ယူစမ်းပါ ဆိုပြီးတော့ တစ်ခါတည်း လက်ကမ်းပေးလိုက်တယ်။ ချွတ်သလေ၊ ချွေးဒီးဒီးကျတယ်။ တစ်ကွင်းမှ မရဘူး။ ဒါနဲ့ တစ်ခါတည်း နဖူးကချွေး ခြေမကျတယ်။ ချွေးသာကျတယ်။ လက်စွပ်က တစ်ကွင်းမှ မရဘူး။ မရတော့ ဇောတိက ဘာပြောသလဲ။

http:\\www.dhammadownload.com



သာဋကံ ပတ္ထရဒေဝ။

အရှင်မင်းကြီး၊ ဘာကြောင့် အပင်ပန်းခံပြီး ချွတ်နေသလဲ။ အဲဒီ ဝတ်လဲတော်လေး ဖြန့်ထားလိုက်ပါ။ ကျွန်တော်မျိုး ပေးချင်တဲ့စိတ်နဲ့ ပေးပါ့မယ်နော်။ အဲဒီ ဝတ်လဲတော်လေးဖြန့်ထားပါ ဆိုတော့ ဟိုရှင်ဘုရင် ကလည်း သူက အရက်က ကွဲနေတော့ သူထုးပြီးတော့ ကွဲစရာမရှိဘူး။ ဒီတော့ ဝတ်လဲကလေး ဖြန့်ထားတယ်။

ဖြန့်ထားတော့မှ ဟိုက ဇောတိကက နေပြီးတော့ လက်ကလေး ကို ဒီလို စိုက်ပေးလိုက်တယ်။ လက်စွပ်အကွင်း ဘယ်ဘက်က ဆယ်ကွင်း၊ ညာဘက်က ဆယ်ကွင်း အလိုလိုဆင်းသွားတယ်။ ရှင်းပြီလား–တဲ့။

ဧဝံ ဒေဝ မမ သန္တကံ မမ အနိစ္ဆာယ န သက္ကာ ဂဏှိတုံ။

ဒေဝ=သမုတိနတ် အို–မင်းမြတ်။ ဧဝံ–ဤသို့လျှင်။ မမ သန္တကံ=ကျွန်တော်မျိုးရဲ့ဥစ္စာကို။ မမအနိစ္ဆာယ=ကျွန်တော်မျိုး သဘော မတူလို့ရှိရင်။ ကောစိ=တစ်စုံတစ်ယောက်သောသူသည်။ ဂဏှိတုံ= ယူခြင်းငှာ။ နသက္ကာ=မတတ်ကောင်းပါဘူးဘုရားလို့–

ကျွန်တော်မျိုးရဲ့ဥစ္စာကို ကျွန်တော်မျိုး သဘောမတူယင် ဘယ်သူ မှ ယူမဖြစ်ပါဘူးလို့ ပြောရင်းပြောရင်း ပြောရင်းနဲ့ အဇာတသတ်မင်း ရဲ့ လောဘတွေ၊ အဇာတသတ်မင်းရဲ့ ဒေါသတွေ၊ ဒါတွေကိုမြင်ပြီးတော့ ဇောတိကက လောဘ၊ ဒေါသများ သိပ်ကြောက်စရာကောင်းပါကလား လို့ဆိုတာ သံဝေဂရပြီးတော့–

ပဗ္ဗဇိတုံ မေ အနုဇာန ဒေဝ။

ဒေဝ=သမုတိနတ် အို–မင်းမြတ်။ (ဒီမင်းရဲ့လက်ထက်မှာဖြင့် ငါဆက်နေလို့ကတော့ဖြင့် မတော်ဘူး။ လောဘအင်မတန်ကြီးတဲ့မင်း။ ဒေါသ အင်မတန်ကြီးတဲ့မင်း။ ဒီမင်းလိုသာဖြင့် လူ့ဘောင်မှာနေလို့ မတော်တော့ဘူးလို့ သံဝေဂရတယ်။ ကျေးဇူးတင်ရမှာပဲ။ နို့မို့ ဒါလောက်

http:\\www.dhammadownload.com



ကြီးတဲ့ စည်းစိမ်ကြီး ဘယ်စွန့်မလဲ။ သူဆုတောင်းတဲ့အတိုင်း "ဒေဝ မနုဿေသု သမ္ပတ္တိယော အနုဘဝိတွာ"ဆိုတဲ့အတိုင်း ဒီကနေ နတ်ပြည်သွား၊ ဒီလိုစည်းစိမ်တွေ ခံစားနေယင် ဒီလိုဒုက္ခတွေ့ဦးမှာပဲ။ အခုတော့ အဇာတသတ်နဲ့လည်း တွေ့လိုက်ကရော ဓမ္မသံဝေဂ=တရားသံဝေဂရပြီးတော့-

ဒေဝ=သမုတိနတ် အို-မင်းမြတ်။ မေ=အကျွန်ုပ်အား။ ပဗ္ဗဇိတုံ=ရဟန်းပြုခြင်းငှာ။ အနုဇာန=ခွင့်ပြုတော်မူပါတော့ဘုရား။

မနေချင်တော့ပါဘူး၊ ဟုတ်လား။ ငါတော့ ရဟန်းပြုမှပဲ ဆိုပြီးတော့ ရဟန်းပြုဖို့ရန် ခွင့်ပေးတော်မူပါဘုရားလို့ လျှောက်ထားတယ်။ အဇာတသတ်မင်းကလည်းပဲ ဟိုက ရဟန်းပြုချင်နေတာတောင်မှ နလုံးသွင်းက ဘယ်လောက်တောင်လဲဆိုတော့-

ဣမသ္မိံ ပဗ္ဗဇိတေ သုခံ ပါသာဒံ ဂဏှိဿာမိ။

ဣမသ္မိံ=ဤဇောတိကသည်။ ပဗ္ဗဇိတေ=ရဟန်းပြုလို့ရှိရင်။ သုခံ=လွယ်လွယ်နဲ့။ ပါသာဒံ=သူ့ရဲ့ ရတနာပြာသာဒ်ကြီးကို။ ဂဏှိဿာမိ=ငါပိုင်ရမှာပဲ။

သူ ရဟန်းပြုရင် သူ့ပြာသာဒ်ကြီးကို လွယ်လွယ်နဲ့ ငါအပိုင်ရမှာပဲ-ဟဲ့ ဆိုပြီးတော့ ဝမ်းမြောက်ဝမ်းသာ-

တွံ ပဗ္ဗဇာဟိ။

တွံ=သင်ဇောတိကသည်။ ပဗ္ဗဇာဟိ=အလိုရှိတိုင်း ရဟန်းပြုလော့။

ပြုနိုင်ဗျား ပြုနိုင်ဗျားလို့ တကတည်း ကျေကျေနပ်နပ် ရဟန်းပြုခွင့်လည်း ပေးရော ဇောတိကလည်းပဲ အိမ်တောင်မပြန်ဘူး။ အဲဒီကနေ မြတ်စွာဘုရားထံ ဝင်ရောက်ပြီးသကာလ ရဟန်းအဖြစ်တောင်း၊ ရဟန်းပြု။

http:\\www.dhammadownload.com



သော သတ္ထုသန္တိကေ ပဗ္ဗဇိတွာ န စိရဿေဝ အရဟတ္တံ ပတွာ ဇောတိကထေရောနာမ အဟောသိ။

သော=ထိုဇောတိက သေဋ္ဌေးသည်။ သတ္ထု–သန္တိကေ=ဘုရားအထံ၌။ ပဗ္ဗဇိတွာ=ရဟန်းပြု၍။ န စိရဿေဝ အရဟတ္တံ ပတွာ=မကြာမြင့်မီ အရဟတ္တဖိုလ် ရောက်ပြီးတော့။ ဇောတိက ထေရောနာမ အဟောသိ=ဇောတိက မထေရ်ရယ်လို့ သာသနာတော်မှာ အထင်အရှားဖြစ်ခဲ့တယ်တဲ့။

တစ်နေ့တော့ ဇောတိက မထေရ်ကို ရဟန္တာဖြစ်မှန်း မသိကြဘူးတဲ့။ တချို့တချို့ ကိုယ်တော်လေးတွေက ရှိသေးတယ်။ ဇောတိကက ဝါက ခပ်ငယ်ငယ်၊ အခုမှ ရဟန်းဖြစ်ခါစ၊ လာပြီး သူတို့က–

အာဝုသော ဇောတိက တသ္မိံ ပန တေပါသာဒေ ဝါ ဣတ္ထိယာ ဝါ တဏှာ အတ္ထိ။

အာဝုသော ဇောတိက=ငါ့ရှင် ဇောတိက။ တေ=သင့်အား။ တသ္မိံ ပါသာဒေ ဝါ=ထိုရတနာ ပြာသာဒ်၌လည်းကောင်း။ တိဿံ ဣတ္ထိယာ ဝါ=ထိုသတုလာကာယီဆိုတဲ့ မြောက်ကျွန်းသူ သေဋ္ဌေးကတော်၌လည်းကောင်း။ တဏှာ=တဏှာတရားသည် အတ္ထိ=ရှိသေးလားလို့။

ဇောတိက ရဟန်းပြုလို့ မကြာမီ ရဟန္တာဖြစ်တော့ သူ့ရဲ့ ရတနာပြာသာဒ်ကြီးနဲ့ သတုလကာယီတို့ ဘယ်လိုဖြစ်သလဲဆိုတော့ ဇောတိကလည်း ဒီက ရဟန္တာဖြစ်ကရောတဲ့။ ရတနာပြာသာဒ်ကြီးကလည်း အလိုလို ကွယ်သွားတယ်။ သတုလကာယီနဲ့တကွ၊ ဟုတ်လား။ ဇောတိကျောက်ရော၊ ဆန်ရော အကုန်လုံး နတ်တွေက မြောက်ကျွန်းပြန်ပို့တယ်။ မြေနဲ့မြေကွက် ဗလာပဲ ဒီအတိုင်းကျန်ခဲ့တယ်။

အကုန်လုံး ရတနာပြာသာဒ်ကြီး အကုန်ကွယ်သွားတယ်။ အဲဒီတော့ ဇောတိကကို ရဟန်းတွေက မေးတယ်။

http:\\www.dhammadownload.com



"ငါ့ရှင် ဇောတိက၊ ဟို–လူ့ဘဝတုန်းက အဲဒီ ရတနာပြာသာဒ်ကြီးနဲ့ သတုလကာယီဆိုတဲ့ သေဋ္ဌေးကတော်ကြီးကို တွယ်တာ တပ်မက်တဲ့ တဏှာလောဘများ ရှိသေးသလား"လို့ ဆိုတော့–

နတ္ထိ အာဝုသော=မရှိတော့ဘူးငါ့ရှင်တို့။ ရိုးရိုးပြောတယ်။

မရှိတော့ဘူးလို့ဆိုတော့ ဒီကိုယ်တော်တွေ အနေနဲ့က ဒါ ရှိလောက်တဲ့ လောဘနေယျဝတ္ထုကြီး။ မရှိဘူးလို့ သူပြောတာ သက်သက်မဲ့ မဟုတ်မမှန် ပြောပြီးတော့ ကိုယ့်ကိုယ်ကို ရဟန္တာလို့ ဝန်ခံတာဆိုပြီး တော့လား–ဘုရားဆီ သွားရအောင်ဆိုပြီး ဘုရားထံခေါ်သွားတယ်။ ဘုရားဆီ ရောက်တော့–

အယံ ဘန္တေ အဘူတံ ဝတွာ အညံ ဗျာကရောသိ။

ဘန္တေ=အရှင်မြတ်ဘုရား။ အယံ=ဤဇောတိကရဟန်းသည်။ အဘူတံ ဝတွာ=မဟုတ်မတရားပြောကြားပြီးတော့။ အညံ=အရဟတ္တဖိုလ်ကို။ ဗျာ–ကရောသိ=ဝန်ခံပါတယ်ဘုရားလို့ ပြောတယ်။

မြတ်စွာဘုရားက–

နတ္ထေဝ ဘိက္ခဝေ မမ ပုတ္တဿ တဏှာ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ မမ ပုတ္တဿ=ငါ့သားဇောတိကအား။ တဏှာ=ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ ခုံမင်တပ်မက် စွဲလမ်းနှစ်သက်တတ်တဲ့ တဏှာလောဘသည်။ နတ္ထေဝ=တကယ့်ကို မရှိရိုးဧကန် မှန်လှပေ၏။

ဧဝံ=တကယ့်ကို မရှိတာ။ ခိုင်ခိုင်မာမာကြီး ပြောပြီးတော့–

ယောဓ တဏှံ ပဟန္တွာန၊ အနာဂါရောပရိဗ္ဗဇေ။

တဏှာဘဝ ပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဒေသနာနိဂုံး အဆုံးသတ်တော့မလို့–

http:\\www.dhammadownload.com



ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဣဓ=အံ့ဖွယ်ရှစ်ဖြာ ဤငါဘုရားသာသနာ၌။ ယော=အမှတ်မထင် အကြင်ပုဂ္ဂိုလ်သည်။ တဏှံ=ဝတ္ထုအာရုံ ကာမဂုဏ်၌ တခုံမက်မက် တပ်နှစ်သက်တတ်သည့် တဏှာလောဘတရားကို။ ပဟန္တွာန=လေးနက်လျှံရှိန် ဉာဏ်ပုဆိန်ဖြင့် လေးကြိမ်ဖြတ်တောက် အကြွင်းမဲ့ ပယ်ဖြတ်ပြီး၍။ အနာဂါရော=လူမှုလူရာကိစ္စလုံးဝမရှိဘဲ။ ပရိဗ္ဗဇေ=လူ့ဘောင်မှ လွတ်မြောက် ရဟန်းဘောင်သို့ ကပ်ရောက်ခဲ့ပေ၏။ တဏှာဘဝ ပရိက္ခီဏံ=တဏှာသုံးဝ ဘဝသုံးဘုံ အကြွင်းမဲ့ ကုန်ပြီဖြစ်သော။ တံတာဒိသံ=ထိုသို့သဘောရှိသောသူကို။ အဟံ=လူနတ်တို့၏ ဆရာငါဘုရားမြတ်စွာသည်။ ဗြာဟ္မဏံ=ဒုစ္စရိတမကောင်းမှု ဟူသမျှကို အပပြုပြီး ပယ်ဖျက်ပြီး၍ ဘုန်းမီးဝိဇ္ဇာ ခီဏာသဝ ပရမတ္ထအနှစ် ဗြာဟ္မဏာအစစ်ဟူ၍။ ဗြူမိ=ဟောကြားပေ၏။

ဒီလိုပုဂ္ဂိုလ်မျိုးကိုမှ သဘာဝဗြာဟ္မဏာ အစစ်လို့ တဏှာသုံးပါးကုန်ပြီး ဘဝသုံးပါးကုန်ပြီး ဖြစ်တဲ့ ပုဂ္ဂိုလ်ကိုမှ ဒုစရိုက်မှု မပြုဘဲ ရှောင်ရှားအပပြုပြီးဖြစ်တဲ့အတွက် ဗဟိတပါပဖြစ်သောကြောင့် ပရမတ္ထ အနှစ်ဗြာဟ္မဏာအစစ် သဒ္ဒါနှစ်အစစ်လို့ ငါခေါ်တယ်လို့ ဒေသနာ နိဂုံးဆုံးသကာလ–

ဒေသနာဝသာနေ=ဒေသနာနိဂုံး ဆုံးသော ကာလ၌။ ဗဟူ=များစွာသော ရဟန်းတို့သည်။ သောတာပတ္တိဖလာဒီနိ=သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု=ရောက်ကြကုန်၏။

တရားလည်းဆုံးရော စောစောစီးစီးက ဦးဇောတိကကို အပြစ်တင်ချင်လို့ ဘုရားထံမှောက် ရောက်လာတဲ့ ကိုယ်တော်တွေ အချို့သောတာပန်ဖြစ်၊ တချို့သကဒါဂါမ်၊ တချို့ အနာဂါမ်၊ တချို့ရဟန္တာဒီလို စသည်ဖြစ်ကြတယ်တဲ့။

ဤသည်လျှင် ဇောတိကထေရဝတ္ထုသည် ပြီးပြီ။

http:\\www.dhammadownload.com



ဤသို့ ဓောတိကမထေရ်၏ အတိတ်အကြောင်းနှင့်တကွ ပစ္စုပ္ပန်ဝတ္ထုနှင့် စပ်သော ဒါနကထာ၊ သံဝေဂကထာ၊ ဓမ္မကထာကို ကြားနာရခြင်း=ဓမ္မဿဝနကောင်းမှု ကုသိုလ်ကံစေတနာ၊ သရဏဂုံ သီလဆောက်တည်ရခြင်း=သီလမယ ကောင်းမှုကုသိုလ်ကံ စေတနာ၊ စစ်ကိုင်းတောင်ရိုး၊ မင်းကွန်းတောင်ရိုးဘက်၌ ခုရနှစ်ပါး ပွားများကြိုးကုတ် အားထုတ်နေထိုင်ကြတဲ့ သံဃာတော်အရှင်မြတ်တို့အား ဆွမ်းပစ္စည်းဖြင့် မငြိုမငြင်မပင်ပန်း မနွမ်းနယ်စေခြင်းအကျိုးငှာ နှစ်စဉ်နှစ်စဉ် ထာဝရ နိဗဒ္ဓ ဝဋ္ဋ ကြွေးတည်၍ ဆွမ်းအလျှာ ဆွမ်းဆန်တို့ဖြင့် သဒ္ဓါပြဋ္ဌာန်း လှူဒါန်းရခြင်းတည်းဟူသော ဘောဇနဒါန ကောင်းမှုကုသိုလ်ကံ စေတနာ၊ ဤသို့စသည်များမြတ် ပေါင်းအပ်သော ကောင်းမှုကုသိုလ်အရပ်ရပ်တို့ကြောင့်–

ဤတရားဒေသနာ၌ လာရှိသည့် ဓောတိက၏ စံရာ ခေမာသိမ်အမတကြပ်ှန်း။ နိဗ္ဗာန်နန်းသို့ မပင်မပန်း ခံစံရသော ကျင့်ဝတ်ပဋိပတ်လျှင်မြန်သော အသိဉာဏ်၊ ရည်သန်ရင်းရှိတဲ့ မဂ်ဉာဏ်လေးရပ်တို့ဖြင့်အရဟတ္တဖိုလ်ပေါက် ကိုယ်စီကိုယ်င မျက်မှောက်ပြုနိုင်ကြသည့်ကိုယ်ဖြစ်ပါစေသတည်း။ အရဟတ္တဖိုလ် ပေါက် မျက်မှောက်ပြုရသော ထိုနောက်ဆုံးဘဝ ပရိနိဗ္ဗာနစုတိ၏ အခြားမဲ့ နောက်ကာလ၌ ဘယ်ဘဝ၊ ဂတိ၊ ယောနိ၊ ဝိညာဏဋ္ဌိတိမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးဒုက္ခသစ္စာတရားတို့ တစ်ဖန်မဖြစ်သော ချုပ်ခြင်း ငြိမ်းခြင်း၊ အေးခြင်း အနုပ္ပါဒနိရောဓ=အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရစေကုန်သတည်း။ အနုပါဒါပရိနိဗ္ဗာန်ကိုယ်စီစံရသဖြင့် ကမ္မဝဋ္ဋ၊ ကိလေသဝဋ္ဋ၊ ဝိပါကဝဋ္ဋတည်းဟူသော ဝဋ္ဋဒုက္ခခပ်သိမ်း သံသရာမီးတောက်မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း–။

သာဓု–သာဓု–သာဓု။

ဓောတိကမထေရ်ဝတ္ထု တရားတော်။

ပြီးပြီ။

http:\\www.dhammadownload.com

# တိရောကုဍ္ဍသုတ္တန်တရားတော်

## ကွယ်လွန်ပြီးနောက် ပြိတ္တာဖြစ်သူ သားသမီးဆွေမျိုးများ စည်းစိမ်ချမ်းသာ ရရှိရန် ဒါနပြုနည်းကို ဟောကြားခြင်း။

တိရောကုဍ္ဍေသု တိဋ္ဌန္တိ
သန္ဓိသိင်္ဃာဋကေသု စ။
ဒွါရဗာဟာသု တိဋ္ဌန္တိ။
အာဂန္တွာ န သကံ ဃရံ။

(ခုဒ္ဒက၊ နှာ၊ ၈)

တစ်ချိန်က မြတ်စွာဘုရား ဗိမ္ဗိသာရမင်းတရားကို ဟောကြားတဲ့ သုတ္တန်။ ဘုန်းကြီးတို့သာသနာမှာ ကွယ်လွန်သော ပုဂ္ဂိုလ်များကို ရည်စူးပြီးတော့ ဒီကကောင်းမှုကုသိုလ် ပြုလုပ်ပြီးတဲ့အခါမှာ ဒီကောင်းမှု ကုသိုလ်ရဲ့ အမျှခွန်းညွှန်းမယ်ဆိုတော့ သာသနာလုပ်ငန်းစဉ်ကြီး၊ ဗုဒ္ဓဘာသာတို့ရဲ့ လုပ်ငန်းစဉ်ကြီးအစဆုံးဖြစ်ပေါ်တဲ့ အချိန်ကို မျှော်ပြီးတော့ ကြည့်ရမယ်။

### ဖုဿမြတ်စွာဘုရားကို အပိုင်စီးသော ဇယသေနမင်း

ယခုလိုကိစ္စမျိုး ဘယ်သူက စခဲ့တုံးဆိုတော့ ဝေဠုဝန်ကျောင်း ဒကာဗိမ္ဗိသာရမင်းတရားက စရမယ်။ တစ်ခါ ဗိမ္ဗိသာရမင်းတရားက စခဲ့ပြန်တော့ ဗိမ္ဗိသာရမင်းတရားက စပြောပြန်တော့လည်းပဲ သူ့ဟာက အကြွက်က မလည်ပြန်ဘူး။ မလည်တဲ့အတွက် အဋ္ဌကထာများမယ်။ ဗိမ္ဗိသာရရဲ့နောက်ကြောင်း ကိုးဆယ့်နှစ်ကမ္ဘာထက်က နောက်ကြောင်းပြန်

http:\\www.dhammadownload.com



ပြီးတော့ ပြောရမယ်။ ယနေ့ရောက်နေတာက ဘဒ္ဒကမ္ဘာ။ ဒီဘဒ္ဒကမ္ဘာကနေပြီး ပဋိလောမ နောက်ပြန်ရေတွက်လိုက်လို့ မဟာကပ်ပေါင်း ကိုးဆယ့်နှစ်ကမ္ဘာထက်မှာ ဇယသေနမင်းတရား၊ အဂ္ဂဒေဝီမဟေသီမိဖုရားကြီးက သိရိမာမိဖုရားကြီး။ အဲဒီ ဇယသေနမင်းတရားနဲ့ သိရိမာမိဖုရားကြီးတို့မှာ ဖုဿဘုရားအလောင်းတော်ဖွားလို့ ဖုဿမြတ်စွာဘုရား အရွယ်တော်ရောက်တဲ့အခါ တောထွက်လို့ ဘုရားဖြစ်၊ ဘုရားဖြစ်ပြီးတဲ့အခါကျတော့ ဇယသေနမင်းတရားက–

"လောကမှာ ဘုရားရယ်လို့ ပေါ်လာတာ ငါ့သားက တောထွက်ပြီးတော့ ဘုရားဖြစ်တာ။ ဒီတော့ ဘုရားဟာ ငါရဲ့ဘုရား၊ ငါ့သားဘုရား၊ ငါ့ဘုရား ဟောတဲ့ တရားမို့လို့ ဒီတရားတော်လည်း ငါရဲ့တရားပဲ။ ငါ့သားက ဘုရားဖြစ်ပြီးတော့ တပည့်တွေ တရားဟောလို့ အားလုံး ရဟန်းပြုကြတဲ့ သာဝကသံဃာတွေ၊ ဒီသံဃာတွေလည်းပဲ ငါ့သားရဲ့ တပည့်သားတွေဖြစ်ခြင်းကြောင့် ငါ့မြေးတွေ၊ ငါ့သားတွေပဲ။ ငါ့သံဃာတွေပဲ"

လို့ဆိုပြီးတော့ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးကို သူက အပိုင်စီးထားတယ်။

ဘယ်လောက်များ စီးထားသလဲဆိုရင် မြတ်စွာဘုရားအမှူးပြုတဲ့ သံဃာတော်တွေကို တိုင်းသူပြည်သားဗိုလ်လူအများ ဘယ်သူမှ ပူဇော်ခွင့်မရဘူး။

ဒီတော့ မြတ်စွာဘုရားကလည်း အချိန်မကျသေးခင်တော့ သူ့ရဲ့အပြုအစု၊ သူ့ရဲ့အနုအယကိုပဲ ခံရပါတယ်။ ဘုရားက ခမည်းတော်ဘက် သက်သက်လိုက်ပါသွားလို့ မဟုတ်ပါဘူး။ ဝေနေယျ ချွတ်ချိန်ကျတော့ အကြောင်းဟာ သူ့အလိုလို ဖန်တီးလာမယ်ဆိုတာ သိပြီးတော့ ဒီအချိန်အတွင်းမှာတော့ ခမည်းတော်ကြီးရဲ့ လှူဒါန်းပူဇော်တဲ့ ပစ္စည်းလေးပါးဖြင့် ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ မျှတရမယ်။ သိပြီးတော့ ခမည်းတော်

http:\\www.dhammadownload.com



ဇယသေနမင်းတရားကြီး ဘုရားအမျူးရှိတဲ့ သံဃာတော်တွေ သိပါယင်လည်း ဘုရားကလည်း ဘာမှမပြောဘဲနဲ့ လက်ခံတော်မူ၊ သာယာတော်မူပြီးတော့ နေကြတယ်။

ဤကဲ့သို့ နေရင်းက ဇယသေနမင်းရဲ့ သားတော်ဖုဿမြတ်စွာဘုရားနဲ့ ဖတူမိကွဲဖြစ်သော မင်းသားသုံးယောက် ရှိကြတယ်။ အဲဒီမင်းသားသုံးယောက်က စဉ်းစားတယ်။

"ဘယ့်နှယ်လဲ။ လောကမှာ ဘုရားပွင့်တယ်။ ဘုရားပေါ်တယ်။ သံဃာတော်အရှင်မြတ်တွေ ထွန်းကားတယ်။ ရတနာသုံးပါး ထွန်းကားတယ်ဆိုတာဟာ ခမည်းတော်ကြီးတစ်ယောက်ရဲ့အတွက် ထွန်းကားတာမဟုတ်ဘူး။ တို့ နတ်ရော၊ လူရော၊ ဗြဟ္မာရော အားလုံးဘုံသုံးပါးမှာ ရှိကြတဲ့ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ အားလုံးရဲ့အကျိုးငှာ ဘုရားပွင့်တော်မူလာတာ။ အခုတော့ တို့ခမည်းတော်ကြီးက ဘုရားလည်း သူအပိုင်စီးထားတယ်။ တရားလည်း သူအပိုင်စီးထားတယ်၊ သံဃာလည်း သူအပိုင်စီးထားတယ်"

## တိုင်းသားပြည်သူ ဘုရားပူဇော်ခွင့်ရအောင် ကြံစည်ကြခြင်း

"တို့တိုင်းသား ပြည်သူ ဗိုလ်လူတွေ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ပူဇော်ခွင့် မပြုဘဲ ထားတယ်။ ဒီတော့ တို့ပူဇော်ခွင့်ရအောင် ကြံမှပဲ"

ဒီအကြံနဲ့ သားတော်သုံးပါးက ပစ္စန္တရစ် ဇနပုဒ်မှာ ရှိတဲ့လူတွေကို လက်တို့ပေးတယ်။ မင်းတို့က သောင်းကျန်းကြကွ။ ထကြ၊ ဆူကြ။ ဒီတော့ ပစ္စန္တရစ်ဇနပုဒ်က လူတွေက သောင်းကျန်းကြတယ်။ ဆူကြတယ်။ အဲဒီတော့ ဇနပုဒ်က သောင်းသောင်းကျန်းကျန်း ဆူဆူပူပူဖြစ်တော့ ဖခမည်းတော် ဇယသေနမင်းတရားက သားတော်မင်းသား သုံးယောက်ကို အဲဒီသောင်းကျန်းမှု သွားနှိမ်နင်းရမယ်။ ဒီလိုဆိုပြီးတော့ လွှတ်လိုက်တယ်။

http:\\www.dhammadownload.com



လွှတ်လိုက်တဲ့အခါကျတော့ သူတို့ဖန်တီးထားတဲ့ ဇာတ်ကွက်ဆို တော့ ဒီမင်းသားသုံးယောက်သွားယင်ပဲ ဟိုလူတွေက တစ်ခါတည်း သောင်း ကျန်းမှု ငြိမ်းပစ်လိုက်တယ်။ ပြန်လာပြီ၊ သားတော်သုံးယောက် က။ သောင်းကျန်းမှု နှိမ်နင်းပြီးတော့ ပြန်လာခဲ့ပြီ။

"ကိုင်း–ငါ့သားတော်များ လိုချင်တဲ့ ဆုယူကြ"လို့ ခမည်းတော် ကြီးက ပေးတဲ့အခါ–

"သားတော်များမှာ ခမည်းတော်ရဲ့ အရိပ် ခိုမှီးနေရတဲ့အတွက် လောကဝတ္ထုအာရုံ ကာမဂုဏ်အသုံးအဆောင်ကတော့ဖြင့် ဘာမှလိုလေ သေးမရှိပါဘူး"

"ဒီတော့ သားတော်တွေ ဘာလိုချင်ကြတုံး"

"ဘုရား သားတော်များ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို ပြုစုရ တဲ့ဆု လိုချင်ပါတယ်"

အဲဒီလို ပြောတယ်။

"ဟာ–ဒီလိုဆိုလို့ရှိယင် မပေးနိုင်ဘူး"

"မဟုတ်ဘူးလေ၊ ပြည့်ရှင်မင်းကြီး ဆိုတာဟာ မင်းမှာသစ္စာ လူမှာကတိရှိရပါတယ်။ စကားတစ်ခွန်း မဖျက်ကောင်းပါဘူး"လို့ ဆို တော့–

"ဒါဖြင့် မင်းတို့အပိုင်းအခြားနဲ့ ယူကြပါသားတော်"လို့ ဆိုတဲ့ အခါ–

"ခုနစ်နှစ်တော့ ပြုစုပါရစေ"

"မရဘူး မောင်တို့"

ခြောက်နှစ်၊ ငါးနှစ်၊ လေးနှစ်၊ သုံးနှစ်၊ နှစ်နှစ်၊ တစ်နှစ်၊ ဒီလို ထိအောင် လျှော့လျှော့တောင်းလို့ မရတော့ ရေကူးညာတင် တောင်း

http:\\www.dhammadownload.com



တယ်။ တစ်နှစ်တောင်းမရတော့ သားတော်များက "ခုနစ်လပြုစုပါရစေ"

"မရဘူး သားတော်တို့၊ မပေးနိုင်ဘူး"

"ဒါဖြင့် ခြောက်လ ပြုစုပါရစေ"

"မရဘူး"

"ငါးလပြုစုပါရစေ"

မရဘူး။

လေးလ။

မရဘူး။

သုံးလတော့ ပြုစုပါရစေ။ ဝါတွင်းသုံးလတော့ ပြုစုပါရစေဆို တော့–

"ဒါဖြင့် သားတော်တို့ ယူကြတော့၊ ဝါတွင်းသုံးလတော့ ပြုစုကြ" လို့ ဒီလို ခွင့်ပေးလိုက်တယ်။

ဒီလို ခွင့်ပေးလိုက်ယင်ပဲ မင်းသားသုံးယောက်က မိမိတို့ စားကြေးမြို့ရွာမှာ ရှိတဲ့ မြို့စိုး=မြို့ဝန်ကို လှမ်းပြီးတော့ မှာလိုက်တယ်။ တို့ယခုလာမည့်ဝါတွင်း ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို တို့မြို့ပင့်ပြီးတော့ တို့ပြုစုမလို့ဟေ့။ အဲဒီက ကျောင်းတွေ ကန်တွေမဟုတ်လား။ စကြံတွေ၊ ကျောင်းတိုက်ကြီးတစ်ခု မြန်မြန်ဆောက်၊ ပြီးပြီဆို မြန်မြန်အကြောင်းကြား။

ဒီလိုမှာလိုက်တော့ ဟိုကနေပြီးတော့ မြို့ဝန်က=မြို့စိုးက မင်းသားများ မှာလိုက်တဲ့အတိုင်း ကျောင်းတိုက်ကြီးများ တည်ပြီးဆောက်လုပ်ပြီးတဲ့အခါကျတော့ မင်းသားများထံ သတင်းပို့တော့ မင်းသားများက "မြတ်စွာဘုရား၊ တပည့်တော်တို့အား ချီးမြှောက်သောအားဖြင့် ဝါတွင်းသုံးလပတ်လုံး တပည့်တော်တို့တည်ဆောက်တဲ့ တပည့်တော်တို့ ကျောင်း

http:\\www.dhammadownload.com



တိုက်ထဲမှာ သီတင်းသုံးတော်မူပါ။ တပည့်တော်များလည်း ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ပြီး ဆယ်ဂါးသီလ ထိန်းသိမ်း၍ ကျောင်းတော်မှာပဲ ဘုရားအမှူးရှိတဲ့ သံဃာတော်များ ဆည်းကပ်ပြီးတော့ အင်း-တရားတော်များ နာ၍ သံဃာတော်များအား ဆွမ်းဝတ်ပြုစု၍ နေလိုပါတယ်" ဆိုတော့ ဘုရားကိုယ်တော်မြတ်က သံဃာတော်များနဲ့တကွ အဲဒီမြို့ ကြွတယ်။

ကြွတော့ ပထမနေ့ မင်းသားတွေက စီမံကြတယ်။ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေက ဤပုံဤပန်း အင်း-ဒီအချိန်မှာ ယာဂုကပ်၊ နံနက်စောစော။ ဒီအချိန်မှာ ဆွမ်းကပ်ပါ။ ဒီလို ညနေအချိန်တော့ ဖျော်ရည်ကပ်ပါ။ တစ်ရက်ပတ်လုံး သူတို့စီမံကြတယ်။ အဲဒီလို စီမံပြီးတဲ့အခါကျတော့ သူတို့ရဲ့ ကိုယ်စားအနေနဲ့ မြို့ဝန်ကို မေးတယ်။

အခု မိန့်တဲ့အတိုင်း နားလည်ပြီမဟုတ်လား။ ပြုစုတတ်ပြီမဟုတ်လား။

ပြုစုတတ်ပါတယ်။

ဒါဖြင့်ယင် တို့ရဲ့ဘဏ္ဍာစိုး ခေါ်ဦး။

ဘဏ္ဍာစိုးခေါ်ပြီးတော့ ဘဏ္ဍာစိုး၊ လိုအပ်သမျှငွေကို ထုတ်ပေး။ မြို့ဝန်နဲ့ ဘဏ္ဍာစိုးနဲ့နှစ်ဦး တိုင်ပင်ပြီးသကာလ ဒီ ဘုရားအမှူးရှိတဲ့ သံဃာတော်များကို တစ်ဝါတွင်းလုံး ဒီနည်းအတိုင်း ပြုစုကြပါ၊ အဲဒီလို ပြောတယ်။

အဲဒီလိုပြောတဲ့အခါကျတော့ ဘဏ္ဍာစိုးတို့ ဇနီးမောင်နှံက သဒ္ဓါတရားလည်း ရှိတယ်။ သဒ္ဓါတရားရှိရှိနဲ့ သူတို့ကိုယ်တိုင် ဇနီးမောင်နှံနှစ်ဦးစလုံး စိတ်ပါလက်ပါ ဝေယျာဝစ္စဆောင်ရွက်တယ်။ လိုအပ်တဲ့ငွေကြေးများကိုလည်းပဲ မတွန့်မဆုတ် ထုတ်ပေးတယ်။ အဲဒီလို ထုတ်ပေးတော့ ဘဏ္ဍာစိုး ဇနီးမောင်နှံကတော့ သဒ္ဓါတရားကောင်းပါတယ်။

http:\\www.dhammadownload.com



တစ်ခါ မင်းသားသုံးယောက်ကလည်း ဘယ်လောက်သဒ္ဓါတရား ကောင်းသလဲဆိုတော့ သူတို့ရဲ့မင်းချင်းယောကျ်ားတွေထဲက တို့လို ဆယ်ပါးသီလ စောင့်ပြီး ဖန်ရည်စွန်းတဲ့ အဝတ် ဝတ်၍ ဘုရားကျောင်းတော်မှာ နေ့နေ့ညည တရားနာပြီး နေလိုတဲ့ ပုဂ္ဂိုလ်များရှိယင် ထွက်ခဲ့ကြ။ ငါတို့တပည့်ထဲက။ ဆိုတော့ အဲဒီမင်းသားတွေရဲ့ အခြွေအရံပရိသတ်ထဲက နေပြီး လူပေါင်းတစ်ထောင်ထွက်လာတယ်။

အဲဒီ တစ်ထောင်နဲ့ အမျိုးကောင်းသားတို့နှင့်တကွ ဒီမင်းသားသုံးယောက်တို့သည် ဖန်ရည်စွန်းတဲ့ အဝတ်များဝတ်၊ ဆယ်ပါးသီလများထိန်းသိမ်း၊ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ကျောင်းတိုက်ထဲမှာ ဝတ်ကြီးဝတ်ငယ်ပြုပြီး တစ်ဝါတွင်းလုံး ကျောင်းတိုက်ထဲမှာနေတယ်။ ဘဏ္ဍာစိုးဇနီးမောင်နှံကလည်း လိုအပ်သမျှ ငွေကြေးထုတ်ပြီး ဝေယျာဝစ္စလိုအပ်သမျှ ပြုစု၊ အင်မတန်မှ ပွဲကြီးပွဲကောင်းဖြစ်နေတယ်။ ကုသိုလ်ပွဲကြီးသဘင်။

## ကုသိုလ်ပွဲ နှောင့်ယှက်သူများ အပါယ်ကျခြင်း

အဲဒီလို ကုသိုလ်ပွဲကြီးသဘင် ယင်လို့၊ မြို့ဝန်ကြီးကတော့လည်းပဲ သဒ္ဓါတရားလည်း ကောင်းတယ်။ သူလည်း ပြုတယ်။ အဲဒီမြို့ဝန်ရဲ့နောက်လိုက်ထဲကလည်းပဲ သူ့လိုပဲ သဒ္ဓါတရားကောင်းတဲ့ လူပေါင်းတစ်သိန်းနဲ့တစ်သောင်း ရှိတယ်။ အဲဒီ တစ်သိန်းတစ်သောင်းသော လူများက မြို့ဝန်ကြီးလိုပဲ သဒ္ဓါတရားထက်ထက်သန်သန်နဲ့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို နေ့စဉ် နေ့စဉ် ယာဂုချိန်ယာဂု၊ ဆွမ်းချိန် ဆွမ်း၊ အဖျော်ချိန် အဖျော်၊ တစ်ဝါတွင်းလုံး ပြုစုလိုက်တာ။ တစ်ဖက်က ဒီလိုကောင်းကောင်းပြုစုတာ ရှိသလို အင်း-လောကကြီးမှာ တစ်ဖက်ကလည်းပဲ လှောက်လှက်တတ်တဲ့ ကိစ္စက ပေါ်စမြဲ ဓမ္မတာအတိုင်း အဲဒီမြို့ဝန်ကြီးရဲ့ ဆွေထဲမျိုးထဲက ခပ်ဆိုးဆိုး၊ အင်း- လေးငါးခြောက်ရာ ဆိုပါစို့။

http:\\www.dhammadownload.com



အဲဒီလို လူတွေက ဘာလုပ်ပစ်တုံး။ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေဖို့ ချက်ပြုတ်ထားတဲ့ ဆွမ်းတွေ၊ ဟင်းတွေ၊ ကျိုထားတဲ့ ယာဂုတွေ၊ ဖျော်ထားတဲ့ ဖျော်ရည်တွေ၊ ဘာတွေ သူတို့က သောင်းကျန်းပြီးတော့၊ လုယက်ပြီးတော့ စားတယ်။ သောက်တယ်။ သုံးတယ်။ အနှောင့်အယှက်ပေးတယ်။ ဘုရားကျောင်းတော်ကို ဆွမ်းအိုးတွေ ထမ်းသွားတဲ့လူတွေကို လမ်းက ဆီးပြီးတော့ နှောင့်ယှက်တယ်။ လုယက်တယ်။ ဖျက်ဆီးတယ်။ စားချင်ယင် သူတို့စားတယ်။ မစားချင်ယင် လွှင့်ပစ်တယ်။

အဲဒီလို နှောင့်ယှက်မှုကိစ္စတွေ တစ်ဖက်က ပြုတယ်။ တစ်ဖက်ကလည်းပဲ အဲဒါတွေ စိတ်မပျက်ဘဲနဲ့ ကုသိုလ်ဘက်ကလည်း ထက်ထက်မြက်မြက်ပြုလို့ ထိုပုဂ္ဂိုလ်တွေ ထိုဘဝက စုတေတဲ့အခါကျတော့ မင်းသားသုံးယောက်ရယ်၊ မြို့စိုးရယ်၊ ပြီးတော့ ဘဏ္ဍာစိုး ဇနီးမောင်နှံရယ်၊ မင်းသားနောက်က ပါတဲ့ လူပေါင်းတစ်ထောင်၊ မြို့စိုးရဲ့ မြို့ဝန်ကြီးရဲ့ နောက်ကပါတဲ့ လူပေါင်း တစ်သိန်းတစ်သောင်း၊ သူတို့ကား နတ်ပြည်တစ်ခုမှ နတ်ပြည်တစ်ခု၊ နတ်ပြည်တစ်ခုမှ နတ်ပြည်တစ်ခုသို့ အစုန်အဆန် လူးလာပြန်ရောက် သုဂတိချမ်းသာ ခံစားပြီးတော့ ဒီဘုရားလက်ထက် ရောက်ခဲ့ကြတယ်။ ကိုးဆယ့်နှစ်ကမ္ဘာမှာ သူတို့ အပါယ်မရောက်ခဲ့ဘူး။

ခုနင်တုန်းက မြို့စိုးရဲ့ ဆွေမျိုးတွေ၊ အဲဒီဆွေမျိုးဆိုတဲ့ လူဆိုးတွေကတော့ ဒုဂ္ဂတိမှ ဒုဂ္ဂတိ၊ ဒုဂ္ဂတိတစ်ဘုံမှ ဒုဂ္ဂတိတစ်ဘုံ၊ စာထဲကတော့ "ဒုဂ္ဂတိတော ဒုဂ္ဂတိံ၊ ဒုဂ္ဂတိတော ဒုဂ္ဂတိံ"တဲ့။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံဆိုတဲ့ ဒီ ဒုဂ္ဂတိလေးဘုံမှာ တစ်ဘုံကပြီးတစ်ဘုံ၊ တစ်ဘုံကပြီးတစ်ဘုံ၊ ဒီလိုပြောင်းပြီးတော့ လှည့်ပြီးတော့ ဆင်းရဲဒုက္ခ၊ ငရဲဒုက္ခ၊ တိရစ္ဆာန်ဒုက္ခ၊ ပြိတ္တာဒုက္ခ၊ အသူရကာယ်ဒုက္ခ၊ အပါယ်လေးဘုံဒုက္ခကို အဆင်အမျိုးမျိုး ခွဲပြီးတော့ ဒီလိုပဲ ကိုးဆယ့်တစ်ကမ္ဘာလုံး ဒုဂ္ဂတိဘုံမှာ တစ်လှည့်စီ ဖြစ်နေကြတယ်။

http:\\www.dhammadownload.com



## ကဿပမြတ်စွာဘုရားလက်ထက်

တတိယမြောက် ပွင့်တော်မူတဲ့ ကဿပမြတ်စွာဘုရားသာသနာတော်ရောက်လာတော့ ခုနင်က ဆွေမျိုးလူဆိုးတွေက ဘာဖြစ်နေလဲဆိုတော့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံအနက် တတိယအပါယ်ဘုံဖြစ်တဲ့ ပြိတ္တာဘုံရောက်၊ ဒီလို ဆိုက်ရောက်ကုန်တယ်။ ကဿပမြတ်စွာဘုရားလက်ထက်မှာ တစ်ဦးတည်းဒကာက ဘုရားအမှူးရှိတဲ့ သံဃတော်အား ဆွမ်းများလှူဒါန်းလို့၊ အဝတ်သင်္ကန်းများ လှူဒါန်းလို့ ပြီးပြီဆိုတော့ မြတ်စွာဘုရားရဲ့ညွှန်ကြားချက်အတိုင်း–

ဣဒံ ဝေါ ဉာတီနံ ဟောတု၊

သုခိတာ ဟောန္တု ဉာတယော။

ဝေါ=ငါတို့၏။ ဣဒံ=ယနေ့ယခုပြုအပ်သမျှသော ကောင်းမှုကုသိုလ်သည်။ ဉာတီနံ=ဆွေမျိုးစုတို့အား။ ဟောတု=ဖြစ်ပါစေသား။ ဉာတယော=ငါ့ဆွေငါ့မျိုးတို့အား။ သုခိတာ=ကာယစိတ္တသုခနှစ်ပါးနဲ့ ပြည့်စုံကြကုန်သည်။ ဟောန္တု=ဖြစ်ပါစေကုန်သားလို့–

အဲဒီလို ကဿပမြတ်စွာဘုရားရဲ့ ညွှန်ကြားချက်အတိုင်း ထိုဒကာက မိမိကောင်းမှုကုသိုလ် အမျှခွန်းကို ဆွေမျိုးများအား ညွှန်းလိုက်တဲ့အခါကျတော့ ထိုဒကာရဲ့ ဆွေမျိုးတော်စပ်ကြသော ပြိတ္တာဘုံမှာရောက်ရှိနေကြတဲ့ ဆွေဟောင်းမျိုးဟောင်းတွေ ခဏအတွင်းမှာ ရေငတ်တာ ရေငတ်ပြေပြီးတော့ ရေကြည်ရေအေးတွေ သောက်ရတယ်။ နဂိုက အဝတ်အစားမရှိတာ။ အဝတ်အစားတွေ ပြည့်စုံလာတယ်။ နဂိုက ရုပ်ရည်အဆင်းတွေဟာ ကြည့်မကောင်းရှုမကောင်း အင်မတန် မတင့်မတယ်ဖြစ်နေတာတွေ ရုပ်ရည်တင့်တယ်လာတယ်။

သမ္ပတ္တိဆိုတဲ့ ခဏအတွင်း ပြည့်စုံလာတာကို မြင်တော့ စောစောကပြောတဲ့ မြို့စိုး=မြို့ဝန်ရဲ့ဆွေမျိုးလူဆိုး ပြိတ္တာတွေက ကဿပမြတ်စွာ

http:\\www.dhammadownload.com



ဘုရားကို လျှောက်တယ်။ ဘုရား၊ တပည့်တော်တို့တော့ ဒီလို ဆွေကောင်း မျိုးကောင်းနဲ့ ဘယ်တော့များမှ တွေ့ရပါ့မလဲဘုရားလို့ လျှောက်တော့–ဟာ–မဝေးပါဘူး။ သင်တို့အတွက် ငါဘုရားပရိနိဗ္ဗာန်စံပြီးတဲ့နောက် အန္တရကပ်တစ်ကပ် ခြားပြီးတော့ ဂေါတမမြတ်စွာဘုရား ပွင့်လိမ့်မယ်။ ပွင့်တဲ့အခါကျတော့ သင်တို့ရဲ့ဆွေနီးမျိုးရင်းချာ အတိတ် လွန်ခဲ့တဲ့ ကိုးဆယ့် တစ်ကမ္ဘာထက်က သင်တို့ရဲ့ ဆွေမျိုးရင်းချာဖြစ်သော မြို့ဝန်မင်းဟာ အဲဒီအချိန်မှာ ဗိမ္ဗိသာရမင်းတရားဖြစ်လိမ့်မယ်။

အဲဒီ ဗိမ္ဗိသာရမင်းတရားဖြစ်တဲ့အခါမှာ ဒါနကုသိုလ်ကောင်းမှုကြီး ပြုပြီးတော့ အမျှပေးဝေတဲ့အခါ သင်တို့ ထိုကုသိုလ်ကောင်းမှုကို အနုမောဒနာပြုလို့ သာဓုခေါ်လို့ ပြိတ္တာဒုက္ခမှ လွတ်မြောက်ကြရလိမ့်မယ်လို့ ကဿပမြတ်စွာဘုရား မိန့်ကြားလိုက်ရင်ပဲ ဒီဆွေတွေ၊ မျိုးတွေ၊ ပြိတ္တာတွေဟာလေ နက်ဖြန်ခါ ရရတော့မလောက်ပဲ စိတ်ထဲမယ် အင်မတန်အားရနှစ်ခြိုက်ရှိကြတယ်။ ဝမ်းမြောက်ဝမ်းသာ ရှိကြတယ်။

## ဂေါတမမြတ်စွာဘုရား လက်ထက်တော်

ဒီလိုနဲ့ တစ်နေ့တစ်နေ့၊ တစ်လတစ်လ၊ တစ်နှစ်တစ်နှစ် ဆိုသလို ဒီလိုစောင့်ပြီးတော့ မျှော်ပြီးတော့ လာခဲ့တာ ဒီ ဘုရားသာသနာ ရောက်လာတယ်။ ဒီဘုရားသာသနာရောက်လို့ ဒီမြတ်စွာဘုရားပွင့်တော်မူလို့ ပထမဝါ ကြ္လာသ်ပတန မိဂဒါဝုန်တောမှာ ဝါကပ်၊ ဝါကျွတ်၊ သီတင်းကျွတ် တော်မူတဲ့အခါ ဘုရားကိုယ်တော်မြတ် ဥရုဝေလတောအုပ်ကို သွား။

အဲဒီမှာ ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပဆိုတဲ့ ကဿပရသေ့ညီနောင် သူတို့ရဲ့ အခြံအရံနှင့်တကွ ရှင်တစ်ထောင်တို့ကို မြတ်စွာဘုရား ဂယာသီသ ကျောက်ဖျာမှာ သီတင်းသုံးပြီးတော့ အာဒိတ္တပရိယာယသုတ္တန်ဒေသနာဖြင့် အရဟတ္တဖိုလ်ရောက် ချီးမြှောက် တော်မူခဲ့တယ်။ အဲဒီ ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ ဆိုတဲ့

http:\\www.dhammadownload.com



ကဿပညီနောင် သုံးပါးကား လွန်ခဲ့တဲ့ ကိုးဆယ့်နှစ်ကမ္ဘာထက်က ဖုဿမင်းတရားရဲ့ သားတော်မင်းသားသုံးယောက်ဖြစ်ခဲ့တယ်။

အဲဒီတုန်းက မင်းသားသုံးယောက်သည် ယခုဘုရားလက်ထက်မှာ လာပြီးတော့ ကဿပညီနောင်သုံးပါးဖြစ်တယ်။ အဲဒီတုန်းက မင်းသားသုံးယောက်ရဲ့ နောက်လိုက်၊ ဖန်ရည်စွန်းသောအဝတ် ဝတ်ပြီးတော့ ဆယ်ပါးသီလ နေ့စဉ်ထိန်းသိမ်းခဲ့တဲ့ တပည့်တွေဟာ ဒီဘုရားသာသနာ ဒီဘုရားလက်ထက်ကျတော့ ကဿပညီနောင် ရှင်တစ်ထောင်တို့ရဲ့ နောက်ပါ ရှင်တစ်ထောင်ဖြစ်လာတယ်။

ကဿပညီနောင်တို့ရဲ့ နောက်ပါရှင်တစ်ထောင်ဖြစ်ပြီးတော့ လာခဲ့ကြတယ်။ အဲ-ဟိုတုန်းက ဘဏ္ဍာစိုးဇနီးမောင်နှံက ဒီဘုရားသာသနာမှာ ဗိမ္ဗိသာရမင်းတရားနဲ့ အင်မတန်ရင်းနှီးတဲ့ ဝိသာခသေဌေးနဲ့ ဓမ္မဒိန္နာသေဌေးကတော် ဖြစ်ကြတယ်။ အဲဒီတုန်းက မြို့စိုး=မြို့ဝန်က ဒီဘုရားသာသနာမှာ ဗိမ္ဗိသာရမင်းတရားဖြစ်တယ်။

အဲဒါနဲ့ ဘုရားကိုယ်တော်မြတ် အင်း-သူ့အတိတ်က ဆွေဟောင်းမျိုးဟောင်း၊ မိတ်ဟောင်းသင်းဟောင်းတွေဟာ ပေါင်းမိဖို့ ဖန်တည်းလာတာပေါ့လေ။ ဂယာသီသတောအုပ်မှာ အာဒိတ္တပရိယာယတုတ္တန်ဟောလို့ အတိတ်က မင်းသားသုံးယောက်ဖြစ်ခဲ့ဖူးသော ရသေ့ညီနောင်သုံးပါး၊ အင်း-နောက်ပါတပည့်ပရိသတ်ဖြစ်သော ရှင်တစ်ထောင်၊ အားလုံးကို အာဒိတ္တပရိယာယသုတ္တန်ဖြင့် အရဟတ္တဖိုလ်ပေါက် ချီးမြှောက်တော်မူပြီး ထိုရဟန်းပေါင်းတစ်ထောင် ခြံရံ၍ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းတရားရဲ့ လျှောက်ထားချက်အရ ဝန်ခံတော်မူခဲ့ရင်းအတိုင်း ဘုရားကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည် ကြွတယ်။

http:\\www.dhammadownload.com



## ဗိမ္ဗိသာရမင်း၏ အလှူပွဲကြီး

ဘုရားရောက်တဲ့ နေ့မှာပဲ ဗိမ္ဗိသာရမင်းတရားသည် တစ်သိန်းနှစ်သောင်းသော ပုဏ္ဏားသူကြွယ်၊ ပုဏ္ဏားလူချမ်းသာတွေ ဝန်းရံပြီးတော့ ဘုရားထံ တရားနာလာကြတယ်။ အဲဒီ တရားနာလာရောက်တဲ့အချိန်အခါမှာ မြတ်စွာဘုရား တရားဟောလို့ ဗိမ္ဗိသာရမင်းတရားအမှူးပြုသော ပုဏ္ဏားသူကြွယ်ပေါင်း တစ်သိန်းနဲ့တစ်သောင်း သောတာပန်တည်၍ ကျန်တဲ့ တစ်သောင်းက သရဏဂုံတည်၊ သီလရှိတဲ့ ဥပါသကာဒကာဖြစ်တယ်။ ခံယူကြတယ်။ ဗုဒ္ဓဘာသာတွေ ဖြစ်သွားတယ်ပြောပါစို့။

အဲဒီ တစ်သိန်းတစ်သောင်းနဲ့ ဗိမ္ဗိသာရမင်းတရားကတော့ သောတာပန်ဖြစ်တယ်။ အဲဒါ ရောက်တဲ့နေ့ပဲနော်။ အဲဒီ သောတာပန်ဖြစ်ပြီးတဲ့အခါ ဗိမ္ဗိသာရမင်းတရားက နောက်တစ်နေ့ တပည့်တော်ရဲ့ ရွှေနန်းတော်သံဃာတော်များနှင့်တကွ ဆွမ်းဘုဉ်းပေးကြွတော်မူပါလို့ ဒီလို လျှောက်ထားတဲ့အခါ မြတ်စွာဘုရားလက်ခံသာယာတော်မူလို့ နောက်တစ်နေ့ရောက်တဲ့အခါ သိကြားမင်းကိုယ်တိုင် နိမ္မာန်ဆော်လုလင်ယောင် ဖန်ဆင်းပြီးတော့–

ဒန္တော ဒန္တေဟိ သဟ ပုရာဏဇဋိလေဟိ၊
ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ။
သိင်္ဂီနိက္ခသဝဏ္ဏော၊
ရာဇဂဟံ ပါဝိသိ ဘဂဝါ။

(ဝိနယ၊ မဟာဝဂ္ဂ၊ ၄၈–၉)

ရာဇဂြိုဟ်ပြည် လမ်းမကြီးက ရှင်းလို့။ အဲဒီ ရှင်းနေတဲ့ လမ်းမကြီးတစ်လျှောက်မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ ကြွတော်မူလာတယ်။ ဆွမ်းဘုဉ်းပေးကြွတော်မူလာတယ်ဆိုယင် ရှေ့ဆုံးက နေပြီးတော့ အလှဆုံး အပဆုံးဆိုတဲ့ လုလင်အသွင် သိကြားမင်းက ဖန်ဆင်းပြီးတော့–

http:\\www.dhammadownload.com



မုတ္တော မုတ္တေဟိ သဟ ပုရာဏဇဋိလေဟိ၊
ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ။
သိင်္ဂီနိက္ခသဝဏ္ဏော
ရာဇဂဟံ ပါဝိသိ ဘဂဝါ။
တိဏ္ဏော တိဏ္ဏေဟိ သဟ ပုရာဏဇဋိလေဟိ၊
ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ။
သိင်္ဂီနိက္ခသဝဏ္ဏော၊
ရာဇဂဟံ ပါဝိသိ ဘဂဝါ။

ဆိုတဲ့ အင်မတန် သာယာတဲ့အသံနဲ့ "ကိုယ်တော်တိုင်က ယဉ်ကျေးတော်မူပြီး ဣန္ဒြေခြောက်ပါး ယဉ်ကျေးတော်မူကြပြီးဖြစ်တဲ့ ရဟန္တာပေါင်းတစ်ထောင် ခြံရံတော်မူလျက်လည်းကောင်း၊ သိင်္ဂီနိက်ရွှေစင်အဆင်း ဝါဝင်းသော ကိုယ်ရေကိုယ်သား ရှိတော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်သည် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွတော်မူခဲ့လေပြီ။

ဒီအကြောင်းကို သိကြားမင်းက နိဗ္ဗာန်ဆော်ပြီး ရှေ့ကနေ ကြွေးကြော်ပြီးတော့ ဗိမ္ဗိသာရနန်းတော် ပင့်သွားတယ်။ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ အကုန်ပင့်တယ်။ အဲဒီအချိန်မှာ လွန်ခဲ့တဲ့ ကိုးဆယ့်နှစ်ကမ္ဘာထက်က ဗိမ္ဗိသာရရဲ့ ဆွေမျိုးတွေ ဖြစ်ကြတဲ့ပြိတ္တာတွေက ဒီကနေ့တော့ တို့ဆွေမျိုးရင်းချာဖြစ်တဲ့ ဗိမ္ဗိသာရမင်းတရားက တို့ကို အမျှဝေလိမ့်မယ်။ အမျှဝေယင် တို့ ရေတွေ သောက်ရလိမ့်မယ်။ အစာတွေစားရလိမ့်မယ်။ အဝတ်တွေ ဝတ်ရလိမ့်မယ်။ မျှော်လင့်ချက် ကြီးစွာဖြင့်စောင့်ပြီး မျှော်ပြီး အမျှဝေတဲ့အချိန်စောင့်နေကြတယ်။ ထုံးစံကလည်းမရှိသေးတော့ ဗိမ္ဗိသာရမင်းတရားကလည်း ဘုရားအမှူးရှိတဲ့ သံဃာတော်ဆွမ်းကျွေးပြီးတယ်ဆိုယင်ပဲ ဒီဆွေတွေ မျိုးတွေ အမျှဝေဖို့အတွက် "ဩော် ဘုရားအမှူးရှိတဲ့ သံဃာ၊ ငါ ဘယ်ထားရပ့ါ။ ဘယ်များ ဘုရားနှင့်တကွ သံဃာတော်တွေ သီတင်းသုံးယင် ကောင်းပါ့မတုံး"လို့ ဒီအကြံဖြစ်ပြီး သူ

http:\\www.dhammadownload.com



ကလည်း ဝေဠုဝန်ဉယျာဉ်ကြီးကို လှူဖို့ရန်အတွက် ဤကဲ့သို့ စိတ်ကစောနေတယ်။ စောရုံတင် မဟုတ်ဘူး။ အဲဒီနေ့ ဝေဠုဝန်ဉယျာဉ်ကြီး လှူတာပဲ။ ကျောင်းတိုက်ကြီးကို။ အဲဒီအထဲရှိတဲ့ မင်းတဲတွေ ဘာတွေ၊ အကုန်လုံး ဗိုလ်တဲတွေရော။ အလိုတော်ရှိသမျှ ဘုရားအမှူးရှိသော သံဃာတော်များ သုံးစွဲတော်မူကြပါဆိုပြီးတော့ ဒီဝေဠုဝန်ဉယျာဉ်ကြီးလှူပွဲက ကျင်းပနေတော့ ဆွေတွေမျိုးတွေကို အမှတ်မရဘူး။ အမျှခွန်း မညွှန်းခဲ့ရဘူး။ နို့ မြတ်စွာဘုရားက သူ့ညွှန်းဖို့ ပြောတာက အချိန်က လိုသေးတယ်။ အဲဒီ အင်း-ဆွေဟောင်းမျိုးဟောင်း ပြိတ္တာတွေရဲ့ ကျွတ်လွတ်ချိန်က တစ်ရက်လောက် လိုသေးတော့ ဘုရားကလည်း ဘာမှမပြောနိုင်သေးဘူး။

အဲဒါနဲ့ သူတို့က မျှော်လင့်ချက်ကြီးစွာဖြင့် မျှော်လင့်ရာက ဒီလို အမျှအတန်း၊ ယခုလို ဘုရားအမှူးရှိတဲ့ သံဃာတော်အား လှူဒါန်းပြီးယင် ဝေလိမ့်မယ် မျှော်လင့်ပါလျက်ကနဲ့ မျှော်လင့်ချက် မပြည့်စုံတော့ ညကျတော့ ဟစ်ကြအော်ကြ၊ ငိုကြရယ်ကြ။ အင်မတန်မှ ကြောက်ဖွယ်ကောင်းတဲ့ အသံကြီးတွေနဲ့ နန်းတော်ကြီးတစ်ခုလုံးမှာပေါ့လေ။ ဆူဆူညံညံနဲ့ မြည်တဲ့အသံ၊ မြင်လည်းမမြင်ရဘဲနဲ့ ဖြစ်ပေါ်တယ်။ ဗိမ္ဗိသာရမင်းတရားက ကြောက်လန့်နေတယ်။

နောက်တစ်နေ့ နံနက် မိုးသောက် အစောကြီးဘုရားထံသွားပြီးတော့ ဒီလိုဒီလို ဘုရား၊ ညတုန်းက ဒီအသံတွေကြားပါတယ်။ အဲဒါဘာတုံးဆိုတော့-

မြတ်သောမင်းကြီး၊ ဒီအသံအတွက် သင့်မှာ အန္တရာယ်ဖြစ်မှာ မဟုတ်ပါဘူး။ မစိုးရိမ်ပါနဲ့။

အဲ-ဘုရား-ကြောက်စရာကောင်းလိုက်တာ။ ဟစ်ကြ၊ အော်ကြ၊ ငိုကြယိုကြ၊ လူလည်း မမြင်ရဘဲနဲ့ အသံတွေကြားနေရပါတယ်ဘုရားလို့ ဆိုတော့-

http:\\www.dhammadownload.com



အေး–အဲဒါ တခြားမဟုတ်ဘူး။ လွန်ခဲ့တဲ့ ကိုးဆယ့်နှစ်ကမ္ဘာထက်က သင့်ဆွေမျိုးတွေ၊ သင့်ဆွေမျိုးတွေ။ အဲဒီမှ မြတ်စွာဘုရားက သင့်ဆွေမျိုးတွေ၊ အဲဒီ ကိုးဆယ့်နှစ်ကမ္ဘာထက်က ဖုဿမြတ်စွာဘုရား အမှူးရှိတဲ့ သံဃာ လာဘ်ကို အနှောင့်အယှက်ပြုခဲ့တာတွေ၊ ဒါပြန်ပြီးတော့ မြတ်စွာဘုရားက ဟောတယ်။ အဲဒါကြောင့် ကနေ့ တချို့ဟာပေါ့လေ။ ဉာဏ်ပညာမျက်စိ ကျယ်ပြန့်တဲ့ ပုဂ္ဂိုလ်များက ဘယ့်နှယ်ပြောသလဲ။

"အင်း–ဗိမ္ဗိသာရဆွေမျိုးတွေ ဖြစ်ကုန်မယ်နော်။ ဗိမ္ဗိသာရဆွေမျိုးတွေ ဖြစ်ကုန်မယ်နော်"ဒီလို အလှူပွဲကြီးတစ်ခုတစ်ခု ကျပြီဆိုမှဖြင့် "ဗိမ္ဗိသာရဆွေမျိုးဖြစ်မယ်နော်၊ သတိထား၊ သတိထား"နဲ့ ဒါကိုပြောတာနော်။

အင်း–ပြောတဲ့စကားဟာ အခြေတည်တာကတော့ အဲဒီ ကိုးဆယ့်နှစ်ကမ္ဘာထက်က ဗိမ္ဗိသာရအလောင်းဖြစ်သော မြို့စိုး၊ မြို့ဝန်ရဲ့ ဆွေမျိုးတွေရဲ့အဖြစ်ကို မျှော်ကိုးရည်ရွယ်ပြီးတော့ ယနေ့ လူ့ပြည်လောက ဗုဒ္ဓဘာသာဝင်တို့ရဲ့ နှုတ်ဖျားမှာ ကုသိုလ်ကောင်းမှုတစ်ခုခု ကြီးကြီးကျယ်ကျယ် ပြုတဲ့အခါ အဲဒီ ကောင်းမှုဝေယျာဝစ္စအလှူဦးစီးတဲ့ ဆွေများမျိုးများက ခပ်ဆိုးဆိုးဆိုယင် ဒီလူတွေ ဗိမ္ဗိသာရရဲ့ ဆွေမျိုးတွေဖြစ်မှာပါလို့ ဒီလို ပြောတဲ့စကားတစ်ခုပေါ်ရတယ်။

ဒါဖြင့် ဗိမ္ဗိသာရမင်းတရားက လျှောက်တယ်။

"မြတ်စွာဘုရား–ဒီလိုဆိုလို့ရှိရင် မနေ့က အလှူကတော့ လွန်သွားပြီ၊ လှူပြီးပြီ၊ ကနေ့ပဲ လှူပြီးတော့ သူတို့ကို အမျှခွန်း ညွှန်းလို့ရမလားဘုရား"

"ရပါတယ်။ ဘယ်နေ့ဖြစ်ဖြစ် ကိုယ်ညွှန်းတဲ့အချိန် သူတို့ကို ရနိုင်ပါတယ်"

"ဒါဖြင့် ဘုရား အခုတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်များ ဘုဥ်းတော်ရဲ့ နန်းတော်ကြွတော်မူပါဘုရား"ပင့်သွားတယ်။

http:\\www.dhammadownload.com



## ဗိမ္ဗိသာရမင်းကြီး ဒါနပြုပြီး ဆွေမျိုးပြိတ္တာများအား အမျှဝေခြင်း

နန်းတော်ရောက်တယ်ဆိုရင် ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ ဆွမ်းပြုစု၊ ဆွမ်းပြုစုဖို့ရန်အတွက် အားလုံး အစစ စီမံခင်းကျင်းတယ်။ အဲဒီအချိန်မှာ မြတ်စွာဘုရားက ဣဒ္ဓိဝိဓ အဘိညာဏ်ဖြင့် ဗိမ္ဗိသာရမင်းတရားကို မိမိရဲ့ ဆွေဟောင်းမျိုးဟောင်းဖြစ်တဲ့ ပြိတ္တာတွေကို မြင်အောင် ဘုရားက ဖွင့်ပြီးတော့ အဘိညာဏ်တန်ခိုးနဲ့ ပြထားတယ်။

ဗိမ္ဗိသာရမင်းကြီး ကြည့်လိုက်တော့ ဟိုတံခါးကြား၊ ဟိုလမ်းကြား၊ ဟိုအနားကပ်၊ ဒီအနားကပ်၊ သူ့ရဲ့ ဆွေတွေမျိုးတွေ။ တစ်နန်းတော်လုံး ရုပ်ပျက်ဆင်းပျက်ပေါ့လေ။ အဝတ်မပါ အစားမပါ။ မျက်နှာတွေက ကြောက်လန့်ဖွယ်ရာ၊ တကတည်း ဘာမှ မရှုမလှ၊ အင်မတန် မတင့်မတယ် မဖွယ်မရာတဲ့ အနိဋ္ဌ၊ လိုရင်းကတော့ ဒီပြိတ္တာဘုံက သတ္တဝါတွေရယ် မူလရဲ့ ပြိတ္တာကိုယ်အဖြစ်ကို ကောင်းကောင်းကြီး မြင်နေရတယ်။ ဗိမ္ဗိသာရမင်းတရားက မြင်နေတယ်။

ဗိမ္ဗိသာရမင်းတရားက ကောင်းစွာမြင်စေပြီးတော့မှ မြတ်စွာဘုရားက ကိုင်း–ဒါဖြင့် ရေခွက်ယူ၊ ရေလှူ၊ ရေစက်ချဆိုတော့ ရေစက်မိုးစက် သွန်းချပြီးတော့ ဘုရားကို ရေခွက်လှူလိုက်တယ်။ မြတ်စွာဘုရားကို ရေကပ်တယ်။ ဘုရားအမှူးရှိတဲ့ သံဃာတော် ရေကပ်လိုက်တော့ အဲ–ကပ်ပြီးသွားပြီလား။ ပြီးသွားပြီ။ ပြီးလို့ရှိယင်–

ဣဒံ ဝေါ ဉာတီနံ ဟောတု၊

သုခိတာ ဟောန္တု ဉာတယော။

အမျှဝေလိုက်၊ မြတ်စွာဘုရားက။ မြင်တယ်မဟုတ်လား။ သင့်ဆွေတွေ မျိုးတွေကို။

မြင်ပါတယ်ဘုရား။

အဲ–ဒါဖြင့် ဆွေတွေမျိုးတွေဘက်ကို မှန်းပြီးတော့–

http:\\www.dhammadownload.com



ဣဓ နော ဉာတီနံ ဟောတု၊
သုခိတာ ဟောန္တု ဉာတယော။

နော=ငါတို့၏။ ဣဓ=ယနေ့ယခု လှူဒါန်းရတဲ့ ရေအလှူသည်။ ဉာတီနံ=လွန်ခဲ့တဲ့ ကိုးဆယ့်နှစ်ကမ္ဘာထက်က တော်စပ်ခဲ့ကြသော ငါ့ဆွေငါ့မျိုးတို့အပေါ်။ ဟောတု=ဖြစ်ပါစေသား။ ဉာတကာယော=ငါ့ဆွေငါ့မျိုးတို့သည်။ သုခိတာ=ဤကောင်းမှုကုသိုလ်အစုရ၍ ကာယစိတ္တ သုခနှစ်ပါးနဲ့ ပြည့်စုံကြကုန်သည်။ ဟောန္တု=ဖြစ်ပါစေကုန်သတည်း။

အဲဒီလို ဗိမ္ဗိသာရမင်းတရားက ရေလှူလိုက်တဲ့ အလှူဒါနကောင်းမှုကုသိုလ် အမျှပေးဝေလိုက်တော့ ချက်ချင်းပဲ အဲဒီပြိတ္တာတွေရဲ့ ရှေ့မှောက်မှာ ပဒုမ္မာကြာပန်းတွေ၊ ကြာညိုတွေ၊ ကြာနီတွေ၊ ကြာဖြူတွေ လွှမ်းနေတဲ့ ရေကန်ကြီး တစ်ခါတည်း သူတို့သုံးဆောင်ဖို့ရန် ပေါ်တယ်။ အို–ဒီရေကန်ကြီးထဲမှာ ဘယ်တုန်းကမှ သူတို့မသုံးရတဲ့(ဟုတ်လား၊ ဒီကိုးဆယ့်နှစ်ကမ္ဘာပတ်လုံး အပူခံနေရတဲ့ သတ္တဝါတွေ) သူတို့သုံးစရာရေကန်ပေါ်လာတော့ ဒီရေကန်ထဲမှာ ပြုံးပြုံးပြုံးပြုံး တဖြုန်းဖြုန်း ချိုးကြငုပ်ကြ အင်မတန် ချမ်းသာတာတွေ ဗိမ္ဗိသာရမင်းတရားမြင်နေရတယ်။

မြင်ပြီးတော့ တစ်ခါ ဗိမ္ဗိသာရမင်းတရားက ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို မွန်မြတ်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ်တွေ ကပ်တယ်။ ကပ်ပြီးပြီဆိုတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က ကိုင်း–ခုနင်ကလိုပဲ–

ဣဓ နော ဉာတီနံ ဟောတု
သုခိတာ ဟောန္တု ဉာတယော။

ရှေးတုန်းကတော့ ဒါဟာ အမျှဝေလိုက်တာပဲ။ တစ်ခွန်းပဲ။

ဣဓံ=ယခု ငါလှူဒါန်းရတဲ့ ဆွမ်းအလှူ ဒါနသည်။ ဉာတီနံ=လွန်ခဲ့တဲ့ ကိုးဆယ့်နှစ်ကမ္ဘာထက်က တော်စပ်ကြသော ငါ့ဆွေ ငါ့မျိုးတို့အပေါ်။ ဟောတု=ဖြစ်ပါစေသား။ ဉာတယော=ငါ့ဆွေငါ့မျိုးတို့သည်။

http:\\www.dhammadownload.com



သုခိတာ=ဤဆွမ်းအလှူဒါန ပုညအစု အဖို့ဘာဂကို ရရှိကြ၍ ကာယ စိတ္တ သုခနှစ်ပါးနဲ့ ပြည့်စုံကြကုန်သည်။ ဟောန္တု=ဖြစ်ပါစေသား-။

လို့ အဲဒီလို အမျှခွန်း ကုသိုလ်ညွှန်းလိုက်တဲ့အခါကျတော့ ဟို သူ့ရဲ့ ဆွေဟောင်းမျိုးဟောင်း ပြိတ္တာတွေ အနုမောဒနာခေါ်ပြီး ခဏချင်း သူတို့ဆွေမျိုးပြိတ္တာတွေရဲ့ ရှေ့မှောက်မှာ နတ်၌ဖြစ်သော ထမင်းပွဲတွေ၊ နတ်၌ဖြစ်သော အဖျော်ယမကာပွဲတွေ၊ နတ်၌ ဖြစ်သော ဘောဇဉ်ပွဲတွေ ရောက်ပြီးတော့ မြိန်မြိန်ရှက်ရှက် စားသုံးကြတယ်။ စားကြတာတွေ ဗိမ္ဗိ သာရမင်းတရားမြင်တယ်။ ဝမ်းသာလွန်းလို့။ အဲဒီလို မြင်ပြီးတော့။ ဒါ ပေမယ့် အဲဒီအချိန်အခါမှာ စီဝရဒါန=ဝတ္ထဒါနခေါ်တဲ့ အဝတ်သင်္ကန်း လှူဒါန်းရတဲ့ ကောင်းမှုကုသိုလ်ကို အမျှမပေးမဝေရသေးတော့ သူတို့ ကိုယ်မှာ အဝတ်က မကပ်ရသေးဘူး။ အင်း-ဒီလိုဖြစ်နေပြန်တော့ ဗိမ္ဗိ သာရမင်းတရားက သင်္ကန်းလျာအလို့ငှာ ပိတ်အုပ်တွေ၊ ရွှေနန်းတော်ထဲက ထုတ်၊ ဘုရားအမှူးရှိတဲ့ သံဃာတွေတွေကို သင်္ကန်းအလျားအနေနဲ့ ပိတ် တွေလှူ၊ လှူပြီးတော့ မြတ်စွာဘုရားက ကိုင်း-ဒါဖြင့် အမျှခွန်းညွှန်းလိုက် ဦးဆိုတော့-

ဣဒံ နော ဉာတီနံ ဟောတု၊
သုခိတာ ဟောန္တု ဉာတယော။

ဣဒံ=ဤယခု ငါလှူဒါန်းတဲ့ သင်္ကန်းအလှူဒါန ကောင်းမှု ကုသိုလ်အစုသည်။ ဉာတီနံ=လွန်ခဲ့တဲ့ ကိုးဆယ့်နှစ်ကမ္ဘာထက်က တော် စပ်ခဲ့ကြသော ငါ့ဆွေငါ့မျိုးတို့အတွက်။ ဟောတု=ဖြစ်ပါစေသား။ ဉာတယော=ငါ့ဆွေငါ့မျိုးတို့သည်။ သုခိတာ=ဤသင်္ကန်းဒါန အဖို့ဘာဂ ကို ရရှိကြ၍ ကာယစိတ္တ သုခနှစ်ပါးနဲ့ ပြည့်စုံကြကုန်သည်။ ဟောန္တု= ဖြစ်ပါစေကုန်သတည်း-လို့။

အဲဒီလို အမျှလည်း ဝေလိုက်ကရော ကုသိုလ်ညွှန်းတယ်လို့ခေါ်

http:\\www.dhammadownload.com



တယ်။ ကိုယ့်ကုသိုလ်ကို သူတို့ကို အဲဒီလိုရည်ညွှန်းပြီးတော့ အမျှပေးခြင်း၊ အင်း–ဒီလိုနူတ်က မြွက်ဆိုခြင်းကို ကုသိုလ်ခွန်းအမျှခွန်း ညွှန်းတယ်လို့ ဆိုတယ်။ ဒီကလည်း ညွှန်းလိုက်ကရော သူတို့ကလည်း "သာဓု–သာဓု–သာဓု"ဆိုတဲ့ အနုမောဒနာ ခေါ်လိုက်တယ်။

တစ်ခါတည်း ခဏချင်း ဒီဆွေဟောင်းမျိုးဟောင်းတွေရဲ့ ခန္ဓာကိုယ်မှာ နတ်ဥ္စဖြစ်သော အဝတ်တွေတစ်ခါတည်း ရောက်လာတယ်။ တိုတို ပြောကြပါစို့ရဲ့။ ပြိတ္တာအသွင်တွေပျောက်ပြီးသကာလ နတ်သားနတ်သမီးတို့ရဲ့ အသွင်တွေရောက်ပြီးတော့ ဖိတ်ဖိတ်တောက်အဝတ်အစားတွေ အင်း...လျှမ်းလျှမ်းတောက် အစာအာဟာရတွေ၊ ဟို သုံးစရာ စွဲစရာ မင်္ဂလာရေကန်နဲ့ ကြာမျိုးငါးပါး ဖုံးလွှမ်းနေတဲ့ ရေကန်ကြီးတွေ၊ ဒါတွေ နဲ့ သူတို့အသုံးအဆောင်တွေ ပေါ်တာမြင်လို့ ဗိမ္ဗိသာရမင်းတရားက အင်မတန် အားရနှစ်သက်တယ်။

## ဒါနဧ အကျိုးရဖို့ အကြောင်းသုံးပါး

အဲဒီလို လှူတဲ့တန်းတဲ့ နေရာမှာ အကျိုးရတဲ့ကိစ္စက အကြောင်းသုံးပါး ရှိတယ်။ ဘာလဲ။ တစ်နံပါတ်က–

(၁) အလှူဒကာက ဆွေတွေမျိုးတွေအပေါ်မှာ မေတ္တာကရုဏာပြဋ္ဌာန်းပြီးတော့ လှူဒါန်း၍ အမျှခွန်းဝေခြင်း။

(၂) ထိုခဏမှာ ထိုဆွေမျိုးများက သာဓုအနုမောဒနာ ခေါ်ခြင်း။

(၃) အလှူခံ ပုဂ္ဂိုလ်တွေဘက်က စင်ကြယ်သော သီလရှိခြင်း။

ဒီ အင်္ဂါသုံးပါးနဲ့ ညီညွတ်ယင် အဲဒီဆွေဟောင်းမျိုးဟောင်းများဟာ ခဏအတွင်း ချက်ချင်း ဒီက အမျှဝေတာနဲ့တစ်ပြိုင်နက် အကျိုးရပြီးတော့ စားဖွယ်တွေ သောက်ဖွယ်တွေ ဝတ်ဖွယ်တွေ သုံးဆောင်ဖွယ်တွေနဲ့ တစ်ခါတည်း ပြည့်စုံသွားတယ်။ ဒါ–အင်္ဂါသုံးချက်ကိုလည်း မှတ်ထားဖို့ပေါ့။

http:\\www.dhammadownload.com



အခုတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို လှူဒါန်းရတာ ဖြစ်တော့ အလှူခံပုဂ္ဂိုလ်ဘက်ကလည်း ပြောစရာမရှိ၊ အင်္ဂါပြည့်တယ်။ ဟိုဗိမ္ဗိသာရမင်းတရားဘက်ကလည်း လိုက်လိုက်လှဲလှဲ တကယ့် ပတ္တိဒါနစေတနာဖြင့် အမျှဝေတယ်။ သူ့ဘက်ကလည်း အင်္ဂါပြည့်တယ်။ ပြီးတော့ တစ်ခါ ဟို ဆွေမျိုးတွေကလည်းပဲ ဒီကိစ္စ သာဓုခေါ်ချင်လို့ကို စောင့်နေတယ်။ သာဓုခေါ်တယ်။ အကြောင်းသုံးပါး ညီညွတ်တော့ စားဖွယ် သောက်ဖွယ် ဝတ်ဖွယ် သုံးဖွယ်တွေနဲ့ ပြည့်စုံတာကို မြင်ပြီးတော့ ဘုရင်ဗိမ္ဗိသာရမင်းတရား အင်မတန် အားရနှစ်သက်ဖြစ်တယ်။ ပြီးပြီဆိုတော့မှ မြတ်စွာဘုရားက ဟောဒီ တိရောကုဋ္ဋသုတ်လို့ သာသနာတော်မှာပေါ်လေ။ ကိုယ်တော်မြတ်ရဲ့ တပည့်သာဝကတွေ၊ ဗုဒ္ဓဘာသာဝင် တပည့်သာဝကတွေဟာ ဒီလို တိရော ကုဋ္ဋသုတ္တန်ကို ကြားနာရခြင်းအားဖြင့် ဆွေဟောင်း မျိုးဟောင်းများကို ကုသိုလ်ကောင်းမှုရဲ့ အဖို့ဘာဂ အမျှပေးဝေနိုင်ကြပါစေ၊ အမျှခွန်း ညွှန်းနိုင်ကြပါစေ။ ဒီအနေဖြင့် တိရောကုဋ္ဋသုတ္တန်လို့ ဟောထားတယ်။

## တိရောကုဋ္ဋသုတ္တန် ပါဠိအနက်အဓိပ္ပာယ်များ

တိရောကုဋ္ဋေသု တိဋ္ဌန္တိ၊
သန္ဓိသိင်္ဃာဋကေသု စ။
ဒွါရဗာဟာသု တိဋ္ဌန္တိ၊
အာဂန္တွာ န သကံ ဃရံ။

မဟာရာဇ=မြတ်သောမင်းကြီး။ ပေတာ=တမလွန်ဘဝပြောင်းသွားကြတဲ့။ ပုဗ္ဗဉာတကာ=ဆွေဟောင်းမျိုးဟောင်းတို့သည်။ (ဟိုတမလွန်ဘဝ ပြောင်းသွားကြတဲ့ အထူးအားဖြင့် ပေတဂတိရောက်ရှိနေကြတဲ့ ဆွေဟောင်း မျိုးဟောင်းများဟာ) သကံ ဃရံ=မိမိတို့၏အိမ်ကို။ အာဂန္တွာ=လာရောက်၍။ (သူတို့ဆောက်ထားတဲ့ အိမ်ပင်မဟုတ်သော်

http:\\www.dhammadownload.com



လည်း သူတို့ရဲ့ ဆွေအိမ်မျိုးအိမ်ဆိုတဲ့ သူတို့ရဲ့အိမ်ကို အောက်မေ့ပြီး သကာလ) သကံဃရံ=မိမိတို့ရဲ့ အိမ်ကို။ အာဂန္တွာန=လာရောက်ကြ၍။ တိရောကုဋ္ဋေသု-နံရံလက်ရမ်း တစ်ဖက်ခန်းတို့တွင်လည်းကောင်း။

ဒီဘက်က လူတွေနေယင် ထရံရဲ့ ဟိုဘက်နားက ကပ်ပြီး တို့ကို အမျှဝေနိုးနိုးနဲ့ စောင့်မျှော်နေကြတယ်။

သန္ဓိသိင်္ဃာဋကေသု စ=အိမ်မိမ်ရဲ့ ထရံစပ်၊ ခြံစပ်၊ လမ်းစပ်တို့ ၌လည်းကောင်း။

အိမ်အတွင်းမှာရှိတဲ့ လမ်းဆုံလမ်းခွတို့၌လည်းကောင်း။

ဒွါရဗာဟာသု=အိမ်ရဲ့ တံခါးဘောင်တို့၌လည်းကောင်း။ အာဂန္တွာန=လာရောက်ပြီးသကာလ။ တိဋ္ဌန္တိ=ကုသိုလ်ကောင်းမှု အဖို့ ဘာဂအမျှဝေနိုး မျှော်ကိုးတမ်းတ ရပ်တည်၍ လာကြပေကုန်၏။

ဆွေဟောင်း မျိုးဟောင်းတွေ၊ ဒီက ဆွေရင်းမျိုးရင်း ကုသိုလ် ကောင်းမှုကို ပြုပြီဆိုယင် တို့ကို အမျှပေးဝေနိုးနဲ့ ဒီဆွေတွေ မျိုးတွေဆီက ကုသိုလ်ကောင်းမှု အမျှပေးဝေနိုး မျှော်ကိုးပြီးတော့ အိမ်မှာဆိုယင်အိမ်ရဲ့ နံရံတစ်ဖက်က အဲဒီ အိမ်ရှေ့နားက လမ်းက လမ်းဆုံလမ်းခွက အေး- ဒီအိမ်ထဲမှာပဲ တံခါးဘောင်တို့၊ တံခါးရွက်တို့၊ တံခါးလက်ရုံးတို့ အဲဒါတွေ မှီပြီးတော့ ကျုပ်တို့ကို အမျှပေးပါဗျလို့လည်း သူတို့ပြောနိုင်လောက်တဲ့ စွမ်းရည်သတ္တိ ဘုန်းကံက မပါဘူးနော်။ မပါတော့ အမျှပေးနိုး၊ အမျှ ပေးနိုးနဲ့ ဒီလို စောင့်ပြီးတော့ နေကြတယ်။

## အမျှဓွန်းပေးဝေရန် မမေ့အပ်ခြင်း

ပဟူတေ အန္နပါနမှိ၊
ခဇ္ဇဘောဇ္ဇေ ဥပဋ္ဌိတေ။
န တေသံ ကောစိ သရတိ၊

http:\\www.dhammadownload.com



သတ္တာနံ ကမ္မပစ္စယာ။

မဟာရာဇ=မြတ်သောမင်းကြီး။ တေသံသတ္တာနံ= ထိုပြိတ္တာဘုံသို့ ရောက်ရှိနေကြတဲ့ သတ္တဝါတို့၏။ ကမ္မပစ္စယာ=အတိတ်ဘဝက ကျင့်ဆောင်ခဲ့ကြတဲ့ အကုသိုလ်ကံဟူသော အကြောင်းကြောင့်။ (သူတို့ အတိတ်ဘဝတုန်းက ပြုမှားခဲ့တဲ့ အကုသိုလ်ကံဟူသော အကြောင်းကြောင့်) ပဟူတေ=များစွာသော။ အန္နပါနမ္ပိ= စားဖွယ်သောက်ဖွယ်သည်လည်းကောင်း။ ခဇ္ဇဘောဇ္ဇေ=ခဲဖွယ်လျက်ဖွယ်သည်လည်းကောင်း။ ဥပဋ္ဌိတေ=ထင်ရှားဖြစ်လတ်သည်ရှိသော်။

စားဖွယ် ထမင်းတို့၊ သောက်ဖွယ် ဖျော်ရည်တို့၊ ခဲဖွယ် မုန့်တို့၊ လျက်ဖွယ်ဆိုတဲ့ စတုမဓုအစရှိတဲ့ ဒီလို လက်နဲ့ ကော်ပြီးတော့ သုံးစွဲရတဲ့ အစာလေးမျိုး။ စားဖွယ်၊ သောက်ဖွယ်၊ ခဲ ဖွယ်၊ လျက်ဖွယ်ဆိုတဲ့ အစာလေးမျိုးသည်-

ဥပဋ္ဌိတေ=ယင်းတို့မှာ ဖြစ်ပေါ်လတ်သော်လည်းပဲ။ တေသံ သတ္တာနံ=ထိုပြိတ္တာဘုံရောက်ရှိကြတဲ့ သတ္တဝါတို့၏။ ဒါနပစ္စယာ=ရှေးက ပြုခဲ့သော အကုသိုလ်ကံဟူသော အကြောင်းကြောင့်။ ကောစိ=တစ်စုံတစ်ယောက်သော ဆွေမျိုးကမှ။ နသရတိ=အောက်မေ့မှု မပြုကြလေ။

စားဖွယ်တွေ၊ သောက်ဖွယ်တွေ၊ သုံးဖွယ်တွေ၊ ခဲဖွယ်တွေ၊ လျက်ဖွယ်တွေ ဘယ်လောက်ပင် ပြည့်စုံသော်လည်းပဲ သူတို့ကို အမှတ်ရခဲ့တယ်။ သူတို့အမှတ်ရပြီးတော့ ကုသိုလ်ကောင်းမှုပြု၍ အမျှခွန်း ညွှန်းနိုင်ခဲ့တယ်။ တဲ့။ ဘာပြုလို့လဲ။ သူတို့ရဲ့ အကုသိုလ်ကံကိုက ဒီဘက်က လူ့ပြည်က ရှိတဲ့ ဆွေတွေ မျိုးတွေ အမှတ်မရအောင် ကျေးဇူးပြုထားလို့ ဒီက ပုဂ္ဂိုလ်တွေက အမှတ်မရတော့ဘူး။ အမှတ်မရဘဲ ရှိရတာ။

ဇဝံ ဒဒန္တိ ဉာတီနံ၊ ယေ ဟောန္တိ အနုကမ္ပကာ။
သုစိံ ပဏီတံ ကာလေန၊ ကပ္ပိယံ ပါနဘောဇနံ။

http:\\www.dhammadownload.com



ဣဒံ ဝေါ ဉာတီနံ ဟောတု၊

သုခိတာ ဟောန္တု ဉာတယော။

အဲဒီ ပြိတ္တာဘုံရောက်တဲ့ သတ္တဝါတွေ လုံးဝခိုကိုးရာမဲ့ ဒီလိုပဲ တစ်လျှောက်လုံး တစ်ကမ္ဘာလုံး ဒီလိုနေရမှာလား၊ မဟုတ်ပါဘူး။ ဘယ့်နှယ်လဲ။

ယေ=အကြင်ဆွေမျိုးတို့သည်။ အနုကမ္ပကာ=ဆွေဟောင်း မျိုးဟောင်းတို့အပေါ် မေတ္တာရှေ့ထား သနားစောင့်ရှောက်ကြကုန်၏။ တေ=ထို မေတ္တာရှေ့ထား သနားစောင့်ရှောက်ကြတဲ့ ဤ လူ့ဘဝရှိကြတဲ့ မိဘဆွေမျိုးတို့ကား။ တေသံ=ထို သတ္တဝါတို့အား။ (ဘာတွေ့လဲ) သုစိံ=စင်ကြယ်သော။ ပဏီတံ=မွန်မြတ်သော ခဲဖွယ်ဘောဇဉ် စားဖွယ် သောက်ဖွယ် လျက်ဖွယ် ဝတ်ဖွယ် အသွယ်သွယ် အဝဝသော။ ကပ္ပိယံ= သံဃာတော်တွေအား သင့်လျော်လျော်ပတ်သောလှူဖွယ်ဝတ္ထု၊ အစုအစု ကို။ ဒဒန္တိ=ပေးလှူကြကုန်၏။ (သူတို့ရည်စူးပြီးတော့)ဇဝံ= ဤဆိုလတ္တံ့ သော နည်းအတိုင်း။ ဒဒန္တိ=ဆွေဟောင်းမျိုးဟောင်းတို့ကို ရည်စူး၍ ပေး လှူကြကုန်၏။

ဘယ်လိုဆိုပြီး ပေးမလဲ။

ဣဒံ ဝေါ ဉာတီနံ ဟောတု၊

သုခိတာ ဟောန္တု ဉာတယော။

စားဖွယ်သောက်ဖွယ် လျက်ဖွယ်ခဲဖွယ် ဝတ်ဖွယ်ဆိုတဲ့ လူ့ လောကမှာ ရှိတဲ့ အသုံးအဆောင်တွေ ဘုရားအမှူးရှိတဲ့ သံဃာတော်အား ဒကာတော် ရေလှူပြီး သကာလ-

"ဣဒံ ဝေါ ဉာတီနံ ဟောတု၊ သုခိတာ ဟောန္တု ဉာတယော"လို့ အဲဒီလို အမျှခွန်းညွှန်းကြတယ်တဲ့။ အင်း...ဒါကြည့်ခြင်းအားဖြင့် ဒီ- မိမိတို့မှာ လွန်ခဲ့တဲ့နှစ်က ဆွေမျိုးရင်းချာ၊ ရင်သွေးသည်းချာ သားရတနာ

http:\\www.dhammadownload.com



ကလေးများ၊ သူတို့ရဲ့ အာယုသံဝဋ္ဋနိက ကံအတိုင်း၊ အပွါယုက သံဝဋ္ဋနိကကံအတိုင်း ဘဝတမလွန် ဆင်းကုန်ရတဲ့နေရာမှာ ငိုကြွေးခြင်း၊ ပူဆွေးခြင်း၊ မြည်တမ်းခြင်းဖြင့် အချိန်တွေ မကုန်စေဘဲ ကိုယ်လုပ်သင့်တာကို ပြုလုပ်ပြီးတော့ အမျှခွန်းလှလှကြီးညွှန်းဖို့ဆိုတာ ကိုယ့်အလုပ်ပဲ။ အဲဒီ ကိုယ့်အလုပ်ကိုယ်လုပ်ရတာလည်း ဝမ်းမြောက်စရာ။

## အစားလှူလျှင် အစားရ၊ အဝတ်လှူလျှင် အဝတ်ရ

အခု ဗိမ္ဗိသာရမင်းတရားကို မြတ်စွာဘုရားက ဟို ကိုယ့်သားကိုယ့်သမီး၊ ကိုယ့်ဆွေကိုယ့်မျိုးဆိုတဲ့ ဒီဆွေဟောင်း မျိုးဟောင်း၊ သားဟောင်းသမီးဟောင်းတွေကို တကယ် မေတ္တာရှေ့ထား သနား စောင့်ရှောက်တဲ့ မိခင်ဖခင် ဆွေရင်းမျိုးချာ ဆိုတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးဟာ ဘာလုပ်ရမလဲ။

ဣဒံ ဝေါ ဉာတီနံ ဟောတု၊

သုခိတာ ဟောန္တု ဉာတယော။

ဣဒံ=ဤစားဖွယ် သောက်ဖွယ် ခဲဖွယ် လျက်ဖွယ် ဝတ်ဖွယ် အသွယ်သွယ်အဝဝ ဒါနကောင်းမှု ဒါနဝတ္ထုအစုစုသည်။ ဉာတီနံ= ဆွေမျိုးတို့အား။ ဟောတု=ဖြစ်ပါစေသား။ ဉာတယော=ငါ့ဆွေငါ့မျိုးတို့သည်။ သုခိတာ=ကာယစိတ္တသုခနှစ်ပါးနဲ့ ပြည့်စုံကြကုန်သည်။ ဟောန္တု ဖြစ်ကုန်ကြပါစေသား...လို့။

အဲဒီလို အမျှခွန်း ကုသိုလ်ခွန်း ညွှန်းပြီးသကာလ ရဟန်းသံဃာတော်နဲ့ သင့်လျော်လျောက်ပတ်တဲ့ အသုံးအဆောင်ပစ္စည်းအမျိုးမျိုး စားဖွယ်သောက်ဖွယ် ခဲဖွယ် လျက်ဖွယ် ဝတ်ဖွယ် ဒါတွေကို လှူဒါန်းတာဟာ ဖြင့်–

ဇဝံ ဒဒန္တိ ဉာတီနံ

http:\\www.dhammadownload.com



ယေ ပေတာန္တိ အနုကမ္ပကာ။
သုစိံ ပဏီတံ ကာလေန၊
ကပ္ပိယံ ပါနဘောဇနံ။
ဣဒံ ဝေါ ဉာတီနံ ဟောတု။
သုခိတာ ဟောန္တု ဉာတယော-လို့

ဆိုတဲ့ ဒီဘုရားစကားတော်နဲ့ ဘုရားချီးမွမ်းတဲ့ အင်း ဆွေဟောင်း မျိုးဟောင်း မိဟောင်းဖဟောင်းပိပိ တို့ဘုရားအလိုကျ လိုက်နာ ကျင့်သုံး ရမယ်လို့ ဒီလို အောက်မေ့တယ်။ မကြာခင်ပဲ အခုဒီတရားပွဲ ပြီးတယ်ဆို လို့ရှိယင် ရေးဦးစွာ-

ဣဒံ နော ပုတ္တာနံ ဟောတု၊
သုခိတာ ဟောတု နော ပုတ္တာ-လို့။

အားလုံး ရေ့ကောင်းမှု ကုသိုလ်တွေကို စုပြီးတော့ ဒီသုတ္တန်က လာတဲ့အတိုင်းပေါ့လေ။ အမျှခွန်းညွှန်းရမယ်။ ဒီက မိဘနှစ်ပါးက အမျှ ခွန်းညွှန်းလိုက်တယ်ဆိုလို့ရှိယင် သူတို့အမြဲတစေ မျှော်ကိုးနေရတဲ့ဘဝ ဆိုလို့ရှိယင် မျှော်ကိုးနေလို့ အာ-သူတို့ ဒီလိုမဟုတ်ဘူး။ သူတို့ အပရာ ပရိယ ကုသိုလ်ကံက ထောက်ပံ့ပေးလိုက်တဲ့အတွက် လူ့ပြည်မှာဖြစ်စေ၊ နတ်ပြည်မှာဖြစ်စေ သွားပြီးတော့ ဘဝပဋိသန္ဓေ နေတယ်ဆိုရင်လည်း ပဲ သူတို့ကတော့ မမျှော်ပေဘူး။ အေး...တိုတိုပြောရမယ်ဆိုလို့ရှိယင် မတော်တဆ ကိုယ့်သားကိုယ့်သမီးများ ပေတဂတိခေါ်တဲ့ ဒုဂ္ဂတိ မတော် တဆရောက်နေလို့ရှိယင် သူတို့အတွက်ကတော့ အဲဒီ ဒုဂ္ဂတိက လွတ် မြောက်ရန်အတွက် ယခုလို ဆွမ်းကျွေးခြင်း၊ သင်္ကန်းလှူခြင်းအစရှိတဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ရတာ။ သူတို့အတွက်ဆိုရင် ဒါပဲ။

မိမိတို့အတွက်ကတော့ ဒီလိုစုဆောင်း၊ ဟုတ်လား။ သီလ ဆောက်တည်ခြင်း၊ ဒါနပြုခြင်းဖြင့် တို့နိဗ္ဗာန်မျိုးစေ့ ပျိုးကြရမယ်။ ကိုယ့်

http:\\www.dhammadownload.com



အဖို့လည်းနော်–ဒီအနေနဲ့ ပြုစုရမယ်။ အဲဒီတော့ ဟုတ်လား၊ ရည်ရွယ်ရင်း ကိုယ့်ဖို့သူ့ဖို့ နှစ်ဖို့မှာ သူတို့ဖို့လည်းပဲ ပြီးသွားရော။ အဲဒီသုတ္တန်နဲ့ အညီ အမျှပေးဝေရမယ်။ အမျှပေးဝေလို့ ရှိယင် မိဘနှစ်ပါးက ကြီးစွာသော မေတ္တာကရုဏာနဲ့ အမျှပေးဝေလို့–သူတို့ကလည်း မတော်တဆ စောင့်မျှော်ရတဲ့ ပေတာဂတိသို့ ရောက်၍နေမယ်။

အင်း...လှူရတာကလည်း ဥဒ္ဒိဿမြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော် လှူရတာဖြစ်တော့ အနုတ္တရံပုညက္ခေတ္တံ လောကဿ အရ ကုသိုလ်မျိုး စိုက်ပျိုးကြဲချရာ လယ်ယာမြေစစ် ပုညခေတ်ဖြစ်တဲ့ ဘုရားသာသနာမှာ လှူဒါန်းရတဲ့ အကြောင်းသုံးပါးညီညွတ်လို့ရှိယင် ကိုယ်ကပင် မမြင်ရသော်လည်းပဲ နတ်ဥ္ဒြဖြစ်သော အဝတ်အစားတွေ၊ အသုံးအဆောင်တွေ၊ ရေကန်တွေ၊ ဘုံဗိမာန်တွေ၊ ဒါတွေ ပေါက်ပါလိမ့်မယ်။

အင်း–အဝတ်လှူတော့ နတ်ဥ္ဒြဖြစ်တဲ့အဝတ်ရတယ်။ အစားလှူတော့ နတ်ဥ္ဒြဖြစ်တဲ့အစားရတယ်။ အဖျော်လှူတော့ နတ်ဥ္ဒြဖြစ်တဲ့ အဖျော်တွေ၊ ယမကာတွေ၊ အသုံးအဆောင်တွေလှူတော့ နတ်ဥ္ဒြ ဖြစ်တဲ့ အသုံးအဆောင်တွေ ရတယ်။

ဒီတော့ ဘကြီးမိုးက ဘယ်လောက် တရားဟောကောင်းလဲဆိုတော့ မနေ့တုန်းက သူက ဟောတယ်။ ဒကာ ကိုဝါပေါတို့ ဆွမ်းအစ်မမြရှင်တို့ကို သူက ဘယ့်နှယ်ဟောသလဲ။

ခင်ဗျား ဆွမ်းချည်းပဲ ကျွေးနေလို့ရှိယင် ခင်ဗျားသားတွေဘဝမှာ စားရုံသာ စားရမှာပေါ့။ တကတည်း နေစရာအိမ်ရှိအောင် ဇရပ်ဆောက်ဦးမှ။ သူကပါသေး။ သူကလည်း မိုးမိတ်အတွက် သူက ဇရပ်လိုချင်နေတာ။

## ဘုန်းကြီးရဲ့ တရားပွဲမှာ ခွက်ထိုးမခံပါနှင့်

ဒီတော့ ဘုန်းကြီးက တစ်ခါတလေတော့လည်း တွေးတယ်။

http:\\www.dhammadownload.com



သူတို့ မိုးမိတ်ကော်မတီပေါ့လေ၊ ကိုယ့်ကော်မတီပဲ ကိုယ်ကြောက်နေတယ်။ ဘယ်လိုကြောက်တုံးဆို၊ ဘုန်းကြီးက ဗောဓိရိပ်သာ တရားဟောမလို့ သွားမလို့၊ အချိန်မကျသေးလို့ စောင့်နေတယ်။ လားလား သူတို့က အသံချဲ့စက်ကနေပြီးတော့ "မိုးမိတ်အတွက် ဘယ်လို လှူနိုင်ပါတယ်။ ဘာတယ်"နဲ့ အင်း–ဟောပြီ။

ဘုန်းကြီးတော့ တစ်ခါတလေ တွေးတယ်။ ဟုတ်လား။ ခက်ပြီ၊ ငါတရားဟောတုန်း။ ပြီးတော့ သူတို့အထဲက ပါသေးတယ်။ တိပိဋကဓရဆရာတော် ကြီးမှူးဦးစီး၍၊ ဟုတ်လား။ ပြုပြင်နေပါတယ်ဆိုတယ်။ ခက်ပလေ...။ ကိုယ်ကလည်း ရိုင်းရိုင်းတော့ မပြောချင်ပါဘူး။ ဟုတ်လား။ မပြောချင်ပေမယ့်လို့ သဘာဝဖြစ်တာကို ပြောရဦးမယ်။

ဟို–တစ်နေ့ကတုန်းက ဘုန်းကြီးတို့ ဒီမိုးမိတ်အစည်းအဝေး ပြောတော့၊ ဟို အတွင်းရေးမှူး ဦးထွန်းအေးက ပြောတယ်။ ကနေ့ဗျာ–တဲ့။ ရန်ပုံငွေနည်းလို့ရှိယင် လွယ်ပါတယ်။ ဘာလုပ်မလဲ။

ဟို ဆရာတော် တရားဟောတဲ့ပွဲကျယင် ကျုပ်တို့ –ဝင်ပြီးတော့ အလှူခံမယ်ဗျာတဲ့။

အဲဒါ တစ်ခုတော့ တောင်းပန်ပါရစေလို့။ ဆရာတော့်အတွက် ဘယ်လောက်ရအောင် ရန်ပုံငွေ ရှာပေးပါဆိုယင် ကိုယ့်ဖြစ်တဲ့နည်းနဲ့ပေါ့လေ၊ ရှာပါရစေ၊ ကိုယ့်တရားပွဲမှာတော့ လိုက်ပြီးတော့ ငွေဖလားကြီးနဲ့ ဟိုထိုးဒီထိုးတော့ မခံကြပါနဲ့လို့။ ဒီလိုပြောရတယ်။ ဘာပြုလို့တုံး–တဲ့။

## ပကာသနီယကံ ပြုပွဲနှင့် အရှင်အာဒိစ္စဝံသ တိုက်ပွဲ

အေး–ပြောဦးမယ်လို့။ ဘုန်းကြီးတို့ ရဟန်းလေးဘဝ၊ ရဟန်းဝါ သုံးဝါ လေးဝါလောက်အရမှာ အားလုံးလည်း ကြားလိုက်မှာပေါ့။ ရန်ကုန်မှာ အရှင်အာဒိစ္စဝံသရဲ့ ဘိက္ခုနီသာသနာ့အရေးတော်ပုံ ပေါ်တယ်။ အဲဒီ ဘိက္ခုနီသာသနာ့အရေး(တော်)ပုံပေါ်တော့ အရှင်အာဒိစ္စဝံသကို ဝိုင်းပြီး

http:\\www.dhammadownload.com



တော့ ဒကာရော၊ ဆရာရော ဆိုပါစို့။ သံဃာဘက် လူဘက်က နေပြီး တော့ ပကာသနီယကံ ပြုကြတယ်။

အဲဒီ ပကာသနီယကံ ပြုတဲ့နေရာမှာ သတင်းစာဘက်က မြန်မာ့ အလင်း ဦးစိန်ကြီးက ခေါင်းဆောင်လို့၊ ဟုတ်လား။ ဟို လူတွေဘက်က ဦးဖိုးဘအောင်ဗေယျာတုတို့ပေါ့နော်။ ပြီးတော့ ဆရာဝတို့၊ အင်း–ပြီးတော့ ဆရာလင်းတို့၊ ဟို–တက္ကသိုလ် ဆရာရိုက်ကြီးတို့၊ အဲဒီ ပုဂ္ဂိုလ်တွေအပြင် သံဃာဘက်ကလည်းပဲ သာယာဝတီဆရာတော် ဦးဥေယျတဲ့။ အင်း... ပြီးတော့ အခု အလယ်တောရ ဆရာတော်ဘုရားကြီး ဖြစ်ပါပြီ။ အခု တော့။ ဟိုတုန်းကတော့ ဓမ္မဃောသကဆရာတော်ဦးရေဝတ။ ဟိုတုန်း ကတော့ အသံချဲ့စက်ကြီးတွေ၊ ဘာတွေက မရှိတော့ အသံကောင်း ကောင်းနဲ့ ကျယ်အောင် အော်နိုင်တဲ့ ဆရာတော်ကလည်း ဒီလိုကိစ္စ တစ်ခုမှာ လိုအပ်တယ်။

ဒီတော့ အလယ်တောရဆရာတော်ဘုရားက အသံသြဇာ အင် မတန် ပြည့်တယ်။ အဲဒီတော့ ဓမ္မဃောသကဆရာတော် ဦးရေဝတလို့ တွင်တယ်။ အဲဒီ ဓမ္မဃောသက ဆရာတော် ဦးရေဝတက သံဃာဘက်က ဆိုယင် ကိစ္စအဝဝ အတွင်းရေးမှူးဆိုပြီးတော့ ဦးအာဒိစ္စဝံသကို သူတို့ ဝိုင်းပြီးတော့ ပကာသနီယကံ ပြုကြတာပ၊ ရှင်ဘက်–လူဘက်။

အဲဒီလို ပြုတဲ့အခါကျတော့ ဦးအာဒိစ္စဝံသက ဒီဒကာရော ရှင်ရော အားလုံးကို ပြန်ပြီးတော့ ဆဲလိုက်တဲ့ တေးထပ်တစ်ပုဒ် ရေးထား တယ်။ အဲဒီ တေးထပ်က နားနဲ့မနာ ဖဝါးနဲ့နာပါလို့ ဒီလိုပဲ ပြောလိုပါ တယ်လို့ ဘကြီးမိုး(ဦးမိုး)အမှူးပြုတဲ့ မိုးမိတ်ကော်မတီကိုတော့ ဘုန်းကြီး က ပြောပါတယ်။ နားနဲ့တော့ မနာနဲ့။ ဖဝါးနဲ့နာ ဆိုသလိုပါပဲလို့။ ဦး အာဒိစ္စဝံသဟာ ဆဲစရာရှိလို့ရှိယင်လည်းပဲ နစ်နစ်ကာကာကြီး ဆဲတတ် တယ်လို့ အင်မတန် ကြောက်စရာကောင်းတယ်။ သူ့ကို ပြိုင်ပြီးတော့

http:\\www.dhammadownload.com



ပြောဖို့ရန် စကားနိုင်အောင် ပြောဖို့မလွယ်တဲ့ ဆရာတော်တစ်ပါးပါပဲလို့ ဘုန်းကြီးက ပြောပါတယ်။

## ဆရာတော် အရှင်အာဒိစ္စဝံသ၏ ဆဲသော တေးထပ်

အဲဒီမှာ သူက ပြန်ပြီးတော့ ဆဲလိုက်တာက ဆရာစိန်းကြီး (ဦးစိန်းကြီး)တော့ ဘယ့်နှယ် ဆဲသလဲ။ မကောင်းပါဘူးလေ။ အဲဒီအပိုဒ် ပယ်ကြပါစို့။

ဒီတော့..."ငစိန်းက လှုံ့ဆော်"တဲ့။ သူက၊ ဟုတ်လား။ "ငဘိုးဘ မာန်တက်ချော်တယ်"သူက ဒီလို။ ငဘိုးဘ မာန်တက်ချော်ဆိုတာ အောင်ဇေယျတုဦးဘိုးဘကို တလွဲတချော် မာနတက်နေတဲ့ အကောင်တွေလို့ သူပြောလိုက်တယ်။

"ရန်မျက်ဖော် ပုပ်သိုး၊ ရေဝတ်မိုက်သီလကြောင် ရှင်တုယောင် ရောလိုက်မြှောက်ထိုး"ဆရာတော် ဦးရေဝတကြီးကို သီလကြောင် ဦးရေဝတလို့ သူက ဒီလို နာမည်တပ်လိုက်တယ်။

"ကာဏာရိဋ္ဌ အတွင်းမြှောင်၊ ငလင်းကောင်ငှက်ဆိုး" ဟို–တက္ကသိုလ်က ဆရာရိတ်ကြီးကတော့ မျက်စိတစ်ဖက်က နည်းနည်းလေး ချွတ်ယွင်းချက် ရှိတယ်။ အဲဒါကြောင့် ဆရာရိတ်ကို သူက ကာဏာရိဋ္ဌလို့ ဘူရိဒတ် ဇာတ်ထဲကပေါ့လေ။ မျက်စိတစ်ဖက်ကွယ်တဲ့နဂါးနာမည် ပေးလိုက်တယ်။ ကာဏာရိဋ္ဌအတွင်းမြှောင်၊ ငလင်းကောင် ငှက်ဆိုး၊ ဆရာလင်းကိုတော့ သူက ငှက်ဆိုး ငလင်းလို့ ဒီလိုနာမည်တပ်လိုက်တယ်။

"ငရွှေဖိ နောက်ပိုးနဲ့ ငဖိုးဝ ရောကျော်" ဟို–ဆရာဖိကိုတော့ နောက်ပိုး ရွှေဖိကွ၊ ဟုတ်လား။ ပြီးတော့ ဟို–ဆရာဝဆိုတာ ရှိပါသေးတယ်။ ဆရာဝတော့ ရောကျော်ပါကွာ။ ဒီဖိုးဝဆိုတဲ့အကောင်က ရောကျော်ပါ။ ဒီလိုပြောချင်တာ။ ငရွှေဖိ နောက်ပိုးနဲ့ ငဖိုးဝ ရောကျော်။

http:\\www.dhammadownload.com



"ခွက်ထိုးခံ စဏ္ဍာလ၊ ဥဒေ ယျနှင့် ပေါင်းစပ်ကြသော်"တဲ့။ *

သူ့တေးထပ်က ဆရာတော်ဦးဥဒေကို ခွက်ထိုးခံစဏ္ဍာလလို့ အဲဒီလိုပြောတယ်။ အဲဒီ တေးထပ်ကို ဖတ်မိကတည်းက ဘုန်းကြီးလေ ကိုယ့်တရားပွဲထဲများမှာ ဒီလို တိုးတိုးတိတ်တိတ်ပဲ ဖြစ်ဖြစ်၊ ကျယ်ကျယ်လောင်လောင်ပဲဖြစ်ဖြစ်၊ ဟောဒီ ငွေဖလားကြီးတွေနဲ့ လိုက်ပြီးတော့ ငွေခံပြီဆိုယင် ငါဖြင့် ခွက်ထိုးခံ စဏ္ဍာလဖြစ်နေပါပကောလို့ သိပ်ရှက်တာပဲ။

အဲဒါကြောင့် ဘကြီးမိုးတို့ သူတို့ ကော်မတီကို ပြောရတယ်။ ကိုယ့်တရားပွဲထဲတော့ အဲဒီလို ခွက်ထိုးခံစဏ္ဍာလဖြစ်အောင်တော့ မလုပ်ကြပါနဲ့။ ဟုတ်လား။ တာဝန်ပေးလို့ ရှိရင်လည်း ဆရာတော်က ရန်ပုံငွေ ဘယ်လောက်ရအောင်ရှာ ဆိုရင် သီးသန့်ရှာပေးပါမယ်လို့ ပြောရတယ်။ (ဆရာတော် ပြုံးရယ်လျက် ပြောဟောသည်။) အင်း သူတို့ကလည်း တပည့်တော်တို့ မလုပ်ပါဘူးဘုရားတဲ့။

---

မှတ်ချက် * တေးထပ်အပြည့်စုံမှာ-

ထီး မ-ဟာန် နှစ်ကိန်းရ ငစိန်းက လှူဆော်၊ ငဖိုးဘ မာန်တက်ချော်၊ ရန်မျက်ပေါ်ပုပ်သိုး။ ရေဝတ်မိုက် သီလကြောင် [illegible] ရောလိုက်မြှောက်ထိုး။ ကာဏာရိဋ္ဌ အတွင်းမြှောင်၊ ငလင်းကောင်၊ ငှက်ဆိုး၊ ငရွှေမိ နောက်ပိုးနဲ့ငဖိုးဝ ရောကျော်၊ ခွက်ထိုးခံစဏ္ဍာလ ဥဒေ ယျနှင့် ပေါင်းစပ်ကြသော်။ သာသနာ့ရွှေတောင်ပေါ် ထေရ်ပြောင်ကျော် နေမျိုးသို့။ ဖလံပိုး မီးပုံတွင် ဆင်းကြသို့တွင်။ အဋ္ဌာရိ ပြိတ္တာခွင် ရိက္ခာဝင်လုပွဲတဲ့လေး။

**တတိယခန်း-၆၀**

**စတုတ္ထခန်း-၈၆**

[ဘိက္ခုနီ အရေးပုံကျမ်းမှ ကဗျာဗန္ဓစုကို ပေါင်းရုံးလုံးစည်းရိုက်နှိပ်ထားသော "ကဗျာ့မှန်နှင့် ကဗျာ့ချိန်ခွင်"စာအုပ်ငယ်(နှာ-၁၃၁)ပကာသနီယခန်းမှ တေးထပ်ကို ထုတ်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

http:\\www.dhammadownload.com



အေး တကယ်တော့ အခုပြောသလိုပဲ။ တာဝန် ပေးယင်တော့ ပေးသလို ရှာပ့ါမယ်။ အင်း ကိုယ့်တရားပွဲထဲမှာတော့ ခွက်ထိုးခံ လိုက်လိုက်ပြီးတော့ မခံကြပါနဲ့လို့ ပြောရတယ်။ ဒီတော့ ဘကြီးမိုးတို့ မိုးမိတ်ကော်မတီတော ့ပရိယတ္တိ နာယကကြီးကလည်း ပြောတယ်။ အင်း–တစ်နေ့ကတုန်းက ခင်ဗျားတို့ ကော်မတီတော့ဗျာ–တဲ့။ ကျုပ်တို့ ပရိယတ္တိအသင်းလိုလည်း ဖြစ်နေမယ်တဲ့။

ဘာတုံး–ဘာတုံး– နာယကကြီးရယ်လို့ ဆိုတော့ ပရိယတ္တိ နာယကကြီး ဆရာဆိုင်က–

အင်းကျုပ်တို့အသင်းက တစ်အိမ်မှာ သွားပြီးတော့ အလှူခံတယ် ဗျ–တဲ့။ အလှူခံတော့ အဲဒီအိမ်က ဥပမာ ပေးလိုက်တယ်တဲ့။ ဘယ့်နှယ် လဲ။ ရှေးတုန်းကဗျာ။ ဘုန်းကြီး တူမတစ်ယောက် ဘုန်းကြီးကို ပြုစုနေရ ဘယ်တဲ့။ ဘုန်းကြီးကို ပြုစုနေရတော့ ဘုန်းကြီးဆိုတာ ဘာမှ သိပ် မသိတတ်တာပ။ သူက ဘာနဲ့ချက်ထားတာ ဘာမှ မသိဘူး။ သူလို ချင်တာ ဘာ ထောင်းလိုက်ဦးဟ။ ငရုတ်သီးနဲ့ဘာနဲ့ ထောင်းလိုက်ဦးဟ။ ဘာနဲ့–ဘာနဲ့ ချက်လိုက်ဦးဟ၊ တကတည်း ဒီလို အားမနာတမ်း ခိုင်းတော့ ဒီမှာ ရှိမှန်း မရှိမှန်း မသိဘဲ ဒီလိုခိုင်းတော့ ဘုန်းကြီး တူမက ညည်းတယ်။ အင်း–ဒီဘုန်းကြီးနဲ့သာ ကြာကြာဆည်းကပ်ရလို့ ရှိယင်ဖြင့် တော်တော် ကြာ ငါ့မျိုတဲ့ မြေရယ်၊ ယာရယ်၊ လယ်ရယ် နွားရယ်။ အိမ်ရယ် ပြုတ်ရ ချေရဲ့လို့ ဆိုသတဲ့။

အဲဒီလိုပဲလို့ ဆိုသတဲ့။ ပရိယတ္တိအသင်းကို ခင်ဗျားတို့အသင်းနဲ့ ကျုပ်တို့ပေါင်းရလို့ရှိယင် ကြာယင် ကျုပ်တို့ဆိုင်တွေ ပြုတ်ရချေရဲ့။ ခင်ဗျားတို့အသင်း အလှူခံရဲလို့လို့ ပြောတယ်။ အဲဒီလို ဒီဘုန်းကြီးတို့ ဘကြီးမိုးတို့ မိုးမိတ်အသင်းကိုလည်းပဲ မိုးမိတ်ကော်မတီကိုလည်းပဲ ကြာ တော့ ဂိုဏ်းသူ မြို့သားတွေက ပြောလိမ့်မယ်နော်။ ကြာကြာနေ ဒီအသင်းနဲ့

http:\\www.dhammadownload.com



ပေါင်းလို့ ရှိယင် တို့ဆိုင်တွေ ပြုတ်ရချေရဲ့လို့ ပြောကုန်လိမ့်မယ် တဲ့။ အဲဒီလို သတိပေးထားသေးတယ်။

ဒီတော့ အင်း ဒီ ဘကြီးမိုးပပေါ့လေ၊ သူကလည်း ခုအနေတော့ အရိပ်အာဝါသ ဒါန သူကလည်း အလိုရှိအပ်သေးတယ်။ ဒါကြောင့် ဒကာ ကိုဝါပေါတို့ ဒကာမ မမြရှင်တို့ကို သူက ပြောသတဲ့။ ရေနှစ်ခါ ကျရင်တော့ ခင်ဗျားတို့ ဆွမ်းမကျွေးနဲ့။ ဆွမ်းတစ်ခါ ကျွေးတာနဲ့ ညီမျှအောင် ဟိုမှာ ဒကာ ကိုဝါပေါကလည်း သဘောကျနေပြီတဲ့။ ကျေနပ်နေပြီတဲ့။ မနက်က ဦးမိုးက ပြောတယ်။

ကောင်းပါတယ်။ ဟုတ်လား။ ကျွေးတဲ့အခါကျွေး၊ ဒီအစားအစာကိုပေး၍ ထို အစာအာဟာရရဲ့ ကောင်းမှုကုသိုလ်ဒါန-

ဣဒံ ေနာ ပုတ္တာနံ ေဟာတု၊
သုခိတာ ေဟာတု ေနာ ပုတ္တာ-လို့၊ နော်။

အဲဒီလို အမျှဝေရမယ်။ ဘာပဲဖြစ်ဖြစ် အဲဒီလို အစာလေး ပေးကမ်းပြီးတော့ လှူလိုက်ယင် ငါ့သားတွေ ဖြစ်လေရာမှာ အစာအာဟာရ ရမယ်။ အို အယုတ်သဖြင့် ကိုယ့်အိမ်နီးနားချင်းထဲက ဆင်းရဲတဲ့ ကလေးလေးကို အဲဒါစွပ်ကျယ်ကလေးတစ်ထည် ဝယ်ပေးလိုက်စမ်းပါ။ ဘောင်းဘီကလေးတစ်ထည် ဝယ်ပေးလိုက်ဦးတော့။ အဲဒီပေးလိုက်ရတဲ့ ကောင်းမှုကုသိုလ်ဟာဖြင့်-

ဣဒံ ေနာ ပုတ္တာနံ ေဟာတု၊
သုခိတာ ေဟာတု ေနာ ပုတ္တာ။

ဘုန်းကြီးတို့ ပါဠိနယ်ပယ်ကတော့ ဒီလိုထွက်တယ်။ ဒါပေမယ့် ကိုယ့်ရဲ့ မြန်မာနယ်ပယ်က အေး "အခုဒီကလေးကို ငါလှူဒါန်းလိုက်ရတဲ့ အဝတ်ဒါန အလှူကောင်းမှုဟာ ငါ့သားများအတွက် ဖြစ်ပါစေ၊ ငါ့သားများ ဖြစ်လေရာဂတိက ဒီကောင်းမှုကုသိုလ် အဖို့ဘာဂ အမျှရပြီး

http:\\www.dhammadownload.com



တော့ အဝတ်အစား မနွမ်းမပါး ချမ်းချမ်းသာသာ နေနိုင်ကြပါစေ။ ဒီလို ဒီဘက်ကတော့ ကိုယ့်တာဝန် ဒါပဲ ရှိတယ်။ ဒါတွေ ပြုလုပ်ရမယ်။

အဲဒီလို ဒီက ပြုလုပ်ပြီဆိုယင် ဟိုက ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့-

စိရံ ဇီဝန္တု နော ဉာတီ၊

ယေသံ ဟေတု လဘာမသေ။

အမှာကဉ္စ ကတာ ပူဇာ။

ဒါယကာ စ အနိပ္ဖလာ။

ဟို ပေတဂတိက ရောက်နေတဲ့ ပုဂ္ဂိုလ်တွေက ရေနဲ့ဖျန်းလိုက်သလို ဒီက ကောင်းမှုကုသိုလ်အဖို့ဘာဂရပြီးတော့ ဟာ-ဝတ်ရစားရ အသုံးအဆောင်တွေ ရပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ ဘယ်လိုများ တုံ့ပြန်လာသလဲလို့ဆိုတော့-

စိရံ ဇီဝန္တု နော ဉာတီ၊

ယေသံ ဟေတု လဘာမလေ။

ယေသံ=အကြင် ငါတို့၏ မိဟောင်းဖဟောင်း ဆွေဟောင်းမျိုးဟောင်းအပေါင်းတို့၏။ ဟေတု=အကြောင်းကြောင့်။ မယံ=ငါတို့သည်။ လဘာမသေ=စားဖွယ်၊ သောက်ဖွယ်၊ ဝတ်ဖွယ်၊ သုံးဖွယ်၊ အရိပ်အာဝါသနေဖွယ် အဝဝကို ရကြပေကုန်၏။ နော=ငါတို့၏။ ဉာတီ=ဆွေဟောင်းမျိုးဟောင်း မိဟောင်းဖဟောင်း အပေါင်းတို့သည်။ စိရံ=ရှည်မြင့်စွာ။ ဇီဝန္တု=အသက်ရှည်ရှည် တည်နေကြပါကုန်စေ။

ချမ်းချမ်းသာသာနဲ့ အသက်ရှည်ရှည် နေကြရပါစေသား။ တို့ဆွေဟောင်း မျိုးဟောင်း မိဟောင်းဖဟောင်း အကြောင်းပြုပြီးတော့ အခုခါမှာ နတ်ဒ္ဒိဖြစ်တဲ့အဝတ်တွေ၊ အစားတွေ၊ အသုံးတွေ၊ အဆောင်တွေ၊ သောက်ဖွယ်တွေ၊ လျက်ဖွယ်တွေ၊ အဖျော်တွေ၊ ယမကာတွေ၊ ဘုံဗိမာန်တွေ ရတယ်ဆိုပြီးတော့ သူတို့ကလည်း ကျေးဇူးတင်လို့ မဆုံးဘူး။

http:\\www.dhammadownload.com



## နှစ်ဦးနှစ်ဝ အကျိုးရသည့်ဒါန

အမှာကဉ္စ ကတာ ပူဇာ၊
ဒါယကာ စ အနိပ္ဖလာ။

အမှာကဉ္စ=ငါတို့အားလည်းပဲ။ ပူဇာ=ပူဇော်သမှုကို။ ကတာ=ပြုအပ်ပြီ။

ပူဇော်တယ်ဆိုတာ အထက်က ပုဂ္ဂိုလ်တွေလှမ်းပြီးတော့ တရိတသေ ဒီလိုပေးတာကမ်းတာမှမဟုတ်ဘူး။ အမြတ်တနိုးနဲ့ ကိုယ့်သား၊ ကိုယ့်သမီး၊ ကိုယ့်ညီ၊ ကိုယ့်ဆွေ၊ ကိုယ့်မျိုး၊ ကိုယ့်ဆွေဟောင်း မျိုးဟောင်းတွေကို ဤကဲ့သို့ အာရုံရရ အမှတ်တရ ဒီလိုကောင်းမှုကုသိုလ်ခွန်း အမျှညွှန်းလို့ရှိယင် ဒီဘက်က ပြီးသွားတာပဲ။

ဉာတကာ စ အနိပ္ဖလာ။

ဉာတကာ စ=ငါတို့ဆွေမျိုးများလည်းပဲ။ အနိပ္ဖလာ=အကျိုးမဲ့မဖြစ်ကြကုန်။

တို့ရဲ့ ကုသိုလ်ကောင်းမှုဘာဂ အမျှဝေလိုက်လို့ သူတို့မှာ ဒီကောင်းမှုရဲ့ အကျိုးမရ မဟုတ်ဘူး။ သူတို့မလည်း ရပြီးသားပဲ။ တို့လည်းပဲ ဒီလိုအကျိုးဆက်တွေ ရတယ်လို့ ဒီလိုပြောတယ်။ ဆက်ပြီးတော့ ဟိုတမလွန်ဘဝက ရှိကြတဲ့ ဆွေဟောင်းမျိုးဟောင်းများက ဒီဂါထာလေးရွတ်ကာရွတ်ကာနဲ့ အင်မတန်အားရဝမ်းသာ ရှိတယ်။ ဒါမြတ်စွာဘုရားက ဖော်ပြတာ။

ကိုင်း–ပေးချင်စရာ တမလွန်ဘဝက ဆွေဟောင်းမျိုးဟောင်း၊ သားဟောင်းသမီးဟောင်း၊ ဟုတ်လား။ မိဟောင်းဖဟောင်းတွေကို လှမ်းပြီးတော့ အမျှအတန်းပေးရင် ပေးချင်အောင် မြတ်စွာဘုရားက ဘယ့်နှယ်ဟောပြန်သလဲ။

http:\\www.dhammadownload.com



န ဟိ တတ္ထ ကသိ အတ္ထိ၊ ဂေါရက္ခေတ္ထ န ဝိဇ္ဇတိ။
ဝဏိဇ္ဇာ တာဒိသီ နတ္ထိ၊ ဟိရညေန ကယောကယံ။

ဟိ=မှန်၏။ တတ္ထ=ထို ပေတာဂတိ၌။ ကသိ=ဤလူ့ပြည်လောက မှာကဲ့သို့ လယ်ထွန်ခြင်းအမှုသည်။ န=မရှိ။

(ပြိတ္တာတွေ ဘယ် လယ်ထွန်လိမ့်မတုံး၊ ဟုတ်လား။ လယ်မြေ မှ ရှိတာမဟုတ်ဘဲ။)

ဧတ္ထ=ဤပြိတ္တာဘုံ၌။ ဂေါရက္ခ=ဤလူ့ပြည်ကဲ့သို့ နွားကျောင်း ခြင်း၊ နွားမွေးခြင်း အမှုလည်းပဲ။ န အတ္ထိ=မရှိ။

ပေတာဂတိ ရောက်နေတဲ့ ပုဂ္ဂိုလ်တွေမှာ လူ့ပြည်လောကက ပုဂ္ဂိုလ်တွေ နွားမွေး နွားကျောင်းပြီးတော့ ဒါက ရတာနဲ့တို့စားမယ်ဆိုပြီး တော့ စားနိုင်သုံးနိုင်ဝတ်နိုင်သော်လည်းပဲ ပေတာဂတိမှာ ဒီလိုစားဖို့သုံးဖို့ ဝတ်ဖို့ရန် ဟုတ်လား။ အကြောင်းရင်း အကြောင်းခံဖြစ်တဲ့ နွားမွေးခြင်း၊ နွားကျောင်းခြင်း ဘာမှမရှိဘူး။

တာဒိသီ=ထိုသို့သဘောရှိသော။ ဝဏိဇ္ဇာ=ကုန်သွယ်ခြင်းမျိုး လည်းပဲ။ နတ္ထိ=မရှိဧကန် စင်စစ်မှန်၏။

ဟို-သူတို့ ပြိတ္တာဘုံရောက်ယင် သူတို့ဘာသာသူတို့ ကုန်သွယ် လယ်လုပ် စားလိမ့်မပေါ့လို့ ဒီလိုဆိုရအောင်ကလည်း ပြိတ္တာဘုံမှာ ကုန် သွယ်မှုဆိုတာ မရှိဘူး။

ဟိရညေန=ရွှေငွေဖြင့်။ ကယော ကယံ=ရောင်းဝယ်မှုသည်။ န အတ္ထိ=မရှိ။

လူ့ပြည်လောကမှာလို ရောင်းလို့ ဝယ်လို့ ဟုတ်လား။ ကိုယ့် ပစ္စည်းရောင်းလို့ ရတဲ့ငွေနဲ့ တစ်ခါကိုယ်လိုချင်တာ ဝယ်တယ်။ အဲဒီလို ရွှေငွေဖြင့် ရောင်းမှုဝယ်မှုဆိုတဲ့ အလုပ်လည်း မရှိဘူး။ မရှိတဲ့အတွက်

http:\\www.dhammadownload.com



သူတို့ဘုံမှာ ဘယ်လိုနည်းနဲ့မှ ဟုတ်လား။ သူတို့ဘာသာဖြင့် စားဖွယ် သောက်ဖွယ် ဝတ်ဖွယ် လျက်ဖွယ်နေဖွယ် ထိုင်ဖွယ်ဆိုဖွယ် ဘာမှမရှိ။ ဒီတော့ ဘယ်ကလာ ရနိုင်မလဲ။

ဣတော ဒိန္နေန ယာပေန္တိ၊
ပေတာ ကာလင်္ကတာ တဟိံ။

ဣတော=ဤလူ့ပြည်မှ။ ဒိန္နေန=မိဟောင်းဖဟောင်း ဆွေ ဟောင်းမျိုးဟောင်းတို့ ပေးအပ်သော ကောင်းမှုကုသိုလ်ဖြင့်။ ကာ လင်္ကတာ=စုတေပြတ်ကြွေ သေလွန်ကြကုန်သော။ ပေတာ=ပေတဘုံ ရောက်ကြတဲ့ သားဟောင်းသမီးဟောင်း မိဟောင်းဖဟောင်း ဆွေဟောင်း မျိုးဟောင်းတို့သည်။ တဟိံ=ထိုပြိတ္တာဘုံ၌။ ယာပေန္တိ=မျှတကြရကုန်၏။

ဒီလူ့ပြည်ကနေပြီး ပေးလိုက်တဲ့ ကုသိုလ်ကောင်းမှုနဲ့ အမျှခွန်း ညွှန်းလိုက်တဲ့အခါ သူတို့အနုမောဒနာပြုတဲ့ ပတ္တာနုမောဒနာ ကုသိုလ် ကောင်းမှုက ကျေးဇူးပြုပြီးတော့ အဲဒါလေးနဲ့ ဒီ ပတ္တာနုမောဒနာ ကုသိုလ် ကောင်းမှုရဲ့ ဒိဋ္ဌဓမ္မအကျိုးခံစားရပြီးတော့ စားရတယ်။ သောက်ရတယ်။ ဝတ်ရတယ်။ ဟုတ်လား။ နေရတယ်။ ဒီအသုံးအဆောင်တွေ ဖြစ်တယ် ဆိုတာ ဒီ လူ့ပြည်က သွားမှ–တဲ့။ ဒီလူ့ပြည်က ကုသိုလ်ကောင်းမှုတွေ အမျှဝေမှဖြစ်မယ်။ သူတို့ဘာသာသူတို့ ကုသိုလ်ကောင်းမှု လုပ်လို့ မဖြစ် ဘူး။ လုပ်စရာလည်းပဲ ဟုတ်လား။ လယ်ထွန်ခြင်း၊ နွားကျောင်းခြင်း၊ နွားမွေးခြင်း၊ ကုန်ရောင်းကုန်သွယ်ပြုခြင်း၊ ရွှေ ငွေနဲ့ ရောင်းဝယ်ဖလှယ် ခြင်း၊ ဘာမှမရှိဘူး။ ဒီလူ့ပြည်က ပေးမှ၊ ပို့မှ ဟုတ်လား။

ပေးလိုက်တဲ့ ကုသိုလ်ကောင်းမှု အမျှခွန်း ညွှန်းမှ ဒါနဲ့ သူတို့ မျှရတာ။ လောကဥပမာ ဘာလိုတုံးဆိုတော့–

ဥန္နမေ ဥဒကံ ဝုဋ္ဌံ၊ ယထာ နိန္နံ ပဝတ္တတိ။
ဧဝမေဝ ဣတော ဒိန္နံ၊ ပေတာနံ ဥပကပ္ပတိ။

http:\\www.dhammadownload.com



ယထာ=ဥပမာပုံဆို အဘယ်လိုနည်းဟူမူကား။ ဥန္နမေ=မြင့်မောက်ရာအရပ်၌။ ဝုဋ္ဌံ=ရွာသွန်းသော။ ဥဒကံ=မိုးရေသည်။ နိန္နံ=နိမ့်ဝှမ်းသော အရပ်သို့။ ပဝတ္တတိ ယထာ=အလိုလိုစီးသွားသကဲ့သို့။ ဧဝ မေဝ=ဤအတူပင်လျှင်။ ဣတော=ဤလူ့ဘုံမှ။ ဒိန္နံ=ပေးလှူအပ်တဲ့ ပတ္တိဒါန=ကောင်းမှုကုသိုလ်အစုသည်။ ပေတာနံ=တမလွန်လောက ဟို ပြိတ္တာဘဝမှာ ရှိကြတဲ့ ဆွေဟောင်းမျိုးဟောင်း သားဟောင်းသမီးဟောင်းတွေအား ဥပကပ္ပတိ=ရပေ၏။

ဟို–မြင်တဲ့နေရာ တောင်ပေါ်မိုးရွာချလိုက်တဲ့အခါကျတော့ တောင်ပေါ်က ရေတွေ အောက်အကြေကို အလိုလိုစီးသလို ထို့အတူပဲ–တဲ့။ ပေတဘုံဆိုတာ အောက်အပြင်နဲ့တူတယ်။ လူ့ဘုံဆိုတာ တောင်ပေါ်နဲ့ တူတယ်။ အဲဒီတောင်ပေါ်ကနေပြီး ရွာချလိုက်တဲ့ မိုးကြီးဟာ အောက်ကို စီးသွားသလို ဒီကနေပြီးတော့ ကုသိုလ်ကောင်းမှု ဆွမ်းအမျှညွှန်းလိုက်လို့ ရှိယင်ဖြင့် သူတို့ ဒီကပေးတဲ့ ကုသိုလ်ကောင်းမှုနဲ့ မျှတရတယ်။ ရရှိတယ်တဲ့နော်။

ယထာ ဝါရိဝဟာ ပူရာ၊ ပရိပူရေန္တိ သာဂရံ။
ဧဝမေဝံ ဣတော ဒိန္နံ၊ ပေတာနံ ဥပကပ္ပတိ။

ရေကိုဆောင်ထားတဲ့ ဧရာဝတီမြစ်တို့လို၊ သလ္လာဝတီမြစ်တို့လို၊ ဒုဋ္ဌဝတီမြစ်တို့လို ဒီလိုမြစ်တွေက ရေတွေလျှံပြီး ပြည့်ပြည့်သွားတော့ ဘယ်သွားသလဲ။ ဟို–ဒီရဲ့အောက်ဖြစ်တဲ့ မဟာသမုဒ္ဒရာကြီးမှာ သွားပြီးတော့ ဖြည့်တယ်။

ပူရာ=ပြည့်လေကုန်သော။ ဝါရိဝဟာ=မြစ်ကြီးငါးသွယ် မြစ်ငယ် ငါးရာ များစွာသော ချောင်းရေတို့သည်။ သာဂရံ=မဟာသမုဒ္ဒရာကို။ ပရိပူရေန္တိယထာ=ပြည့်စေကြကုန်သကဲ့သို့။ ဧဝမေဝံ=ဤအတူပင်။ ဣတော=ဤလူ့ပြည်မှ။ ဒိန္နံ=ပေးလှူလိုက်တဲ့ ကောင်းမှုကုသိုလ်အဖို့အစု

http:\\www.dhammadownload.com



သည်။ ပေတာနံ=တမလွန်လောက ဟိုဘဝရောက်ရှိနေကြသော ဆွေဟောင်းမျိုးဟောင်း သားဟောင်းသမီးဟောင်း မိဟောင်းဖဟောင်းတို့အား။ ဥပကပ္ပတိ=ကပ်ရောက်ပေ၏။

ဒီကနေပြီးတော့ မြစ်တွေ ချောင်းတွေ ပြည့်တဲ့၊ လျှံသွားတဲ့ရေဟာ ဟိုဘက်သွားပြီးတော့ သမုဒ္ဒရာထဲ ပြည့်သလိုပဲ။ ဒီက မိဘဆွေမျိုး၊ မိဟောင်းဖဟောင်း၊ ဆွေဟောင်းမျိုးဟောင်းတို့ ပြုလုပ်တဲ့ ကောင်းမှုကုသိုလ်က ကိုယ့်မှာတော့ ရပြီးပြီ။ ရလို့ တကတည်း ယှဉ်ကြီးနဲ့ အပြည့်ပဲလား မသိဘူး။ လျှံပြီးတော့-

ဣဒံ မေ ဉာတီနံ ဟောတု၊

သုခိတာ ဟောန္တု ဉာတယော-လို့။

အဲဒီလိုများ အမျှဆွမ်း ညွှန်းလိုက်တဲ့ ရေကြည်ရေအေးတွေဟာ ဟိုတမလွန်လောက ပြိတ္တာဘဝမှာ ရှိကြတဲ့ ဆွေဟောင်းမျိုးဟောင်းတွေ ရတယ်။ အင်း-ဒါကို ညွှန်းတာ။

ဒါဖြင့် သူတို့ကို ဘယ်လိုများ စိတ်ထားပြီးတော့ ပေးချင်အောင် ဘယ်လို စိတ်ထားရမတုံးဘုရား။

အဒါသိ မေ အကာသိ မေ၊

ဉာတိ မိတ္တာ သခါ စ မေ။

ပေတာနံ ဒက္ခိဏံ ဒဇ္ဇာ၊

ပုဗ္ဗေ ကတမနုဿရံ။

စိတ်ထဲမှာ အောက်မေ့လိုက်စမ်းတဲ့။

အယံ=ဤသူသည်။ မေ-ငါ့အား။ အဒါသိ=လူ့ပြည်မှာ တည်ရှိစဉ်တုန်းက ဤမည်ဤမည်သောဝတ္ထုတွေ ငါ့ကို သူပေးခဲ့ဖူးပြီ-လို့ အဲဒီလို ကျေးဇူးများ အောက်မေ့လိုက်စမ်း။

http:\\www.dhammadownload.com



မေ=ငါ၏။ ကမ္မံ=ပြုဖွယ်ကိစ္စ အဝဝကို။ အကာသိ–=လှူပြည်မှာ သူရှိစဉ်က ဤမည်ဤမည်သော အခါကာလ ဤမည်ဤမည်သော ငါ့ အမှုကို သူ အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ရာလေပြီ။

အဲဒီလိုလည်း အောက်မေ့လိုက်စမ်း။ သူ့ကျေးဇူးတွေ ရှိလိမ့်မယ်။

ဉာတိ စ မေ။

မေ=ငါ၏။ ဉာတိ စ= မိဘက်ဖဘက် နှစ်ဖက်တော်စပ်တဲ့ ဆွေ မျိုးလည်း မှန်ပေ၏။ မိတ္တာ စ=မေတ္တာမှီးလျှဉ်း မိတ်ဆွေအရင်းလည်း မှန်ပေ၏။ သခါ စ=အတူတကွ ကစားဖော် ကစားဖက် သူငယ်ချင်း လည်း မှန်ပေ၏။ ဧဝံ=ဤသို့။ ပုဗ္ဗေ=ရှေးက။ ကတံ=ပြုခဲ့ဖူး၊ တော်ခဲ့ဖူး ကျေးဇူးကို။ အနုဿရံ–အနုဿရန္တော=အစဉ်တစိုက် အောက်မေ့သည် ဖြစ်၍။ ပေတာနံ=ပြိတ္တာတို့အား။ ဝါ–တမလွန်လောက ဟိုဘဝသွား ရောက်ကြတဲ့ မိဟောင်းဖဟောင်း၊ သားဟောင်းသမီးဟောင်းတို့အား။ ဒက္ခိဏံ=အလှူ ဒါနကို။ ဒဇ္ဇာ=အမျှပေးဝေရမယ်။

မပေးလို့ ဖြစ်ကိုမဖြစ်ဘူး။

ဤငါကား ဤမည်ဤမည်သော ဝတ္ထုများကို ပေးခဲ့ဖူးပြီ၊ အကူ အညီပေးခဲ့ဖူးပြီ။ ဗိမ္ဗိသာရမင်းတရားသင့်အဖို့ရာ ဘယ်လောက် ဝမ်း မြောက်စရာကောင်းတုံး။

သော ဉာတိဓမ္မော စ အယံ နိဒဿိတော။

အခု လှူပြီးပြီနော်။ အမျှဆွမ်းလည်း ညွှန်းလို့ ဟိုမှာ ကောင်းမှု ကုသိုလ်ရဲ့ အကျိုးအာနိသင်ကိုလည်း ခံစားကြရတာကို ဒိဋ္ဌမျက်မြင် ဖြစ်ပြီ။

မဟာရာဇ=မြတ်သောမင်းကြီး။ တယာ=သင်သည်။ သောအယံ ဉာတိဓမ္မော စ=ထိုဆွေမျိုးတို့အပေါ် ပြုလုပ်ရန်ဖြစ်တဲ့ ကျင့်ဝတ်ကိုလည်း။

http:\\www.dhammadownload.com



နိဒဿိတော=အထင်အရှား သင်မင်းတရားက ဤသာသနာတော်ဝယ် ပြခဲ့ရလေပြီ။

မှန်ကြီးတစ်ခုပဲ။ စိတ်ထဲမှာ ဝမ်းသာလိုက်စမ်း။ ဆွေမျိုးဆိုတာ ဆွေမျိုးပီပီ ကျင့်ချင်လို့ရှိယင် အဲဒီလို တမလွန်ဘဝပြောင်းသွားကြတဲ့ သားဟောင်းသမီးဟောင်း ဆွေဟောင်းမျိုးဟောင်း မိဟောင်းဖဟောင်း တို့ကို အမျှအတမ်းပေးရမယ်။ ဒါ "ဉာတိဓမ္မ"လို့ ခေါ်တယ်။ အဲဒီဉာတိဓမ္မ ကို သင်မင်းတရားက အထင်အရှားပြခဲ့ရလေပြီ။

သူလုပ်တဲ့အလုပ်ကို မြတ်စွာဘုရားက သန္ဒဿေတိတရားရဲ့ အဖြစ်ကို ထင်စွာ ပြတော်မူလိုက်တယ်။ ဒီစကားဖြင့်။

ပေတာန ပူဇာ စ ကတာ ဥဠာရာ။

တယာ=သင်မင်းတရားသည်။ ပေတာနံ=တမလွန်လောက ဟိုဘဝရောက်ရှိနေကြတဲ့ ဆွေဟောင်းမျိုးဟောင်းတို့အား။ ဥဠာရာ=ပြန့် ပြောသော။ ပူဇာ=ပူဇော်သက္ကာရတွေကို။ ကတာ=ပြုအပ်ခဲ့လေပြီ။

ဟို–ဆွေဟောင်း မျိုးဟောင်းတွေအပေါ်မှာ အင်မတန်မွန်မြတ် တဲ့ ပူဇာသက္ကာရမှုကို ဒကာတော်ဗိမ္ဗိသာရမင်းတရား ပြုအပ်ခဲ့လေပြီ။ ဒါက သမ္မာကတေအရ ဟိုဆွေဟောင်းမျိုးဟောင်းတွေအပေါ်မှာ ဒီလိုပြု ရမယ်ဆိုတဲ့ ဒီကောင်းမှုကုသိုလ်နဲ့ ဗိမ္ဗိသာရမင်းတရား နေ့ဆက် ရက်ဆက် နောက်ကိုပေါ့လေ။ အမြဲတစေ ပြုလုပ်နိုင်အောင် ဆောက် တည်စေတယ်။ ဒီစာပိုဒ်ဖြင့်။

ဗလဉ္စ ဘိက္ခူန မနုပ္ပဒိန္နံ။

ဘိက္ခူနဉ္စ=ရဟန်းတော် အရှင်မြတ်တို့အားလည်း ဗလံ=ဗလ ဒါန ကို။ အနုပ္ပဒိန္နံ=သင်ကား လှူအပ်ခဲ့လေပြီ။

သမုတ္တေဇေသိ=ဟို ဆွေတွေမျိုးတွေကို ကျေးဇူးပြုရရုံတင်မက

http:\\www.dhammadownload.com



ဘူး။ ဆွေမျိုးတို့၏ ကျင့်ဝတ်ကို လှလှကြီးပြုရရုံတင်မကဘူး။ ရဟန်းသံဃာတော်များအားလည်း ဗလဒါနကို သင် ဗိမ္ဗိသာရမင်းတရား လှူဒါန်းခဲ့ရလေပြီ။

## ဘောဇနေသုတ်နှင့် ဆွမ်းအကျိုးငါးပါး

ဒါကြောင့်–

ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယကော ပဋိဂ္ဂါဟကာနံ ပဉ္စဋ္ဌာနာနိ ဒေတိ။

(အံ၊ ၂၊ နှ၁–၃၅)

ဟို–ပဉ္စကနိပါတ်မှာ ဘုရားဟောထားတာ ရှိတယ်။

ဘိက္ခဝေ=ရဟန်းတော်များ အို–ချစ်သားတို့။ ဘောဇနံ=ဆွမ်းအလှူကို။ ဒဒမာနော=ပေးလှူသော။ ဒါယကော=အလှူဒါယကာသည်။ ပဋိဂ္ဂါဟကာနံ=အလှူခံပုဂ္ဂိုလ်တို့အား။ ပဉ္စဋ္ဌာနာနိ=ငါးချက်သော အရာဋ္ဌာနတို့ကို။ ဒဒါတိ=ပေးလှူသည်မည်၏။

ဆွမ်းလှူလိုက်ယင် ငါးဋ္ဌာန လှူတာ မည်တယ်။ ဘာတုံး။ အာယုံ ဒေတိ=အသက်ကိုလည်းလှူတာမည်တယ်။ဝဏ္ဏံ ဒေတိ=အဆင်းကိုလည်း လှူတာ မည်တယ်။ သုခံ ဒေတိ ချမ်းသာကိုလည်း လှူတာ မည်တယ်။ ဗလံဒေတိ=ကိုယ်အား ဉာဏ်အားနှစ်ပါးကို ပေးလှူတာလည်း မည်တယ်။ ပဋိဘာနံ ဒေတိ=ဉာဏ်ပညာ၊ ဉာဏ်ပညာ ပဋိဘာန်ကိုလည်း ပေးလှူတာ မည်တယ်။ ငါးဋ္ဌာန ပေးလှူတာ မည်သည်။

အာယုံ ခေါ ပန ဒတွာ အာယုဿ ဘာဂီဟောတိ၊ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ။

ဘိက္ခဝေ=ရဟန်းတော်များ အို–ချစ်သားတို့။ (ဆွမ်းလှူတဲ့ ဒါယကာဟာ) အာယုံ ခေါ ပန ဒတွာ=အာယု ဒါန=အသက်အလှူပေး

http:\\www.dhammadownload.com



လျှုလိုက်ရတဲ့အတွက်။ ဒိဗ္ဗဿ ဝါ=နတ်၌လည်းဖြစ်သော။ မာနုသဿ ဝါ=လူ၌လည်း ဖြစ်သော။ အာယုဿ=အသက်ရှင်ခြင်း၏။ ဘာဂီ=အဖို့ အစု ကုသိုလ်ကောင်းမှု၏ အကျိုးဝေစုရသည်။ ဟောတိ=ဖြစ်ပေ၏။

အာယုဒါန ပြုလိုက်ရတဲ့အတွက် အသက်ရှည်သောလူ၊ အသက်ရှည်သော နတ်ဖြစ်နိုင်တယ်။

ဝဏ္ဏံ ခေါ ပန ဒတွာ ဝဏ္ဏဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ။

ဝဏ္ဏဒါန ကောင်းမှုပြုလုပ်ရတဲ့အတွက် အဆင်းလှသောလူ၊ အဆင်းလှသော နတ်ဖြစ်ရလိမ့်မယ်။

သုခံ ခေါ ပန ဒတွာ သုခဿ ဘာဂီ ဟောတိ၊ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ။

သုခဒါန ပြုလုပ်လိုက်ရတဲ့အတွက် ချမ်းသာကြီးတဲ့လူ၊ ချမ်းသာကြီးတဲ့ နတ်ဖြစ်ရလိမ့်မယ်။

ဗလဒါနပြုလုပ်လိုက်ရတဲ့အတွက် ခွန်အားကောင်းတဲ့လူ၊ ခွန်အား ကောင်းတဲ့နတ်ဖြစ်ရလိမ့်မယ်။

ပဋိဘာန=ဉာဏ်ပညာ ပဋိဘာန် လျှုလိုက်ရတဲ့ ကုသိုလ် ကောင်းမှုကြောင့် ဉာဏ်ပညာကြီးတဲ့လူ၊ နတ်ဖြစ်လိမ့်မယ်။

ဒါ-ပဉ္စကနိပါတ်မှာနော်။ အကျိုးတွေ ဒါကို ဘုရားဟောထားတာ ရှိတယ်။ အဲဒီမှာလာတဲ့အတိုင်း ဘုန်းကြီးတို့ ဒီဆရာတော် သံဃာတော်တွေက ဆွမ်းလှူပြီးပြီဆိုလို့ရှိယင် မချရမယ့် အကျိုးနဲ့ ဒီဆုပေးနဲ့က တော့ တစ်ခါတည်း ကိုက်သွားအောင်ကတော့ ပေးရသေးတယ်။ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်းဆိုတဲ့ ဆရာတော်တွေပေးတဲ့ ဆုငါးပါးဟာ အဲဒီ ဘောဇန ဒါနကြောင့် ရတဲ့ ဆုငါးပါးပဲ။

http:\\www.dhammadownload.com



ဆရာတော်တွေက တကယ်ရမှာကို ဒီကနေ့ ဆုတောင်းပေးတာ။ ဆုတောင်းပေးတာ။ ဆရာတော်တွေဆီမှာ ဒီဆုတွေရှိလို့ ပေးလိုက်တာ မဟုတ်ပါဘူး။ ဒကာ့အတွက် ဒီကနေပြီးတော့ တစ်ခါ ရှေ့ကနေ ဆုတောင်းတွန်းပေးလိုက်တာ။ အဲဒီလို ပေးထားတဲ့အတိုင်းသာ မှတ်ပေတော့နော်။

အဲဒီလို အာယုဒါန၊ ဝဏ္ဏဒါန၊ သုခဒါန၊ ဗလဒါန၊ ပဋိဘာနဒါန ဆိုတဲ့ ဒါနငါးမျိုးထဲမှာ တစ်ခုတည်းမှတ်ပြီးတော့-

ဗလဥ္စ ဘိက္ခုနမနုပ္ပဒိန္နံ။

မဟာရာဇ=မြတ်သောမင်းကြီး။ တယာ=သင်မင်းကြီးသည်။ ဘိက္ခုနံ-ရဟန်းတော် အရှင်မြတ်တို့အား။ ဗလဥ္စ=ခွန်အားဗလကိုလည်း အနုပ္ပဒိန္နံ=အဖန်ဖန် ပေးလှူအပ်လေပြီ။

မနေ့တုန်းက ဆွမ်းတစ်ခါလှူတယ်။ ကနေ့ ဆွမ်းတစ်ခါလှူပြန်ပြီ။ အနုပ္ပဒန္နံ=အဖန်ဖန် အထပ်ထပ် ပေးလှူအပ်လေပြီ။ ဒါက သမုတ္တေဇေသိ-စိတ်ကိုတစ်ခါတည်း ဟာ-ငါ့ဆွေမျိုးတွေအတွက်တင် မဟုတ်ဘူး။ ရဟန်းသံဃာတော်တွေအတွက်လည်းပဲ ငါဒီလို ဗလဒါန လှူရပြီဟဲ့ဆိုပြီးတော့ ဗိမ္ဗိသာရမင်းတရား စိတ်အားထက်သန်အောင် သမုတ္တေဇေသိ=စိတ်ကို ထက်သန်စေ၏။

တုမှေဟိ ပုညံ ပသုတံ အနပ္ပကံ။

တုမှေဟိ=သင်မင်းတရားတို့သည်။ အနပ္ပကံ=တစ်ပါးမက များလှစွာသော။ ပုညံ=ကုသိုလ်ကောင်းမှုကို။ ပသုတံ=လေ့လာ ဆည်းပူးအပ်လေပြီ။

ဒကာတော် ဗိမ္ဗိသာရမင်းတရား၊ ဒကာတော်တို့ဟာ ပရိဝါရဒါန စေတနာတွေနဲ့တကွ မြောက်မြားစွာသော ကုသိုလ်ကောင်းမှုကြီးများကို လေ့ကျက်ဆည်းပူးအပ်လေပြီ။ သမ္ပဟံသေသိ=ဗိမ္ဗိသာရမင်းတရားရဲ့

http:\\www.dhammadownload.com



စိတ်ကို ရွှင်လန်းဝမ်းမြောက်စေတယ်တဲ့နော်။ အဲဒီလို ဂါထာနိဂုံးအဆုံး သတ်တဲ့အခါ ဘာဖြစ်တုံး။ အဲဒီမှာ တရားနာပရိသတ်တွေလည်း ရှိတယ်။

ဒေသနာ ပရိယောသာနေ စ=ဒေသနာနိဂုံး ပြီးဆုံးလတ်သော အခါကာလ၌ကား။

(အဲဒါ တိရောကုဋ္ဋသုတ္တန် ဆုံးတာပဲနော်။)

ဒေသနာပရိယောသာနေ စ=ဒေသနာနိဂုံ ပြီးဆုံးသောအခါကာ လ၌ကား။ ပေတ္တိဝိသယူပပတ္တိ· အာဒီနဝသံဝဏ္ဏနေန=ပြိတ္တာဘုံ၌ ကပ် ရောက်ရခြင်းရဲ့ အပြစ်ဒေါသ အာဒီနဝတွေကို ထင်စွာ လှလှထွန်းပြခြင်း ဖြင့်။

(မြတ်စွာဘုရားက ပြိတ္တာဘုံမှာ ဤလိုဤလို ဆင်းရဲဒုက္ခရောက် တာတွေ၊ အပြစ်ဒေါသတွေ ထင်စွာလှလှ ဘုရားကိုယ်တော်မြတ် ထွန်း ပြခြင်းဖြင့်။)

သံဝိဂ္ဂါနံ=ထိတ်လန့်သော စိတ်နှလုံး ရှိကြကုန်သည်ဖြစ်၍။ ယောနိသော=အသင့်အားဖြင့်။ ပဒဟတံ-ပဒဟန္တာနံ=လုံ့လကြိုးကုတ် အားထုတ်ကြကုန်သော။ စတုရာသီတိယာ ပါဏသဟဿာနံ= ရှစ် သောင်း လေးထောင်သော ဝေနေယျကြာသတ္တဝါအပေါင်းတို့၏။ ဓမ္မာဘိ သမယော=သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည်။ အဟောသိ =ဖြစ်ခဲ့လေပြီ-လို့။

အဋ္ဌကထာမှာ ဒီ တိရောကုဋ္ဋသုတ္တန် နိဂုံး၊ ဒေသနာနိဂုံးချုပ် လိုက်တဲ့အခါကျတော့ ဒီသုတ္တန်ဟောရင်း ဟောရင်းက မြတ်စွာဘုရားက တစ်ဂါထာဟောလိုက်၊ အဓိပ္ပာယ်ပြောလိုက်၊ အဲဒီပြောတဲ့အထဲမှာ ပြိတ္တာ ဘုံမှာ ကပ်ရောက်ရတဲ့ သတ္တဝါတွေရဲ့ ဆင်းရဲဒုက္ခတွေ၊ အပြစ်တွေ၊ ပြိတ္တာဘုံရဲ့ အပြစ်ဒေါသတွေကို ဘုရားပြတော့ အင်မတန် လူတွေ ထိတ် လန့် သံဝေဂဖြစ်တယ်။ ထိတ်လန့်သံဝေဂဖြစ်ပြီးတော့ ဒီဘုရားတရားနာ

http:\\www.dhammadownload.com



ရင်းပဲ ပြော်–တရားနှလုံးသုံးလို့၊ အားထုတ်လို့၊ ရှစ်သောင်းလေးထောင် သော သတ္တဝါများ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြတယ်။

မြတ်စွာဘုရားက တိရောကုဋ္ဋသုတ်ကို အဲဒီနေ့တစ်နေ့တင်သာ ဟောတာမဟုတ်ဘူးတဲ့။ နောက်တစ်နေ့လည်းပဲ နတ်လူတို့အား ဒီ တိရော ကုဋ္ဋသုတ်ပဲ ဟောတယ်။ နောက်တစ်နေ့လည်းပဲ ဒီ တိရောကုဋ္ဋသုတ်ပဲ။ ခုနစ်ရက်ဆက်ဟောတယ်။ ဟောတိုင်းဟောတိုင်း ဟောတိုင်းဟောတိုင်း နေ့တိုင်းနေ့တိုင်း ရှစ်သောင်းလေးထောင်သော သတ္တဝါတွေ သံဝေဂရပြီး တော့ ယောနိသော နှလုံးသွင်းနဲ့ တရားအားထုတ်ကြလို့ ရှစ်သောင်းလေး ထောင်သော သတ္တဝါတွေ သံဝေဂရပြီးတော့ ယောနိသော နှလုံးသွင်းနဲ့ တရားအားထုတ်ကြလို့ ရှစ်သောင်းလေးထောင်စီ ရှစ်သောင်းလေးထောင် စီ သစ္စာလေးပါးတရားသိမြင် ကျွတ်တမ်းဝင်ကြတယ်တဲ့။ ဒီအကြောင်း ကို အဋ္ဌကထာက ဖော်ပြထားတယ်။

## ငိုကြွေးမြည်တမ်း ကိုယ်ပန်းခြင်းသာ

အဲဒါ တိရောကုဋ္ဋသုတ္တန်လို့ ခေါ်တယ်။ အင်း–ရေစက်ချခါနီးမှာ တို့ တိရောကုဋ္ဋသုတ္တန်က လာတဲ့အတိုင်း လှလှကြီး ရေစက်ချရအောင်။ စိတ်ထဲက ဟုတ်လား။ မေတ္တာတွေ ထားရမယ်။ ကရုဏာတွေ ထားရမယ်။ အဲဒီ တိရောကုဋ္ဋသုတ္တန်ထဲမှာ ဘုရားက မကြိုက်ပါသေးတယ်နော်။ ဘာပြုလို့ လူတွေ လုပ်နေသလဲ။

န ဟိ ရုဏ္ဏံ ဝါ သောကော ဝါ၊
ယာ စညာ ပရိဒေဝနာ။
န တံ ပေတ္တာနမတ္ထာယ
ဧဝံ တိဋ္ဌန္တိ ဉာတယော။

ဟိ=မှန်၏။ ရုဏ္ဏံ =ငိုကြွေးခြင်းသည်လည်းကောင်း။ သောကော ဝါ=ပူဆွေးခြင်းသည်လည်းကောင်း။ အညာ=ငိုကြွေးပူဆွေးခြင်းမှ

http:\\www.dhammadownload.com



တစ်ပါးသော။ ယာ စညာ ပရိဒေဝနာ=အကြင်သားရေသားရဲ့ စသည်ဖြင့် နှုတ်က ကယောင်ကတမ်း မြည်တမ်းပြောဆိုခြင်းသည်လည်းကောင်း၊ ပေတ္တာနံ=တမလွန်ဘဝပြောင်းသွားကြတဲ့ ဆွေမျိုးတို့အား။ န ဥပကပ္ပတိ=တစိုးတစိအကျိုးကို မရရှိနိုင်ချေ။

အေး-တို့ လူ့ပြည်ကနေပြီးတော့ ငိုနေတယ်။ ဘာမှ ဆွေမျိုးတွေအကျိုးမရဘူးနော်။ စိုးရိမ်ပူဆွေးငိုတယ်။ ဘာမှ ဟိုတမလွန်ဘဝက ပုဂ္ဂိုလ်တွေ အကျိုးမရဘူး။ အို-ဒီကနေပြီး နှုတ်က ဗလွတ်ဗလွတ်နဲ့၊ တကတည်း တတွတ်တွတ်နဲ့ပေါ့။ မြည်တမ်းနေတယ်။ ဘာမှအကျိုးမရဘူး။ ဒီကနေပြီးတော့ တဟီးဟီးနဲ့ ငိုကြွေးခြင်းဟာ ကိုယ်သာ ပင်ပန်းတယ်။ ပူဆွေးခြင်းကြောင့် စိတ်ပါပင်ပန်းတယ်။ အို-ပါးစပ်က ငိုပြီး တွတ်တီးတွတ်တာနဲ့ ဟုတ်လား။ သားရယ်၊ သမီးရယ်စသည်ဖြင့် ဒီလိုပါးစပ်က ဆိုပြီးတော့ မြည်တမ်းခြင်းဖြင့် နှုတ်ပါပင်ပန်းတယ်။ ကိုယ့်မှာ ကိုယ်ပန်းတယ်။ စိတ်နွမ်းတယ်။ နှုတ်ပန်းတယ်။ ဒါပဲ အကျိုးရတယ်တဲ့။

ဒီဘက်က ဆွေတွေမျိုးတွေမှာ ဒီလို အပြစ်ရပေမယ်လို့ ဟိုတမလွန်ဘဝက ပုဂ္ဂိုလ်တွေ ဘာအကျိုးမှ မရဘူးတဲ့။ ဒါကြောင့် အဲဒီလို ငိုကြွေးမှု၊ ပူဆွေးမှု၊ မြည်တမ်းမှုဆိုတဲ့ ကိုယ်ပင်ပန်းအောင်၊ စိတ်ပင်ပန်းအောင်၊ နှုတ်ပင်ပန်းအောင် အမှုတွေကိုတော့ အင်း-ဘုန်းကြီးတို့ ဒါလောက် အမောခံပြီးတော့ ဟောရပြောရလို့ရှိယင် အဲဒီသုံးချက်တော့ ဆွမ်း ဒကာ ဆွမ်းအစ်မများက လိုက်နာကြပါ။ မငိုကြွေးကြပါနဲ့။ ဟုတ်လား။ မပူဆွေးကြပါနဲ့။ မမြည်တမ်းကြပါနဲ့။ ဘာပြုလို့လဲ။ ငိုကြွေးခြင်းဖြင့် ကိုယ်ပင်ပန်းတယ်။ ပါးစပ်က ဗလွတ်ဗလွတ် တွတ်တီးတွတ်တာနဲ့ ပြောဆိုခြင်းဖြင့် နှုတ်ပင်ပန်းတယ်။

ဒီတော့ အကျိုးရဲ့ဒါန မရဘူးတဲ့။ ကိုယ်လည်း အကျိုးမရ၊ ကိုယ်ပင်ပန်း၊ နှုတ်ပင်ပန်း၊ စိတ်ပင်ပန်းပြီးတော့ ဟို တမလွန်က ပုဂ္ဂိုလ်တွေလည်းပဲ အကျိုးမရတဲ့ ဒီသုံးခုကိုဖြင့် မပြုမိအောင် သတိထားကြပါ။

http:\\www.dhammadownload.com



ဒါသတိထားဖို့ ဘုန်းကြီး အထူးပဲ မေတ္တာရပ်ပါတယ်။ ထားချိန်လည်း တန်ပြီ။ အင်း နိဂုံးချုပ်တော့ ဘာလဲ။ တို့လုပ်ရမှာ ဒါပဲဟေ့။ ဘာလဲ။ ပန်းကလေးတစ်ပွင့်၊ ရေကလေးတစ်ခွက်၊ ဟုတ်လား။ ဆွမ်းတော်တစ်ပွဲ၊ ဟို–ရှေ့က ကြွလာတဲ့ သံဃာတော်အရှင်မြတ်အား နံနက်ဆွမ်းတစ်ဇွန်း လောင်းလိုက်ယင်ကိုပဲ ငါ့ရဲ့ ဤဆွမ်းအလှူကောင်းမှုဟာ တမလွန်ဘဝ သို့ပြောင်းသွားလေပြီးသော ငါ့သားအား ဖြစ်ပါစေ။ ငါ့ရဲ့ ဆွေဟောင်း မျိုးဟောင်း မိဟောင်းဖဟောင်း သားဟောင်းသမီးဟောင်းများအား ဖြစ်ပါစေ။ ဘယ်လောက်အေးသလဲ။ ကိုယ်လည်း အေးသေးတယ်။ ဟိုက မျှော်နေတဲ့ ပုဂ္ဂိုလ်ကလည်းပဲ တစ်ခါတည်း ရေကြည်ခွက်ကြီးကို၊ ရေကြည်အေးကြီး ပိုက်ရသလို အဲဒီလိုသာ ပြုလုပ်မိပါစေ။

## သုတ္တန်နိဂုံး

ဤသို့လျှင် တိရောကုဋ္ဋသုတ္တန် ဒေသနာကို ကြားနာရခြင်း= ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံ စေတနာ၊ သရဏဂုံသီလတို့ကို ဆောက်တည်ရခြင်း=သီလမယကောင်းမှုကုသိုလ်ကံ စေတနာ၊ ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်မြတ်တို့အား မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ ဖြင့် သဒ္ဓါပြဋ္ဌာန်း လှူဒါန်းရခြင်းတည်းဟူသော ဘောဇနဒါန ကောင်းမှု ကုသိုလ်ကံစေတနာ၊ ဤသို့ စသည်များမြတ် ပေါင်းအပ်သော ကောင်း မှုကုသိုလ်ကံ အရပ်ရပ်တို့နှင့်တကွ တရားပွဲကျင်းပကာ ကြွလာသမျှသော ပရိသတ်တို့အား ဓမ္မဒါန၊ အမတဒါန အလှူအတန်းပေးဝေလှူဒါန်းရ ခြင်းတည်းဟူသော သာသနာနုဂ္ဂဟ ပုညမင်္ဂလာ ကောင်းမှုကုသိုလ်ကံ စေတနာ။

ဤသို့ စသည်များမြတ် ပေါင်းအပ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ဤတိရောကုဋ္ဋသုတ္တန်ဒေသနာ၌ အင်း–ဓမ္မဒေသက ဖြစ်တော်မူကြသော ဇာတ်တော်ဝင်ဖြစ်တော်မူကြသော ဥရုဝေလ ကဿပ

http:\\www.dhammadownload.com



မထေရ်၊ နဒီကဿပမထေရ်၊ ဂယာကဿပမထေရ်တို့စံမြန်းရာ ခေမာ သီဝ အသခ်တဓာတ် မြတ်သောနိဗ္ဗာန်ပရမတ်ကို လေးရပ်သော မဂ်ဉာဏ်၊ လေးရပ်သော ဖိုလ်ဉာဏ်တို့ဖြင့်လျင်မြန်ထုတ်ချောက် တို့တစ်တွေ မျက်မှောက်ပြုရပါလိုသောဟု ဒီလိုဆုတောင်းနိုင်ကြပါစေ။ ဆုတောင်း တဲ့အတိုင်းလည်းပဲ လေးရပ်သော မဂ်ဉာဏ်၊ လေးရပ်သော ဖိုလ်ဉာဏ် တို့ဖြင့် အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုရသည့်ကိုယ်ဖြစ် ကြပါစေကုန်သတည်း။

**နိဗ္ဗာန်ကို မျက်မှောက်ပြုရသည့် ထိုနောက်ဆုံးဘဝပရိနိဗ္ဗာန စုတိမှ** အခြားမဲ့ဖြစ်သော နောက်ကာလ၌ တစ်စုံတစ်ခုသော ဘဝ၊ ဂတိ၊ ယောနိ၊ ဝိညာဏဋ္ဌိတိမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာတရား တို့ တစ်ဖန်မဖြစ်သော ချုပ်ခြင်း၊ မီးစာဆီ၊ မီးတည်းဟူသော အကြောင်း နှစ်ပါးတို့ ကုန်ခန်းသဖြင့် မီး၏ မဖြစ်သော ချုပ်ငြိမ်းခြင်းကဲ့သို့သော အဝိဇ္ဇာ တဏှာ အကြောင်းနှစ်ပါးတို့ ချုပ်ငြိမ်းသဖြင့် ရုပ်နာမ်နှစ်ဖြာ **ခန္ဓာငါးပါးတည်းဟူသော မီးတောက်ကြီး တစ်ဖန်မဖြစ်သော ချုပ်ခြင်း** တည်းဟူသော အနုပ္ပါဒါနိရောဓ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီ ကိုယ်င စံကြရပါစေကုန် သတည်း။ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီ စံကြရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက်မီးပုံကြီး ကိုယ်စီကိုယ်င ငြိမ်းကြပါစေကုန်သတည်း။

**သာဓု သာဓု သာဓု**

**တိရောကုဍ္ဍတရားတော် ပြီးပြီ။**

---

http:\\www.dhammadownload.com

# မေဃိယသုတ္တန်တရားတော်

## အကုသိုလ်ဝိတက်များကို အရိယမဂ်တရားဖြင့် ပယ်ရှားနိုင်ရန် ရည်သန်ဟောကြားခြင်း

ကောဇာသက္ကရာဇ် ၁၃၃၃ခု၊ သာသနာတော် ၂၅၁၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၆)ရက်နေ့ည၊ ရန်ကုန်မြို့ ကျားကူးဓမ္မာရုံကြီး၌ ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဩဝါဒါစရိယဆရာတော်များအား ပူဇော်ပွဲ၊ အဘိဓမ္မာသင်တန်းပြဆရာတို့အား ဂုဏ်ပြုထောမနာပွဲ၊ ဆူးလေစေတီတော်မြတ်အား ရွှေပြားသက်န်းဆက်ကပ်လှူဒါန်းပွဲ၌ ဟောကြားအပ်သော ဥက္ကဋ္ဌကြီး မျှော်ခေါ်တောင့်တသည့် "မေဃိယသုတ္တန်တရား"လို့ ကြေညာတဲ့အတိုင်း မေဃိယသုတ္တန်ကို ဟောပါ့မယ်။

**အဲဒီ မေဃိယသုတ္တန်က ခုဒ္ဒကနိကာယ်၊ ဥဒါန်းပါဠိတော်မှာ** မေဃိယာသုတ္တန်လို့ပါတယ်။ အစဆုံး အရှင်အာနန္ဒာက တရားနိဒါန်း စပေးလိုက်တယ်။

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ စာလိကာယံ ဝိဟရတိ စာလိကေ ပဗ္ဗတေ။

ဧကံသမယံ=အခါတစ်ပါး၌။ ဘဂဝါ=ဘုန်းတော်သခင် ရှင်ပင်ဘုရားသည်။ စာလိကာယံ=စာလိကာအမည်ရှိသော ပြည်၌။ စာလိကေ ပဗ္ဗတေ=စာလိကဟု အမည်ရသော တောင်၌။ ဝိဟရတိ=ဣရိယာပထမျှတရွှင်ပြုံး သီတင်းသုံးစံနေဆဲ ဖြစ်တော်မူပါ၏။

http:\\www.dhammadownload.com



တစ်ချိန် မြတ်စွာဘုရား စာလိကာမြို့၊ အဲဒီမြို့ရဲ့အနီး စာလိက ခေါ်တဲ့ တောင်ကျောင်းကြီးမှာ သီတင်းသုံးနေတဲ့အခိုက်။

ဘာဖြစ်လို့ ဒီမြို့ကို စာလိကာမြို့လို့ ခေါ်ရသတုံး။ အဲဒီမြို့မှာ တံခါးပေါက်ကလွဲရင် ကျန်တဲ့ မြို့ပတ်ဝန်းကျင်မှာ တလျှပ်လျှပ် လှုပ်နေတဲ့ မြို့ကျုံး ဝိုင်းလျက်ရှိတယ်။ ခပ်လှမ်းလှမ်းကကြည့်လိုက်မယ်ဆိုယင် မြို့ကျုံးရဲ့ လှုပ်တဲ့ဂယက် ရိုက်ပြီးတော့ မြို့ကြီးပါ လှုပ်နေတယ်လို့ ထင်ရတယ်။ ဒါကြောင့် အဲဒီမြို့ကို အဲဒီခေတ်မှာ ခေါ်တယ်။ စာလိကာ မြို့လို့။ တလျှပ်လျှပ် လှုပ်တဲ့ မြို့လို့ခေါ်ပါတယ်။ အဲဒီမြို့ရဲ့အနီးဖွေးဖွေး ဖြူတဲ့ တောင်ကြီးတွေရှိတယ်။ အဲဒီတောင်ကြီးဟာ လဆုတ်ပက္ခဉပုသ်နေ့များ လှမ်းကြည့်လိုက်ရင် တောင်ကြီးကိုက တဖြတ်ဖြတ် လှုပ်နေတယ်လို့ ထင်ရသတဲ့။ အဲဒါကြောင့်လည်း အဲဒီတောင်ကို စာလိကတောင်၊ အဲဒီတောင် ပေါ်မှာ ဘုရားနဲ့တကွ သံဃာတော်များ သီတင်းသုံးလို့ ကျောင်းတိုက် ကြီးကို ဒကာဒကာမတွေ ဆောက်လုပ်လှူဒါန်းထားတယ်။ အဲဒီကျောင်း တိုက်ကြီးလည်းပဲ စာလိကတောင်ပေါ် ကျောင်းတိုက်ကြီးလို့ ခေါ်သတဲ့။ အဲဒါကို အရှင်အာနန္ဒာက စာတစ်ပိုဒ် ခင်းတယ်။

"ဧကံသမယံ ဘဂဝါ စာလိကာယံ ဝိဟရတိ စာလိကေ ပဗ္ဗတေ" ဒေသနာနိဒါန်း စပေးတယ်။

ဟုတ်ပြီ။ မြတ်စွာဘုရားတစ်ချိန်က စာလိကာမြို့၊ စာလိက တောင်ပေါ် ကျောင်းတိုက်ကြီး၌ သီတင်းသုံးနေစဉ်–

တေန ခေါ ပန သမယေန အာယသ္မာ မေဃိယော ဘဂဝတော ဥပဋ္ဌာကော ဟောတိ။

တေန ခေါ ပန သမယေန=ထိုသို့ မြတ်စွာဘုရား စာလိက တောင်ပေါ်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူစဉ်အခါ၌။ အာယသ္မာ မေဃိယော=အရှင်မေဃိယ ရဟန်းသည်။ ဘဂဝတော=မြတ်

http:\\www.dhammadownload.com



ဗွာဘုရား၏ ဥပဋ္ဌာကော=အပြုအစုအလုပ်အကျွေးသည်။ ဟောတိ=ဖြစ်ပေ၏။

## မမြဲသော အလုပ်အကျွေး ၈-ပါး

ပထမဗောဓိ=ဝါနှစ်ဆယ်မှာ မြတ်စွာဘုရားကို ပြုစုတဲ့ ဥပဋ္ဌာက အရှင်သူမြတ်များ မမြဲသေးပါဘူး။ နာ၊ နာ၊ ဥ၊ သု၊ စု၊ နန်၊ သာ၊ မေ-လို့ ကိုယ်တော်ရှစ်ပါးရှိတယ်။

(၁) တစ်ရံတစ်ခါ အရှင်နာဂသမာလ မထေရ်က ပြုစုနေရတယ်။

(၂) တစ်ရံတစ်ခါ အရှင်နာဂိတ မထေရ်က ပြုစုတယ်။

(၃) တစ်ရံတစ်ခါ အရှင်ဥပဝါနမထေရ်က ပြုစုတယ်။

(၄) တစ်ရံတစ်ခါကျတော့ သုနက္ခတ္တရဟန်းက ပြုစုတယ်။

(၅) တစ်ရံတစ်ခါကျတော့ စုန္ဒသမဏုဒ္ဒေသ=စုန္ဒသာမဏေလို့ ရဟန်းဖြစ်တော့ကာ အခေါ်ခံရတဲ့ အရှင်သာရိပုတ္တရာရဲ့ညီ အရှင်စုန္ဒက ပြုစုတယ်။

(၆) တစ်ရံတစ်ခါမှာ အရှင်နန္ဒက ပြုစုတယ်။

(၇) တစ်ရံတစ်ခါမှာ အရှင်သာဂတ မထေရ်က ပြုစုတယ်။

(၈) တစ်ရံတစ်ခါမှာ အရှင်မေဃိယက ပြုစုတယ်။

ပထမဗောဓိ ဝါနှစ်ဆယ်မှာ မြတ်စွာဘုရားကို ပြုစုတဲ့ ကိုယ်တော် အမြဲမရှိသေးဘူး။ အဲဒီ ဝါနှစ်ဆယ်ကစလို့ ကျန်တဲ့ နှစ်ဆယ့်ငါးဝါတိုင်အောင် အရှင်အာနန္ဒာက အမြဲ ပြုစုရတယ်။ အခု မြတ်စွာဘုရားကို ပြုစုနေတဲ့ ကိုယ်တော်ဟာ အရှင်မေဃိက ကိုယ်တော်ပါတဲ့။ မမြဲသော အပြုအစု ဤရှစ်ပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ အရှင်မေဃိယဟာ မြတ်စွာဘုရားကို ပြုစုနေတဲ့အခါဖြစ်ပါတယ်။ အဲဒီလို မြတ်စွာဘုရားကို

http:\\www.dhammadownload.com



ပြုစုနေတဲ့အချိန် အခါမှာ အရှင်မေဃိယက တစ်နေ့တော့–

"အထခေါ အာယသ္မာ မေဃိယော ယေန ဘဂဝါ တေနုပသင်္ကမိ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။

ဒါ အရှင်အာနန္ဒာ နိဒါန်းဖွင့်ပုံလေးဖြစ်တယ်။

အထခေါ=ထိုအခါ၌။ အာယသ္မာ မေဃိယော=အရှင်မေဃိယရဟန်းသည်။ ယေန=အကြင်အရပ်၌။ ဘဂဝါ=မြတ်စွာဘုရားရှိတော်မူ၏။ တေန=ထိုဘုရားရှိရာသို့။ ဥပသင်္ကမိ=သွားရောက်လေ၏။

ယနေ့ အရှင်မေဃိယ မထေရ် ဘုရားရှိရာ သွားရောက်၍–

ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။

မြတ်စွာဘုရားထံမှောက် သွားရောက်၍ မြတ်စွာဘုရားအားရှိသေမြတ်နိုး ရှိခိုး၍ အပြစ်လွတ်လောက်တဲ့ အရပ်က ရပ်တည်တယ်။ အပြစ်လွတ်လောက်တဲ့ အရပ်က ရပ်တည် လက်အုပ်ချီပြီးတော့–

ဧကမန္တံ ဋ္ဌိတာခေါ အာယသ္မာ မေဃိယော ဘဂဝန္တံ ဧတဒဝေါစ။

အပြစ်မရောက်တဲ့နေရာက မတ်တတ်ရပ် လက်အုပ်ချီလျက်အရှင်မေဃိယ မထေရ်မြတ်စွာဘုရားကို ဟောဒီလို လျှောက်ထားပါတယ်။ ဘယ်လိုလဲ။

ဣစ္ဆာမဟံ ဘန္တေ ဇန္တုဂါမံ ပိဏ္ဍာယ ပဝိသိတုံ။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ အဟံ=တပည့်တော်သည်။ ဇန္တုဂါမံ=ဇန္တုရွာသို့။ ပိဏ္ဍာယ=ဆွမ်းအလို့ငှာ။ ပဝိသိတုံ=ဝင်ခြင်းငှာ။ ဣစ္ဆာမိ=တောင့်တလင့်ဆို အလိုရှိပါသဘုရား။

## သရက်ဥယျာဉ်ကြီး တရားအားထုတ်လိုခြင်း

စာလိကာမြို့အပြင် ဟို–ဂေါစရဂါမ်ရွာတစ်ခု၊ ဇန္တုလို့ ခေါ်တဲ့

http:\\www.dhammadownload.com



ရွာတစ်ခု ရှိတယ်။ အရှင်မေဃိယက မြတ်စွာဘုရားကို "မြတ်စွာဘုရား၊ တပည့်တော် ဇန္တုရွာကို ဆွမ်းခံဝင်လိုပါတယ်ဘုရား"လို့ လျှောက်ထားတော့ ဘုရားကိုယ်တော်မြတ်က–

ယဿ ဒါနိ တွံ မေဃိယ ကာလံ မညသိ။

မေဃိယ=ချစ်သား မေဃိယ။ တွံ=သင်သည်။ ယဿ=အကြင် ဆွမ်းခံဝင်ခြင်း၏။ ကာလံ=ကာလကို။ မညသိ=သိလေ။

ချစ်သားမေဃိယ၊ သင်ချစ်သားသည်ပင် ယင်းသို့ ဆွမ်းခံဝင်ဖို့ အချိန် သိလော့လို့ ခွင့်ပြုစကား မိန့်ကြားလိုက်တယ်ဆိုယင်ပဲ အရှင် မေဃိယသည်–

အထခေါ=ထိုသို့ မြတ်စွာဘုရား ခွင့်သနားတော်မူသောအခါ ကာလ၌။ အာယသ္မာ မေဃိယော=အရှင်မေဃိယမထေရ်သည်။ ပုဗ္ဗဏှ သမယံ=နံနက်အခါ၌။ နိဝါသေတွာ=သင်းပိုင်ကို ပြင်ဝတ်၍။ ဇန္တုဂါမံ= ဇန္တုရွာအတွင်းသို့။ ပိဏ္ဍာယ=ဆွမ်းအလို့ငှာ။ ပါဝိသိ=ဝင်ခဲ့လေ၏။

ဘုရားခွင့်ပြုတယ်ဆိုယင်ပဲ အရှင်မေဃိယက သင်းပိုင်ကို ပြင် ဝတ်လို့ရုံ၊ ဇန္တုရွာထဲ ဆွမ်းခံကြွတယ်။

ဇန္တုဂါမေ ပိဏ္ဍာယ စရိတွာ ပစ္ဆာဘတ္တံ ပိဏ္ဍပါတ ပဋိက္ကန္တော ယေန ကိမိကာဠာယ နဒိယာ တီရံ တေနုပသင်္ကမိ။

ဇန္တုဂါမေ= ဇန္တုရွာတွင်း၌။ ပိဏ္ဍာယ=ဆွမ်းအလို့ငှာ။ စရိတွာ= လှည့်လည်တော်မူပြီး၍။ ပစ္ဆာဘတ္တံ=ဆွမ်းကိစ္စပြီးသည်မှ နောက်ကာလ ၌။ ပိဏ္ဍပါတ ပဋိက္ကန္တော=ဆွမ်းခံရာမှ ဖဲခဲ့၍။ ယေန=အကြင်အရပ် ၌။ ကိမိကာဠာယ=ပိုးလောက်မည်းတွေ ပေါများသောကြောင့် 'ကိမိ ကာဠာ'အမည်ရသော။ နဒိယာ=မြစ်၏။ တီရံ=ကမ်းနားသည်။ အတ္ထိ= ရှိ၏။ တေန=ထိုအရပ်သို့။ ဥပသင်္ကမိ=ကြွလေပြီ။

http:\\www.dhammadownload.com



(ပါဠိတော် သဘာဝနိရုတ္တိနဲ့ဖြစ်စဉ်ကို ဖော်ပြတာက အသံတစ်မျိုးနော်၊ ပါဠိတော်အသွားဆိုတာ ဟိုအရပ်ထဲ သုံးတဲ့ ဒေသိယ အသုံးနဲ့ မတူဘူး။)

အရှင် မေဃိယသည် ဇန္တုရွာထဲ ဆွမ်းခံလှည့်လည်ပြီး၍ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ အဲဒီဆွမ်းခံရာ ဇန္တုရွာက ဖဲခဲ့၍ ဇန္တုရွာမှာ ခရီးတစ်ထောက် ရောက်လောက်တဲ့နေရာမှာ "ကိမိကာဠာ"လို့ ပါဠိလိုခေါ်တယ်။ မြစ်တစ်ခု။ တစ်နည်းအားဖြင့် ချောင်းတစ်ခု။ ကိမိကာဠာလို့ ဒီချောင်းဘာပြုလို့ ခေါ်သလဲဆိုတော့ အဲဒီချောင်းထဲမှာ ပိုးမည်းလေးတွေ ပေါလို့တဲ့။ အဲဒါကြောင့် ဒီချောင်းကို ပိုးမည်းချောင်း။ ကိမိကာဠာခေါ်တဲ့ အဲဒီချောင်းရဲ့ မြစ်ကမ်းနားရောက်။ အဲဒီမြစ်ကမ်းနားက လှမ်းပြီးတော့ မျက်စိတူရူ မှုမှုမိရာ လှမ်းပြီး ကြည့်လိုက်တော့ အရှင် မေဃိယ ဘာမြင်တုံး။

အဒ္ဒသာ ခေါ အာယသ္မာ မေဃိယော ကိမိကာဠာယ နဒိယာ တီရေ ဇင်္ဃာဝိဟာရံ အနုစင်္ကမမာနော အနုဝိစရမာနော အမ္ဗဝနံ ပါသာဒိကံ မနုညံ ရမဏီယံ။

ကိမိကာဠာခေါ်တဲ့ အဲဒီမြစ်ကမ်းပါးမှာ အညောင်းပြေ လူးလာတုံ့ခေါက် စင်္ကြံကြွရောက်တော်မူနေရင်းက အရှင်မေဃိယသည် မလှမ်းမကမ်းမှာ သရက်ဥယျာဉ်ကြီးတစ်ခုကို မြင်သတဲ့။ အဲဒီ သရက်ဥယျာဉ်ကြီးက ပါသာဒိကံ=ကြည့်လိုက်တိုင်း စိတ်ကြည်လင်စရာတဲ့။ မနုညံ=စိတ်ထဲမှာ နှစ်သက်စရာကောင်းတယ်။ ရမဏီယံ=မွေ့လျော်ဖွယ်ကောင်းတဲ့ သရက်ဥယျာဉ်တော်ကြီးတစ်ခုကို မြင်တယ်တဲ့။

ဒိသွာန ဿ ဧတဒဟောသိ။

ဒိသွာန=မြင်ရသောကြောင့်။ အဿ=ထိုအရှင်မေဃိယ၏ သန္တာန်၌။ ဧတံ-ဧသော=ဤသို့သော အကြံအစည်သည်။ အဟောသိ ဖြစ်ခဲ့လေပြီ။

http:\\www.dhammadownload.com



သရက်တောကြီး၊ အလွန်ပျော်ဖို့ ကောင်းတဲ့ သရက်တောဥယျာဉ်ကြီးမြင်ရတဲ့ အရှင်မေဃိယရဲ့ စိတ်သန္တာန်မှာ ဟောဒီလို အကြံဖြစ်သတဲ့။

ပါသာဒိကံ ဝတိဒံ အမ္ဗဝနံ မနုညံ ရမဏီယံ။

ဣဒံ အမ္ဗဝနံ=ဤသရက်ဥယျာဉ်ကြီးသည်။ ပါသာဒိကံဝတ=ကြည်ညိုဖွယ် ရှိစွတကား။ မနုညံဝတ=စိတ်နှလုံးကို နှစ်မြို့ပေစွတကား။ ရမဏီယံဝတ=မွေ့လျော်ဖွယ် ရှိပေစွတကား။

အလံ ဝတိဒံ ကုလပုတ္တဿ ပဓာနတ္ထိကဿ ပဓာနာယ။

ဣဒံ=ဤသရက်ဥယျာဉ်ကြီးသည်။ ပဓာနတ္ထိကဿ= ပဓာန အလုပ် ကမ္မဋ္ဌာန်းအလုပ် အားထုတ်လိုသော။ ကုလပုတ္တဿ=အမျိုးကောင်း၏ အလို့ငှာ။ ပဓာနာယ=ကမ္မဋ္ဌာန်းအလုပ် အားထုတ်ခြင်းငှာ။ အလံဝတ=သင့်လျော်သည်သာ။

ဒီသရက်ဥယျာဉ်ကြီးဟာ ငါတို့လို ကမ္မဋ္ဌာန်းအလုပ် အားထုတ်လိုတဲ့ အမျိုးကောင်းသားများအဖို့ ပဓာနခေါ်တဲ့ ကမ္မဋ္ဌာန်းအလုပ် အားထုတ်ဖို့ သင့်တော်ပါတယ်–တဲ့။

သစေ မံ ဘဂဝါ အနုဇာနေယျ။

မံ=ငါ့ကို။ ဘဂဝါ=မြတ်စွာဘုရား။ သစေအနုဇာနေယျ=အကယ်၍ ခွင့်ပြုတော်မူငြားအံ့။

အာဂစ္ဆေယျာဟံ ဣမံ အမ္ဗဝနံ ပဓာနာယ။

(ဇဝံ=ဤသို့ မြတ်စွာဘုရား ငါ့အား ခွင့်ပြုခဲ့သည်ရှိသော်။) အဟံ=ငါသည်။ ဣမံ အမ္ဗဝနံ= ဤသရက်ဥယျာဉ်ထဲသို့။ ပဓာနာယ=ကမ္မဋ္ဌာန်းအလုပ် အားထုတ်ဖို့ရန်အတွက် ဒီသရက်ဥယျာဉ်ကြီးကို ငါလာမယ်လို့ အဲဒီလို အကြံအစည်ပြုပြီးတော့–

အထ ခေါ=ထိုမှနောက်၌။ အာယသ္မာမေဃိယော=အရှင်မေ

http:\\www.dhammadownload.com



ဃိယသည်။ ယေန=အကြင်အရပ်၌။ ဘဂဝါ=မြတ်စွာဘုရားသည်။ အတ္ထိ=ရှိတော်မူ၏။ တေန=ထိုဘုရားရှိရာအရပ်သို့။ ဥပသင်္ကမိ=သွားရောက်လေ၏။

## မြတ်စွာဘုရားက မေဃိယအား တားမြစ်တော်မူခြင်း

စဉ်းစားလည်းပြီးရော ဘုရားရှိရာသွားတယ်။

ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ။

ဘုရားရှိရာသို့ ကပ်ရောက်ပြီး မြတ်စွာဘုရားကို ရှိသေမြတ်နိုးရှိခိုးပြီး အပြစ်လွတ်တဲ့ နေရာက ထိုင်၏။

ဧကမန္တံ နိသိန္နော ခေါ အာယသ္မာ မေဃိယော ဘဂဝန္တံ ဧတဒဝေါစ=အပြစ်လွတ်တဲ့နေရာကထိုင်ပြီးတော့မှ အရှင်မေဃိယသည် မြတ်စွာဘုရားကို ဤကဲ့သို့ လျှောက်ထားသည်။

ဘယ့်နှယ်လျှောက်သလဲ။

ဣဓာဟံ ဘန္တေ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ ဇန္တုဂါမံ ပိဏ္ဍာယပါဝိသိ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်သည် ဒီကနေ့ နံနက်အချိန် သင်္ကန်းပြင်ဆင်ဝတ်၍ ဇန္တုရွာတွင်းကို တပည့်တော် ဆွမ်းခံဝင်ခဲ့ပါတယ်။

ဇန္တုဂါမေ ပိဏ္ဍာယ စရိတွာ ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တော။

အဲဒီ ဇန္တုရွာတွင်း ဆွမ်းခံလှည့်လည်ပြီးတော့ ဆွမ်းကိစ္စပြုပြီးတဲ့နောက်တစ်ချိန်မှာ ဆွမ်းခံရွာ ဇန္တုရွာမှဖဲခဲ့၍-

ယေန ကိမိကာဠာယ နဒိယာ တီရံ တေနုပသင်္ကမိံ။

ပိုးလောက်မည်းပေါတဲ့ ချောင်းနဲ့မြစ်ကမ်း တပည့်တော် သွား

http:\\www.dhammadownload.com



ရောက်ခဲ့ပါတယ်။

အဒ္ဒသံ ခေါ အဟံဘန္တေ ကိမိကာဠာယ နဒိယာတီရေ ဇင်္ဃာဝိဟာရံ အနုစင်္ကမမာနော၊ အနုဝိစရမာနော အမ္ဗဝနံ ပါသာဒိကံ မနုညံ ရမဏီယံ။

မြတ်စွာဘုရား၊ တပည့်တော် အဲဒီ ကိမိကာဠာဆိုတဲ့ ချောင်းရဲ့ ကမ်းနား အညောင်းပြေလူးလာတို့ခေါက် စင်္ကြံလျှောက်နေတဲ့အခါ ၎င်း မြစ်ကမ်းက အင်မတန် ကြည်ညိုဖွယ်ရှိ၊ နှစ်သက်ဖွယ်ကောင်း၊ မွေ့လျော်ဖွယ်ရှိတဲ့ သရက်ဥယျာဉ်ကြီးကို လှမ်းမြင်ပါတယ်။ မြင်တော့တွေ့တော့–

ဒိသွာန မေ ဧတဒဟောသိ။

အဲဒီလိုမြင်ရတော့ တပည့်တော်ရဲ့ စိတ်သန္တာန်မှာ ဤကဲ့သို့ အကြံဖြစ်ခဲ့ပါတယ် မြတ်စွာဘုရား။

ဘယ်လိုဖြစ်သလဲဆိုယင်–

ပါသာဒိကံ ဝတိဒံ အမ္ဗဝနံ မနုညံ ရမဏီယံ။

သြော်–ဒီ သရက်ဥယျာဉ်ကြီးနှယ် ကြည်ညိုဖွယ်ရှိစွ၊ နှစ်သက်ဖွယ် ရှိစွတကား။

အလံ ဝတိဒံ ကုလပုတ္တဿ ပဓာနတ္ထိကဿ ပဓာနာယ။

ဤသရက်ဥယျာဉ်ကြီးဟာ ပဓာနအလုပ် အားထုတ်လိုတဲ့ ငါတို့လို အမျိုးကောင်းသားများအဖို့ ကမ္မဋ္ဌာန်းအလုပ်အားထုတ်ဖို့ရန် သိပ်လျော်ကန်သင့်မြတ်ပါတယ်။

သစေ မံ ဘဂဝါ အနုဇာနေယျ။

အကယ်၍များ ငါ့ကို ဘုရားကိုယ်တော်မြတ်တောင်းပန်လို့ ခွင့်ပေးသပဆိုလို့ရှိယင်–

အာဂစ္ဆေယျာဟံ ဣမံ အမ္ဗဝနံ ပဓာနာယ။

http:\\www.dhammadownload.com



ငါသည် ဤသရက်ဥယျာဉ်တောသို့ ကမ္မဋ္ဌာန်းအလုပ်အားထုတ်ဖို့ရန် လာမယ်–လို့ အဲဒီလို တပည့်တော် စိတ်အကြံဖြစ်ပါတယ်မြတ်စွာဘုရားလို့။ ဒါ သူအကြံဖြစ်တဲ့ စကားကို တစ်ပိုဒ်မကျန် ပြန်လျှောက်ပြီးတော့ တောင်းပန်တဲ့စကားက–

သစေ မံ ဘန္တေ ဘဂဝါ အနုဇာနာတိ ဂစ္ဆေယျာဟံ တံ အမ္ဗဝနံ ပဓာနာယ။

(ရှေ့က စကားတွေက ရှေ့က အနက်ပေးခဲ့ပြီ။)

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ ဘဂဝါ=ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ မံ=တပည့်တော်ကို။ သစေ အနုဇာနာတိ=အကယ်၍ ခွင့်ပြုတော်မူငြားအံ့။ အဟံ=တပည့်တော်သည်။ တံ အမ္ဗဝနံ=ထို သရက်ဥယျာဉ်သို့။ ပဓာနာယ=ကမ္မဋ္ဌာန်းအလုပ် အားထုတ်ခြင်းငှာ။ ဂစ္ဆေယျံ=သွားလိုပါတယ်ဘုရား–လို့။

အဲဒီလိုမြတ်စွာဘုရား လျှောက်တယ်။ ရှင်တော်ဘုရားက ခွင့်ပြုယင် တပည့်တော် ကမ္မဋ္ဌာန်း အလုပ်အားထုတ်ချင်လို့ အဲဒီသရက်ဥယျာဉ်ကို တပည့်တော်သွားချင်ပါတယ်ဘုရား–လို့ လျှောက်တော့ မြတ်စွာဘုရားက အချိန်နည်းနည်း လိုသေးတယ်။ ဒီရဟန်းရဲ့ ဉာဏ်နွေသည် နည်းနည်းစောင့်ဖို့ တော်သေးတယ်။ ဤအနေနဲ့ မြတ်စွာဘုရားက–

အာဂမေဟိ တာဝ မေဃိယ။

မေဃိယ=ချစ်သား မေဃိယ။ တာဝ အာဂမေဟိ=ခေတ္တခဏ ဆိုင်းတွပါဦး။

ချစ်သား မေဃိယရယ်၊ ခဏဆိုင်းပါဦး၊ စိတ်ကို နှုးနှုးညှံ့ညှံ့ရှိတယ်။

ဧကကမှိ တာဝ၊ ယာဝ အညောပိ ကောစိ ဘိက္ခု အာဂစ္ဆတိ။

http:\\www.dhammadownload.com



အဟံ=ငါဘုရားသည်။ ဧကကော=တစ်ပါးတည်း။ အမှိ=ဖြစ်ပေ၏။ ဣဓ=ဤ ဒေသ၌။

(အခု ငါဘုရား တစ်ပါးတည်း၊ ချစ်သား သွားယင် ငါဘုရား တစ်ပါးတည်း ကျန်မယ်။)

ယာဝ=အကြင်မျှလောက်။ အညောပိ=သင်ချစ်သားမှ တစ်ပါးလည်းဖြစ်သော။ ကောစိ=တစ်စုံတစ်ယောက်သော။ ဘိက္ခု=ရဟန်းသည်။ အာဂစ္ဆတိ=လာရောက်၏။ တာဝ=ထိုသို့ အခြားရဟန်းတစ်ပါး လာရောက်သည့်တိုင်အောင်။ အာဂမေဟိ=ခေတ္တခဏ ဆိုင်းတွင့်လင့်ပေးပါဦး။ သနားလို့။

ချစ်သား၊ ခဏဆိုင်းပါဦး။ အခုလေ-ငါဘုရားတစ်ပါးတည်း ရှိသေးတယ်။ အဲဒီလို သနားဖွယ် ပြောတာက ဘုရားသိတယ်။ ဒီကိုယ်တော် အဲဒီသွားရင် မိစ္ဆာဝိတက်တွေ ဝင်လိမ့်မယ်။ ဝင်လို့ရှိယင် ငါဘုရားအပေါ် ရွံ့ရှာခြင်း ကင်းပြီးတော့ ရဲရဲတင်းတင်း ငါဘုရားထံပြန်လာဝံ့အောင်လို့ ဘုရားက သနားအောင်ကို ပြောတာ။ ချစ်သား၊ ဆိုင်းပါဦး ချစ်သားရယ်။ အခုလေ ငါဘုရားတစ်ပါးတည်းပဲ ရှိနေပါသေးတယ်။ ချစ်သားမှတစ်ပါး အခြားရဟန်းတစ်ပါး လာရောက်ရုံကလေး ဆိုင်းပါဦး။

အဲဒီ ကိုယ်တော်မှာ ကြမ္မာက လှုံ့ဆော်လာတော့-

ဒုတိယမ္ပိ ခေါ အာယသ္မာမေဃိယော ဘဂဝန္တံ ဧတဒဝေါစ။

ဒုတိယမ္ပိ=နှစ်ကြိမ်မြောက်လည်း။ အာယသ္မာမေဃိယော=အရှင်မေဃိယသည်။ ဘဂဝန္တံ=မြတ်စွာဘုရားကို။ ဧတံ=ဤစကားကို။ အဝေါစ=လျှောက်ထားလေပြီ။

စကားဆက်ပြီး ကဲ အရှင် အာနန္ဒာတို့ရဲ့။ သင်္ဂါယနာတင်တော်မူကြတဲ့ မထေရ်တို့ရဲ့ အတွင်းက ဆက်ပြီးတဲ့ စကား၊ အဲဒီလျှောက်တုန်း ခဏနေလိုက်သေးတယ်။ တော်တော်ကြာတော့ ဒုတိယမြောက်။

http:\\www.dhammadownload.com



အရှင် မေဃိယက ဘုရားလျှောက်တယ်။ ဘယ့်နှယ်လျှောက်သလဲ။ ဒီတစ်ခါတော့ အခုနင်ကလို မလျှောက်ဘူး။

ဘဂဝတော ဘန္တေ နတ္ထိ ကိဉ္စိ ဥတ္တရိကရဏီယံ၊ နတ္ထိ ကတဿ ဝါ ပတိစယော။

ဘန္တေ=အရှင်မြတ်ဘုရား။ ဘဂဝတော=မြတ်စွာဘုရား၏ အဖို့။ ဥတ္တရိ=အထက်၌။ ကိဉ္စိ=တစ်စုံတစ်ခုသော။ ကရဏီယံ ပြုဖွယ်ကိစ္စသည် နတ္ထိ=မရှိပါ။ ကတဿ=ပြုပြီးသော မဂ်ကိစ္စကို။ ပတိစယော ဝါ=တစ်ဖန် ပွားများမှုသည်လည်း။ နတ္ထိ=မရှိပါ။

မြတ်စွာဘုရား၊ ရှင်တော်ဘုရားမှာတော့ အရိယာမဂ်လေးပါး ရပြီ။ မဂ်ကိစ္စ တစ်ဆယ့်ခြောက်ချက် ကုန်ပြီးပြီဖြစ်တဲ့အတွက် အထက် အထက် ပြုဖို့ရန် မဂ်ကိစ္စ ဘာမှ မရှိတော့ဘူး။ အောက်ဖြစ်တဲ့ အရိယ မဂ်ဖိုလ် ရနေတဲ့ ပုဂ္ဂိုလ်မို့လို့ အထက်ဖြစ်တဲ့ အရိယမဂ်ကို သွားဖို့ရန် အလုပ်လည်းပဲ ရှင်တော်ဘုရားမှာ မရှိပါဘူး။ ရှင်တော်ဘုရားမှာ အရိယာ မဂ်လေးပါး အကုန်ရပြီးတဲ့အတွက် အောက်ဖြစ်သော မဂ်များ ရနေလို့ အထက်မဂ်အတွက် ပွားများရတဲ့ ပုဂ္ဂိုလ်များလို အထက်မဂ်ကို ပွားများ ရန် ကိစ္စလည်းပဲ မရှိပါဘူး။

မယှံ ခေါ ပန ဘန္တေ အတ္ထိ ဥတ္တရိကရဏီယံ၊ အတ္ထိ ကတဿ ပတိစယော။

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ မယှံ ခေါ ပန=တပည့်တော်၏ အဖို့ ရာမှာတော့။ ဥတ္တရိ=အထက်အထက် ဖြစ်တဲ့ အရိယာမဂ်ဖိုလ်အတွက်။ ကရဏီယံ=ပြုဖွယ်ကိစ္စ တစ်ဆယ့်ခြောက်ချက်လည်းပဲ။ အတ္ထိ=ရှိ၍ နေပါတယ်ဘုရား။

တပည့်တော်မှာ အရိယမဂ်တစ်ပါးမှ မရသေးဘူး။ အခု ပုထုဇဉ် ရဲ့ သီလ၊ သမာဓိ၊ ပညာ၊ အထက်အထက်ဖြစ်တဲ့ သောတာပတ္တိမဂ်ဖိုလ်

http:\\www.dhammadownload.com



သီလ၊ သမာဓိ၊ ပညာ၊ သကဒါဂါမိ မဂ်ဖိုလ်သီလ၊ သမာဓိ၊ ပညာ၊ အနာဂါမိမဂ်ဖိုလ်၊ အရဟတ္တမဂ်ဖိုလ် သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အထက်အထက် ပြုလုပ်ဖွယ်ကိစ္စတွေ အများကြီး ရှိနေပါသေးတယ်။

ကတဿ=ပုထုဇဉ်လောကမှာ ပြုပြီးဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာတို့၏အပေါ်မှာ။ ပတိစယော=တစ်ဖန်ထပ်၍ အရိယမဂ်ရောက်အောင် ပွားများဖွယ်ကိစ္စတို့သည်။ အတ္ထိ=အများကြီး ရှိနေပါသေးသည် ဘုရား။

လျှောက်တာပဲ၊ စေတနာနဲ့လျှောက်တာ။

**သစေ မံ** ဘဂဝါ **အနုဇာနာတိ**=မြတ်စွာဘုရား၊ တပည့်တော်ကို ရှင်တော်ဘုရား အကယ်၍ ခွင့်ပြုတော်မူပါမူ–

ဂစ္ဆေယျာဟံ တံ အမ္ဗဝနံ ပဓာနာယ=တပည့်တော် အဲဒီသရက်တောကို ကမ္မဋ္ဌာန်းအလုပ် အားထုတ်ဖို့ သွားလိုပါတယ်ဘုရား။

မြတ်စွာဘုရားက ဒီကိုယ်တော်ဟာ ကျွတ်ဖို့အချိန်တော်ပလား၊ မတော်သေးဘူး။ ပညိန္ဒြေနုသေးတယ်။ ကျွတ်ဖို့ အချိန်မတော်သေးဘူးဆိုတော့ ဒုတိယအကြိမ် မြတ်စွာဘုရားကိုယ်တော်မြတ်က အထက်နည်းအတိုင်း–

အာဂမေဟိတာဝ မေဃိယ=ချစ်သား မေဃိယ၊ ဆိုင်းပါဦး။

ဧကကမှိတာဝ=အခုလေ ငါဘုရား တစ်ပါးတည်း ရှိနေသေးတယ်။

ယာဝ အညောပိ ကောစိ ဘိက္ခု အာဂစ္ဆတိ=ချစ်သား၊ အခြားရဟန်း တစ်ပါးပါး လာရုံကလေး ချစ်သားဆိုင်းပါဦး။

ပြောလိုက်ယင် နည်းနည်းငြိမ်သွားပြန်ရော။ မြတ်စွာဘုရားက ဒီကိုယ်တော်ဟာ ဣန္ဒြေရင့်သည့်တိုင်အောင် ဆွဲတယ်။ ဘုရားအဖို့ ဘာ

http:\\www.dhammadownload.com



ပူစရာရှိတာမှ မဟုတ်ဘဲ။ ဒါပေမယ့် ဒီကိုယ်တော်ဘုရားအပေါ် ပြန်ငဲ့ပြီးတော့ ပြန်လာနိုင်အောင်လို့ ဘုရားက လျှော့ရျေးနဲ့ ပြောတာ။ တစ်အောင့်လောက် ရှိပြန်တော့ သူ့စိတ်က မနေနိုင်တော့ဘူး။ လျှောက်ပြန်တယ်။ တတိယအကြိမ်။

တတိယမ္ပိ ခေါ အာယသ္မာမေဃိယော ဘဂဝန္တံ ဧတဒဝေါစ။

တတိယအကြိမ်မြောက်လည်းပဲ အရှင်မေဃိယက မြတ်စွာဘုရားကို ဤစကားလျှောက်ထားပြန်တယ်။ ပါဠိက ခုနက အတိုင်းပဲ။

ဘဂဝတော ဘန္တေ နတ္ထိ ကိဉ္စိ ဥတ္တရိကရဏီယံ နတ္ထိ ကတဿ ဝါ ပတိစယော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ရှင်တော်ဘုရားရဲ့ အဖို့ရာ အထက်အထက်ဖြစ်တဲ့ အရိယမဂ်အဖို့ တစ်စုံတစ်ရာ ပြုဖွယ်ကိစ္စ မရှိပါဘူး။ မဂ်ကိစ္စအားလုံး ရှင်တော်ဘုရားမှာ ပြုပြီးသားဖြစ်နေပါပြီ။ အောက်မဂ်တွေပါ ရတဲ့အတွက် ပြုပြီးတဲ့ကိစ္စကို အထက်အထက်မဂ်ဖြင့် ထပ်ပွားဖို့ရန်လည်းပဲ ရှင်တော်ဘုရားမှာ အောက်မဂ်ကို ပုဂ္ဂိုလ်မှမဟုတ်ဘဲ။ အရိယမဂ်ဖိုလ်၊ အရဟတ္တမဂ် ထိပ်ဆုံးတောင် ရောက်ပြီးဖြစ်လို့ အောက်မဂ်ကို ရသော ပုဂ္ဂိုလ်များ ပြုပြီးတဲ့ မဂ်ကိစ္စကို အထက်အထက် မဂ်ဖြင့် တစ်ဖန်ထပ်၍ ပွားမှုပြုရသကဲ့သို့ ပြုရန်လည်း ရှင်တော်ဘုရားမှာ မရှိပါဘူး။ အရှင်ဘုရားမှာ အားလုံးကိစ္စတွေ ပြီးနေပါပြီ။

မယှံ ခေါ ပန ဘန္တေ အတ္ထိ ဥတ္တရိကရဏီယံ=မြတ်စွာဘုရား၊ တပည့်တော်မှာတော့ အထက်အထက်သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်၊ အရဟတ္တမဂ်ဖိုလ်၊ အရိယမဂ်ဖိုလ် လေးပါးရအောင် လုပ်ရမယ့်ကိစ္စ၊ မဂ်ကိစ္စ တစ်ဆယ့်ခြောက်ချက်စလုံး အကုန်ရှိနေပါသေးတယ်။ တစ်ခုမှ မပြုရသေးဘူး။

အတ္ထိ ကတဿ ဝါ ပတိစယော=ပုထုဇဉ်ဘဝ မိမိပြုပြီး ကြဲပြီး

http:\\www.dhammadownload.com



ဖြစ်တဲ့ ပုထုဇဉ်သီလ၊ သမာဓိ၊ ပညာများကို ထပ်၍ အရိယာမဂ်ဖိုလ် သီလသမာဓိဖြစ်အောင် ပွားရမယ့်ကိစ္စတွေ တပည့်တော်မှာ ရှိနေပါတယ်ဘုရားတဲ့။

သစေ မံ ဘန္တေ ဘဂဝါ အနုဇာနာတိ=ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အကယ်၍များ ရှင်တော်ဘုရားက တပည့်တော်ကို ခွင့်ပြုတော်မူမယ်ဆိုယင်-

ဂစ္ဆေယျာဟံ တံ အမ္ဗဝနံ ပဓာနာယ။

အဟံ=တပည့်တော်သည်။ တံ အမ္ဗဝနံ-ထိုသရက်ဥယျာဉ်သို့။ ပဓာနာယ=ပဓာနအလုပ် ကမ္မဋ္ဌာန်းအလုပ်အားထုတ်ခြင်းငှာ။ ဂစ္ဆေယျံ= သွားလိုပါတယ်ဘုရား။

သွားပါရစေဘုရားလို့ တတိယအကြိမ်မြောက် လျှောက်တဲ့အခါ မြတ်စွာဘုရားက ခွင့်ပြုချိန်တန်ပြီဆိုပြီး ဟောဒီလို ခွင့်ပြုစကား ပြောပါတယ်။

## မေဃိယထေရ် တရားအားထုတ်ရန် သွားခြင်း

ပဓာနန္တိ ခေါ မေဃိယ ဝဒမာနံ ကိန္တိဝဒေယျာမ။

မေဃိယ=ချစ်သား မေဃိယ။ ပဓာနံ=ပဓာနအလုပ် ကမ္မဋ္ဌာန်း အလုပ်ကို အားထုတ်ပါ့မယ်လို့။ ဣတိ=ဤသို့။ ဝဒမာနံ=သင်ချစ်သား တစာစာ ပြောဆိုသည် မည်သည်ကို။ မေ=ငါတို့သည်။ ကိန္တိ=အဘယ် သို့လျှင်။ ဝါ=အဘယ်သို့သော နည်းလမ်းနဲ့မှ။ ဝဒေယျာမ=တားမြစ် စကားပြောကြား၍ ဖြစ်တော့မလဲ။

ချစ်သားက ကမ္မဋ္ဌာန်းအလုပ် အားထုတ်ချင်နေပါတယ်လို့ တစာစာ ပြောဆိုနေမင့် ငါဘုရားက ဘယ့်နှယ်လုပ်ပြီးတော့ တားမြစ် စကားပြောလို့ တော်တော့မှာလဲ ချစ်သား တဲ့။

http:\\www.dhammadownload.com



ယဿ ဒါနိ တွံ မေဃိယ ကာလံ မညသိ။

မေဃိယ=ချစ်သားမေဃိယ။ တွံ=သင်သည်။ ဒါနိ=ယခုအခါ၌။ ယဿဂမနဿ=အကြင်သွားခြင်း၏။ ကာလံ=အခါကာလကို။ မညသိ= သိပေ၏။

ချစ်သား၊ သွားဖို့အချိန်ကို သင်ချစ်သားပဲ သိပါတယ်။ ချစ်သားပဲ စဉ်းစားပေါ့။

အဲဒီလိုဆိုတော့ အခွင့်ရပြီ။

အထ ခေါ အာယသ္မာ မေဃိယော ဥဋ္ဌာယာသနာ=ထို့နောက် အရှင်မေဃိယသည် နေရာကထ။

ယေန တံ အမ္ဗဝနံ တေနုပသင်္ကမိ=အဲဒီ သရက်ဥယျာဉ်ကြီးရှိရာကို သွားပြီ။

တံ အမ္ဗဝနံ အဇ္ဈောဂါဟေတွာ အညတရသ္မိံ ရုက္ခမူလေ ဒိဝါဝိဟာရံ နိသီဒိ။

ထိုသရက်ဥယျာဉ်တွင်းသို့ သက်ဝင်ပြီးသကာလ သရက်ပင်ကြီးတစ်ခုရဲ့ အရင်းရှိနေတဲ့ ကျောက်ဖျာပေါ်မှာ နေ့သန့်ရန်၊ နေ့လယ်မှာ ကမ္မဋ္ဌာန်းအလုပ်နဲ့ ထိုင်ဖို့ရာ ကျောက်ဖျာပေါ် ထိုင်လိုက်တယ်။ ကမ္မဋ္ဌာန်းအလုပ်အားထုတ်မလို့ ထိုင်တာ။ ထိုင်တာက အေး-ပါတဲ့ သားရေနယ်ကလေးခင်း၊ သရက်ပင်ရင်းမှာ ရှိတဲ့ ကျောက်ဖျာပေါ်ထိုင်၊ အဲဒီကျောက်ဖျာ၌ သူ့အရင့်အရင်၊ အရင့်အရင်ဆိုတဲ့သူ ရှေးဘဝငါးရာတုန်းက ရှင်ဘုရင် ပြုလုပ်ပြီးတော့ ဘဝငါးရာဆက်ပြီးတော့ မင်းဖြစ်ခဲ့ဖူးတယ်။ အဲဒီမင်းဖြစ်ခဲ့ဖူးတဲ့ ဘဝငါးရာဆက်၌ အဲဒီသရက်ဥယျာဉ်ကြီးရဲ့ အတွင်းခုထိုင်တဲ့ ကျောက်ဖျာပေါ်မှာ ဘဝငါးရာဆက်ပြီးတော့ မင်းအဖြစ်နဲ့ ကချေသည် မောင်းမတွေနဲ့ ရှေးက ဘဝငါးရာဆက်ပြီး ပျော်ဖူးခဲ့တယ်။

http:\\www.dhammadownload.com



## ဝိတက်သုံးပါးဝင်ခြင်း

အဲဒီလို ပျော်ဖူးတဲ့နေရာ အဲဒီလို ပျော်မွေ့နေစဉ် တစ်ခုသောဘဝမှာ ခိုးထုပ်ခိုးထည်နှင့်တကွ ရာဇဝတ်သား လူဆိုးနှစ်ယောက်ကို ခေါ်ဆောင်လာပြီး မင်းအားအပ်နှံတဲ့အခါ တစ်ယောက်ကိုတော့ သတ်မိန့်ပေးခဲ့တယ်။ တစ်ယောက်ကိုတော့ ထောင်သွင်းအကျဉ်းချထားဖို့ အမိန့်ပေးခဲ့တယ်။ ရှေးက သူပေးခဲ့ဖူးတယ်။ ဒီကျောက်ဖျာပေါ် အရှင်မေဃိယသည် ဒီကျောက်ဖျာပေါ် ထိုင်နေစတုန်းက ရည်ရွယ်ချက်က ကမ္မဋ္ဌာန်းအလုပ်အားထုတ်ဖို့၊ ဒါပေသိ ကျောက်ဖျာပေါ် ထိုင်လည်းထိုင်မိရော ထိုင်လည်းပြီးရော သူဝတ်ထားတဲ့ သင်္ကန်းတွေ အိပ်မက်မက်သလိုဖြစ်နေပြီးတော့ သူ့ရဲ့ ရဟန်းဘဝကို အကုန်မေ့ပျောက်သွားတယ်။ ဘဝငါးရာ ဒီနေရာမှာ မောင်းမမိဿံတွေနဲ့ ပျော်ခဲ့ပါးခဲ့တော့ သူ့မှာ အိပ်မက်ထဲမှာလို ဖြစ်နေတယ်။

မင်းအဖြစ်နဲ့ ဒီကျောက်ဖျာပေါ်မှာ ထိုင်ပြီးတော့ ကချေသည် မောင်းမမိဿံပေါင်းများစွာတို့နဲ့ မြူးထူးပျော်ပါးကစားခဲ့ပုံကို အာရုံရောက်ပြီးတော့ ကာမဝိတက်လို့ခေါ်သော အဆင်းတွေ၊ အသံတွေ၊ အနံ့တွေ၊ အရသာတွေ၊ အတွေ့အထိတွေဆိုတဲ့ ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို အကြောင်းပြု၍ ကိလေသာကာမနှင့် စပ်တဲ့ အကုသိုလ်အကြံအစည် ဝိတက်တွေ တရိပ်ရိပ် တဖွားဖွား ဖြစ်နေတယ်။ ထိုင်တုန်းက ကမ္မဋ္ဌာန်းအားထုတ်ဖို့၊ အိပ်မက်မက်သလိုဖြစ်ပြီးတော့ ပထမပိုင်းမှာ ကာမဝိတက်တွေ၊ အိပ်မက်မက်သလိုဖြစ်ပြီးတော့ နာရီဝက်လောက်ဖြစ်ပြီးတော့ နောက်တစ်ကြိမ်ကျတော့ သူသည် ရှင်ဘုရင်ဖြစ်တယ်။

သူ့ရှေ့ကို ခိုးထုပ်ခိုးထည်နှင့်တကွ လူဆိုးနှစ်ယောက်ကို ပါးကွက်သားတွေက သွင်းလာခဲ့တယ်။ အဲဒီလို သွင်းလာတဲ့အခါကျတော့ လူဆိုးတစ်ယောက်ကို သတ်ဖို့ အမိန့်ပေးတယ်။ ပုံအတိုင်း။ "ဒီအကောင် သတ်

http:\\www.dhammadownload.com



စေ" အင်မတန်ဆိုးတယ်။ ငါ့တိုင်းပြည် ဆူပူလှုပ်ရှားအောင် လုပ်တဲ့သူလို့ အိပ်မက်ထဲမှာ ပြောနေသလိုပဲ။ ဗျာပါဒဝိတက်တွေ။ ဒီလူကို ဒီလိုအမိန့် ပေးခဲ့ပုံနဲ့ ဗျာပါဒဝိတက်တွေ ပေါ်လာတယ်။ အိပ်မက်လို မက်တယ်။

အေး-တစ်ခါ အဲဒီလူကို သတ်ဖို့ အမိန့်ပေးပြီးတဲ့နောက် ကျန်တဲ့ လူဆိုးတစ်ယောက်ကို "ဒီအကောင်တော့ ထောင်သွင်းအကျဉ်းချထား" အဲဒီလို အမိန့်ပေးခဲ့တဲ့ ဝိဟိံသာဝိတက်တွေ၊ အကုသိုလ်အကြံအစည် သုံးမျိုး ဝင်လာတယ်။

အဲဒါ နှစ်နာရီ သုံးနာရီလောက် ကြာမယ်ပေါ့။ အိပ်မက်မက်၊ အဲဒီအကြောင်းကို အရှင်အာနန္ဒာ၊ အရှင်မဟာကဿပတို့က တန်ဆာချဲ့ပြီးတော့-

အထခေါ အာယသ္မတော မေဃိယဿ တသ္မိံ အမ္ဗဝနေ ဝိဟရန္တဿ ယေဘုယျေန တယော ပါပကာ အကုသလာဝိတက္ကာ သမုဒါစရန္တိ၊ သေယျထိဒံ ကာမဝိတက္ကော ဗျာပါဒတက္ကော ဝိဟိံသာဝိတက္ကောတိ။

ဟောဒီလို ခုနက ပြောတဲ့စကားရပ်တွေ မှတ်ချက်က ပါဠိတော်က ပါဝစနအနေနဲ့ ဒီအတိုင်း စဉ်ထားတယ်။

အထခေါ=ထိုအခါ၌။ တသ္မိံအမ္ဗဝနေ=ထိုသရက်ဥယျာဉ်အတွင်း သရက်ပင်တစ်ပင်ရဲ့ အရင်းကျောက်ဖျာပေါ်၌။ ဝိဟရန္တဿ=နေသော။ အာယသ္မတော မေဃိယဿ=အရှင်မေဃိယ၏ သန္တာန်၌။ ယေဘုယျေန=များသောအားဖြင့်။ တယော=သုံးမျိုးကုန်သော။ ပါပကာ=ယုတ်မာကုန်သော။ အကုသလာဝိတက္ကာ=အကုသိုလ်အကြံအစည်တို့သည်။ သမုဒါစရန္တိ=တရိပ်ရိပ် တဖွားဖွား ဖြစ်ပွား၍ နေလေတော့၏။ ဣဒံ-ဣမေ=ဤအကုသိုလ်ဝိတက်တို့သည်။ သေယျထာ ကတာမာနိ=အဘယ်သည်တို့နည်းဟူမူကား။ ကာမဝိတက္ကော=ပထမပိုင်းတွင် မောင်းမမိဿံ

http:\\www.dhammadownload.com



တွေနဲ့ ပျော်ရွှင်မြူးထူးရတဲ့ ကာမအကြံအစည်။ ဗျာပါဒဝိတက္ကော= အလယ်ပိုင်းတွင် လူဆိုးတစ်ယောက်အား သတ်ဖို့ရန် အမိန့်ပေးတဲ့ ဗျာပါဒ=ဒေါသနဲ့စပ်ယှဉ်တဲ့ အကြံအစည်။ ဝိဟိံသာဝိတက္ကော=ကျန် လူဆိုးတစ်ယောက်ကို ထောင်သွင်းအကျဉ်းချဖို့ အမိန့်ပေးတဲ့ ဝိဟိံသာ အကုသိုလ် အကြံအစည်။ ဣတိ=ဤသို့။ တယော=သုံးမျိုးကုန်သော။ ဣမေ ပါပကာ အကုသလာ ဝိတက္ကာ=ဤယုတ်မာသော အကုသိုလ် အကြံအစည်တို့သည်။ သမုဒါစရန္တိ=တရိပ်ရိပ်တဖွားဖွားဖြစ်ပွား၍ လာ ကုန်တော့၏။

အိပ်မက်ထဲမယ် သူ့သန္တာန်မှာ ကဲလေ-တစ်နာရီလောက်ဖြစ် တယ် ပြောပါ။ ပြန်ပြီးတော့ သတိရလာတယ်။ အိပ်ရာက နိုးလို့ သတိ ပြန်ရသလို၊ အိပ်မက်မက်ပြီးလို့ အိပ်ရာက နိုးလို့ သတိပြန်ရလာတယ်။ ရလာတဲ့အခါ သူ့စိတ်ထဲ ဘယ်လိုစိတ်ကူးပေါ်သလဲ။

အထခေါ=ထိုမှ နောက်၌။ အာယသ္မတော မေဃိယဿ=အရှင် မေဃိယ၏ သန္တာန်၌။ ဧတဒဟောသိ=ဤသို့သော အကြံသည်။ အဟောသိ=ဖြစ်ခဲ့လေ၏။

မိစ္ဆာဝိတက်တွေ သိပ်ပြီးတော့ များတယ်။ နှစ်နာရီလောက် ရောက်တော့ အိပ်မက်မက်ပြီးတော့ အိပ်ရာက နိုးတဲ့ပုဂ္ဂိုလ်လိုဖြစ်နေ တယ်။

အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော။

အစ္ဆရိယံ ဝတ ဘော=လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ။ အို ဘယ်သူမှ မရှိဘူး။ ဘယ်သူ့မှ ခေါ်တာမဟုတ်ဘူး။ အိုး-လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ။ အဗ္ဘုတံ ဝတ ဘော=အို-မဖြစ်စဖူး အထူးဖြစ်ပါပေစွ။

ကနေ့ကျတော့ တစ်ယောက်တည်းကို၊ အိုး- ရှေ့က နေ ဆိုတဲ့ အိုး၊ အဲဒီအိုးမျိုး မဖြစ်စဖူး အထူးဖြစ်ပါပေစွ။

http:\\www.dhammadownload.com



သဒ္ဓါယ စ ဝတာမှာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတာ။

မယံ=ငါတို့သည်။ သဒ္ဓါယ=သဒ္ဓါတရားဖြင့်။ အဂါသ္မာ=အိမ်ရာတည်ထောင် လူ၏ဘောင်မှ။ အနဂါရိယံ=အိမ်ရာမထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇိတာ=ရဟန်းပြုကုန်သည်။ အမှာ=ဖြစ်ကြပါကုန်၏။

ငါတို့ဟာ သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသားတွေ။

အထ စ ပနိမေဟိ တီဟိ ပါပကေဟိ အကုသလေဟိ ဝိတက္ကေဟိ အန္ဝါသတ္တာ၊ သေယျထိဒံ ကာမဝိတက္ကေန ဗျာပါဒ ဝိတက္ကေန ဝိဟိံသာ ဝိတက္ကေနာတိ။

အထ စ ပန=ထိုသို့ သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသားစစ်စစ်မှန်ပါလျက်။ ကာမဝိတက္ကေန=ကာမအကြံလည်းကောင်း၊ ဗျာပါဒ ဝိတက္ကေန=ဗျာပါဒနှင့်စပ်တဲ့ အကြံလည်းကောင်း။ ဝိဟိံသာဝိတက္ကေန=ဝိဟိံသာနှင့် စပ်တဲ့ အကြံလည်းကောင်း၊ ဣတိ=ဤသို့။ ဣမေဟိ တီဟိ ပါပကေဟိ အကုသလေဟိ ဝိတက္ကေဟိ=ဤယုတ်မာတဲ့ အကုသိုလ် ဝိတက်သုံးပါးတို့သည်။ မေ=ငါတို့ကို။ အန္ဝါသတ္တာ=ငြိကပ်အပ်ပါကုန်၏။

ငါတို့သည် သဒ္ဓါပဗ္ဗဇိတ ပုဂ္ဂိုလ်တွေမှန်ပါလျက် ဒီ အကုသိုလ်ဝိတက် သုံးပါးငါ့ကို လာပြီးတော့ နှိပ်စက်ကုန်ပြီ။ လာရောက်ပြီး သကာလ ငါတို့ကို ငြိကပ်ကုန်ဘိ၏။

ဂရဟာ=ကဲ့ရဲ့တဲ့စကား မခံချင်ဘူး။

ငါတို့လို သဒ္ဓါပဗ္ဗဇိတ ပုဂ္ဂိုလ်တွေကို အကုသိုလ်ဝိတက်တွေက လာပြီးတော့ ပူးဝင်ကြသလား။ သတိရလာတော့ လက်သီးလက်ရုံးထုတ်ပြီးတော့ ဒီအကုသိုလ်ဝိတက်တွေကို တိုက်ထုတ်မယ်။ ဒီအကြံနဲ့ အေး- သတိရပြီးတဲ့နောက် မိမိ မိမိ နှလုံးသွင်းနေကျ ရဟန်းတရားပွားများအားထုတ်၊ ညနေချမ်းရောက်တော့ မြတ်စွာဘုရားထံ သွားတယ်။

http:\\www.dhammadownload.com



## မေဃိယထေရ် ဘုရားထံ ပြန်လျှောက်ထားခြင်း

**အထခေါ=ထိုမှနောက်၌။** အာယသ္မာ **မေဃိယော=အရှင်မေဃိယသည်။** သာယန္ဟသမယံ=**ညနေချမ်းကာလ၌။** ပဋိသလ္လာနာ=တစ်ပါးတည်း **ကိန်းအောင်းရာမှ။** ဝုဋ္ဌိတော=ထတော်မူသည်ဖြစ်၍။ ယေန=အကြင်အရပ်၌။ ဘဂဝါ=မြတ်စွာဘုရားရှိ၏။ တေန=ထိုဘုရားရှိရာအရပ်သို့။ ဥပသင်္ကမိ=ကပ်ရောက်၏။

ညနေချမ်းကျတော့ တစ်ပါးတည်း ကိန်းအောင်းရာက ထ၊ ဘုရားရှိရာ သွား။

ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ၊ ဧကမန္တံ နိသီဒိ။

ဘုရားထံမှောက် ကပ်ရောက်ပြီးလျှင် မြတ်စွာဘုရားကို ရိုသေမြတ်နိုးရှိခိုး၍ အပြစ်လွတ်လောက်တဲ့ နေရာက ထိုင်နေ၏။

ဧကမန္တံ နိသိန္နော ခေါ အာယသ္မာ မေဃိယော ဘဂဝန္တံ ဧတဒဝေါစ။

အပြစ်လွတ်လောက်တဲ့ နေရာကထိုင်ပြီးတော့ အရှင်မေဃိယရဟန်းသည် မြတ်စွာဘုရားကို ဤစကားလျှောက်ထား၏။

ရှေးက အမျိုးကောင်းသားတွေဆိုတာ တစ်ခွန်းမှ တစ်ပိုဒ်မှ မကွယ်ဘူး။ မထောင့်ဘူး။

ဣဓ မယှံ ဘန္တေ တသ္မိံ အမ္ဗဝနေ ဝိဟရန္တဿ ယေဘုယျေန တယော ပါပကာ အကုသလာဝိတက္ကာ သမုဒါစရန္တိ။ သေယျထိဒံ ကာမဝိတက္ကော ဗျာပါဒ ဝိတက္ကော ဝိဟိံသာဝိတက္ကောတိ။

မြတ်စွာဘုရား၊ တပည့်တော် နံနက်က လျှောက်ထားတဲ့ သရက်ဥယျာဉ်ကြီးအတွင်းမှာ သွားရောက်နေ့သန့်ဖို့ရန် သရက်ပင်တစ်ပင်၏အရင်း တပည့်တော်နေ့လယ်တုန်းက ကျောက်ဖျာပေါ်ထိုင်ပြီးတော့

http:\\www.dhammadownload.com



နေတုန်း တပည့်တော်ရဲ့ သန္တာန်မှာ ဘုရား–တဲ့၊ ကာမဝိတက်တွေ တပည့်တော် အိပ်မက်မက်သလို ဖြစ်ပြီးတော့ ရဟန်းရဲ့ စိတ်ပျောက်ပြီး ရှင်ဘုရင်စိတ်ပေါက်တယ်။ သူ့သင်္ကန်းတွေ ဘာတွေ မမြင်တော့ဘူး။ အိပ်မက်ထဲမှာ ရှင်ဘုရင်ဖြစ်နေတယ်။ အဲဒီလို ရှင်ဘုရင်ဖြစ်ပြီးတော့ ကချေသည် မောင်းမမိဿံပေါင်း များစွာတို့နဲ့ မြူးထူးပျော်ပါး ကစားခဲ့တဲ့ အမှုအရာ ကိလေသာကာမနဲ့ စပ်တဲ့ အကြံအစည်တွေ၊ ၎င်းနောက် လူဆိုးနှစ်ယောက်ကို ရှေ့ဆောင်လာလို့ တစ်ယောက်သော လူဆိုးအား သေဒဏ်ပေးတဲ့ ဗျာပါဒဝိတက်တွေ၊ တစ်ယောက်သော ကျန်လူဆိုးကို တော့ ထောင်သွင်းအကျဉ်းချဖို့ ထောင်ဒဏ်ပေးခဲ့တဲ့ ဝိဟိံသာဝိတက်တွေ၊ ဒီမကောင်းမှု အကုသိုလ်ဝိတက်တွေ တပည့်တော်ရဲ့သန္တာန်မှာ တရိပ်ရိပ် တဖွားဖွားဖြစ်ပွား၍ လာပါတယ်ဘုရား။ ပြီးတော့ကော–

တဿ မယှံ ဘန္တေ ဧတဒဟောသိ။

မြတ်စွာဘုရား–အဲဒီလို ဖြစ်နေတာဟာ အိပ်မက်ထဲမှာလေ တစ်နာရီ တစ်နာရီလောက် ကြာပြီးတော့ ရုတ်တရက် အိပ်ရာက နိုးတဲ့ ပုဂ္ဂိုလ် လို ဖြစ်ပြီး သတိရတော့ တပည့်တော်၏ စိတ်သန္တာန်မှာ ဤသို့ အကြံ အစည် ဖြစ်ပါသည်။ ဘယ်လိုဖြစ်သလဲ။

အစ္ဆရိယံ ဝတ ဘော=အို–အံ့ဩစရာပါပေ။

အဗ္ဘုတံ ဝတ ဘော=အိုး မဖြစ်စဖူး အထူးဖြစ်ပါဘိ၊ မဖြစ်စဖူး အံ့ချီးလောက်ပါဘိ။

သဒ္ဓါယ စ ဝတမှာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတာ=ငါတို့ သည် သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသား ဧကန်မှန်လှပါပေ၏။

အထစ ပနိမေဟိ တီဟိ ပါပကေဟိ အကုသလေဟိ ဝိတက္ကေဟိ အန္វာသတ္တာ။ သေယျထိဒံ ကာမဝိတက္ကေန ဗျာပါဒ ဝိတက္ကေန ဝိဟိံသာ ဝိတက္ကေနာတိ။

http:\\www.dhammadownload.com



ထိုသို့ သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသားမှန်ပါလျက် ငါတို့ကို ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်ဆိုတဲ့ ဒီသုံးပါးသော ယုတ်မာတဲ့ အကုသိုလ်ဝိတက်တွေ ဝင်ရောက်နှောင့်ယှက်အပ်ကုန်ဘိတကားလို့ တပည့်တော်စိတ်ထဲမှာ အဲဒီအတိုင်း အကြံဖြစ်သဘုရားလို့ အဲဒီအတိုင်း တစ်ပုဒ်မှာ မချန်ဘူး။ အကုန်ပြန်လျှောက်တယ်။ ပါဠိတော်ကတော့ ဟိုဘက်ကို မြတ်စွာဘုရားဆက်ဟောတဲ့ ဥဒါန်းအဋ္ဌကထာစကားပဲ ပါတယ်။ ဓမ္မပဒအဋ္ဌကထာကျတော့ ဒီအနား(ခုပြောမယ့်စကား ဓမ္မပဒအဋ္ဌကထာကနေ ပြောမှာ။)

တပည့်တော် အဲဒီလို အကုသိုလ်ကံမှ ကြံခဲ့ရပါတယ်ဘုရားလို့ မြတ်စွာဘုရားကို လျှောက်ထားတော့ ဘုရားကိုယ်တော်မြတ်က–

အတိဘာရိယံ တေ မေဃိယ ကတံ အာဂမေဟိတာဝ၊ ဧကကမှိတာဝ၊ ယာဝ အညောပိ ကောစိ ဘိက္ခု အာဂစ္ဆတီတိ မံ ယာစန္တံ ဧကတံ ပဟာယ ဂစ္ဆန္တေန။

မေ ဃိယ=ချစ်သား မေဃိယ။ အာဂမေဟိတာဝ=ခဏဆိုင်းပါဦး။ ဧကကမှိတာဝ=အခု ငါဘုရားတစ်ပါးတည်း ရှိနေသေးလို့ပါ။ ယာဝ အညောပိ ကောစိ ဘိက္ခု အာဂစ္ဆတိ=သင်ချစ်သားမှတစ်ပါး အခြားရဟန်းတစ်ပါးလာအောင် ချစ်သား ဆိုင်းပါဦး။ ဣတိ=ဤသို့။ ယာစန္တံ=တောင်းပန်စကားပြောကြား၍နေသော။ မံ=ငါဘုရားကို။ ပဟာယ=ပယ်စွန့်၍။ ဂစ္ဆန္တေန=သွားသော။ တေ တယာ=သင်ချစ်သားသည်။ အတိဘာရိယံ=အလွန်ဝန်လေးတဲ့ အမှုကို။ ကတံ=ပြုအပ်မှားလေပြီ။

## မေဃိယအား မြတ်စွာဘုရားက ဆုံးမဩဝါဒ ပေးတော်မူခြင်း

ချစ်သား၊ ငါဘုရား တောင်းတောင်းပန်ပန် ပြောပါလျက်ကနဲ့ ငါဘုရားကို သင်ချစ်သား စွန့်ပြီးတော့ တစ်ပါးတည်းစွန့်ပြီးတော့ သွားတာကိုက ချစ်သားအလွန်ဝန်လေးတဲ့ အလုပ်ကြီးကို ချစ်သားလုပ်တာ။

http:\\www.dhammadownload.com



ဘိက္ခုနှာ နာမ ဧဝံ စိတ္တဝသိကေန ဘဝိတုံ န ဝဋ္ဋတိ။

ဘိက္ခုနှာ နာမ=ရဟန်းမည်သည်။ စိတ္တဝသိကေန=စိတ်အလိုကို လိုက်ပါသူသည်။ ဘဝိတုံ=ဖြစ်ခြင်းငှာ။ န ဝဋ္ဋတိ=မသင့်။

ချစ်သား၊ ရဟန်းဆိုတာ စိတ်လိုက်မာန်ပါ ပြုဖို့ မတော်ဘူး။

စိတ္တံ နာမေတံ လဟုကံ။

ဧတံ စိတ္တံနာမ=ဤစိတ်တရားမည်သည်။ လဟုကံ=ပေါ့ပါး လျင်မြန်တတ်လှ၏။

စိတ်ဆိုတာ အင်မတန် လျင်မြန်တယ်ချစ်သားတို့။

တံ=ထိုစိတ်ကို။ အတ္တနော=မိမိ၏။ ဝသေ=အလိုနိုင်ငံ၌။ ဝတ္တေတုံ=ဖြစ်စေခြင်းငှာ။ ဝဋ္ဋတိ=သင့်၏။

ကိုယ်က စိတ်အလိုကို မလိုက်ဘဲ စိတ်ကိုသာ ကိုယ့်အလိုလိုက် ပါအောင် ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ သင့်လျော်တယ် ချစ်သားလို့ အဲဒီလို ဩဝါဒစကားမိန့်ကြားပြီးတော့-

ဖန္ဒနံ စပလံ စိတ္တံ
ဒုရက္ခံ ဒုန္နိဝါရယံ။
ဥဇုံ ကရောတိ မေဓာဝီ၊
ဥသုကာရောဝ တေဇနံ။

(ဓမ္မပဒ၊ ၁၈)

မေဃိယ=ချစ်သား မေဃိယ။ ဥသုကာရော=မြားသမားသည်။ တေဇနံ=ကောက်ကွေး၍နေတဲ့ မြားကို။ ဥဇုံ=ဖြောင့်မတ်အောင်။ ကရောတိ ဣဝ=ပြုသကဲ့သို့ (ချစ်သား၊ မြားသမားဟာ ဟိုတုန်းကတော့ ဒိဝါး တွေ ဘာတွေနဲ့ လုပ်တယ်။ ကောက်နေတဲ့ဝါးကို ဖြောင့်အောင် မီးကလေး နဲ့ ကင်ကင်သင်းသင်း ပြီးတော့ ဖြောင့်အောင်လုပ်သလို) မေဓာဝီ=ထက်

http:\\www.dhammadownload.com



မြက် စူးရှသော ဉာဏ်ပညာရှိတဲ့ရဟန်းသည်။ ဖန္ဒနံ=တလျှပ်လျှပ် တုန် လှုပ်၍ နေပေသော။ စပလံ=လျှပ်ပေါ်လော်လီစွာသော။ ဒုရက္ခံ=စောင့် ရှောက်နိုင်ခဲသော။ ဒုန္နိဝါရယံ=တားမြစ်နိုင်ခဲသော။ စိတ္တံ=စိတ်ကို။ ဥဇုံ= ဖြောင့်မတ်အောင်။ ကရောတိ=ပြုပေ၏။

ချစ်သား၊ မြှားသမားများ မြှားကို ဖြောင့်အောင် လုပ်တာမြင်ဖူး ရဲ့လား။ ကောက်နေတဲ့ဝါးကို ဆီကလေးဆွတ်လိုက်၊ မီးကလေး ကင် လိုက်၊ မျှင်းပြီးတော့ ဖြောင့်အောင် လုပ်လိုက်တယ်။ မီးလေး ကင်လိုက်၊ ဆီလေးသုတ်လိုက်၊ အဲဒီလို လုပ်လုပ်ပြီး တဖြည်းဖြည်း တမျှင်းမျှင်း သင်းဖြောင့်အောင် လုပ်တာကိုး။ မေဓာဝီခေါ်တဲ့ ပညာရှိပုဂ္ဂိုလ်များက တော့ စိတ်ဆိုတဲ့ ဒီတရားဟာ တလျှပ်လျှပ် လှုပ်တယ်။ ဟိုအာရုံပြောင်း ဒီအာရုံပြောင်း လော်လီလိုက်တာ။ ဒါနဲ့တင်းမတိမ်၊ ဟိုနောက်၊ ဟိုဟာ နဲ့ တင်းမတိမ် ဒီအာရုံလိုက်၊ သာမန်ပုဂ္ဂိုလ်များ ဒီစိတ်ကို စောင့်ရှောက် ဖို့ အင်မတန် ခဲယဉ်းတယ်။ စိတ်ရဲ့လှုပ်ရှားမှုကို သာမန်ပုဂ္ဂိုလ်များ တား မြစ်ဖို့ အင်မတန်ခဲယဉ်းတယ်။ အဲဒီလို စောင့်ရှောက်ဖို့ ခဲယဉ်း၊ တားမြစ် ဖို့ ခဲယဉ်းတဲ့ ဒီစိတ်တည်းဟူသော ဝါးရိုင်း၊ စိတ်ရိုင်းကို သမထဝိပဿနာ ဘာဝနာမီးမှာ တင်ပြီးတော့ ဟို မဂ်ဖိုလ်က ဖြောင့်အောင် လုပ်ပေးကြ တယ်ချစ်သား။ သူတကာကို လုပ်ပေးတာကို ပြော၊တာ။ အားကျအောင် လို့။

ဝါရိဇောဝ ထလေ ခိတ္တော
ဩကမောကတမုဗ္ဘတော။
ပရိဖန္ဒတိဒံ စိတ္တံ၊
မာရဓေယျံ ပဟာတဝေ။

မေဃိယ=ချစ်သားမေဃိယ။ ဩကမောကတော=ရေတည်းဟူ သော တည်ရာမှ။ ဥဗ္ဘတော=ထုတ်ဆောင်အပ်သည်ဖြစ်၍။ ထလေ= ကြည်းကုန်း၌။ ခိတ္တော=ပစ်ချအပ်သော။ ဝါရိဇော=ငါးသည်။ ပရိဖန္ဒ

http:\\www.dhammadownload.com



တိက္ခဝ=တလျှပ်လျှပ်တုန်လှုပ်သကဲ့သို့ (ချစ်သား၊ ရေမှာနေတဲ့ ကျက်စားတဲ့ ငါးကို သူ့ရဲ့ တည်နေရာ ရေထဲက ထုတ်ပြီး ကုန်းပေါ်မှာ ပစ်ထားရင် တဖျပ်ဖျပ် မလှုပ်ဘူးလား။ လှုပ်တယ်။ အေး အဲဒီအတိုင်း၊ လိုက်ကြဦးစို့ရဲ့) ဩကမောကတော=ရေနှင့်တူသော အာရုံငါးပါးတည်းဟူ သော တည်ရာမှ။ ဥဗ္ဘတော=ဥဗ္ဘတ=ထုတ်ဆောင်အပ်သည်ဖြစ်၍။ မာရဓေယျံ = မာရ်မင်းသည် ထားအပ်သော ကိလေသဝဋ်ကို။ ပဟာ တဝေ= ပယ်စွန့်နိုင်ရန် အလို့ငှာ။ ထလေ=သမထဝိပဿနာဘာဝနာ တည်းဟူသော ကြည်းကုန်းထက်၌။ ခိတ္တံ=ပစ်အပ်သည်ရှိသော်။ ဣဒံ စိတ္တံ=ဤစိတ်သည်။ ပရိဖန္ဒတိ=တဖျပ်ဖျပ် တုန်လှုပ်၍ နေတတ်၏။

ငါးတွေပဲ ချစ်သားတို့၊ ဒီစိတ် သူနေချင်တာက အာရုံငါးပါး ကာမဂုဏ်တရားတည်းဟူသော ရေထဲမှာသာ သူက တည်တည်ငြိမ်ငြိမ် နေချင်တာ။ အဲဒီသူနေချင်တဲ့ အာရုံငါးပါး ကာမဂုဏ်ဆိုတဲ့ အဲဒီရေထဲက ထုတ်၊ သမထ၊ ဝိပဿနာအာရုံဆိုတဲ့ ကုန်းပေါ်ကို ဒီစိတ်တည်းဟူသော ငါးကို ကိလေသဝဋ်တည်းဟူသော မာရ်မင်းရဲ့ လက်နက်ကို ပယ်နိုင်ရန် အတွက် စိတ်တည်းဟူသော ငါးကို သမထဝိပဿနာ ဘာဝနာကုန်းခေါင်ခေါင်၌ ပစ်အပ်ထားအပ်သည်ရှိသော် မတည်ငြိမ်ဘူး။ တဖျပ်ဖျပ် တခုန်ခုန်နဲ့ နေတာပဲ၊ ဒီစိတ်။

ဒါပေမယ့်လို့ ခုန်ချင်တိုင်း ခုန်ပေစေ ချစ်သား၊ အဲဒီခုန်တဲ့စိတ်ဟာ မောတော့ တော်လိမ့်မယ်။ မိမိကသာ သမထဝိပဿနာ ဘာဝဝနာ အာရုံထဲမှာပဲ ဒီစိတ်ကို ထားမြဲတိုင်းထား။ ခုန်နိုင်လှ ခဏပေါ့။

ဥပမာ ဘာလဲ။ နွားကလေး၊ နွားရိုင်းကလေး၊ နွားဆိုးကလေး၊ အင်မတန် ဆော့တဲ့ဆိုးတဲ့ နွားကလေးကို ပထမလည်ပင်းကို ကြိုးနဲ့ချည်။ ချည်ပြီးတော့ တိုင်မှာ အဲဒီကြိုးစ သွားချည်ထား။ ချည်စတော့ ဒီနွားကလေးဟာ တရုန်းရုန်း တကန်ကန်နဲ့နေမယ်ပ။ ကန်ပစေ၊ ဒီအတိုင်းသာ ထား၊ တော်တော်ကြာပြီဆိုတော့ ရုန်းတယ်။ ရုန်းလို့မရတဲ့ တစ်ချိန်

http:\\www.dhammadownload.com



ကျတော့ ဒီတိုင်ခြေမှာပဲ ခွေပြီးတော့ အိပ်တယ်။ အေး-ထို့အတူ မိမိရဲ့ စိတ်တည်းဟူသော နွားဆိုး နွားရိုင်းကလေးကို သတိတည်းဟူသော ကြိုး တပ်ပြီးတော့ သမထ ဝိပဿနာ ဘာဝနာ အာရုံဆိုတဲ့ တိုင်မှာချည်ထား၊ စောစောတော့ ဒီစိတ်ဟာ ရုန်းလိမ့်ကန်လိမ့်မယ်။ ကန်ပစေ၊ သတိကြိုး သာ ခိုင်ခိုင်ချည်ထား၊ ကြာတော့ သူရုန်းလို့မရ။ မောလာတဲ့အခါကျတော့ သမထ ဝိပဿနာ ဘာဝနာအာရုံဆိုတဲ့ ဒီတိုင်ခြေမှာပဲ ငြိမ်ငြိမ်ကလေး နေလိမ့်မယ်။

ဒီအဓိပ္ပာယ်တွေ ပြောပြီးတော့ မြတ်စွာဘုရားက ဒီနှစ်ဂါထာ ဟောတယ်။ အကျိုး ဘယ်ပုံရသလဲဆိုတော့-

ဂါထာ ပရိယောသာနေ မေဃိယတ္ထေရော သောတာပတ္တိဖလေ ပတိဋ္ဌိတော။ အညေပိ ဗဟူသောတာပန္နာဒယော ဇာတာ။

(အဋ္ဌကထာမှတ်ချက်)

ဂါထာပရိယောသာနေ=ဂါထာနှစ်ပိုဒ်ဆုံးသော ခဏ၌။ မေဃိယ တ္ထေရော=အရှင်မေဃိယ မထေရ်သည်။ သောတာပတ္တိဖလေ=သောတာ ပတ္တိဖိုလ်၌။ ပတိဋ္ဌိတော=တည်လေ၏။ အညေပိ=အရှင်မေဃိယမှ တစ်ပါးလည်း ဖြစ်ကုန်သော။ ဗဟူ=များစွာကုန်သော ပုဂ္ဂိုလ်တို့သည်။ သောတာပန္နာဒယော=သောတာပန်အရိယာစသည်တို့သည်။ ဇာတာ= ဖြစ်ကြလေကုန်၏လို့။

ဓမ္မပဒ အဋ္ဌကထာမှာ အရှင်မေဃိကဝတ္ထုဒီလို "ဖန္ဒနံ စပလံ စိတ္တံ" အစရှိတဲ့ နှစ်ဂါထာဖြင့်သလို ဖွင့်ပြတယ်။

## ကိလေသာမှ လွတ်မြောက်ခြင်း အဆင့် ၄ဆင့်

ဥဒါန်းပါဠိတော် ခမေဃိယသုတ္တန် ကုန်ပလား၊ မကုန်သေးဘူး။ မြတ်စွာဘုရားက ဘာဟောလဲ ဆက်ပြီးတော့။

http:\\www.dhammadownload.com



အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ ပဉ္စဓမ္မာ ပရိပါကာယ သံဝတ္တန္တိ။

မေဃိယ=ချစ်သား မေဃိယ။ အပရိပက္ကာယ=မရင့်ကျက်သေးသော။ စေတောဝိမုတ္တိယာ=စိတ်၏ ကိလေသာမှ လွတ်ခြင်း။

လွတ်ခြင်းက တဒင်္ဂဝိမုတ္တိ၊ ဝိက္ခမ္ဘနဝိမုတ္တိ၊ သမုစ္ဆေဒဝိမုတ္တိ၊ ပဋိပ္ပဿဒ္ဓိ ဝိမုတ္တိဆိုတဲ့ စိတ်၏ ကိလေသာမှ လွတဲခြင်းသည် အဆင့်လေးဆင့်ရှိတယ်။

(၁) ကာမကုသိုလ်ဖြင့် ကိလေသာမှ တဒင်္ဂလွတ်ခြင်း။

(၂) မဟဂ္ဂုတ်ကုသိုလ်ဖြင့် ဝိက္ခမ္ဘန လွတ်ခြင်း။

(၃) မဂ်ဖြင့် သမုစ္ဆေဒ အမြစ်ပြတ်လွတ်ခြင်း။

(၄) ဖိုလ်ဖြင့် ပဋိပ္ပဿဒ္ဓိ တစ်ဖန်ငြိမ်းအေးသော အနေနဲ့လွတ်ခြင်း။

အဲဒီလို လွတ်ခြင်းလေးမျိုးတွင် အခု ဆိုလိုတာက မဂ်ဖိုလ်-မဂ်ဖိုလ်မှ လွယ်လွယ် အရဟတ္တမဂ် အရဟတ္တဖိုလ်၊ ထိပ်ကိုယူလို့ရှိရင်ဖြင့် စေတောဝိမုတ္တိအရ အရဟတ္တဖိုလ်ကို ယူရမယ်။

မေဃိယ=ချစ်သား မေဃိယ။ အပရိပက္ကာယ=မရင့်ကျက်သေးသော။ စေတောဝိမုတ္တိယာ=စိတ်၏ ကိလေသာမှ သမုစ္ဆေဒအားဖြင့် လွတ်ခြင်း၊ ပဋိပ္ပဿဒ္ဓိအားဖြင့် လွတ်ခြင်း၏။ ပဉ္စဓမ္မာ=ငါးပါးသော တရားတို့သည်။ ပရိပါကာယ=ရင့်ကျက်ခြင်းအလို့ငှာ။ သံဝတ္တန္တိ=ဖြစ်ကုန်၏။

ချစ်သား၊ မရင့်ကျက်သေးသော စေတောဝိမုတ္တိ ခေါ်တဲ့ အရဟတ္တဖိုလ် ရင့်ကျက်ဖို့ရန် တရားငါးပါးရှိတယ်တဲ့။ အဲဒီလို စကားတည်လိုက်တယ်။

http:\\www.dhammadownload.com



## ဝိမုတ္တိပရိပါစနီယတရား ၁၅ ပါး

ဤတွင် ဝိမုတ္တိ ပရိပါစနီယ တရားလို့ ခေါ်တဲ့ အရဟတ္တဖိုလ်ကို ရင့်ကျက်စေတတ်တဲ့ တရားတစ်ဆယ့်ငါးမျိုး ပဋိသမ္ဘိဒါမဂ် (နှာ-၁၉၈)မှာ ဟောတယ်။ မရင့်ကျက်သေးသော၊ မိမိသန္တာန်မှာ မဖြစ်ပေါ်လာသေးသော အရဟတ္တဖိုလ်တည်းဟူသော ဝိမုတ္တိရင့်ကျက်ဖို့ရန် ဖြစ်ပေါ်ဖို့ရန် ဝိမုတ္တိပရိပါစနီယခေါ်တဲ့ တရားတစ်ဆယ့်ငါးပါး ရှိတယ်။ တစ်ဆယ့်ငါးပါးက ဘာလဲ။

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဣန္ဒြေငါးပါးကို မှတ်ထားရမယ်။

(၁) သဒ္ဓါတရားမရှိတဲ့ ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း။

(၂) သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်ကို ဆည်းကပ်မှီဝဲခြင်း။

(၃) သဒ္ဓါတရား ဖြစ်ပွားစေတတ်တဲ့ သုတ္တန်တို့ကို နာယူခြင်း၊ လေ့လာဆွေးနွေးခြင်း၊ သဒ္ဓါနဲ့ ပတ်သက်၍ သုံးမျိုး။

ဝီရိယနဲ့ ပတ်သက်လို့ ထို့အတူ သုံးမျိုး။

(၁) ပျင်းရိတဲ့ ဝီရိယမရှိတဲ့လူကို ရှောင်ကြဉ်ခြင်း။

(၂) ဝီရိယရှိတဲ့ ပုဂ္ဂိုလ်တို့ကို မှီဝဲခြင်း။

(၃) ဝီရိယနဲ့စပ်တဲ့ တရားတို့ကို လေ့လာပွားများနာကြားခြင်း သုံးပါး။

သတိနဲ့စပ်၍လည်း ထို့အတူ သုံးပါး။

(၁) မုဋ္ဌဿတိ-သတိလက်လွတ်ပြီးတော့ ပေါ့တန်တဲ့ ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း။

(၂) ထင်လင်းတဲ့ သတိရှိတဲ့ ပုဂ္ဂိုလ်တို့ကို မှီဝဲခြင်း။

(၃) သတိပဋ္ဌာန်သုတ္တန်များကို နာကြား၊ သတိပဋ္ဌာန်တရားများကို လေ့လာခြင်း အဲ-သတိပိုင်းက သုံးမျိုး။

http:\\www.dhammadownload.com



သမာဓိနှင့် ပတ်သက်၍-

(၁) ဥဒ္ဓစ္စသမားများကို ရှောင်ရှားခြင်း။

(၂) သမာဓိရှိတဲ့ ပုဂ္ဂိုလ်တို့ကို မှီဝဲခြင်း။

(၃) သမာဓိနှင့် စပ်၍ ဟောပြတဲ့ ဒါနကထာ စသည်နာကြားခြင်း၊ လေ့လာမှတ်သားလိုက်စားခြင်း။

ပညာမှာလည်း ထို့အတူပဲ သုံးပါ။

(၁) ပညာမရှိတဲ့ ပုဂ္ဂိုလ်တို့ကို ရှောင်ရှားခြင်း။

(၂) ပညာရှိတဲ ပုဂ္ဂိုလ်တို့ကို မှီဝဲခြင်း။

(၃) ပညာနှင့်စပ်သော သုတ္တန်များကို နာကြားမှတ်သား လေ့လာခြင်း။

အဲဒါက ပဋိသမ္ဘိဒါမဂ်မှာ အရှင်သာရိပုတ္တရာဟောတဲ့ ဝိမုတ္တိပရိပါစနီယတရား တစ်ဆယ့်ငါးပါး။ ထို့အပြင် ဝိမုတ္တိပရိပါစနီယတရား တစ်ဆယ့်ငါးပါး ရှိသေးတယ်။

ဘာလဲ။ သဒ္ဓါရယ်၊ ဝီရိယရယ်၊ သတိရယ်၊ သမာဓိရယ်၊ ပညာရယ်။

ဘာလဲ။ သဒ္ဓါရယ်၊ ဝီရိယရယ်၊ သတိရယ်၊ သမာဓိရယ်၊ ပညာရယ်။ ပေါင်း ငါးပါး။

အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တသညာ၊ ပဟာနသညာ၊ ဝိရာဂသညာ၊ သညာငါးမျိုး။

(၁) မိတ်ဆွေကောင်း ပေါင်းသင်းမိခြင်း။

(၂) သီလနှင့် ပြည့်စုံခြင်း။

(၃) အဘိသလ္လေခကထာဆယ်ပါးနဲ့ ပြည့်စုံခြင်း

(၄) အာရဒ္ဓဝီရိယ ပုဂ္ဂိုလ်ဖြစ်ခြင်း။

http:\\www.dhammadownload.com



(၅) ပညာဝန္တပုဂ္ဂိုလ်ဖြစ်ခြင်း။ ဒီက ငါးပါး။

အဲဒီလို ငါးသုံးလီ (၅× ၃=၁၅)တစ်ဆယ့်ငါးပါး ဝိမုတ္တိပရိပါစနီယ တရားတို့ ရှိကြတဲ့အနက် အရှင်မေဃိယရဲ့ အာသယနဲ့လိုက်လျောသော ငါးပါးကိုသာ ဟောပြချင်လို့ မြတ်စွာဘုရားက–

အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ ပဉ္စဓမ္မ ပရိပါကာယ သံဝတ္တန္တိ။

ချစ်သား မေဃိယ၊ မရင့်ကျက်သေးသော အရဟတ္တဖိုလ် စေတောဝိမုတ္တိ ရင့်ကျက်ဖို့ရန်အတွက် တရားငါးပါးတို့ ရှိကြတယ်။ တရားငါးပါးတို့သည် ရင့်သန်ဖို့ ဖြစ်ကြတယ်။

## မိတ်ဆွေကောင်းကြောင့် ကိစ္စအားလုံး ပြီးစီးသည်

ကတမေပဉ္စ=ငါးပါးက ဘာတွေလဲဆိုတော့–

ဣဓ မေဃိယ ဘိက္ခု ကလျာဏမိတ္တော ဟောတိ ကလျာဏသဟာယော ကလျာဏသမ္ပဝင်္ကော။

ချစ်သား မေဃိယ၊ အံ့ဖွယ်ရှစ်ဖြာ ဤဘုရားရဲ့ သာသနာမှာ ရဟန်းတော်သည် ကလျာဏမိတ်ဆွေရှိရမယ်။ ကလျာဏမိတ်ဆွေဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့ အတူတကွနေ ဣရိယာပုတ် လေးပါး၊ သွားအတူ၊ စားအတူ၊ နေအတူ၊ ထိုင်အတူ၊ ဒါ ကလျာဏသဟာယ၊ အေး–ကလျာဏမိတ်အပေါ်မှာသာလျှင် စိတ်အစဉ် ညွှတ်ကိုင်းရှိုင်းနေခြင်း။

အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ အယံ ပဌမော ဓမ္မော ပရိပါကာယ သံဝတ္တတိ။

ချစ်သား မေဃိယ၊ မိတ်ဆွေကောင်း ပေါင်းသင်းမိခြင်းဆိုတဲ့ ဤတရား သည် မရင့်ကျက်သေးသော အရဟတ္တဖိုလ် စေတောဝိမုတ္တိ ရင့်ကျက်ဖို့ရန် ရှေးဦးစွာသော တရားတဲ့ ပဓာန။ ကလျာဏမိတ်ဆွေ

http:\\www.dhammadownload.com



ကောင်းပေါင်းသင်း မိယင် အရဟတ္တဖိုလ်ရဖို့ရန် အလင်းရောင်လာပြီလို့ ဒီလိုသာ အောက်မေ့။

တစ်ချိန်က အရှင်အာနန္ဒာစဉ်းစားတယ်။ တစ်ပါးတည်းနေရင်း စဉ်းစားတယ်။ "မိတ်ဆွေကောင်း ပေါင်းသင်းမိတာဟာ သာသနာ အတွက် တစ်ဝက်ခရီးရောက်တယ်"လို့ သူစဉ်းစားမိတယ်။ သူစဉ်းစားမိတဲ့ အချက် မှန်မမှန် ညနေကျတော့ ဘုရားထံသွားတယ်။ "တပည့်တော် နေ့လယ်က တစ်ပါးတည်း နေ့သန့်နေတဲ့အခါ တပည့်တော်စိတ်ထဲ 'မိတ်ဆွေကောင်းပေါင်းသင်းမိယင် သာသနာအတွက် တစ်ဝက်ခရီး ရောက်တယ်'လို့ တပည့်တော် စဉ်းစားမိပါတယ်ဘုရား"လို့ ဘုရားကို လျှောက်တော့ မြတ်စွာဘုရားက–

"မာဟေဝံအာနန္ဒ၊ မာဟေဝံအာနန္ဒ"[၁]

ဒီလိုမပြောနဲ့ အာနန္ဒာ၊ ဒီလိုမပြောနဲ့ အာနန္ဒာလို့ ချက်ချင်း လက်ငင်း လေးလေးနက်နက် ကန့်ကွက်တယ်။

သကလမေဝဟိဒံ အာနန္ဒ ဗြဟ္မစရိယံ၊ ယဒိဒံကလျာဏ မိတ္တတာ။

ချစ်သား၊ မိတ်ဆွေကောင်း၊ ပေါင်းသင်းမိလိုက်ခြင်းဟာ သာသနာအတွက် အကုန်လုံးကိစ္စပြီးတယ်။ တစ်ဝက်တင် မကဘူး။ တစ်ဝက်တည်း မဟုတ်ဘူးတဲ့။ အကုန်လုံး ကိစ္စပြီးပုံကို သက်သေထောက် ပြရမယ်ဆိုလို့ရှိယင်–

မမ ဟိ အာနန္ဒ ကလျာဏမိတ္တံ အာဂမ္မ ဇာတိဓမ္မာ သတ္တာ ဇာတိယာ ပရိမုစ္စန္တိ၊ ဇရာဓမ္မာ သတ္တာဇရာယ ပရိမုစ္စန္တိ၊ ဗျာဓိဓမ္မာ သတ္တာ

---

၁။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။ ၈၈။ ၄င်း ၄။ ၁၄၃။ သံ၊ ၃။ ၂–ပိဋ္ဌေသု။

http:\\www.dhammadownload.com



ဗျာဓိတော ပရိမုစ္စန္တိ၊ သောက ပရိဒေဝဒုက္ခ ဒေါမနဿုပါယာသေဟိ သတ္တာ သောက ပရိဒေဝဝဒုက္ခ ဒေါမနဿုပါယာသေဟိ ပရိမုစ္စိန္တိ။

(သဂါထာဝဂ္ဂ သံယုတ်၊ ၈၈)

သက်သေထုတ်ပြတယ်။ ငါဘုရားတည်းဟူသော ကလျာဏမိတ်ဆွေကောင်း အကြောင်းပြုပြီးတော့ ဇာတိဘေး မကင်းဝေးတဲ့ သတ္တဝါတွေကို ဇာတိဘေးကင်းဝေးကြတယ်။ ဇာတိဘေးမှ လွတ်မြောက်ကြတယ်။ အေး–မီးအနေနဲ့ ပြောယင် ဇာတိမီး တပြောင်ပြောင် တောက်လောင်နေတဲ့ လူတွေ ဇာတိမီး ကင်းကြတယ်။ ဇရာမီး တညီးညီး တပြောင်ပြောင် တောက်လောင်နေတဲ့သူတွေ၊ မရဏမီး တညီးညီး တပြောင်ပြောင် တောက်လောင်နေတဲ့ လူ နတ်ဗြဟ္မာသတ္တဝါတွေ၊ အဲဒီ မရဏမီး၊ သောကမီးတွေ ငြိမ်းတယ်။

သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခဒေါမနဿ ဥပါယာသမီးတွေ တညီးညီး တောက်လောင်နေတဲ့ သတ္တဝါတွေ၊ သောကမီးတွေ ပရိဒေဝ ဒုက္ခ ဒေါမနဿဥပါယာသမီး၊ ဒီမီးတွေ အကုန်ငြိမ်းဖို့ မီးတစ်ဆယ့်တစ်ပါး ငြိမ်းယင် သာသနာအလုပ်ပြီးတာပဲ။ ဒီတော့ မိတ်ဆွေကောင်းကို ပေါင်းသင်းမိခြင်းသည် သာသနာအတွက် အကုန်ငြိမ်းအေးစေပါတယ်။ အဲဒီလို မြတ်စွာဘုရား အမိန့်ရှိတယ်။ အခု မြတ်စွာဘုရားက–

ချစ်သား မေဃိယ၊ မိတ်ဆွေကောင်း ပေါင်းသင်းမိခြင်းသည် အရဟတ္တဖိုလ်တည်းဟူသော စေတောဝိမုတ္တိဉာဏ် မြန်မြန်ရင့်ကျက်ဖို့ အကြောင်းတစ်ပါးတဲ့။ ပြီးတော့–

ပုန စပရံ မေဃိယ ဘိက္ခု သီလဝါ ဟောတိ။

ချစ်သား မေဃိယ၊ ထို့အပြင် သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါးသည် သီလရှိရမယ်။ သီလရှိဆိုတာ ဘယ်လို အရည်အချင်းမျိုး ပြည့်စုံရမလဲဆိုတော့––

http:\\www.dhammadownload.com



ပါတိမောက္ခသံဝရသံဝုတော ဝိဟရတိ=ပါတိမောက္ခ သံဝရ သီလကို လုံလုံခြုံခြုံနေရလိမ့်မယ်။

အာစာရ ဂေါစရသမ္ပန္နော=မိမိကျင့်ရမယ့် ကာယသမာစာရ၊ ဝစီသမာစာရ၊ မနောသမာစာရ၊ မိမိကျက်စားရမယ့် သမထဝိပဿနာ ဘာဝနာ အာရုံနဲ့ ပြည့်စုံရမယ်။

မကျက်စားအပ်တဲ့ အရပ်ခြောက်ပါးလို့ ဘုရားဟောထားတယ်။ အဂေါစရဌာနခြောက်ပါးကို ရှောင်ပြီးတော့ လှည့်လည်ကျက်စားရမယ့် ဌာနမှာ လှည့်လည်ကျက်စားခြင်းနဲ့ ပြည့်စုံရမယ်။

အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ=အနည်းငယ်မျှသော အပြစ်တို့၌လည်းပဲ ဧရာမ ဘေးကြီးအနေနဲ့ ရှုလေ့ရှိရမယ်။

သမာဒါယ သိက္ခတိ သိက္ခာပဒေသု=သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်ပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်ရမယ်။ ဒါဟာ သီလသမ္ပဒါ။

အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ အယံ ဒုတိယော ဓမ္မော ပရိပါကာယ သံဝတ္တတိ။

ချစ်သား မေဃိယ၊ မရင့်ကျက်သေးသော အရဟတ္တဖိုလ်ခေါ်တဲ့ စေတောဝိမုတ္တိတရား၊ အခုပြောတဲ့ သီလနဲ့ ပြည့်စုံခြင်းလို့ ဆိုတဲ့တရားသည် မရင့်ကျက်သေးတဲ့ အရဟတ္တဖိုလ် စေတောဝိမုတ္တိတရား ရင့်ကျက်ဖို့ရန် အကြောင်းတစ်ပါး–တဲ့။ ဒါ(၂)၊ ဒုတိယမြောက် အကြောင်းတရား။

### ပြောရမယ့်စကား ၁၀ပါး

ပုန စပရံ မေဃိယ ဘိက္ခု=ချစ်သား မေဃိယ၊ ငါဘုရားရဲ့ သာသနာမှာ ရဟန်းဖြစ်တဲ့ ပုဂ္ဂိုလ်သည်။ ယာယံ ကထာ အဘိသလ္လေခိကာ စေတော ဝိဝရဏသပ္ပါယာ ဧကန္တ နိဗ္ဗိဒါယ ဝိရာဂါယနိရောဓာယ

http:\\www.dhammadownload.com



ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံတ္တတိ။

ပြောရမယ့်စကား ဆယ်ပါး ရှိတယ်။ ယင်းစကားဆယ်ပါးမှာတဲ့။

အဘိသလ္လေခိက=ကိလေသာခေါင်းပါးဖို့ စကားဖြစ်ရမယ်။

စေတောဝိဝရဏ သပ္ပါယာ=ကိလေသာတို့မှ စိတ်ဖြင့် ညွှတ်ပေးတဲ့ အရိယာမဂ်ဖိုလ်အား လျော်လျောက်ပတ်တဲ့ စကားဖြစ်ရမယ်။

အဲဒီစကားသည် ဧကန္တနိဗ္ဗိဒါယ=နိဗ္ဗိဒါဉာဏ်ကေန်ရင့်သန်ဖို့ ဖြစ်ရမယ်။

ဝိရာဂါယ=ရာဂကင်းဖို့ ဖြစ်ရမယ်။

နိရောဓာယ=ဒုက္ခခပ်သိမ်း ကင်းငြိမ်းဖို့ ဖြစ်ရမယ်။

ဒီစကားဟာ ဥပသမာယ = ကိလေသာအားလုံး ငြိမ်းအေးဖို့ရန် ဖြစ်ရမယ်။

အဘိညာယ=ထူးသော မဂ်ဉာဏ်အဖို့ ဖြစ်ရမယ်။

သမ္ဗောဓာယ=သစ္စာလေးပါး ပိုင်းခြားသိမြင် ဖြစ်ရမယ်။

နိဗ္ဗာနာယ=နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ ဖြစ်ရမယ်။

ဒီလို ဂုဏ်ရှစ်ပါးနဲ့ ပြည့်စုံတဲ့စကားဆိုတာ ဘာတွေတုံး။

၁။ အပ္ပိစ္ဆကထာ=ပစ္စည်းလေးဖြာ အလိုနည်းမှုနဲ့ ပတ်သက်သော စကားကိုသာ ပြောရမယ်။ ပစ္စည်းလေးပါး လောဘကြီးတဲ့ စကားမျိုး မပြောရဘူး။

၂။ သန္တုဋ္ဌိကထာ=ပစ္စည်းလေးပါးပေါ်မှာ သန္တောသ ၁၂ပါး ရှိတယ်။ ပစ္စည်းတစ်ပါးတစ်ပါး ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဆိုတဲ့ ပစ္စည်းလေးပါး တစ်ပါးတစ်ပါးမှာ သန္တောသ သုံးမျိုးစီ သုံးမျိုးစီ ရှိတယ်။

http:\\www.dhammadownload.com



(က) ယထာလာဘသန္တောသ=မိမိရသမျှနဲ့ ရောင့်ရဲရမယ်။

(ခ) ယထာဗလသန္တောသ=မိမိရဲ့ခွန်အားနဲ့အညီ ရောင့်ရဲခြင်းဖြစ်ရမယ်။

(ဂ) ယထာလာဘသန္တောသ=မိမိနဲ့ သင့်လျော်လျောက်ပတ်သော ပစ္စည်းဖြင့် ရောင့်ရဲခြင်းဆိုတဲ့ ပစ္စည်းတစ်ပါး တစ်ပါးအပေါ်မှာ ရောင့်ရဲခြင်းသုံးမျိုး သုံးမျိုး၊ ပစ္စည်းလေးပါးဆိုတော့ ရောင့်ရဲခြင်း ဆယ့်နှစ်(၁၂)ပါး၊ အဲဒီ ဆယ့် နှစ်မျိုးသော သန္တောသတစ်ပါး=သန္တောသနဲ့ ပတ်သက်အပ်တဲ့ (သန္တုဋ္ဌိကထာ)တရားစကား။

၃။ ပဝိဝေကကထာ=အာရုံငါးသင်း မိမိကင်းကွာခြင်းဆိုတဲ့-

(က) ကာယဝိဝေက။

(ခ) စိတ်၏နီဝရဏ ငါးသင်းမှ ကင်းကွာခြင်းဆိုတဲ့ လောကီဈာန်သမာပတ် စိတ္တဝိဝေက။

(ဂ) ဥပဓိဝိဝေက-ဆိပ်ရာမှန်ခြင်း နိဗ္ဗာန်တည်းဟူသော ဝိဝေက။ အဲဒီ ဝိဝေကသုံးပါးနဲ့ ပတ်သက်တဲ့ စပ်တဲ့ တရားတစ်ပါး။

၄။ အသံသဂ္ဂကထာ-တဲ့။ သံသဂ္ဂဆိုတဲ့ ရောနှောပေါင်းသင်းခြင်းက ငါးမျိုးရှိတယ်။

(က) သဝနသံသဂ္ဂ-တဲ့။ ကြားခြင်းနဲ့ ပတ်သက်တဲ့တရား။

(ခ) ဒဿနသံသဂ္ဂ= မြင်ခြင်းနဲ့ ပတ်သက်တဲ့ တရားတစ်ပါး

(ဂ) သမုလ္လပနသံသဂ္ဂ=စကားပြောနေရတာကို သာယာမက်မောခြင်း။

http:\\www.dhammadownload.com



(ဃ)ဘောဇနသံသဂ္ဂ=အစားအသောက်နဲ့ ပတ်သက်တဲ့ သံသဂ္ဂတဲ့။

(င) ကာယသံသဂ္ဂလက်ခြေစသည်တို့ကို ထိမိကိုင်မိလို့ ကိလေသာဖြစ်တယ်။

အဲဒီလို သံသဂ္ဂငါးမျိုးနဲ့ လွတ်လွတ်ကင်းကင်းနေခြင်း ဆိုတဲ့ အသံသဂ္ဂကထာက တစ်ပါးတဲ့။ အကုသိုလ် လောဘအမျိုးမျိုး ရှောင်နိုင်တဲ့ စကားမျိုးတဲ့။

၅။ ဝီရိယာရမ္ဘကထာ=သမ္မပ္ပဓာန်လုံ့လ ဝီရိယကို အားထုတ်ခြင်းနဲ့ ပတ်သက်တဲ့စကား။

၆။ သီလကထာ=ပါတိမောက္ခသံဝရသီလ အစရှိသော သီလနဲ့ ပတ်သက်သောစကား။

၇။ သမာဓိကထာ=ဥပစာရ၊ အပ္ပနာသမာဓိနဲ့ ပတ်သက်တဲ့ စကား။

၈။ ပညာကထာ=လောကီဝိပဿနာ ပညာ၊ ဈာန်နဲ့ယှဉ်တဲ့ ပညာ၊ အဘိညာဉ်နဲ့ယှဉ်တဲ့ပညာ၊ မဂ်ဖိုလ်နဲ့ယှဉ်တဲ့ ပညာ။ ဒီပညာနဲ့စပ်တဲ့စကား။

၉။ ဝိမုတ္တိကထာ=ဝိမုတ္တိငါးပါးနဲ့စပ်တဲ့စကား။

၁၀။ ဝိမုတ္တိဉာဏဒဿနကထာ=ဝိမုတ္တိဉာဏဒဿနလို့ ခေါ်တဲ့ ပစ္စဝေက္ခဏာဉာဏ်နဲ့ စပ်တဲ့တရားတစ်ပါး။

ဝေရူပါယ ကထာယ နိကာမလာဘီ ဟောတိ အကိစ္ဆလာဘီ အကသိရလာဘီ။

အခုပြောခဲ့တဲ့ အဘိသလ္လေခိက ခေါ်သော ကိလေသာ ခေါင်းပါးစေတတ်တဲ့ စကားဆယ်မျိုး။ အဲဒီ စကားဆယ်မျိုးကို နိကာမလာဘီ=

http:\\www.dhammadownload.com



အချိန်မရွေး အလိုရှိတဲ့ အချိန်မှာ ရတယ်။ အကိစ္ဆလာဘီ=မဆင်းမရဲရတယ်။ ဒီစကားပြောယင်ပေါ့လေ။ ဆင်းရဲတဲ့ ပုဂ္ဂိုလ် မရှိရဘူး။ အကသိရလာဘီ=ပြန့်ပြန့်ပြောပြော ရရမယ်။ ဤသို့ရခြင်းသည်-

အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ အယံ တတိယော ဓမ္မော ပရိပါကာယ သံဝတ္တတိ။

ချစ်သား မေဃိယ၊ အခုပြောတဲ့ အဘိသလ္လေခိက စကားကြီးဆယ်မျိုးကို ရလွယ်ခြင်းသည် မိမိသန္တာန်မှာ မရသေးသော၊ မဖြစ်သေးသော၊ မကျက်သေးသော အရဟတ္တဖိုလ် စေတောဝိမုတ္တိ မြန်မြန်ကျက်ဖို့ရန် ဖြစ်တယ်တဲ့။ တတိယမြောက် တရားက။

## သမ္မပ္ပဓာန် လုံ့လဝီရိယရှိခြင်း

စတုတ္ထမြောက်တရားက-

ပုန စပရံ မေဃိယ ဘိက္ခု အာရဒ္ဓဝီရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ။

ချစ်သားမေဃိယ၊ ငါဘုရား၏ အံ့ဖွယ်ရှစ်ဖြာသာသနာမှာ ရဟန်း၏ လေးခုမြောက် ဝိမုတ္တိပရိပါစနီယကို ပြောတာ။ လေးခုမြောက် အရဟတ္တဖိုလ်ကို ရင့်သန်စေတတ်တဲ့ တရားပွားရမယ်။ ငါဘုရားရဲ့ သာသနာတော်မှာ ရဟန်းတော်၏ အကုသိုလ်တရားဖယ်ရှားဖို့ရန် ကုသိုလ်တရားတို့ကို ပွားများဖို့ရန် သမ္မပ္ပဓာန် လုံ့လ ဝီရိယရှိရမယ်။

ထာမဝါ=အားလည်း ရှိရမယ်။

ဒဠှပရက္ကမော=ခိုင်ခံ့တဲ့ လုံ့လ ရှိရမယ်။

အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု=ကုသိုလ်တရား=အပြစ်မရှိတဲ့ ကုသိုလ်တရားတွေ မှန်ယင် လုံ့လဝီရိယဆိုတဲ့ခေါင်းကို ဘယ်တော့မှ မချရဘူး။ အဲဒီလို လုံ့လဝီရိယရှိပြီးတော့ ခေါင်းကိုမချခြင်းဟာဖြင့်-

http:\\www.dhammadownload.com



အပရိပက္ကာယမေဃိယ စေတောဝိမုတ္တိယာ အယံစတုတ္ထော ဓမ္မော ပရိပါကာယ သံဝတ္တတိ။

မေဃိယ=ချစ်သား မေဃိယ။ အပရိပက္ကာယ=မရင့်သန်သေးသော။ စေတောဝိမုတ္တိယာ=အရဟတ္တဖိုလ်ခေါ်တဲ့ စေတောဝိမုတ္တိတရား၏။ စတုတ္ထော=လေးခုမြောက်သော။ အယံဓမ္မော=ဤလုံ့လဝီရိယရှိခြင်းဆိုတဲ့တရားသည်၊ ပရိပါကာယ=ရင့်ကျက်ရန် အလို့ငှာ။ သံဝတ္တတိ=ဖြစ်၏ ။

မြတ်စွာဘုရားက အေး–ဝိမုတ္တိပရိပါစနီယ စတုတ္ထတရားဆိုတာကုသိုလ်တရားတို့၌ လုံ့လဝီရိယခေါင်း ဘယ်တော့မှမချခြင်း ဝီရိယရှိခြင်း

## အဖြစ်အပျက်သိသော ပညာရှိခြင်း

ပုန စပရံ မေဃိယ ဘိက္ခု ပညာဝါ ဟောတိ။

ချစ်သား မေဃိယ။ ထို့အပြင် သာသနာဝန်ထမ်းရဟန်းတော်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ပညာရှိရမယ်။ ပညာရှိဆိုတာ ဘယ်လိုမှ ပညာရှိခေါ်သလဲ။

ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ။

အရိယာယ=ဖြူစင်သော။ နိဗ္ဗေဓိကာယ=ကိလေသာတို့ကို ဖောက်ထွင်းနိုင်တဲ့အဖို့ ရှိသော။ သမ္မာဒုက္ခက္ခယဂါမိနိယာ=ကောင်းစွာ ဒုက္ခကုန်ရာ မဂ်ဖိုလ်သို့ ရောက်စေတတ်သော။ ဥဒယတ္ထဂါမိနိယာ=ရုပ်နာမ်ဓမ္မရဲ့ အဖြစ်အပျက်ကို သိလေ့မြင်လေ့ရှိသော။ ပညာယ=ပညာနှင့်။ သမန္နာဂတော=ပြည့်စုံသည်။ ဟောတိ=ဖြစ်အံ့။

ဆိုလိုရင်းက ဥဒယဗ္ဗယဉာဏ်နဲ့ ပြည့်စုံရမယ်။ အဲဒီဥဒယဗ္ဗယဉာဏ်နဲ့မှ မပြည့်စုံရင် အင်္ဂုတ္တိုရ်အဋ္ဌကထာက ဒီကိုယ်တော်တစ်ပါးဟာ

http:\\www.dhammadownload.com



ရုပ်နာမ်တရားတို့ရဲ့ အဖြစ်အပျက်ကို မြင်တဲ့ ဉဒယဗ္ဗယဉာဏ်မှ ဒီကိုယ်တော်မသိယင် အေး-နိကာယ်ငါးရပ် ကမ်းဆုံးပင်တတ်သော်လည်း ဉဒယဗ္ဗယဉာဏ် မရှိရင် ပညာရှိ မဟုတ်သေးဘူး။

ဘာလို့ အဲဒီ ပုဂ္ဂိုလ်နိကာယ်ငါးရပ် ကမ်းဆုံးတတ်ဉဒယဗ္ဗဉာဏ် မရှိတာနဲ့ ပညာရှိမဆိုရယင် အဲဒီပုဂ္ဂိုလ်ကို ဘယ်လိုဆိုရသလဲ။ ဝိညာဏစရိတ=ဝိညာဏ်ရဲ့ အလုပ်တွေတွင်ကျယ်နေတဲ့ ပုဂ္ဂိုလ်တဲ့။ အဲဒီပုဂ္ဂိုလ် ပညာရှိ မဆိုရဘူးတဲ့။ ဉဒယဗ္ဗယဉာဏ်သာ မရယင် စာပေက။ အေး-ချစ်သား မေဃိယ။

အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ အယံ ပဥ္စမော ဓမ္မော ပရိပါကာယ သံဝတ္တတိ။

ချစ်သား မေဃိယ၊ မရင့်ကျက်သေးသော အရဟတ္တဖိုလ် စေတောဝိမုတ္တိအတွက် အခုပြောတဲ့ ဉဒယဗ္ဗယဉာဏ်နဲ့ ပြည့်စုံခြင်းဆိုတဲ့ ငါးခုမြောက်တရားသည် အဲဒီ အရဟတ္တဖိုလ် စေတောဝိမုတ္တိရင့်ကျက်ဖို့ ရန် ဖြစ်တယ်တဲ့။

တရားငါးပါး

(၁) မိတ်ဆွေကောင်း ပေါင်းသင်းမိခြင်း။

(၂) သီလနှင့် ပြည့်စုံခြင်း။

(၃) ကိလေသာခေါင်းပါးစေနိုင်ခြင်းစတဲ့ ကျေးဇူးဂုဏ်နဲ့ ပြည့်စုံသော ကထာဆယ်ပါး လွယ်လွယ်ကူကူ ရခြင်း။

(၄) အာရဒ္ဓဝီရိယ=အားထုတ်အပ်သော လုံ့လဝီရိယ ရှိခြင်း။

(၅) ဉဒယဗ္ဗယဉာဏ်နဲ့ ပြည့်စုံခြင်း၊ အဲဒီငါးပါးသည်-တဲ့။

အပရိပက္ကာယ မေဃိယ စေတောဝိမုတ္တိယာ ဣမေပဥ္စဓမ္မာ ပရိပါကာယ သံဝတ္တန္တိ။

http:\\www.dhammadownload.com



ချစ်သား မေဃိယ–အခုပြောခဲ့တဲ့ တရားငါးပါးဟာတဲ့။ မရင့်သန်သေးသော အရဟတ္တဖိုလ်စေတော ဝိမုတ္တိတရား ရင့်သန်ဖို့ရန်ဖြစ်ကြတဲ့ တရားငါးပါးတဲ့။

## ကလျာဏမိတ္တအရေးကြီးပုံ

အဲဒီ ငါးပါးထဲမှာလည်း ပဓာနက–တစ်နံပါတ်အရေးကြီးတာက ကလျာဏမိတ်ဆွေကောင်း။ မိတ်ဆွေကောင်း ပေါင်းသင်းမိဖို့ အရေးကြီးတယ်။ သူတစ်ခုပြည့်စုံယင် ကျန်တဲ့ လေးမျိုးစလုံး ပြည့်စုံတယ်။ အဲဒီအကြောင်းကို မြတ်စွာဘုရားက ဆက်ပြီးတော့ ပဓာနအရေးကြီးပုံ ဘယ့်နှယ်ဟောတုံး။

ကလျာဏမိတ္တဿေတံ မေဃိယ ဘိက္ခုနော ပါဋိကင်္ခံ ကလျာဏသဟာယဿ ကလျာဏသမ္ပဝင်္ကဿ "ယံ သီလဝါ ဘဝိဿတိ၊ ပါတိမောက္ခသံဝရသံဝုတော ဝိဟရိဿတိ အာစာရဂေါစရသမ္ပန္နော၊ အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခိဿတိ သိက္ခာပဒေသု"။

ချစ်သား မေဃိယ၊ ပါတိမောက္ခသံဝရသီလနဲ့ နေနိုင်ဖို့၊ အေး–အဏုမြူမျှသော အပြစ်တို့၌ ဘေးဟု ရှု၍ နေနိုင်ဖို့ ထိုထိုသိက္ခာပုဒ်တို့ကို ဆောက်တည်၍ နေနိုင်ဖို့ဆိုတဲ့ အဲဒီသီလရှိခြင်းဟာတဲ့ မိတ်ဆွေကောင်းပေါင်းသင်းမိတဲ့ ပုဂ္ဂိုလ်မှ အဲဒီသီလနဲ့ပြည့်စုံခြင်းဆိုတဲ့ တရားမချွတ်ဧကန် အမှန်ဖြစ်တာ။ ဒါက တစ်။

တစ်ဖန်လာပြန်တယ်။

ကလျာဏဿေတံ မေဃိယ ဘိက္ခုနော ပါဋိကင်္ခံ ကလျာဏသဟာယဿ ကလျာဏသမ္ပဝင်္ကဿ "ယံ ယာယံ ကထာ အဘိသလ္လေခိကာ စေတောဝိဝရဏ သပ္ပာယာ ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ သေယျ

http:\\www.dhammadownload.com



ထိဒံ၊ အပ္ပိစ္ဆကထာ သန္တုဋ္ဌိကထာ ပဝိဝေကကထာ အသံသဂ္ဂကထာ ဝီရိယာရမ္ဘကထာ သီလကထာ၊ သမာဓိကထာ၊ ပညာကထာ၊ ဝိမုတ္တိကထာ၊ ဝိမုတ္တိဉာဏဒဿနကထာ၊ ဧဝရူပါယကထာယ နိကာမလာဘီ ဘဝိဿတိ အကိစ္ဆလာဘီ အကသိရလာဘီ"။

ဘာဆိုလိုသတုံး။ ပါဠိတွေများတော့ သဘာဝနိရုတ္တိဖြစ်တဲ့ ဘုရားစကားဟာ ပန်းပင်ကြီးတစ်ပင်လုံးပွင့်နေသလို သဘာဝနိရုတ္တိနဲ့ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်နဲ့ ဟောထားတာဆိုတော့ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်နဲ့ လိုက်တယ်။ ဒါတွေ အင်မတန် ကြည်ညိုစရာ ကောင်းတယ်။ သာမန်ဉာဏ်နဲ့ဆိုတော့ အဲဒါတွေရဲ့ အထွတ်ကို ပြောမှ ဉာဏ်ထဲမှာ သဘောကျတယ်။ ဘာဆိုသတုံး။

ချစ်သားမေဃိယ၊ ခုနက ဝိမုတ္တိပရိပါစနီယတရားငါးပါးထဲက သုံးခုမြောက်ဖြစ်တဲ့ အပ္ပိစ္ဆကထာစတဲ့ ကထာဆယ်ပါး ရလွယ်ခြင်းဆိုတဲ့ အဲဒီတရားကလည်းပဲ (တစ်) မိတ်ဆွေကောင်းပေါင်းသင်းမိယင် ပြည့်စုံတော့တယ်။ မိတ်ဆွေကောင်း ပေါင်းသင်းမိတဲ့ပုဂ္ဂိုလ်မှာ အဲဒီကထာဆယ်ပါး ရဖို့ရန် သေချာတယ်။ ဧဝံသဘာဝီ ဖွင့်တယ်။

ဟင် တစ်ခါ လာပြန်တယ်။

ကလျာဏမိတ္တဿေတံ မေဃိယ ဘိက္ခုနော ပါဋိကင်္ခံ ကလျာဏသဟာယဿ ကလျာဏသမ္ပဝင်္ကဿ "ယံ အာရဒ္ဓဝီရိယော ဝိဟရိဿတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ ထာမဝါ ဒဠှ ပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု။

ချစ်သား မေဃိယ၊ ထကြွလုံ့လ ဝီရိယ၊ သမ္မပ္ပဓာန် လုံ့လ ဝီရိယနဲ့ ပြည့်စုံမှုဆိုတာလည်းပဲ မိတ်ဆွေကောင်းနဲ့ ပေါင်းသင်းမိတဲ့ ပုဂ္ဂိုလ်ဆိုယင် အဲဒီ ထကြွလုံ့လ ဝီရိယနဲ့ သမ္မပ္ပဓာန် လုံ့လ ဝီရိယလေးမျိုး ပြည့်စုံ

http:\\www.dhammadownload.com



မှုဖြစ်သော စတုတ္ထမြောက် ဝိမုတ္တိပရိပါစနီယတရားလည်းပဲ မိတ်ဆွေကောင်း ပေါင်းသင်းမိတဲ့ ပုဂ္ဂိုလ်သာ မချွတ်ဧကန် အမှန်ဖြစ်တယ်။ အေးချစ်သား မေဃိယ၊ ပဉ္စမမြောက် ဝိမုတ္တိပရိပါစနီယတရားလို့ ခေါ်တဲ့ ပညာရှိလျှင် ဥဒယဗ္ဗယဉာဏ်နဲ့ ပြည့်စုံခြင်းဆိုတဲ့ ပညာရှိတည်းဟူသော ဥဒယဗ္ဗယ ဉာဏ်ပညာရှိခြင်းဆိုသော ပဉ္စမမြောက် ဝိမုတ္တိပရိပါစနီယတရားဟာလည်းပဲ ချစ်သားမိတ်ဆွေကောင်း ပေါင်းသင်းမိတဲ့ ပုဂ္ဂိုလ်အဖို့ရာ မချွတ်ဧကန် အမှန်ဖြစ်တော့တယ်-တဲ့။ ဒါ ဘာဆိုတာလဲ။ ဝိမုတ္တိပရိပါစနီယတရားငါးပါး တန်းဟောထားလို့ ခက်ပါတယ်။ ငါးမျိုးစလုံးအခက်ချည့်ပဲ ထင်နေမှာစိုးလို့။ ချစ်သားတို့ ဘာမှမပူနဲ့။ မိတ်ဆွေကောင်းကို ပေါင်းသင်းမိအောင် တစ်ချက်ကိုသာ မိအောင်လုပ်၊ ဆရာကောင်း သမားကောင်း မိတ်ကောင်းဆွေကောင်း ပေါင်းသင်းမိယင် နောက်လေးချက်ဖြစ်တဲ့-

- သီလနဲ့ ပြည့်စုံခြင်း။
- ကထာဆယ်ပါးကို လွယ်လွယ်ကူကူနဲ့ ရခြင်း။
- သမ္မပ္ပဓာန် လုံ့လဝီရိယရှိခြင်း။
- ဥဒယဗ္ဗယဉာဏ်နဲ့ ပြည့်စုံခြင်းဆိုတဲ့-

ဝိမုတ္တိပရိပါစနီယ နောက်လေးပါးဟာ အလွယ်နဲ့ ရတယ်။ အဲဒီလို။

ဝိမုတ္တိပရိပါစနီယတရားငါးပါးမှာ ကလျာဏမိတ္တသမ္ပဒါသည် အရေးကြီးတဲ့ အကြောင်းပြပြီးတော့ မြတ်စွာဘုရားက ဆက်ပြီး ဘာဟောလဲ။

တေန စ ပန မေဃိယ ဘိက္ခုနာ။

မေဃိယ=ချစ်သားမေဃိယ။ တေန ဘိက္ခုနာ=ထို ယောဂါဝစရ ရဟန်းသည်။

http:\\www.dhammadownload.com



ဘာပြုလို့ ယောဂါဝစရ ဆိုရသလဲ။ နို့–ခုနကတုန်းက အရဟတ္တဖိုလ် ရင့်သန်စေတတ်တဲ့ တရားငါးပါးထဲမှာ ဥဒယဗ္ဗယဉာဏ်နဲ့ ပြည့်စုံတဲ့ ရဟန်းလို့ မပြောဘူးလား။ အေး–ဥဒယဗ္ဗယဉာဏ်ရောက်လို့ အရဟတ္တဖိုလ် ရင့်သန်စေတတ်တဲ့ ဝိမုတ္တိပရိပါစနီယတရား ငါးပါးပြည့်တယ်။ အေး ပြည့်တယ်ဆိုကတည်းကိုက ဥဒယဗ္ဗဉာဏ်ရောက်နေတဲ့ ယောဂါဝစရပုဂ္ဂိုလ်၊ ရုပ် နာမ် ဓမ္မ သင်္ခါရတို့ရဲ့အဖြစ်အပျက်ကို သိတဲ့ ဥဒယဗ္ဗယဉာဏ် ရောက်နေရတယ်။

မေဃိယ=ချစ်သားမေဃိယ။ တေန ဘိက္ခုနာ=ထို ဥဒယဗ္ဗယဉာဏ်သို့ ရောက်တဲ့ ရဟန်းသည်။ ဣမေသု–ပဉ္စသု ဓမ္မေသု=ဤဆိုအပ်ပြီးသော မိတ်ဆွေကောင်း ပေါင်းသင်းမိခြင်း၊ သီလနှင့် ပြည့်စုံခြင်း၊ ကထာဆယ်ပါး ရလွယ်ခြင်း၊ သမ္မပ္ပဓာန် လုံ့လဝီရိယရှိခြင်း၊ ဥဒယဗ္ဗယဉာဏ်နဲ့ ပြည့်စုံခြင်းတည်းဟူသော ဤငါးပါးသော တရားတို့၌။ ပတိဋ္ဌာယ=တည်၍။

အဲဒီ ငါးပါးဟာ အမြဲတည်တယ်။ ယောဂါဝစရပုဂ္ဂိုလ်မှာ ဒါသည် ငါရဲ့ ပဓာနအလုပ်ပဲ။ ငါသည် မိတ်ဆွေကောင်း ရှိရမယ်။ ငါသည် သီလရဲ့ ပြည့်စုံရမယ်။ ငါသည် ကထာဆယ်ပါးကို ရလွယ်တဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်။ ငါသည် သမ္မပ္ပဓာန် လုံ့လဝီရိယရှိတဲ့ပုဂ္ဂိုလ်ဖြစ်ရမယ်။ ငါသည် ဥဒယဗ္ဗယဉာဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်။ အဲဒီလို အပြောတင်မဟုတ်ဘဲနဲ့ တကယ်ပြည့်စုံအောင် လုပ်တယ်။ အဲဒီလို ပြည့်စုံအောင် လုပ်ယင် အဲဒီတရားငါးပါး၌ ထို ရဟန်းတည်တော့တယ်။

ကဲ–တည်ပြီးတော့ ဘာလုပ်ရမလဲ။

ဣတိ=ဤသို့။ ပဉ္စသု ဓမ္မေသု=ဤငါးပါးသော ဝိမုတ္တိ ပရိပါစနီယ တရားတို့၌။ ပတိဋ္ဌာယ=တည်ပြီးသော်။ ဘာလုပ်မတုံး။

အသုဘာ ဘာဝေတဗ္ဗာ ရာဂဿ ပဟာနာယ။

http:\\www.dhammadownload.com



ရာဂဿ=ရာဂကို။ ပဟာနာယ=ပယ်ခြင်းငှာ။ အသုဘာ= တစ်ဆယ့်တစ်ပါး အသုဘ ဘာဝနာများကို။ ဘာဝေတဗ္ဗာ=ပွားများအပ် ကုန်၏။

ချစ်သား၊ အဲဒီ တရားငါးပါးနဲ့ ပြည့်စုံလို့ ဥဒယဗ္ဗယဉာဏ်ရောက် နေတဲ့ ယောဂါဝစရပုဂ္ဂိုလ်သည် ရာဂကို ပယ်ဖို့ရန် အသုဘ ဘာဝနာများ ကို ပွားရမယ်။ အသုဘ ဆယ့်တစ်ပါးသည် သက်မဲ့အသုဘကမ္မဋ္ဌာန်း ပိုင်းမှာလာတဲ့အတိုင်း ဆယ်ပါး။ ကာယဂတာသတိကို သက်ရှိအသုဘ လို့ ခေါ်တယ်။ အသုဘ တစ်ဆယ့်တစ်ပါးဆိုလို့ အလွဲပြောတယ်လို့ အချင်းချင်း မငြင်းကြလေနဲ့။

အဲဒီ ရာဂကို ပယ်စွန့်ဖို့ရန်အတွက် အသုဘဘာဝနာကို ပွားပြီး တော့မှ ပြောမယ်။ ဒါ ဘာပြုလို့ ဘုရားဟောသလဲ။

မေတ္တာ ဘာဝေတဗ္ဗာ ဗျာပါဒဿ ပဟာနာယ။

ဗျာပါဒဿ=ဗျာပါဒကို။ ပဟာနာယ=ပယ်စွန့်ဖို့ရန်၊ မေတ္တာ= မေတ္တာဘာဝနာကို။ ဘာဝေတဗ္ဗာ=ပွားများအပ်၏။ ဝါ-ပွားများရမည်။ ဝိတက္ကုပစ္ဆေဒါယ=မိစ္ဆာဝိတက်တွေကို ဖြတ်တောက်ရန်အလို့ငှာ။ အာနာ ပါနဿတိ=အာနာပါနဿတိကို။ ဘာဝေတဗ္ဗာ=ပွားများရာ၏။ အသ္မိ မာန-သမုဂ္ဃါတာယ=ငါဆိုတဲ့ မာန်မာနကို ပယ်ဖျောက်ရန် အလို့ငှာ။ အနိစ္စသညာ=အနိစ္စသညာကို။ ဘာဝေတဗ္ဗာ=ပွားများရာ၏။

## လယ်ရိတ်ယောက်ျားပမာ ထား၍ အနိစ္စသညာကိုပွားရန်

ဒါ ဘာပြောနေတာလဲ။ အဋ္ဌကထာက လယ်ရိတ်တဲ့ယောက်ျား နဲ့ ဥပမာရှုရမယ်-တဲ့။ ဒီနေရာ ဘယ့်နှယ်လဲဆိုတော့ လူတစ်ယောက် လယ်ရိတ်တယ်။ အဲဒီ လယ်ရိတ်တော့ သူ့လက်က ဘေးက စည်းတွေက လုံနေရဲ့လား။ သို့သော် ဆူးစည်းတွေ လုံနေပေမယ့်လည်းပဲ မတော်တဆ ဖွင့်တဲ့သူ ရှိလိမ့်ဦးမယ်။ အဲဒီ ဆူးစည်းအပွင့်အပေါက်ကနေပြီးတော့ နွား

http:\\www.dhammadownload.com



တစ်ကောင်က ဝင်၍ ဒီလယ်ကို စားနေရင် (တိုတိုပြောကြစို့)။ ယောက်ျား တစ်ယောက် လယ်ကို တံဇဉ်နဲ့ ရိတ်နေတယ်။ အဲဒီ ရိတ်နေတုန်း ဆူးစည်းက ပွင့်လို့။

နွားတစ်ကောင်က ဒီလယ်ထဲ ဝင်စားရင် အဲဒီလယ်သမားသည် တံဇဉ်ကို ခဏချတယ်။ ချပြီးတော့ တုတ်တစ်ချောင်း ယူသွားတယ်။ တုတ်တစ်ချောင်းနဲ့ အဲဒီနွားကို ရိုက်၊ ရိုက်ပြီးမှ အဲဒီပွင့်တဲ့ စည်းရိုးကို ပိတ်၊ ပိတ်ပြီးတော့မှ တစ်ခါ ပြန်လာပြီးတော့ တံဇဉ်ကိုင်ပြီးတော့ လယ် ရိတ်မြဲ ရိတ်တယ်။

အေး-လယ်သမား တံစဉ်ဖြင့် လယ်ကို ရိတ်နေခြင်းနဲ့ ယောဂါ ဝစရပုဂ္ဂိုလ်နဲ့ လယ်သမားတူတယ်။ တံဇဉ်နဲ့ ဝိပဿနာဉာဏ်တူတယ်။ ဥဒယဗ္ဗယဉာဏ်၊ ဥဒယဗ္ဗဉာဏ်နဲ့ ရုပ်နာမ်ဓမ္မတို့ရဲ့ အဖြစ်အပျက်ကို ကြည့်တယ်။ အဲဒီ ကြည့်၍နေခြင်းသည် တံဇဉ်ဖြင့် လယ်ရိတ်နေတာနဲ့ တူတယ်။ အဲဒီလို ဝိပဿနာ ဥဒယဗ္ဗယဉာဏ်ပညာတည်းဟူသော တံဇဉ် ဖြင့် ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ကြည့်ခြင်းတည်းဟူသော လယ်ရိတ် တဲ့အလုပ် ယောဂါဝစရပုဂ္ဂိုလ်တည်းဟူသော လယ်သမားပြုလုပ်နေ တယ်။ တစ်ခါတစ်ရံလည်း သတိမေ့ပြီးတော့ လောဘဖြစ်တယ်။ ရာဂ ဝင်လာတာ၊ လောဘဝင်လာတာ၊ အဲဒါက သတိမေ့ခြင်း ဆူးစည်းပွင့်လို့။ သတိမေ့လျော့ခြင်းတည်းဟူသော သမာပတ်ဆူးတံခါးပွင့်လို့။ လောဘ တည်းဟူသော နွားဝင်လာတာ။ အဲဒီလောဘတည်းဟူသော နွားဝင်လာ တာကို တကတည်း တံဇဉ်နဲ့ ရိတ်မြဲရိတ်နေတယ်။ နွားမြင်တော့ ဒီအတိုင်း ထားလို့ မဖြစ်ဘူး။ ဘယ့်နှယ်လုပ်သလဲ။ ရုပ်နာမ်တရားတို့ရဲ့ ဥဒယဗ္ဗယ ကို ရှုနေတဲ့ ယောဂါဝစရပုဂ္ဂိုလ်သည် တံဇဉ်နဲ့တူသော ဥဒယဗ္ဗယ ဝိပဿနာ ဉာဏ်ကို ခဏထားလိုက်ပါ။ တံဇဉ်လေးချပစ်ထားသလို ဟုတ် လား။ ဥဒယဗ္ဗယဉာဏ်ကို ခဏဆိုင်းထား။ ထားပြီးတော့ အေး-လယ် ကွင်းထဲ ဝင်စားတဲ့ နွားလို ရုပ်နာမ်ဓမ္မဝင်ဝင်ပြီးတော့ သာယာတတ်တဲ့

http:\\www.dhammadownload.com



တဏှာလောဘ၊ အဲဒီနွားထွက်သွားဖို့ရန်အတွက် အသုဘ ဘာဝနာတည်းဟူသော တုတ်နဲ့ ကိုင်ရိုက်လိုက်-တဲ့။ ဒါပြောတာ။ အသုဘဘာဝနာ တုတ်နဲ့ ကိုင်ရိုက်လို့ အဲဒီလောဘငြိမ်းပြီဆိုတော့ တစ်ဖန်ပြန်၍ တံဇဉ်နှင့်တူသော ဥဒယဗ္ဗယဉာဏ်ကို ပြန်ယူ၊ လယ်ရိတ်ခြင်းနှင့်တူသော ရုပ်နာမ်ဓမ္မတို့ရဲ့ အဖြစ်အပျက်ကိုရှု၊ ဝိပဿနာ။ ဝိပဿနာအလုပ်ဟာ လယ်ရိတ်တာနဲ့ တူတယ်။ အေး-လယ်ရိတ်နေတုန်း ဒေါသတည်းဟူသော နွားဝင်လာပြီဆိုရင် အဲ ဒီတစ်ခါကျတော့ မေတ္တာဘာဝနာ တုတ်ကြီးနဲ့ ထရိုက်လိုက်-တဲ့။ ဒါ ပြောတာ။

ဝိပဿနာအလုပ်အားထုတ်မှုဆိုတဲ့ လယ်ရိတ်နေတုန်း အကယ်၍များ ကာမဝိတက်တွေ၊ ဗျာပါဒဝိတက်တွေ၊ ဝိဟိံသာဝိတက်တွေ ဆိုတဲ့ ဒီဝိတက်တွေ ဝင်လာယင် အဲဒီဝိတက်တွေကို ဖြတ်တောက်ဖို့ရန်အတွက် အာနာပါနဿတိဆိုတဲ့ ဘာဝနာကိုပွားရမယ်။ ကာမဝိတက် ဗျာပါဒဝိတက်၊ ဝိဟိံသာတဝိတက်ဆိုတဲ့ အကုသိုလ်ဝိတက်၊ နွားတွေဝင်လာရင် အာနာပါနဿတိဆိုတဲ့ တုတ်ကြီးနဲ့ ရိုက်၊ ရိုက်လိုက်လို့ ဝိတက်သုံးပါး အကုသိုလ်နွားတွေ ထွက်ပြေးပြီဆိုယင် အာနာပါန အသာထား။

ဥဒယဗ္ဗယဉာဏ် တံစဉ်ကိုင်ပြီးတော့ လယ်နှင့်တူသော ရုပ်နာမ်ဓမ္မတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တလို့ ရှုလေတဲ့။ ကိုယ့်ဝိပဿနာအလုပ် အဲဒီလို လုပ်ဖို့ပြောတာ။

အနိစ္စသညာ ဘာဝေတဗ္ဗာ အသ္မိမာနသမုဂ္ဃာတာယ=ငါဆိုတဲ့ မာန်မာနကို ပယ်ဖျောက်ရန်။ အနိစ္စသညာ=အနိစ္စသညာကို။ ဘာဝေတဗ္ဗာ=ပွားများရမည်။

ဆိုပါစို့။ ဥဒယဗ္ဗယဉာဏ်နဲ့ ရုပ်နာမ်တရားတို့ရဲ့ အဖြစ်အပျက်တို့ကို ရှုနေတုန်း ငါကွ၊ ငါကွလို့ဆိုတဲ့ အသ္မိမာန ပေါ်လာယင် အဲဒီမာန တည်းဟူသော နွားထွက်သွားနိုင်အောင် ဘာနဲ့လုပ်ရမလဲလို့ဆိုတော့

http:\\www.dhammadownload.com



အနိစ္စသညာ၊ အနိစ္စဘာဝနာ တုတ်နဲ့ရိုက်ရမယ်။ ဟုတ်ပါ့မလားမြတ်စွာဘုရားဆိုတော့–

အနိစ္စသညိနော ဟိ မေဃိယ အနတ္တသညာသဏ္ဌာတိ။

. ဟိ=မှန်၏။ ဟုတ်၏၊ မေဃိယ=ချစ်သားမေဃိယ။ အနိစ္စသညိနော=အနိစ္စသညာရှိတဲ့ ရဟန်းအား။ အနတ္တသညာ=အနတ္တသညာသည်။ သဏ္ဌာတိ=မြဲမြဲခိုင်ခိုင်တည်နေတော့၏။

အနိစ္စသညာ အနိစ္စဘာဝနာပွားများယင် အနိစ္စတစ်ပါး ပေါက်ရင် ဒုက္ခအနတ္တလည်းပေါက်တယ်။ ဒီ အနိစ္စ ဘာဝနာ၊ ဒုက္ခဘာဝနာ၊ အနတ္တဘာဝနာ သုံးပါးဟာ အနိစ္စကိုမြင်ရင် ဒုက္ခအနတ္တလည်း မြင်တော့တယ်။ ဒုက္ခကိုမြင်ယင် အနိစ္စအနတ္တလည်း မြင်တော့တယ်။ အဲဒါကြောင့် အနိစ္စက လွယ်လွယ်နဲ့ မြင်လွယ်တယ်။ ဒါကြောင့် အနိစ္စကို ပထမရှု၊ ရှုယင် အနတ္တသညာပေါ်လာလိမ့်မယ်။

အနတ္တသညီ အသ္မိမာနသမုဂ္ဃါတံ ပါပုဏာတိ၊ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ။

အနတ္တသညီ=အနတ္တသညာရှိသော ယောဂီပုဂ္ဂိုလ်သည်။ အသ္မိမာနသမုဂ္ဃါတံ=ငါဆိုတဲ့ မာန်မာနကို အကြွင်းမဲ့ ပယ်သတ်ခြင်းတည်းဟူသော။ ဒိဋ္ဌေဝဓမ္မေ=မျက်မှောက်ပစ္စုပ္ပန် ဤဘဝ၌ပင်လျှင်။ နိဗ္ဗာနံ=ကိလေသာခပ်သိမ်း ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းခြင်းသို့။ ပါပုဏာတိ=ရောက်နိုင်၏။

ချစ်သား၊ အနိစ္စဘာဝနာပွား၊ အနိစ္စသညာပွားလို့ ရှိယင် အနတ္တသညာ ဖြစ်လာလိမ့်မယ်။ အနတ္တသညာသည် မိမိကိုယ်မှာ ပေါင်းကြည့်လိုက်၊ အနတ္တသညာ တည်လာပြီဆိုယင် အသ္မိမာန=ငါဆိုတဲ့ မာန်မာနကို အကြွင်းမဲ့ပယ်သတ်ခြင်း၊ မျက်မှောက်ဘဝမှာပင် ဒုက္ခခပ်သိမ်း ငြိမ်းအေးခြင်းသို့ ရောက်လိမ့်မယ်။ ပြီးရော၊ အဲဒီကျမှပဲ ဒိဋ္ဌေဝဓမ္မေနိဗ္ဗာနံ။

http:\\www.dhammadownload.com



## မြတ်စွာဘုရားဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးခြင်း

အထ ခေါ ဘဂဝါ ဧတမတ္ထံ ဝိဒိတွာ ဘာယံ ဝေလာယံ ဣမံ ဥဒါနံ ဥဒါနေသိ။

အထ ခေါ=ထိုအခါ၌။ ဘဂဝါ=မြတ်စွာဘုရားသည်။ ဧတမတ္ထံ=ဤအရှင်မေဃိယ၏ သန္တာန်၌ အကုသိုလ်တွေ ဝင်ရောက်နှိပ်စက်နေတဲ့အကြောင်း ကိုယ်တော်မြတ်တို့မှာတော့ အကုသိုလ်ဝိတက်တွေ မဝင်ရောက်မနှိပ်စက်နိုင်တဲ့အကြောင်းကို။ ဝိဒိတွာ=ပိုင်းခြားထင်ထင် သိမြင်တော်မူ၍။ ဣမံ ဥဒါနံ=ဤဥဒါန်းကို။ ဥဒါနေသိ=ဝမ်းသာရွှင်မြူး ကျူးရင့်တော်မူပြီ။

## စိတ်သည် ဝိတက်ကိုးပါးသို့ အစဉ်လိုက်ခြင်း

ဥဒါန်းဆိုတာ အာလုပ်ပုဒ်။ ပုဂ္ဂိုလ်မထားဘူး။ များသောအားဖြင့်–

ခုဒ္ဒါ ဝိတက္ကာ သုခုမာ ဝိတက္ကာ၊
အနုဂတာ မနသော ဥပ္ပိလာပါ။
ဧတေ အဝိဒ္ဒါ မနသော ဝိတက္ကေ၊
ဟုရာ ဟုရံ ဓာဝတိ ဘန္တစိတ္တော။

ဒါ အရှင် မေဃယကို တရားနာခံထားတဲ့ ဂါထာ။ ဘုရားသည် ဓမ္မသဘာဝအရှင်မေဃိယတို့မှာ အကုသိုလ်မိစ္ဆာဝိတက်တွေ နှိပ်စက်နေတာကိုမြင်လို့ ကိုယ်တော့်မှာတော့ မိစ္ဆာဝိတက်တွေ ပယ်ပြီးဖြစ်တာ ဖြစ်တဲ့အတွက် ဥဒါန်းနှစ်ခု။

ခုဒ္ဒါ ဝိတက္ကာ သုခုမာ ဝိတက္ကာ။
အနုဂတာ ဧဝတော ဥပ္ပိလာဝါ။
ဧတေ အဝိဒ္ဒါ မနသော ဝိတက္ကေ။
ဟုရာ ဟုရံ ဓာဝတိ ဘန္တစိတ္တော။

http:\\www.dhammadownload.com



ခုဒ္ဒါ=ယုတ်မာ ရုန့်ကြမ်းကုန်သော။ ဝိတက္ကာ=ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက်ဆိုတဲ့ အကုသိုလ်ဝိတက်ကြီး သုံးပါးတို့ကိုလည်းကောင်း။ ဝိတက်ကြီး ကိုးပါးရှိတယ်။

(၁) ကာမဝိတက်

(၂) ဗျာပါဒဝိတက်

(၃) ဝိဟိံသာဝိတက်

အဲဒီရှေ့သုံးမျိုးကိုတော့ ခုဒ္ဒဝိတက်၊ အင်မတန် ယုတ်တယ်။ အင်မတန် ကြမ်းကြုတ်တယ်။ အကြမ်းကြီး သုံးမျိုး။

အေး-နောက်က ကျန်တဲ့ ဇနပဒဝိတက်၊ ဉာတိဝိတက်၊ အမရဝိတက်၊ ပရာနုဒ္ဒယတာပဋိသံယုတ္တဝိတက်၊ လာဘသက္ကာရသိလောကပဋိသံယုတ္တဝိတက်၊ အနဝညတ္တိကာမပဋိသံယုတ္တဝိတက်လို့ လာဘ်လာဘနဲ့ ပတ်သက်လို့ ကြံတဲ့အကြံတွေ၊ မိမိအပေါ် သူတစ်ပါးအထင်မသေးစေလိုတဲ့ ကြံတဲ့အကြံတွေ၊ အနဝညတ္တိကာမပဋိသံယုတ္တဝိတက်၊ ဒါ အကုသိုလ်ဝိတက်တွေ၊ အကုသိုလ်ဝိတက်ကြီး ကိုးပါး၊ အဲဒီကိုးပါးမှာ ရှေ့သုံးပါးက ရုန့်ရင်းကြမ်းတမ်းတယ်။ ဒါကြောင့်-

ခုဒ္ဒါ=ယုတ်မာကြမ်းကြုတ်ကုန်သော။ ဝိတက္ကာ=ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်တို့ကိုလည်းကောင်း။ သုခုမာ=သိမ်မွေ့နူးညံ့ကုန်သော။ ဝိတက္ကာ=ကျန်တဲ့ ဉာတိဝိတက်၊ ဇနပဒဝိတက်အစရှိသော ဝိတက်ခြောက်ပါးတို့ကိုလည်းကောင်း။ စေတသော ဥပ္ပိလာ ဝါ=စိတ်၏ ပေါ်လွင်နေသည်၏အဖြစ်ကို ပြုတတ်ကုန်သော။ ဧတေ=ဤဝိတက်တို့ကို။ အနုဂတာ=စိတ်သည် အစဉ်တစိုက် နောက်က လိုက်အပ်ပေကုန်၏။

ဤဘုရားရဲ့ ဉာဏ်နဲ့ အသိနဲ့ ဟောထားတာ၊ ပုထုဇဉ် ဉာဏ်ပိန်တာလေးနဲ့ နောက်ကလိုက်ပြီးတော့-

http:\\www.dhammadownload.com



ဘာနဲ့တူနေတုံးဆိုတော့ လူကြီး သန်သန်မာမာလူကြီး၊ ရှေ့က နေပြီးတော့ သွက်သွက်ကြီး သွားနေတာ။ နောက်က ကလေးကလေးက မမှီတမီနဲ့လိုက် လိုက်၊ ဖတ်တာနဲ့လည်း လိုက်၊ ဒီပုံမျိုးလို တယ်တူ။ အခုဘုန်းကြီးတို့ ပြောနေရတာက ပုထုဇဉ်ကလေး ပိန်တာလေးက ဟို သဗ္ဗညုတဉာဏ်နဲ့ ဥဒါန်းကျူးနေတာပြောရတာ။ ဘာပြောတုံး မြတ်စွာ ဘုရားက။ ဘယ်သူ့မှ ဖော်တာမဟုတ်ဘူးနော်။ ဥဒါန်း။

ခုဒ္ဒဝိတက်ခေါ်တဲ့ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာ ဝိတက်၊ သုခုမဝိတက်ခေါ်တဲ့ ကျန်တဲ့ အကုသိုလ်ဝိတက် ခြောက်ပါး၊ အဲဒီတရားတွေ နောက်ကို စိတ်ဟာ အမြဲတစေ လိုက်နေတာ၊ စိတ်ဟာ နောက်လိုက်ဖြစ်နေတယ်။ အဲဒီတရားတွေသည် စိတ်ကို ပေါ်ဖို့ ဥပ္ပိလာဝ= ပေါ်အောင် လုပ်တတ်တဲ့တရားတွေ။

ဧတေ အဝိဒ္ဒါ မနသော ဝိတက္ကေ။

ဟုရာ ဟုရံ ဓာဝတိ ဘန္တစိတ္တော။

ဘန္တစိတ္တော=မိစ္ဆာပိတက်တွေ မပယ်နိုင်တဲ့အတွက် တုန်တုန်ရီရီ ဖြစ်သော စိတ်ရှိသော။ အဝိဒ္ဒါ=ဝိပဿနာ အရိယဝိပဿနာ ဉာဏ်ပညာ မရှိတဲ့ မသိမလိမ္မာတဲ့ သူသည်။ ဧတေ မနသော ဝိတက္ကေ=စိတ်၏ ရှေ့ကသွားနေတဲ့ မိစ္ဆာဝိတက်တို့ကို။ အဝိဒ္ဒါ-အဝိဒ္ဒါနန္တော=ဝိပဿနာ ဉာဏ်၊ မဂ်ဉာဏ်ဖြင့် မသိတဲ့ အန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်သည်။ ဟုရာ ဟုရံ=အဆင့်ဆင့်။ ဓာဝတိ=ပစ္စုပ္ပန္န ဤဘဝမှ တမလွန်လောက ဟိုဘဝ သို့ မရပ်မနား ပြေးသွားရလေ၏။ ဟောဒီလိုတဲ့။

ဒီဝိတက်တွေကို အရိယမဂ်ဉာဏ်၊ ဝိပဿနာဉာဏ်ဖြင့် ကောင်း ကောင်းကြီးမသိတဲ့ အန္ဓဗာလ ပုထုဇဉ်ဟာ ဟုရ=ဤဘဝမှ နောက်။ ဟုရံက ဟို-တမလွန် ဘဝသို့ မရပ်မနား ပြေးသွားနေရတယ်။ ဒါက ပုထုဇဉ်များ ဝိတက်က အနိုင်ကျင့်ပုံကို ဥဒါန်းကျူးထားခြင်းဖြစ်တယ်။

http:\\www.dhammadownload.com



အာတာပီ ယော သံဝရတိ သတိမာ။

သတိမာ=သတိနှင့် ပြည့်စုံသော။ အာတာပီယော=သမ္မပ္ပဓာန် လုံ့လဝီရိယရှိသော။ ဝိဒ္ဓါ ဝိပဿနာဉာဏ်ပညာ အရိယမဂ်ပညာရှိတဲ့ ပုဂ္ဂိုလ်သူမြတ်သည်ကား။ ဧတေ ဝိတက္ကေ=ဤအကုသိုလ်ဝိတက်ကိုးမျိုးတို့ကို (ဒီလိုဆိုကြပါစို့။) သံဝရတိ=အရိယမဂ်ဖြင့် မိမိသန္တာန်ဝယ် မဖြစ်အောင် ပိတ်ဆို့နိုင်ပေ၏။

ဤအကုသိုလ်ဝိတက်ကိုးမျိုးကို ဝိပဿနာဉာဏ်ပညာ အရိယမဂ်ပညာရှိတဲ့ ယောဂီသူတော်ကောင်းက အဲဒီ ပညာနဲ့ယှဉ်သော လုံ့လ၊ ပညာနဲ့ယှဉ်သော သတိရှိလျက် အဲဒီ ဝိတက်တွေကို အရိယမဂ်ဖြင့် ပိတ်ဆို့တယ်။

အနုဂ္ဂတေ စေတသော ဥပ္ပိလာဝေ။

အသေသ မေ တေ ပဇဟာသိ ဗုဒ္ဓေါ။

ဝိဒ္ဓါ=ပညာရှိတဲ့။ (ကိုင်း-သာဝကတွေပါအောင် ဝိပဿနာဉာဏ်ပညာ အရိယမဂ်ပညာရှိတဲ့ ပုဂ္ဂိုလ်သည်ကား (ယောဂီသူမြတ် ဆိုကြပါစို့။) စေတသောဥပ္ပိလာဝေ=စိတ်၏ ပေါလောပေါ်မှုကို သိကြကုန်သော။ ဧတေမနသောဝိတက္ကေ=ဤစိတ်၏ ရှေ့ကသွားနေတဲ့ အကုသိုလ်ဝိတက်ကြီးကိုးပါးတို့ကို။ ဝိဒ္ဓါ=ဝိပဿနာဉာဏ်ပညာ၊ မဂ်ဉာဏ်ပညာရှိတဲ့ ယောဂီပုဂ္ဂိုလ်သူမြတ်ကတော့။ အာတာပီယော=ဝိပဿနာပညာနှင့်ယှဉ်တဲ့ သမ္မပ္ပဓာန် လုံ့လ ဝီရိယရှိသူ ဖြစ်၍။ သတိမာဝိပဿနာပညာနှင့် ယှဉ်သည့် သတိရှိသူဖြစ်လျက်။ အနုဂ္ဂတေ=ဝိတက်တရားတို့ မဖြစ်ပွားကြကုန်သည်။ သံဝရတိ=မဂ်ဉာဏ်ဖြင့် ပိတ်ဆို့နိုင်ပါ၏။

ဒါ ဘာပြောတာလဲ။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ဖြင့် အကုသိုလ်ဝိတက်တွေကို တားတယ်ဆိုတာ ဖြစ်လာလို့ အကုသိုလ်ဒုစရိုက်တွေကို တားတာ မဟုတ်ဘူး။ အဲဒီ အကုသိုလ်ဝိတက်တွေ မဖြစ်ခင် မဖြစ်မီ

http:\\www.dhammadownload.com



ကြိုတင်ပြီးတော့ မဖြစ်ရအောင် ဟန့်တားထားရတာ။ ဖြစ်လာမှတော့ တားမရဘူး။ ဖြစ်လာယင် သူ့ဘာသာသူ ချုပ်သွားမယ်။ သူ့အချိန်ကျရင်။

ဥပါဒ်ဌီဘင်-တဲ့။ ဥပါဒ်တဲ့ဟာကို တားလို့မရဘူး။ ဥပါဒ်-ဌီဆိုတဲ့ ဥစ္စာကို တားလို့မရဘူး။ ဥပါဒ်ပြီး ဌီဘင်အထိပဲ သွားမှာပဲ။

. အေး-ဝိပဿနာ ဉာဏ်ပညာ၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရှိတဲ့ ယောဂီပညာရှိကတော့ အဲဒီအကုသိုလ်ဝိတက်တွေကို ဥပါဒ်ထင်ရှား မဖြစ်ပွားခင် ဝိပဿနာဉာဏ်ဖြင့် ဟန့်တားတယ်။ ဝိပဿနာဉာဏ်ဖြင့် ဖယ်ရှားလိုက်။ ဟန့်တားတယ် ဖယ်ရှားတယ်ဆိုတာ မဖြစ်အောင် လုပ်တာ။

ဗုဒ္ဓေါဝေဝဘူတော=ဤသို့ တိတက်ကိုးပါး ဝိပဿနာဉာဏ်ပညာ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် ပယ်ရှားဟန့်တားနိုင်တဲ့ ပုဂ္ဂိုလ်သည်။ ဗုဒ္ဓေါ= စတုသစ္စဗုဒ္ဓခေါ်ဆို ပုဂ္ဂိုလ်သူမြတ်ဖြစ်လတ်၍။ အသေသံ=အကြွင်းမဲ့။ ဧတေ=ဤ ဆိုအပ်ပြီးတဲ့ အကုသိုလ်ဝိတက်ကြီး ကိုးပါးတို့ကို။ ပဇဟာသိ= ပယ်စွန့်နိုင်တော့၏။

မြတ်စွာဘုရား နောက်ဂါထာကို ကိုယ်တော်မြတ်တို့ အဖို့ကျတော့ အကုသိုလ်ဒုစရိုက်တွေကို အကြွင်းမဲ့ ပယ်နိုင်တာနဲ့ပတ်သက်လို့ ဝမ်းမြောက်လို့ ဥဒါန်းကျူးတယ်။ အေး- ရှေ့ဂါထာက အရှင်မေဃိယတို့လို ပုထုဇဉ် သန္တာန်၌ အကုသိုလ်ဝိတက်တွေ ဝင်ရောက်လွှမ်းမိုး နှိပ်စက်တာကို မြင်လို့သိလို့ ဒီသဘောကို ငါသိရတယ်။ ပီတိသောမနဿတွေ ဝမ်းထဲမဆံ့ အပေါ်ယံမယ် ဂါထာအသံတွေ ဖြစ်ပြီး ဆီအိုးကြီးထဲ ဆီ ပြည့်လို့ မဆံ့တဲ့ ဆီတွေ အပေါ်လျှံတက်သလို အဲဒီဂါထာသံတွေ လျှံပြီးတော့ တက်တယ်။ ဒါကို ဥဒါန်းလို့ ခေါ်တယ်။ အဲဒီသုတ်ကို မေဃိယ သုတ်လို့ခေါ်တယ်။ ဤတွင် မေဃိယသုတ် ဆုံး တယ်။

http:\\www.dhammadownload.com



## တရားတော်နိဂုံး

ဤသို့လျှင် မေဃိယသုတ္တန် ဒေသနာတော်မြတ်ကို ကြားနာရခြင်း=ဓမ္မဿဝနကောင်းမှုကုသိုလ်ကံစေတနာ၊ သရဏဂုံသီလဆောက်တည်ရခြင်း=သီလမယကောင်းမှုကုသိုလ်ကံစေတနာ၊ အဘိဓမ္မာ သာသနာနေ့ဝန်း ထွန်းပပါစေခြင်းအလို့ငှာ အသင်းဖွဲ့စည်း၍ နှစ်စဉ်နှစ်တိုင်း အဘိဓမ္မာသာသနာအကျိုးပြုရခြင်းတည်းဟူသော သာသနုပကာရကောင်းမှု ကုသိုလ်ကံစေတနာ၊ ဩဝါဒါစရိယ မထေရ်တို့နှင့်တကွ သင်တန်းပြပုဂ္ဂိုလ်တို့အား ထိုက်လျော်ရာ ပူဇော်မှုပြုရခြင်းတည်းဟူသော ပူဇာဒါန=ကောင်းမှု ကုသိုလ်ကံစေတနာ၊ ဤသို့ စသည်ပေါင်းအပ်များမြတ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် သန္တိလက္ခဏာ အစ္စုတိရသ အနိမိတ္တပစ္စုပဋ္ဌာန်ရှိသော-

နိဗ္ဗာန်အကြောင်းပြောရင် အဲဒီ စာထဲက လာတဲ့ "သန္တိလက္ခဏံ အစ္စုတိရသံ အနိမိတ္တပစ္စုပဋ္ဌာနံ"လို့ ဒီအဋ္ဌကထာဖွင့်တာလေးလောက်တင်ပြောယင် အဲဒါမမှားဘူး။ အဲဒီစာ ဖွင့်တာထက် ပိုပြီးတော့ ဒို့ပြင်လူတစ်ယောက်က ပြောယင် အကုန်လွဲမယ်။ အဲဒါကြောင့် မမှားအောင် ကိုယ့်နယ်ထဲကပဲ ကိုယ်တည်ပြီးတော့ ဆုတောင်းတယ်။

သန္တိလက္ခဏာ အစ္စုတိရသ အနိမိတ္တပစ္စုပဋ္ဌာန်ရှိသော နိရောဓသစ္စာ မဟာအသင်္ခတ စတုတ္ထပရမတ် နိဗ္ဗာန်တရားတော်မြတ်ကို အရဟတ္တဖိုလ်ပေါက် အကျွန်ုပ်တို့ တရားဟော တရားနာ ပုဂ္ဂိုလ်တစ်စု မျက်မှောက်ပြုရတဲ့ကိုယ်ဖြစ်ပါစေကုန်သတည်း။ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ထိုနောက်ဆုံးဘဝ(ပရိနိဗ္ဗာန စုတိစိတ်လို့ပဲ ခေါ်တယ်။ သံသရာဝယ် နောက်ဆုံးစိတ်ဖြစ်လို့ စရိမကစိတ်လို့လည်း ခေါ်တဲ့ ရဟန္တာဘဝ စုတိစိတ်) အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုရတဲ့ ထိုနောက်ဆုံးဘဝပရိနိဗ္ဗာန စရိမကစုတိစိတ်၏ အခြား

http:\\www.dhammadownload.com



မဲ့ နောက်ကာလ၌ တစ်စုံတစ်စုသော ဘဝ၊ ယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တာဝါသ၊ သတ္တနိကာယမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စ ဝဋ်မီးစာတရားတို့ တစ်ဖန်အသစ် မဖြစ်ခြင်းတည်းဟူသော အနုပ္ပါဒ နိရောဓ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရပါစေကုန်သတည်း။ အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီစံရဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်တည်းဟူ သော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက်မီးလျှံကြီး အပြီးတိုင် ငြိမ်းကြ ပါစေကုန်သတည်း။

**သာဓု၊ သာဓု၊ သာဓု။**

**မေဃိယသုတ္တန်တရားတော် ပြီးပြီ။**

---

http:\\www.dhammadownload.com

## ရောဟိနီထေရီ ဂါထာတရားတော်

## လူတို့ထက် လွန်ကဲမွန်မြတ်သော သံဃာတော်တို့၏ ဂုဏ်ပုဒ်များကို သိနားလည်စေရန် ရည်သန်ဟောကြားခြင်း

သာသနာတော် ၁၅၁၀ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၂၈ခုနှစ်၊ တော်သလင်း လဆန်း ၈–ရက်နေ့၊ မန္တလေးမြို့ ကျောက်စိမ်းအလုပ်သမား များ ကောင်းမှုကုသိုလ်မှော်ရုံ၌ ဟောကြားအပ်သော ရောဟိနီတရား တော်။

ရောဟိနီထေရီဂါထာတရားကို ဘုန်းကြီးဟောပြပါမယ်။ အလျင် တစ်ပတ်တုန်းက ဘုန်းကြီးပြောတာက ကုဋိကဏ္ဏသောဏ မထေရ်ရဲ့ အကြောင်းကို ဟောမယ်လို့ ဝန်ခံခဲ့တယ်။ သို့သော် ပြန်ပြီး စဉ်းစားလိုက် တဲ့ အခါကျတော့ ကုဋိကဏ္ဏသောဏမထေရ်ရဲ့ အကြောင်းအရာက ဘုန်း ကြီးတို့ သာသနာဘက်မယ် ရဟန်းတော်များအတွက် အထူးသဖြင့် ကျေး ဇူးများတာပါပါတယ်။

ဆိုကြပါစို့။ ကုဋိကဏ္ဏသောဏမထေရ်ရဲ့ ထူးခြားချက် ပြောလို့ ရှိယင် မြန်မာပြည်လို ဌာနမှာ ရဟန်းငါးပါးနဲ့ ရဟန်းခံနိုင်တဲ့ကိစ္စမျိုး၊ ဝိနည်းကိစ္စမျိုးတွေ ကျေးဇူးများတယ်။ အဲဒီလို သံဃာတော်များအတွက် အမှတ်တရဖြစ်ထိုက်တဲ့ ပုဂ္ဂိုလ်၊ ဝိနည်းကိစ္စအတွက် အမှတ်တရဖြစ်ထိုက် တာက များနေပါတယ်။

အဲဒါနဲ့ ဘုန်းကြီးစဉ်းစားကြည့်တယ်။ တို့ဒကာဒကာမတွေနဲ့ ဘယ်တရားတော်မလဲ။ ဘုန်းကြီးစဉ်းစားတော့ (လျှောက်ရာတယ်ဆိုပါ

http:\\www.dhammadownload.com



စို.။ ရှာတော့ အခု) ဟောဒီ ထေရီဂါထာ ဆိုတာ သွားတွေ့တယ်။ ဝေဖန်ရေးသမားတွေ ပေါများသော အချိန်အခါမှာ သာသနာတော်အတွက် ဗုဒ္ဓဘာသာဝင်ဖြစ်ကြသော အမျိုးကောင်းသား၊ ဗုဒ္ဓဘာသာဝင်ဖြစ်ကြသော အမျိုးကောင်းသားသမီးများကို ဝေဖန်ရေးသမားများက မေးတတ်တယ်။

ဘုရားလက်ထက်တုန်းက မေးခဲ့တာ တစ်ခုရှိတယ်။ ဒီတော့ ဗုဒ္ဓဘာသာဝင်အမျိုးသမီးတစ်ယောက်အနေနဲ့ ရဲရဲတောက်ဖြေကြားခဲ့တဲ့အကြောင်း၊ အမျိုးသမီးလောကက ကြည့်လို့ရှိယင် "တို့အစ်မကြီးတစ်ယောက် ဗုဒ္ဓဘာသာဘက်က နေပြီးတော့ ဝေဖန်ရေးသမားဖခင်အား ရဲရဲတောက်ဖြေကြားခဲ့တယ်"ဆိုတာ ဂုဏ်ယူစရာပ။ အမျိုးသားတွေအနေနဲ့လည်းပဲ "တို့အစ်မကြီးတစ်ယောက် သာသနာမှာ ရဲရဲတောက် ဝေဖန်ရေးသမားဖခင်ရဲ့ မေးမြန်းချက်ကို ဖြေကြားခဲ့တယ်" ဂုဏ်ယူစရာပ။

အဲဒီ အမျိုးသမီးရဲ့အကြောင်း အကျဉ်းချုပ်ပြောရင် လွန်ခဲ့တဲ့ကိုးဆယ့်တစ်ကမ္ဘာထက်က ဝိပဿီမြတ်စွာဘုရား ပွင့်ထွန်းတော်မူပါတယ်။ ဝိပဿီမြတ်စွာဘုရား တစ်နေ့ ဗန္ဓုမတီ နေပြည်တော်အတွင်း ဆွမ်းခံကြွတော်မူတဲ့အခါ အမျိုးသမီးတစ်ယောက်သည် သဒ္ဓါကြည်ညို စွာဖြင့် မြတ်စွာဘုရားရဲ့ ရွှေလက်ထက်တော်က သပိတ်အပြည့် မိမိမှာရှိတဲ့ မုန့်များကို လောင်းပြီးတော့ သာဟတ္ထိက သက္ကစ္စမြောက် လက်ရောက်ကြည်ဖြူ ကပ်လှူခဲ့တယ်။

ထူးထူးချွန်ချွန် လက်ညှိုးညွှန်ပြစရာ ကောင်းတဲ့အနေနဲ့ ဤကုသိုလ်ကောင်းမှုသည် သူ့ရဲ့ အဓိကရကောင်းမှုကုသိုလ်တစ်ခုပဲတဲ့။ ယင်းအဓိကကောင်းမှု ကုသိုလ်ကြောင့် ကိုးဆယ့်တစ်ကမ္ဘာ အပါယ်မလားဘဲနဲ့ လူ့ရပ်နတ်ရွာ စုန်ကာဆန်ကာနဲ့ လူချမ်းသာ နတ်ချမ်းသာ နှစ်ပါးခံစားပြီးတဲ့နောက် ဤဘုရားသာသနာခေတ် ရောက်သကာလ ဝေသာလီ

http:\\www.dhammadownload.com



ပြည်မှာ မဟာဝိဘဝခေါ်သော ပုဏ္ဏားရဲ့သမီး "ရောဟိနီ"လို့ခေါ်တဲ့ ပုဏ္ဏေးမကလေးတစ်ယောက်ဖြစ်လာတယ်။

## သူတော်ကောင်းတို့၏ အလေ့အကျင့်

အဲဒီ ရောဟိနီခေါ်တဲ့ ပုဏ္ဏေးမအမျိုးသမီးကလေးဟာ မြတ်စွာဘုရားကိုယ်တော်မြတ်ဘုရားဖြစ်ပြီးလို့ ငါးဝါအရောက်မှာ ဝေသာလီပြည် မဟာဝုန်တော၌ ကြွရောက် ဝါကပ်သီတင်းသုံးတော်မူတဲ့အါ ဝေသာလီ သာသနာထူး၍ ထိန်လင်းခဲ့တယ်။ ထွန်းပခဲ့တယ်။ အဲဒီ မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူတဲ့ အချိန်တုန်းက ဗုဒ္ဓဘာသာတို့ရဲ့ အနေအစားကို မှန်းထားပြီးတော့ ကြည့်ရမယ်။

ပဿန္တာ ရူပဝိဘဝံ၊ သုဏန္တာ မဓုရံ ဂိရံ။
စရန္တိ သာဝူ သမ္ဗုဒ္ဓေ-ကာလေ ကေဠိပရံမုခါ။

(အလင်္ကာ၊ ၉၉)

သမ္ဗုဒ္ဓကာလေ=မြတ်စွာဘုရားသက်တော်ထင်ရှားရှိတော်မူစဉ်ဟိုအချိန်ကာလ၌။ သာဝူ=နှလုံးပျော့ပျောင်း ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည်။ ရူပဝိဘဝံ=သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော အနုဗျဉ္ဇနလက္ခဏာတော်ငယ်တို့နှင့်ပြည့်စုံလှစွာသော မြတ်စွာဘုရား၏ ရူပကာယအသရေတော်ကို။ ပဿန္တာ=နေ့နေ့ညည ဖူးမြင်ကြကုန်သည်ဖြစ်၍လည်းကောင်း။ မဓုရံ ဂိရံ=ချိုမြိန်ကောင်းမြတ်တဲ့ တရားစကားတော်ကို။ သုဏန္တာ=နေ့ရှိသမျှ သဒ္ဓါနားဖြင့် နာကြားကြရကုန်သည်ဖြစ်၍လည်းကောင်း။ ကေဠိပရံမုခါ= ပျော်ပွဲရွှင်ပွဲ မျက်နှာလွှဲကြကုန်လျက်။ စရန္တိ=လှည့်လည်ကျက်စားသွားလာ၍ နေကြလေကုန်၏။

ဘုရားလက်ထက်တုန်းက သူတော်ကောင်းတွေဟာ ကျောင်းတော်သွား၊ ဘုရားကိုယ်တော်မြတ်ရဲ့ ရူပကာယအသရေတော်ကို

http:\\www.dhammadownload.com



ဖူးမြော်လိုက်၊ ရွှေနူတ်တော် မြွက်ဟတဲ့ ချိုမြိန်စွာသော ဘုရားစကား ကြားနာလိုက်၊ ဘုရားဖူးလိုက်၊ တရားနာလိုက်နဲ့ ဒီအလုပ်နှစ်ခုနဲ့ပဲ လောကီပျော်ရွှင်မှုကို မျက်နှာလွှဲပြီးတော့ ဘုရားဖူးမှု၊ တရားနာမှုဆိုတဲ့ သူတော်ကောင်းအလုပ်နှစ်ခုနဲ့ပဲ လှည့်လည်ကျက်စား ပျော်ပါးနေကြ တယ်–တဲ့။ အဲဒီလို အလင်္ကာကျမ်းများမှာ ဆိုတဲ့အတိုင်း စောစောက ပြောတဲ့ မဟာဝိဘဝပုဏ္ဏားရဲ့ သမီးရောဟိနီဆိုတဲ့ အမျိုးသမီးလည်းပဲ ဝေသာလီပြည်သို့ ဘုရားကိုယ်တော်မြတ်ကြွရောက် ဝါကပ်သီတင်းသုံး တဲ့အခါဖြစ်တော့ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ ရူပကာယအသရေ တော်ကို ဖူးမြော်လိုက်၊ တရားတော်ကို ကြားနာလိုက်၊ သံဃာတော်အရှင် မြတ်တို့ကို ဖူးမြော်လိုက်၊ လှူလိုက်တန်းလိုက်နဲ့၊ (ဘုရားဖူးလိုက်၊ တရား နာလိုက်၊ သံဃာတော်အရှင်မြတ်တို့ကို မိမိတတ်စွမ်းသမျှ ပြုစုလိုက်နဲ့) ရတနာသုံးပါးနဲ့ ပတ်သက်တဲ့ ကုသိုလ်ကောင်းမှုနဲ့သာ အချိန်ကုန်စေ၍ တစ်နေ့တော့ သောတာပန် အရိယာမကလေး ဖြစ်တယ်။

အဲဒီ သောတာပန်အရိယာမကလေးဖြစ်ပြီးတော့ သောတာပန် ဖြစ်တယ်ဆိုလို့ရှိယင် ဘုန်းကြီးတို့စာထဲမှာတော့ မလှူရယင် ဘယ်လို နည်းနဲ့မှ မနေနိုင်ဘူး။ တစ်နည်းအားဖြင့် မိမိကိုယ်ကို အငတ်ခံ၍ကိုပဲ မိမိ မစားဘဲနဲ့ လှူတယ်။ အဝတ်သက်နှံနွမ်းနယ်တဲ့ ပုဂ္ဂိုလ်တွေ့ယင် မိမိမဝတ်ရယင် နေပါစေ။ လှူပစ်တယ်။ နေရာထိုင်ခင်း ဆင်းရဲတဲ့ ပုဂ္ဂိုလ်မြတ်တွေ့ လို့ရှိရင် မိမိမှာ နေရာမရှိယင် နေပါစေ။ သောတာပန်ဆို တာ ကိုယ့်ရှိတဲ့ နေရာပေးမယ်လို့ ရက်ရက်ရောရော လှူဒါန်းတယ်။

ယနေ့ဗုဒ္ဓဘာသာဝင်တွေ ဘုရား၊ ဘုရားနဲ့ နှုတ်က မြွက်သလို အိပ်ရာထလည်းပဲ ဘုရား၊ ဘုရားနဲ့ ဒီလို ဘုရားဂုဏ်ကိုပေါ့လေ၊ စိတ်က အာရုံပြုသလို ရောဟိနီအမျိုးသမီးကလည်းပဲ အိပ်ရာဝင်တော့မယ်ဆိုယင် သမဏာ–သမဏာ–သမဏာ=ကိလေသာခပ်သိမ်း ငြိမ်းအေးစေတော်မူ တတ်တဲ့ အရှင်မြတ်တွေ၊ အဲဒီလို နှုတ်က ရဟန်းတော်အရှင်သူမြတ်တွေ

http:\\www.dhammadownload.com



ကို မှန်းမှန်းပြီးတော့ ဤကဲ့သို့ မြွက်ဆိုတယ်။ အိပ်ရာက နိုးတော့လည်းပဲ သမဏော–ကိလေသာခပ်သိမ်း ငြိမ်းအေးစေတတ်တဲ့ ရဟန်းတော် အရှင်မြတ်တွေပါတကား။ ရဟန်းတော် အရှင်သူမြတ်တွေကို အာရုံပြုပြီးတော့ ဗုဒ္ဓ၊ ဓမ္မ၊ သံဃဆိုတဲ့ ရတနာသုံးပါးအာရုံနဲ့ အိပ်တယ်။ ရတနာသုံးပါးအာရုံနဲ့ နိုးတယ်။

## မလိုလားသူအဖို့ တရားစကားသည် နားခါးသည်

သွားလေရာရာ အစည်းအဝေး စကားဝိုင်းဖွဲ့မိယင်လည်းပဲ ရဟန်းတော် အရှင်သူမြတ်တို့ရဲ့ သုပ္ပဋိပန္န၊ ဥဇုပ္ပဋိပန္န၊ ဉာယပ္ပဋိပန္န၊ သာမီစိပ္ပဋိပန္န၊ အာဟုနေယျ၊ ပါဟုနေယျ၊ အက္ခိနေယျ၊ အဉ္ဇလိကရဏီယ၊ အနုတ္တရံ ပုညေက္ခေတ္တံ လောကဿ–ဆိုတဲ့ သံဃာတော်ရဲ့အကြောင်း ဂုဏ်လေးပါး၊ အကျိုးဂုဏ်ငါးပါးကလွဲလို့ ဒီပြင်စကားတွေ အင်မတန်နည်းပါးတယ်။ ဒီတော့ အိပ်ရာဝင်လည်း 'သမဏော'၊ အိပ်ရာထလည်း 'သမဏော'၊ စကားပြောယင်လည်းပဲ 'သမဏော'နဲ့ ရဟန်းသံဃာကို အာရုံပြုလွန်းအားကြီးတော့ ဝေဖန်ရေးသမားသူ့ရဲ့ဖခင် မဟာဝိဘဝ ပုဏ္ဏားက မေးတယ်။ စကားစတယ်။

ကနေ့ဆိုကြပါစို့ရဲ့။ ကနေ့ ဗုဒ္ဓဘာသာတို့အဖို့ရာ 'သမဏော' ဆိုတဲ့ စကားသည် အင်မတန်ကြားရခဲတဲ့ အသံတစ်ခု။ ဒီလို လေးလေးနက်နက် သိတဲ့ ပုဂ္ဂိုလ်များ အဖို့ရာမှာ သမဏောဆိုတဲ့အသံကလေးကို ကြားလိုက်ရတာ စိတ်အေး၊ နှလုံးချမ်းမြေ့သော်လည်းပဲ သဒ္ဓါတရားခေါင်းပါး၊ ပညာတရားနည်းပါးတဲ့ ပုဂ္ဂိုလ်များအဖို့ကျတော့ ဒီအသံက နားခါးတယ်။ နားကြားပြင်းကပ်စရာဖြစ်ပါတယ်။ ဓမ္မကိစ္စမျိုး ပြောရလို့ရှိယင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ တရားကောင်းငါးပါး ရှိတယ်။

မသဒ္ဓါတဲ့ ပုဂ္ဂိုလ်ရဲ့ရှေ့မှောက်မှာ သဒ္ဓါတရားနဲ့ ပတ်သက်သော တရားစကားသည် နားဆင်းရဲတဲ့စကား၊ နားကြားပြင်းကပ်တဲ့စကားဖြစ်ပါတယ်။

http:\\www.dhammadownload.com



ဝီရိယမရှိတဲ့ လူပျင်းရဲ့ရှေ့မှာ လုံ့လဝီရိယနဲ့စပ်သော တရားစကားသည် နားကြားပြင်းကပ်တဲ့ စကားဖြစ်ပါတယ်။

မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေတဲ့ မုဋ္ဌသစ္စပုဂ္ဂိုလ်ရဲ့ရှေ့မှာ သတိနဲ့ပတ်သက်သော တရားစကားသည် နားကြားပြင်းကပ်သောစကားဖြစ်ပါတယ်။

ပျံ့လွင့်ပြီးတော့ အုတ်ခဲရိုက်ထားတဲ့ ပြာလို လွင့်ပါးနေတဲ့ ဥဒ္ဓစ္စသမားရဲ့ အထံမှာဆိုလို့ရှိယင် သမာဓိနဲ့ ပတ်သက်သော တရားစကားသည် နားကြားပြင်းကပ်တဲ့ စကားဖြစ်ပါတယ်။

ပညာမရှိတဲ့ လူမိုက်ရဲ့မျက်မှောက်မှာ ပညာနဲ့ပတ်သက်သော တရားစကားသည် နားကြားပြင်းကပ်တဲ့စကားဖြစ်ပါတယ်။

အဲဒီတော့ ဖခင် မဟာဝိဘဝပုဏ္ဏားက သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဗိုလ်ငါးပါး အားနည်းသူဆိုတော့ ဗိုလ်ငါးပါးအားကြီးတဲ့ သမီးကနေပြီး အိပ်ရာဝင်လည်း သမဏာ၊ အိပ်ရာထလည်း သမဏာ၊ စကားပြောရင်လည်းပဲ သမဏာ=ကိလေသာခပ်သိမ်း ငြိမ်းအေးတော်မူတတ်တဲ့ ရဟန်းတော်အရှင်မြတ်တွေပါတကားဆိုတဲ့ ဒီရဟန်းတော်ရဲ့ဂုဏ်ကို သူဒီလိုရွတ်ရတာ အင်မတန်အရသာရှိ၊ အင်မတန်ချိုမြိန်ပြီးတော့ သမီးက ရွတ်ဖန်များတော့ ဝေဖန်ရေးသမား၊ တစ်နည်းအားဖြင့် ဣန္ဒြေငါးပါး နုံ့နှေးသော ဖခင်က နားဆင်းရဲတဲ့စကား နားကြားပြင်းကပ်တဲ့စကားဖြစ်တော့ သမီးကို သူက ဘာပြောသလဲဆိုတော့=

သမဏာတိ ဘောတိ သုပိ၊
သမဏာတိ ပဗုဇ္ဈသိ။
သမဏာနေဝ ကိတ္တေသိ။
သမဏီ နူန ဘဝိဿသိ။

ဘောတိ=ချစ်သမီး ရောဟိနီ။ တွံ=သင်ချစ်သမီးသည်။ သမဏာ

http:\\www.dhammadownload.com



တိ=သမဏာဟူ၍။ သုပိ=နှုတ်က ရွတ်ကာ အိပ်စက်ပါ၏။

သမီး၊ အိပ်မယ်ကြံလည်းပဲ သမီး မြွက်ကြားရတယ်။

သမဏာ=ကိလေသာ ခပ်သိမ်း ငြိမ်းအေးစေတတ်တဲ့ ရဟန်းတော်အရှင်မြတ်တွေပါတကား။ ဒီလိုဥဒါန်းကျူးကျူးပြီးမှ သမီးအိပ်တယ်။

ဘောတိ=ချစ်သမီး ရောဟိနီ။ တွံ=သင်ချစ်သမီးသည်။ သမဏာတိ= သမဏာ၊ သမဏာဟူ၍။ ပဗုဇ္ဈသိ=နှုတ်ကမြွက်ကာ နိုးကြားပါ၏။

သမီး အိပ်ရာက နိုးရင်လည်းပဲ-

သမဏာ=ကိလေသာခပ်သိမ်း ငြိမ်းအေးစေတော်မူတတ်တဲ့ ရဟန်းတော်အရှင်မြတ်တွေပါတကား။

သူ့အိပ်ရာက ပထမဆုံး မင်္ဂလာရှိတဲ့ အသံကလေးပြောပြီးတော့ ထတယ်။

ဘောတိ=ချစ်သမီး ရောဟိနီ။ တွံ=သင်ချစ်သမီးသည်။ သမဏာနေဝ-သမဏာနိ ဧဝ=ရဟန်းတော်တို့၏ သီလ၊ သမာဓိ၊ ပညာကျေးဇူးဂုဏ်ကိုသာလျှင်။ ကိတ္တေသိ=ပြောကြား၍ နေဘိ၏။ တွံ=သင်ချစ်သမီးသည်။ သမဏီ=မကြာမြင့်မီ ရဟန်းမကလေးသည်။ ဘဝိဿသိ နူန=ဖြစ်လေယောင်တကား။

သမီးရယ်၊ အိပ်ရာဝင်လည်း သမဏာ၊ အိပ်ရာထလည်း သမဏာ၊ စကားပြောယင်လည်းပဲ သမီးက သမဏာ=ကိလေသာခပ်သိမ်း ငြိမ်းအေးစေတတ်တဲ့ ရဟန်းတော်အရှင်မြတ်တို့ပါတကားလို့ ရဟန်းတွေရဲ့ ဂုဏ်ကျေးဇူးကိုပဲ သမီး စကားပြောတယ်။ သမီးကြည့်ရတာ မကြာခင်များဘိက္ခုနီမကလေး ဖြစ်သွားမလားသမီးရယ်။ သရော်တော်တော် လှောင်တော်တော် လှောင်တောင်တောင်လိုပေါ့။ သမီး ဒါလောက်တောင်

http:\\www.dhammadownload.com



ရဟန်းတွေကို စိတ်က အာရုံစွဲယင် မကြာခင် သမီးဘိက္ခုနီမကလေး၊ ရဟန်းမကလေးများ ဖြစ်သွားမလားတဲ့။

သမဏီ နူန ဘဝိဿသိ။

တွံ=သင်ချစ်သမီးသည်။ သမဏီ=မကြာမြင့်မီ ဘိက္ခုနီမကလေး သည်။ ဘဝိဿသိနူန=ဖြစ်လိမ့်ယောင်တကား။

ဝိပုလံ အန္နဉ္စ ပါနဉ္စ၊
သမဏာနံ ပဝေစ္ဆသိ။
ရောဟိနီ ဒါနိ ပုစ္ဆာမိ၊
ကေန တေ သမဏာ ပိယာ။

ရောဟိနီ=ချစ်သမီး ရောဟိနီ၊ တွံ=သင်ချစ်သမီးသည်။ ဝိပုလံ= ပြန့်ပြောများပြတ်စွာသော။ အန္နဉ္စ=စားဖွယ်ကိုလည်းကောင်း။ ပါနဉ္စ= သောက်ဖွယ်ကိုလည်းကောင်း။ သမဏာ နံ=ဦးပြည်းခေါင်းမှန်း ရှင်ရဟန်း တို့အား။ ပဝေစ္ဆသိ=သဒ္ဓါရေ့ရှု ပေးလှူဘိ၏။

## သံဃာကို မကြည်ညိုသူ၏ အယူအဆ

သမီးကြည့်ရတာ ကနေ့ ဝေဖန်ရေးသမား သာသနာမကြည်ညို တဲ့ ပုဂ္ဂိုလ်များအလိုတော့ ဦးပြည်းခေါင်းမှန်း ရှင်ရဟန်းတို့ကိုသာ သမီးဟာ စားဖွယ်တွေ သောက်ဖွယ်တွေ မြောက်မြောက်မြားမြား လှူနေတန်းနေ တယ်တဲ့။

ရောဟိနီ=ချစ်သမီး ရောဟိနီ။ ဒါနိ=နေ့ရှည်ရက်ကြာ ငါဖခင် မခံသာတဲ့ ဤယခုအခါ၌။ (ရှေ့ရက်များက တကတည်း အိပ် သမဏာ၊ နေ့ သမဏာ၊ စကားပြော သမဏာ၊ ကြာတော့ နားက ဆင်းရဲတယ်။ နားမခံသာတဲ့ ယခုအခါ၌) တံ=သင်ချစ်သမီးကို။ ပုစ္ဆာမိ=သိလိုရေးမို့ ငါမေးလို၏။ ကေန=အဘယ်သို့ လှူဒါန်းတဲ့အကြောင်းကြောင့်။ တေ=

http:\\www.dhammadownload.com



သင်ချစ်သမီးသည်။ သမဏာ=ဣလိခေါ်မှန်း ရှင်ရဟန်းတို့ကို။ ပိယာ= မေတ္တာသက်ဝင် ချစ်ခင်လေးမြတ် ကြည်ညိုနှစ်သက်အပ်ပါသနည်း။

ဘာ့ကြောင့် သမီးဟာ မျက်မြင်အားဖြင့် ချစ်စရာခင်စရာ ကြည်ညိုစရာ နှစ်သက်စရာမရှိတဲ့ ဦးပြည်းရဟန်းတွေကို သမီးကြည်ညိုနေရတုံး၊ ဘာကြောင့် သမီးဟာ ရဟန်းတွေကို ချစ်ခင်နေရ၊ နှစ်သက်ကြည်ညိုနေရသတုံး။

ဖခင်က ဘာပြောချင်လို့တုံး။ ဖခင်ပြောတဲ့အသံက ရဟန်းတွေအပေါ် သာသနာတော်မှာ မကြည်ညိုတဲ့ မွဲတဲတဲအသံ ရှိပါတယ်။ ဖခင်ပြောချင်သမျှ ပြည့်စုံအောင်လည်း ပြောစမ်းပါဦးဆိုတော့-

အကမ္မကာမာ အလသာ၊
ပရဒတ္တူပဇီဝိနော။
အာသံသုကာ သာဒုကာမာ
ကေန တေ သမဏာ ပိယာ။ ။

ရောဟိနီ=ချစ်သမီးရောဟိနီ၊ တေ=သင်ချစ်သမီး၏။ ပိယာ= ချစ်ခင်လေးမြတ် နှစ်သက်ကြည်ညိုအပ်ကုန်သော။ တေ=ထိုရဟန်းတို့သည်။ အကမ္မကာမာ=အလုပ်ကို ဘယ်လိုနည်းနဲ့မှ မလုပ်လိုကြကုန်။

လူ့ဘုံ လူ့လောကဆိုတာ အလုပ်လုပ်မှ စားရဝတ်ရ ချမ်းချမ်းသာသာ နေရတယ်မဟုတ်လားသမီး။ သမီးမြတ်နိုးတဲ့ ရဟန်းတွေကို ကြည့်ရတာ ဘယ်တော့မှ အလုပ်လုပ်တယ်မရှိဘူး။ လယ်ထွန်ခြင်း၊ ယာလုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ နွားမွေးခြင်း၊ လူ့လောကမှာရှိတဲ့ အလုပ် ဘာအလုပ်မှ မလုပ်ဘူး။ အလုပ်လက်မဲ့ပုဂ္ဂိုလ်တွေ။ အကမ္မကာမာဆိုတာ အလုပ်မလုပ်ချင်တဲ့ ပုဂ္ဂိုလ်တွေ၊ အမြဲတစေ ပျင်းရိ၍ နေကြတဲ့ပုဂ္ဂိုလ်တို့ပါပေ။ စားလည်း လေးလေးကန်ကန်၊ သွားလည်း လေးလေးကန်ကန်၊ ထိုင်လည်း လေးလေးကန်ကန်၊ ထလည်းလေးလေးကန်ကန် ဘယ်နေရာ

http:\\www.dhammadownload.com



မှ လုံ့လဝီရိယမရှိတဲ့ပုဂ္ဂိုလ်တွေ၊ အင်မတန် ပျင်းရိတဲ့ ပုဂ္ဂိုလ်။

မန်တာပေ့နော်။ ဒီ သဒ္ဓါတရားခေါင်းပါးတဲ့ ပုဂ္ဂိုလ်ရဲ့ မျက်စိနဲ့ ကြည့်လို့ရှိယင် ရဟန်းတော်တွေရဲ့ သွားမှု၊ လာမှု၊ ရပ်မှု၊ ထိုင်မှု၊ နေမှုပြုပြုသမျှ အမူအရာအလုံးစုံတွေဟာ နုံ့တိနုံ့နေးတဲ့ အပျင်းထူတဲ့ ပုဂ္ဂိုလ်တွေလို့ ဒီလို ထင်စရာ ရှိပါတယ်။ အဲဒီလိုထင်တဲ့အတိုင်း အင်း–ဒီဝေဖန်ရေးသမား သဒ္ဓါတရားခေါင်းပါးသော ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ သမီးကို ဖခင် ဝိဘဝပုဏ္ဏားက ပြောတယ်။ သမီးကြည်ညိုတယ်ဆိုတဲ့ ဒီကိုယ်တော်တွေဟာ အင်မတန်ပျင်းတဲ့ ပုဂ္ဂိုလ်တွေ၊ ဘာမှအလုပ်မလုပ်ဘူး။

ပရဒတ္တူပဇီဝိနော=သူတစ်ပါး ပေးကမ်းအပ်တဲ့ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးပြည့်စုံကာ အသက်မွေးမှု ရှိတဲ့ပုဂ္ဂိုလ်တွေ၊ လက်ဝေခံစားတယ်။ အောက်ကျနောက်ကျ ဘာမှအလုပ်ကယ်လို့ မရှိဘဲနဲ့ သူတစ်ပါးပေးမှ စားရဝတ်ရနေရတဲ့ ပုဂ္ဂိုလ်တွေ–တဲ့။

အာသံသုကာ=လိုလားတောင့်တတဲ့ လောဘကြီးတဲ့ ပုဂ္ဂိုလ်တွေ။ သာဒုကာမာ=ချိုမြိန်ကောင်းမြတ်တဲ့ ပစ္စည်းလေးရပ်ကိုမှ အလိုရှိကြတဲ့ ပုဂ္ဂိုလ်တွေ။ အထ=ထိုသို့ဖြစ်ပါလျက်။ ကေန=အဘယ်သို့ ထူးဆန်းတဲ့ အကြောင်းကြောင့်။ တေ=သင်ချစ်သမီးသည်။ သမဏာ=ဤသိခေါ်မှန်း ထိုရဟန်းတို့ကို။ ပိယာ=ချစ်ခင်လေးမြတ် နှစ်သက်ကြည်ညိုအပ်ပါသနည်းချစ်သမီး–။

သမီး လောကမှာ ကြည့်လိုက်ယင် ဒီရဟန်းတွေလောက် အလုပ်မလုပ်ချင်တဲ့ ပုဂ္ဂိုလ်မရှိဘူး။ ပျင်းရိတဲ့ပုဂ္ဂိုလ်၊ သူတကာပေးတာ ကျွေးတာကို လက်ဝေခံစားနေတဲ့ပုဂ္ဂိုလ်၊ ရိုင်းရိုင်းပြောလို့ရှိရင် သူများအပေါ် ခေါင်းပုံဖြတ်နေတဲ့ ပုဂ္ဂိုလ်၊ ဒီလိုပြောချင်တယ်။

အာသံသုကာ=အင်မတန် လောဘတရားအလိုရှိတဲ့ပုဂ္ဂိုလ်တွေ။

http:\\www.dhammadownload.com



သာဒုကာမာ=ကောင်းခံစားရတဲ့ ပုဂ္ဂိုလ်၊ မျှတရောင့်ရဲမှု မရှိဘဲနဲ့ ကောင်းတာကို ဝတ်ချင်တယ်။ ကောင်းတာကို စားချင်တယ်။ ကောင်းတာကို လိုချင်တယ်။ သူ့အနေနဲ့ကတော့ ဒီရဟန်းသံဃာတော်တွေအား ဗုဒ္ဓဘာသာဝင် သူတော်စင်တွေက ကောင်းတဲ့ အစာကို ကျွေးခြင်း၊ ပေးခြင်း၊ ကောင်းသောအဝတ်ကို ပေးခြင်း၊ ကောင်းသော ကျောင်း အိပ်ရာနေရာ ပေးတာ လှူတာကို တယ်ပြီးတော့ သဒ္ဓါတရားမရှိတော့ မရှိသလို၊ အဲ အလုပ်ကဖြင့် ဘာမှမရှိဘဲနဲ့ သမီးရဲ့ရဟန်းတွေဟာ ကောင်းတာကိုမှလိုချင်တယ်။

ဒီလိုဖြစ်ပါလျက် သမီးကများ ဒီကိုယ်တော်တွေကို ဘာကြောင့် ဒါလောက် သဒ္ဓါ ရှေးရှု ကြည်ညိုလေးမြတ်နှစ်သက်နေရသလဲ၊ မေးတယ်။ အေး-ဝေဖန်ရေးသမားတစ်ယောက်အနေနဲ့တော့ ဒါမေးစရာပေါ့။

ကနေ့တော့ ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်ကြတဲ့ အမျိုးကောင်းသားတစ်ယောက်၊ အမျိုးကောင်းသမီးတစ်ယောက်ကို သဒ္ဓါတရားခေါင်းပါးတဲ့ ဟုတ်လား။ အင်း-အယူတစ်ပါးက ပုဂ္ဂိုလ်တွေက "ဘာပြုလို့ ခင်ဗျားတို့ ဒီကိုယ်တော်တွေ ဆွမတော်မျိုးမတော် ဒါလောက်တောင် ခင်ဗျားတို့ ချစ်ခင်ကြည်ညို လေးမြတ်နှစ်သက်၍ နေရသလဲ"လို့များ မေးရင် ဖြေတတ်အောင်ပေါ့လေ။ ယထာဘူတကျအောင် ဖြေတတ်အောင်။

## သံဃာတော်များကို ကြည်ညိုခြင်းအကြောင်း

အခု ရောဟိနီဆိုတဲ့ သောတာပန်တည်တဲ့ အရိယာမကလေးက သမီးကလေးက ဘာပြန်ဖြေသလဲဆိုတော့-

စိရဿံ ဝတ မံ တာတ၊ သမဏာနံ ပရိပုစ္ဆသိ။
တေသံ တေ ကိတ္တယိဿာမိ၊ ပညာသီလပရက္ကမံ။

တာတ=မွေးသဖခင် ကျေးဇူးတော်ရှင်။ စိရဿံ=အချိန်မြင့်ကြာ

http:\\www.dhammadownload.com



အခါရင့်ညောင်းကြာမှ။ တွံ=သင်ဖခင်သည်။ မံ=သမီးကို။ သမဏာနံ= ကိလေသာခပ်သိမ်း ငြိမ်းအေးစေတတ် ရဟန်းတော်အရှင်မြတ်တို့၏။ သာသနံ=အကြောင်းအရာကို။ ပရိပုစ္ဆသိ=မေးမြန်းဘိ၏။

ဖခင်၊ မေးဖို့ရန်အချိန်ဟာ အင်မတန်ကို လွန်ခဲ့ပါပြီ။ အချိန် အင်မတန်ကြာမှ ဖခင်က သမီးကို ရဟန်းတော်များရဲ့ အကြောင်းကို အခုမှ အပြစ်တင်ရတယ်။ အပြစ်တင်တောင် နှောင်းနေသေးတယ်။

တေသံ တေ ကိတ္တယိဿာမိ၊ ပညာသီလပရက္ကမံ။

တာတ=မွေးသဖခင် ကျေးဇူးရှင်။ ဒါနိ-ဣဒါနိ=သိလိုရေးနဲ့ မေး မြန်းဘိရာ ဤယခုအခါ၌။ အဟံ=ရောဟိနီခေါ်တဲ့ အကျွန်ုပ်သမီးတော် သည်။ တေ=မွေးသဖခင် ကျေးဇူးရှင်အား။ တေသံ=ထိုကိလေသာ ခပ်သိမ်း ငြိမ်းအေးစေတတ် ရဟန်းတော်အရှင်မြတ်တို့၏။ ပညာသီလ ပရက္ကမံ=ပညာဂုဏ်၊ သီလဂုဏ်၊ သမာဓိအလုံးစုံကို။ ကိတ္တယိဿာမိ= သမီးသိသလောက် ပြောကြားပါအံ့။

သမီးသိသလောက် ရဟန်းတော်သခင် အရှင်သူမြတ်တို့ရဲ့ ကြည် ညိုဖွယ်ကောင်းတဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ဆိုတဲ့ သိက္ခာ သုံးပါး ဂုဏ်ကျေးဇူးများကို သမီးသိသလောက် ဖခင်အား ပြန်ကြားပြော ဆိုပါ့မယ်။

ပြောစမ်းပါသမီးရယ်လို့ ဆိုပြီးတော့ ဖခင်က ပြောတယ်။ အကမ္မကာမာ-တဲ့။ သမီးရဲ့ ကိုယ်တော်တွေ အလုပ်မလုပ်ချင်ဘူး။ လယ် မထွန်ချင်ဘူး ယာမလုပ်ချင်ဘူး။ ကုန်မရောင်းချင်ဘူး။ ခါးချိုးပြီးတော့ ဘာအလုပ်ကမှ မလုပ်ချင်ဘူးလို့ ဖခင်က ပြောတယ်။ အလုပ်လက်မဲ့တွေ ပါလို့ ပြောတယ်။ မဟုတ်ပါဘူး။

http:\\www.dhammadownload.com



## အချိန်ပြည့် အလုပ်လုပ်ကြသော ရဟန်းတော်များ

ကမ္မကာမာ အနလသာ၊
ကမ္မသေဋ္ဌသ ကာရကာ။
ရာဂံ ဒေါသံ ပဇဟန္တိ၊
တေန မေ သမဏာ ပိယာ။ ။

တာတ=မွေးသဖခင် ကျေးဇူးရှင်။ သမဏာ=ကိလေသာ ခပ်သိမ်း ငြိမ်းအေးစေတတ် ရဟန်းတော် အရှင်သူမြတ်တို့သည်။ ကမ္မကာမာ=အလုပ်ကို တကယ်အလိုရှိတော်မူကြပါပေကုန်၏။

ဖခင်-တဲ့။ လူ့ပြည်လောကက လောဘတွေ ဒေါသတွေ ရှေ့သွားပြုပြီး လုပ်တဲ့အလုပ်တွေသာ ဖခင်က မြင်တယ်။ သဒ္ဓါပညာတရား ရှေးရှုသော ရဟန်းတော်အရှင်သူမြတ်ကို သူလုပ်တဲ့အလုပ်ကိုတော့ ဖခင် မမြင်ဘူး။ ရဟန်းတော်သခင် အရှင်သူမြတ်တွေ အလုပ်ကို တကယ်လိုလိုလားလား အလုပ်လုပ်ကြပါတယ်။ တစ်နေ့တွင် နှစ်ဆယ့်လေးနာရီ ရှိတဲ့အနက်က နာရီပြည့်အလုပ်လုပ်တယ်ဆိုတဲ့ အရှင်မြတ်ဟာ နာရီနှစ်ဆယ်တိတိ အလုပ်လုပ်တယ်။

ဘုန်းကြီးတို့ စရဏတစ်ဆယ့်ငါးပါးမှာ ဇာဂရိယာနုယောဂလို့ ပါတယ်။ တကယ့် ဇာဂရိယာနုယောဂ အောင်အောင်မြောက်မြောက် အလုပ်လုပ်တော့မယ် ဆိုလို့ရှိယင်-

ဒိဝသံ စင်္ကမေ န နိသဇ္ဇာယ အာဝရဏီ ယေဟိဓမ္မေဟိ စိတ္တံ ဝိသောဓေတိ-တဲ့။

တစ်နေ့လုံးလုံး အိပ်ချိန်မရှိရဘူး။ စင်္ကြံသွားခြင်း၊ ညောင်းယင် ထိုင်ခြင်း။ ဒါပဲ။ မအိပ်ရဘူး။ စင်္ကြံသွားခြင်း၊ ထိုင်ခြင်း၊ ဣရိယာပုထ် နှစ်ပါးဖြင့် ဈာန်မဂ်ဖိုလ်ကို ပိတ်ဆို့တတ်သော နီဝရဏ အကုသိုလ်တရားတို့မှ မိမိတို့ရဲ့ စိတ်ကို စင်ကြယ်အောင် ရဟန်းတရား ပွားများကြိုးကုတ်

http:\\www.dhammadownload.com



အားထုတ်ကြတယ်။ ညဦးယံပိုင်း ရဟန်းတရားပွားများကြိုးကုတ် အား ထုတ်ကြတယ်။ မိုးသောက်ယံပိုင်းမှာ ရဟန်းတရားပွားများ ကြိုးကုတ် အားထုတ်ကြတယ်။

တစ်ညကို သုံးပုံပုံယင် တစ်ပုံတည်း အလယ်ပိုင်းမှာ ကျိန်းစက် တော်မူကြတယ်။ ရူပကာယ ပင်ပန်းနွမ်းနယ်တဲ့အတွက် နောက်ရက် နောက်လမှာ အလုပ်မလုပ်နိုင်မှာစိုးလို့ အလုပ်လုပ်ဖြစ်ရုံကလေး လေး နာရီလောက်မှာ ကျိန်းစက်တော်မူကြတယ်။ စရဏတရားမသိလို့ ရဟန်း တော် အရှင်သူမြတ်တွေမှာ အလုပ်မရှိဘူးပြောနေတာ။ ရဟန်းတော် အရှင်သူမြတ်တွေရဲ့ အလုပ်သည် နှစ်မျိုး ရှိတယ်။

ဂန္ထအလုပ်၊ ဝိပဿနာအလုပ်၊ ကျမ်းဂန်ပို့ချခြင်းဆိုတဲ့ ဂန္ထအလုပ် ကလည်း နံနက် နံနက်မို့လို့၊ နေ့နေ့မို့လို့၊ ညနေညနေမို့လို့၊ ည–ညမို့လို့၊ နေ့နေ့ညည မအားရအောင် အလုပ်ကို လုပ်နေတာပါ။ ဝိပဿနာစုရ ဝါသစုရ ခေါ်တဲ့ ဝိပဿနာလုပ်ငန်း ကြိုးပမ်းတော်မူတဲ့ ဘက်ကလည်း ပဲ နေ့နေ့ညည ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ပြီးတော့ နေတာပါ။ ဖခင် တို့ လူ့လောကပြောတဲ့ အလုပ်ဆိုတာက ဟုတ်လား။ နံနက် ဘယ်နှစ်နာရီ က ဘယ်နှစ်နာရီ။ မောင်းခေါက်တယ်ဆိုယင် နား၊ နေ့လယ် ဘယ်နှစ် နာရီ နား၊ ညနေ ဘယ်နှစ်နာရီက မောင်းခေါက်တယ်ဆိုယင် နားတယ်။ မပြီးပြီး ပြီးပြီး နားတာပဲ။ ဒါလည်း ကနေ့အဖို့ရာမှာပေါ့လေ။ လူလောက အလုပ် ဆိုတာ ခုနစ်နာရီ၊ ရှစ်နာရီ ရှိပါတယ်။

သာသနာအလုပ်က နာရီနှစ်ဆယ်တိုင်အောင် အလုပ်လုပ်တော် မူကြပါတယ်။

အနလသာ=ဘယ်တော့မှ ပျင်းရိလို့ မနေကြတဲ့ ပုဂ္ဂိုလ်တွေပါ။

ဖခင်က အပျင်းထူတဲ့ ပုဂ္ဂိုလ်တွေတဲ့။ နုံ့နုံ့နှေးနှေး၊ သွားတာလာ တာ။ စားတာက ပစ္စဝေက္ခဏာနဲ့ သွားရတာ။ သမ္ပဇဉ်နဲ့ လှမ်းရတာ။

http:\\www.dhammadownload.com



ဉာဏ်ပညာနည်းပါးတဲ့လူရဲ့ မျက်စိနဲ့ကြည့်တော့ ဟာ–သွားပုံက နုံ့နုံ့နေ့းနေ့း၊ စားပုံက နုံ့နုံ့နေ့းနေ့း၊ ထိုင်လည်းပဲ နုံ့နုံ့နေ့းနေ့း၊ နေရာတကာ နုံ့နုံ့နေ့းနေ့း၊ အင်မတန်အပျင်းထူတဲ့ ပုဂ္ဂိုလ်တွေလို့ ဒီလိုမြင်နေတာ။

သမီးက အဲဒါ အပျင်းထူတာမဟုတ်ဘူး–တဲ့။ သတိသမ္ပဇဉ်နဲ့ သွားတယ်။ သတိသမ္ပဇဉ်နဲ့ ထိုင်တယ်။ သတိသမ္ပဇဉ်နဲ့ ပြောတယ်။ စကားပြောယင်လည်း မမှားအောင် သတိသမ္ပဇဉ် ရှေ့သွားပြုပြီး ပြောတယ်။ ဣရိယာပုတ်လေးပါး ပြုပြုသမျှ အမှုခပ်သိမ်း ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုဆိုတဲ့ အမှုသုံးမျိုးလုံးမှာ သတိသမ္ပဇဉ် ရှေ့သွားပြုပြီးတော့ ပြောနေတာ ဖြစ်တော့ အပျင်းထူတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ဘူး–တဲ့။

သမဏာ=ကိလေသာခပ်သိမ်း ငြိမ်းအေးစေတတ် ရဟန်းတော် အရှင်သူမြတ်တို့သည်။ ကမ္မကာမာ=တကယ်ပင် အလုပ်ကို ပြုလုပ်နေကြတဲ့ ပုဂ္ဂိုလ်တို့ပါပေ။ အနလသာ=တကယ်ပင် ပျင်းရိခြင်း ကင်းတော်မူကြတဲ့ ပုဂ္ဂိုလ်တို့ပါပေ။ ကမ္မသေဋ္ဌဿ=အမြတ်ဆုံးသော သမထ ဝိပဿနာ ဘာဝနာအလုပ်ကို။ ကာရကာ=နေ့စဉ်ကြိုးကုတ် ပြုလုပ်တော်မူကြပါပေကုန်၏။

လောကမှာ အမြတ်ဆုံးခေါ်တဲ့ သမထအလုပ်၊ ဝိပဿနာ ဘာဝနာ အလုပ်ကောင်းတွေ နေ့နေ့ညည ကြိုးကုတ်ပြုလုပ်တော်မူနေကြတာလို့ ဖခင်မသိလို့ ပြောတယ်။

ဖခင်က ပြောတာက "အာသံသုကာ သာဒုကာမာ=ဒီကိုယ်တော်တွေက အမြဲတစေ တောင့်တနေတယ်"လို့ ဖခင်က ထင်တယ်။ မဟုတ်ပါဘူး။ အရှင်မြတ်တွေလုပ်တဲ့အလုပ်က သမထဘာဝနာ၊ ဝိပဿနာဘာဝနာအလုပ်က လောဘ ဒေါသကို ပယ်ရန် အလုပ်ဖြစ်တဲ့အတွက် ဘာမှ တောင့်တမှု လောဘတဏှာ မရှိပါဘူးတဲ့။

ကမ္မသေဋ္ဌဿ=အမြတ်ဆုံးသော သမထဝိပဿနာ ဘာဝနာ

http:\\www.dhammadownload.com



အလုပ်ကို။ ကာရကာ=နေ့စဉ်ကြိုးကုတ် အားထုတ်တော်မူကြကုန်သည် ဖြစ်၍။ ရာဂဋ္ဌ=တပ်မက်မှု ရာဂတရားကိုလည်းကောင်း။ ဒေါသဋ္ဌ=ပြစ်မှားမှု ဒေါသတရားကိုလည်းကောင်း၊ ပဇဟန္တိ=အကြွင်းမဲ့ ပယ်ဖျောက်တော်မူနိုင်ကြပါပေကုန်၏။ တေန=ထိုသို့သော အကြောင်းကြောင့်။ မေ= သမီးတော် အကျွန်ုပ်သည်။ သမဏာ=ကိလေသာခပ်သိမ်း ငြိမ်းအေးစေတတ် ရဟန်းတော်အရှင်မြတ်တို့ကို။ ပိယာ=မေတ္တာသက်ဝင် ချစ်ခင်လေးမြတ် ကြည်ညို နှစ်သက်အပ်ပါကုန်၏။

အကြောင်းအကျိုးနဲ့ပေါ့လေ။ လုံလုံလောက်လောက်။ အင်းတစ်မျိုးပြောရရင် ဖခင်–တဲ့။ သမထဝိပဿနာဘာဝနာဆိုတာ အလွန်မွန်မြတ်တဲ့ အလုပ်ကို ကြိုးကုတ်အားထုတ်တော်မူကြတဲ့အတွက် လောဘကိုလည်း ပယ်တော်မူကြတယ်။ ဒေါသကိုလည်း ပယ်တော်မူကြတယ်။ လောဘ၊ ဒေါသ၊ မောဟပယ်ကြောင်း ထိုအကြောင်းကြောင့် သမီးတော်ဟာဖြင့် ရဟန်းတော်အရှင်သူမြတ်တွေကို မေတ္တာသက်ဝင် ချစ်ခင်လေးမြတ် အမြဲတစေ ကြည်ညိုနှစ်သက်၍ နေအပ်ပါတယ်။ ဒါပြောတာ။

## အလုပ်တကာတို့တွင် မြတ်သောအလုပ်

တီဏိ ပါပဿ မူလာနိ၊
ဓုနန္တိ သုစိကာရိနော။
သဗ္ဗံ ပါပံ ပဟီနေသံ၊
တေန မေ သမဏာ ပိယာ။

တာတ=မွေးသဖခင် ကျေးဇူးရှင်။ ပါပဿ=ဒုစရိုက်စု မကောင်းမှု၏။ တီဏိမူလာနိ=အကြောင်းရင်းမူလ လောဘ၊ ဒေါသ၊ မောဟသုံးပါးတို့ကို။ သုစိကာရိနော=စင်ကြယ်သော အမှုကို ပြုတော်မူကြကုန်သည်ဖြစ်၍။ တေ=ထို ကိလေသာခပ်သိမ်းငြိမ်းအေးစေတတ် ရဟန်းတော်အရှင်မြတ်တို့သည်။ ဓုနန္တိ=နေ့ရှိသမျှ ကိုယ်မှ ခါတွက်ကြပါကုန်၏။

http:\\www.dhammadownload.com



ဖခင်၊ ရဟန်းတော် အရှင်သူမြတ်တွေဟာ ပါပမူလ=မကောင်းမှု အကုသိုလ်ရဲ့ အကြောင်းရင်းမူလဖြစ်တဲ့ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်ဆိုတဲ့ ဒီအကုသိုလ် မူလသုံးပါးကို သုစိကမ္မ=စင်ကြယ်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ပြုတော်မူကြခြင်းဖြင့် လောဘ၊ ဒေါသ၊ မောဟတွေကို အမြဲတစေ ကိုယ်မှခါတွက်တဲ့ အလုပ်ကို လုပ်တော်မူကြတယ်။ ဖခင်ပြောတဲ့ အလုပ်တွေက လောဘကြီးဖို့၊ ဒေါသကြီးဖို့၊ မောဟကြီးဖို့ အလုပ်ကို လုပ်နေတာ။ ဝေဖန်ရေးသမားမျက်စိနဲ့ကြည့်တော့ လောဘ၊ ဒေါသ၊ မောဟတိုးဖို့ အလုပ်လုပ်မှ အလုပ်လုပ်တယ်ထင်တာ။

အရိယာမျက်စိနဲ့ ကြည့်လိုက်တဲ့အခါကျတော့ လောဘ၊ ဒေါသ၊ မောဟကို ပယ်စွန့်ဖို့အလုပ်ကို လုပ်တာမှ မြတ်သောအလုပ်၊ အဲဒီအလုပ် လုပ်တဲ့အတွက် ဟုတ်လား။ ဒီအရှင်မြတ်တွေဟာ ပါပမူလဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်မူလသုံးပါးကို ကိုယ်မှခါထွက် အမြဲတစေ ပယ်ရှားတဲ့ အလုပ်ကို လုပ်နေတယ်တဲ့။ ယင်းသို့ အလုပ်ကို လုပ်နေတဲ့အတွက်–

နေသံ=ထိုရဟန်းတော်သခင် အရှင်သူမြတ်တို့၏။ သဗ္ဗပါပံ= ကြွင်းမဲ့ဉသုံ အလုံးစုံသော မကောင်းမှုအကုသိုလ်ကို။ ပဟီနံ=သမုစ္ဆေဒ ပဟာန်ဖြင့် ပယ်လှန်ဖြတ်တောက်အပ်လေပြီ။

အဲဒီလိုအလုပ်ကို တွင်တွင်ကြီး လုပ်တဲ့အတွက် အကုသိုလ် တစ်ဆယ့်နှစ်ပါး တရားအစုကိုဖြင့် အကြွင်းမဲ့ပယ်သတ်ပြီး ဖြစ်တော်မူနေကြပါတယ်။

တေန=ထိုသို့သော အကြောင်းကြောင့်။ မေ=ရောဟိနီ မည်တွင်ခေါ် သမီးတော် အကျွန်ုပ်သည်။ သမဏာ=ကိလေသာခပ်သိမ်း ငြိမ်းအေးစေတတ် ရဟန်းတော် အရှင်သူမြတ်တို့ကို ပိယာ=မေတ္တာသက်ဝင် ချစ်ခင်လေးမြတ် ကြည်ညိုနှစ်သက်အပ်ပါကုန်၏။

http:\\www.dhammadownload.com



## ကံသုံးပါး စင်ကြယ်ခြင်း

ဖခင်၊ ကာယကံကလည်း စင်ကြယ်တဲ့အမှု၊ ဝစီကံကလည်း စင်ကြယ်တဲ့အမှု၊ မနောကံကလည်း စင်ကြယ်တဲ့အမှုပြုတော်မူကြလို့ လောဘရော၊ ဒေါသရော၊ မောဟရော၊ လောဘ၊ ဒေါသ၊ မောဟသုံးပါး ခေါင်းဆောင်တဲ့ အလုံးစုံသော အကုသိုလ် ဟူသမျှတွေကို သမုစ္ဆေဒ ပဟာန်နဲ့ အကြွင်းမဲ့ပယ်လှန်ပြီး ဖြစ်တော်မူကြသောကြောင့် ကြည်ညို ထိုက်လို့ ရဟန်းတော်အရှင်သူမြတ်တွေကို သမီးတော် ကြည်ညိုနေတယ်။

ဒါတင်ပဲလား သမီးရယ်ဆိုတော့-

ကာယကမ္မံ သုစိ နေသံ၊
ဝစီကမ္မဉ္စ တာဒိသံ။
မနောကမ္မံ သုစိ နေသံ၊
တေန မေ သမဏာ ပိယာ။

တာတ=မွေးသဖခင် ကျေးဇူးရှင်။ နေသံ=ထိုရဟန်းတော်သခင် အရှင်သူမြတ်တို့၏။ ကာယကမ္မံ=ပြုပြုသမျှ ဥသုံကာယကံအလုံးစုံသည်။ သုစိ=အကုသိုလ်အညစ်အကြေး ခပ်သိမ်းကုန် စင်ကြယ်၍ နေပါပေ၏။

အရှင်သူမြတ်တွေ ကာယကံမှုပြုလုပ်တဲ့နေရာ ပါဏာတိပါတ ဒုစရိုက်လည်း မပါဘူး။ အဒိန္နဒါန် ဒုစရိုက်လည်း မပါဘူး။ ကာမေသု မိစ္ဆာစာရ ဒုစရိုက်လည်း မပါဘဲနဲ့ ကာယကံမှုပြုပြုသမျှ ကာယဒုစရိုက် သုံးပါးမှ စင်ကြယ်တဲ့ အမှုတွေဖြစ်နေပါတယ်။

နေသံ=ထိုရဟန်းတော်သခင် အရှင်သူမြတ်တို့၏။ ဝစီကမ္မဉ္စ= နှုတ်ဝယ်အိန့်၍ မိန့်ခြွေပြုလေသမျှ လေးပါးသော ဝစီကံအမှုလည်းပဲ။ တာဒိသံ=ထိုသို့ အကုသိုလ်အညစ်အကြေး ကင်းဝေးစင်ကြယ်၍ နေပါ၏။

http:\\www.dhammadownload.com



နှုတ်က မြွက်ဆိုပြောတဲ့အခါမှာလည်းပဲ မုသာဝါဒမပါဘူး။ သုပိဏာဝါစာ မပါဘူး။ ဖရုသဝါစာမပါဘူး။ သမ္ဖပ္ပလာပ မပါဘူး။ အညစ်အကြေးလေးမျိုးမှ ကင်းပေးစင်ကြယ်၍ နေပါတယ်။

နေသံ=ထို ရဟန်းတော်သခင် အရှင်သူမြတ်တို့၏။ မနောကမ္မံ= စိတ်တော်က ကြံကြံသမျှ မနောကံအမှုကိစ္စအဝဝတို့သည်။ သုစိ=အမြဲတစေ စင်ကြယ်၍သာ နေပါပေ၏။

စိတ်ကလည်းပဲ ဝိဟိံသာဝိတက်=သူတစ်ပါးညှဉ်းပန်းနှိပ်စက်ဖို့ ဘယ်တော့မှ မကြံဘူး။ ဗျာပါဒဝိတက်=သူတစ်ဖက်သား ပျက်ပြားအောင် လုပ်ဖို့ ဘယ်တော့မှ မကြံဘူး။ ကာမဝိတက်=လောဘတိုးပွားဖို့ အကြံ ဘယ်တော့မှ မကြံဘူး။ ဘယ်နေရာ ကြံတုံး။ နေက္ခမ္မဝိတက်=ဩဝ်– အာရုံငါးပါး ဒုက္ခစက်ထဲက ဘယ်လိုများ လွတ်မြောက်ရပါ့မလဲ။ ဒီလို နေက္ခမ္မဝိတက်ကြံတယ်။ အဗျာပါဒဝိတက်=သတ္တဝါတွေ ချမ်းသာအောင် ဘယ်လိုများ ရွက်ဆောင်ရပါ့မယ်။ အဲဒီလို မေတ္တာနှင့် ယှဉ်တဲ့ဝိတက်၊ ကရုဏာနဲ့ ယှဉ်တဲ့ ဝိတက်=အဝိဟိံသာတိတက်၊ မနောကံ စိတ်အစဉ်က လည်းပဲ နေက္ခမ္မ၊ အဗျာပါဒ၊ အဝိဟိံသာဆိုတဲ့ သမ္မာဝိတက်သုံးပါးနဲ့ ပတ်သက်တဲ့အကြံကိုသာ ကြံနေတဲ့အတွက် အမြဲတစေ မနောကံကလည်း စင်ကြယ်၍ နေပါပေတယ်။

တေန=ထိုကာယကံစင်ကြယ်၊ ဝစီကံစင်ကြယ်၊ မနောကံ စင်ကြယ်၊ သုံးပါး စင်ကြယ်ခြင်းတည်းဟူသော အကြောင်းကြောင့်။ မေ= ရောဟိနီတွင်ခေါ်သမီးတော်သည်။ သမဏာ=ကိလေသာခပ်သိမ်း ငြိမ်းအေးစေတတ် ရဟန်းတော် အရှင်သူမြတ်တို့ကို။ ပိယာ=မေတ္တာသက်ဝင် ချစ်ခင်လေးမြတ် နှစ်သက်ကြည်ညိုအပ်ပါကုန်၏။

လို့ တတိယ ဖြေကြားပါတယ်။ ဒါတင်ပဲလားလို့ ဆိုတော့–

http:\\www.dhammadownload.com



## အတွင်းအပြင် ညစ်ကြေးကင်းစင်

ဝိမလာ သန်မုတ္တာဝ၊
သုဒ္ဓါ သန္တရဗာဟိရာ။
ပုဏ္ဏာ သုက္ကာန ဓမ္မာနံ၊
တေန မေ သမဏာ ပိယာ။

တာတ=မွေးသဖခင် ကျေးဇူးရှင်။ တေ=ထို ရဟန်းတော်သခင် အရှင်သူမြတ်တို့သည်။ သန်မုတ္တာဝ=ပွတ်သစ်စ ခရုသင်း၊ ခုံးသစ်စ ပုလဲ နှင့် တူကုန်သည်ဖြစ်၍။ ဝိမလာ=ရာဂါ ဒေါသ မောဟယစ်မူး အညစ် အကြေးမှ ကင်းဝေးတော်မူကြကုန်၏။

အရှင်မြတ်တွေသဏ္ဌာန် ကြည့်လိုက်လို့ရှိယင် ပွတ်သစ်စ ခရု သင်း ခုံးသစ်စ ပုလဲနဲ့တူသောကြောင့် လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အညစ်အကြေး ကင်းဝေးတော်မူကြပါပေကုန်၏။

သန္တရဗာဟိရာ=အတွင်းရော အပရော နှစ်ဌာနစလုံးပင်။ သုဒ္ဓါ= အကုသိုလ်ဟူ၍ မြူမျှမထင်စင်ကြယ်နေကြပါပေကုန်၏။

အတွင်းအပြင် သန္တာန်နှစ်ရပ်စလုံး ထို အရှင်သူမြတ်တွေမှာ စင်ကြယ်လျက် ရှိတယ်တဲ့။ အတွင်းက အာသယဓာတ်။ အာသယဆိုတာ ဘာလုပ်လိုက်မယ်၊ ညာလုပ်လိုက်မယ်ဆိုတဲ့ အလိုအာသယဓာတ်က လည်းပဲ ဒုစရိုက်မှုကို ပြုဖို့ အာသယဓာတ်မရှိဘူး။ သုစရိုက်မှုကောင်း သော အမှုကို ပြုဖို့ပဲ အာသယဓာတ်ရှိတယ်။ အဲဒီ အတွင်းအာသယဓာတ် ကောင်းတော့ စင်ကြယ်တဲ့လူ။ အပြင်မှာ ရောက်လာတဲ့ အလုပ်ကိုလည်း ပဲ ကောင်းသောအလုပ်ကိုပဲ ပြုလုပ်တယ်။ ကာယကံကလည်း ကောင်း သော အမှုကိုပဲ ပြုတယ်။ ဝစီကံကလည်းပဲ ကောင်းသော အပြောအဆို ကိုပဲ ပြောတယ်။ အေး–အပြင်မှာ–အပြင်မှာ။ အဲဒီလို အပြင်မှာ ထွက် ပေါ်လာတဲ့ ကာယပယောဂ၊ ဝစီပယောဂ၊ ဒီပယောဂလည်းပဲ စင်ကြယ်

http:\\www.dhammadownload.com



နေတယ် တဲ့။ ဒါ ဘာပြုလို့တုံးဆိုတော့ လောဘ၊ ဒေါသ၊ မောဟ ယစ်မူး အညစ်အကြေး ကင်းဝေးတော်မူကြတဲ့အတွက် အတွင်းအာသယဓာတ်က လည်း စင်ကြယ်၊ အပြင်ပယောဂ လုံ့လဝီရိယလုပ်ငန်းကလည်း စင်ကြယ်၍နေပါတယ်။ အတွင်းစင်ကြယ်၊ အပြင်စင်ကြယ် နှစ်ပါးဖြင့် စင်ကြယ်၍နေတဲ့အတွက်–

ပုဏ္ဏာ သုက္ကာန ဓမ္မာနံ=ကောင်းမှုကုသိုလ်တရားတို့နှင့် နေ့ရှိသမျှ ကုံလုံပြည့်စုံ၍ နေပါပေကုန်၏။ တေန=ထိုကောင်းမှုကုသိုလ်နှင့် နေ့ရှိသမျှ ကုံလုံပြည့်စုံ၍နေခြင်း ဟူသောအကြောင်းကြောင့်။ မေ=ရောဟနီ မည်ခေါ် သမီးတော်သည်။ သမဏာ=ကိလေသာခပ်သိမ်း ငြိမ်းအေးစေ တတ် ရဟန်းတော်အရှင်မြတ်တို့ကို။ ပိယာ=မေတ္တာသက်ဝင် ချစ်ခင်လေး မြတ် နှစ်သက်ကြည်ညိုအပ်ပါ၏။

ဖခင်–တဲ့။ ကိုယ်တော်တွေကြည့်စမ်း၊ အပေါ်ယံက ပယောဂခေါ် တဲ့ ကာယပယောဂ၊ ဝစီပယောဂဆိုတဲ့ ပြုသမျှလုံ့လတွေ၊ နှုတ်နဲ့ပြော တဲ့ လုံ့လတွေ အမြဲစင်ကြယ်တယ်။ အကုသိုလ်မှု တစ်ခုမှမပါဘူး။ ဒါ ဘာပြုလို့တုံးဆိုတော့ အတွင်းက အာသယခေါ်တဲ့ ဓာတ်ခံတွေက စင် ကြယ်နေလို့ အပေါ်ယံအပြင်မှာရှိတဲ့ အခုပြောတဲ့ အမှုတွေဟာ စင်ကြယ် တယ်။ အတွင်းအပ နှစ်ဌာန စင်ကြယ်တဲ့အတွက် ထို ကိုယ်တော်အရှင် မြတ်တွေမှာ ဖြူစင်တဲ့ စတုဘူမက ကုသိုလ်တရားတွေနဲ့ပြည့်တယ်။ အဲဒီလိုပြည့်နေတဲ့အတွက် ရဟန်းတော်အရှင်သူမြတ်တွေကို သမီးတော် ချစ်ခင် လေးမြတ်နှစ်သက် ကြည်ညိုအပ်ပါတယ်–တဲ့။ ဒါတင်ပဲလား သမီးရယ် ဆိုတော့–

ဗဟုဿုတာ ဓမ္မဓရာ
အရိယာ ဓမ္မ ဇီဝိနော။
အတ္ထံ ဓမ္မဉ္စ ဒေသေန္တိ၊
တေန မေ သမဏာ ပိယာ။

http:\\www.dhammadownload.com



တာတ=မွေးသဖခင် ကျေးဇူးရှင်။ တေ= ထိုရဟန်းတော်သခင် အရှင်သူမြတ်တို့သည်။ ဗဟုဿုတာ=အာဂမ အဓိဂမ နှစ်ဌာနဋ္ဌပင် သုတများဖြင့် ကြွယ်ဝတော်မူကြပါပေကုန်၏။

## ဆယ်ပါးသော တရားတော်၌ ဗဟုသုတများခြင်း

ယီးတီးယားတား မထင်နဲ့ဖခင်။ ဤရဟန်းတော်အရှင်သူမြတ်တွေဆိုတာ အာဂမ ဗဟုသုတခေါ်တဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဘုရားစကားတော်တည်းဟူသော အာဂမနဲ့ စပ်၍လည်းပဲ ဗဟုသုတ အင်မတန်ပွားများကြတယ်။ အဓိဂမခေါ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်နဲ့ စပ်၍လည်းပဲ အင်မတန် ဗဟုသုတများတော်မူကြတယ်။ ဖခင်ကို မေးမယ်။

သုတ္တန် ဝိနည်း အဘိဓမ္မာဆိုတာ ဖခင်သိရဲ့လား။ သုတ္တန်မှာ ဘာတွေ ဟောထားတယ်။ ဝိနည်းမှာ ဘာတွေ၊ အဘိဓမ္မာမှာ ဘာတွေသိရဲ့လား။ ဘာမှမသိဘူး။ အာဂမဗဟုသုတ ဖခင် ဘယ်လိုမှ မသိဘူး။ အာဂမဗဟုသုတမှ မသိဘဲနဲ့ ဖခင်မှာ အဓိဂမဗဟုသုတဆိုတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရားနဲ့ပတ်သက်သော ဗဟုသုတကော ဖခင်မှာ ရှိရဲ့လား။ ဘာမှမရှိဘူး။ အေး-ရဟန်းတော်တွေ သွားပြီးတော့ အထင်မသေးနဲ့။ အဲဒီ ရဟန်းတော်သခင် အရှင်သူမြတ်တွေမှာ မြတ်စွာဘုရားဟောကြားတဲ့ ပိဋကတ်တော်ဗုဒ္ဓဝစနတည်းဟူသော အာဂမဗဟုသုတ ပြည့်ဝတော်မူကြတယ်။ အဲဒီ ပိဋကတ်တော်ကို အခြေခံပြီး ကျင့်ကြံကြိုးကုတ် အားထုတ်သင်ကြားဆည်းပူးတယ်။ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရားကိုးပါး၊ အဓိဂမနဲ့ ပတ်သက်၍လည်း ဗဟုသုတ အင်မတန်များတော်မူကြတယ်။

ဓမ္မဓရာ=ကြားရုံ နာရုံ ဗဟုသုတဖြစ်ရုံမျှမဟုတ်သေး။ ထို အာဂမ အဓိဂမ ဆိုတဲ့ ဓမ္မနှစ်ပါးကိုလည်းပဲ ကိုယ်ကရအောင် ရွက်ဆောင်တော်မူဘတ်ပါပေကုန်၏။

http:\\www.dhammadownload.com



အပြောတင်မဟုတ်ဘူး။ အလုပ်နဲ့ ဟောဒီ အာဂမ အဓိဂမဆိုတဲ့ တရားတွေ ဖုံးထားတာနော်-တဲ့။

အရိယာ=အမြတ်တစေ မြတ်သော အကျင့်အကြံကိုသာ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြတယ်။ အာစာရ အရိယာတို့ ဖြစ်တော်မူကြပါပေကုန်၏။

ဓမ္မဇီဝိနော=တရားသဖြင့်သာ အသက်မွေးမှုပြုတော်မူကြပါပေကုန်၏။

ကိုယ်တော်တွေဘက် အသက်မွေးမှုကို ကြည့်စမ်း။ ဖခင်က မြင်တယ်။ သူတစ်ပါးဆီက တောင်းရမ်းပြီးတော့ အလုပ်မလုပ်ဘဲနဲ့ အစားကောင်းတယ်။ ဝတ်တယ်၊ နေတယ်ဆိုတာ အဲဒီ သူတို့ဒကာဒကာမက မသဒ္ဓါမကြည်ဖြူ မလှူချင်ဘဲနဲ့ ဒီရဟန်းတွေက ဖွတ်အတင်း အလှူခိုင်းလို့လား။ ဖွတ်အတင်းများ တိုးလို့လား။ ကိုယ်တော်တွေက အိမ်ထဲ ဝင်ပြီးတော့ ဖွတ်အတင်းများ ဆွမ်းတွေ ခူးသွားလို့လား။ အဝတ်အထည်တွေ ယူသွားလို့လား။ အာစာရ အရိယာ၊ အဓိဂမအရိယာခေါ်တဲ့ အရိယာသူတော်စင်များရဲ့ ခံယူမှုအတိုင်း နှုတ်က မမြွက်ဘဲနဲ့ စက္ခုန္ဒြေချပြီးတော့ အလှူခံတော်မူကြတယ်။ အဲဒီအခါမှာမှ အရှင်ဘုရား ဘာအလိုရှိပါသတုံး။ ဒီက သဒ္ဓါတရားပေါက်လို့ မေးတယ်။

သြော်-ဒကာကြီး၊ ဒကာမကြီး သက်န်းမရှိလို့။

အရှင်ဘုရား။ အတိစ္ဆထဘန္တေ=တပည့်တော်တို့မှာ အကြောင်းမညီညွတ်သေးတဲ့အတွက် တပည့်တော်တို့အိမ်ကို လွန်၍ အခြားအိမ်မှာ အလိုရှိတော်မူကြပါ၊ ကန်တော့ပါဘုရားလို့ဆို ဘာများ ပြန်ပြောသလဲ၊ ကန်တော့ပါဘုရားဆိုယင်-

“သုခိတာ ဟောတု=ချမ်းသာကြပါစေ”စိတ်ထဲက မေတ္တာပြုပြီးတော့ သွားတာပဲ။

http:\\www.dhammadownload.com



သဒ္ဓါတရားရှိလို့ လှူယင် အဲဒီလှူတာကို ယူတယ်။ အဲဒီတော့ ဒီ အရှင်ကိုယ်တော်မြတ်တွေဟာ ဓမ္မဇီဝ=တရားသဖြင့် အသက်မွေးတာလား။ အဓမ္မဇီဝီ=မတရားသဖြင့် အသက်မွေးတာလား။ ဖခင်ကြီး ကြည့်ပါတဲ့။ တရားသဖြင့် သဒ္ဓါကြည်ဖြူ သူပေးလှူတဲ့ အဝတ်ကို ဝတ်တယ်။ သူလှူဒါန်းတဲ့ အစာကို စားတယ်။ သူပေးတဲ့ အိပ်ရာနေရာနဲ့ သဒ္ဓါကြည်ဖြူလို့ လှူဒါန်းတဲ့ ပစ္စည်းလေးရပ် မှီဝဲပြီးတော့ မိမိတို့ရဲ့ အသက်ကလေးကို ထိန်းသိမ်းနေတာ။ မသဒ္ဓါရေ သဒ္ဓါရေ ပစ္စည်းလေးပါး ဘယ်တော့မှ မယူဘူး။ ဒါကြောင့် ဓမ္မဇီဝီပုဂ္ဂိုလ်တွေကို လှူသည်-တဲ့။

တေ=ထို ရဟန်းတော်သခင် အရှင်သူမြတ်တို့သည်။ အတ္ထဥ္စ= အကျိုးနဲ့စပ်တဲ့ တရားတော်မြတ်ကိုလည်းကောင်း။ ဓမ္မဥ္စ=အကြောင်းနဲ့ စပ်တဲ့ တရားတော်မြတ်ကိုလည်းကောင်း။ ဒေသေန္တိ=မေတ္တာရှေ့ထား ဟောကြားတော်မူကြပါပေကုန်၏။

တရားသဖြင့် ဒကာဒကာမများ လှူတဲ့ပစ္စည်းလေးပါးကို မှီပြီး အသက်မွေးမှု၊ ဓမ္မဇီဝီ=တရားသဖြင့် အသက်ကို ထိန်းသိမ်းပြီးသကာလ အသက်သခင် ကျေးဇူးရှင်တွေ၊ ဩဝ်-သူတို့က အာမိသာနုဂ္ဂဟ၊ ပစ္စယာနုဂ္ဂဟနဲ့ တို့ကို ချီးမြှောက်လို့ရှိယင် တို့က သူတို့ကို ပြန်ပြီးတော့ ဓမ္မာနုဂ္ဂဟနဲ့ ချီးမြှောက်မယ်။ ဒီရည်ရွယ်ချက်နဲ့ အတ္ထဓမ္မလို့ ခေါ်တဲ့ အကျိုးနဲ့ပတ်သက်သော တရားစကား၊ အကြောင်းနဲ့ပတ်သက်သော တရားစကား၊ အဲဒီတရားစကားကို မေတ္တာရှေ့ထားဟောကြားတော်မူကြတယ်မဟုတ်လား-တဲ့။

တေန=ထို အကျိုးကြောင်းနဲ့ စပ်ယှဉ်သော တရားစကား ဓမ္မာနုဂ္ဂဟဖြင့် ဟောကြားမှုချီးမြှောက်မှုဟူသောအကြောင်းကြောင့်။ မေ=ရောဟိနီမည်ခေါ် သမီးတော်သည်။ သမဏာ=ကိလေသာခပ်သိမ်း ငြိမ်းအေးစေတော်မူတတ်တဲ့ ရဟန်းတော် အရှင်သူမြတ်တို့ကို ပိယာ=မေတ္တာသက်ဝင် ချစ်ခင်လေးမြတ် နှစ်သက်ကြည်ညိုအပ်ပါကုန်၏။

http:\\www.dhammadownload.com



ဒါပဲလား သမီးရယ်ဆိုတော့ မကသေးပါဘူး-တဲ့။

ဗဟုဿုတာ ဓမ္မဓရာ၊
အရိယာ ဓမ္မဇီဝိနော။
ဧကဂ္ဂစိတ္တာ သတိမန္တော၊
တေန မေ သမဏာ ပိယာ။

တာတ=မွေးသဖခင် ကျေးဇူးရှင်။ တေ=ထိုရဟန်းတော်သခင် အရှင်သူမြတ်တို့သည်။ ဗဟုဿုတာ=အာဂမ၊ အဓိဂမ သုတလောက်ရုံ ကုံလုံကြွယ်ဝတော်မူကြပါပေကုန်၏။ ဓမ္မဓရာ=အာဂမ အဓိဂမခေါ်တဲ့ တရားကို ကိုယ်တိုင်ရအောင် ဆောင်တော်မူကြပါပေကုန်၏။ အရိယာ= ကိုယ်ကျင့်က မြင့်မြတ်သော အကျင့်ကို ကျင့်တော်မူကြကုန်သည်ဖြစ်၍။ ဓမ္မဇီဝိနော=တရားသဖြင့် အသက်မွေးမှု ပြုတော်မူကြပါပေကုန်၏။ ဧကဂ္ဂစိတ္တာ=တည်ကြည်သောစိတ် ရှိတော်မူကြပါပေကုန်၏။ သတိ မန္တော=အမြဲတစေ ထင်မြင်သောသတိရှိတော်မူကြပါပေကုန်၏။ တေန= ထိုသို့ သတိကောင်းခြင်း၊ သမာဓိကောင်းခြင်းဟူသော အကြောင်းကြောင့် ။ မေ=ရောဟိနီတွင်ခေါ် သမီးတော်သည်။ သမဏာ=ကိလေသာခပ်သိမ်း ငြိမ်းအေးစေတတ် ရဟန်းတော် အရှင်သူမြတ်တို့ကို။ ပိယာ=မေတ္တာသက် ဝင် ချစ်ခင်လေးမြတ် နှစ်သက်ကြည်ညိုအပ်ပါကုန်၏။

လေးလေးနက်နက် ဖခင်စဉ်းစားကြည့်ပါ။ ဗဟုဿုတပုဂ္ဂိုလ်တွေ၊ ဓမ္မဓရပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်တွေ၊ ဓမ္မဇေတီပုဂ္ဂိုလ်တွေ ဖြစ်ကြတဲ့အပေါ် မှာ ဧကဂ္ဂစိတ္တ-တဲ့။ ဘယ်တော့မှ လူတွေလို ထိုထိုဤဤ အာရုံတွေ စိတ်က မက်မောပြီးတော့ ဥဒ္ဓစ္စသမားတွေ မဟုတ်ဘူးတဲ့။ အာရုံတစ်ခုမှာ စူးစူးစိုက်စိုက်နဲ့ စိတ်ကိုထားနိုင်တဲ့ သမာဓိရှင်တွေ ဖြစ်တော်မူကြတယ်။ အမြဲတစေ အမှုတိုင်းအမှုတိုင်းမှာ သတိရှေ့သွားပြုပြီးမှ ပြုလုပ်တော်မူ ကြတယ်။ အဲဒါကြောင့် သတိမန္တပုဂ္ဂိုလ်တွေ ဖြစ်တယ်။ အဲဒီလို ဓိတိမန္တ၊

http:\\www.dhammadownload.com



သတိမန္တ=သမာဓိဂုဏ် သတိဂုဏ်နဲ့ ပြည့်စုံတော်မူကြသောကြောင့် သမီးတော်ဟာဖြင့် ဒီရဟန်းတော်တွေကို သဒ္ဓါရွှန်းစို ကြည်ညိုလေးမြတ်ချစ်ခင်နှစ်သက်အပ်ပါတယ်။

ဒါပဲလား သမီးရယ်ဆိုတော့-

ဒူရင်္ဂမာ သတိမန္တော၊
မန္တဘာဏီ အနုဒ္ဓတာ။
ဒုက္ခဿန္တံ ပဇာနန္တိ၊
တေန မေ သမဏာ ပိယာ။

တာတ=မွေးဖသခင် ကျေးဇူးရှင်။ သမဏာ=ကိလေသာခပ်သိမ်း ငြိမ်းပစေတတ် ရဟန်းတော်အရှင်သူမြတ်တို့သည်။ ဒူရင်္ဂမာ=လူနှင့် ဝေးခြားတောအရပ်သို့ ကြွသွားတော်မူတတ်ပါပေကုန်၏။

အရပ်ထဲက မြို့ထဲက မျက်စိနဲ့ ကြည့်ပေါ့ဟုတ်လား။ အဲဒီအမျိုးသမီးကတော့ မြို့ထဲက စိတ်အနေနဲ့ ကြည့်။ ရဟန်းတော်တွေရဲ့ စိတ်အနေနဲ့ကြည့်။ အရပ်ထဲမှာ ရှိကြတဲ့ ဖခင်တို့လို ပေါင်းစုနေကြတဲ့ ပုဂ္ဂိုလ်တွေကတော့ အားတယ်ဆိုရင် ဘယ်သွားလဲ။ ပွဲလမ်းသဘင်ပျော်ရွှင်မြူးထူးရာ အရပ်ဌာန သွားကြတယ်။ ဆိုကြပါစို့။ အာရုံငါးပါး ထူပြောရာကိုယ်ဝါသနာရှိရာ သွားကြတယ်။ အဲဒီ ရဟန်းတော်သခင် အရှင်သူမြတ်တွေက ဘယ်သွားလဲဆိုတော့ ဒူရင်္ဂမာ=လူနေဝေးတဲ့ တောအရပ်သို့ ကြွသွားတော်မူကြပေကုန်၏။ ကိုယ်တော်တွေက အားတယ်ဆိုယင် ဟိုလူသူ ဝေးတဲ့ ဝိဝေကအရပ်၊ လမ်းလျှောက်တောင် အဲဒီသွားကြတာ။

သတိမန္တော=အမြဲတစေ သတိရှိတော်မူကြပါပေကုန်၏။ မန္တဘာဏီ=ဉာဏ်ပညာ ရှေ့သွားပြု၍ စကားကိုလည်း ပြောဆိုလေ့ရှိပါကုန်၏။ မေးတယ်။ စကားပြောရင် ရဟန်းစကားပြောချိန်နဲ့ တူသလား။ ရဟန်းတော်အရှင်သူမြတ်တွေ စကားပြောတယ်ဆိုတာ) မန္တဘာဏီ=

http:\\www.dhammadownload.com



ဉာဏ်ပညာ ရှေ့သွားစကား ပြောဆိုလေ့ရှိပါကုန်၏။

တိုင်းတိုင်းထွာထွာ ဘယ်လောက်ပြောမှတော်မယ်၊ ဟုတ်လား။ အဲဒီလို ဆင်ဆင်ခြင်ခြင်နဲ့ ပညာကို ရှေ့သွားပြုပြီးမှ ပြောတော်မူကြပါတယ်။

အနုဒ္ဒတာ=အမြဲတစေ မတုန်လှုပ်တဲ့ ဥဒ္ဒစ္စကင်းပတော်မူကြတဲ့ အရှင်သူမြတ်တို့ပါပေ။

ရဟန်းတော် အရှင်သူမြတ်တွေဆိုတာ အမြဲတစေ ဘယ်တော့မှ အာရုံငါးပါး အာရုံခြောက်ပါး စိတ်တွေ လှုပ်ရှားပျံ့လွင့်ပြီးတော့ နေတဲ့ ပုဂ္ဂိုလ်တွေမဟုတ်ဘူးတဲ့။ အာရုံတစ်ခုတည်း စူးစိုက်ပြီးတော့ ဒီအာရုံရဲ့ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောစိတ်စောပြီးတော့ နေတဲ့ ပုဂ္ဂိုလ်တွေ၊ သမာဓိရှိတဲ့ ပုဂ္ဂိုလ်တွေ။

တသ္မာ=ထိုသို့ အနုဒ္ဒတဖြစ်တော်မူကြသောကြောင့်။ ဒုက္ခသ =စက်ကန္တာရ ဝဋ္ဋဒုက္ခ၏။ အန္တံ=အဆုံးဖြစ်တဲ့ အရဟတ္တဖိုလ်နိဗ္ဗာန်ကို။ ပဇာနန္တိ=ပိုင်းခြားထင်ထင် သိမြင်တော်မူကြပါပေကုန်၏။ တေန=ထိုသို့ အရဟတ္တဖိုလ် ပေါက် နိဗ္ဗာန်မျက်မှောက်ပြုခြင်းဟူသောအကြောင်း ကြောင့်။ မေ=ရောဟိနီတွင်ခေါ် သမီးတော်သည်။ သမဏားကိလေ သာခပ်သိမ်း ငြိမ်းပစေတတ် ရဟန်းတော်အရှင်သူမြတ်တို့ကို။ ပိယာ= မေတ္တာသက်ဝင် ချစ်ခင်လေးမြတ် နှစ်သက်ကြည်ညိုအပ်ပါကုန်၏။

ရဟန်းတော် အရှင်သူမြတ်တွေကို ဒုက္ခသန္တ-တဲ့။ ဆင်းရဲဒုက္ခ ၏ အဆုံးဖြစ်တဲ့ အရဟတ္တဖိုလ် နိဗ္ဗာန်ကို ပိုင်းပိုင်းခြားခြား သိတော်မူ ကြတယ်။ အဲဒီလို သိတော်မူကြသောကြောင့် ရဟန်းတော်တွေကို သမီး တော်ကြည်ညိုနေတာပါ။

ဒါတင်ပဲလားသမီးရာ ဆိုတော့-

http:\\www.dhammadownload.com



## တွယ်တာငဲ့ကွက်မှု ကင်းခြင်း

ယသ္မာ ဂါမာ ပက္ကမန္တိ၊
န ဝိလောကေန္တိ ကိဉ္စနံ။
အနပေက္ခာဝ ဂစ္ဆန္တိ၊
တေန မေ သမဏာ ပိယာ။

တာတ=မွေးသဖခင် ကျေးဇူးရှင်။ တေ=ထိုရဟန်းတော်သခင် အရှင်သူမြတ်တို့သည်။ ယသ္မာဂါမာ=အကြင်မြို့ရွာမှ၊ ပက္ကမန္တိ=အရပ် တစ်ပါး ဖဲသွားကြကုန်၏။ တတ္ထ=ထို ဖဲရာမြို့ရွာ၌။ ကိဉ္စနံ=တစ်စုံတစ်ခု ကိုမျှ။ န ဝိလောကေန္တိ=ပြန်စောင်းကြည့်တော်မမူကြကုန်။

ဘယ်လောက် ကြည်ညိုစရာကောင်းသလဲ။ ရွှေမြို့တော် လေးပြင်လေးရပ်၌ သီတင်းသုံးနေတော်မူကြတဲ့ အရှင်သူမြတ်တွေကို မှန်းပြီးတော့ ကြည့်စမ်း၊ အရပ်လေးမျက်နှာက နေပြီးတော့ မန္တလေး ရွှေမြို့တော်မှာလာပြီး တောင်ပြင်၊ အနောက်ပြင်၊ အရှေ့ပြင်၊ မြောက် ပြင် ဒီသာသနာ့ါတက္ကသိုလ် ဓမ္မတက္ကသိုလ်ကြီးဖြစ်တဲ့အတိုင်း တက္ကသိုလ် ပညာဆည်းပူး၊ ပရိယတ္တိ ဓမ္မတက္ကသိုလ်ပညာဆည်းပူးလို့ ပညာပြည့်စုံပြီ၊ သွားကြပြီဆိုတော့ ဘယ်ဟာများ ကြောင့်ကြနေသေးလဲ။

အနပေက္ခာဝ ဂစ္ဆန္တိ=ဘယ်သူ့ကိုမှ ငဲ့ကွက်မှုမရှိကြဘဲသာလျှင် သွားရောက်တော်မူကြတယ်။

သွားပြီဆိုယင် ဒီကိုယ်တော်တွေဟာ ပြန်ပြီးတော့ မကြည့်ဘူး။ အဲဒီလို တွယ်တာတဲ့အပေက္ခာဆိုတဲ့ တဏှာလောဘမရှိဘဲနဲ့ မိမိတို့နေရာ မြို့ရွာမှ ဖဲကြွတော်မူကြတယ်။ အင်း-ကျုပ်တို့ လူ့လောကမှာတော့ တစ်မြို့က တစ်မြို့၊ တစ်ရွာကတစ်ရွာ ပြောင်းမယ်ကြံရင် ငိုလိုက်ရတာ။ ဟုတ်လား။ ဟို-ပြောင်းမယ့်လူကလည်း ငိုရတယ်။ ဒီက ကျန်တဲ့သူတွေ ကလည်း ငိုရတယ်။ ဟင် ဒီလို တစ်ယောက်နဲ့တစ်ယောက် ငိုလို့ အားမရ

http:\\www.dhammadownload.com



ဘဲနဲ့ အို–တစ်မြို့တစ်ရွာ ပြောင်းပြီးပြန်တော့လည်း စာနဲ့ ငိုကြသေးဗျာ။ ဟုတ်လား။ ဟို–တစ်မြို့တစ်ရွာရောက်တဲ့ လူကလည်းပဲ အမလေး–လွမ်းလိုက်တာ၊ စာဖွဲ့ပြီးတော့ ငိုသေး။ ဟင်–ဒီက လူကလည်းပဲ လွမ်းလိုက်တာ၊ လွမ်းစာတွေနဲ့။ အဲဒီလို တဏှာတွေပ။

ဒီကိုယ်တော်တွေမှာ အပေက္ခာခေါ်တဲ့ လွမ်းဆွတ်မှု၊ တောင့်တမှုဆိုတဲ့ တဏှာလောဘ တစိုးတစိ မရှိဘဲနဲ့ အို–ငှက်ကလေးများလို ပြန်ကြွသွားတော်မူကြတယ်။

တေန=ထို အပေက္ခခေါ်တဲ့ တဏှာလောဘကင်းပတော်မူခဲ့ကြ၍။ မေ=ရောဟိနီတွင်ခေါ် သမီးတော်သည်။ သမဏာ=ကိလေသာခပ်သိမ်း ငြိမ်းပေစေတတ် ရဟန်းတော် အရှင်သူမြတ်တို့ကို။ ပိယာ=မေတ္တာသက်ဝင် ချစ်ခင်လေးမြတ် နှစ်သက်ကြည်ညိုအပ်ပါကုန်၏။

အေး–မောင်တို့ ဘာပြုလို့ ဒီကိုယ်တော်တွေ ဒါလောက် ကြည်ညိုနေရသလဲ။ မောင်တို့အမိတို့လို့ဆိုယင် ဘယ်လောက်ကြည်ညိုစရာကောင်းသလဲဗျာ။ လိုအပ်တဲ့ပညာကို လာပြီးတော့ ဆည်းပူးတယ်။ ပညာလည်း ပြည့်စုံပြီ။ ဆရာသမားက အေး–ဘယ်မြို့သွားပြီးတော့ မင်း သာသနာပြုရမယ် လွှတ်လိုက်ယင် အဲဒီပုဂ္ဂိုလ် မျက်ရည်တစ်ပေါက် မကျဘဲနဲ့ အပေက္ခာခေါ်တဲ့ တွယ်တာတဲ့ တဏှာလောဘ၊ တောင့်တတဲ့ တဏှာလောဘ လုံးဝမရှိဘဲနဲ့ သာသနာ့မျက်နှာတစ်ခုကြည့်ပြီးတော့ သီလ၊ သမာဓိ၊ ပညာ သာသနာပြုကြွတော်မူကြတယ်။ အဲဒါတွေမြင်လို့ ကျုပ်တို့ကိုယ်တော်တွေ ကျုပ်တို့ ကြည်ညိုသဗျာ–လို့ ဒီလိုပြော–တဲ့။

## ကြောင့်ကြမှုနည်းခြင်း

န တေသံ ကောဋ္ဌေ ဩပေန္တိ၊
န ကုမ္ဘိံ န ခဠောပိယံ။
ပရိနိဋ္ဌိတမေသာနာ။

http:\\www.dhammadownload.com



တေန မေ သမဏာ ပိယာ။

တာတ=မွေးဖသခင် ကျေးဇူးရှင်။ တေ=ထိုကိလေသာခပ်သိမ်း ငြိမ်းပစေတတ် ရဟန်းတော်အရှင်သူမြတ်တို့သည်။ သံ=မိမိရဲ့ ကိုယ်ပိုင် ဥစ္စာကို။ ကောဋ္ဌေ=ကျီကြဲ၌။ န ဩပေန္တိ=မထားကြကုန်။

လူများမှာ စပါးတွေ၊ ပဲတွေ၊ ကျီထဲ ကြထဲမှာ ထားသလို ဒီ ကိုယ်တော်တွေမှာ ကိုယ်ပိုင်ဥစ္စာ စပါး၊ ပြောင်း၊ ပဲ ကျီထဲ ထားတယ်လို့ များ ပရိဂ္ဂဟတဏှာ ရှိရဲ့လား မရှိဘူး။

န ကုမ္ဘိံ=အိုးထဲမှာလည်း မထားကြကုန်။ န ခဠောပိယံ=ခြင်း တောင်းထဲမှာလည်းပဲ ကိုယ်ပိုင်ပစ္စည်းကို ထည့်၍မထားကြကုန်။

လူတွေမှာတော့ ချမ်းသာယင် ချမ်းသာသလို ဂိုဒေါင်ကြီးအပြည့်၊ ကျီကြီးအပြည့်၊ ကြကြီးအပြည့် ပစ္စည်းတွေ ထားကြတယ်။ အဲ-ကျီနဲ့ ကြနဲ့ မထားနိုင်လို့ရှိယင် အိုးထဲ၊ သေတ္တာထဲ ထားတယ်။ ခြင်းထဲ တောင်း ထဲမှာ ထားတယ်။ ဒီ ကိုယ်တော်တွေမှာ ဘယ်သေတ္တာထဲ၊ ဘယ်ဂိုဒေါင် ထဲ၊ ဘယ်ကျီထဲ၊ ဘယ်ကြထဲ၊ ဘယ်အိုးထဲမှ သူတို့ သပိတ်သကၤန်းကလွဲ ဘာမှ မသိမ်းဆည်းဘူးတဲ့။

ပရိနိဋ္ဌိတမေသာနာ=သူတစ်ပါးအိမ်မှာ ချက်ပြုတ်ပြီးတဲ့ ပစ္စည်း လေးပါးကိုသာ ရှာမှီးလေ့ရှိတော်မူကြပေကုန်၏။

ဘယ်လောက် ကြောင့်ကြနည်းသလဲ။ ကြောင့်ကြနည်းတယ်။ ပလိဗောဓနည်းတယ်။ ပလိဗောဓနည်းယင် အကုသိုလ်နည်းတယ်။

တေန=ထိုသို့ ပလိဗောဓ ကြောင့်ကြနည်းမှုအကြောင်းပြု၍။ မေ=ရောဟနီတွင်ခေါ် သမီးတော်သည်။ သမဏာ=ကိလေသာခပ်သိမ်း ငြိမ်းပစေတတ် ရဟန်းတော်အရှင်မြတ်တို့ကို။ ပိယာ=မေတ္တာသက်ဝင် ချစ်ခင်လေးမြတ် နှစ်နှစ်ကာကာ ကြည်ညိုအပ်ပါကုန်၏။

http:\\www.dhammadownload.com



အရိယာပုဂ္ဂိုလ်ရဲ့ သာသနာတော် ကြည်ညိုတယ်ဆိုတာ အဲဒီလို ဂုဏ်တွေကို လိုက်လိုက်လုံလုံ နှစ်နှစ်ကာကာမြင်ပြီးတော့ ကြည်ညိုတာ။ အဲဒီလို မြင်ပြီးတော့ ပြောသလို တို့လည်း မြင်ပြီး ကြည်ညိုရမယ်။ မြင်ပြီး ပြောတတ်ရမယ်။ ဒါတင်ပဲလားလို့ဆိုတော့ နောက်ဆုံးပြောစမ်းပါ ရစေ။ အံ့သြစရာကောင်းတယ်။

## အချင်းချင်း ချစ်ခင်ကြခြင်း

နာနာကုလာ ပဗ္ဗဇိတာ၊ နာနာဇနပဒေဟိ စ။

အညမညံ ပိဟယန္တိ၊ တေန မေ သမဏာ ပိယာ။

တာတ=မွေးဖသခင် ကျေးဇူးရှင်။ တေ=ထိုရဟန်းတော် သခင် အရှင်သူမြတ်တို့သည်။ နာနာကုလာစ=အထူးထူးသော အမျိုးတို့အိမ်မှ။ (ဝါ) အထူးထူးသော မိဘတို့အိမ်မှလည်းကောင်း။ နာနာဇနပဒေဟိ စ=အထူး ထူးသော ဇနပုဒ်တိုင်းကား မြို့ရွာအရပ်များမှလည်းကောင်း။ ပဗ္ဗဇိတာ= ရှင်ရဟန်းအဖြစ် ကပ်ရောက်ကြကုန်လျက်။ အညမညံ= အချင်းချင်း။ ပိဟယန္တိ=ဆွေမတော်မျိုးမတော် ချစ်ခင်ကြပါပေကုန်၏။

ကိုယ်တော်ချင်း တွေ့တယ်။ လူလူချင်းတွေ့တာနဲ့ မတူဘူး။ တစ်ခါမှ မမြင်ဖူးတဲ့ ကိုယ်တော်ချင်းဖြစ်ပစေ။ အရှင်ဘုရား ဟောဒီမှာ ထိုင်ပါ။ ညှာတာတယ်။ တစ်ဦးနဲ့တစ်ဦး "သကျပုတ္တိယ=ဘုရားသား တော်"ဆိုပြီးတော့ သူလည်းဘုရားသားတော်၊ ငါလည်း ဘုရားသားတော်။ ဒီ–ဆွေမျိုးဆိုတာ ဒီနည်းနဲ့တော်စပ်မရ ဟိုနည်းနဲ့တော်စပ်ရတယ်။ အင်း– တစ်ခါ ရိုင်းရိုင်းပြောတာလို့လည်း မအောက်မေ့ပါနဲ့၊ ဂိုဏ်းစကားပြော မယ်။ ဂိုဏ်းချင်းပဲ မတူစေကာမူ အချင်းချင်း ဥတ္တိစတုတ္ထကမ္မဝါဖြင့် ရဟန်းဖြစ်တော်မူကြတဲ့ဘုရားရှင်နှစ် သားတော်ဖြစ်တယ်ဆိုပြီး တစ်ပါး နဲ့တစ်ပါး သာသနာမှာ ကြည်ညိုကြတယ်။ ချစ်ခင်ကြတယ်။ လေးမြတ် ကြတယ်။ အဲဒီလို ကြည်ညိုလို့ ချစ်ခင်လို့ လေးမြတ်ယင်သာ လေးမြတ်

http:\\www.dhammadownload.com



တယ်။ ကြည့်လိုက်မယ်ဆိုယင် ဟို–မိခင်ပေါင်း အမျိုးမျိုး၊ ဖခင်ပေါင်း အမျိုးမျိုးက နေပြီးတော့ ရောက်လာကြတာ။

မြို့ရွာဒေသအားဖြင့် အထူးထူး အပြားပြား တစ်ဦးနဲ့တစ်ဦး မမြင်ဖူးဘဲနဲ့ သာသနာရောက်လာကြတယ်။ သူစိမ်းပြင်ပြင်တွေပဲတဲ့။ လောကမျက်စိနဲ့ကြည့်ရင် သူစိမ်းပြင်ပြင် ဖြစ်ပါလျက်ကနဲ့ ချစ်လိုက်ခင်လိုက်တာ ဟုတ်လား။ နာမကျန်းဖြစ်ယင်လည်း ကျန်တဲ့ကိုယ်တော်တွေက ကိုယ်ဖိရင်ဖိ ပြုလို့ စုလို့။ အဲဒါလောက် မေတ္တာစာတ်နဲ့ ချစ်ခင်နေကြပါတယ်။

နာနာဇနပဒေဟိစ=အထူးထူးသော ဇနပုဒ်တိုင်းသား မြို့ရွာများမှလည်းကောင်း။ ပဗ္ဗဇိတာ=တစ်ဦးနှင့်တစ်ဦး မမြင်ဖူးဘဲ ရဟန်းပဥ္စင်းအဖြစ် ကပ်ရောက်ကြကုန်လျက်။ အညမညံ=အချင်းချင်း။ ပိဟာယန္တိ=ဆွေမတော် မျိုးမတော် ညီအစ်ကို ရင်းတမျှ ချစ်ခင်တော်မူကြခြင်းဟူသော အကြောင်းကြောင့်။ မေ=ရောဟိနီမည်တွင်ခေါ် သမီးတော်သည်။ သမဏာ=ကိလေသာခပ်သိမ်း ငြိမ်းပစေတတ် ရဟန်းတော် အရှင်မြတ် တို့ကို။ ပိယာ=မေတ္တာသက်ဝင် ချစ်ခင်လေးမြတ်ကြည်ညိုနှစ်သက်အပ်ပါကုန်၏။

## သမီးအား ဖခင်ပုဏ္ဏားကြီး ရှီးကျူးခြင်း

နောက်ဆုံးအနေနဲ့ ရောဟိနီက ပြောတယ်။

စောစောက သာသနာတော်ကို မကြည်ညိုတဲ့ ပုဏ္ဏားကြီး၊ စောစောက သံဃာတွေကို မျက်မုန်းကျိုးနေတဲ့ ဖခင်ပုဏ္ဏားကြီး စိတ်ပြောင်းသွားတယ်။ သမီးဖျောင်းဖျလို့၊ သမီး တရားဟောပြလို့ စိတ်ပြောင်းသွားတယ်။

စောစောကတော့ အမယ် သမီးကဖြင့်ဟုတ်လား။ အိပ်ရာဝင်ရင် ကိုယ်တော်တွေ၊ ရဟန်းတော်တွေ၊ အိပ်ရာထ ရဟန်းတော် တ။ ဟင်–

http:\\www.dhammadownload.com



စကားပြောတိုင်း ရဟန်းတော်မပါ စကားပြောလို့မဖြစ်ဘူး။ သမီးရယ်၊ တော်တော်ကြာ ရဟန်းမကလေးများ=ဘိက္ခုနီမကလေးများ ဖြစ်သွားမှာလား၊ ပြောင်တေ‌ာင်တောင် သရော်တော်တော်နဲ့ ပြောပေမယ့် အခုတော့ နက်နက်နှောနှောကြီးကိုပဲ ဖခင် ဝိဘဝပုဏ္ဏားကြီးက ဘာပြန်ပြောသလဲဆိုတော့–

အတ္ထာယ ဝတ နော ဘောတိ
ကုလေ ဇာတာသိ ရောဟိနီ။
သဒ္ဓါ ဗုဒ္ဓေ စ ဓမ္မေ စ၊
သံဃေ စ တိဗ္ဗဂါရဝါ။

ဘောတိ ရောဟိနီ=အိုး–ချစ်သမီး ရောဟိနီ။ တွံ=သင်ချစ်သမီးသည်။ နော=ငါတို့၏။ အတ္ထာယ=လူ့ရပ်နတ်ထံ နိဗ္ဗာန်တိုင်အောင် ထိပ်ခေါင်သတ္တိသုံးမျိုးသုံးပါးသော အကျိုးငှာ။ ကုလေ=ငါတို့အမျိုး၌။ ဇာတာ=ဖြစ်ပွား၍ လာသည်။ အသိ=ဖြစ်ပါပေ၏။

သမီး၊ တို့အမျိုးထဲ သမီးဖြစ်လာတာဟာ တို့အဖို့ လူ့ရပ်နတ်ထံ နိဗ္ဗာန်ဆိုတဲ့ သုံးမျိုးသုံးပါး ရရှိဖို့ရန် သမီးဖြစ်ပွားရခြင်းပဲ။

တွံ=သင် ချစ်သမီးသည်။ ဗုဒ္ဓေ စ=ဘုရား၌လည်းကောင်း။ ဓမ္မေ စ တရားတော်၌လည်းကောင်း။ သံဃေစ=သံဃာ၌လည်းကောင်း။ သဒ္ဓါ=သဒ္ဓါရှန်းစို ကြည်ညိုသည်ဖြစ်၍။ တိဗ္ဗ–ဂါရဝါ=အမြဲတစေ ရတနာသုံးပါးအား ရိုသေတဲ့ သမီးပါတည်း–။

တုဝံ ဟောတံ ပဇာနာသိ၊
ပုညက္ခေတ္တံ အနုတ္တရံ။
အမှမ္ပိ ဧတေ သမဏာ၊
ပဋိဂ္ဂဏှန္တိ ဒက္ခိဏံ။

ဘောတိ=အိုး–ချစ်သမီး ရောဟိနီ။ တုဝံဟိတုဝံဧဝ=သင်ချစ်သမီး

http:\\www.dhammadownload.com



သည်ပင်လျှင်။ အနုတ္တရံ=အလွန်မွန်မြတ်သော။ ဧတံ ပုညက္ခေတ္တံ=ဒီ သံဃာတော်တည်းဟူသော ကောင်းမှုကုသိုလ်မျိုးဆက်စိုက်ပျိုးရာ လယ် ယာမြေကောင်းကြီးကို။ ပဇာနာတိ=ပိုင်းခြားထင်ထင် နှစ်နှစ်နော့နော့ သင် ချစ်သမီး သိမြင်ပါပေ၏။

ချစ်သမီးဟာ သံဃာတော်တည်းဟူသော ပုညခေတ္တ=ကောင်းမှု မျိုး စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းကြီးရဲ့ အကြောင်းကို နက်နက် နော့နော့ ပိုင်းပိုင်းခြားခြား ချစ်သမီးမို့မှ သိမြင်ပါလေ။

ဧတေ သမဏာ=ဤသင်ချစ်သမီးရဲ့ ရဟန်းတော်တို့သည်။ အမှမ္ပိ=ငါတို့၏လည်း။ ဒက္ခိဏံ=အလှူဝတ္ထုတို့ကို။ ပဋိဂ္ဂဏှန္တိ=ချစ်သမီး လှူသဖြင့် အလှူခံတော်မူကြပေကုန်၏။

ပတိဋ္ဌိတော မဟာယညော၊
ဝိပုလော နော ဘဝိဿတိ။

မဟာယညော=ကြီးစွာသော ကောင်းမှုကုသိုလ်ကြီးကို ပတိ ဋ္ဌိတော=ချစ်သမီးကို အကြောင်းပြု၍ ငါတို့ တည်ထားအပ်လေပြီ။ နော= ငါတို့၏။ ဝိပုလော=ပြန့်ပြောသောအကျိုးသည်။ ဘဝိဿတိ=ဖြစ်ပေ လိမ့်မည်ချစ်သမီး။

ချစ်သမီး အကြောင်းပြုပြီးတော့ ထိုအရှင်သူမြတ်တွေဟာ တို့ ရဲ့ ပူဇော်ဝတ္ထုများ အလှူခံတော်မူကြရတယ်။ တို့တစ်တွေသည် ကြီးစွာ သော မဟာဒါနကြီးကို သမီးအကြောင်းပြုပြီးတော့ ပြုရပြီ။ ဒီဒါနကောင်း မှုကြောင့် ပြန့်ပြောကြီးမြတ်တဲ့ အကျိုးထူးဖြစ်ပါလိမ့်၊ ရပါလိမ့်မယ် သမီးတော်လို့ ပုဏ္ဏားကြီးက နှစ်လိုအားရ ပြောတဲ့အခါကျတော့ သမီးက–

"ဒါနနဲ့များ မွေးဖသခင် ကျေးဇူးရှင် တင်းတိမ်အားရမနေပါနဲ့ ဦး၊ ရှေ့ကိုလည်းပဲ တိုးတက်ပြီးတော့ သရဏဂုံသီလကိုလည်းပဲ ဆောက် တည်ပါဦး" ဒီလိုတိုက်တွန်းချင်တဲ့အတွက်–

http:\\www.dhammadownload.com



သစေ ဘာယတိ ဒုက္ခဿ၊
သစေ တေ ဒုက္ခမပ္ပိယံ။
ဥပေဟိ သရဏံ ဗုဒ္ဓံ။
ဓမ္မံ သံဃဉ္စ တာဒိနံ။
သမာဒိယာဟိ သီလာနိ၊
တံ တေ အတ္ထာယ ဟေဟိတိ။

တာတ=မွေးဖသခင် ကျေးဇူးရှင်။ တေ=သင်ကျေးဇူးရှင်သည်။ ဒုက္ခဿ=သံသရာဝဋ်ဒုက္ခ။ သစေဘာယတိ=အကယ်၍ ကြောက်လန့်ငြားအံ့။ တေတယာ=သင် ဖခင်သည်။ ဒုက္ခံ=သံသရာဝဋ်ဆင်းရဲကို၊ သစေ အပ္ပိယံ=အကယ်၍ မနှစ်မြို့သည်ဖြစ်ငြားအံ့။ ဗုဒ္ဓံ=သဗ္ဗညုဗုဒ္ဓ အမည်ရတဲ့ လောကထွတ်ထား မြတ်ဘုရားကိုလည်းကောင်း။ တာဒိနံ= တာဒိဂုဏ် ရှင်ဘုရားသခင်တို့၏။ ဓမ္မဉ္စ=မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ခေါ်ရန်ဖြစ်သော တရားတော်ကိုလည်းကောင်း။ သံဃဉ္စ=အရိယာရှစ်ပါး တပည့်သား သံဃာတော်မြတ်ကိုလည်းကောင်း။ သရဏံ=ကိုးကွယ် လည်းလျောင်း ပုန်းအောင်းရာဟူ၍။ ဥပေဟိ=ဆည်းကပ်ပါလော့။

## ဖခင်ပုဏ္ဏားကြီး အရဟတ္တဖိုလ်တိုင် ရောက်ခြင်း

အကယ်၍ သံသရာဝဋ်ဒုက္ခကြီး တကယ်ကြောက်တယ်၊ ဝဋ်ဒုက္ခကြီးကို တကယ်ငြီးငွေ့တယ်၊ တကယ်မချစ်ဘူးဆိုယင်-

ဖခင်-တဲ့၊ သံသရာဝဋ်ဒုက္ခက လွတ်ရာလွတ်ကြောင်းအနေနဲ့ ဗုဒ္ဓသရဏဂုံ၊ ဓမ္မသရဏဂုံ၊ သံဃသရဏဂုံ သရဏဂုံသုံးပါး မပျက်အောင် ထိန်းသိမ်းပါတဲ့။

သီလာနိ=ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလတို့ကို။ သမာဒိယာဟိ= သဒ္ဓါကြည်ဖြူ ဆောက်တည်ခံယူပါ။ တံ=ထိုသို့ သရဏဂုံသီလ ဆောက်တည်ခံယူမှုသည်။ တေ=သင်ဖခင်အတွက်။ အတ္ထာယ=လူနတ်နိဗ္ဗာန်

http:\\www.dhammadownload.com



သုံးတန်သော အကျိုးငှာ။ ဟေဟိတိ=ဖြစ်ပါလိမ့်မယ်။

အဲဒီလို သရဏဂုံသီလ လူ့ဘဝမှာ ဆောက်တည်ရင် ဖခင်၊ ဖခင်ရဲ့အတွက် လူနတ် နိဗ္ဗာန်သုံးတန်ချမ်းသာရဖို့ သေချာပြီ။

သမီးအပြောကောင်းတာနဲ့ အဲဒီ စကားဝုစ်မှာပဲ ဖခင်ကြီးဟာ ထပြီးတော့ ဘုရားရှိရာ၊ သံဃာတော်များရှိရာ လက်အုပ်ချီပြီးတော့–

ဥပေမိ သရဏံ ဗုဒ္ဓံ၊
ဓမ္မံ သံဃဉ္စ တာဒိနံ။
သမာဒိယာမိ သီလာနိ၊
တံ မေ အတ္ထာယ ဟေဟိတိ။

ဘောတိ=ချစ်သမီး ရောဟိနီ။ အဟံ=မဟာဝိဘဝတွင်ခေါ် ငါ ခမည်းတော်သည်။ တာဒိနံ=လာဘာ လာဘ ယသစသည် ရှစ်တန် လောကဓံ မှန် ဖောက်ပြန်မရှိသည်းခံဘိသား တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဉ္စ=သဗ္ဗညုဗုဒ္ဓ အမည်ရတဲ့ လောကထွတ်ထားမြတ်ဘုရားကိုလည်း ကောင်း။ တာဒိနံ=တာဒိဂုဏ်ရှင် ဘုရားသခင်တို့၏။ ဓမ္မဉ္စ=မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် ဟောကြားအပ်တဲ့ တရားတော်ကိုလည်း ကောင်း၊ တာဒိနံ=တာဒိဂုဏ်ရှင်ဘုရားသခင်တို့၏။ သံဃဉ္စ=အရိယာရှစ် ဖော်တပည့်သား သံဃာတော်မြတ်အပေါင်းကိုလည်းကောင်း။ သရဏံ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဟူ၍။ ဥပေမိ=ဆည်းကပ် ပြုပြင် သိမြင်အပ်ပါ၏။ သီလာနိ=ငါးပါးသီလတို့ကို။ သမာဒိယာမိ=သဒ္ဓါ ကြည်ဖြူ တစ်ပေါင်းတည်း ခံယူဆောက်တည်ပါ၏။

လို့ ငါးပါးသီလ အကျယ်တဝင့် မဆောက်တည်နိုင်ဘဲ တစ်နည်း အားဖြင့် ဂါထာနဲ့ ငါးပါးသီလ ပေါင်းပြီး ဆောက်တည်သောအနေနဲ့ "သမာဒိယာမိ သီလာနိ"ဒီလိုဆိုလိုက်တယ်။ အဲဒီ ဂါထာကို စိတ်ပါလက် ပါ သဒ္ဓါကြည်ညိုစွာနဲ့ ရွယ်ယင်ပဲ အဲဒါ သရဏဂုံသီလရတယ်။ သရဏဂုံ

http:\\www.dhammadownload.com



သီလ၊ သရဏဂုံတည်သူ–သီလရှိသူ ဥပါသကာတစ်ယောက် ဖြစ်သွားတာပဲ။ ပြီးတော့မှ–

တံ မေ အတ္ထာယ ဟေဟိတိ။

တံ=ထိုသရဏဂုံသီလသည်။ မေ=ငါ့အတွက်တာ။ အတ္ထာယ=လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာသုခအကျိုးငှာ။ ဟေဟိတိ=မုချမသွေ ဖြစ်ပေလိမ့်မည်။

အဲဒီလို ဖခင် မဟာဝိဘဝ ပုဏ္ဏားကြီး ဝမ်းမြောက်ဝမ်းသာနဲ့ သရဏဂုံသီလများ ခံ၊ ဘေးနားက မိခင်ဖြစ်တဲ့ ပုဏ္ဏေးမကြီးဆို သာသနာ သက်ဝင်ယုံကြည်လို့ မိခင်ဖခင် ကျေးဇူးရှင်နှစ်ပါး သာသနာမှာ သက်ဝင်ယုံကြည်ပြီးတဲ့နောက် ဖခင်မဟာဝိဘဝပုဏ္ဏားသဒ္ဓါတရားတိုးတက်၍ ဘုရားသာသနာဝင်ပြီး ရဟန်းပြုတယ်။ မကြာမြင့်မီ ရဟန်းတရား ပွားများကြိုးကုတ်အားထုတ်လို့ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်ရောက်တော်မူတဲ့အခါကျတော့ ဒီ မဟာဝိဘဝပုဏ္ဏားရဟန္တာအရှင်မြတ်ကြီးက ဥဒါန်းဂါထာတစ်ခု ကျူးတယ်။

ဗြဟ္မဗန္ဓု ပုရေ အာသိံ၊
သော ဣဒါနိမှိ ဗြဟ္မဏော။
တေဝိဇ္ဇော သောတ္တိယော စမှိ၊
ဝေဒဂူ စမှိ နှာတကော။

အဟံ=ငါသည်။ ပုရေ=ဟိုရှေးအခါတုန်းက။ ဗြဟ္မဗန္ဓု=ဇာတ်အားဖြင့် ဗြဟ္မာသည်။ အာသိံ=ဖြစ်ခဲ့လေပြီ။

ဇာတိဗြာဟ္မဏအမျိုးအားဖြင့် ဗြာဟ္မဏလို့ခေါ်လို့ ပရမတ္ထဗြာဟ္မဏ ဇျူပွညီညွတ်တဲ့ ဗြာဟ္မဏတော့ မဟုတ်ဘူးတဲ့။ ဇာတိဗြာဟ္မဏဆိုတာ လောကပညတ် ပုဏ္ဏားမျိုးမှာ သွားဖြစ်လို့ သူဟာ ဗြာဟ္မဏမည်ခဲ့၍–

http:\\www.dhammadownload.com



ဣဒါနိ=ယခုအခါ၌။ သောအဟံ=ထိုငါသည်။ ဗြာဟ္မဏော= ပရမတ္ထဗြာဟ္မဏစင်စစ်သည်။ အမှိ=ဖြစ်ခဲ့၏။

## ဇာတိဗြာဟ္မဏနဲ့ ပရမတ္ထဗြာဟ္မဏ

ဘာဖြစ်လို့လဲ။ ဗြဟ္မဏဆိုတဲ့ ပါဠိက ဗာဟိတပါပ=မကောင်းမှု ဒုစရိုက်ကို အပပြုပြီးတဲ့ ပုဂ္ဂိုလ်မှ ဗြာဟ္မဏလို့ ဒီလိုခေါ်ပါတယ်။ ဗြဟ္မ= အမြတ်၊ အဏ–က မကောင်းမှုကုသိုလ်၊ ဗဟ–က ပယ်ရှားပြီး။ အဲဒီနှစ်ခု ပေါင်းစပ်ပြီးတော့ ဗဟိတ+အဏ=ဗြာဟ္မဏ–လို့ ပါဠိက ဒီလိုဖြစ်နေ တယ်။ မကောင်းမှုအကုသိုလ်ကို ပယ်ရှားပြီးဖြစ်လို့ ဗြာဟ္မဏ–ပါဠိက။ အဲ–ရဟန္တာဖြစ်တော့ တစ်ထောင့်ငါးရာကိလေသာမကောင်းမှုအကုသိုလ် ခပ်သိမ်း အကုန်လုံး အပြီးအငြိမ်း ပယ်ပြီးဖြစ်တော့ "ပရမတ္ထဗြာဟ္မဏ"လို့ ခေါ်တယ်။

မကောင်းမှု အကုသိုလ်တွေ မပယ်ရသေးဘဲနဲ့၊ ဟုတ်လား။ ဗြာဟ္မဏလို့ ဆိုတာကတော့ "ဇာတိဗြာဟ္မဏ"လို့ ခေါ်တယ်။ ပြောပါစို့။ အိန္ဒိယမှာရှိတဲ့ (ခတ္တိယ) ချတ်တရီးယားတို့၊ ဗြာဟ္မဏတို့ဆိုတဲ့ အဲဒီအမျိုး အလိုက် ဗြာဟ္မဏမျိုးဖြစ်လို့၊ ချက်တရီးယားမျိုးဖြစ်လို့၊ သုဒ္ဒမျိုးဖြစ်လို့၊ ဗိုက်ယှ၊ (ဝေဿ)မျိုးဖြစ်လို့ဆိုတဲ့ အဲဒီဟာကတော့ "ဇာတိဗြာဟ္မဏ"ခေါ် ပါတယ်။

အခုပြောတာက ရဟန္တာပုဂ္ဂိုလ်ကို ပရမတ္ထဗြာဟ္မဏ။

ဒါနိ–ဣဒါနိ=ယခုအခါ၌။ တေဝိဇ္ဇော=ပု၊ ဒိ၊ အာ ဝိဇ္ဇာသုံးပါး နှင့် ပြည့်စုံသူသည်လည်းကောင်း။ သောတ္တိယော စ=ကိလေသာခပ်သိမ်း ကင်းငြိမ်းစင်ကြယ်သော သူသည်လည်းကောင်း။ ဝေဒဂူစ= မဂ် ဉာဏ် လေးပါးသို့ ရောက်ပြီးသောသူသည်လည်းကောင်း။ နှာတကော စ= ကိလေသာအညစ်အကြေး ဆေးလျှော်ပြီးသောသူသည်လည်းကောင်း။ အမှိ=ဖြစ်ခဲ့လေပြီ။

http:\\www.dhammadownload.com



သူတို့ ဗြာဟ္မဏဆရာတွေရဲ့အယူမှာ ဝေဒသုံးပုံ ဗေဒင်သုံးပုံ တတ်မြောက်တဲ့သူကို တေဝိဇ္ဇပုဏ္ဏားလို့ ခေါ်တယ်။ အဲဒီ ဝေဒကျမ်း ဗေဒင်သုံးပုံတတ်မြောက်တဲ့ ပုဂ္ဂိုလ်များကို တေဝိဇ္ဇခေါ်တယ်။ ပရမတ္ထ တေဝိဇ္ဇကတော့ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် ခေါ်တဲ့ ဝိဇ္ဇာသုံးပါးနဲ့ ပြည့်စုံတဲ့ ရဟန္တာသခင်အရှင်သူမြတ်ကို တေဝိဇ္ဇ ပုဂ္ဂိုလ်။

ဒါကြောင့် အခု မဟာဝိဘဝပုဏ္ဏား ရဟန္တာဖြစ်တော့-

တေဝိဇ္ဇော=ပု၊ ဒိ၊ အာ ဝိဇ္ဇာသုံးပါးနဲ့ ပြည့်စုံတဲ့ ပရမတ္ထ တေဝိဇ္ဇ ပုဂ္ဂိုလ်သည်။ အဓိ=ငါကား၊ဖြစ်ခဲ့လေပြီ။

ဟိုပုဏ္ဏားတွေရဲ့ အယူဝါဒမှာ ဂင်္ဂါမြစ်ထဲဆင်းပြီး ရေချိုးလို့ရှိယင် သူတို့မှာ အကုသိုလ်တွေ စင်ကြယ်တယ်။ အဲဒီ စင်ကြယ်လာတဲ့အခါ သူ့ကိုယ်သူ "သောတ္တိယ"တဲ့။

"ငါ စင်ကြယ်လာပြီကွ"လို့ ပြောတာ။ ဂျီး(ချေး)တွေတော့ စင်ကြယ်ချင်စင်ကြယ်မှာပေါ့နော်။ အကုသိုလ်တွေကတော့ ဘယ့်နှယ့်လုပ်ပြီးတော့ ဟုတ်လား။ ရေက မျှောလို့ရမလဲ။ အခု မဟာဝိဘဝပုဏ္ဏားဘဝမှာ ရဟန္တာအဖြစ်ရောက်တဲ့ မထေရ်သူမြတ်က-

သောတ္တိယော စ=ပရမတ္ထ သောတ္တိယ ပုဂ္ဂိုလ်သည်လည်း။ အဓိ= ဖြစ်ခဲ့လေပြီ။

အခု တစ်ထောင့်ငါးရာ ကိလေသာ အညစ်အကြေးတွေကို မဂ်ဉာဏ်လေးပါးတည်းဟူသော ရေကြည်ရေအေးဖြင့် အကြွင်းမဲ့ ဆေးပြီး လျှော်ပြီး ဖွပ်ပြီး စင်ကြယ်ပြီးတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ "သောတ္တိယ"တဲ့။

"နှာတက"တဲ့။ ပုဏ္ဏားတွေ ရေချိုးတဲ့နေ့ကျတော့ ဂင်္ဂါမြစ်ထဲ ဆင်းပြီးတော့ ရေချိုးကြတယ်။ အိန္ဒိယမှာ "ပယာဂ"ရှိတယ်။ မန္တလေးမှာ တော့ ဒီပုဏ္ဏားတွေ ရေချိုးတဲ့ဆိပ်ကမ်းကို ပယာဂဆိပ်ကမ်းလို့ပဲ ခေါ်ရ

http:\\www.dhammadownload.com



တယ်။ အဲဒီလို ဒီ ပုဏ္ဏားများမှာ ဆိုင်ရာ ပယာဂခါပ်ကမ်းက ရေချိုးပြီး တက်လာတယ်ဆိုယင် "နှာတကော"လို့ ဒီလိုသုံးတယ်။ နှာတက–တာလဲ။ ဟို–အကုသိုလ် အညစ်အကြေးကို ဆေးကြောပြီးခဲ့ပြီ။ ရေမျှောပြီးခဲ့ပြီ ပြောတယ်။

အခုဟာက ပရမတ္ထနှာတကက မဂ်ဉာဏ်လေးပါးတည်းဟူသော ရေကြည်ရေအေးဖြင့် မိမိသန္တာန်မှာ အနမတဂ္ဂအစမထင် ဟိုသံသရာ တစ်ခွင်က တင်လာခဲ့တဲ့ အကုသိုလ်ချေးတွေ၊ ညှော်တွေအကုန်လုံး မဂ်ဉာဏ်လေးပါးဖြင့် အပြီးတိုင် ဟုတ်လား။ သုတ်သင်ဆေးကြော ရေမျှော ပြီးဖြစ်လို့ ပရမတ္ထနှာတက–တဲ့။

"ဝေဒဂူ"တဲ့။ ဗေဒင်ကျမ်း တတ်မြောက်တဲ့ ပုဏ္ဏားများကို ဗြာဟ္မဏတို့ရဲ့ ဘာသာအားဖြင့် ဝေဒဂူခေါ်တယ်။ ပရမတ္ထဝေဒဂူက မဂ်ဉာဏ်လေးပါးကို ရောက်လို့ ဝေဒဂူလို့ခေါ်တယ်။ အခု မဟာဝိဘဝ ပုဏ္ဏားဘဝမှာ။

ရဟန္တာဖြစ်လာတဲ့ ရဟန္တာအရှင်မြတ်က–

ဝေဒဂူ=မဂ်ဉာဏ်လေးပါးတည်းဟူသော ဝေဒရဲ့ အထွတ်အထိပ်သို့ ရောက်သည်။ အမှိ=ဖြစ်ခဲ့လေပြီ။

ပရမတ္ထဝေဒဂူ ပုဂ္ဂိုလ်ဖြစ်ပြီးလို့ ပြောတာ။ ဆိုကြပါစို့။ ရှေးတုန်းကတော့ ဇာတိဗြာဟ္မဏ၊ ဇာတိတေဝိဇ္ဇ၊ ဇာတိသောတ္တိယ၊ ပညတ်ဝေဒဂူ၊ ပညတ်နှာတကပုဂ္ဂိုလ်ဖြစ်ခဲ့တယ်။ ယခုတော့ ငါသည် ပရမတ္ထဗြာဟ္မဏ၊ ပရမတ္ထတေဝိဇ္ဇပုဂ္ဂိုလ်၊ ပရမတ္ထ သောတ္တိယပုဂ္ဂိုလ်၊ ပရမတ္ထဝေဒဂူပုဂ္ဂိုလ်၊ ပရမတ္ထနှာတကပုဂ္ဂိုလ်ဖြစ်ပြီလို့ ဒီလို ဥဒါန်းကျူးရင့်ပါတယ်။

http:\\www.dhammadownload.com



## ဝမ်းမြောက်ဝမ်းသာ ရွတ်ဆိုသော ထေရီ ၂၁ ဂါထာ

ဖခင်ပုဏ္ဏားကြီး ရဟန္တာဖြစ်ပြီးတဲ့နောက် သမီးဖြစ်တဲ့ ရောဟိနီလည်းပဲ သောတာပန်ဖြစ်ပြီးလို့ လူ့ဘောင်စွန့်ခွာ၊ သာသနာ့ဝန်ထမ်းဘိက္ခုနီမကလေးဖြစ်ပ်လို့ ရဟန်းတရားပွားများကြိုးကုတ်အားထုတ်တဲ့အခါ မကြာမြင့်မီ အာသဝေါကုန်ခန်း ရဟန္တာဖြစ်လို့ "ရောဟိနီ ထေရီ"လို့ သာသနာမှာ ထင်ရှားခဲ့တယ်။ အဲဒီလို ထင်ရှားလို့ သာသနာမှာ ထေရီရယ်လို့ မထေရ်မြတ်တစ်ပါး ထေရီစာရင်းဝင်တစ်ပါး ဖြစ်လာတဲ့အခါ သူ့ရဲ့ ပဋိပတ်ကျင့်စဉ် ပြန်ပြီးတော့ စဉ်းစားတော့ သူ့စိတ်ထဲမှာ-ဩော် ငါသောတာပန်ဖြစ်ပြီးတဲ့အချိန် လူ့ဘဝတုန်းက မွေးဖသခင်ကျေးဇူးရှင်ကြီးနဲ့ ငါ ဒီလို ဖခင်ကြီးက ငါ့ကိုမေးတယ်။ ငါက စိတ်ရှည်လက်ရှည် တစ်ဆယ့်နှစ်ဂါထာတို့ဖြင့် ဖခင်ကြီးအား ပြန်ပြီး တရားဟောကြားလို့ ငါ့ဖခင်ကြီး တရားရပြီး သာသနာ့ဝန်ထမ်း ရဟန်းပြုသွားလို့ ရဟန္တာဖြစ်တယ်။ သူ့အဖို့ရာ တစ်သက်တာမှာ မေ့ပျောက်လို့မရတဲ့ဖြစ်ရပ်၊ မေ့ပျောက်လို့မရတဲ့ တရားဖြစ်တဲ့အတွက် ရဟန္တာဖြစ်ပြီးတော့လည်း ဝမ်းမြောက်ဝမ်းသာနဲ့ မကြာမကြာ အဲဒီဖခင်နဲ့ သူမေးကြဖြေကြတဲ့ ဂါထာပေါင်း နှစ်ဆယ့်တစ်ဂါထာကို ဥဒါန်းကျူးတယ်။

အေး-ဖခင်ကြီးရွတ်တဲ့ ဂါထာရော သူကပြန်ဖြေတဲ့ ဂါထာတွေရော ရဟန္တထေရီမ ဖြစ်ပြီးတဲ့အခါကျတော့ ဥဒါန်းတကျူးကျူးနဲ့ နှစ်ဆယ့်တစ်ဂါထာကို ဥဒါန်းကျူးရင့်တယ်။ အဲဒီကျူးရင့်တဲ့ ဥဒါန်းဂါထာကို ရောဟိနီထေရီ ဂါထာလို့ခေါ်တဲ့ အဲဒီ နှစ်ဆယ့်တစ်ဂါထာက စောစောက ပြောခဲ့တဲ့ ဂါထာတွေပလေ။

အေး-ထေရီမလေး ရွတ်တဲ့အခါကျတော့ ပြာယီးပြာယာလည်း မဟုတ်ဘူး။ ဟုတ်လား။ အင်မတန်ကို ကြည်ကြည်ညိုညိုနဲ့ အရဏဝိဂ် သုတ္တန်က စကားက ရှိတယ်နော်။ စည်းကမ်းရှိတယ်။

http:\\www.dhammadownload.com



မလျှင်မဆော စကားပြောရတယ်။ မလျှင်မဆော တရားဟော ရတယ်။ ပြာယီးပြာယာ စကားမပြောရဘူး။ ပြာယီးပြာယာ တရားမဟော ရဘူး။ ဒီအရဏဝိဘင်္ဂသုတ်မှာ ဒီအရဏဝိဟာရပုဂ္ဂိုလ် မပင်မပန်း ချမ်း ချမ်းသာသာနေတဲ့ ပုဂ္ဂိုလ်ဖြစ်ချင်ယင် စကားပြော-တရားဟောရင်လည်း ပဲ စစ်စစ်ဆေးဆေးနဲ့ တစ်ဖက်သားနားလည်လောက်အောင် ရွတ်ရ ဟောရ ပြောရတယ်။

အဲဒီလို ထေရီမကလေး ရောဟိနီ ထေရီမကလေးတစ်ပါးတည်း ဒီ နှစ်ဆယ့်တစ်ဂါထာကို အခုပြောတဲ့အတိုင်း-

သမဏာတိ ဘောတိ သုပိ၊ သမဏာတိ ပဗုဇ္ဈသိ။
သမဏာနေဝ ကိတ္တေသိ၊ သမဏီ နူန ဘဝိဿသိ။

ဒီက စပြီးတော့-

ဗြဟ္မဗန္ဓု ပုရေ အာသိ၊
သော ဇ္ဇဒါနိမှိ ဗြာဟ္မဏော။
တေဝိဇ္ဇော သောတ္တိယော စမှိ၊
ဝေဒဂူ စမှိ နှာတကော-

ဆိုတဲ့ နှစ်ဆယ့်တစ်ဂါထာ မကြာမကြာ ဥဒါန်းကျူးရင့်ပါတယ် တဲ့။ သမီးလည်း အရဟတ္တဖိုလ်ပေါက် ရောက်ပြီ။ ဖခင်လည်း အရဟတ္တ ဖိုလ်ပေါက် ရောက်ပြီ။ အရဟတ္တဖိုလ်ပေါက် ရောက်ယင် သာသနာ အလုပ်ပြီးဆုံးတယ်။ သာသနာအလုပ်ပြီးဆုံးယင် တရားတော်လည်း ပြီး တယ်။

## ဒေသနာနိဂုံး

ဤသို့လျှင် ရောဟိနီ ထေရီဂါထာနှင့်စပ်သော တရားစကားကို ကြားနာရခြင်း=ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံစေတနာ၊ သရဏဂုံ သီလဆောက်တည်ရခြင်း=သီလမယကောင်းမှုကုသိုလ်ကံစေတနာ၊ မိမိ

http:\\www.dhammadownload.com



တို့ဉာဏ်အမြင် မီကြသမျှ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ပုံကို နှလုံးသွင်းရခြင်း=ဘာဝနာမယကောင်းမှုကုသိုလ်ကံ စေတနာ၊ ဤသို့ စသည်များမြတ် ပေါင်းအပ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ဤရောဟိနီ ထေရီမတို့ အာရုံပြုရာ၊ မျက်မှောက်ပြုရာ ခေမာ သီဝ အသင်္ခတဓာတ် နိဗ္ဗာန်ပရမတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့် ပဋိပတ်၊ လျင်မြန်သော အသိဉာဏ်၊ ရည်သန်အပ်သော မဂ်ဉာဏ် လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသည့်ကိုယ် ဖြစ်ပါစေကုန်သတည်း။ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုရသော ထိုနောက်ဆုံးဘဝဝယ် ပရိနိဗ္ဗာန စုတိ၏ အခြားမဲ့သော ကာလ၌ တစ်စုံတစ်ခုသော ယောနိ၊ တစ်စုံတစ်ခုသော ဝိညာဏဋ္ဌိတိ၊ တစ်စုံတစ်ခုသော သတ္တာဝါသ၊ တစ်စုံတစ်ခုသော သတ္တနိကာယမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တစ်ဖန် အသစ်မဖြစ်ခြင်းတည်းဟူသော အနုပ္ပါဒနိရောဓ အနုပါဒိ ပရိနိဗ္ဗာန် ကိုယ်စီစံရပါစေကုန်သတည်း။ အနုပါဒိ ပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက်မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

**သာဓု သာဓု သာဓု။**

---

**ရောဟိနီထေရီဂါထာ တရားတော်။**

**ပြီးပြီ။**

**ဤတွင် တိပိဋကဓရဟောစဉ်တရားတော်များ (သတ္တမတွဲ)**

**ပြီး၏။**

http:\\www.dhammadownload.com



# အရှင်ဝိစိတ္တသာရာဘိဝံသ၏
# ဟောစဉ်တရားတော်များ သတ္တမတွဲ
# မှတ်သားဖွယ် ကောက်နုတ်ချက်
# အက္ခရာစဉ်အညွှန်း


| အက္ခရာစဉ် | စာမျက်နှာ | အက္ခရာစဉ် | စာမျက်နှာ |
|---|---|---|---|
| [အ-မှ ဥ] | | [အ-မှ ဥ] | |
| အချင်းချင်းချစ်ခင်ကြခြင်း | ၄၄၄ | အလုပ်အကျွေး တပည့် ၈-ပါး | ၃၆၁ |
| အချိန်ပြည့်အလုပ်လုပ်သော ရဟန်းတော်များ | ၄၂၆ | အလှူခံတစ်ကျိပ်လေး | ၅၉ |
| | | အဝတ်လှူမှ အဝတ်ရ | ၃၃၄ |
| အစားလှူလျှင် အစားသာရ | ၃၃၄ | အသက်မသေအောင် လုပ်နည်းမရှိ | ၁၁၃ |
| အစားလျှော့စားသော ရဟန်း | ၁၉၆ | အာယတန ၁၂ပါး မွေ့သံဝေဂလက်များ | ၂၃၇ |
| အဇာတသတ်ကလေးအကြံ | ၂၈၉ | | |
| အတွင်းအပြင် ညစ်ကြေးကင်းစဉ် | ၄၃၃ | အာယာစမာနသုတ် | ၂၉ |
| အနာထပိဏ် ဆင်းရဲပုံဝတ္ထု | ၅၁ | ဣန္ဒြေ ၆-ပါး စောင့်စည်းခြင်း | ၂၁၄ |
| အနိစ္စသညာ ပွားနည်း | ၄၀၃ | ဥဒေနနှင့် အရှင်ပိဏ္ဍောလပြဿနာ မေး-ဖြေ | ၂၀၁ |
| အဖြစ်အပျက်သိသော ပညာနှင့် ပြည့်စုံခြင်း | ၃၉၇ | ဥဒေနမင်းက တရားသဘောလက်ခံခြင်း | ၂၁၈ |
| အမိစိတ်နှမစိတ်သမီးစိတ်ထားရန် | ၂၀၄ | | |
| အမျှဝေခြင်းအကျိုးတစ်ရပ် | ၃၁၉ | ဥဒေနမင်း သရဏဂုံတည် | ၂၂၃ |
| အမျှဝေရန် မမေ့အပ် | ၃၃၀ | ဥဂ္ဂဇာတ် တရားတော် | ၁၄၃ |
| အမျှဝေသံကို သေသူတို့ မျှော်ကိုးနေကြ | ၁၂၅ | [က-မှ ငိ] | |
| | | ကံသုံးပါး စင်ကြယ်ခြင်း | ၄၃၁ |
| အမြတ်ဆုံးအလုပ် | ၄၂၉ | ကလျာဏမိတ္တအရေးကြီး | ၃၉၉ |
| အရဟတ္တဖိုလ်ချင်း မထူး | ၂၃ | ကိလေသာမှ လွတ်မြောက်ခြင်း အဆင့်လေးဆင့် | ၃၈၅ |
| အရှင်အာဒိစ္စဝံသ၏ တေးထပ် | ၃၃၉ | | |
| အရှင်အာဒိစ္စဝံသတိုက်ပွဲ | ၃၃၇ | ကိသာဂေါတမီ | ၁၂၈ |

http:\\www.dhammadownload.com



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [က-မှ ငို] | |
| ကုဋိကဏ္ဏသောဏမထေရ် | ၄၁၄ |
| ကုသိုလ်အမှု ခွန်းကို | |
| သေသူတို့မျှော်ကိုး | ၁၂၅ |
| ကုသိုလ်ပွဲနှောင့်ယှက်သူများ | |
| အပါယ်ကျခြင်း | ၃၁၅ |
| ကောသလမင်းကြီး သမီးဖြစ် | ၁၀ |
| ကောင်းသော တောင့်တမှုများ | ၂၉ |
| ကြောင့်ကြမှုနည်းခြင်း | ၄၄၂ |
| ကွဲချိန်ကျရင် အိုးကွဲသလို | ၁၁၈ |
| ကွဲသောရေအိုးကို | |
| ပြန်စပ်၍မရသလို | ၁၇၄ |
| ခန္ဓာကိုယ်နှင့် သစ်ပင်ကြီး | |
| နှိုင်းယှဉ်ချက် | ၁၁၆ |
| ခန္ဓာငါးပါး သံဝေဂဓမ္မလက်ာများ | ၂၃၅ |
| ခါချဉ်ထုပ်ဖြင့် ပေါက်ရန် | |
| ဥဒေနမင်းအကြံ | ၁၉၈ |
| ခုဇ္ဇုတ္တရာဟောသော | |
| ဣတိဝုတ္တကပါဠိတော် | ၃၅ |
| ခေါင်းဆောင်ရှိမှ အောင်မြင်မှုရ | ၂ |
| ခွက်ထိုးမခံပါနှင့် | ၃၃၆ |
| ဂဟဋ္ဌဝန္ဒနာသုတ် | ၉၃ |
| ငိုကြွေးခြင်းသည် | |
| ပင်ပန်းကြုံလိုရုံသာ | ၁၂၃ |
| ငိုကြွေးမြည်တမ်း ပင်ပန်းရုံသာ | |
| ငိုနေလို့ အကျိုးမရှိ | ၃၅၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [စိ-ဇော] | |
| စိတ္တသူကြွယ်ဟောသော | |
| စိတ္တသံယုတ် | ၃၉ |
| စုန္ဒီမင်းသမီး | ၁၁ |
| စစ်သူကြီးကတော်ဖြစ် | ၉ |
| စစ်သူကြီး ဆွမ်းကျွေးပွဲ | ၃ |
| စိတ်သည် ဝိတက် ၉-ပါးသို့ | |
| အစဉ်လိုက်ခြင်း | ၄၀၇ |
| စိန်ရွှေရတနာများ | |
| စွန့်ကြဲလှူဒါန်းခြင်း | ၂၆၄ |
| ဆုတောင်းမမှားရန် သတိပြု | ၂၅၃ |
| ဆယ်ပါးသော တရား၌ | |
| ဗဟုသုတများခြင်း | ၄၃၅ |
| ဆွမ်းအကျိုး ငါးပါး | ၃၅၁ |
| ဇဋိလသေဌေး၏ | |
| တစ်သိန်းတန် ကမ္ဗလာ | ၂၈၇ |
| ဇာတိဗြာဟ္မဏ | ၄၅၁ |
| ဇောတိက အတိတ်ဝတ္ထု | ၂၄၂ |
| ဇောတိက၏နှောင်တော် | |
| ဝိဝဋ္ဋဿိတဆုတောင်း | ၂၅၂ |
| ဇောတိက၏ ပစ္စည်း | |
| အဇာတသတ် တိုက်ယူမရ | ၃၀၀ |
| ဇောတိက၏ လက်စွပ်များ | |
| အဇာတသတ် ချွတ်မရ | ၃၀၄ |
| ဇောတိကအိမ်မှ | |
| ဗိမ္ဗိသာရမင်းကြီး၏ထမင်းဝိုင်း | ၂၉၁ |

http:\\www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [စ-ဇော] | |
| ဇောတိကမထေရ်ဝတ္ထု | ၂၄၂ |
| ဇောတိကအလောင်း | |
| ကျောင်းအလှူကြီး | ၂၆၂ |
| ဇောတိကလောင်း၏ | |
| ဝဋ္ဋနိဿိတ ဆုတောင်း | ၂၄၅ |
| ဇောတိကလောင်း ပစ္စေက | |
| ဗုဒ္ဓါ ငါးရာအား ဖူးမြင် | ၂၄၈ |
| ဇောတိက သေဋ္ဌေး၏ | |
| သံဝေဂ | ၃၀၅ |
| ဇောတိကသေဋ္ဌေး | |
| ရဟန္တာဖြစ်ခြင်း | ၃၀၆ |
| [တ-နစ်] | |
| တရားမြင်သူ မိသားစုအား | |
| သိကြားမင်း မစခြင်း | ၁၇၈ |
| တရားရကြသည့် မိသားစုများ | ၁၅၉ |
| တိရောကုဍ္ဍသုတ္တန်တရား | ၃၁၁ |
| တိရောကုဍ္ဍသုတ္တန် | |
| ပါဠိအနက်အဓိပ္ပာယ် | ၃၃၀ |
| တွယ်တာငဲ့ကွက်မှုကင်းခြင်း | ၄၄၁ |
| ထွန်တုံးပိတ်အလှူ | ၆၅ |
| ဒါန၏အကျိုးရရန် | |
| အကြောင်းသုံးပါး | ၃၂၉ |
| ဒါနပြုတဲ့ရဟန်းနှင့် | |
| မပြုတဲ့ရဟန်း | ၁၃ |
| ဒါနသုတ် | ၄၂ |
| ဒုက္ခသစ္စာအနက် ၄-ချက် | ၁၈၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [တ-နစ်] | |
| ဓာတ်ကြီးလေးပါးနှင့် | |
| မြွေကြီးလေးကောင် | ၁၀၇ |
| နန္ဒမာတာ ဥပါသိကာမ | ၃၆ |
| နိရောဓသစ္စာ အနက် ၄ချက် | ၁၈၇ |
| နတ်ဆိုးနှောင့်ယှက်၍ | |
| ဆန်ကွဲထမင်းစားရ | ၅၃ |
| နတ်ဖြစ်လည်းထူး | ၁၉ |
| နွားသတ်ရုံပို့မည့် နွားပမာ | ၁၂၀ |
| နှစ်ဦးနှစ်ဝ အကျိုးရဒါန | ၃၄၄ |
| [ပ-မြွေ] | |
| ပကာသနီကံပြုပွဲ | ၃၃၇ |
| ပစ္စည်းများကို အနိုင်ကျင့် | |
| မယူနိုင်ရန် ဇောတိကလောင်း | |
| ၏ ဆုတောင်း | ၂၇၃ |
| ပဏ္ဍုကမ္ဗလာပူသော | |
| အကြောင်းသုံးပါး | ၆၃ |
| ပတ္တမြားလုံးကြီးခိုးသူ | ၂၇၀ |
| ပရမတ္ထဗြာဟ္မဏ | ၄၅၁ |
| ပိဏ္ဍောလဘာရဒွါဇရဟန်း | |
| အစားလျှော့စား | ၁၉၆ |
| ပြိတ္တာဘဝမှ လွတ်ပုံ | ၃၁၈ |
| ပြိတ္တာများ အဝတ်အစားရခြင်း | ၃၁၇ |
| ပြည်သူများက ဘုရားကို | |
| ပူဇော်ခွင့်ရအောင် ကြံကြခြင်း | ၃၁၁ |
| ပြောရမည့်စကား ၁၀ပါး | ၃၉၂ |

http:\\www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ပ-မြွေ] | |
| ဖခင်ပုဏ္ဏားကြီး | |
| အရဟတ္တဖိုလ်ရောက် | ၄၄၈ |
| ဖုဿမြတ်စွာဘုရား | ၃၀၉ |
| ဗန္ဓုမမင်း မဇ္ဈရိယ | ၁ |
| ဗုဒ္ဓ၏ အလုပ်အကျွေး ဧပါး | ၃၆၁ |
| ဗိမ္ဗိသာရမင်း အမျှဝေခြင်း | ၃၂၆ |
| ဗိမ္ဗိသာရမင်း၏ အလှူပွဲ | ၃၂၀ |
| ဗိမ္ဗိသာရမင်းသောတာပန်ဖြစ် | ၃၂၁ |
| ဗိမ္ဗိသာရလောင်းမြို့ဝန် | ၃၁၅ |
| ဘဏ္ဍဂ္ဂဝတ် | ၁၁ |
| ဘာရဒွါဇသုတ္တန် | ၃၅၁ |
| ဘုရားချီးမွမ်း | ၂၅ |
| ဘုရားကို အပိုင်စီးသော | |
| ဇယသေနမင်း | ၃၀၉ |
| ဘုရားတရားတော်ကို | |
| ပြန်ဟောခြင်း | ၃၉ |
| ဘောဇနေသုတ် | ၃၅၁ |
| မခေါ်ဘဲနှင့် သူလာခဲ့၏ | ၁၆၆ |
| မစားဘဲ လှူသူ | ၅၀ |
| မပေးဘဲ မစားသင့် | ၄၂ |
| မပန်ကြားဘဲ သူပြန်ခဲ့၏ | ၁၆၆ |
| မမြဲသော အလုပ်အကျွေး ဧပါး | ၃၆၁ |
| မလိုလားသူအဖို့ တရားစကား | |
| နားခါးသည် | ၄၁၈ |
| မလှူရန် သိကြားမင်း တားမရ | ၇၄ |
| မဂ္ဂသစ္စာအနက် လေးချက် | ၁၈၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ပ-မြွေ] | |
| မိသားစုတို့အား | |
| ဘုရားလောင်းဆုံးမပုံ | ၁၅၂ |
| မေဃိယအား ဘုရားဆုံးမ | ၃၈၁ |
| မေဃိယအား ဘုရားတားမြစ် | ၃၆၆ |
| မေဃိယမထေရ် | |
| ဘုရားထံပြန်လျှောက်ထားခြင်း | ၃၇၉ |
| မေဃိယမထေရ် | |
| ဝိတက် ၃ပါးဝင်ခြင်း | ၃၇၅ |
| မေဃိယသုတ္တန် | ၃၅၉ |
| မေဏ္ဍကလောင်း၏ ဓမ္မသာလာ | ၃၂၉ |
| မင်းသားနှင့် အထိန်းတော်သား | ၁၆ |
| မိတ်ဆွေကောင်းကြောင့် | |
| ကိစ္စအားလုံးပြီးစီး | ၃၈၉ |
| မိတ်ဆွေကောင်းနှင့် | |
| ပေါင်းသင်းခြင်းအကျိုး | |
| မှုတရုံစား ကျိုးသုံးပါး | ၁၉၃ |
| မြောက်ကျွန်းသူ မျက်ရည် | ၂၉၆ |
| မြတ်စွာဘုရား ဥဒါန်းကျူးခြင်း | ၄၀၇ |
| မြွေကြီးလေးကောင်နှင့် | |
| ဓာတ်ကြီးလေးပါး | ၁၀၇ |
| [ယောက်-သုံး] | |
| ယောက်ျား မိန်းမရှိ | ၂၀၈ |
| ရထားငါးရာစီးရသော | |
| အမျိုးသမီးသုံးယောက် | ၁၁ |
| ရဟန္တာပုဂ္ဂိုလ်များ | |
| အားထုတ်ရမည့်တရား | ၂၃၀ |

http:\\www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ယောက်-သုံး] | |
| ရဟန္တာဖလများ၏ | |
| ဖလသမာပတ်ချမ်းသာ | ၂၃၂ |
| ရဟန်းဖြစ်လည်းထူး | ၂၂ |
| ရောဟိနီ ထေရီဂါထာ | ၄၁၄ |
| လက်ို ပေးပါဟု | |
| တောင်းသည်နှင့်တူ | ၁၇၁ |
| လူဖြစ်လည်း ထူး | ၂၁ |
| လယ်ရိတ်ယောက်ျားပမာ | .၄၀၃ |
| ဝတပဒသုတ် | ၇၅ |
| ဝိမုတ္တိ ပရိပါစနီယတရား ၁၅ပါး | ၃၈၇ |
| ဝိသယုသေဋ္ဌေး | |
| ဆင်းရဲသွားခြင်း | ၆၆ |
| ဝိသယုသေဋ္ဌေး မူးလဲခြင်း | ၇၃ |
| ဝိသယုသေဋ္ဌေးဝတ္ထု | ၅၆ |
| ဝိသာခါ | ၁၁ |
| ဝမ်းမြောက်စွာ ရွတ်ဆိုသော | |
| ထေရီ ၂၁-ဂါထာ | ၄၅၄ |
| သံဃာ...ို ကြည်ညိုခြင်း | ၄၂၄ |
| သံဃာကို မကြည်ညိုသူ၏ | |
| အယူအဆ | ၄၂၁ |
| သကဒါဂါမ် အနာဂါမ်များ | |
| အားထုတ်ရမည့်တရား | ၂၃၀ |
| သစ္စာအနက် ၁၆-ချက် | |
| သစ္စာလေးပါးပြတော်မူခြင်း | ၁၈၀ |
| သတ္တဝါသခါရပျက်မြဲမမှတာ | ၁၄၆ |
| ...တ် | ၂၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ယောက်-သုံး] | |
| သမီးအား ဖခင်ချီးကျူး | ၄၄၅ |
| သမုဒယသစ္စာအနက် ၄ချက် | ၁၈၅ |
| သမ္မပ္ပဓာန်လုံ့လ | ၃၉၆ |
| သလ္လသုတ် | ၁၀၄ |
| သာရဏီယဒါနဝတ် | ၁၃ |
| သိကြားကျင့်ဝတ် ၇-ပါး | ၇၄ |
| သိကြားမင်း အရပ်ရှစ်မျက်နှာ | |
| ရှိခိုးခြင်း | ၉၅ |
| သိကြားမင်းက မိသားစုကို | |
| စုံစမ်းခြင်း | ၁၆၀ |
| သိကြားမင်း ချီးကျူး | ၈၄ |
| သိကြားမင်းဖြစ်လိုသော် | ၇၅ |
| သိကြားမင်း ရှိခိုးသော | |
| ရဟန်းရှင်လူများ | ၉၈ |
| သီလဝန္တသုတ္တန်တရားတော် | ၂၂၇ |
| သုမနာမင်းသမီး | ၁၁ |
| သူတော်ကောင်း၏အကျင့် | ၄၁၆ |
| သူတော်ကောင်းများ | |
| အားထုတ်ရမည့်တရား | ၂၂၈ |
| သေနနှင့် အပရာဒိတ | |
| သူကြွယ်ညီအစ်ကို | ၂၅၅ |
| သောကငြောင့်နုတ်ရန် | ၁၃၃ |
| သောကငြိမ်းပုံ | |
| ဆရာတော်၏ကိုယ်တွေ့ | ၁၄၇ |
| သောကငြိမ်း၍ | |
| ကျွတ်တမ်းဝင်ခြင်း | ၁၃၅ |

http:\\www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ | အက္ခရာစဉ် | စာမျက်နှာ |
|---|---|---|---|
| [ယောက်-သုံး] | | [ယောက်-သုံး] | |
| သောတာပန်များ | | သားသေသော်လည်း | |
| အားထုတ်ရမည့်တရား | ၂၂၉ | မငိုသော မိခင် | ၁၅၇ |
| သားငယ်မြွေကိုက် | ၁၅၅ | သစ်ပင်ကြီးနှင့် | |
| သားသေသော်လည်း | | ခန္ဓာကိုယ်နှိုင်းယှဉ်ချက် | ၁၁၉ |
| မငိုသောဖခင် | ၁၅၈ | သုံးဆယ်နှစ်ကောဋ္ဌာသသာရှိ | ၂၀၈ |


ဟောစဉ်တရားတော်များ သတ္တမတွဲ

မှတ်သားဖွယ် ကောက်နုတ်ချက် အက္ခရာစဉ်အညွှန်း ပြီးပြီ။